# LIVINGCOLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 174, JANUARY, 2010



# ၂၀၀၉
# မှတ်တိုင်များ



Pe Thit Ti

www.foreverspace.com.mm

www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

# နှစ်သစ်ကူးဆုတောင်း

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ယခု ၂၀၁၀ နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး လက်တွေ့ကျ၊ ဖြစ်နိုင်ခြေရှိသော နည်းလမ်းဖြင့် ထမ်းဆောင်အပ်သော နိုင်ငံသားကောင်းများ၏ တာဝန်ဝတ္တရားများ လက်ကိုင်ပြုကာ မြှင့်တင်အပ်သည့် အရည်အချင်းများပြည့်ဆည်း၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော၊ ငြိမ်းချမ်းသာယာသော၊ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ပြုသော၊ လောကပါလတရားများနှင့် ညီညွတ်သော ဒီမိုကရေစီလူ့ဘောင်တစ်ရပ်ဆီသို့ တစ်စိတ်တစ်ဝမ်းတည်း အရောက်ချီတက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုင်းလိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# မှတ်တိုင်များကို ကျော်ဖြတ်ခြင်း

လူသားဘဝလူ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲမှုပေါင်းများစွာ ကျော်ဖြတ်လာခဲ့ကြသည်မှာ အားလုံးအသိဖြစ်ပါလိမ့်မည်။ လူသားတို့ဖြင့် ဖွဲ့တည်ထားသော လူ့အသိုက်အမြုံ၊ လူ့သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်ခဲ့သမျှများမြောင်လှစွာသော အရေးအရာကိစ္စများစွာအနက် လူ့သားတို့၏ဘဝများကို တစ်စုံတစ်ရာအပြောင်းအလဲဖြစ်စေသည့် အရေးအရာမှန်သမျှတို့ကို သမိုင်းဆရာတို့က သမိုင်း၏မှတ်တိုင်များအဖြစ် မှတ်တမ်းတင်ထားခဲ့ပါသည်။

အားလုံးသိကြပြီးသည့်အတိုင်း သမိုင်းတို့မည်သည် မဟုတ်မမှန်သည်များကို ဟုတ်မှန်သယောင် လိမ်ညာဖုံးကွယ်၍မရတတ်ဘဲ အရှိကိုအရှိအတိုင်း မှတ်တမ်းတင်ကြရသည်။ ဤသည်မှာ သမိုင်းဆရာတို့၏ စစ်မှန်သော ပညာရှင်ပီသမှုနှင့် သစ္စာတရားဖြစ်ပါသည်။ ခေတ်စနစ်တို့အပေါ်မူတည်၍ သမိုင်းဆရာတို့၏ အတ္တနောမတိအလိုက် အဂတိတရားမကင်းသော သမိုင်းမှတ်တမ်းတို့ရှိခဲ့လင့်ကစား ထိုသမိုင်းမှတ်တမ်းတို့နှင့် အမြင်မတူ၊ ခြားနားသော ရှုထောင့်ရပ်တည်ချက်မှနေ၍ မှတ်တမ်းပြုထားခဲ့သည့် ခေတ်ပြိုင်သမိုင်းမှတ်တမ်းများက ထိုအချက်ကို အပြန်အလှန်ထိန်းညှိထားသကဲ့သို့ ရှိတတ်ပါသည်။

ရာစုနှစ်များစွာ ဖြတ်ကျော်လာခဲ့ပြီးသော လူ့သမိုင်းမှတ်တမ်း၊ မှတ်တိုင်များသည် တစ်နှစ်ပြီးတစ်နှစ် ပို၍ပို၍ ရှုထောင့်စုံလာသည့်သဘောရှိပါသည်။ အထူးသဖြင့် မီဒီယာလက်တံများ တဖြည်းဖြည်းကျယ်ပြန့်လာသည်နှင့်အမျှ လူသားတို့၏သမိုင်းကို သမိုင်းဆရာတို့သာမက မီဒီယာသမားတို့ကပါ အသေးစိတ် မှတ်တမ်းတင်ပေးလာနိုင်သည်ကိုတွေ့ရသည်။ ယနေ့ ၂၁ ရာစုတွင်မူ လူတိုင်း သမိုင်းမှတ်တမ်းတွင် ပါဝင်လာနိုင်သည့်အပြင် မိမိကိုယ်ရေးကိုယ်တာမှအစပြုကာ မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ နိစ္စဓူဝ အဖြစ်အပျက်အကြောင်းအရာပေါင်းများစွာကို တစ်မုဟုတ်ချင်း မှတ်တမ်းတင်လာနိုင်သည်မှာ ယခင့်ယခင်ရာစုနှစ်များနှင့် ပြတ်ပြတ်သားသား ခြားနားလာသောအချက်ဖြစ်ပါသည်။

အထူးသဖြင့် ဆက်သွယ်ရေးဂြိုဟ်တုများမှတစ်ဆင့် ကမ္ဘာတစ်ဝန်းလုံးသို့ ချက်ချင်းတိုက်ရိုက် မှတ်တမ်းတင် ထုတ်လွှင့်ပေးနိုင်သော ရုပ်မြင်သံကြားမီဒီယာနှင့် လူတိုင်းအပြန်ပြန်အလှန်လှန် ဆွေးနွေး၊ ကန့်ကွက်၊ ငြင်းခုံနိုင်သော၊ ကြေညာ၊ လှုံ့ဆော်၊ ဟောပြော၊ ဝါဒဖြန့်၊ ကြော်ငြာဖြန့်ဝေနိုင်သော အင်တာနက်မီဒီယာတို့က သမိုင်းမှတ်တိုင်များကို ဘက်စုံ၊ ထောင့်စုံ၊ မြင်ကွင်းစုံ၊ အရောင်အသွေးစုံ စက္ကန့်မဆိုင်း မှတ်တမ်းတင်ကာ ကမ္ဘာကြီးတစ်ခုလုံးကို ဒိုးယိုပေါက် ဟင်းလင်းပွင့်သွားစေခဲ့သည်ကို တွေ့ရပါသည်။ မိုဘိုင်းလ်ဖုန်းကဲ့သို့ နောက်ဆုံးပေါ် သာမန်ဆက်သွယ်ရေးပစ္စည်းကလေးတစ်ခုနှင့်ပင်လျှင် ကမ္ဘာတစ်ဝန်းလုံးသို့ အရုပ်ရောအသံပါ အချိန်မဆိုင်း တိုက်ရိုက်လွှင့်ထုတ်တင်ဆက်ပေးနိုင်လာသော ယနေ့ကာလမျိုးသည် ဘယ်အရာမှ ကြာရှည်လေးမြင့်ဖုံးကွယ်ထားခြင်း၊ တစ်ဖက်သတ် ဝါဒဖြန့်လှုံ့ဆော်ခြင်းတို့မရနိုင်တော့ဟူသော သတိပေးသံ ကျယ်လောင်စွာ မြည်ဟည်းနေသကဲ့သို့ပင် ဖြစ်ပါသည်။

များစွာရှင်းလင်းသည့်အချက်မှာ သမိုင်းမှတ်တိုင်များတို့မည်သည် မှတ်တိုင်ဖြစ်စေသောသမိုင်းတွင် အဓိကနေရာမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူများ၏ စိတ်စေတနာအပေါ်မူတည်ကာ လူ့သမိုင်း၏အဆိုးအကောင်းကို ဖန်တီးဖော်ဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။ လူ့လောက လူသားလူ့ဘောင်တွင် ရှိနေသမျှ ကျွန်ုပ်တို့အားလုံးသည် လူသားတိုင်းထားအပ်၊ ရှိအပ်သော လူ့ကျင့်ဝတ်များအတိုင်း လူတစ်ဦးချင်းမှသည် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအကျိုး ဆောင်ရွက်သယ်ပိုးနိုင်ကြပါလျှင် မင်္ဂလာရှိသော သမိုင်းမှတ်တိုင်များ ကိုယ်စီကိုယ်င စိုက်ထူနိုင်ကြမည် ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်နှင့် လူ့ဘောင်လောကတစ်ခုလုံးအပါအဝင် မြန်မာနိုင်ငံတွင် မကြာမတင် ကြုံတွေ့ရတော့မည့် အပြောင်းအလဲတစ်ရပ်အတွက် ငြိမ်းချမ်းသောသမိုင်းမှတ်တိုင်များ စိုက်ထူနိုင်ရန်အလို့ငှာ မိမိတို့၏ ကိုယ်ရေးကိုယ်တာ နေ့စဉ်ဘဝများကို မင်္ဂလာရှိသော၊ ငြိမ်းချမ်းသာယာသော နေ့ရက်များဖြစ်စေရန် ဦးစွာဖန်တီးကာ နေ့စဉ်ဘဝမှတ်တိုင်များကို ကျော်ဖြတ်ကြည့်ကြစေလိုကြောင်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

**အယ်ဒီတာ**

**၁၄–၁၂–၂၀၀၉**

LIVING COLOR

LIVING COLOR. No.174, JANUARY. 2010.

www.foreverspace.com.mm


1 အယ်ဒီတာ့အာဘော်

5 ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှု

7 ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်း

8 ယခုနှစ်သတင်းအညွှန်း

10 မြန်မာ့စီးပွားရေးသတင်း

24 မျက်နှာဖုံးဆောင်းပါး

၂၀၀၉ ခုနှစ် မှတ်တိုင်များ (နိုင်ငံရေး ၊ စီးပွားရေး)

အယ်ဒီတာအဖွဲ့

၂၀၀၉ ခုနှစ် မှတ်တိုင်များ (လူမှုရေး)

အယ်ဒီတာအဖွဲ့

၂၀၀၉ ခုနှစ် မှတ်တိုင်များ (စာပေ ၊ အနုပညာ)

အယ်ဒီတာအဖွဲ့

34 မြန်မာ့စီးပွားရေးမြင်ကွင်း

စံချိန်တင်မှုများနှင့် ၂၀၀၉ ရွှေစီးပွား

သာလွန်ဖောင်းထက်

42 ဟန်ချက်မပျက်ရေး ကျားကန်ခဲ့ရသည့် ၂၀၀၉ ရေလုပ်ငန်းဈေးကွက်

မိုးခိုင်

50 ၂၀၀၉ ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

58 မန္တလေးမြို့တော်၏ အိမ်ခြံမြေဈေးကွက် ၂၀၁၀ ရင်းနှီးမြှုပ်နှံမှုအလားအလာ

ကျော်ဇေယျာဝင်း

64 အသိမှ လုပ်ရပ်သို့

ခွန်းသု

72 ရက်စွဲမှတ်တမ်း

91 တွေ့ဆုံဆွေးနွေးမှုများ

94 မြန်မာ့စီးပွားရေးအမြင်

နာဂစ်အလွန် ၂၀၀၉ နှင့် နိုင်ငံတကာ

နွဲ့ကေခိုင်






www.foreverspace.com.mm

LIVING COLOR. No.174, JANUARY. 2010.

102 ၂၀၀၉ ခုနှစ် ဒေါ်လာ နှင့် ရွှေ

ဦးဝင့်ကျော်

106 ခေတ်အဆက်ဆက်ဆန်ဈေးကွက်

မောင်ခေတ်

114 ဘယ့်ပစ္စည်းဘာကြောင့်

118 ဈေးဝယ်လမ်းညွှန်

120 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

130(D) ကုန်ဈေးနှုန်း

137 တစ်ဦးတည်းကိုယ်စားလှယ်

138 အတွေးအမြင်

ဦးသိန်းဖေမြင့် ၊ ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်) နှင့် ဆီဒိုးနားဟိုတယ်

သခင်တင်မြ

146 ရည်မှန်းချက်ကြီးသူများ

မြသန်းသန်းနု

152 ဆူဟာတိုပြောသည့် သူ့သမိုင်း (၆)

တင်ညွှန့်

156 UNGA ၊ G 20 အရှေ့သွား အနောက်ရောက် (၃)

ရဲမင်းဦး

162 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၈)

ဦးလှဝင်း (လေသူရဲတစ်ဦး)







www.foreverspace.com.mm

# Contents

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ
**Deputy Chief Editor** – ဇေယျာသူ
**Editor In Charge (Production)** – မင်းခင်
**Managing Editor** – ကျော်နိုင်
**Senior Executive Editor** – ရဲမင်းဦး
**Research & Development Editor** – ဓနုအိဖြိမ့်
**Executive Editors** – နိုင်ချိုဇော်ဝင်းတင်၊ ခင်ခင်သော်၊ နဲ့ကောနိုင်၊ သီရိဇော်
**News Editor** – ကျော်ဆန်းမင်း
**Editors** – လှိုင်းသစ်ခင်ဝေ၊ မြနှင်းဝေ
**Photo Editor** – မိုးကျော်လွင်
**Chief Reporter** – ကျော်ကျော်မင်း
**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ နီးယူဇေ
**Editorial Assistant** – ဆွေငြိမ်းဝေ
**Staff Reporters** – အောင်နိုး၊ ကျော်ဇေယျာထွန်း၊ ကျော်ဇေယျာဝင်း၊ ခင်ဆွေကြယ်၊ အိမ့်ကျော်၊ ကျော်ရိုထွန်း၊ ဇာဇီထွတ်၊ ကြူကြူသင်(မိုးမြေ)
**Freelance Reporters** – မင်းမျိုး၊ ဖြိုးဇေနိုး၊ မိုးနိုင်၊ နွယ်နွယ်

## DTP Department

**Manager** – မနိုင်
**Assistant Manager** – ငှဝါနိုင်
**Senior Operator** – အေးမို့မို့အောင်
**Staff Operators** – ခင်မာလွင်၊ ရှိရှိခင်

## Finance Department

**General Manager** – ထေအောင်ခင်
**Manager (Admin and Finance)** – စန်းသီတာ
**Deputy Manager (Account)** – ထက်ထက်ငြိမ်း
**Assistant Manager** – နုဝါဝင်း
**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း
**Deputy Manager** – မြမြသီ
**Assistant Manager** – ဓနုသလှိုင်
**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်
**Marketing Assistant** – လှံရည်ဦး
**Designer** – သိန်းအောင်ထွန်း
**Receptionist** – ဆုသီရိဖြူဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းခင်
**Manager** – ထက်ဇေါ်ဝင်
**Deputy Manager** – ခင်မျိုးချစ်
**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – နိုးဇော်တာ
**Cover Idea / Design** – မေသစ်တည်
**Cover Logo** – အောင်မင်း၊ ဘဆွေကြည်၊ မြင့်မောင်ကျော်
**Illustrator** – မေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အေဝမ်းလမ်း၊ ရွှေနိုင်ရွှံ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်
နဝဒေးရပ်ရွှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ် – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၀၉-၅၁၇၆၈၀၄၅
Distribution – ၀၉-၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

**Photographer** – မိုးကျော်လွင်
**B/W Film** – PERFECT
**Binding** – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး
Cover Permission – ၅၄၁၂၁၇၁၂၀၉
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်
Copyright – Living Color ( မူပိုင်ခွင့်နှင့် ဓာတ်ပုံကူးယူလိုက်ရမည် )

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ဓာတ်ပုံများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ကုန်ပွင့်ကုန်တိုက်၊ ကျောက်မြောင်းဈေး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေဗိုလ်ဆန်ဆိုင် (ဆက်ခံကျွန်း)၊ ဦးဘစိန် အဆင့်မြင့်ကျွင်စစ်၊ ဒေါ်ဆေး အဆင့်မြင့်ကျွင်စစ်၊ **Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group,** စာပေလောက (၃) တို့နှင့် ကျောင်းပင်လေးများ မင်္ဂလာဆွေမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ စလင်း၊ စာအုပ်ချုပ်သမားများ၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ စော်ရွာအားပေးသူများနှင့် စာအုပ်ဖြန့်ဖြူးရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို **Myanmar Partners Think Tank Group** မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



# PRODUCT OF THE YEAR

# ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်း

ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် မန္တလေးမြို့ Alpha Computer Co., Ltd. က မကြာသေးခင်က တီထွင်ထုတ်လုပ်ဖြန့်ချိလိုက်သော အိတ်ဆောင်တိပိဋကနှင့် အဘိဓာန် Pocket PC ကို ရွေးချယ်လိုက်ပါသည်။ အဆိုပါ Pocket pc တွင် ပိဋကတ်သုံးပုံ နိကယ်ငါးရပ် မူရင်းပါဠိတော်သာမက အဋ္ဌကထာ၊ ဋီကာများအပါအဝင်စုစုပေါင်းကျမ်း ၁၅၉ အုပ်ပါဝင်ပြီး ယင်းတို့ကို မြန်မာပါဠိဖြင့်သာမက အင်္ဂလိပ်စာလုံးသုံးရိုမင်ပါဠိဖြင့်ပါဖော်ပြထားခြင်း၊ မြန်မာဘာသာဖြင့် အနက်နှင့်အဓိပ္ပာယ်ပြန်ဆိုရန်အတွက် တိပိဋကပါဠိမြန်မာအဘိဓာန်အတွဲ ၁၉ တွဲ၊ အုပ်ရေ ၂၀ နှင့် ပါဠိ အင်္ဂလိပ် အဘိဓာန်ပါဝင်ခြင်း၊ ကျမ်းအားလုံးနှင့်စာလုံးအားလုံး၏ အဓိပ္ပာယ်ကိုကြည့်ရှုနိုင်ခြင်း၊ မူရင်းစာလုံးနှင့် စာလုံးတွဲများကို ခွဲခြားရှာဖွေပေးနိုင်ခြင်း စသည်တို့ကို စက္ကန့်ပိုင်းအတွင်း ရှာဖွေလေ့လာကြည့်ရှုနိုင်ပါသည်။ ထို့အပြင် ကွန်ပျူတာတစ်လုံးကဲ့သို့ Microsoft Word, Excel , PDF , Power Point စသည့် Application Software များကို အသုံးပြုနိုင်ပြီး Audio System ပါရှိကာ iPhone ကဲ့သို့ပါ အသုံးပြုနိုင်ပါသည်။

ကျမ်းပြုဆရာတော်များ၊ သုတေသီပညာရှင်များ၊ ဘွဲ့လွန်ကျောင်းသားများ၊ စာချပုဂ္ဂိုလ်ရဟန်းရှင်လူများ၊ ဗုဒ္ဓစာပေကျမ်းဂန်ကိုလေ့လာလိုက်စားနေသူများအတွက် စာကြည့်တိုက်၊ ပိဋကတ်တိုက်များကို အချိန်ကုန်အပင်ပန်းခံ သွားရောက်စရာမလိုဘဲ လက်ဝါးပေါ်တွင်တင်ကြည့်ရှုမှုဖြင့် အလုံးစုံရှာဖွေလေ့လာနိုင်သဖြင့်ယခုကဲ့ သို့ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။ ရောင်းဈေး ကျပ်နှစ်သိန်းတစ်သောင်း သတ်မှတ်ထားပြီး ရန်ကုန်မြို့ရှိ Technoland Computer Sales & Services ၊ သိန်းမင်းဖုန်းပစ္စည်းဆိုင်နှင့် မန္တလေးမြို့ ကုမ္ပဏီရုံးတို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ အသုံးပြုသူများ အခက်အခဲမရှိစေရန်အတွက် Manual စာအုပ်နှင့် ဒီဗီဒီတစ်ပါတည်းပါဝင်ပြီး ဆရာတော်သံဃာတော်များကို ဆက်ကပ်လှူဒါန်းလိုသူများအတွက်အသင့်လျော်ဆုံးပစ္စည်းတစ်ခုဖြစ်သောကြောင့် ရွေးချယ်ဖော်ပြလိုက်ရခြင်းဖြစ်သည်။

**အယ်ဒီတာ**





www.foreverspace.com.mm

## PRODUCT OF THE YEAR

# ယခုနှစ်အကြိုက်ဆုံးကုန်ပစ္စည်း

ယခုနှစ်စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် ဈေးကွက်အတွင်းရောင်းချဝယ်ယူနေကြသည့် ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း Surgical Mask များကို ရွေးချယ်လိုက်ပါသည်။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအသွင်ဆောင်လာသော A/H1N1 ခေါ် လူအချင်းချင်းကူးစက်သော ပြင်းထန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံသို့လည်းကူးစက်ခဲ့ရာ ကျန်းမာရေးအသိရှိသူပြည်သူလူထုအများစုမှာ ပါးစပ်နှာခေါင်းစည်း Mask များ တပ်ဆင်အသုံးပြုလာကြသဖြင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး ဇွန်လ ၂၆ ရက်တွင် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိအပြီး အေတုပ်ကွေးရောဂါကူးစက်ခံရကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ပါးစပ်နှာခေါင်းစည်း (Mask) များ ပုံမှန်ဈေးနှုန်းတစ်ခုလျှင် ၅၀ ကျပ်ခန့်မှ ကျပ် ၇၀၀ အထိ မြင့်တင်ရောင်းချခဲ့သည်အထိ အရောင်းသွက်ခဲ့ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm



## SERVICE OF THE YEAR

# ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှု

ယခုနှစ်အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် Myanmar Egress Capacity Development Center က ဖွင့်လှစ်သော သင်တန်းများအနက်တစ်ခုဖြစ်သည့် Certificate Course for Social Entrepreneurship (E-002) ကို ရွေးချယ်လိုက်ပါသည်။

အဆိုပါသင်တန်းသည် စီးပွားဖြစ်ဖွင့်လှစ်သောသင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှပါဝင်ခြင်းဖြစ်၍ သင်တန်းကြေးသတ်မှတ်ထားသည်ဆိုသော်ငြား အခက်အခဲရှိသူကျောင်းသားများကို သင်တန်းကြေးသက်သာကင်းလွတ်ခွင့်ပေးခြင်း၊ ဘာသာစကားအခက်အခဲကြောင့် အစွမ်းအစရှိသောလူငယ်များ တက်လမ်းမဆုံးရှုံးစေရန် သင်ကြားသည့်ဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာဆည်းပူးခဲ့သူ ပြည်တွင်းပြည်ပပညာရှင်များက သင်ကြားပို့ချပေးခြင်း၊ Employability ရှိသောလူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် ရည်ရွယ်ခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် အမှန်တကယ်လည်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် ချိတ်ဆက်မိသော Society အတွင်းရောက်ရှိသွားပြီး ပညာရေးဆိုင်ရာအခွင့်အလမ်းကိုပါ သိမြင်လာခြင်း၊ သင်တန်းကာလ သုံးလအတွင်း Development & Development Economics, Governance, Transformational Leadership, Tool kits for Managements, Communications and Advocacy, State Building စသည့်ဘာသာရပ်များသင်ကြားပို့ချရာတွင် အဆိုပါသက်ဆိုင်ရာဘာသာရပ်များအောက်တွင် နီးနွယ်ပါဝင်သည့် ဘာသာရပ်ခွဲများကို သင်ကြားရခြင်း၊ ဖွင့်လှစ်သောအချိန်မှစ၍ အထူးသဖြင့် ယခုနှစ်အတွင်း စိတ်ဝင်စားသူပိုမိုများပြားလာသဖြင့် အချိန်ပြည့်သင်တန်းအပြင် စနေ၊ တနင်္ဂနွေရက်များတွင် အဆိုပါသင်တန်း၏ အနှစ်ချုပ်သင်တန်းတစ်ခု စီစဉ်ဖွင့်လှစ်လာရပြီး မန္တလေးမြို့တော်တွင်ပါ တိုးချဲ့ဖွင့်လှစ်ရသည်အထိ အောင်မြင်မှုများရရှိလာခြင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံသားတိုင်း မလွဲမသွေကြုံတွေ့ရမည့် ရွေးကောက်ပွဲနှင့် အကူးအပြောင်းကာလအတွက် ကြိုတင်ပြင်ဆင်ပြီးသားဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ရွေးချယ်လိုက်ရခြင်း ဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm

## NEWSMAKER OF THE YEAR

# ယခုနှစ်သတင်းအညွှန်း

'ယခုနှစ်သတင်းအညွှန်း' ကဏ္ဍကို တစ်နှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ တစ်နှစ်အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

၁။ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်တရားရုံးတွင် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇/၂၀၀၉ ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၂၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည် (ဘ) ဦးအောင်ဆန်းအပေါ် တာဝန်ရှိသူများက မလွှဲမရှောင်သာဘဲ တရားစွဲဆိုမှုပြုခဲ့ရခြင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ခဲ့ပါသည်။
၂။ သို့ရာတွင် တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်မျှတစွာတရားစီရင်မှုကို နိုင်ငံသားအားလုံးက လေးစားလိုက်နာခံယူကြရမည် ဖြစ်ပါသည်။
၃။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အသက်ပေး၍ရယူပေးခဲ့သည့် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တည်ငြိမ်ရေးကို ရှေးရှု၍လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး အာဃာတများမရှိစေရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် အနှောင့်အယှက်မဖြစ်စေရေးအတွက်လည်းကောင်း ရည်စူး၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနေဖြင့် မိမိ၏လုပ်ပိုင်ခွင့်အာဏာအတွင်းမှ သူမအပေါ် စာနာထောက်ထားညှာတာမှုပြုလိုပါသည်။
၄။ သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည်အား တရားရုံးအနေဖြင့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိရပြီး ပြစ်ဒဏ်ချမှတ်ပါက၊ မည်သို့ပင် ပြစ်ဒဏ်ချမှတ်ထားသည်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၅) အရ၊ တရားရုံးကချမှတ်ထားသော ပြစ်ဒဏ်များအနက် ပြစ်ဒဏ်၏ထက်ဝက်ကိုသာ ကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်သည်။
၅။ အထက်အပိုဒ် (၄) ပါ ပြစ်ဒဏ်ဆိုင်းငံ့ကာလအတွင်း၊ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏နေအိမ်ဖြစ်သော ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ် ၅၄/၅၆ နေအိမ်၌ ပူးတွဲပါသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်ပြုလိုက်သည်။
၆။ ဒေါ်အောင်ဆန်းစုကြည်သည် လျှော့ပေါ့ပြောင်းလဲလိုက်သော ပြစ်ဒဏ်ကျခံရမည့်အချိန်ကာလထက် မကျော်လွန်သောအချိန်ကာလအတွင်း၊ ပူးတွဲပါသတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ ကောင်းမွန်စွာနေထိုင်ပါက ဆိုင်းငံ့ထားသောပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုမည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

**၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြထားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြည်ထဲရေးဝန်ကြီးဌာနသို့ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးကပြစ်ဒဏ်ချမှတ်ခဲ့ပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ လျှော့ပေါ့ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ကောင်းမွန်စွာနေထိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းဆိုင်ရာညွှန်ကြားချက်ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။**

www.foreverspace.com.mm



## NEWSMAKER OF THE YEAR

# ယခုနှစ်သတင်းအညွှန်း

'ယခုနှစ်သတင်းအညွှန်း' ကဏ္ဍကို တစ်နှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ တစ်နှစ်အတွင်း မီဒီယာမျိုးစုံမှဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအားသတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

ရန်ကုန်မြို့နယ်ရှိ ပုဂ္ဂလိကပိုင် အထူးကုဆေးခန်းကြီးတွင် အသက် (၁၅)နှစ်ရှိ မခိုင်ရွှန်းလဲ့ရည် မှားယွင်းစွာဆေးကုသမှုခံရ၍ သေဆုံးခဲ့သည့်ဖြစ်ရပ်၌ မြန်မာနိုင်ငံဆေးကောင်စီကစစ်ဆေး၍ အမိန့်ချမှတ်ခဲ့ရာ၌ သတင်းမီဒီယာများအား အောက်ပါအတိုင်းထုတ်ပြန်ကြေညာခဲ့သည်။

**ရန်ကုန်မြို့ရှိ ပုဂ္ဂလိက အထူးကုဆေးခန်းတစ်ခုတွင် လူနာ မခိုင်ရွှန်းလဲ့ရည် သေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆုံးဖြတ်ချက်**

(၂-၁၂-၂၀၀၉)

၎င်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆေးကောင်စီမှ စုံစမ်းစစ်ဆေးခဲ့ပြီး အောက်ပါအတိုင်း သုံးသပ်၍ ဆုံးဖြတ်ချက်များ ချမှတ်လိုက်သည်။

(၁) **ခွဲစိတ်ကုသခဲ့သော ဆရာဝန်ကြီးသည်**
- (က) လုပ်မှား ကိုင်မှား ဆုံးဖြတ်ချက် မှားခြင်း (Clinical Mistakes)
- (ခ) လူနာလုံခြုံမှုအတွက် မခွဲစိတ်ခင်နှင့် ခွဲစိတ်ပြီး လိုလောက်သောစောင့်ရှောက်မှု အားနည်းခြင်း (Pre-operative and Post-operative Assessment)
- (ဂ) တာဝန်ယူမှုနှင့်တာဝန်ခံမှု အားနည်းခြင်း (Responsibility and Accountability)

တို့ကို တွေ့ရှိရပါသည်။

သို့ပါ၍ မြန်မာနိုင်ငံဆေးကောင်စီမှ အဆိုပါ ခွဲစိတ်ကုဆရာဝန်ကြီးအား ဆေးကုသခွင့် လိုင်စင် (၅)နှစ် ရုပ်သိမ်းရန် (De-licensing) ဆုံးဖြတ်သည်။

(၂) **၎င်းဖြစ်စဉ်တွင် ပူးတွဲ တာဝန်ခံရှိသော**
- (က) မေ့ဆေးဆရာဝန်၊
- (ခ) ပထမလက်ထောက်ခွဲစိတ်ဆရာဝန်
- (ဂ) သူနာပြုဆရာမကြီး

တို့အားလည်း ပြင်းထန်စွာ သတိပေးရန် ဆုံးဖြတ်သည်။

(၃) **၎င်းဖြစ်စဉ် ဖြစ်ပွားခဲ့သည့် အထူးကုဆေးခန်းကြီးတွင်လည်း**

လူနာအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် ထိရောက်မှုနှင့် လုံခြုံမှုရှိသော စနစ်နှင့် လုပ်ကိုင်ချက်များ အားနည်းနေသည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ အဆိုပါ အထူးကုဆေးခန်းအား နောက်နောင် အလားတူ ကိစ္စများ မဖြစ်ပေါ်စေရန်
- (က) ပြင်းထန်စွာသတိပေးရန် နှင့် လူနာရှင်အား လျော်ကြေးပေးစေရန် ဆုံးဖြတ်သည်။
- (ခ) လုံခြုံစိတ်ချရ၍ အရည်အသွေး ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Safe and competent health care system) ကို စီစဉ်ဆောင်ရွက်ထားရေး အတွက် သတိပေးရန် ဆုံးဖြတ်သည်။

**၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ်တွင်ဖော်ပြထားသော ဗဟန်းမြို့နယ်ရှိ ပုဂ္ဂလိကပိုင် အထူးကုဆေးခန်းကြီးတစ်ခုတွင် အသက် (၁၅) နှစ်အရွယ်ရှိ မခိုင်ရွှန်းလဲ့ရည်သည် အောက်တိုဘာလ ၂၆ ရက်နေ့တွင် မှားယွင်းစွာဆေးကုသမှုခံရ၍ သေဆုံးခဲ့သည့်ဖြစ်ရပ်၌ မြန်မာနိုင်ငံဆေးကောင်စီကစစ်ဆေး၍ အမိန့်ချမှတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ထားမှုကို ရွေးချယ်ဖော်ပြအပ်ပါသည်။**

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

## B U S I N E S S N E W S

အမှတ် ၁၇၄ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ

## ဈေးနှုန်းချိုသာသည့်အိမ်ရာစီမံကိန်းသစ်များ FMI ဖော်ထုတ်မည်

**ရန်ကုန်၊ နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ၌ ထင်ရှားသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သော ပထမမြန်မာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI Co., Ltd.) သည် အဆင့်မြင့်အိမ်ရာစီမံကိန်းများကို တည်ဆောက်ဖော်ထုတ်လျက်ရှိရာမှ အများပြည်သူဝယ်ယူနိုင်မည့်ဈေးနှုန်း ချိုသာသည့် အိမ်ရာစီမံကိန်းသစ်များကိုပါ မကြာမီတည်ဆောက်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီဥက္ကဋ္ဌ ဦးသိမ်းဝေ က နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

ထိုနေ့ညနေပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသော ကုမ္ပဏီ၏ (၁၇) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ၎င်းက အစုရှယ်ယာရှင်များကို အထက်ပါအတိုင်း ကတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

"အခုကက FMI အစုရှယ်ယာရှင်တွေအတွက် ဝယ်နိုင်အောင် ရည်ရွယ်ပါတယ်။ လာမယ့်ဘဏ္ဍာနှစ်မှာ ရန်ကုန်မြို့ နယ်နိမိတ်ထဲမှာပဲ အကောင်အထည်ဖော်သွားမယ်။ အများတတ်နိုင်တဲ့အိမ်ရာတွေအပြင် သယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားလိုင်းတွေ၊ ပညာရေးအတွက် စာသင်ကျောင်းတွေ၊ ကျန်းမာရေးအတွက် ဆေးခန်းတွေ၊ ဈေး၊ ဥယျာဉ်တွေနဲ့ အပန်းဖြေရိပ်သာတွေပါပါမယ်။ ရှယ်ယာရှင်တွေကိုဦးစားပေးပြီး Discount (အထူးနှုန်း) နဲ့ ရောင်းပေးမယ်" ဟု ၎င်းက ဆိုသည်။

FMI ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၊ မော်တော်ယာဉ်လုပ်ငန်းဌာန၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကုန်ထုတ်ကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍဟူသည့် ကဏ္ဍခြောက်ခုတွင် ကုမ္ပဏီလုပ်ငန်း ၁၅ ခုကို ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ထားသည်။ ကုမ္ပဏီအနေဖြင့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍတွင် လှိုင်သာယာမြို့နယ် FMI City ကိုတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော FMI Garden Development Ltd. ၏ ၄၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရန်ကုန်မြို့ FMI Centre ကိုစီမံကွပ်ကဲလျက်ရှိသော FMI Syndication Ltd. ၏ ၇၀ ရာခိုင်နှုန်းတို့ကို ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ထားရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း FMI Garden Development Ltd. မှ အမြတ်ငွေစုစုပေါင်း ကျပ် ၄၅၂ သန်း နှင့် FMI Syndication Ltd. (FMI Centre) မှ အမြတ်ငွေကျပ် ၃၈၅ သန်း ရှိခဲ့ကြောင်း ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားချက်အရ သိရသည်။



www.foreverspace.com.mm



# စာကြည့်တိုက်အခြေခံ ကျွမ်းကျင်မှုသင်တန်းသား ၈၀ ဦးကို အောင်လက်မှတ်ချီးမြှင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၂**

စာကြည့်တိုက်အသုံးချမှုပညာရပ်ကို စိတ်ပါဝင်စားသူ ဌာနဆိုင်ရာ စာကြည့်တိုက်ဝန်ထမ်းများသာမက ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူလူထုပါ တက်ရောက်ခွင့်ရရှိသည့် စာကြည့်တိုက်လုပ်ငန်းအခြေခံကျွမ်းကျင်မှုသင်တန်း (၁/၂၀၀၉) (ပထမအဆင့်) သင်တန်းဆင်းပွဲကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဝန်ကြီးဌာန ၂၀ ခုမှ သင်တန်းသား ၆၅ ဦးနှင့် ပြင်ပပုဂ္ဂိုလ် ၂၅ ဦး စုစုပေါင်း ၈၀ ဦးကို တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။




မြန်မာနိုင်ငံ၌ စာကြည့်တိုက်ပညာပြန့်ပွားရန်ရည်ရွယ်၍ အဆိုပါစာကြည့်တိုက်လုပ်ငန်းအခြေခံကျွမ်းကျင်မှုသင်တန်းကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ စီစဉ်မှုဖြင့် ၂၀၀၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ဖွင့်လှစ်ပို့ချခဲ့ရာ ယခုအခါ ပထမအဆင့်သင်တန်းငါးကြိမ်နှင့် ဒုတိယအဆင့်သင်တန်းတစ်ကြိမ်ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်လဖြစ်ပြီး သင်တန်းသားဦးရေ စုစုပေါင်း ၂၇၉ ဦး တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့်သုတပညာဌာန ဌာနမှူးပါမောက္ခ ဦးသိန်းရွှေက ပြောကြားသည်။

မြန်မာနိုင်ငံ၌ စာကြည့်တိုက်ပညာရပ်ကို သိရှိသူနည်းပါးပြီး ပြန်လည်အသုံးချသူမှာလည်း နည်းပါးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဈေးကွက်စီးပွားရေးစနစ်ကာလတွင် ပြည်တွင်း၊ ပြည်ပသင်တန်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာပေါ်ပေါက်လာလျက်ရှိကြောင်း၊ အဆိုပါအခွင့်အလမ်းများကို ရယူနိုင်ရန်အတွက် လိုအပ်သည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်မည့်နေရာသည် စာကြည့်တိုက်များပင်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုယ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားအောင် မြှင့်တင်ပေးသည့်နေရာသည်လည်း စာကြည့်တိုက်များပင်ဖြစ်ကြောင်း၊ ထို့အပြင် စာကြည့်တိုက်များသည် သတင်းအချက်အလက်များကို မျှဝေပေးသည့် နေရာများဖြစ်ကြောင်း၊ စာကြည့်တိုက်ဝန်ထမ်းများသာမကဘဲ စာကြည့်တိုက်အသုံးပြုသူတိုင်း စာကြည့်တိုက်ပညာကို သိရှိနားလည်ထားသင့်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။



ဆဋ္ဌမအကြိမ်မြောက်ဖွင့်လှစ်သည့် အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဝန်ကြီးဌာနများနှင့် ပြင်ပပုဂ္ဂိုလ်စုစုပေါင်း ၈၀ ဦးတက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့်အတူ ပထမမှ သတ္တမအထိ ဆုရရှိသူ ခုနစ်ဦးကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြသည်။

စာကြည့်တိုက်နှင့် သုတပညာဝိဇ္ဇာဘွဲ့သင်တန်းကို တက္ကသိုလ်များတွင်လည်းကောင်း၊ မဟာဝိဇ္ဇာနှင့် ဘွဲ့လွန် ဒီပလိုမာသင်တန်းများကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင်လည်းကောင်း စာကြည့်တိုက်နှင့် သုတပညာဌာနက ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။ ■

www.foreverspace.com.mm

# တစ်နှစ်အတွင်း PAC အရေအတွက် နှစ်ဆတိုးဖွင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၁**



မြန်မာနိုင်ငံ၌ အင်တာနက်အသုံးပြုသူဦးရေ သိသိသာသာများပြားလာသည်နှင့်အမျှ အများပြည်သူသုံးအင်တာနက်စင်တာ (PAC) များကို တိုးချဲ့ဖွင့်လှစ်လာခဲ့ရာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလဆန်းအထိ PAC အရေအတွက် ၆၃၃ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ယမန်နှစ် ဒီဇင်ဘာလကထက် အရေအတွက်နှစ်ဆကျော်တိုးပွားလာခဲ့ခြင်းဖြစ်ကြောင်း Myanmar Info-Tech Co., Ltd. ထံမှ စုံစမ်းသိရှိရသည်။

Myanmar Info-Tech ထံမှရရှိသော စာရင်းများအရ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့အထိ ရန်ကုန်မြို့တော်ဧရိယာအတွင်း PAC ၄၈၄ ခု၊ မန္တလေးမြို့တော်၌ PAC ၁၉ ခု၊ နယ်မြို့ကြီးများ၌ PAC ၁၃၀ ခု စုစုပေါင်း တရားဝင် မှတ်ပုံတင်ဖွင့်လှစ်ထားသည့် PAC အရေအတွက် ၆၃၃ ခုအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းတို့အနက် ရာခိုင်နှုန်းအများစုမှာ ရန်ကုန်မြို့တော်၌ ဖွင့်လှစ်ထားကြခြင်းဖြစ်ကြောင်း၊ ယမန်နှစ် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ PAC အရေအတွက် ၃၈၂ ခုသာဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ တစ်နှစ်အတွင်း နှစ်ဆနီးပါးတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထိုသို့ PAC အရေအတွက် တိုးပွားလာရခြင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် (ယခင် Myanmar Teleport Co., Ltd.) တို့က Wi Max အင်တာနက်အပါအဝင် အင်တာနက် Account များကို အရေအတွက်တိုးမြှင့်ရောင်းချပေးခြင်း၊ ပြည်ပသို့ ကျောင်းလျှောက်ထားတက်ရောက်နေသူများနှင့် အလုပ်သွားရောက်လုပ်ကိုင်နေကြသူများထံ မြန်မာနိုင်ငံရှိ မိဘဆွေမျိုး မိတ်ဆွေသူငယ်ချင်းများက E-mail, G-talk, Chat, Skype နှင့် Pfingo စသည်တို့ဖြင့် ဆက်သွယ်ပြောဆိုကြခြင်း၊ အင်တာနက်ဂိမ်းကစားကြခြင်းနှင့် Chatroom အသုံးပြုကြခြင်း စသည့် အင်တာနက်အသုံးပြုသူလူငယ်ဦးရေတိုးပွားလာခြင်းကြောင့်ဖြစ်ကြောင်း၊ Google Search Engine ကဲ့သို့သော Search Engine များကိုအသုံးပြု၍ ပညာရေးနှင့် သုတေသနလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးချသူအရေအတွက်မှာမူ နည်းပါးနေသေးကြောင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်မှ အင်တာနက်ကဖီးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# ရန်ကုန်မြို့တော် မြေအောက်ရေထုတ်ယူသုံးစွဲမှု အကန့်အသတ်ဖြင့်သာလုပ်ဆောင်ဟုဆို

**သတင်းဆောင်းပါး– ခင်ဒွေးကြွယ် (၅–၁၂–၂၀၀၉)**

**ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ရပ်ကွက်အများစုတွင် သောက်သုံးရေရရှိမှုအခက်အခဲများရှိနေခြင်းကြောင့် သောက်သုံးရေအပြည့်အဝရရှိရန် အဝီစိတွင်းများတူးဖော်၍ရေပေးနေသော်လည်း မြေအောက်ရေထုတ်ယူမှုကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်လျက်ရှိသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Living Color သို့ပြောကြားသည်။**

အဝီစိတွင်းများကို မြို့နယ်ရပ်ကွက်အများအပြားတွင် တူးဖော်နေသော်လည်း ယင်းတို့မှ ရေကိုအရန်သဘောဖြင့်သာထုတ်ယူဖြန့်ဖြူးပေးကြောင်း၊ အချိန်ပြည့်ထုတ်ယူခြင်းမပြုဘဲ လျှပ်စစ်မီးအခက်အခဲကြောင့် ရေပြတ်လပ်ချိန်အချို့တွင်သာ ကိုယ်ပိုင်မီးစက်များမောင်းနှင်၍ အဝီစိတွင်းမှ ရေကိုထုတ်ယူကြောင်း၊ တစ်နာရီလျှင် ဂါလန် ၆၀၀၀ မှ ၈၀၀၀ ဝန်းကျင်သာထုတ်ယူဖြန့်ဖြူးပေး

www.foreverspace.com.mm



ကြောင်း၊ ယင်းရေများကို မျှပေးစနစ်ဖြင့် ဖြန့်ဖြူးပေးဝေလျက်ရှိကြောင်း၊ အဝီစိတွင်းများ တူးဖော်ပေးနေခြင်းကြောင့်သာ ပြည်သူအချို့မှာ ရေအပြည့်အဝရရှိနေကြကြောင်း၊ အဝီစိတွင်းမှ ရေစုပ်ယူခြင်းကို ပွင့်လင်းရာသီတွင်သာ ထုတ်ယူမည်ဖြစ်ပြီး မိုးတွင်းကာလတွင် အသုံးမပြုကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ရန်ကုန်မြို့တော်တွင်နေထိုင်သူများ ရေရရှိရေးအတွက် လှော်ကားရေလှောင်ကန်၊ ဂျိုးဖြူကန်၊ ဖူးကြီး၊ ငမိုးရိပ်စီမံကိန်း စသည့်နေရာများမှ တစ်ရက်လျှင် ရေဂါလန် ၁၄၅ သန်းကို ဖြန့်ဖြူးပေးလျက်ရှိသည်။ သို့သော် ယခုနှစ်အနည်းငယ်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝမရရှိခြင်းကြောင့် အဆိုပါရေလှောင်ကန်ကြီးများမှ သောက်သုံးရေများကို ရန်ကုန်မြို့တွင်းသို့ ဖြန့်ဖြူးနိုင်ခြင်းမရှိ၍ ရန်ကုန်မြို့တော်တွင် ရေပြတ်လပ်မှုနှင့် မကြာခဏကြုံတွေ့ခဲ့ကြရသည်။ ရေလှောင်ကန်များတွင် ရေအပြည့်အဝ သိုလှောင်ထားသော်လည်း ရေပေးဝေရန်တပ်ဆင်ထားသည့် မော်တာစက်ကြီးများမှာ လျှပ်စစ်ဓာတ်အားမပြည့်ဝ၍ ပုံမှန်လည်ပတ်နိုင်မှုမရှိကြောင်း YCDC ရေသန့်ဌာနမှ အင်ဂျင်နီယာတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းအချက်ကြောင့်ပင် ရေအလွယ်တကူရရှိရေး နည်းလမ်းတစ်ခုဖြစ်သော အဝီစိတွင်းများကို ရန်ကုန်မြို့တော်၏ နေရာအများအပြားတွင် တွေ့လာနေရသည်။

အဝီစိတွင်းများပေါများလာပြီး မြေအောက်ရေထုတ်ယူသုံးစွဲမှုမြင့်မားပါက လက်ရှိမြေပြင်အနေအထားသည် ပင်လယ်ရေအောက်နိမ့်ကျသွားနိုင်ကြောင်း၊ ရေထုတ်ယူသုံးစွဲမှုများခြင်းကြောင့် ပင်လယ်ရေအောက်နိမ့်သွားသည့်ဖြစ်ရပ်မျိုးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ယင်းသို့မဖြစ်ရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မြေအောက်ရေထုတ်ယူမှုကို ထိန်းချုပ်ဆောင်ရွက်မှသာ ထိရောက်မည်ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့ရာသီဥတုသည် အမျိုးမျိုးဖောက်ပြန်ပြောင်းလဲနေခြင်းကြောင့် အစစအရာရာကို သတိထားပြုမူဆောင်ရွက်ရန် အရေးကြီးကြောင်း ဘူမိဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

မြေအောက်ရေထုတ်ယူသုံးစွဲမှုကို ရန်ကုန်မြို့တော်တစ်ခုတွင်သာမက ရေရှားပါးသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ အညာဒေသများနှင့် အခြားသောပြည်နယ်တိုင်းအချို့တွင်လည်း စက်ရေတွင်းများတူးဖော်၍သောက်သုံးရေဖြန့်ဖြူးပေးဝေခြင်းများကို နိုင်ငံပိုင်မီဒီယာများ၌ မကြာခဏဖော်ပြလေ့ရှိသည်။ မြေအောက်ရေထုတ်ယူသုံးစွဲမှုသည် ပင်လယ်နှင့်ဝေးလံသည့် ဒေသများတွင် လတ်တလောမထိခိုက်နိုင်သော်လည်း





ပင်လယ်ပြင်နှင့် နီးစပ်သည့် မြို့ရွာများတွင် သဘာဝဘေးအန္တရယ်အတွက်စိုးရိမ်ရကြောင်း၊ မြေအောက်ရေထုတ်ယူမှုများလာပါက ရေအရင်းအမြစ်ဆုံးရှုံးသည့်အပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုပါ သွယ်ဝိုက်၍ ထိခိုက်သွားနိုင်ကြောင်း ဘူမိပညာရှင်တစ်ဦးက ပြောဆိုသည်။

မြန်မာနိုင်ငံ၏ အဓိကမြို့တော်နှင့် လူဦးရေအထူထပ်အများဆုံးဖြစ်သော မြို့တော်ရန်ကုန်ဧရိယာဒေသတစ်ဝိုက်တွင် ယခုအခါ အဝီစိတွင်းပေါင်း ၄၀၀ နီးပါး တူးဖော်၍ရေပေးဝေလျက်ရှိပြီး မြို့နယ်ရပ်ကွက်အချို့၌ တူးဖော်နေဆဲရေတွင်းများလည်းရှိသည်ဟု YCDC ၏ အကြီးတန်း



www.foreverspace.com.mm

တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်း ရေတွင်းများမှရေကို အရန်သဘော၊ ရေအားဖြည့်သည့်သဘောဖြင့်သာ အသုံးပြုမည်ဖြစ်ပြီး ငမိုးရိပ်စီမံကိန်းအဆင့် (၂) နှင့် အဆင့် (၃) တို့ပြီးစီးသွားပါက အဝီစိရေတွင်းများ အသုံးပြုရန်မလိုတော့ကြောင်း၊ ရေပေးဝေရေးစီမံကိန်းများမှာ လာမည့် ၂ နှစ် သုံးနှစ်ခန့်တွင် ပြီးစီးနိုင်မည်ဖြစ်၍ လျှပ်စစ်ဓာတ်အားပါ အပြည့်အဝရရှိမည်ဆိုပါက မြေအောက်ရေထုတ်ယူမှု လုံးဝလျော့ကျသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ရန်ကုန်မြို့တော်တွင် လူဦးရေ ခြောက်သန်းကျော်ရှိနေပြီဖြစ်၍ လူတစ်ဦးလျှင် တစ်ရက် ရေဂါလန် ၃၀ သုံးစွဲမည်ဆိုပါက ရန်ကုန်မြို့တော်၏ တစ်ရက် ရေလိုအပ်ချက်မှာ ရေဂါလန်သန်းပေါင်း ၁၈၀ သန်း လိုအပ်မည်ဖြစ်သည်။ ယင်းလိုအပ်ချက်အနက် တစ်ဝက်နီးပါးသာ ရေလှောင်ကန်ကြီးများက ပေးဝေနိုင်ပြီး ကျန်ရေများကို အဝီစိတွင်းများမှ ထုတ်ယူဖြန့်ဖြူးပေးဝေနေရကြောင်း၊ လျှပ်စစ်မီးပြည့်ဝသည့်နေ့မျိုးတွင် အဝီစိရေတွင်းများ အသုံးပြု





စရာမလိုကြောင်း ရေသန့်ဌာနမှ ဝန်ထမ်းတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"အဝီစိတွင်းတွေအများကြီးတူးနေပေမယ့် အရေးပေါ်လိုအပ်မှ သုံးဖို့ပါ" ဟု ရေသန့်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ဆိုသည်။

ရန်ကုန်မြို့တော်တွင် ယခင်နှစ်များ၌ တပေါင်း၊ တန်ခူး ပူပြင်းသောရာသီတွင်သာ ရေပြတ်လပ်မှုအချို့ရှိခဲ့ကြောင်း၊ ယခုအခါ မိုးလွန်ကာလဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်းလများ၌ပင် ရေပြတ်လပ်ရှားပါးမှု၊ လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ကြုံတွေ့လာရကြောင်း၊ တစ်ခါတစ်ရံတွင် သီတင်းပတ်နှစ်ပတ်ခန့် ထိရေလုံးဝမရရှိသည့်အခါမျိုးနှင့် ကြုံတွေ့ရကြောင်း၊ လျှပ်စစ်နှင့်ရေ တစ်ပြိုင်တည်း ရရှိသည့်အချိန်သည် ညလူခြေတိတ်ချိန်သာဖြစ်ကြောင်း ကျောက်တံတားမြို့နယ်တွင်နေထိုင်သူတစ်ဦးက ပြောကြားသည်။ သဘာဝပတ်ဝန်းကျင်အကြောင်း နားမလည်သော်လည်း မြေအောက်ရေထုတ်ယူမှုများလာပါက မြေကြီးနိမ့်သွားတတ်ကြောင်းကို ကြားဖူးကြောင်း၊ ထို့ကြောင့် မြေအောက်ရေထုတ်ယူမည့်အစား ရေလှောင်ကန်ကြီးများမှရေကိုသာ အပြည့်အဝပေးနိုင်မည့်နည်းလမ်းကို တာဝန်ရှိလူကြီးများက ပူးပေါင်းဆောင်ရွက်သင့်ကြောင်းလည်း ၎င်းက ဆိုသည်။

ရန်ကုန်မြို့တော်၏နေရာအချို့၌ တူးဖော်နေသော အဝီစိတွင်းများသည် ပေ ၁၀၀ မှ ၄၀၀ ကျော်အထိ ရေရရှိမှုအပေါ် မူတည်၍ တူးဖော်ပြီး ဓာတ်ခွဲစမ်းသပ်၍ သောက်သုံးရန် သင့်မှသာ ပြည်သူများထံ ဖြန့်ဝေပေးသည်ဟု ရေသန့်ဌာနမှ အငယ်တန်းအင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

မြေအောက်ရေထုတ်ယူသုံးစွဲမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများကို မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအနေဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ယင်းအသင်းမှ ပညာရှင်တစ်ဦးက ပြောကြားသည်။

■

www.foreverspace.com.mm

# ပြည်တွင်းအမြန်ချောပို့ Online မှတစ်ဆင့် ချောပစ္စည်းခြေရာခံ ထောက်လှမ်းနိုင်ဟုဆို

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**



အမြန်ချောစာနှင့် ချောထုပ်ပေးပို့သူများက ပေးပို့လိုက်သောချောစာ၊ ချောထုပ်များရောက်ရှိနေသည့်နေရာနှင့် ပေးဝေပြီး၊ မပြီး စသည့် သတင်းအချက်အလက်များကို Online မှတစ်ဆင့် စစ်ဆေးကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ယင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်တွင်းအမြန်ချောပို့လုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်း ၁၄ ခု၏ မြို့တော်များအပါအဝင် မြို့ကြီး ၂၆ မြို့သို့ပေးပို့လိုက်သော ချောစာနှင့် ချောထုပ်များ၏ ရောက်ရှိသည့်နေရာ၊ ပေးဝေပြီး၊ မပြီးနှင့် ပေးဝေခဲ့သည့်အချိန် စသည်တို့ကို ယင်းလုပ်ငန်း၏ အင်တာနက် Website www.dems.net.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ယင်းဌာန၏ကြော်ငြာချက်အရ သိရသည်။

ယင်းဝန်ဆောင်မှုတွင် လက်ခံစာတိုက်သို့ လာရောက်ပေးပို့သော အမြန်ချောထုပ်၏ အချက်အလက်များကို ယင်းစနစ်အတွင်း ထည့်သွင်းထားပြီး လာရောက်ပေးပို့သူအား ဘားကုတ်နံပါတ်ပါသော ငွေရပြေစာ ပြန်လည်ပေးမည်ဖြစ်ကြောင်း၊ စာတိုက်တာဝန်ခံက ချောစာထုပ်၏အချက်အလက်များကို ယင်း Website မှတစ်ဆင့် သက်ဆိုင်ရာစာတိုက်သို့ အကြောင်းကြားမည်ဖြစ်ပြီး ပေးဝေရမည့်စာတိုက်များမှ မိမိတို့ထံ Online ပေါ်မှရောက်ရှိလာသော အချက်အလက်များကို အမြန်ချောစာထုပ်များနှင့် တိုက်ဆိုင်စစ်ဆေး၍ စာပို့သမားမှတစ်ဆင့် အိမ်တိုင်ရာရောက်ပေးဝေမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းထံမှ သိရသည်။

ပေးဝေခဲ့သည့်စာတိုက်က ပေးဝေပြီးကြောင်းအချက်အလက်များကို ယင်း Website သို့ ပြန်လည်ပေးပို့ခြင်းဖြင့် ပေးပို့သူက ကြည့်ရှုသည့်အခါ ရောက်ရှိနေသည်နေရာ၊ ပေးဝေပြီးမပြီး၊ ပေးဝေပြီးသည့်အချိန်၊ နေရက်များကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ကြည့်ရှုလိုပါက ယင်းလုပ်ငန်း၏ Website www.dems.net.mm သို့ဝင်၍ ငွေရပြေစာတွင်ပါဝင်သော ဘားကုတ်နံပါတ်ကို ရိုက်ထည့်ကြည့်ရှုနိုင်ကြောင်း၊ အကူအညီလိုအပ်ပါက အကူအညီရယူရန်ဆိုသည့်နေရာတွင် အမည်၊ E-mail လိပ်စာ၊ ဖုန်းနံပါတ်၊ ပါဆယ်နံပါတ်နှင့် အကူအညီလိုအပ်သည့်အကြောင်းအရာကို ဖြည့်သွင်း၍ အကူအညီရယူနိုင်ကြောင်း ယင်း Website တွင် ဖော်ပြထားသည်။

"ဒီလိုဝန်ဆောင်မှုပေးတဲ့အတွက် အရမ်းကောင်းပါတယ်။ ကိုယ်ပို့လိုက်တဲ့ပစ္စည်း ဘယ်ရောက်နေလဲ၊ ဘယ်အချိန်မှာရောက်သွားလဲဆိုတာသိရတော့ အရင်လို ပစ္စည်းမရောက်လို့ ရုံးမှာလာစုံစမ်းစရာမလိုတော့ဘူး" ဟု အမြန်ချောအသုံးပြု၍ စာနယ်ဇင်းဖြန့်ချိနေသူတစ်ဦးက Living Color သို့ ပြောသည်။ ယင်းဝန်ဆောင်မှုကို ယခုအမြန်ချောလာပို့မှ သိရကြောင်း၊ ယခင်က စာတိုက်ကြီးအောက်ထပ်တွင်ပင် ပို့ရကြောင်း မြစ်ကြီးနားသို့ အမြန်ချောမှတစ်ဆင့် ပစ္စည်းလာပို့သူတစ်ဦးက ပြောကြားသည်။

Domestic Express Mail Service ဟု အမည်ပေးထားသော အဆိုပါဝန်ဆောင်မှုနှုန်းထားမှာ ကနဦးအလေးချိန် ၅၀၀ ဂရမ်အထိ ၅၀ ကျပ်နှင့် ၅၀၀ ဂရမ် ထပ်တိုးတိုင်း ၁၃ ကျပ်ဖြစ်ကြောင်း၊ ချောထုပ်တစ်ထုပ်လျှင် အလေးချိန် ၁၀ ကီလိုဂရမ်ထက်မပိုရကြောင်း၊ အရွယ်အစား အလျားနှစ်ပေထက်မပိုစေဘဲ အလျားနှင့်လုံးပတ် နှစ်ခုပေါင်း လေးပေထက်မပိုရကြောင်း၊ အထောက်အထားစာရွက်စာတမ်းများ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်း စသည်တို့ ပေးပို့နိုင်ကြောင်း၊ ငွေစက္ကူ၊ အဖိုးတန်လက်ဝတ်ရတနာ၊ ငွေကဲ့သို့ တန်ဖိုးရှိသောပစ္စည်း၊ ဆီကဲ့သို့ ယိုစိမ့်နိုင်သောပစ္စည်းများ၊ ချွန်ထက်သောအရာဝတ္ထုများ၊ ညစ်ညမ်းစာပေနှင့် ဆင်ဆာမဲ့ CD၊ VCD များ ပေးပို့ခွင့်မရှိကြောင်း ယင်းဌာန Website တွင် ဖော်ပြထားသည်။

ယခုချောထုပ်ခြေရာခံထောက်လှမ်းမှုစနစ်ဝန်ဆောင်မှုပေးနေသောမြို့များမှာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ မကွေး၊ မုံရွာ၊ ပြည်၊ ပဲခူး၊ မော်လမြိုင်၊ ပုသိမ်၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ စစ်တွေ၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ ပြင်ဦးလွင်၊ ဗထူး၊ တောင်ငူ၊ နေပြည်တော် ပျဉ်းမနား၊ သံတွဲ၊ ကလေး၊ မြိတ်၊ ကော့သောင်းတို့ ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၁၀၁ မြို့ထံ အမြန်ချောစာ၊ ချောထုပ်များ ပေးပို့ဝန်ဆောင်မှုပေးနေကြောင်း အမြန်ချောစာထည့်သွင်းရမည့်စာအိတ်တွင် ဖော်ပြထားပြီး ယင်းလုပ်ငန်း၏ Website www.dems.net.mm တွင်မူ မြို့ပေါင်း ၁၄၁ မြို့သို့ ဝန်ဆောင်မှုပေးနေကြောင်း ဖော်ပြထားသည်။

Arrow News

www.foreverspace.com.mm

# မြန်မာသီချင်း ၁၀၀ ကျော် ဖုန်းမြည်သံသုံးရန် ပြည်ပကဝယ်ယူ

**ရန်ကုန် ၊ နိုဝင်ဘာ ၁၇**

တယ်လီဖုန်းမြည်သံ (Ring Tone) အဖြစ်အသုံးပြုရန်အတွက် မြန်မာသီချင်း အပုဒ်ရေ ၁၀၀ ကျော်ကို အောက်တိုဘာလနှင့်နိုဝင်ဘာလအတွင်း ထိုင်းနှင့် မလေးရှားနိုင်ငံတို့က ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးဇော်ထူးအောင်က ပြောကြားသည်။

လွန်ခဲ့သည့်တစ်နှစ်ကျော်က အဆိုပါနိုင်ငံများမှ ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအနေဖြင့် အောက်တိုဘာလ ၂၂ ရက်နေ့တွင် လေးဖြူ၊ R ဇာနည်၊ ဇော်ပိုင်၊ မျိုးကြီး၊ ဝိုင်ဝိုင်၊ ကောင်းမြတ် စသည့် တေးသံရှင်များ၏ သီချင်းများ အပါအဝင် သီချင်းအပုဒ်ရေ ၁၈ ပုဒ်ကို ထိုင်းနှင့် မလေးရှားနိုင်ငံတို့က ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

ယင်းသီချင်းများကို ပြည်တွင်းမှ စံမြင့်မြတ်ကုမ္ပဏီက စာချုပ်ချုပ်ဆိုရောင်းချခဲ့ကြောင်း၊ သီချင်းတစ်ပုဒ်လျှင် FEC ၁၅၀ နှုန်းဖြင့် တစ်နှစ်စာရောင်းချခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ထိုင်းနိုင်ငံတွင်သာအသုံးပြုရန်အတွက် နိုဝင်ဘာလ ၂ ရက်နေ့တွင် ထိုင်းနိုင်ငံအခြေစိုက် Mp3 Thailand Co., Ltd. ကိုယ်စား မြန်မာနိုင်ငံရှိ Million Entertainment & Video Production မှတစ်ဆင့်ရောင်းချခြင်းဖြစ်ပြီး သီချင်းတစ်ပုဒ်လျှင် FEC ၁၅၀ နှုန်းဖြင့် ၂ နှစ်အတွက် ရောင်းချထားကြောင်း၊ ပထမတစ်နှစ်အတွက် တစ်ပုဒ်လျှင် FEC၁၀၀ နှုန်းဖြင့်ပေးချေထားကြောင်း၊ ကျန်နှစ်အတွက် ပထမနှစ်ကုန်ခါနီး သုံးလအလိုတွင် ပေးချေမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"အဆိုတော် တော်တော်များများရဲ့ သီချင်းတွေပါတယ်။ ခင်မောင်တိုး၊ စိုင်းထီးဆိုင်သီချင်းတွေလည်း ပါတယ်။ ဒါက ထိုင်းနဲ့ မလေးရှားမှာရှိတဲ့ မြန်မာလူမျိုးတွေအတွက် ဈေးကွက်တစ်ခုဖော်တဲ့ပုံစံပါ။ ဟိုမှာ Copy နဲ့အတုလုပ်ကြတာ သူတို့လည်းသိပေမယ့် တရားဝင်ကမ်းလှမ်းတာပါ" ဟု ၎င်းက ဆိုသည်။

# သွင်းအားစုနည်း ထွက်နှုန်းမြင့်စပါး စိုက်ပျိုးနည်းပညာတောင်သူများ စိတ်ဝင်စား

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

နိုင်ငံတကာတွင် System of Rice Intensification (SRI) ဟု ခေါ်တွင်သည့် သွင်းအားစုနည်းပါးစွာဖြင့် ထွက်နှုန်းမြင့်စွာရရှိသော စပါးစိုက်ပျိုးနည်းပညာကို ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ဒေသအချို့တွင် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ တောင်သူများ စိတ်ဝင်တစား စိုက်ပျိုးကြကြောင်း အထက်ပါမြို့နယ် တောကျောင်းကျေးရွာမှ လယ်သမားအချို့ထံမှ သိရသည်။

အဆိုပါနည်းပညာဖြင့်စိုက်ပျိုးရန်အတွက် အရည်အသွေးပြည့်မီသော တစ်ဧက မျိုးသုံးပြည်သာလိုအပ်ပြီး အပင်ခြားတန်းခြား အကွာအဝေး ၁၀ လက်မနှင့် ၁၂ လက်မအကွက်ချစိုက်ပျိုးရကြောင်း၊ မြေသြဇာအနည်းငယ်သာထည့်သွင်းစိုက်ပျိုးရန်လိုပြီး ရေနေရေထိုင်ကောင်းမွန်ရန်နှင့် မြေသားညီရန်လိုအပ်ကြောင်း ယင်းစနစ်ကို စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် ဆန်စပါးသုတေသီဒေါက်တာမျိုးအောင်ကျော်က ပြောကြားသည်။

"ပထမနှစ်က ဧက ၈၀ လောက် စိုက်ကြတယ်။ အခုဒီနှစ် ကျွန်တော်တို့ရွာဝန်းကျင်မှာ ဧက ၃၀၀ လောက် ဒီစနစ်နဲ့ စိုက်ကြတယ်" ဟု တောကျောင်းကျေးရွာတွင် စပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်သမားဦးထွန်းတင်က ဆိုသည်။

စိုက်ပျိုးရာတွင် ၁၀×၁၂ လက်မအကွက်များကို ဦးစွာအရာပေး၍စိုက်ပျိုးရပြီး စိုက်စနစ်သာအသုံးပြုရသဖြင့် အလုပ်သမားအများအပြားလိုအပ်သည်ဟုထင်ရသော်လည်း မျိုးအနည်းငယ်သာသုံးစွဲရသဖြင့် ပျိုးနုတ်သိမ်းရန် အခကြေးငွေ၊ မျိုး၊

www.foreverspace.com.mm



မြေဩဇာကဲ့သို့သော သွင်းအားစုများအတွက် များစွာသက်သာကြောင်း ဒေါက်တာမျိုးအောင်ကျော်က ပြောကြားသည်။

"အနည်းဆုံးတော့ တစ်ရက်ခြားတစ်ခါ စစ်ဆေးရတယ်။ ပစ်ထားလို့တော့မရပါဘူး။ ခြုံပြောရရင် ကောင်းမွန်တဲ့စိုက်ပျိုးမှုအလေ့အထကိုသုံးတာပါပဲ" ဟု ၎င်းက ဆိုသည်။

ရိုးရာအလေ့အထအတိုင်း စိုက်ပျိုးစဉ်က တစ်ဧကပျမ်းမျှအထွက်နှုန်း ၃၅ တင်းသာထွက်ရှိသော်လည်း ယခုစနစ်ဖြင့် တစ်ဧက တင်း ၆၀ ခန့်ထွက်ရှိကြောင်း အထက်ပါကျေးရွာမှ လယ်သမားအချို့က ပြောဆိုကြသည်။

"စိုက်စက စပါးမထွက်ဘူးလို့တောင် ထင်ခဲ့တာ" ဟု တောကျောင်းကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ ဦးပွားကပြောကြားသည်။ အပင်ခြား တန်းခြားစနစ်ဖြင့် စိုက်ပျိုးသဖြင့် လေဝင်လေထွက်ကောင်းမွန်ပြီး စပါးပင်များအတွက် မျှတသော မြေဆီဩဇာများရရှိသဖြင့် အထွက်နှုန်း ပိုမိုကောင်းမွန်ခြင်းဖြစ်ပြီး ယင်းစနစ်ကို ဘက်စုံသီးနှံစီမံခန့်ခွဲမှုနည်းစနစ် (Integrated Crop Management-ICM) ဟုလည်း ခေါ်ဆိုနိုင်ကြောင်း ဒေါက်တာမျိုးအောင်ကျော်က ရှင်းပြသည်။



ယင်းစနစ်ဖြင့် ထားဝယ်ခရိုင် ကန်ဘောက်ဒေသတွင်လည်း စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

Powerful Press

# JICA ကျေးလက်ရေရရှိရေးစီမံကိန်းများ အပြီးသတ်

**ရန်ကုန်၊ နိုဝင်ဘာ ၃၀**

တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး ၁၀ နှစ် စီမံကိန်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်တွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော သုံးနှစ်စီမံကိန်းတို့ကို ၂၀၀၉ ခုနှစ်အတွင်း တစ်ပြိုင်တည်း အပြီးသတ်ခဲ့ကြောင်း အောက်တိုဘာလ ၂၇ ရက်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ပြောကြားသည်။

အပူပိုင်းဇုန်ကျေးလက် ရေပေးဝေရေးစီမံကိန်းအဖြစ် စည်ပင်သာယာရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ ပေထောင်ချီအနက်ရှိသည့် ရေတွင်းသစ်ပေါင်း ၂၀ တူးဖော်ခဲ့ပြီး ရေတွင်းပေါင်း ၄၀ ကို ပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ သို့ရာတွင် ၃၄ တွင်းသာ အောင်မြင်ခဲ့ပြီး တွင်းခြောက်တွင်းမှာ ပြင်ဆင်၍မရနိုင်သဖြင့် တွင်းသစ်တူးပေးရန်စီစဉ်နေဆဲဖြစ်ကြောင်း စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက ပြောကြားသည်။

အပူပိုင်းဇုန်ရေရရှိရေးစီမံကိန်း နည်းတူ စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ရေပေးဝေရေး ၁၀ နှစ်တာ နှစ်ရှည်စီမံကိန်းကိုလည်း တစ်ပြိုင်နက်တည်း ပြီးဆုံးအောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

ကျေးလက်ရေရရှိရေး ၁၀ နှစ်စီမံကိန်းအရ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာပေါင်း ၂၂၇၆၁ ရွာကို ရေရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်း၏ ၉၈ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အပူပိုင်းဇုန်ရေရရှိရေး စီမံကိန်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလမှစ၍ လေးဆင့်ခွဲ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ်နိုင်ခဲ့ကြောင်း အဆိုပါစီမံကိန်း၏ စီမံကိန်းအရာရှိချုပ် Mr.Toshiyuki Masumoto က ဆိုသည်။

ကျေးလက်ရေပေးဝေရေး ၁၀ နှစ်တာ နှစ်ရှည်စီမံကိန်းကို ၂၀၀၀ ပြည့်နှစ်

www.foreverspace.com.mm

တွင် စတင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၂ သန်း၊ ယူရိုငွေ ၇၇၀၊ တရုတ်နိုင်ငံသုံး ငွေကြေး ယန်း ၁၀၁၅ ဒသမ ၄၇ နှင့် ကျပ် သန်းပေါင်း ၁၂၆၀၆ ဒသမ ၀၉ ကုန်ကျခဲ့ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

"လတ်တလောမှာ ကျွန်တော်တို့အတွက် တကယ်လိုအပ်တာ ရေပဲ။ ရွှေကို မလိုဘူး၊ ငွေကိုလည်းမလိုဘူး၊ ရေကိုပဲ လိုကြတာ" ဟု ညောင်ဦးမြို့နယ် ဝါခင်းကြီးကျေးရွာရေပေးဝေရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

# ၂၀၀၈- ၂၀၀၉ ဘဏ္ဍာနှစ် FMI ၏ အကျပ်တည်းဆုံးကာလဟုဆို

**ရန်ကုန်၊ နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်း ၁၅ ခုတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသော ထင်ရှားသည့် အများပိုင်ကုမ္ပဏီ First Myanmar Investment Co., Ltd. (FMI) အနေဖြင့် ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်သည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခဲ့သည့် ၁၇ နှစ်တာသက်တမ်းအတွင်း အကြီးမားဆုံးအခက်အခဲများနှင့် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့်ကာလဖြစ်ကြောင်း ယင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးသိမ်းဝေက နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်အတွင်း FMI ကုမ္ပဏီသည် ဝင်ငွေစုစုပေါင်း ကျပ် ၁,၁၁၂ သန်း (ယခင်နှစ်က ကျပ် ၁,၀၇၇ သန်း) နှင့် အသားတင်အမြတ်ငွေ ကျပ် ၇၉၉ သန်း (ယခင်နှစ်က ကျပ် ၈၁၀ သန်း) ရရှိခဲ့သည့်အတွက် ယခင်နှစ်ဝင်ငွေ စုစုပေါင်းထက် ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး အသားတင်အမြတ်ငွေ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဝင်ငွေကို အဓိကအားဖြင့် မော်တော်ယာဉ်လုပ်ငန်းကဏ္ဍနှင့် အိမ်ရာရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့မှရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

ကုမ္ပဏီအနေဖြင့် ၁၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ထားသော အသင့်သုံးကွန်ကရစ်များထုတ်လုပ်ပေးလျက်ရှိသည့် Chinthe Concrete Co., Ltd. နှင့် မြန်မာဆင်တံဆိပ် ဘိလပ်မြေများကို ထုတ်လုပ်လျက်ရှိသည့် Mandalay Cement Industries Co., Ltd. တို့၏ ပိုင်ဆိုင်မှုတို့ကိုဝင်ငွေရရှိမှုနည်းပါးခြင်းနှင့် စက်ရုံနေရာ ရွှေ့ပြောင်းတည်ဆောက်ရခြင်းတို့ကြောင့် ဆက်လက်ရင်းနှီးမြှုပ်နှံရန် မသင့်လျော်တော့သဖြင့် ပြန်လည်ရောင်းချခဲ့ကြောင်း၊ ထို့အတူ ကုမ္ပဏီက ၅ ရာခိုင်နှုန်းထည့်ဝင်ရင်းနှီးမြှုပ်နှံပိုင်ဆိုင်ထားပြီး Suzuki အမှတ်တံဆိပ် R+ နှင့် R- မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်လျက်ရှိသော Myanmar Suzuki Motor Co., Ltd. သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ဆက်လက်ထုတ်လုပ်ခွင့်၊ လိုင်စင်သက်တမ်းတိုးခွင့်မရရှိတော့သဖြင့် ကုမ္ပဏီ၏ပိုင်ဆိုင်မှုကို ဂျပန်နိုင်ငံ Suzuki Motor Corporation သို့ ဝယ်ရင်းနှုန်းထားအတိုင်း ပြန်လည်ရောင်းချခဲ့ကြောင်း၊ သို့သော် FMI ကုမ္ပဏီသည် Suzuki ထုတ် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းဆိုင်ကယ်ထုတ်လုပ်မှုများကို တိုးချဲ့ရန်အတွက် FMI ကုမ္ပဏီက ၅၀ ရာခိုင်နှုန်းထည့်ဝင်ရင်းနှီးမြှုပ်နှံထားသော Yoma Yarzar Manufacturing Co., Ltd. ၏ အစုရှယ်ယာ ၄၀ ရာခိုင်နှုန်းကို ထပ်မံဝယ်ယူရင်းနှီးမြှုပ်နှံခဲ့ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။



First Myanmar Investment Co., Ltd. (FMI) ကို ၁၉၈၂ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၊ မော်တော်

www.foreverspace.com.mm

ပညာဉ်လုပ်ငန်းကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကုန်ထုတ်ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ ဟူသော လုပ်ငန်းကဏ္ဍခြောက်မျိုးတို့တွင် ကုမ္ပဏီလုပ်ငန်းခွဲ ၁၅ ခုကို ဆက်လက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ လက်ရှိ အစုရှယ်ယာအရေအတွက် စုစုပေါင်း ၁၀,၀၀၀ ကျော် ထည့်ဝင်ရင်းနှီးမြှုပ်နှံထားပြီး ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံလည်ပတ်မှုပမာဏ စုစုပေါင်းမှာ ကျပ် ၁၆,၈၀၀ သန်းကျော်ရှိကြောင်း ကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

# မုန်တိုင်းသင့်ဒေသ ကလေးသူငယ်များ ကျန်းမာရေးစီမံချက် Save The Children တိုးချဲ့ဆောင်ရွက်

**ရန်ကုန် ၊ နိုဝင်ဘာ ၂၈**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသော မုန်တိုင်းသင့်ဒေသများတွင် Save The Children အဖွဲ့အစည်းက ၂၀၀၉ ခုနှစ်အတွင်း ကလေးသူငယ်များ ကျန်းမာရေးစီမံချက်ကို ဩဂုတ်လမှ စတင်၍ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နမိုးနီးယားရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသည် ငါးနှစ်အောက်ကလေးငယ်များကို အသက်အန္တရာယ်ဖြစ်စေနိုင်သောကြောင့် အဆိုပါရောဂါများဖြစ်ပွားလျှင် ကုသမှုအမြန်ဆုံးခံယူနိုင်ရန်အတွက် ယင်း ကလေးသူငယ်များ ကျန်းမာရေးစီမံချက်ကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငါးနှစ်အောက်ကလေးသူငယ်များ ဖျားနာခြင်းနှင့် မွေးကင်းစကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ခြင်းအစီအစဉ် (Child Survival Program) ကို နာဂစ်မုန်တိုင်းမတိုက်မီ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဒေသများတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ ရန်ကုန်မြို့တွင်းရှိ မြို့နယ်အချို့နှင့် မုန်တိုင်းဒဏ်ခံရသော ဧရာဝတီတိုင်းအတွင်း ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုတွင် အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ရေနှင့်အစားအစာများကို ပြုလုပ်စားသောက်နည်းများ သင်ကြားပေးခြင်း၊ ကလေးသူငယ်များ ဖျားနာလျှင် စိုးရိမ်ဖွယ်လက္ခဏာများတွေ့ရှိလာပါက ကျေးရွာလူထုကို သတင်းအချက်အလက် ဖြန့်ဝေခြင်းများပြုလုပ်ပေးကြောင်း မုန်တိုင်းဒဏ်ခံ ကွမ်းခြံကုန်းမြို့နယ်ဒေသခံတစ်ဦးက ရှင်းလင်းပြောကြားသည်။

"ကျေးရွာက ဒေသခံတွေကိုပဲ Save The Children ကဖွင့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းတွေတက်ခိုင်းပြီး ဒီစီမံချက်မှာ ပါဝင်ခိုင်းတာတွေလည်း ရှိတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါကလေးသူငယ်များ ကျန်းမာရေးစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း Save The Children မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm

# ဒူဘိုင်းတွင် အရောင်းဝန်ထမ်းလုပ်ကိုင်မည်ဆိုပါက ဒီအာဟမ် ၃၀၀၀ ကျော်ရမှ သွားသင့်ဟုဆို

**ရန်ကုန် ၊ နိုဝင်ဘာ ၁၉**

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံ ဒူဘိုင်းမြို့တွင် အရောင်းဝန်ထမ်းအဖြစ် သွားရောက်အလုပ်လုပ်မည်ဆိုပါက ဒီအာဟမ် ၃၀၀၀ ကျော် လစာအဖြစ်ရရှိမည်ဆိုမှသာ သွားရောက်လုပ်ကိုင်သင့်ကြောင်း ရန်ကုန်မြို့ရှိ ဟိုတယ်လုပ်ငန်းဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် နိုင်ငံခြားအလုပ်အကိုင်အေဂျင်စီတစ်ခုဖြစ်သော AKP မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ပြောကြားချက်အရ သိရသည်။

အရောင်းဝန်ထမ်းများအနေဖြင့် နေထိုင်စရာနှင့် အစားအသောက်အတွက် မိမိအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ရခြင်းကြောင့်ဖြစ်ပြီး Shopping Mall နှင့် Super Market အများစုမှာ အရောင်းဝန်ထမ်း၏အင်္ဂလိပ်စာကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းပေါ်မူတည်၍ ဒီအာဟမ် ၂၅၀၀ မှ ၃၀၀၀ ကျော်အတွင်း လစာပေးလေ့ရှိကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။



ဒူဘိုင်း၏ ရုံးသုံးဘာသာစကားမှာ အာရေဗျဘာသာစကားဖြစ်သော်လည်း အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုတတ်ပါက ပိုမိုအရေးပါသောကြောင့် လစာကောင်းမွန်စွာရရှိရန်အတွက် အင်္ဂလိပ်စာကို အထူးပြင်ဆင်သွားရန်လိုအပ်ကြောင်းနှင့် နေ့စဉ်သုံးဝေါဟာရအနည်းငယ်မျှပြောတတ်ရုံဖြင့် အဆင်ပြေမည်မဟုတ်ကြောင်း Dubai Mall တွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသော မြန်မာလူငယ်တစ်ဦးက ဆိုသည်။

**အေးကျော့နိုင်**

# ဂျပန်ပို့ နှမ်းတွင် အသည်းကင်ဆာဖြစ်စေသောမှိုတွေ့၍ သတိပြုရန်ညွှန်ကြား

**ရန်ကုန်၊ နိုဝင်ဘာ ၅**

ကျန်းမာရေးဆိုင်ရာစံနှုန်းမြင့်မားသော ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ တင်ပို့သော နှမ်းတွင် အသည်းကင်ဆာကိုဖြစ်စေတတ်သော အဆိပ်မျိုးဖြစ်သည့် Aflatoxin ကို တွေ့ရှိခဲ့သဖြင့် နှမ်းပါသည့်ပစ္စည်းများနှင့်ပတ်သက်၍ အထက်ပါအဆိပ်မျိုး ပါဝင်ခြင်းမရှိစေရန် အမိန့်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက ပြောကြားသည်။

ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် နိုဝင်ဘာလ ၂ ရက်နေ့က ကျင်းပသော သတ္တမအကြိမ်မြောက် မြန်မာ–ဂျပန်ကုန်သည်ကြီးများအသင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မတီနှစ်ပတ်လည်အစည်းအဝေးတွင် အထက်ပါအတိုင်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ အစားအစာနှင့်ပတ်သက်သည့် ဥပဒေ [Article 26 (3)] အရ ယင်းကိစ္စမျိုးထပ်မံဖြစ်ပွားခြင်းမရှိစေရေး စောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန Department of Food Safety Pharmaceutical and Food Safety Beauru က တိုကျိုမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် မေတ္တာရပ်ခံထားကြောင်း ဗိုလ်မှူးချုပ်အောင်ထွန်းက ဆိုသည်။

“အစိုတက်မကုန်လို့ ဒီလိုမျိုးဖြစ်ရတာပါ။ သူက အသည်းကင်ဆာကို ဖြစ်စေ

www.foreverspace.com.mm



တော်ပါတယ်” ဟု ပိုင်အိုးနီးယား ရိတ်သိမ်းချိန်လွန်နည်းပညာအဖွဲ့မှ ရိတ်သိမ်းချိန်လွန်ပညာရှင်တစ်ဦးက ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် နိုင်ငံအတွင်းမှ စိုက်ပျိုးထုတ်လုပ်သူများ၊ တောင်သူများကို စိုက်ပျိုးသည့်ဒေသများအထိ သွားရောက်ပညာပေးခြင်း၊ သိုလှောင်မှုစနစ်တကျရှိစေရေးနှင့် သိုလှောင်ရုံများ မြှင့်တင်ပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဗိုလ်မှူးချုပ်အောင်ထွန်းက အထက်ပါအစည်းအဝေးတွင် ပြောကြားသည်။

“ဂျပန်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံက လယ်ယာထွက်ကုန်ပစ္စည်းတွေမှာ မှိုအဆိပ်နဲ့ ဓာတုဓာတ်ကြွင်းတွေ ပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်နိုင်ဖို့ နည်းစနစ်တွေ၊ ဓာတ်ခွဲခန်းတွေ၊ စက်ကိရိယာတွေ ဖြည့်ဆည်းထောက်ပံ့ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောဆိုသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အဓိကပို့ကုန်များမှာ နှမ်း၊ ငါး၊ ပုစွန်၊ အဝတ်အထည်၊ ထောပတ်ပဲ၊ မတ်ပဲနှင့် ပဲအမျိုးမျိုးတို့ဖြစ်ပြီး သွင်းကုန်ပစ္စည်းများမှာ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဆက်သွယ်ရေးတပ်ဆင်ပစ္စည်းများ၊ စက်နှင့် အပိုပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ သံနှင့် သံမဏိပစ္စည်းများဖြစ်သည်။

၂၀၀၈–၂၀၀၉ နှစ်တွင် မြန်မာနှင့် ဂျပန် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၃၄ သန်းခန့်ရှိသည်။

Powerful Press

# ငှက်များနှင့်ပတ်သက်၍ အယူမသီးသင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၃**



မြန်မာလူမျိုးများအနေဖြင့် ငှက်များနှင့်ပတ်သက်၍ အယူသီးမည့်အစား ငှက်များ၏ အမူအကျင့်များကို လေ့လာပြီး အသုံးချသင့်ကြောင့် မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားသည်။

ငှက်အပါအဝင် တိရစ္ဆာန်များသည် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်သိနိုင်သည့် ဗီဇစိတ်ရှိကြောင်း၊ ချင်းပြည်နယ်ရှိ အအေးပိုင်းငှက်တစ်မျိုး၏ အော်သံကြားလျှင် ဒေသခံများက ရာသီဥတုဆိုးဝါးလာသည်ဟု ယုံကြည်လက်ခံထားကြကြောင်း၊ အမှန်တကယ်တွင် ငှက်အော်၍ ရာသီဥတုဆိုးဝါးခြင်းမဟုတ်ဘဲ ရာသီဥတုဆိုးရွားလာ၍သာ ငှက်အော်ခြင်းဖြစ်၍ ယင်းငှက်အော်သံကြားလျှင် နှင်းများထူထပ်စွာကျဆင်းလာမည့် အရေးအတွက် ကြိုတင်စီမံမှုများ ပြုလုပ်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံတွင် ငှက်တစ်မျိုးချင်းအပေါ် အယူသီးမှုသည် ဒေသတစ်ခုနှင့် တစ်ခုမတူကြောင်း၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ဇီးကွက်အုပ်စုဝင် လင်ကောင်ပိုးငှက်အော်သံကြားလျှင် လူသေသည်ဟုယူဆကြပြီး ပုပ္ပားဒေသတွင်မူ တစ်တီတူးငှက်၏အော်သံကိုသာ နိမိတ်မကောင်းဟု ယူဆကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ပင်လယ်ပြင်တွင် စင်ရော်ငှက်တစ်မျိုးရှိကြောင်း၊ ယင်းငှက် စက်လှေတွင် လာနားပါက မုန်တိုင်းတိုက်လေ့ရှိသည်ဟု ယူဆကြပြီး အမှန်စင်စစ် ယင်းစင်ရော်သည် မုန်တိုင်းခေါ်လာခြင်းမဟုတ်ဘဲ မုန်တိုင်းတိုက်ခါနီး၍ နားခိုရာရှာဖွေခြင်းသာဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ် ထင်းပုံဆိပ်မှ ဆလင်ကြီးတစ်ဦးက ပြောကြားသည်။

ဆူညံစွာအိပ်တန်းတတ်လေ့ရှိသည့် ဆက်ရက်နှင့် ကျီးကန်းများ၏အသံများကို နာဂစ်မုန်တိုင်းမတိုက်မီ သုံးလေးရက်ခန့်က မကြားရဘဲ နာဂစ်မုန်တိုင်းတိုက်ပြီးမှသာ အဆိုပါဆူညံသံများကို ပြန်လည်ကြားရကြောင်း မော်လမြိုင်ကျွန်းမြို့တွင်နေထိုင်သူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ငှက်မျိုးစိတ် ၁၁၀၀ ခန့် နေထိုင်ကျက်စားကြပြီး ခြောက်မျိုးခန့်မှာ ဌာနေရင်းငှက်များ ဖြစ်ကြသည်။

■

www.foreverspace.com.mm

# ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၁၃၀၀ FPJVC လေးနှစ်စီမံချက်ချ စိုက်ပျိုးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁ ရက်**



သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (FPJVC) သည် ပုဂ္ဂလိကစီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၃၀၀ ကို ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းတွင် လေးနှစ် စီမံချက်ချ ဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အဆိုပါဖက်စပ်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးဝင်းထွန်းက ပြောကြားသည်။

ယင်းသို့ စီမံချက်ချဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးမြင့်တက်လာသည့် ပြည်သူလူထု၏ သစ်လိုအပ်ချက်ဖြည့်ဆည်းပေးရေးနှင့် သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း FPJVC ထံမှ သိရသည်။

စီမံချက်အရ ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်တွင် ဧက ၃၀၀ ကို ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ် ၁၀၁ ၌ စိုက်ပျိုးရန်လျာထားသော ကျွန်းစိုက်ခင်းဧက ၁၃၀၀ ၏ ပထမစီမံချက်အဖြစ် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်–မန္တလေး ကွန်ကရစ်အမြန်လမ်းမကြီး မိုင်တိုင် (၈၄/၇) နှင့် အနောက်ဘက်လမ်းမကြီးဘေးမြေနေရာ ၁ ဒသမ ၂၇ ဧကတွင် အခြေပြုစခန်းချကာ ပျိုးဥယျာဉ်တွင် ပျိုးအိတ်ဖြင့် ပျိုးထောင်ပြီး တောင်ယာစနစ်ဖြင့် စတင်ဆောင်ရွက်လျက်ရှိရာ ပျိုးပင် ၁၅၀,၀၂၇ ပင် ရရှိစိုက်ပျိုးထားပြီးဖြစ်ကြောင်း FPJVC ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

# နေပြည်တော် ပျဉ်းမနားမြို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ ကွန်ကရစ်ပစ္စည်းမျိုးစုံသုံးစွဲမှုနှင့် ထုတ်လုပ်မှုဈေးကွက်တည်ငြိမ်ဟုဆို

**နေပြည်တော်ပျဉ်းမနား၊ ဒီဇင်ဘာ ၉**

ယခု နေပြည်တော် ပျဉ်းမနားမြို့ရှိ ဆောက်လုပ်ရေးသုံးကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူများသည် နေပြည်တော်မြို့ပြ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်များတွင် ကွန်ကရစ်ဘလောက်တုံး၊ ကွန်ကရစ်ရေတွင်းခွေ၊ ကျောက်ခွေ၊ ကွန်ကရစ်ကျင်တွယ်ခုံ၊ ကွန်ကရစ်ပွတ်လုံး၊ ကွန်ကရစ်ပိုက်လုံး၊ လမ်းခင်းကွန်ကရစ်တုံး စသည့် ကွန်ကရစ်ပစ္စည်းဒီဇိုင်းပုံစံမျိုးစုံ အရောင်းဈေးကွက်မှာအေးစက်နေကြောင်း နေပြည်တော်ပျဉ်းမနားမြို့မှ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် အဆိုပါ ကွန်ကရစ်လုပ်ငန်းမှာ နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများ စတင်စဉ် ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇ ခုနှစ်များက ကွန်ကရစ်ပစ္စည်း ဒီဇိုင်းပုံစံမျိုးစုံထုတ်လုပ်မှုနှင့် ရောင်းအားအလွန်ကောင်းမွန်ခဲ့ပြီး ယခု ၂၀၀၉ ခုနှစ်တွင် ဈေးကွက်တည်ငြိမ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခင်ကနေပြည်တော် ပျဉ်းမနားမြို့တွင်အဆိုပါ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးတည်းသာရှိခဲ့ပြီး ယခုကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးခန့် တိုးပွားလာကြောင်း ၎င်းက ဆိုသည်။ နေပြည်တော်

www.foreverspace.com.mm



နှင့် နေပြည်တော်ပျဉ်းမနားမြို့တွင် ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူများပြားလာရာ အချို့မှာ အခြေချ၍ လုပ်ကိုင်ကြသလို အချို့မှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် ဈေးကွက်ဖြစ်ထွန်းရာ နေရာအလိုက် ရွှေ့ပြောင်းလုပ်ကိုင်ကြကြောင်း၊ ၂၀၀၉ ခုနှစ်အတွင်း ကွန်ကရစ်လုပ်ငန်းဈေးကွက်အနေနှင့် ရွှေ့ပြောင်းလုပ်ငန်း လုပ်ကိုင်သူများသည် လုပ်ငန်းနေရာပိုင်း အတည်တကျမရှိသည့်အတွက် မြေနေရာငှားရမ်းခနှင့် လုပ်ငန်းကုန်ကျစရိတ် တွက်ခြေမကိုက်၍ လုပ်ငန်းရပ်နားသူများရှိနေကြပြီး ဒေသခံမြေနေရာပိုင်ရှင်ရှိသူများမှာ နေရာငှားရမ်းခစရိတ်မရှိခြင်းနှင့် လုပ်ငန်းအပ်နှံမှုပုံမှန်ရှိနေ၍ လုပ်ငန်းဈေးကွက် တည်မြဲနေကြောင်း နေပြည်တော် ပျဉ်းမနားမြို့ ကွန်ကရစ်လုပ်ငန်းဈေးကွက်မှ စုံစမ်းသိရှိရသည်။



ယခုအခါ နေပြည်တော် ပျဉ်းမနားမြို့ ကွန်ကရစ်လုပ်ငန်း၏ အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဘိလပ်မြေတစ်အိတ် ၆၀၀၀ ကျပ်၊ ကျောက်မှုန့် (ပျဉ်းမနား၊ ကျောက်ခွဲစက်ကျောက်မှုန့်) တစ်ကျင်း ၁၂,၀၀၀ ကျပ် ၊ အချောကိုင် ကျောက်မှုန့် တစ်အိတ် ၁၈၀၀ ကျပ်၊ သဲတစ်ကျင်း (မြို့တွင်းအရောက်ဈေး) ကားတစ်စီး ၁၁,၀၀၀ ကျပ်၊ ၁၂,၀၀၀ ကျပ်၊ မတ်ကျောက် တစ်ကျင်း ၁၂,၀၀၀ ကျပ် အသီးသီးရှိနေကြောင်း စုံစမ်းသိရှိရသည်။

**မင်းသုနိုင်**

# နေပြည်တော် တယ်လီဖုန်းသုံးစွဲမှုနှင့် အရောင်းဆိုင်များတိုးပွား

**နေပြည်တော် ပျဉ်းမနား၊ နိုဝင်ဘာ ၁၈**

နေပြည်တော် ပျဉ်းမနားမြို့တွင် အုပ်ချုပ်ရေးမြို့တော်ဖြစ်တည်လာမှုနှင့် စီးပွားရေးလုပ်ငန်းများ ဈေးကွက်ဖွံ့ဖြိုးလာမှုတို့ကြောင့် ယခုအခါ 450 MHz CDMA၊ CDMA မိုဘိုင်းလ်ဖုန်းများနှင့် အော်တိုကြိုးဖုန်းများ သုံးစွဲမှုများပြားလာပြီး Mobile Phone အရောင်းပြခန်းနှင့် ဖုန်းပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သည့်ဆိုင်များ များပြားလာကြောင်း နေပြည်တော် ပျဉ်းမနားမြို့မှ မိုဘိုင်းလ်ဖုန်းအမျိုးမျိုး ရောင်းဝယ်ရေးနှင့် ဖုန်းပြုပြင်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယခုနေပြည်တော် ပျဉ်းမနားမြို့ရှိ မိုဘိုင်းလ်ဖုန်းအမျိုးမျိုးရောင်းဝယ်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများလုပ်ကိုင်သည့် ဆိုင်များသည် ဖုန်း Software ထည့်ပေးခြင်း၊ မိုဘိုင်းလ်ဖုန်းထဲဝင်လာသည့် ဗိုင်းရပ်စ်သတ်ပေးခြင်း၊ ထိခိုက်ပျက်စီးမှုများကို ပြုပြင်ပေးခြင်း၊ ဖုန်းတွင်ရှိသင့်ရှိထိုက်သည့် မှတ်ဉာဏ်စွမ်းရည်ပြည့်၊ မပြည့်၊ ရှိ၊ မရှိ စမ်းသပ်ပေးခြင်း၊ ဖုန်းနှင့်ပတ်သက်သည့် Handset ပစ္စည်းများ ရောင်းဝယ်ခြင်းနှင့် ဈေးနှုန်းမှန်၊ ပစ္စည်းမှန်၊ တံဆိပ်မှန် (Brand) အဖြစ် အာမခံရောင်းချခြင်းများ



ကိုပါ ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မိုဘိုင်းလ်ဖုန်းဈေးကွက်အတွင်းမှ သိရှိရသည်။

ယခင်နေပြည်တော် ပျဉ်းမနားမြို့တွင် အော်တိုကြိုးဖုန်းသုံးစွဲမှုသာရှိခဲ့ပြီး ဖုန်း၊ ဖုန်းဆက်သွယ်ရေးကြိုးနှင့် Handset ပစ္စည်းများကို ဒေသခံမြို့၏ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၌သာ အရောင်းအဝယ်ဈေးကွက်ရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ယခုအခါ နေပြည်တော်ခရိုင်၌ အော်တိုဖုန်း စုစုပေါင်း ၇၀၀၀ လိုင်းကျော်နှင့် CDMA ဖုန်းလိုင်း စုစုပေါင်း ၇၀၀ ကျော် ငှားရမ်းတပ်ဆင်အသုံးပြုလျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။

**မင်းသုနိုင်**

www.foreverspace.com.mm

# ၂၀၀၉ ခုနှစ် မှတ်တိုင်များ
# နိုင်ငံရေး၊ စီးပွားရေး

**အယ်ဒီတာအဖွဲ့**







## ဧည့်သည်တော်များ၏ခရီးစဉ်များ

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်သို့ရောက်ရှိခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ Mr. Gambari အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် တာဝန်ယူပြီးနောက်ပိုင်း ခြောက်ကြိမ်လာရောက်ခဲ့ပြီးဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီအမ်ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီမာတီ ဆယ်မာအန်ဆာရီတို့ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဖေဖော်ဝါရီလ ၅ ရက် မွန်းလွဲပိုင်းက နေပြည်တော်သို့ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်

www.foreverspace.com.mm



သွင်းသူ Mr. Thomas Ojea Quintana နှင့်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၄ရက်နေ့ညပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ယခုခရီးစဉ် မှာ ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ပထမအကြိမ်ခရီးစဉ်မှာ ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်းက ဖြစ်သည်။ လက်ရှိတာဝန်ကို ဂျနီဗာအခြေစိုက် ကုလသမဂ္ဂလူ့အခွင့်ရေးကောင်စီက ၂၀၀၈ ခုနှစ် မေလတွင် စတင်ခန့်အပ်ခဲ့သည်။

ထိုင်းနိုင်ငံထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၁၈ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မတ်လ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး မတ်လ ၂၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Kasit Piromya ခေါင်းဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၂၃ ရက်နေ့တွင်မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်မတ်လ ၁၇ ရက်နေ့ တွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး မတ်လ၂၀ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသည်။

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာစတီဖင်ဘလိတ်သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် မတ်လ ၂၄ရက်နေ့တွင် နေပြည်တော်၌**



တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်
General Chen Bingde



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့်ဒေါ်အောင်ဆန်းစုကြည် တို့ တွေ့ဆုံစဉ်

**မြန်မာ–အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း မတ်လ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၂၅ ရက်နေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

မြန်မာ–ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန်အတွက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somichai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဧပြီလ ၂၄ ရက်နေ့တွင် နေပြည်တော်သို့ရောက်ရှိခဲ့သည်။ နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာကို ဧပြီလ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)သမ္မတ၏ အထူးကိုယ်စားလှယ် လွှတ်တော်အမတ် H.E.Mr. Huh Tae-Yeol နှင့် H.E.Mr.Cho Hae-Jin တို့ဦးဆောင်သောအဖွဲ့ မေလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား) ကာယပညာ နှင့် အားကစားဦးဆောင်ကော်မရှင်ဥက္ကဋ္ဌ H.E. Mr. Pak Hak Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ

www.foreverspace.com.mm

မေလ ၁၂ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး Mr. Mounkeo ORABOUN နှင့် ဇနီး Mrs. Vilayvieng PHIMASONE တို့ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ မေလ ၁၂ ရက်နေ့ကရောက်ရှိခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေး



ထိုင်းနိုင်ငံထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda

ကိုယ်စားလှယ်အဖွဲ့ မေလ ၁၃ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး မေလ ၁၇ ရက်နေ့ တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Dipu Moni ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မေလ ၁၅ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Paithoon Kaeothong ခေါင်းဆောင်သည့် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၈ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

**စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး H.E. Mr. Goh Chok Tong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေး ခရီးလည်ပတ်ရန်အတွက် ဇွန်လ ၈ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း စင်ကာပူအစိုးရက ကန်ဒေါ်လာ ၅ သိန်းကျော်မတည်ခဲ့သည့် တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာရှိ ၁၆ ခုတင်ဆံ့ဆေးရုံသစ်ဖွင့်လှစ်ပွဲသို့ တက်ရောက်ခဲ့ပြီး နာဂစ်မုန်တိုင်းဒဏ်ခံဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အကူအညီများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမဟင်ဒါ ရာဂျာပက်ခ်စာနှင့် ဇနီးမဒမ်ရှီရန်သီရာဂျာပက်ခ်စာတို့သည် ဇွန်လ ၁၄ ရက်နေ့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဘာရာဟင် အေ၊ ဂမ်ဘာရီသည် ဇွန်လ ၂၆ ရက်နေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ဇွန်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့တို့တွင် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်တွေ့ဆုံကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်မည့်ခရီးစဉ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ဇွန်လ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားချက်များအရသိရသည်။ မစ္စတာ ဂမ်ဘာရီသည် ဇွန်လ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဝန်ထမ်းများနှင့်လည်းတွေ့ဆုံခဲ့သည်။

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် မြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာလာရောက်ခဲ့သည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ နှင့် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr. Guo Shengkum ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဇူလိုင်လ ၈ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အလုပ်အမှုဆောင်ကော်မတီဝင် တိုင်းရင်းသားလူမျိုးစုရေးရာကောင်စီဥက္ကဋ္ဌ မစ္စတာ ကယ်ဆော်ဖော့ခ် (Mr. K' Sor Phuco) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ

www.foreverspace.com.mm

ဇူလိုင်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၂၇ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလီအာမက်ကာတီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၈ ရက်မှ ၁၁ ရက်အထိ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့သည်။**

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ရုံး နိုင်ငံခြားရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် Vietman-ASEAN congressperson group ၏ ဥက္ကဋ္ဌ Mr. Ngo Duc Manh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၇ ရက်နေ့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ကြည်းတပ်ဦးစီးချုပ် General Deepak Kapoor, PVSM, AVSM, SM, VSM, ADC နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၁၁ ရက်နေ့က ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Army Higher Command Course မှ Brig.GV Stayanarayan VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး ၂၄ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။



**မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင် သွင်းသူ Mr. Thomas Ojea Quintana နှင့်အဖွဲ့**

**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်တွင် နှစ်ရက်ကြာခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။**

ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် မလေးရှားကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi နှင့် ဇနီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၅ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် မလေးရှားကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi နှင့် ဇနီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၅ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

နဝမအကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးတက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၁၇ ရက်နေ့က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

## ပြည်ပသို့သွားရောက်သော အလုပ်သဘောခရီးစဉ်နှင့် ချစ်ကြည်ရေးခရီးစဉ်များ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းတွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိကျင်းပခဲ့သည့် ဘာလီဒီမိုကရေစီဖိုရမ်သို့တက်ရောက်ခဲ့ပြီး ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၃ ရက်နေ့များတွင် ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်အစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇန်နဝါရီလ ၇ ရက်မှ ၁၀ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဇန်နဝါရီလ ၁၂ ရက်နေ့တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့သည်။

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် နိုင်ငံများသို့သွားရောက်လေ့လာ အတွေ့အကြုံဖလှယ်မှုအစီအစဉ်အရ သုံးပွင့်ဆိုင်

www.foreverspace.com.mm

ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံသို့သွားရောက်လေ့လာခဲ့ပြီး ဇန်နဝါရီလ ၁၂ ရက်နေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ဇန်နဝါရီလ ၂၂ ရက်မှ ၂၈ ရက်အထိ အလုပ်သဘောခရီးသွားရောက်ခဲ့ပြီး ဇန်နဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ ဖိတ်ကြားချက်အရ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွှေ့ချယ်လှေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်နှစ်ဦးတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်ရုံးချုပ်တွင် ဖေဖော်ဝါရီလ ၈ ရက် နှင့် ၉ ရက်နေ့တို့တွင်ကျင်းပခဲ့သည့် အကြိုညှိနှိုင်းအစည်းအဝေးနှင့် နာဂစ်မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးစီမံချက်စာအုပ်ထုတ်ဝေရေးအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဖူးခက်ကျွန်းတွင် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကကျင်းပသော အာဆီယံ +၃ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို တက်ရောက် ခဲ့ပြီး ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘမ်းယူဒိုယိုနိုနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မတ်လ ၁၅ ရက်နေ့က နေပြည်တော်မှထွက်ခွာသွားပြီး မတ်လ ၁၈ ရက်နေ့တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ တောင်ကိုရီးယားနိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီယုံဂျွန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံဝန်ကြီး ဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် ပထမအကြိမ် နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှု များပြုလုပ်ရန် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဧပြီလ ၂ ရက်နေ့ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ပတ္တရားမြို့တွင်ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ–ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ–ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံ–အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ–ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဧပြီလ ၁၀ ရက်နေ့တွင် နေပြည်တော်မှထွက်ခွာသွားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့တက်ရောက်ရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဧပြီလ ၁၆ ရက်နေ့က နေပြည်တော်မှ ထွက်ခွာသွားကြောင်း ဧပြီလ ၂၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧပြီလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဧပြီလ ၈ ရက်နေ့တွင် ကျင်းပမည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲ (Retreat) နှင့် ဧပြီလ ၉ ရက်တွင်ကျင်းပမည့် ၁၃ ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (13th ASEAN Finance Minister's Meeting) များသို့ တက်ရောက်ရန် ထွက်ခွာသွားသော ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၁၁ ရက်နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီးလ်၏ ဖိတ်ကြားချက်အရ မေလ ၁၀ ရက်မှ ၁၅ ရက်နေ့အထိ ကိုရီးယားနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မေလ ၁၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ မေလ ၁၈ ရက်နေ့တွင်ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၆၂ ကြိမ်မြောက် ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာ ကျော်မြင့်ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

www.foreverspace.com.mm



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေလ ၂၅ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် မေလ ၂၅ ရက်မှ ၂၆ ရက်အထိကျင်းပခဲ့သည့် အာရှ–ဥရောပ ဆွေးနွေးပွဲ (အေဆမ်) (၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မေလ ၂၇ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ဇူလိုင်လ ၁၉ ရက်မှ ၂၃ ရက်နေ့အထိကျင်းပခဲ့သည့် ၄၂ ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဩဂုတ်လ၁၃ရက်မှ ၁၆ရက်အထိကျင်းပခဲ့သည့် ၄၁ ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၁၈ ရက်နေ့တွင်ပြန်လည် ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဩဂုတ်လ ၁၈ ရက်မှ ၂၃ ရက်အထိ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးသွားရောက်ခဲ့သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၁၉ ရက်မှ ၂၆ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်၍ ဂျပန်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားသမ္မတနိုင်ငံ ဟာဗားနားမြို့တွင် ဧပြီလ ၂၇ ရက်မှ ၃၀ ရက်အထိကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံအခြေစိုက် နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာနကကြီးမှူး၍ မေလ ၂၉ ရက်မှ ၃၁ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၈) ကြိမ်မြောက် The Shangri-La Dialogue အစည်းအဝေးကို နိုင်ငံတကာမှကာကွယ်ရေးနှင့် ပတ်သက်သည့် တာဝန်ရှိသူများတက်ရောက်ခဲ့ရာ မြန်မာနိုင်ငံမှလည်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ(တောင်ကိုရီးယား) သမ္မတ မစ္စတာလီမြောင်ဘတ်၏ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်းတွင်ကျင်းပမည့် အာဆီယံ–ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေး နှစ် ၂၀ ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ်ကျင်းပမည့် နှစ်နိုင်ငံချင်းထိပ်သီးအစည်းအဝေးနှင့် အာဆီယံ–ကိုရီးယား အမှုဆောင်အရာရှိချုပ်အစည်းအဝေးများသို့တက်ရောက်ရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တောင်ကိုရီးယားနိုင်ငံသို့မေလ ၃၀ ရက်နေ့ကထွက်ခွာသွားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇွန်လ ၁၅ ရက်နေ့က မြန်မာနိုင်ငံမှထွက်ခွာသွားသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး သည် ဇွန်လ ၂၀ ရက်နေ့တွင်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ၌ ဇွန်လ ၁၇ ရက်နှင့် ၁၆ ရက်နေ့များတွင် ကျင်းပခဲ့သည့် ၅ ကြိမ်မြောက် သတင်း၊ အချက်အလက်ဆိုင်ရာ ဝန်ကြီးအဆင့်ဆွေးနွေးပွဲနှင့် Communic Asia 2009 ပြပွဲသို့ တက်ရောက်ခဲ့သည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ကျင်းပသည့် အာရှ–ဥရောပဘဏ္ဍာရေး ဒုတိယအကြီးအကဲများ၏ အစည်းအဝေးသို့တက်ရောက်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းတို့ ဇွန်လ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဇွန်လ ၃ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် ၉၈ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ခဲ့သော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဇွန်လ ၂၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပဆက်ဆံရေးဆိုင်ရာ အီးယူကော်မရှင်နာ မစ္စဘန်နီတာဖာရီရိုဝယ်လ်ဒနာနှင့် စွမ်းအင်ဆိုင်ရာ အီးယူကော်မရှင်နာ မစ္စတာအန်ဒရစ်စ်ပိုင်ဘယ်ဂ်စ်တို့၏ ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံးချုပ်တွင် ဇွန်လ ၁၇ ရက်နှင့်

www.foreverspace.com.mm

၁၈ ရက်တို့တွင်ကျင်းပခဲ့သည့် အာရှ–ဥရောပ (အေဆမ်)၏ စွမ်းအင်လုံခြုံရေးဆိုင်ရာ ဝန်ကြီးအဆင့် ကွန်ဖရင့်သို့တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဇွန်လ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ ကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆင့်မြင့်ဆွေးနွေးပွဲနှင့် ဒုတိယအကြိမ် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ကြီးကြပ်ရေးနှင့် မူဝါဒရေးရာဆပ်ကော်မတီအစည်းအဝေးသို့တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဆူဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ali Ahmed Kertil ၏ ဖိတ်ကြားချက်အရ ဆူဒန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၈ ရက်နေ့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး Mr. Phaitoon Kaeothong ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကော့သောင်းမြို့ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ အသုံးပြုရန်အတွက် ရုံးသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ ထပ်မံခေါ်ယူရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရန်အတွက် မြန်မာနိုင်ငံ ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းနှင့် ဖူးခက်မြို့များသို့ ဇူလိုင်လ ၁၀ ရက်မှ ၁၂ ရက်အထိသွားရောက်ခဲ့ကြောင်း ဇူလိုင်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့၌ ဇူလိုင်လ ၁၃ ရက်နေ့မှ ၁၆ ရက်အထိကျင်းပခဲ့သည့် ၁၅ ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးညီလာခံနှင့် ညီလာခံအကြိုပြင်ဆင်ရေး ဝန်ကြီးအဆင့်အစည်းအဝေးများသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့တွင် ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် မြန်မာ–သီရိလင်္ကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဩဂုတ်လ ၆ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ကျင်းပမည့် ၆၄ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာလ ၂၆ ရက်နေ့က မြန်မာနိုင်ငံမှ ထွက်ခွာသွားသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အောက်တိုဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ၆၄ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်အဖွဲ့ အောက်တိုဘာလ ၁၀ရက်နေ့က ပြန်လည်ရောက်ရှိခဲ့သည်။

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့တွင် အောက်တိုဘာလ ၁၄ ရက်မှ ၁၆ ရက်အထိကျင်းပသည့် (၈)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ) ဝန်ကြီးအဆင့်အစည်းအဝေးသို့တက် ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံ အားကစားပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ အောက်တိုဘာလ ၁၄ ရက်မှ ၁၇ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ဘူတန်ဘုရင့်နိုင်ငံအစိုးရကကြီးမှူး၍ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ ပံ့ပိုးမှုဖြင့် ဘူတန်နိုင်ငံ ပါရိုမြို့တွင် အောက်တိုဘာလ ၁၁ ရက်မှ ၁၄ ရက်အထိကျင်းပသည့် အာရှဒေသ၌ ဒီမိုကရေစီကျယ်ပြန့်ရှင်သန်တိုးတက်ရေးနိုင်ငံတကာညီလာခံသို့တက်ရောက်ခဲ့သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၁၇ ရက်နေ့တွင်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းတွင် အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်အထိကျင်းပသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရေဒီယိုနှင့် ရုပ်မြင်သံကြားဆိုင်ရာဝန်ကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ၊ တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး

www.foreverspace.com.mm

သီဟသူရတင်အောင်မြင့်ဦးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အောက်တိုဘာလ ၁၉ ရက်နေ့က နေပြည်တော်မှထွက်ခွာခဲ့ပြီး အောက်တိုဘာလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ဟွာဟင်းမြို့တွင်ကျင်းပမည့် ၁၅ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွာသွားသည်။ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်တိုဘာလ ၂၅ ရက်နေ့တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့သည်။

သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါရာဂျာ ပက်ခ်စာ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နေပြည်တော်မှထွက်ခွာသွားပြီး နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပမည့် ပထမအကြိမ် မဲခေါင်–ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၅ ရက်နေ့က နေပြည်တော်မှ ထွက်ခွာသွားသည်။

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်မြို့ Empire ဟိုတယ်တွင်ကျင်းပမည့် ၃၁ ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေး တက်ရောက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ထွေးဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၁၀ ရက်နေ့က မြန်မာနိုင်ငံမှထွက်ခွာသွားသည်။

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် ပထမအကြိမ် အာဆီယံ–အမေရိကန် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ နိုဝင်ဘာလ ၁၄ ရက်နေ့က မြန်မာနိုင်ငံမှထွက်ခွာသွားသည်။

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်မြို့ Empire ဟိုတယ်တွင်ကျင်းပမည့် ၃၁ ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေး တက်ရောက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ထွေးဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၁၀ ရက်နေ့က မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်။

စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့တွင် နိုဝင်ဘာလ ၁၁ ရက်မှ ၁၄ ရက်အထိကျင်းပခဲ့သည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာရှ–ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အမှုဆောင်အရာရှိကြီးများဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၁၆ ရက်တွင်နေပြည်တော်သို့ပြန်လည်ရောက်ရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပသည့် မြန်မာနိုင်ငံနာဂစ်မုန်တိုင်းလွန်ကာလ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

အီတလီသမ္မတနိုင်ငံ ရောမမြို့၌ နိုဝင်ဘာလ ၁၅ ရက်တွင် ကျင်းပခဲ့သည့် ဘက်မလိုက်နိုင်ငံအကြီးအကဲများ၏ဇနီးများ ဒုတိယအကြိမ်ထိပ်သီးအစည်းအဝေး၊ နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးနှင့် နိုဝင်ဘာလ ၁၉ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၆) ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံတို့သို့တက်ရောက်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့်အဖွဲ့ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ မြန်မာနိုင်ငံ ခရီးစဉ်

ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြားဆက်ဆံရေးတွင် ၂၀၀၉ ခုနှစ်အတွင်း မှတ်ကျောက်တင်ရမည့်ခရီးစဉ်အဖြစ် ကုလသမဂ္ဂ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း

www.foreverspace.com.mm

အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာလာရောက်ခဲ့သည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးပဋိညာဉ်စာတမ်းပါ အချက်များကို အကောင်အထည်ဖော်ရမည့်တာဝန်အရ လာရောက်ခြင်းဖြစ်သည့် ယခု ခရီးစဉ်အတွင်း မစ္စတာ ဘန်ကီမွန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇူလိုင်လ ၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီ မိနစ် ၅၀ အထိတစ်ကြိမ်နှင့် ဇူလိုင်လ ၄ ရက်နေ့ နံနက် ၉နာရီခွဲမှ ၁၀ နာရီအထိအထိတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တွေ့ဆုံခဲ့သည်။

မစ္စတာဘန်ကီမွန်းသည် ဇူလိုင်လ ၃ ရက်နေ့တွင်ပင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ ၁၀ ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မြို(ခမီ) အမျိုးသားညီညွတ်ရေးအဖွဲ့၊ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်တို့မှတာဝန်ရှိသူ စုစုပေါင်း ၂၃ ဦးတို့နှင့်လည်းကောင်း တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ကချင်အထူးဒေသ(၁) NDAK အဖွဲ့၊ ရှမ်း/မြောက် အထူးဒေသ (၅) KDA အဖွဲ့၊ ရှမ်း/တောင် အထူးဒေသ (၆) PNO အဖွဲ့၊ ကယားအထူးဒေသ (၂) ကတလတ အဖွဲ့၊ ဘုရားကုန်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့နှင့် ဒီကေဘီအေအဖွဲ့တို့မှ တာဝန်ရှိသူစုစုပေါင်း ၃၅ ဦးနှင့်လည်းကောင်းအသီးသီးတွေ့ဆုံခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ရန်ကုန်မြို့ ဟံသာဝတီအဝိုင်းအနီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ခန်းမတွင် သံတမန်များ၊ NGO နှင့် INGO များ၊ ကုလရုံးအဖွဲ့ အရာထမ်းများနှင့် ပြည်တွင်းပြည်ပမီဒီယာများကို ပြောကြားသွားခဲ့သည့် ခရီးစဉ် သုံးသပ်ချက်မိန့်ခွန်းတစ်ရပ်တွင် မြန်မာနိုင်ငံအစိုးရ၏ နာဂစ်သင့်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အသိအမှတ်ပြုကြောင်း ပြောဆိုသွားခဲ့သည်။

မစ္စတာဘန်ကီမွန်း၏ ယခုတစ်ကြိမ်ခရီးစဉ်မှာ ဒုတိယအကြိမ်မြောက်လာရောက်သည့်ခရီးစဉ်ဖြစ်ပြီး နာဂစ်မုန်တိုင်းအပြီး ၂၀၀၈ ခုနှစ် မေလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပထမဆုံး အကြိမ်လာရောက်ခဲ့သည်။

## အမေရိကန်ပြည်ထောင်စု လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်

၁၉၉၅ ခုနှစ်နောက်ပိုင်း ၁၄ နှစ်အတွင်း ပထမဆုံးလာရောက်သည့် အဆင့်အမြင့်ဆုံး အမေရိကန်အစိုးရအရာရှိ ခရီးစဉ်အဖြစ် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးမစ္စတာ



**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ကာ့တ်ကမ်းဘဲလ်**

ကာ့တ်ကမ်းဘဲလ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တွင် နှစ်ရက်ကြာခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

မစ္စတာ ကာ့တ်ကမ်းဘဲလ်သည် နိုဝင်ဘာလ ၃ရက်နေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နေပြည်တော်တွင်တွေ့ ဆုံခဲ့ပြီး နိုဝင်ဘာလ ၄ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်းလျားလိတ်ဟိုတယ်တွင် ၂နာရီကြာတွေ့ဆုံခဲ့သည်။ အလားတူ နိုဝင်ဘာလ ၃ ရက်နေ့တွင် ညနေ ၃ နာရီ ၃၅ မိနစ်မှ ၄ နာရီ ၃၅ မိနစ်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံခဲ့သည်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သောအဖွဲ့သည် နေပြည်တော်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၊ သုံးပွင့်ဆိုင်ဇဟိုအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသည့် ကချင်အထူးဒေသ (၁) NDAK အဖွဲ့၊ ရှမ်း/မြောက် အထူးဒေသ (၅) KDA အဖွဲ့၊ ရှမ်း/ တောင် အထူးဒေသ (၆) PNO အဖွဲ့၊ ကယားအထူးဒေသ (၂) ကလလတအဖွဲ့၊ ဘုရားကုန်းအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ဒီကေဘီအေအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်းနှင့်လည်းကောင်း နိုဝင်ဘာလ ၃ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။

မစ္စတာ ကာ့တ်ကမ်းဘဲလ်နှင့်အဖွဲ့အား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဌာနချုပ်တွင် ပါတီဗဟိုအလုပ်အမှု

www.foreverspace.com.mm



ဆောင် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ တည်းခိုသည့်ဟိုတယ်တွင် ကျန်ရှိသောတရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်းတွေ့ဆုံရန် စီစဉ်ပေးထားခဲ့သော်လည်း တွေ့ဆုံခြင်းမပြုခဲ့ကြောင်းနှင့် အမေရိကန်သံရုံး သံရုံး ယာယီတာဝန်ခံ၏ နေအိမ်တွင်သာ ၎င်းတို့အစီအစဉ်ဖြင့် စိစစ်ဆဲပုဂ္ဂိုလ်အချို့တို့နှင့်သီးခြားတွေ့ဆုံခဲ့ကြောင်း နိုဝင်ဘာလ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိသည်။

မစ္စတာ ကာ့တ်ကမ်းဘဲလ် က ကြိုတင်ပန်ကြားထား သည့်အတိုင်း ၎င်းနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခြင်းမပြုမီ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ကြိုတင်တွေ့ဆုံရန် မြန်မာအစိုးရက စီစဉ်ထားခဲ့သော်လည်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး မစုံသဖြင့် ဒေါ်အောင်ဆန်းစုကြည်က မတွေ့လိုကြောင်း ပြောကြားချက်ကိုလည်း နိုဝင်ဘာလ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာထားသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် နာဂစ်မုန်တိုင်းသင့်ဒေသများပြန်လည်ထူထောင်ရေးနှင့် တစ်နိုင်ငံလုံးရှိကူးစက်ရောဂါများ ထိန်းချုပ်ရေးအတွက် ပံ့ပိုးမှုများဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မစ္စတာကာ့တ်ကမ်းဘဲလ်က ထပ်လောင်းပြောကြားခဲ့သည်။

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာ စတီဖင်ဘလိတ်၏ မြန်မာနိုင်ငံခရီးစဉ်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာစတီဖင်ဘလိတ်သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် မတ်လ ၂၄ ရက်နေ့တွင် နေပြည်တော်၌ မြန်မာ–အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## အမေရိကန်အထက်လွှတ်တော်အမတ် Mr. Jim Webb ၏ မြန်မာနိုင်ငံခရီးစဉ် ၊ Mr. John William Yattaw ကို ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်း

အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr. Jim Webb နှင့် ဇနီး Mrs. Hong Le Webb ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၁၄ ရက်နေ့က နေပြည်တော်သို့ရောက်ရှိခဲ့ကြောင်း အစိုးရသတင်းစာများ၏ ထုတ်ပြန်ချက်များအရသိရသည်။ ခရီးစဉ်အတွင်း လူမှုရေးအသင်းအဖွဲ့များနှင့်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်အဖွဲ့နှင့်လည်းကောင်း ဩဂုတ်လ ၁၄ ရက်နေ့က တွေ့ဆုံခဲ့ကြောင်း ယင်းသတင်းများအရသိရသည်။

Mr. Jim Webb နှင့်အဖွဲ့သည် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများနှင့်လည်းကောင်း နေပြည်တော်တွင် တွေ့ဆုံခဲ့ပြီး ယင်းနေ့တွင်ပင် ညနေ ၃ နာရီ ၅၅ မိနစ်အချိန်က ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာနိုင်ငံတော်ဧည့်ရိပ်သာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၁၆ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင်ဖော်ပြပါရှိသည်။

အမေရိကန်အထက်လွှတ်တော်အမတ်နှင့် ဇနီးဦးဆောင်သောအဖွဲ့သည် ဩဂုတ်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်းနှင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်တွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၁၇ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

အမေရိကန်အထက်လွှတ်တော်အမတ် Mr. Jim Webb နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတို့က သက်ဆိုင်ရာဌာနများသို့ မေတ္တာရပ်ခံချက်များအရ Mr. John William Yattaw ၏ ကျန်းမာ



**အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ် တော်အမတ် Mr. Jim Webb**

www.foreverspace.com.mm

ရေးနှင့် ဘဝရှေ့ရေးအတွက် စာနာထောက်ထား၍လည်းကောင်း၊ အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို အလေးအနက်ထားရှိခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ် ခုနစ်နှစ်ကျခံနေသော အမေရိကန်နိုင်ငံသား Mr. John William Yattaw အားချမှတ်ထားသော ပြစ်ဒဏ်များအနက် ပြစ်ဒဏ်၏ ထက်ဝက်ကိုသာ ကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကို ဆိုင်းငံ့ခြင်းနှင့် ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်၍ အမေရိကန်အထက်လွှတ်တော် အမတ်နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Mr. Jim Webb နှင့်အတူ ဩဂုတ်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြောင်း အထက်ပါသတင်းစာတွင်ပင် ဖော်ပြထားသည်ကို တွေ့ရသည်။



**ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari**

## Mr. Gambari ၏ မြန်မာနိုင်ငံခရီးစဉ်

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် တာဝန်ယူပြီးနောက်ပိုင်း ခြောက်ကြိမ်မြောက်ခရီးစဉ်အဖြစ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ Mr. Gambari အနေ ဖြင့် ပြီးခဲ့သည့် နှစ် ဩဂုတ်လအတွင်းကလာရောက်ခဲ့သော မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း မီဒီယာများတွင် အကျယ်တဝင့်ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဘရာဟင် အေ၊ ဂမ်ဘာရီသည် ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၀၉ ခုနှစ်အတွင်း ဒုတိယမြောက်ခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ဇွန်လ ၂၆ ရက် နှင့် ၂၇ ရက်နေ့တို့တွင် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံ၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးစဉ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ မစ္စတာ

**Mr. Gambari ပထမအကြိမ်ခရီးစဉ်အတွင်း တွေ့ဆုံခဲ့သူများ**

| ရက်စွဲ | အကြောင်းအရာနှင့် တွေ့ဆုံသည့်ပုဂ္ဂိုလ် |
|---|---|
| ၃၁-၁-၀၉ | ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန်သို့ရောက်ရှိ<br>နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့်သီးခြားစီတွေ့ဆုံ။ |
| ၁-၂-၀၉ | နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ ၊ ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့်အဖွဲ့ဝင်များ၊ ပြည်ခိုင်ဖြိုးအသင်းဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ စသည်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။ |
| ၂-၂-၀၉ | အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့အပါအဝင် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး ဧရာဝတီတိုင်း လေဘေးသင့် ဘိုကလေးမြို့နှင့် လပွတ္တာမြို့နယ် လှိုင်းဘုံးစံပြကျေးရွာတို့၌ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ရဟတ်ယာဉ်ဖြင့်သွားရောက်ကြည့်ရှုခဲ့သည်။ |
| ၃-၂-၀၉ | နံနက်ပိုင်းတွင် အရွေးချယ်ခံ တစ်သီးပုဂ္ဂလများနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်လည်းကောင်းသီးခြားစီတွေ့ဆုံခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ |

www.foreverspace.com.mm



ဂမ်ဘာရီသည် ဇွန်လ ၂၇ ရက်နေ့တွင်မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။ ၎င်းသည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်း မပြုမီ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဝန်ထမ်းများနှင့်လည်းတွေ့ဆုံခဲ့သည်။

## Mr. Thomas Ojea Quintana ၏ မြန်မာနိုင်ငံခရီးစဉ်



**မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana**

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana နှင့်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ညပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ယခုခရီးစဉ်မှာ ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ပထမအကြိမ်ခရီးစဉ်မှာ ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်းက ဖြစ်သည်။ လက်ရှိတာဝန်ကို ဂျနီဗာအခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၀၀၈ ခုနှစ် မေလတွင် စတင်ခန့်အပ်ခဲ့သည်။

## မြန်မာ-အမေရိကန်ဆက်ဆံရေးပြောင်းလဲတိုးတက်မှု

၂၀၀၉ ခုနှစ်သည် နှစ်ပေါင်းများစွာအေးစက်စက်ဖြစ်နေခဲ့သော မြန်မာ–အမေရိကန် ဆက်ဆံရေးပြန်လည်အသက်သွင်းလိုက်သောနှစ်ဟု ဆိုရမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအစိုးရကလည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး၊ နေအိမ်အကျယ်ချုပ်ကျခံထားရသူ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံတကာလူ့အဖွဲ့အစည်းက သတ်မှတ်ထားသော စံများနှင့်ချိန်ထိုး၍ စီးပွားရေးပိတ်ပင်မှု၊ ဗီဇာပိတ်ပင်မှု၊ ငွေကြေးစီးဆင်းမှုဖြတ်တောက်ခြင်းအစရှိသော ပိတ်ပင်အရေးယူမှုများဆောင်ရွက်ထားသကဲ့သို့ မြန်မာနိုင်ငံကလည်း ကိုလိုနီလက်သစ်ဝါ မြန်မာ့အရေးဝင်ရောက်စွက်ဖက်သူ၊ တစ်ဖက်တည်းအသံနားထောင်ကာ လိုရာဆွဲတွေး ပိတ်ဆို့အရေးယူသူ၊ မြန်မာ့အရေးကို လေးနက်စွာနားမလည်သူ အစရှိသဖြင့် ရှုမြင်ထားသည်။ ထိုသို့ အပြန်အလှန်နားလည်မှု၊ အမိပ္ပာယ်ကောက်ပုံဖော်မှုကြီးစွာ ကွဲလွဲနေသော နှစ်နိုင်ငံအကြား

### Mr. Thomas Ojea Quintana **ခရီးစဉ်အတွင်း တွေ့ဆုံခဲ့သူများ**

| ရက်စွဲ | အကြောင်းအရာနှင့် တွေ့ဆုံသည့်ပုဂ္ဂိုလ် |
|---|---|
| ၁၄–၂–၀၉ | ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိ။ |
| ၁၅–၂–၀၉ | ကရင်ပြည်နယ် ဘားအံမြို့နယ်၊ နဘူးသို့သွားရောက်၊ ကရင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဘားအံအကျဉ်းထောင်သို့ သွားရောက်လေ့လာ။ |
| ၁၆–၂–၀၉ | နံနက်ပိုင်းတွင် မြိုင်ကြီးငူအထူးဒေသ၌ ကရင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးသာထူးကျော်အဖွဲ့၊ ဘားအံမြို့ဒေသဆိုင်ရာအာဏာပိုင်များနှင့်တွေ့ဆုံ။ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုရွှင်ရယ်ဟိုတယ်တွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ။ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်သို့သွားရောက်လေ့လာပြီး အကျဉ်းသားအချို့နှင့်တွေ့ဆုံ။ |
| ၁၇–၂–၀၉ | နံနက်ပိုင်းတွင် မြရိပ်ညိုဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများမှသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ။ |
| ၁၈–၂–၀၉ | နေပြည်တော်တွင် တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နှင့်တွေ့ဆုံ။ |
| ၁၉–၂–၀၉ | မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့နှင့်တွေ့ဆုံ။<br>ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမတွင် သတင်းစာရှင်းလင်းပွဲကျင်းပ။ |

www.foreverspace.com.mm

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ ညွှန်ကြားရေးမှူး မစ္စတာစတီဖင်ဘလိတ်၏ မတ်လ ၂၄ ရက်နေ့ခရီးစဉ်က ဖွဲဆော်ဦးတိုးတက်ပြောင်းလဲမှုဟု ဆိုရမည်ဖြစ်သည်။ ထို့နောက်ဆက်တိုက်ဆိုသလို အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်ဝက်ဘ်နှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့တ်ကမ်းဘဲလ်တို့ ဆက်တိုက်ဆိုသလို လာရောက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပသော (၁၉၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မြန်မာအစိုးရ၏ ရာထူးအကြီးဆုံး အဆင့်မြင့်အရာရှိကြီးတစ်ဦး ၁၄ နှစ် အတွင်း ပထမဦးဆုံးအကြိမ် တက်ရောက်ခွင့်ရခဲ့ခြင်းမှာလည်း စတီဖင်ဘလိတ်၊ ဂျင်ဝက်ဘ်နှင့် ကာ့တ်ကမ်းဘဲလ်တို့ခရီးစဉ်အပြီး အထူးခြားဆုံးဖြစ်ပေါ်တိုးတက်မှုတစ်ရပ်ဟု မှတ်တမ်းတင်ရမည်ဖြစ်သည်။

ကုလအထွေထွေညီလာခံတွင် ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှုများ ပိုမိုရရှိစေရေးအတွက် ချမှတ်ထားသော ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် အနောက်နိုင်ငံများသို့ တိုက်တွန်းပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာအစိုးရနှင့် စတင်တွေ့ဆုံဆွေးနွေးနေပြီဖြစ်ပြီး ဒီမိုကရေစီတိုးတက်မှုများမဖြစ်ပေါ်မချင်း စီးပွားရေးပိတ်ဆို့မှုကို ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကိုကိုးကား၍လည်း အောက်တိုဘာလ ၂ ရက်နေ့ထုတ် မြန်မာတိုင်းမ် ဂျာနယ်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုအစိုးရက ကာလကြာရှည်စွာသတ်မှတ်ပြဋ္ဌာန်းခဲ့သော စီးပွားရေးပိတ်ဆို့မှု မူဝါဒသည်သူ့ချည်းသက်သက်ဖြင့်ထိရောက်မှုမရှိသောကြောင့် အနာဂတ်ကာလတွင် တပ်မတော်အစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသွားတော့မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဟီလာရီကလင်တန်ကလည်း စက်တင်ဘာလအတွင်းက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ၏ မူဝါဒသစ်အရ အမေရိကန်ပြည်ထောင်စု အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးမစ္စတာကာ့တ်ကမ်းဘဲလ်သည် မြန်မာဝန်ကြီးချုပ်နှင့် အတူလိုက်ပါသွားသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် တွေ့ဆုံခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ သိသာထင်ရှားသောနိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုများကိုမြင်ရမှသာ ပိတ်ဆို့မှုများကို တစ်ဆင့်ချင်း ရုပ်သိမ်းသွားမည်ဖြစ်ပြီး ပြောင်းလဲတိုးတက်မှုများမရှိသေးခင် ရုပ်သိမ်းလိုက်ပါက အမှားတစ်ခုဖြစ်သွားလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကိုလည်း အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ မူဝါဒသစ်နှင့်ပတ်သက်၍ ပြည်တွင်းမီဒီယာများကို ရှင်းလင်းသည့်အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့အခြေစိုက်အမေရိကန်သံရုံးတွင် အောက်တိုဘာလ ၂ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးအတွက် နောက်ထပ်အမေရိကန်ဒေါ်လာ ၁၀ သန်း ပံ့ပိုးသွားရန်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံ လာရီဒင်ဂါက ပြောကြားခဲ့သည်။

## မြန်မာ-တရုတ်

မြန်မာနိုင်ငံအစိုးရနှင့် လွန်စွာနီးကပ်သည့်ဆက်ဆံရေးရှိသော အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံ အစိုးရ၊ ပါတီအကြီးအကဲများ အပြန်အလှန်သွားလာလည်ပတ်ခဲ့သည့် ခရီးစဉ်များမှာ ယခင်နှစ်ကထက်ပိုမိုများပြားခဲ့သည်ကိုလည်းတွေ့ ရသည်။

ထူးခြားသည့်ခရီးစဉ်တစ်ရပ်မှာ မြန်မာနိုင်ငံအစိုးရ၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇွန်လ ၁၅ ရက်ကသွားရောက်ခဲ့သောချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။ အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုကို နိုင်ငံတကာသိအောင်ချပြလိုက်သကဲ့သို့ပင်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ဧပြီလအတွင်း ကျင်းပခဲ့သည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စစ်ဘက်ဆိုင်ရာအကြီးအကဲတစ်ဦးဖြစ်သော တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မတ်လ ၁၇ ရက်နေ့ ကရောက်ရှိခြင်းသည် ၂၀၀၉ ခုနှစ်နှစ်ဆန်းတွင် ပထမဆုံးခရီးစဉ်ဖြစ်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ မတ်လ ၂၅ ရက်နေ့ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအစိုးရနှင့် တရုတ်အစိုးရတို့အကြား ပို၍ ခိုင်မာသော ဆက်ဆံရေးချည်နှောင်မည့်ကြိုးများအဖြစ် မြန်မာ–တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်စာချုပ်၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်အရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် အခြေခံမူများဆိုင်ရာသဘောတူညီချက်စာချုပ်၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်၊ သွင်းကုန်ဘဏ်အကြားချုပ်ဆိုမည့်စီမံကိန်းများအတွက် ဝယ်သူ့ချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ်၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့်နည်း ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

www.foreverspace.com.mm





တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde နှင့်အဖွဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံစဉ်

ယခုနှစ်အတွင်း ထူးခြားသည့်အချက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်၏ သဘာဝအလှများနှင့် ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရိုက်ကူးတင်ဆက်ထားသည့် ပြည်နယ်အဆင့် ကွမ်ရှီးရုပ်မြင်သံကြား အစီအစဉ်ကို နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် ပြသရန်အတွက် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Shengkum ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဇူလိုင်လ ၈ ရက်နေ့တွင် လာရောက်ခဲ့ခြင်းသည် တရုတ်နိုင်ငံတွင် ယနေ့ကမ္ဘာကျော်စပြုနေပြီဖြစ်သည့် အင်္ဂလိပ်ဘာသာဖြင့်ထုတ်လွှင့်နေပြီး မြန်မာ့ရုပ်မြင်သံကြား၏ နိုင်ငံတကာသတင်းရင်းမြစ် တရုတ်နိုင်ငံပိုင် CCTV-9 ကဲ့သို့ ရုပ်သံလိုင်းမျိုးရှိနေပြီဖြစ်သော်လည်း ယခုကဲ့သို့မထင်မရှား ပြည်နယ်ရုပ်သံအစီအစဉ်က လာရောက်ကမ်းလှမ်းခြင်းမှာ ထူးခြားစေသည့်အချက်တစ်ချက်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့တို့ ချစ်ကြည်ရေးမြို့တော် ဆက်ဆံမှုတည်ထောင်ရန် သဘောတူညီချက်တစ်ရပ်ကိုလည်း ယခုနှစ်အတွင်းလက်မှတ်ရေးထိုးခဲ့သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနိုင်ငံများနှင့်နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ စုစုပေါင်း ပမာဏ၏ ၇၀ ရာခိုင်နှုန်းကျော်ခန့်ဖြင့် ယခုနှစ်အတွင်း အများဆုံး ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကျိုးတူ ပူးပေါင်းတည်ဆောက်ပြီးစီးသည့် ပထမဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်လောလောဆယ် အကြီးဆုံးဟုဆိုနိုင်သော ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံကို မေလ ၁၆ ရက်နေ့ကဖွင့်လှစ်ခဲ့ခြင်းမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေခဲ့သည့် သာဓကတစ်ခုဖြစ်ခဲ့သည်။ ရွှေလီမြစ်တစ်လျှောက်တွင် အကြီးစားရေအားလျှပ်စစ်စီမံကိန်း သုံးခုတည်ဆောက်ရန်စီစဉ်ထားသည့်အနက် ပထမဦးဆုံးပြီးစီးသောစီမံကိန်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအစိုးရသည် တရုတ်နိုင်ငံအစိုးရနှင့် အမြဲတစေ သင့်မြတ်အဆင်ပြေစေရန် ကြိုးစားသွားမည်မှာ သေချာနေသကဲ့သို့ မြန်မာနိုင်ငံမှ သယံဇာတများကို ဈေးသက်သက်သာသာနှင့် ရရှိနေသော တရုတ်အစိုးရသည်လည်း ထိုအတိုင်းပင်ဖြစ်မည်ဟု သုံးသပ်ရသည်။

## မြန်မာ-အိန္ဒိယ

အိန္ဒိယအစိုးရ၏ မြန်မာအစိုးရအပေါ်ဆက်ဆံမှု၊ မြန်မာနိုင်ငံနှင့် ကူးလူးဆက်သွယ်မှု၊ ကူညီထောက်ပံ့မှုများအနက် လုပ်ဆောင်ချက်များအနက်များစွာ အသိအမှတ်ပြုရမည့် ကိစ္စတစ်ရပ်မှာ လူကြီးလူကောင်းဆန်ဆန် တန်းတူရည်တူ လေးလေးစားစားဆက်ဆံခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်၏ မြန်မာ–အိန္ဒိယဆက်ဆံရေးသည်လည်း ယခင့်ယခင်နှစ်များကဲ့သို့ အရေးပါကြောင်း အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီအမ်ဟာမစ် အန်ဆာရီ နှင့်ဇနီး ရှရီမာတီဆယ်မာ အန်ဆာရီတို့ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဖေဖော်ဝါရီလ ၅ ရက်နေ့က ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့ခြင်းက သက်သေပြသကဲ့သို့ ရှိသည်။ ခရီးစဉ်အတွင်း မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူညီချက်ကို အတည်ပြုသည့် သဘောတူညီချက်ကိုလည်းကောင်း၊

www.foreverspace.com.mm



အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီအမ်ဟာမစ် အန်ဆာရီ၏ မြန်မာနိုင်ငံခရီးစဉ်

အိန္ဒိယသမ္မတနိုင်ငံ အကူအညီဖြင့် ရန်ကုန်မြို့၌ ဖွင့်လှစ်မည့် အင်္ဂလိပ်ဘာသာလေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ရေးဆိုင်ရာ သဘောတူညီချက်ကိုလည်းကောင်း၊ ပခုက္ကူမြို့တွင် စက်မှုသင်တန်းကျောင်းဖွင့်လှစ်ရေးဆိုင်ရာ သဘောတူညီချက်ကိုလည်းကောင်း နှစ်နိုင်ငံမှ တာဝန်ရှိသူအသီးသီး လက်မှတ်ရေးထိုးခဲ့ကြသည်။ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင်အသုံးပြုရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်အလုံး ၂၅၀ကို အိန္ဒိယနိုင်ငံအစိုးရက လှူဒါန်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကုန်တန်ချိန်စုစုပေါင်း ၁၃၈ ဒသမ ၆ တန် လှူဒါန်းထောက်ပံ့ထားပြီး ကုန်တန်ချိန် ပဉ္စမမြောက် အများဆုံး လှူဒါန်းခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

စီးပွားရေးကိစ္စရပ်များအပြင် စစ်ရေးကိစ္စများဖြင့်ပါ ဆက်နွှယ်ပက်သက်လျက်ရှိသည့် အစဉ်အလာအတိုင်း ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စစ်ဘက်ဆိုင်ရာအကြီးအကဲ နှစ်ဦးလာရောက်ခဲ့ကြသည်။ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် ကြည်းတပ်ဦးစီးချုပ် General Deepak Kapoor, PVSM, AVSM, SM, VSM, ADCနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အောက်တိုဘာလ ၁၁ ရက်နေ့ခရီးစဉ်နှင့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Army Higher Command Course မှ Brig.GV Stayanarayan VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့၏ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အတွင်းခရီးစဉ်များသည် အိန္ဒိယတပ်မတော် နှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်း ထားနိုင်ကြောင်းဖော်ပြနေသည့် ခရီးစဉ်များဖြစ်သည်။

မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင် ကနေဒါလာ သန်းပေါင်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ယင်းပမာဏ၏ ထက်ဝက်ကျော်မှာ သဘာဝဓာတ်ငွေ့ကဏ္ဍတွင်မြှုပ်နှံထားခြင်းဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံမှာ မြန်မာ့စွမ်းအင်ပို့ကုန်နှင့်ထုတ်ကုန်များအပေါ် များစွာစိတ်ဝင်စားမှုရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကုန်သွယ်ဖက်နိုင်ငံများတွင်လည်း ထိုင်း၊ တရုတ်နှင့် စင်ကာပူနိုင်ငံများပြီးလျှင် စတုတ္ထမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။

## မြန်မာ-ဆူဒန်

တရုတ်အစိုးရနှင့် နီးကပ်သည့်ဆက်ဆံရေးရှိသော ဆူဒန်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရတို့ အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ထူးခြားသည့် လုပ်ဆောင်ချက်တစ်ရပ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပြီး ယခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ထူးခြားမှုအရှိဆုံး ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။

ထိုအချက်ကို ခိုင်လုံစေသည်မှာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ အပြန်အလှန်ဖိတ်ကြားလည်ပတ်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လဆန်းရက်အတွင်း မြန်မာနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်၏ ဆူဒန်ခရီးစဉ်နှင့် အောက်တိုဘာလ ၈ ရက်မှ ၁၁ ရက်အထိ ဆူဒန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီအာမက်ကာတီ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍများပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြခြင်းတို့သည် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုအတိုင်းအတာကို ဖော်ကျူးခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ ဆက်ဆံရေးအသီးအပွင့်အဖြစ် အာဖရိက နိုင်ငံ

www.foreverspace.com.mm

တစ်ခုဖြစ်သော ဆူဒန်နိုင်ငံသည် မြန်မာ့ဆန်များကိုတိုက်ရိုက်ဝယ်ယူရန်အတွက် မေလအတွင်းက ကမ်းလှမ်းခဲ့သည်။ ဆူဒန်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရတို့ ဤသို့ချစ်ကြည်ရင်းနှီးမှု ထူထောင်နိုင်ခဲ့ခြင်းသည် မြန်မာ့ဆန်များဝယ်ယူမည့်နိုင်ငံတစ်ခု တိုးလာရန် အကြောင်းဖန်လာသည်ဟု မှတ်ယူရမည်ဖြစ်သည်။

## မြန်မာ-စင်ကာပူ

ယခုနှစ်အတွင်း မြန်မာ–စင်ကာပူနှစ်နိုင်ငံဆက်ဆံရေး၏ အထင်ရှားဆုံးမှတ်တိုင်မှာ စင်ကာပူနိုင်ငံ ဝါရင့်အတိုင်ပင်ခံဝန်ကြီး (ဝန်ကြီးချုပ်ဟောင်း) ဂိုချုပ်တောင် ဇွန်လ ၈ ရက်နေ့က လာရောက်လည်ပတ်ခဲ့သော တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။ အာဆီယံထိပ်သီးဆွေးနွေးပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုထားသည့်ကာလနှင့် မရှေးမနှောင်းလာရောက်လည်ပတ်ခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါ ခရီးစဉ်အတွင်း စင်ကာပူအစိုးရက ကန်ဒေါ်လာ ၅ သိန်း ကျော်မတည်ခဲ့သည့် တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာရှိ ၁၆ ခုတင်ဆံ့ဆေးရုံသစ်ဖွင့်လှစ်ပွဲသို့တက်ရောက်ခဲ့ပြီး နာဂစ်မုန်တိုင်း ဒဏ်ခံဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လိုအပ်သည့်အကူအညီများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဝါရင့်ဝန်ကြီး၏ ပြောကြားချက်ကို အပတ်စဉ်ထုတ်ဂျာနယ်အချို့တွင် ဖော်ပြပါရှိခဲ့သည်။

မြန်မာ–စင်ကာပူဆက်ဆံရေးသည် အခြားနိုင်ငံများကဲ့သို့ နှစ်နိုင်ငံအစိုးရအကြီးအကဲများ အပြန်အလှန်လည်ပတ်ခြင်းထက်စာလျှင် အခြားကိစ္စများတွင်ပို၍ နီးကပ်စွာဆက်ဆံလေ့ရှိသည်။ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က ချမှတ်ထားသော ငွေကြေး၊ စီးပွားရေး၊ ဗီဇာကန့်သတ်ပိတ်ဆို့မှုများကြောင့် မြန်မာ–စင်ကာပူ နှစ်နိုင်ငံအစိုးရများအကြား ဆက်ဆံရေးပိုမိုနီးကပ်လာခဲ့ခြင်းဖြစ်သည်။

## မြန်မာ-သီရိလင်္ကာ

ယခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရနှင့် ပြည်ပနိုင်ငံများဆက်ဆံရေးတွင် ထူးခြားမှုတစ်ခုမှာ မြန်မာ–သီရိလင်္ကာဆက်ဆံရေးဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သောနိုင်ငံများဖြစ်သည့်အလျောက် နှစ်နိုင်ငံအကြား ဘာသာရေးဆိုင်ရာ ကူးလူးဆက်ဆံမှုသာ အများဆုံးရှိနေခဲ့ရာမှ ယခုနှစ်တွင်မူ နှစ်နိုင်ငံအစိုးရအကြီးအကဲများ အပြန်အလှန်လည်ပတ်ခဲ့ကြသည်ကို တွေ့ရသည်။ ယခင်နှစ်များကသီရိလင်္ကာသမ္မတ ကုမာရတွန်ဂါကတစ်ကြိမ်၊ မြန်မာအစိုးရအကြီးအကဲသည် ၂၀၀၄ ခုနှစ်အောက်တိုဘာလအတွင်းက တစ်ကြိမ် လည်ပတ်ခဲ့ဖူးသည်မှအပ ယခုနှစ်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် သွားရောက်လည်ပတ်ခြင်းမှာ ထူးခြားသည်။ ပို၍ထူးခြားသည်မှာ သီရိလင်္ကာတပ်မတော်က နှစ်ပေါင်းများစွာအစိုးရကို လက်နက်ကိုင်စွဲ၍ အတိုက်အခံပြုလာခဲ့သော အင်အားကြီး တမီးလ်တိုက်ဂါးသူပုန်များကို အမြစ်ပြတ်ချေမှုန်းပြီးပြီးချင်း သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပက်ခ်စာ၏ ပထမဆုံးခရီးစဉ်မှာ မြန်မာနိုင်ငံဖြစ်နေခဲ့ခြင်းဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည်

### ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည်တွေ့ဆုံမှုများ

ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းနှင့် လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရန်အတွက် ခန့်အပ်ထားသော ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် အောက်တိုဘာလ ၃ရက်နေ့က မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၄၀အထိ လည်းကောင်း၊ အောက်တိုဘာ ၇ ရက်နေ့က မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၂၆ မိနစ်အထိ လည်းကောင်း ရန်ကုန်မြို့ ကုန်းမြင့်သာရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် တွေ့ဆုံခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့စွဲဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လိပ်မူ၍ စာတစ်


ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သီရိလင်္ကာနိုင်ငံခရီးစဉ်

စောင်ရေးသားပေးပို့ခဲ့ရာ အောက်တိုဘာလ ၁ ရက်နေ့တွင် နယကရုံးသို့ရောက်ရှိခဲ့သည့်အတွက်ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်သည် အောက်တိုဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့သွားရောက်ခဲ့ပြီး ၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးခဲ့ခြင်း

www.foreverspace.com.mm

ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့သည် ဒီဇင်ဘာလ ၉ ရက်နေ့က မွန်းလွဲ ၁ နာရီ ၅ မိနစ်မှ ၁ နာရီ ၅၀ မိနစ်အထိ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ စိမ်းလဲ့ကန်သာ ဧည့်ဂေဟာတွင် ထပ်မံတွေ့ဆုံခဲ့သည်။ ဆက်ဆံရေးဝန်ကြီးအဖြစ် စတင်ခန့်အပ်လိုက်သည့် ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့မှ ယနေ့အထိ ရှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီးဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်းဝင်ရောက်လာသူ နိုင်ငံခြားသားတစ်ဦး ဖမ်းဆီးခံရမှု

နိုင်ငံပိုင်မီဒီယာများ၏ အဆိုအရ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်

## ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဖွဲ့

| စဉ် | ဝန်ကြီးဌာန | ဝန်ကြီး | ဒု–ဝန်ကြီး |
|---|---|---|---|
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | ဗိုလ်ချုပ်ကြည်ဝင်း၊<br>ဗိုလ်ချုပ်အေးမြင့်၊<br>ဗိုလ်ချုပ်သိန်းဌေး |
| ၂ | ဝန်ကြီးချုပ် | ဗိုလ်ချုပ်ကြီးသိန်းစိန် | – |
| ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဗိုလ်ချုပ်ဌေးဦး | ဦးအုန်းမြင့် |
| ၄ | အမှတ်(၁)စက်မှုဝန်ကြီးဌာန | ဦးအောင်သောင်း | ဗိုလ်မှူးချုပ်ကျော်ထွန်း |
| ၅ | အမှတ်(၂)စက်မှုဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း | ဒုတိယဗိုလ်မှူးကြီး<br>ခင်မောင်ကျော်<br>ဗိုလ်ချုပ်ကျော်စွာခိုင် |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးဉာဏ်ဝင်း | ဦးမောင်မြင့် |
| ၇ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဦးစိုးသာ | ဗိုလ်မှူးကြီး သူရိန်ဇော် |
| ၈ | ပို့ဆောင်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်သိန်းဆွေ | ဗိုလ်မှူးကြီး<br>ဉာဏ်ထွန်းအောင် |
| ၉ | အလုပ်သမားဝန်ကြီးဌာန | ဦးအောင်ကြည်<br>(ဆက်ဆံရေးဝန်ကြီး) | ဗိုလ်မှူးချုပ်တင်ထွန်းအောင် |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ဒေါက်တာချမ်းငြိမ်း | ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊<br>ဦးမျိုးညွန့် |
| ၁၁ | စွမ်းအင်ဝန်ကြီးဌာန | ဗိုလ်မှူးချုပ်လွန်းသီ | ဗိုလ်မှူးချုပ်သန်းဌေး |
| ၁၂ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်အောင်မင်း | သူရဦးသောင်းလွင်၊ ဦးဖေသန်း |
| ၁၃ | ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာကျော်မြင့် | ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုး |
| ၁၄ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်တင်နိုင်သိန်း | ဗိုလ်မှူးချုပ်အောင်ထွန်း |
| ၁၅ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ဗိုလ်ချုပ်စိုးနိုင် | ဗိုလ်မှူးချုပ်အေးမြင့်ကြူ |
| ၁၆ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဗိုလ်ချုပ်လှထွန်း | ဗိုလ်မှူးကြီးလှသိန်းဆွေ |
| ၁၇ | ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သိန်းဇော် | ဗိုလ်ချုပ်သိန်းထွန်း |
| ၁၈ | သာသနာရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သူရမြင့်မောင် | ဗိုလ်မှူးချုပ်သူရအောင်ကို |
| ၁၉ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ခင်မောင်မြင့် | ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဦးတင့်ဆွေ |
| ၂၀ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဦးသောင်း | ဦးကျော်စိုး |
| ၂၁ | ယဉ်ကျေးမှုဝန်ကြီးဌာန | ဗိုလ်ချုပ်ခင်အောင်မြင့် | – |
| ၂၂ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဗိုလ်ချုပ်မောင်ဦး | ဗိုလ်မှူးချုပ်ဝင်းစိန် |
| ၂၃ | ပြန်ကြားရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ကျော်ဆန်း | – |
| ၂၄ | သမဝါယမဝန်ကြီးဌာန | ဗိုလ်ချုပ်တင်ထွတ် | – |
| ၂၅ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန | ဗိုလ်မှူးကြီးသိန်းညွန့် | ဗိုလ်မှူးကြီးတင်ငွေ |
| ၂၆ | အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဗိုလ်မှူးကြီးဇော်မင်း | ဦးမျိုးမြင့် |

www.foreverspace.com.mm



| စဉ် | ဝန်ကြီးဌာန | ဝန်ကြီး | ဒု–ဝန်ကြီး |
|---|---|---|---|
| ၂၇ | အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဗိုလ်ချုပ်ခင်မောင်မြင့် | ဗိုလ်မှူးချုပ်ဝင်းမြင့် |
| ၂၈ | အားကစားဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သူရအေးမြင့် | – |
| ၂၉ | သစ်တောရေးရာဝန်ကြီးဌာန | ဗိုလ်မှူးချုပ်သိန်းအောင် | – |
| ၃၀ | ပြည်ထဲရေးဝန်ကြီးဌာန | ဗိုလ်ချုပ်မောင်ဦး | ဗိုလ်မှူးချုပ်ဘုန်းဆွေ |
| ၃၁ | သတ္တုတွင်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ် အုန်းမြင့် | – |
| ၃၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဗိုလ်ချုပ်မောင်မောင်ဆွေ | ဗိုလ်မှူးချုပ်ကျော်မြင့် |
| ၃၃ | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | ဗိုလ်မှူးချုပ်မောင်မောင်သိမ်း | |
| ၃၄ | တရားသူကြီးချုပ် | ဦးအောင်တိုး | ဦးသိန်းစိုး |
| ၃၅ | ရှေ့နေချုပ် | ဦးအေးမောင် | ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်(ဒုတိယရှေ့နေချုပ်) |
| ၃၆ | စာရင်းစစ်ချုပ် | ဗိုလ်ချုပ်လွန်းမောင် | ဒေါ်သင်းသင်း (ဒုတိယစာရင်းစစ်ချုပ်) |
| ၃၇ | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ | ဦးကျော်သူ | – |

ဥပဒေပုဒ်မ ၁၀(ခ) အရ နေအိမ်အကျယ်ချုပ် ချမှတ်ထားခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်း မေလ ၃ ရက်နေ့ညပိုင်းတွင် အင်းလျားကန်မှတစ်ဆင့် ရေကူးဝင်ရောက်၍ နှစ်ရက်ကြာနေထိုင်ပြီး မေလ ၅ ရက်နေ့ ညနေပိုင်းအချိန်တွင် ငါးလီတာဝင် ရေသန့်ဘူး အကူအညီဖြင့် ၂ မိုင်ခန့်ကျယ်သောရေပြင်ကို အံ့အားသင့်ဖွယ်ရာ ရေကူးပြန်ထွက်သွားနိုင်သည့် နိုင်ငံခြားသားတစ်ဦးကို မေလ ၆ ရက်နေ့ နံနက် ၅ နာရီခွဲခန့်တွင် ရန်ကုန် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်သွယ်မှုဗဟိုဌာန အဆောက်အအုံအနီး ရေပြင်တွင် ဖမ်းဆီးရမိခဲ့သည့်ဖြစ်ရပ်မှာ ၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသားများသာမက နိုင်ငံတကာကပါ စိတ်ဝင်စားခဲ့သည့်အတွက် ယခုနှစ်အတွင်း အထူးခြားဆုံး မှတ်တမ်းတင်ရမည့် အကြောင်းအရာဖြစ်သည်။

အဆိုပါနိုင်ငံခြားသားမှာ အမေရိကန်ပတ်စ်ပို့ (PP. No-4397677222/ 28-4-2008) ကိုင်ဆောင်ထားသော အမေရိကန်



ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ၂၀၀၉ ခုနှစ်အတွင်း သုံးကြိမ်တွေ့ဆုံခဲ့ကြသည်

www.foreverspace.com.mm




**ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်း ရေကူးဝင်ရောက်ခဲ့သူ Mr.John William Yettaw**

နိုင်ငံသား Mr.John William Yettaw ဆိုသူဖြစ်ပြီး မေလ ၂ ရက်နေ့တွင် ကမ္ဘာလှည့်ခရီးသွားဗီဇာဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည်။ ရန်ကုန်မြို့ ၃၃ လမ်းတွင် တည်ရှိသော ဗျူးတီးလဲန်း (၂) ဟိုတယ်၌ တည်းခိုခဲ့ပြီး ၎င်းနှင့်အတူ နိုင်ငံကူးလက်မှတ်တစ်ခု၊ အနက်ရောင်ကျောပိုးအိတ်တစ်လုံး၊ Canon ကင်မရာတစ်လုံး၊ ဓာတ်မီးတစ်လက်၊ အမေရိကန်ဒေါ်လာ ၁၀၀ တန်နှစ်ရွက်၊ မြန်မာငွေကျပ် ၁၀၀၀ တန် ၉၃ ရွက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးအရ ကန့်သတ်ထားခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ လျှို့ဝှက်ဝင်ရောက်ခဲ့မှုဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသူ အမေရိကန်နိုင်ငံသားကို ဗီယင်နာကွန်ဗင်းရှင်းပါ အခွင့်အရေးများအရ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်လိုကြောင်း ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ မေလ ၁၁ ရက်စွဲပါ သံတမန်စာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံခဲ့သဖြင့် မေလ ၁၃ ရက်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်သပြေရဲရိပ်သာ၌ ကောင်စစ်ဆိုင်ရာ တွေ့ဆုံခွင့်ပေးခဲ့ရာ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Colin.P.Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့ လာရောက်တွေ့ဆုံခဲ့ကြောင်း မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်အမှုဖွင့် အရေးယူခံရခြင်း

လုံခြုံရေးချထားသော နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်လာသော နိုင်ငံခြားသားအား လက်ခံစကားပြောဆိုခြင်း၊ နေထိုင်ခွင့်ပြုခဲ့ခြင်းနှင့် အစားအသောက်များ ကျွေးမွေးခြင်းများကြောင့် ၁၉၇၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ကန့်သတ်ချက် ဖောက်ဖျက်မှုဖြင့် အမှုဖွင့်အရေးယူပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးဇော်မင်းက ဗဟန်းရဲစခန်းတွင် (ပ)၃၀၁/ ၂၀၀၉ အရ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြချက်များအရ သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖော်အဖြစ်နေထိုင်သော ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် ရေကူးဝင်ရောက်ခဲ့သူ အမေရိကန်နိုင်ငံသားတို့ကိုပါ အားပေးကူညီမှုဖြင့် အရေးယူခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်အမှု လက်ခံစစ်ဆေးကြားနာခြင်း

၂၀၀၉ ခုနှစ်အတွင်း အထူးခြားဆုံးနှင့် လူစိတ်ဝင်စားမှုအရှိဆုံးမှာ အမေရိကန်ရေကူးသမား ယက်တော နေအိမ်အတွင်းဝင်ရောက်မှုဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို စွဲချက်တင်တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းသတင်းများဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏အမှုကို ခရိုင်တရားသူကြီး ဦးအောင်ညွှန့်နှင့် ဦးညီညီစိုးတို့ ရုံးထိုင်သည့် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးမှ ပြစ်မှုကြီးအမှတ် ၄၇/ ၂၀၀၉ အရ လက်ခံပြီး မေလ ၁၈ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေများအဖြစ် ဦးကြည်ဝင်း၊ ဦးလှမျိုးမြင့်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းတို့က လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုမှုကြောင့် မြန်မာနိုင်ငံအစိုးရအပေါ် နိုင်ငံတကာ၏ အမြင်များနှင့် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲများကို ထိခိုက်လာနိုင်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံ မေလ ၁၈ ရက်နေ့တွင် တယ်လီဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့ရာ မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းက ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံသားတို့၏ကိစ္စမှာ မြန်မာနိုင်ငံအစိုးရက တမင်ဖန်တီးခဲ့ခြင်းမဟုတ်ပါကြောင်း၊ ယင်းကိစ္စကို တရားမျှတစွာဖြင့် တရားဥပဒေအတိုင်းဆောင်ရွက်ပေးသွားမည်ဟုပြန်လည် ဖြေကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာများတွင် ထုတ်ပြန်ခဲ့သည်။

အမှုစစ်ဆေးရာ တရားခွင်သို့ ကာယကံရှင်များ၊ ၎င်းတို့၏ရှေ့နေများနှင့် တရားလိုပြသက်သေများသာ တက်ရောက်ခွင့်ရရှိခဲ့ကြသော်လည်း တတိယမြောက်နေ့ဖြစ်သော မေလ ၂၀ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန၏ လျှောက်ထားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန် ၂၉ ဦးနှင့်အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနှင့် အသင်းဝင်ငါးဦး၊ ပြည်တွင်းသတင်းဂျာနယ်များဖြစ်သော Weekly Eleven၊ မြန်မာတိုင်းမ်၊ ပေါ်ပြူလာ၊ ရန်ကုန်တိုင်းမ်နှင့် လျှပ်တစ်ပြက်ဂျာနယ်တို့ တက်ရောက်ခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်မှာလည်း ထူးထူးခြားခြားမှတ်တမ်းတင်ရမည့် အကြောင်းအရာဖြစ်သည်။

ထိုသို့တက်ရောက်သူများကို တရားခွင်အတွင်းဘေးအန္တရာယ်ဖြစ်စေတတ်သော လက်နက်များကိုင်တွယ်ယူဆောင်လာခြင်းမပြု

www.foreverspace.com.mm



ရသတ်မှတ်နေရာများမှ အခြားနေရာများသို့ သွားလာဝင်ထွက်ခြင်းမပြုရ၊ တရားခွင်အတွင်း အမှုသည်များကို တွေ့ဆုံစကားပြောဆိုခြင်း၊ အသံဖမ်းယူခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းမပြုရဟူသော ကန့်သတ်ချက်များဖြင့် ဝင်ရောက်ခွင့်ပြုခဲ့သည်။

အမှုစစ်ဆေးအပြီး မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် ရုရှားနိုင်ငံ (လုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌနိုင်ငံ)၊ ထိုင်းနိုင်ငံ (အာဆီယံအဖွဲ့၏ လက်ရှိဥက္ကဋ္ဌ)၊ စင်ကာပူနိုင်ငံ (မြန်မာနိုင်ငံအခြေစိုက်သံတမန်များအဖွဲ့ နာယက) တို့မှ သံတမန်တစ်ဦးစီနှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အင်းစိန်အကျဉ်းဦးစီးဌာနအတွင်း ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရန် စီစဉ်ထားသည့် ဧည့်ရိပ်သာနေရာ၊ ဒေါ်အောင်ဆန်းစုကြည် သံတမန်များအား လက်ခံတွေ့ဆုံပုံများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံများကို နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် မေလ ၂၀ ရက်နေ့ည ၈ နာရီ ပြည်တွင်းသတင်းအစီအစဉ်၌ ထုတ်လွှင့်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်အား စွဲချက်တင်ခြင်း

မေလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ ငါးရက်ဆက်တိုက်စစ်ဆေးခဲ့ရာ တရားလိုပြသက်သေ ၁၃ ဦးအား စစ်ဆေးကြားနာပြီးနောက် ခရိုင်တရားသူကြီး ဦးအောင်ညွန့်နှင့် ဦးညီညီစိုးတို့ ရုံးထိုင်သည့်မြောက်ပိုင်း ခရိုင်တရားရုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ စွဲချက်တင်ခဲ့သည်။

## အမှုဖွင့်တရားစွဲဆိုရခြင်းအတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်းနောက်ထပ်ခြောက်လ ဆက်လက်တားဆီးနိုင်သော်လည်း နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်ခြင်းကို ထောက်ထားပြီး အလေးအနက်စဉ်းစားနေချိန်တွင် နေအိမ်အတွင်း တရားမဝင်ဝင်ရောက်လာသော အမေရိကန်နိုင်ငံသားကို နေထိုင်ခွင့်ပြုခဲ့ခြင်း၊ လက်ခံစကားပြောဆိုခြင်းနှင့် အစားအသောက်များ ကျွေးမွေးခြင်းစသည့် ကူညီမှုများကြောင့် မလွဲမရှောင်သာဖြင့် ဝမ်းနည်းစွာ တရားစွဲဆိုရခြင်းဖြစ်ကြောင်း သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးခန်းတွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က) ၊ ၁၀ (ခ) တို့နှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အထက်ပါဥပဒေပုဒ်မများအရ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကန့်သတ်မိန့်ချမှတ်ပြီး နိုဝင်ဘာလ ၁၁ ရက်နေ့အထိ ရက်ပေါင်း ၁၈၀ အထိ ဖမ်းဆီးချုပ်နှောင်ခဲ့ပြီး ထိုသို့ဆောင်ရွက်ထားစဉ်အတွင်း အမျိုးသမီးရောဂါဖြစ်ပွားခြင်းကြောင့် အာရှတော်ဝင်ဆေးခန်းသို့ တင်ပို့ကုသပေးခဲ့ကြောင်း၊ ကျန်းမာရေးပြန်ကောင်းလာသည့်အတွက် ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ပို့ဆောင်ပြီး ပုဒ်မ၁၀(က) ဖမ်းဆီးချုပ်နှောင်မှု ကာလကုန်ဆုံးသည့် ကာလအထိနေထိုင်စေခဲ့ကြောင်း၊ ထို့နောက် ဗဟိုအဖွဲ့၏ အခွင့်အာဏာအရ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်မှ ၂၀၀၄ နိုဝင်ဘာလ ၁၁ ရက်အထိ တစ်နှစ်တားဆီးခဲ့ပြီး ပုဒ်မ ၁၀(က) မှ ပုဒ်မ ၁၀(ခ) သို့ ပြောင်းလဲ၍ အစိုးရအဖွဲ့၏ခွင့်ပြုချက် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ ငါးနှစ်အထိ ဆက်လက်တားဆီးမိန့်ထုတ်ပြန်နိုင်ကြောင်း၊ ၂၀၀၈ ခုနှစ် မေလ ၂၈ ရက်နေ့တွင် စတင်ခဲ့သည့် တားဆီးမိန့်သည် ၂၀၀၉ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ပြည့်မြောက်မည်ဖြစ်ပြီး ကာလအားဖြင့် လေးနှစ် ခြောက်လ ပြည့်မြောက်မည်ဖြစ်ပြီး ဥပဒေကြောင်းအရ နောက်ထပ်ခြောက်လ တားဆီးနိုင်သေးကြောင်း ရဲမှူးချုပ် မြင့်သိန်း၏ ပြောကြားချက်ကို နိုင်ငံပိုင်သတင်းဌာနများတွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပထမအကြိမ် တက်ရောက်ခွင့်ရခဲ့သော သတင်းဂျာနယ်ငါးစောင်အပြင် ထပ်မံ၍ The Voice Weekly ၊ 7 Day News ၊ Newswatch၊ Myanmar Newsweek နှင့် Trust News တို့ ငါးစောင်အပါအဝင် စုစုပေါင်း ပြည်တွင်းသတင်းဂျာနယ် ၁၀ စောင်မှ အယ်ဒီတာသတင်းထောက် ၁၀ ဦး၊ ယခင်ပထမအကြိမ်တက်ရောက်ခွင့်ရသူ ငါးဦးမပါ ထပ်မံမဲနှိုက်ရွေးချယ်ထား



**အမေရိကန်ရေကူးသမား ယက်တော နေအိမ်အတွင်း ဝင်ရောက်မှုဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို စွဲချက်တင်တရားစွဲဆိုခဲ့သည့်သတင်းသည် ၂၀၀၉ခုနှစ်အတွင်း အထူးခြားဆုံးသတင်းတစ်ခုဖြစ်သည်**

www.foreverspace.com.mm

သော နိုင်ငံခြားသတင်းထောက် ၁၅ ဦး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန် ၄၅ ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ တရားရေးဝန်ထမ်း ၂၀ ခန့် တက်ရောက်ခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေ ဦးလှမျိုးမြင့်တစ်ဦးသာ တက်ရောက်ခဲ့ပြီး ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်းတို့ တက်ရောက်ခြင်း မရှိခဲ့ကြောင်း မေလ ၂၆ ရက်နေ့ညတွင် နိုင်ငံပိုင်ရုပ်သံမီဒီယာများ၌ ထုတ်လွှင့်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့သည့်လမ်း များကို သရုပ်ပြခြင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း

အမေရိကန်နိုင်ငံသား Mr.John William Yettaw အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ အင်းလျားကန်မှ ဝင်ရောက်ခဲ့သည့်လမ်းကြောင်းနှင့် ပြန်လည်ထွက်ခွာသည့်လမ်းကြောင်းများနှင့်စပ်လျဉ်း၍ ခရိုင်တရားသူကြီးနှင့် ခရိုင်ဥပဒေအရာရှိ Mr.John William Yettaw ၏ အကျိုးဆောင်ရှေ့နေတို့မှ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း မေလ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြခဲ့သည်။

Mr.John William Yettaw သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းသို့ ပထမအကြိမ်ဝင်ရောက်ရာတွင်လည်းကောင်း၊ ၂၀၀၉ ခုနှစ် မေလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ဒုတိယအကြိမ် ဝင်ရောက်ရာတွင်လည်းကောင်း တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားမြိုင်လမ်းထောင့်ရှိ ကန့်လန့်ဖြတ်ရေပြွန်ကြီးအတွင်းမှ အင်းလျားကန်အတွင်းထွက်ပြီး ကန်စပ်လမ်းအတိုင်း ဒေါ်အောင်ဆန်းစုကြည်၏ အနောက်ဘက်နှစ်ပေကျော်ခန့်သာမြင့်သော ခြံစည်းရိုးကို ဝင်ရောက်ခဲ့ကြောင်း၊ ပထမအကြိမ်တွင် အဝင်လမ်းအတိုင်း ပြန်ထွက်ခဲ့သော်လည်း ဒုတိယအကြိမ်တွင် အင်းလျားကန်ကိုဖြတ်၍ ကန်သာယာဆေးရုံနှင့် စည်းရိုးခြားနေသော အမေရိကန်သံမှူးအိမ်ခြံတည်ရှိရာဘက်သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း မစ္စတာဂျွန်ဝီလီယံယက်တော၏ ထွက်ဆိုချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသားဝင်ရောက်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဟံသာဝတီလမ်းရှိ မူးယစ်ဆေးဝါးပြတိုက်၌ ဇွန်လ ၂၅ ရက်နေ့က ပြုလုပ်ရာ မစ္စတာဂျွန်ဝီလီယံယက်တောသည် ပထမအကြိမ် ဝင်ရောက်စဉ်ကလည်းကောင်း၊ ဒုတိယအကြိမ်ဝင်ရောက်စဉ်ကလည်းကောင်း တောင်ကိုရီးယားသံရုံးအနီးရှိ ရေထုတ်မြောင်းမှ ပိုက်လိုင်းမှတစ်ဆင့် အင်းလျားကန်အတွင်း ဆင်းခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ခြံဘက်သို့ ရေကူးသွားရောက်ခဲ့ကြောင်း၊ အဆိုပါလမ်းကြောင်းမှာ အန္တရာယ်ကင်းပြီး တိုတောင်းသဖြင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်း မခံခဲ့ရကြောင်း၊ ပထမအကြိမ် ထွက်ခွာရာတွင် အဝင်လမ်းအတိုင်း ထွက်ခွာခဲ့သော်လည်း ဒုတိယအကြိမ်ထွက်ခွာရာတွင် အန္တရာယ်ကင်းကင်းဝင်ထွက်နိုင်သော မူလလမ်းကြောင်းကို အသုံးမပြုဘဲ အကွာအဝေး ကိုက် ၃၀၀၀ ကျော်ရှိသော အင်းလျားရေပြင်ကို အလျားလိုက်ဖြတ်ကူးရသည့်လမ်းကြောင်း အသုံးပြုခဲ့သည့်အတွက် အဖမ်းခံရနိုင်သည့်လမ်းကြောင်းကို တမင်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ယူထားသည့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသားနှစ်ကြိမ်တိုင်ဝင်ရောက်ခဲ့မှုကြောင့် လုံခြုံရေးတာဝန်ရှိသူများကို စုံစမ်းအရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ပြောကြားခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်အမှု ပြန်လည်စစ်ဆေးခြင်း၊ အပြီးသတ် လျှောက်လဲခြင်းနှင့် အမိန့်ချမှတ်ခြင်း

ဒေါ်အောင်ဆန်းစုကြည်၏အကျိုးဆောင်ရှေ့နေများ တင်သွင်းသောသက်သေတင်သွင်းမှုမှာ တရားရုံးချုပ်သို့ရောက်ရှိနေခြင်းနှင့် အမှုတွဲပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မြောက်ပိုင်းခရိုင်တရားရုံးမှ ဇူလိုင် ၃ ရက်နှင့် ဇူလိုင် ၁၀ ရက်သို့ ရုံးချိန်းပေးခဲ့ပြီး အဆိုပါနေ့တွင် ဒေါ်ခင်မိုးမိုးကိုစစ်ဆေးပြီး နှစ်ဖက်ရှေ့နေများ အပြီးသတ်လျှောက်လဲရန် ဇူလိုင် ၂၄ ရက်နေ့သို့ချိန်းဆိုလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်အတွက် အပြီးသတ်လျှောက်လဲချက်ကို ရှေ့နေဦးကြည်ဝင်းကလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အတွက် ဦးလှမျိုးမြင့်တို့ကလည်းကောင်း၊ မစ္စတာဂျွန်ယက်တောအတွက် ဦးခင်မောင်ဦးတို့ကလည်းကောင်း အပြီးသတ်လျှောက်လဲချက်ပေးခဲ့ပြီး တရားလိုအတွက် ခရိုင်ဥပဒေအရာရှိမှ လျှောက်လဲချက်ပေးခဲ့သည်။

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါကန့်သတ်ချက်များ ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုခြင်းခံနေရသူ ဒေါ်အောင်ဆန်းစုကြည်အား ဇူလိုင်လ ၃၁ ရက်နေ့တွင် အပြီးသတ်စီရင်ချက်ချမည်ဟု နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့်ထုတ်ပြန်ခဲ့သော်လည်း စဉ်းစားသုံးသပ်ရန် ဥပဒေရေးရာပြဿနာများရှိသဖြင့် ဩဂုတ်လ ၁၁ ရက်နေ့သို့ ရုံးချိန်းပြောင်းလဲသတ်မှတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုအတွက် အပြီးသတ်စီရင်ချက်ကို ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ချမှတ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကို အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်စီချမှတ်လိုက်ကြောင်း ဩဂုတ်လ ၁၁ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် မြန်မာ့အသံနှင့် မြို့တော်အသံလွှင့်ဌာနတို့က တစ်ပြိုင်တည်း ထုတ်လွှင့်ခဲ့ကြသည်။

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြစ်ဒဏ်မှ ထက်ဝက်လျှော့ချပေး ခြင်းနှင့် ကန့်သတ်ချက်များဖြင့် နေအိမ်၌ နေထိုင်ခွင့်ပြုခြင်း

နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါကန့်သတ်ချက်ဖြင့်

ဒေါ်အောင်ဆန်းစုကြည်အား မြောက်ပိုင်းခရိုင်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ်ချမှတ်ပြီး မိနစ်ပိုင်းအတွင်းမှာ တရားခွင်အတွင်းသို့ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးရောက်ရှိလာခဲ့ပြီး 'ဒေါ်အောင်ဆန်းစုကြည်အပေါ် မလွဲမရှောင်သာတရားစွဲဆိုခဲ့ရခြင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ခဲ့ရပြီး မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အသက်ပေးရယူခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်နေခြင်းကြောင့်လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး အာဃာတများမရှိစေရေးအတွက်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို ရှေးရှု၍လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် အနှောင့်အယှက်မဖြစ်စေရေးအတွက်လည်းကောင်း၊ ပြစ်ဒဏ်၏ ထက်ဝက်ကို လျှော့ချပေးလိုက်ခြင်း၊ ကျန်ရှိသောပြစ်ဒဏ်ကို ဆိုင်းငံ့လိုက်ပြီး ဆိုင်းငံ့ကာလအတွင်း နေအိမ်၌ စည်းကမ်းချက်များဖြင့် နေထိုင်ခွင့်ပြုခဲ့သည်ဟု ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် အမိန့်ချမှတ်ရာ တရားခွင်သို့ နိုင်ငံခြားသံတမန်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများအပါအဝင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည်အမှု အယူခံဝင်ရောက်ခြင်းနှင့် ပလပ်ခံရခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်ချမှတ်ခဲ့ခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည်က ကျေနပ်မှုမရှိသဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ စက်တင်ဘာလ ၃ ရက်နေ့တွင် အယူခံတင်သွင်းခဲ့ပြီး စက်တင်ဘာလ ၁၈ ရက်နေ့တွင် နှစ်ဖက်ရှေ့နေများလျှောက်လဲချက်ပေးခဲ့ကြောင်း နိုင်ငံပိုင် သတင်းမီဒီယာများတွင် ရေးသားဖော်ပြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အယူခံကို အောက်တိုဘာလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း တရားရုံးမှ အမိန့်ချမှတ်ခဲ့ရာ ၁၉၇၄ အခြေခံ ဥပဒေရုပ်ဆိုင်းသွားခဲ့သော်လည်း နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေမှာ တည်ဆဲရှိရင်းစွဲဥပဒေအဖြစ် တည်ရှိနေကြောင်း၊ အခြားမှ ဆက်သွယ်သည်ကိုလက်ခံခြင်းဖြင့် အခြားသို့ ပြန်လည်ဆက်သွယ်သည်ဟု ကောက်ယူသုံးသပ်၍ မူလခရိုင်တရားရုံး၏ စီရင်ချက်ကို အတည်ပြုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ အယူခံကိုမှု ပလပ်ခဲ့သည်။

## တရားရုံးချုပ်သို့ အယူခံဆက်လက်ဝင်ရောက်ခြင်း

ဒေါ်အောင်ဆန်းစုကြည်က အကျိုးဆောင်ရှေ့နေများအား "ဥပဒေလမ်းကြောင်းအရ ဆုံးခန်းတိုင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ အယူခံကို တရားရုံးချုပ်သို့ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တင်သွင်းခဲ့ရာ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် (၆၀၀/ခ) ဖြင့် လက်ခံခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းအတွင်းမှ မြေကွက်တစ်စိတ် တစ်ပိုင်း ဝယ်ယူမည့်သူပေါ်ပေါက်ခြင်း

ဒေါ်အောင်ဆန်းစုကြည်နေအိမ်တည်ရှိရာ ရန်ကုန်မြို့ ဗဟန်း



အမေရိကန်ပြည်ထောင်စုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့တ်ကမ်းဘဲ၏ မြန်မာနိုင်ငံခရီးစဉ်သည် ၁၄နှစ်အတွင်း အမေရိကန်အစိုးရအဆင့်မြင့်အရာရှိတစ်ဦး၏ ပထဦးဆုံးခရီးစဉ်ဖြစ်သည်



www.foreverspace.com.mm

www.foreverspace.com.mm



မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၆ – အိတ်ချ်၊ မြေကွက် အမှတ် ၄၀–အေ၊ ၄၁၊ ၄၂၊ ၄၂အေ၊ ၄၄ဘီ၊ ၄၄စီ၊ ၆၄စီ မြေဧရိယာ ၁ ဒသမ ၈၂၃ ဧကရှိ မြေကွက်ကြီးမှ မခွဲစိတ်ရသေးသောအစိတ်အပိုင်းဖြစ်သည့် မြေကွက်ကြီး၏ မျက်နှာစာဘက်အခြမ်း (အလျားပေ ၁၀၀ × အနံ ပေ ၇၀ ) ကျယ်ဝန်းသော မြေကွက်နှင့်ဆောက်လုပ်ဆဲ အဆောက်အအုံဟောင်းအပါအဝင် ၎င်းနှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးခင်မောင်အေးဆိုသူကပိုင်ဆိုင်ကြောင်း ဝန်ခံပြီးရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာကို ဇူလိုင်လ ၂၄ ရက်နေ့ထုတ်ကြေးမုံ သတင်းစာတွင် ဖော်ပြခဲ့သည်။

ယင်းကြော်ငြာစာနှင့်ပတ်သက်၍ ဦးခင်မောင်အေး၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ဦးဆိုသူက ကန့်ကွက်သည့်ကြော်ငြာစာကိုဩဂုတ်လ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒေါ်တင်တင်ဦးမှာ ဦးခင်မောင်အေး၏တရားဝင်ဇနီးဖြစ်ပြီး ကွာရှင်းပြတ်စဲထားခြင်းမရှိကြောင်း၊ ၎င်းတို့တွင်သား နှစ်ဦး ၊ သမီးလေးဦးရှိပြီး ဖော်ပြပါ မြေကွက်ပေါ်ရှိ အဆောက်အအုံမှာ ဒေါ်တင်တင်ဦးနှင့် သားသမီးများ၏ကိုယ်ပိုင်ငွေဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်မည်ဆိုပါကတရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ယင်းကြော်ငြာစာတွင် ဖော်ပြခဲ့သည်။

ဦးခင်မောင်အေးမှ အဆိုပါ မြေကွက်ရရှိပုံမှာ ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ဒေါ်ခင်ကြည်မှတူတော်စပ်သူဦးခင်မောင်အေးကို ၁၉၈၅ မတ်လ ၄ ရက်နေ့ရက်စွဲဖြင့် မေတ္တာဖြင့်အပိုင်ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း၊ အရောင်းအဝယ်စာချုပ်မဟုတ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်မှ ဖျက်၍မရနိုင်ကြောင်း ဩဂုတ်လ ၇ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်တွင် ဖော်ပြထားချက်များအရသိရသည်။

အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မေတ္တာဖြင့်ပေးကမ်းသည့်ဖြစ်စေ အမွေဆက်ခံပိုင်ခွင့်ရှိသူတစ်ဦးဖြစ်သောဒေါ်အောင်ဆန်းစုကြည်၏ သဘောတူညီမှုပါရှိခြင်းမရှိခြင်းကြောင့် ပေးကမ်းခြင်းအထမမြောက်သဖြင့် ဥပဒေကြောင်းအရကန့်ကွက်သွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်၏အကျိုးဆောင်ရှေ့နေများကပြောကြားခဲ့သည်။

## ဒေါ်အောင်ဆန်းစုကြည် သံတမန်များနှင့် တွေ့ဆုံခြင်း

ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Thomas L. Vajdai၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Andrew Richard Heyn နှင့် ဩစတြေးလျနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Simon Christopher Starr တို့ ၃ ဦးအား အောက်တိုဘာလ ၉ ရက် နံနက် ၁၀နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် တွေ့ဆုံခဲ့သည်။

အလားတူ ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ ၄ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံ ခြားရေးဝန်ကြီးမစ္စတာ ကာ့တ်ကမ်းဘဲလ်နှင့် အင်းလျားလိတ်ဟိုတယ်တွင် ၂နာရီကြာ တွေ့ဆုံခဲ့သည်။

## မြန်မာနိုင်ငံ သံအမတ်ကြီးများအဖြစ်ခန့်အပ်မှုများ

မြန်မာနိုင်ငံအစိုးရသည် ပြည်ပနိုင်ငံများဆိုင်ရာမြန်မာသံအမတ်ကြီးများအဖြစ် အသစ်ခန့်အပ်ခြင်းခံရသူများနှင့် ပြောင်းရွှေ့ခန့်အပ်ခြင်းခံရသူများစာရင်းကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါကြေညာချက်များအရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ဦးခင်မောင်စိုးကိုလည်းကောင်း၊ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ဦးတင်ယုကိုလည်းကောင်း၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ဦးသက်ဦးကိုလည်းကောင်း အသစ်ခန့်အပ်လိုက်ကြောင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိမ်းကို ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ကြောင်း သိရသည်။

## သံတမန်အဆက်အသွယ်သစ်များ

၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် အင်ဒိုရာနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် ပထမဆုံးသံတမန်အဆက်အသွယ်စတင်ပြုလုပ်ခဲ့သည်။ ယင်းကဲ့သို့သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် အင်ဒိုရာအမြဲတမ်းကိုယ်စားလှယ်တို့ နယူးယောက်မြို့တွင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။



www.foreverspace.com.mm



မြန်မာနိုင်ငံနှင့် ဇင်ဘာဘွေသမ္မတနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ကိုလည်း ဩဂုတ်လ ၂၇ ရက်တွင်စတင်ခဲ့သည်။ အဆိုပါ သံတမန်အဆက်အသွယ်နှင့် ပတ်သက်သည့် သဘောတူညီချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇင်ဘာဘွေသမ္မတနိုင်ငံသံအမတ်ကြီးတို့ ဩဂုတ်လ ၂၇ ရက်နေ့တွင် အိန္ဒိယနိုင်ငံနယူးဒေလီမြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။

အလားတူ မြန်မာနိုင်ငံနှင့်ဘာရိန်းနိုင်ငံတို့သည် ၂၀၀၉ ခုနှစ်နိုဝင်ဘာလ ၁၀ ရက်နေ့မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်စတင်ပြုလုပ်လိုက်ပြီဖြစ်ကြောင်း သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ဘာရိန်းအမြဲတမ်းကိုယ်စားလှယ်တို့ နယူးယောက်မြို့တွင်လက်မှတ်ရေးထိုးခဲ့သည်။ ဘာရိန်းနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံ ၁၀၀ မြောက် သံတမန်ထူထောင်သည့် နိုင်ငံဖြစ်သည်။

## အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးမြို့တော်များ ထူထောင်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့တို့ ချစ်ကြည်ရေးမြို့တော် ဆက်ဆံမှုတည်ထောင်ရန် နားလည်မှုစာချွန်လွှာကို ဇူလိုင်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် နန်နင်းမြို့တော်ဝန် နှင့် ရန်ကုန်မြို့တော်ဝန်တို့နှစ်ဦး လက်မှတ်ရေးထိုးခဲ့သည်။ ရန်ကုန်မြို့တော်နှင့် ချစ်ကြည်ရေးမြို့တော်အဖြစ်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးထားသော တရုတ်နိုင်ငံအတွင်းရှိမြို့များမှာ ယခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နန်နင်းမြို့အပါအဝင် သုံးမြို့အထိ ရှိလာပြီဖြစ်သည်။

ရန်ကုန်မြို့နှင့် ရန်ကျိုးမြို့တော်ကို ၂၀၀၀ ပြည့်နှစ်မတိုင်မီကလည်းကောင်း၊ ကူမင်းမြို့နှင့် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း ညီအစ်မမြို့တော်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သော ပုဂံမြို့နှင့် လာအိုနိုင်ငံရှိ လွမ်ပရာဘမ်မြို့တို့အား ညီအစ်မမြို့တော်ပြုရေး နားလည်မှုစာချွန်လွှာကို မေလ ၁၃ ရက်နေ့က ပုဂံမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများလက်မှတ်ရေးထိုးခဲ့ကြသည်။

## ကိုးကန့်ဒေသတွင် ပစ်ခတ်မှုများဖြစ်ပွားခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကိုးကန့်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှု ဩဂုတ်လ ၂၇ ရက်နေ့မှ စတင်ပြီး ၂၉ ရက်နေ့အထိ ၃ ရက်ကြာဖြစ်ပွားခဲ့ခြင်းမှာ ၂၀၀၉ ခုနှစ်အတွင်း ထူးခြားသည့် ပဋိပက္ခတစ်ခုဖြစ်သည်။

ဦးဖုန်ကြားရှင်ကို သစ္စာခံသောကိုးကန့်တပ်ဖွဲ့ဝင်များက ဓားစာခံ အဖြစ်ဖမ်းဆီးထားခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၉ ဦးကို ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာမှ ဩဂုတ်လ ၂၇ ရက်နေ့တွင် နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ဩဂုတ်လ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ပစ်ခတ်မှုများပြီးဆုံးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် တပ်မတော်သားကျဆုံး ၁၁ ဦး၊ ဒဏ်ရာရ ၃၄ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှကျဆုံး ၁၅ ဦး၊ ဒဏ်ရာရ ၁၃ ဦး၊ ဦးဖုန်ကြားရှင်သစ္စာခံ ကိုးကန့်တပ်ဖွဲ့မှ သေဆုံးသူ ၈ ဦး တွေ့ရှိခဲ့ကြောင်းနှင့် ပစ်ခတ်ခံထားရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများကိုလည်း နိုင်ငံပိုင်မီဒီယာများတွင် ထင်ရှားစွာဖော်ပြထားသည်။

ကိုးကန့်ဒေသတွင်ဖြစ်ပွားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးဖုန်ကြားရှင်အပါအဝင် ပုဂ္ဂိုလ်(၄)ဦးနှင့်သာသက်ဆိုင်ကြောင်းနှင့် မသိနားမလည်ဘဲ လိုက်ပါဆောင်ရွက်ခဲ့ကြသူ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဩဂုတ်လ ၃၀ ရက်နေ့ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/ ၂၀၀၉ ကို ထုတ်ပြန်ကြေညာခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၁)ကိုးကန့် နယ်မြေတွင် တရားမဝင်လက်နက်/ခဲယမ်း ထုတ်လုပ်ရောင်းချသောစက်ရုံတစ် ရုံကို ၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရွှင်၊ ဦးဖုန်တာလီတို့ကို ဆင့်ခေါ်ခဲ့ရာ အထူးဒေသ(၁) ခေါင်းဆောင်များအတွင်း အမြင်မတူဘဲ သဘောထားကွဲလွဲမှုများဖြစ်ပေါ် ခဲ့ပြီး ဦးဖုန်ကြားရှင်အပါအဝင် အထက်ပါပုဂ္ဂိုလ်လေးဦးမှာ ကိုးကန့်ဒေသမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီက ဩဂုတ်လ ၃၀ ရက်နေ့ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာလ ၈ ရက်နေ့ ညနေ ၆ နာရီအထိ ရန်လုံကျိုင်းနှင့် ချင်းရွှေဟော်နယ်စပ်ဂိတ်များမှတစ်ဆင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် ဒေသခံပြည်သူဦးရေမှာ ၁၅၆၀၇ ဦး ရှိပြီဖြစ်ကြောင်း စက်တင်ဘာလ ၉ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများနှင့်စက်တင်ဘာလ ၆ ရက်နေ့က လောက်ကိုင်မြို့တွင် တွေ့ဆုံခဲ့သည်။

www.foreverspace.com.mm

## ကိုးကန့်ဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ ကျဆုံးခြင်း၊ ခိုးမှုကျူးလွန်သူ ၅၀ ကျော် ဖမ်းဆီးခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသတွင် တရားမဝင် လက်နက်စက်ရုံစစ်ဆေးဖော်ထုတ်ခဲ့ရာမှ စတင်ခဲ့သောဖြစ်စဉ်တွင် ဓားစာခံအဖြစ် ထိန်းသိမ်းခံခဲ့ရသော ရဲတပ်ဖွဲ့များအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ ကျဆုံးခဲ့သည်ဟု ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင်ရေးသားခဲ့ခြင်းမှာလည်း ယခုနှစ်အတွင်း ထူးခြားသော အဖြစ်အပျက်ဟုဆိုနိုင်သည်။

၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သတင်းပေးချက်အရ ကိုးကန့်ဒေသရှိ တရားမဝင်လက်နက်စက်ရုံကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့သဖြင့် ဦးဖုန်ကြားရှင်အပါအဝင် တာဝန်ရှိသူလေးဦးကို ဖြေရှင်းရန် ဆင့်ခေါ်ခဲ့ရာတွင် လာရောက်မှုမရှိဘဲ ရန်လုံကျိုင်းနယ်စပ်ဂိတ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင် ၃၉ ဦးကို ဩဂုတ်လ ၂၇ ရက်နေ့တွင် ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လ ၂၇ ရက်နေ့ညနေတွင် ဓားစာခံလွတ်မြောက်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ရာတွင် ဦးဖုန်ကြားရှင်၏ သစ္စာခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက စတင်ပစ်ခတ်မှုကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နှစ်ရက်အကြာတွင် ဓားစာခံ ၃၉ ဦးတွင် ၂၅ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၁၄ ဦးမှာ အချုပ်ခန်းအနီးတွင် အနီးကပ်ပစ်ခတ်ခံခဲ့ရသည်။

ဓားစာခံလွတ်မြောက်ရေးဆောင်ရွက်ခဲ့ရာတွင် တပ်မတော်သား ၁၁ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးပါ ထပ်မံကျဆုံးခဲ့ရသဖြင့် စုစုပေါင်း ကျဆုံးခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်အရေအတွက်မှာ ၄၀ ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ရေးသားခဲ့သည်။ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကိုးကန့်ဖြစ်စဉ် ပေါ်ပေါက်နေစဉ်အတွင်း လောက်ကိုင်နှင့် ချင်းရွှေဟော်မြို့များတွင် ခိုးမှုကျူးလွန်သူ ၅၁ ဦးကို သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ပြီး ၂၀၀၉ ခုနှစ်အတွင်း အရေအတွက်အများဆုံး ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဆက်တိုက် သတင်းဖော်ပြခဲ့သည်။

## ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေသ(၂) တို့တွင် နယ်ခြားစောင့်တပ်များ ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံ၏ တရားဝင်လက်နက် ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များ အဖြစ်တာဝန်ထမ်းဆောင်ရန် ပထမဆုံး ဖွဲ့စည်းသောနယ်ခြားစောင့်တပ်များအဖြစ် ကချင်ပြည်နယ် အထူးဒေသ (၁)(NDAK)နှင့် ကယားပြည်နယ်အထူးဒေသ(၂) (ကလလတ)တို့တွင် နယ်ခြားစောင့်တပ်များ နိုဝင်ဘာလ ၁၀ရက်နေ့က စတင်ဖွဲ့စည်းခဲ့သည်။

ကချင်ပြည်နယ်အထူးဒေသ(၁)၏ နယ်ခြားစောင့်တပ်ဖွဲ့စည်းခြင်းကို ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့၌ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က တစ်ချိန်တည်းတစ်ပြိုင်တည်းကျင်းပခဲ့ပြီး ကယားပြည်နယ်အထူးဒေသ(၂)အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းကို နိုဝင်ဘာလ ၈ရက်နေ့တွင် ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသတို့တွင် ကျင်းပခဲ့သည်။

အဆိုပါနယ်ခြားစောင့်တပ်ဖွဲ့ဝင်များကို တပ်မတော်သား တစ်ဦးရရှိခံစား ရသည့်အတိုင်း အစိုးရက လစာ၊ ရိက္ခာ၊ အဝတ်အစားများချီးမြှင့်ထောက်ပံ့မည် ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁)ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ကို ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ခရိုင် စီအောဒေသ၌ ဖွင့်လှစ်ခဲ့သည်။

## အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်များကို ပယ်ချသည့် ကြေညာချက်များ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာခြင်း

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်သော မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၈ ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာပါ မြန်မာနိုင်ငံအစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လက်မခံဘဲပယ်ချကြောင်း ကြေညာချက် တစ်ရပ်ကို မတ်လ ၄ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အလားတူ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ထုတ်ပြန်သော နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူဟာအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတာဝန်ဝတ္တရား သိသိသာသာပျက်ကွက်ခဲ့သည့် ကမ္ဘာ့နိုင်ငံ သုံးနိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း ဖော်ပြခဲ့ရာ ယင်းဖော်ပြချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လက်မခံဘဲ ပယ်ချသည့် ကြေညာချက်ကို ယင်းနေ့တွင်ပင် ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရသည်။

## ငါးထောင်ကျပ်တန်များ အသစ်ထုတ်ဝေခြင်း

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သော ငွေစက္ကူများတွင် ကိန်းဂဏန်းအားဖြင့် အကြီးဆုံးဖြစ်သည့် ငါးထောင်တန်များ အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ဝေမည်ဟူသော သတင်းတရားဝင်ထုတ်ပြန်ချက်သည် ပြည်သူအများ၏ ဘဝနှင့် တိုက်ရိုက်ပတ်သက်နေသကဲ့သို့ ၂၀၀၉ ခုနှစ်အတွင်း ပြည်သူအများ

www.foreverspace.com.mm





လှုပ်လှုပ်ရှားရှားဖြင့် အထူးစိတ်ဝင်စားခဲ့သော သတင်းတစ်ရပ်ဖြစ်ခဲ့သည်။

စက်တင်ဘာလနေ့ထုတ် The Voice Weekly အယ်ဒီတာ့အာဘော်တွင် ငါးထောင်တန်ကိစ္စဖော်ပြချက်မှာ ထိုစဉ်က အခြေအနေအားလုံးကို ခြုံငုံမိသောကြောင့် တိုက်ရိုက်ထည့်သွင်းဖော်ပြလိုက်ပါသည်။

"မြန်မာနိုင်ငံတွင် ယနေ့ခေတ်အစားဆုံးမေးခွန်းမှာ ကျပ်ငါးထောင်တန်ကြောင့် Inflation ခေါ် ငွေကြေးဖောင်းပွမှုဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသောမေးခွန်း ဖြစ်ပေသည်။ အမှန်အားဖြင့် ဤမေးခွန်းသည် ဝါဂွမ်းတစ်ပိဿာနှင့် သံတစ်ပိဿာ ဘယ်အရာကပိုလေးသနည်းဆိုသော မေးခွန်းမျိုးပင်ဖြစ်ပေသည်။

ငွေကြေးဖောင်းပွမှုဆိုသည်မှာ ကုန်ပစ္စည်းပြတ်လပ်မှုကြောင့်မဟုတ်လျှင် ရှိသင့်ရှိထိုက်သော Money in Circulation ခေါ် လည်ပတ်ငွေကြေးထက် မည်မျှပိုမိုရိုက်နှိပ်ထားသနည်းဆိုသော သဘောတရားဖြစ်ရာ မည်သည့်ငွေစက္ကူအမျိုးအစားကို ရိုက်နှိပ်သနည်းဆိုသောအချက်နှင့် သက်ဆိုင်ခြင်းမရှိလှပေ။

ယေဘုယျအားဖြင့် အစိုးရသည် ၎င်းအနေဖြင့် ရိုက်နှိပ်ရန်လိုအပ်သည်ဟု ယူဆသောပမာဏကို ကျပ်ငါးထောင်တန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရိုက်နှိပ်မည်ဖြစ်ရာ ငွေကြေးဖောင်းပွရန်ရှိခဲ့လျှင်လည်း ထိုပမာဏကြောင့်(တစ်ပိဿာ) ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပြီး ကျပ်ငါးထောင်တန်ငွေစက္ကူများကြောင့်ဟု ပြော၍မရပေ။ အမှန်အားဖြင့် ယနေ့ထွက်ပေါ်ရန်ရှိသည့် အကြီးဆုံးငွေစက္ကူသည် ငါးဒေါ်လာတန်ငွေစက္ကူထက်သေးနေပါသေးသည်။

တစ်ဖက်တွင်လည်း ငွေစက္ကူတစ်ရွက်၏ Cost of Production ခေါ် ထုတ်လုပ်မှု ကုန်ကျစရိတ်သည် ကျပ် ၇၀၀ နီးပါးရှိရာ ရိုက်နှိပ်ရန်ရည်ရွယ်ထားသည့်ငွေကြေးကို ကျပ်ငါးထောင်တန်ရိုက်နှိပ်ခြင်းက ကျပ်တစ်ထောင်တန် ရိုက်နှိပ်ခြင်းထက် ပို၍တွက်ခြေကိုက်ပြီး ရသုံးမှန်းခြေငွေစာရင်းတွင် ဝန်ထုပ်ဝန်ပိုး သက်သာစေသည်ကိုတွေ့ရမည်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ငွေကြေးဖောင်းပွမှုဖြစ်ရန်ရှိလျှင် ၅,၀၀၀ ကျပ်တန်ဖြင့် ဖြစ်ရခြင်းက ၁,၀၀၀ တန်ဖြင့် ဖြစ်ရခြင်းထက် ဘတ်ဂျက်ဝန်ထုပ်ဝန်ပိုး ကုန်ကျစရိတ်သက်သာသောကြောင့် များစွာကြိုဆိုရမည့်ကိစ္စလည်း ဖြစ်ပေသည်။ နားလည်သလောက် ပြောရလျှင် အစိုးရသည် ဘတ်ဂျက်ပိုငွေပြရန် ကြိုးစားနေချိန်ဖြစ်ရာ ကျပ်ငါးထောင်တန်ကြောင့် သက်ရောက်မှုသည် သံတစ်ပိဿာကပိုလေးသည်ဟု ကောက်ယူသူ အနည်းငယ်ကြောင့် မြင်ရသည့် Panic ခေါ် တုန်လှုပ်မှုထက် များစွာပိုမိုလိမ့်မည်ဟု မယူဆပါ။

Us Them ခွဲခြားမှုတွင် ပိတ်မိနေပုံရသော ပညာရှင်များကိုယ်တိုင် ၅,၀၀၀ ကျပ်တန်ထုတ်ဝေခြင်းသည် ရေရှည်အတွက်ကောင်းပါသည်ဟု ပညာရှင်ပီသသည့် မှတ်ချက်မျိုးပေးရန် တွန့်ဆုတ်နေခဲ့ကြသည်ကို တွေ့ရသောကြောင့် အထူးပင်ဝမ်းနည်းမိပါကြောင်း..."။

ထုတ်ဝေမည်ဟုသောသတင်းထွက်အပြီး နောက်တစ်နေ့တွင်ပင် ရွှေဈေးမှာ ကျပ် ၅၉၀,၀၀၀ ရှိနေရာမှ ကျပ် ၆၀၀,၀၀၀ သို့လည်းကောင်း၊ ငွေမာဈေးမှာ ကျပ် ၁၀၈၀ မှ ၁၁၅၀ သို့လည်းကောင်း ခုန်တက်သွားခဲ့သည်။ သို့သော်လည်း မှန်းသလောက်မတက်ခဲ့ဘဲ ၂ ရက်ခန့်အကြာတွင် ပြန်ကျသွားခဲ့သည်။

ငါးထောင်တန်ထွက်ပြီးစတွင် ရွှေနှင့် ငွေမာအတက်ကြမ်းနိုင်ကြောင်း ခန့်မှန်းချက်များရှိခဲ့သော်လည်း မှန်းသလောက် ဈေးမမြင့်ခဲ့ပေ။ ငါးထောင်တန်များကို ဘဏ်များတွင် တစ်ဦးလျှင် နှစ်ရွက်သာ လဲလှယ်ခွင့်ရခြင်းကို တွေ့ရသည့်အတွက် အရေအတွက်ကို ထိန်းချုပ်ထုတ်ဝေပုံရပြီး ထိုအချက်ကြောင့်ပင် ငွေကြေးမဖောင်းပွခဲ့ခြင်းဖြစ်သည်။ မြန်မာငွေမာနေခြင်းသည်လည်း ငါးထောင်တန်ကြောင့် ငွေကြေးမဖောင်းပွခြင်းတွင် အဓိကအချက်တစ်ချက်အဖြစ် ပါဝင်ပုံရသည်။

## ကြက်ဥအတုများတွေ့ရှိခြင်း

မွေးမြူရေးကြက်ဥများနှင့်ပုံစံတူပြီး အပေါ်ယံကြည့်ရုံဖြင့် ခွဲခြား၍မရနိုင်သည့် ဓာတုဗေဒနည်းဖြင့်ပြုလုပ်ထားသော ကြက်ဥအတုများ မြန်မာနိုင်ငံနယ်စပ်ရှိ အချို့သောဒေသများနှင့် ပြည်တွင်းရှိ အချို့သောဒေသများသို့ နယ်စပ်ဒေသများမှတစ်ဆင့် ဝင်ရောက်လာလျက်ရှိကြောင်း ဇူလိုင်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိသည်

ဤကြက်ဥအတု၏အကာပိုင်းကို ဘင်ဇိုရစ် အက်ဆစ်၊ ဂျယ်လီအမည်မသိဓာတုဆေးမှုန့်၊ ကော်ရည်ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုသည့် ဓာတုပစ္စည်းများနှင့် မှန့်ဖုတ်ရာတွင် အသုံးပြုသော ဓာတုပေါင်ဒါများဖြင့် ရောစပ်ပြုလုပ်ထားပြီး အနှစ်ကိုမူ အမည်မသိ အဝါရောင်ပေါင်ဒါမှုန့်ကို အရည်တစ်မျိုးဖြင့် သမအောင်မွှေကာ ကယ်လစီယမ်ကလိုရိုက်ထည့်သွင်းဖျော်စပ်ထားသည့် Magic Water ခေါ်အရည်တစ်မျိုးဖြင့် ရောစပ်ပြုလုပ်ထားကြောင်း၊ လူကိုအာဟာရဖြစ်စေသော ဓာတ်ပစ္စည်းများပါဝင်ခြင်း မရှိသည့်အပြင် ထုတ်လုပ်ရာတွင်အသုံးပြုထားသည့် ဓာတုပစ္စည်းများကြောင့်

www.foreverspace.com.mm





**အပေါ်ယံကြည့်ရုံဖြင့် အစစ်နှင့် ခွဲခြား၍မရနိုင်ဟုဆိုသည်**

စားသုံးမိပါက ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဤမျှလက်ဝင်သည့် လုပ်ငန်းစဉ်များဖြင့် လုပ်ကိုင်ရမည့် ကြက်ဥအတုနှင့်အစစ်ကိုခွဲခြားရန်အတွက် ကြက်ဥကိုကိုင်၍ ခပ်ပြင်းပြင်းလှုပ်ကြည့်ပါက အတုမှာ အဆန်ချောင်နေသည်ကို တွေ့ရမည်ဖြစ်ပြီး အစစ်မှာ အဆန်ချောင်ခြင်းမရှိသည်ကိုတွေ့ရမည် ဖြစ်ကြောင်း၊ မှန်၊ ဇလုံ၊ ပန်းကန်တစ်ခုပေါ်တွင်တင်၍လှည့်ကြည့် ပါက အတုမှာ ဂျင်လည်သကဲ့သို့ မွတ်နေအောင်လည်ပြီးလည်ပတ် ချိန်မှာလည်း ပိုမိုကြာမြင့်ကြောင်း၊ အတုနှင့်အစစ်ကို ယှဉ်ကြည့် ပါက အတု၏အရောင်ကပိုရင့်ကြောင်း၊ အတု၏အခွံသည် ဖယောင်းနှင့်ပြုလုပ်ထားခြင်းဖြစ်သည့်အတွက် ပိုမိုအလင်းပြန် ကြောင်း၊ ခွဲကြည့်မည်ဆိုပါက အတု၏ အကာနှင့်အနှစ်သည် သီးခြားစီဖြစ်မနေဘဲ ရောသွားကြောင်း၊ အတု၏ အခွံ၌ အမြှေးမပါဘဲ အစစ်တွင်သာပါရှိကြောင်း၊ ပြုတ်လိုက်လျှင်လည်း အတုသည် အစစ်ကဲ့သို့ အကာနှင့်အနှစ် သီးခြားစီဖြစ်မနေဘဲ ရောသွား ကြောင်း ယင်းထုတ်ပြန်ချက်တွင် သတိပေးထားသည်ကို တွေ့ရသည်။

ကြက်ဥအတုများဈေးကွက်အတွင်းသို့ရောက်ရှိချိန်တွင် ကြက်ဥတစ်လုံးဈေးနှုန်းမှာ လက်ကားပေါက်ဈေး ၈၀ ကျပ် ဝန်းကျင်နှင့် လက်လီဈေး ၁၂၀ ဝန်းကျင်သာရှိခဲ့သည်။ အင်တာနက်စာမျက်နှာများတွင်လည်း ကြက်ဥအတုပြုလုပ်ပုံအဆင့်ဆင့်ကို ဓာတ်ပုံများနှင့် ဖော်ပြခဲ့ကြသည်ကိုလည်းတွေ့ရသည်။ ကြက်ဥအတုမှာ တစ်လုံးလျှင် ကုန်ကျစရိတ်အနည်းဆုံး ၈၀ ကျပ်အောက် ရှိမှသာ တွက်ခြေကိုက်နိုင်မည်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ကြက်ဥတစ်လုံး၏ ပြင်ပလက်လီပေါက်ဈေးမှာ ကျပ် ၁၀၀ ခန့်သာရှိပြီး လက်ကားဝယ်ယူပါက ကျပ် ၇၀ လောက်နှင့်ပင် ရရှိနေသောကြောင့် ကြက်ဥအတု မြန်မာနိုင်ငံအတွင်း တင်သွင်း ရောင်းချရန် မည်သို့မှ မဖြစ်နိုင်ကြောင်း ယထာဘူတကျကျစဉ်းစားသူများက ဆိုကြသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော် လမ်းပိုင်း ဖွင့်လှစ်ခြင်း

ရန်ကုန်နှင့် နေပြည်တော်အကြား အရှိန်တင်၍မောင်းပါက သုံးနာရီခွဲကျော်ကျော်သာကြာမြင့်သည့် ရန်ကုန်–မန္တလေး အမြန် လမ်းမကြီး၏ ရန်ကုန်–နေပြည်တော် လမ်းအပိုင်းကို မတ်လ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတကာအဝေးပြေးလမ်းများတွင် အသုံးပြုလေ့မရှိသော နှစ်လမ်းပေါင်းအကျယ် ပေ ၅၀ ကွန်ကရစ်ခင်း အဆိုပါလမ်းမကြီး မှာ ရန်ကုန်မြို့ အမှတ်(၃) လမ်းဆုံမှ နေပြည်တော်(စီ)လမ်းဆုံအထိ ၂၀၂ မိုင်တစ်ဖာလုံအရှည်ရှိပြီး ၂၅ ပေအကျယ် အသွားနှစ်လမ်း၊ အပြန်နှစ်လမ်း စုစုပေါင်း လေးလမ်းသွားဖြစ်သည်။ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း Tollgate သုံးခုကို ရန်ကုန်မြို့ အမှတ်(၃) လမ်းဆုံ တွင်တစ်ခု၊ ဖြူးမြို့အနီးတွင်တစ်ခု၊ နေပြည်တော်(စီ)လမ်းဆုံတွင် တစ်ခုဖွင့်လှစ်ထားသည်။

အဆိုပါ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးတွင် အမှတ်(၃) လမ်းဆုံမှ နေပြည်တော် (စီ)လမ်းဆုံအထိ ယာဉ်ဖြတ်သန်းခ ကောက်ခံမည့်နှုန်းထားများကို ငွေကြိုတင်ပေးသွင်းထားနိုင်သည့် Pre Paid Card စနစ်ဖြင့် ဧပြီလ ၃၀ ရက်နေ့မှစတင်ကောက်ခံခဲ့သည်။



**မောင်းနှင်ချိန် လေးနာရီခန့်သာကြာသည့် ရန်ကုန်–နေပြည်တော်အမြန်လမ်းမကြီး**

www.foreverspace.com.mm



## FEC ၅၀ တန် CDMA 450 MHz တစ်ခါသုံး ဖုန်းကတ်

ရက်ပေါင်း ၆၀ အသုံးပြုနိုင်သည့် FEC ၅၀ တန် CDMA 450 MHz တစ်ခါသုံးဖုန်းကတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော စင်ထရယ်မားကတ်တင်းကုမ္ပဏီက ဇွန်လ ၂ ရက်နေ့တွင် စတင်ရောင်းချခဲ့ရာ မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် တတိယမြောက် တစ်ခါသုံးဖုန်းကတ်များအဖြစ် ဈေးကွက်အတွင်းသို့ရောက်ရှိလာခဲ့သည်။

အဆိုပါဖုန်းကတ်များကို GSM ဖုန်း Handset များတွင်ထည့်သွင်းအသုံးပြုမပြုနိုင်ဘဲ သက်တမ်းတိုး၍လည်းမရကြောင်း နှင့် ဖုန်းကတ်သက်တမ်းကို သုံးလပေးထားသော်လည်း ရက်ပေါင်း ၆၀ ပြည့်ပါက အသုံးပြု၍ ရနိုင်မည်မဟုတ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တရားဝင်ထုတ်ပြန်ကြေညာထားသည်။ တစ်ခါသုံး CDMA ကတ်ဖုန်းများမှာ ၀၉၄၇၇× × × သို့မဟုတ် ၁၉၄၈၈× × × နှင့် စသည့်နံပါတ်များဖြစ်ပြီး ဂဏန်းရှစ်လုံးပါဝင်သည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများနှင့် CDMA ကွန်ရက်မိသည့် နေရာများတွင် သုံးစွဲနိုင်မည်ဖြစ်သည်။

အဝင်ရော အထွက်ပါပေးဆောင်ရသည့် FEC ၁၀တန်နှင့် ၂၀ တန် တစ်ခါသုံး GSM SIM ကတ်များကို ရန်ကုန်မြို့တော်တွင် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ကစတင်ရောင်းချခဲ့သည်။ FEC ၁၀တန် ကတ်များမှာ သုံးစွဲနိုင်မှုသက်တမ်းတိုသဖြင့် ဈေးကွက်အတွင်းရောင်းချပြီး ကာလအနည်းငယ်တွင်ပင် ထုတ်လုပ်မှုရပ်ဆိုင်းခဲ့သည်ကိုတွေ့ရသည်။ လက်ရှိအခြေအနေတွင် FEC ၂၀တန် ကတ်အရေအတွက် ၇ သိန်းနီးပါးရောင်းချခဲ့ပြီးဖြစ်သည်။



**FEC ၅၀ တန် CDMA 450 MHz တစ်ခါသုံးဖုန်းကတ်များ ရောင်းချနေသောဆိုင်တစ်ဆိုင်**

## ကုလသမဂ္ဂအထွေထွေညီလာခံနှင့် G 20 ထိပ်သီးဆွေးနွေးပွဲသို့ မြန်မာသတင်းသမားများတက်ရောက် သတင်းရယူခြင်း



**မြန်မာသတင်းမီဒီယာလောကအတွက် အကြီးမားဆုံးအခွင့်အလမ်းတစ်ရပ်ဖြစ်သည်**

အမေရိကန်ပြည်ထောင်စုနှင့် နယူးယောက်မြို့တွင်ကျင်းပလျက်ရှိသော (၆၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ မြန်မာနိုင်ငံတွင် တရားဝင်ထုတ်ဝေလျက်ရှိသော ပုဂ္ဂလိကသတင်းဂျာနယ်များမှ သတင်းစာဆရာလေးဦး တက်ရောက်သတင်းရယူခဲ့ခြင်းမှာ မြန်မာပုံနှိပ်မီဒီယာလောကနှင့် သတင်းမီဒီယာလောကအတွက် အကြီးမားဆုံးအခွင့်အလမ်းတစ်ရပ်ပေါ်ပေါက်ခြင်းနှင့်အပြုသဘောတိုးတက်ပြောင်းလဲမှုတစ်ရပ်ဖြစ်သည့်အတွက် လေးနက်စွာအသိအမှတ်ပြုမှတ်တမ်းတင်ရမည့်အကြောင်းအရာဖြစ်သည်။

ရန်ကုန်မြို့တော်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး၏ ကူညီပံ့ပိုးမှုဖြင့် အထွေထွေညီလာခံသို့ တက်ရောက်သတင်းရယူခဲ့သူများမှာ Living Color Media, 7 Day, ရန်ကုန်တိုင်းမ်နှင့် မြန်မာတိုင်းမ်တို့မှ သတင်းစာဆရာများဖြစ်ကြသည်။

အထွေထွေညီလာခံအပြင် G 20 ထိပ်သီးဆွေးနွေးပွဲသို့ပါ သတင်းစာဆရာလေးဦးတက်ရောက်ခဲ့ပြီး ၎င်းတို့ရောက်ရှိလာခဲ့ခြင်းအပေါ် နိုင်ငံတကာမီဒီယာများက အံ့အားသင့်ခဲ့ကြပြီး ကူညီလမ်းညွှန်ပေးခဲ့ကြသည်။

## FM လိုင်းသစ်ရှစ်ခု ပုဂ္ဂလိကသို့လုပ်ကိုင်ခွင့်ပြုလိုက်ခြင်း

မြန်မာနိုင်ငံတွင် FM အသံလွှင့်မီဒီယာလုပ်ငန်းများကို ရန်ကုန်နှင့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှသာလုပ်ကိုင်လျက်ရှိရာမှ ၂၀၀၉ ခုနှစ်အတွင်းတွင် ပြည်နယ်နှင့်တိုင်းများအလိုက် နယ်မြေသတ်မှတ်ချက်များဖြင့်လုပ်ကိုင်ဆောင်ရွက်ရန် FM လိုင်းရှစ်ခုကို ပုဂ္ဂလိကသို့လုပ်ကိုင်ခွင့်ပြုလိုက်ခြင်းမှာ ယခုနှစ်အ တွက် ထူးခြားသည့်မှတ်တိုင်တစ်ခုဖြစ်သည်။ FM

www.foreverspace.com.mm



လိုင်းထုတ်လွှင့် ခွင့်ရရှိသည့်ကုမ္ပဏီများတွင် ထူးထရေးဒင်း၊ ဇေကမ္ဘာ၊ ရွှေသံလွင် အစရှိသည့် ကုမ္ပဏီကြီးများပါဝင်သည်ကို တွေ့ရသည်။

Golden Wave ကုမ္ပဏီမှ စီစဉ်ထုတ်လွှင့်ပြီး ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းစသည့် ဒေသများမှ ဖမ်းယူရရှိနိုင်မည့် ရွှေအက်ဖ်အမ် ရေဒီယိုလိုင်းကို ၂၀၀၉ ခုနှစ်၊ ဩဂုတ်လအတွင်းကစတင်ထုတ်လွှင့်ခဲ့သည်။ အလားတူ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်းနှင့်မြောက်ပိုင်းနှင့် ကယားပြည်နယ်ရှိ မြို့ ၃၀ ကိုအဓိက ဦးတည်ထုတ်လွှင့်မည့် ဇေကမ္ဘာကုမ္ပဏီလီမိတက်၏ ချယ်ရီအက်ဖ်အမ်ရေဒီယိုလိုင်းကို ဩဂုတ်လ ၁၇ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သည်။ ချယ်ရီအက်ဖ်အမ် ဖမ်းယူရရှိနိုင်သောလိုင်းမှာ ၈၉.၈ MHz ဖြစ်သည်။ သိန်းကျော်ကျော်ကုမ္ပဏီလီမိတက်မှ စီစဉ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် အနီးတစ်ဝိုက်တွင် ၈၈.၉ MHz ဖြင့် ဖမ်းယူရရှိနိုင်မည့် ပတ္တမြားအက်ဖ်အမ်လိုင်းကို အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သည်။ ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ထုတ်လွှင့်ခွင့်ရရှိထားသော အက်ဖ်အမ်ပုဂံကို ရှော့ခ်တေးသံရှင်ဇော်ဝင်းထွဋ်က ထိုင်းနိုင်ငံ Channel 3 အကူအညီဖြင့်တာဝန်ယူထုတ်လွှင့်မည်ဖြစ်သည်။ အက်ဖ်အမ်ပုဂံကို မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့မှ ဖမ်းယူနားဆင်နိုင်မည်ဖြစ်ပြီး ဒီဇင်ဘာလတွင် စတင်ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိသည်။ မန္တလေး FM ၏ ညီနောင်အသံလွှင့်ဌာနတစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ဖမ်းယူနားဆင်နိုင်မည့် ပဥ္စဝတီအက်ဖ်အမ် ကိုလည်း ၂၀၀၉ ခုနှစ် မတ်လ ၂၇ ရက်နေမှ စတင်ထုတ်လွှင့်ခဲ့သည်။

## ရေလုပ်ငန်းကဏ္ဍ

၂၀၀၈–၂၀၀၉ ခုနှစ်အတွင်းက ရေထွက်ပစ္စည်းပို့ကုန်လျာထားချက်များထဲတွင် ဒုတိယအများဆုံးရှာဖွေပေးနိုင်ခဲ့သည်ပုစွန်မွေးမြူတင်ပို့မှုလုပ်ငန်းသည် ယခုနှစ်တွင် ၂၀၀၈ ခုနှစ်နောက်ပိုင်းကြုံတွေ့ခဲ့ရသော Global Financial Crisis ၏ ဒဏ်ကြောင့် ပြည်ပပုစွန်အဝယ်ဈေးနှုန်းများ အဆမတန်ကျဆင်းခဲ့ရပြီး အကျိုးအမြတ်ရရှိရန် အခွင့်အလမ်းအလွန်နည်းပါးသွားခြင်းကြောင့် ပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများမှာ လက်ရှိအချိန်တွင် ရပ်တန့်လျက်ရှိခြင်းမှာ ရေလုပ်ငန်းနယ်ပယ်အတွင်းမှတ်တမ်းတင်ရမည့်အကြောင်းအရာတစ်ရပ်ဖြစ်ခဲ့သည်။

၂၀၀၉–၂၀၁၀ ခု ဘဏ္ဍာရေးနှစ်၏ ရေထွက်ကုန်ပစ္စည်းပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိရန် လျာထားဆောင်ရွက်လျက်ရှိသော်လည်း နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ငါးလုပ်ငန်းဦးစီးဌာနစာရင်းများအရဆိုလျှင် ရေထွက်ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၂၈၃ သန်းခန့် လျာထားချက်၏ ၄၀.၄၃ ရာခိုင်နှုန်းခန့်သာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သေးသည်ကို တွေ့ရသည်။

ယခုနှစ်တွင် ပြည်ပပို့ကုန်အမယ်များအနက် ဝယ်လိုအားကောင်းသည့်ရေထွက်ကုန်များထဲတွင် ကဏန်းပျော့တင်ပို့မှုပါဝင်လာသည်။ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်တွင် ပြည်ပသို့ ကဏန်းတင်ပို့မှုမှာ တန်ချိန် ၁၂၅၃၀ တင်ပို့နိုင်ခဲ့ပြီး US$ ၂၇ ဒသမ ၉ သန်းရရှိခဲ့သည်။

နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ကဏန်းတင်ပို့မှုလျာထားချက် အမေရိကန်ဒေါ်လာ ၃၅ သန်းအနက် ၂၀.၆၇ သန်းခန့် (အကောင်အထည်ဖော်မှုရာခိုင်နှုန်း ၅၉ ရာခိုင်နှုန်း)၊ ငါးရှဉ့်တင်ပို့မှုလျာထားချက် အမေရိကန်ဒေါ်လာ ၂၅ သန်းအနက် ၁၂.၇ သန်းခန့် (အကောင်အထည်ဖော်မှုရာခိုင်နှုန်း ၅၁ ရာခိုင်နှုန်း)ရရှိပြီးဖြစ်သည်။



ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဂယက်ကြောင့် ရေလုပ်ငန်းကဏ္ဍ ပို့ကုန်ရာထားချက်မပြည့်မီခဲ့ပေ

www.foreverspace.com.mm



ရေထွက်ပစ္စည်းပြည်ပပို့ကုန်လျာထားချက်များကို ကဏ္ဍအသီးသီးအလိုက် တာဝန်ချထားဆောင်ရွက်ရာ၌ ရေချိုငါးမွေးမြူတင်ပို့မှုကဏ္ဍသည် လျာထားချက်တာဝန်အများဆုံးယူထားသည့်ကဏ္ဍဖြစ်သည်။ ရေချိုငါးထုတ်လုပ်မှုမှ အမေရိကန်ဒေါ်လာသန်း ၁၂၀ လျာထားဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာလအထိ ခုနစ်လတာအတွင်း အမေရိကန်ဒေါ်လာ ၅၇.၁၆၃ သန်းရရှိထားပြီးဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ ငါးမြစ်ချင်းပြည်ပတင်ပို့မှုအနေအထားအရဆိုလျှင် မြန်မာနိုင်ငံ၏ ငါးမြစ်ချင်းမွေးမြူတင်ပို့မှုမှာ ကမ္ဘာ့ဈေးကွက်တွင် ပထမအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုကို အမေရိကန်ဒေါ်လာ သန်း ၇၅၀ လျာထားဆောင်ရွက်သည့်နေရာ၌ ရေထွက်ကုန်ပစ္စည်းမျိုးစုံမက်ထရစ် ၃၃သမ၂၅သိန်းတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၀၈ သန်းရရှိခဲ့သည်။ ဈေးနှုန်းအနေအထားကြောင့် ပို့ကုန်ရငွေလျော့နည်းသော်လည်း ပို့ကုန်ပိုင်းတွင် သိသာစွာလျော့နည်းခြင်းမရှိသည်ကို တွေ့ရသည်။

၂၀၀၉-၂၀၁၀ ခု ဘဏ္ဍာရေးနှစ်အတွက် ရေထွက်ကုန်ပစ္စည်း၊ ပြည်ပပို့ကုန်လျာထားချက်ပြည့်မီရေးမှာလည်း ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဂယက်၏နောက်ဆက်တွဲပြဿနာများဖြစ်သည်။ ကုန်ဈေးနှုန်းများကျဆင်းခြင်း၊ ငွေလဲလှယ်နှုန်းများမတည်ငြိမ်ခြင်း စသည့်ဖြစ်ရပ်များနှင့် ရင်ဆိုင်နေရခြင်းကြောင့် ပို့ကုန်လျာထားချက်ပြည့်မီရေးမှာ အဟန့်အတားသဖွယ်ရင်ဆိုင်နေရသည်။

## စွမ်းအင်ကဏ္ဍ

လွန်ခဲ့သောနှစ်အတန်ကြာကတည်းက အားခဲဆောင်ရွက်ခဲ့ရသော ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရောင်းချရေးနှင့် ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲရေးတို့မှ စီမံကိန်းများ လက်တွေ့စတင်အကောင်အထည်ဖော်နိုင်သော တိုးတက်မှုနှစ်ရပ်သည် ယခုနှစ် မြန်မာ့စွမ်းအင်ကဏ္ဍ၏ ထူးခြားမှုကြီးနှစ်ခုဖြစ်ခဲ့သည်။

ထိုနှစ်ခုသည် အာရှတိုက်၏ အကြီးဆုံးသဘာဝဓာတ်ငွေ့စီမံကိန်းကြီးဖြစ်သော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ပို့မည့်ပိုက်လိုင်း စတင်အကောင်အထည်ဖော်ခြင်းနှင့် မြန်မာနိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ပထမဆုံးရေအားလျှပ်စစ်ထုတ်ယူခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေပေးနိုင်မည့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ ပိုက်လိုင်း အောက်တိုဘာလတွင် စတင်အကောင်အထည်ဖော်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာသန်း တစ်ထောင့်ငါးရာကို မှန်မှန်ရရှိနေမည့် လုပ်ငန်းကြီးတစ်ခုကို စတင်နိုင်ခဲ့သည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်။ ယင်းဝင်ငွေအပြင် စီမံကိန်းအခြေစိုက်ရာဒေသမှ




ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် စီမံကိန်းလုပ်ဆောင်သည့် ဒေဝူးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် နှစ်စဉ်အမေရိကန်ဒေါ်လာ ငါးသိန်းသုံးစွဲမည့် လူမှုစီးပွားဖွံ့ဖြိုးမှုအစီအစဉ်များကို အနည်းနှင့်အများဆိုသလို ဒေသခံများ ခံစားခွင့်ရရှိနိုင်မည့် အခွင့်အလမ်းများရလာခြင်းဖြစ်သည်။ ထိုပိုက်လိုင်းစီမံကိန်းနှင့်အတူ ရေနံတင်ဆိပ်ကမ်းစီမံကိန်းကိုလည်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒေးကျွန်းတွင် စတင်ဆောင်ရွက်ခဲ့သည်။

ရေအားလျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲရေးတွင်လည်း ပြည်တွင်းလျှပ်စစ်စွမ်းအင်ဆာလောင်နေသည့် မြန်မာနိုင်ငံအတွက် နိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် ရဲရွာစီမံကိန်း ရေစတင်သိုလှောင်ပြီး ဒီဇင်ဘာလအတွင်း တာဘိုင်တစ်လုံးစတင်လည်ပတ်နိုင်ခဲ့ခြင်းသည် ပြည်တွင်းလိုအပ်ချက်ကို တစ်နည်းတစ်ဖုံ ဖြည့်ဆည်းနိုင်မည့် အခြေအနေများစတင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ထိုစီမံကိန်းသည် ၁၉၂၀ ခုနှစ်ကတည်းက ဗြိတိသျှကုမ္ပဏီတစ်ခုက ပဏာမစူးစမ်းလေ့လာမှုများလုပ်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ရဲရွာသည်စတင်လည်ပတ်နိုင်ပြီဆိုပါက စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေးသည့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများလည်း ယခင်နှစ်များကကဲ့သို့ ဆက်လက်လာရောက်ဆွေးနွေးမှုများရှိခဲ့သည်ကိုတွေ့ရသဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအပေါ် နိုင်ငံတကာက မျက်ခြည်မပြတ်စိတ်ဝင်စားနေသည်ဟု ပြောနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ ဆွေးနွေးမှုများမှ ယခုနှစ်အတွင်း အကောင်အ

www.foreverspace.com.mm

ထည့်ပေါ်လာသော လုပ်ငန်းတစ်ခုမှာ တရုတ်အစိုးရပိုင် CNQOC ကုမ္ပဏီနှင့် အကျိုးတူဆောင်ရွက်လျက်ရှိသော မုတ္တမကမ်းလွန် ရေနံရှာဖွေရေးလုပ်ကွက် M 10 ရှိ ရှာဖွေရေးတွင်းအမှတ် ရွှေပြည်သစ် (၆) ကို နိုဝင်ဘာလ ၅ ရက်နေ့၌ စတင်တူးဖော်ခဲ့ခြင်းဖြစ်သည်။

အထက်ပါအသစ်စတင်အကောင်အထည်ဖော်နိုင်ခဲ့သည့် လုပ်ငန်းများ ပုံမှန်တိုးပွားနေသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် လုပ်ငန်းများနှစ်စဉ်တိုးချဲ့မှုများပြားလာနေသည်ဟု သုံးသပ်နိုင်သည်။

ရှေ့နှစ်များတွင် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် သဘောတူညီမှုတစ်ခုမှာ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးတွင် ရေနံထွက်ကုန်များ သယ်ယူပို့ဆောင်ရေးလုပ်ကိုင်ရန် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့်အတူ မူအားဖြင့် သဘောတူညီမှုဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည်များကို ဆောင်ရွက်ထားသည်ကိုတွေ့ရသည်။

ပြည်တွင်းကုန်းတွင်းရေနံထုတ်လုပ်မှုတွင်လည်း ထုတ်လုပ်မှုသက်တမ်းကြာမြင့်နေသော တွင်းဟောင်းများ ဆက်လက်ထုတ်လုပ်နိုင်ရေးကို ယခင်နှစ်များအတိုင်း ပုံမှန်ဆက်လက်လုပ်ဆောင်နေသည်ကိုတွေ့ရသည်။

သဘာဝစွမ်းအင်ရင်းမြစ်အကြွယ်ဝဆုံးအခြေအနေရှိနေသည့် မြန်မာနိုင်ငံသည် ပြည်တွင်းမှထွက်ရှိသည့် ဓာတ်ငွေ့ကို ပြည်တွင်း၌အသုံးချနိုင်ရေး ဆောင်ရွက်နေရာ မော်တော်ယာဉ်များကို CNG (သဘာဝဓာတ်ငွေ့) သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြင်ဆင်လျက်ရှိခြင်းနှင့် CNG ယာဉ်များကို ပြည်ပမှ တိုက်ရိုက်ဝယ်ယူတင်သွင်းခြင်းနှင့် CNG ရောင်းချဆိုင်များ



တိုးချဲ့ဖွင့်လှစ်ခြင်းများလည်း ပြုလုပ်နေသည်။ ယခုအခါ ပြည်တွင်း၌ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) ယာဉ် ၂၆,၄၂၅ စီးရှိနေပြီဖြစ်သည်။

ယင်းအပြင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားလည်း ထုတ်ယူသုံးစွဲလျက်ရှိရာ မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့ကို ပြည်ပဝင်ငွေအတွက်ရော ပြည်တွင်းသုံးစွဲမှုအတွက်ပါ အားထားဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ယခုနှစ်အတွက် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ လာရောက်မြှုပ်နှံသူမှာ အာရပ်စော်ဘွားများပြည်ထောင်စုမှဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၁ သန်းမြှုပ်နှံခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့အများဆုံးဝယ်ယူသည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ရတနာနှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့သိုက်များမှ ဝယ်ယူနေခြင်းဖြစ်သည်။ သဘာဝဓာတ်ငွေ့ကဏ္ဍ၌ လာရောက်လုပ်ကိုင်နေသည့် နိုင်ငံများမှာ တောင်ကိုရီးယား၊ ထိုင်း၊ ရုရှား၊ သြစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ အင်ဒိုနီးရှား၊ မလေးရှားတို့အပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့ဖြစ်သည်။

စွမ်းအင်ကဏ္ဍတစ်ခုလုံးတွင် သုံးစွဲမှု၊ ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် ဝင်ငွေရရှိမှုတို့သည် နိုင်ငံတကာ၏ စွမ်းအင်လိုအပ်မှု တစ်ရှိန်ထိုးကြီးမားနေမှုနှင့်အတူ မြန်မာနိုင်ငံ၏ လိုအပ်ချက်ကလည်း တစ်စစပို၍သာ ကြီးမားလာသည့်အခြေအနေများအရ ယခုနှစ် ပြည်တွင်းစွမ်းအင်ကဏ္ဍသည် အထက်ပါလိုအပ်ချက်များကို လိုက်ပါဖြည့်ဆည်းရင်း အထက်ဘက်သို့သာပြနေသည့် လားရာကို မြင်တွေ့ရသည့်နှစ်တစ်နှစ်ဖြစ်ပေသည်။

## ဆန်စျေးကွက်

၂၀၀၉ ခုနှစ် ဆန်စျေးကွက်၏ထူးခြားချက်မှာ ပြည်ပဆန်တင်ပို့ခွင့်ကို အင်နှင့်အားနှင့် ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

နှစ်စဉ်ပုံမှန်အားဖြင့် ပြည်ပဆန်တင်ပို့ရောင်းချခွင့်ကိုပုံမှန်ကုန်သွယ်ရေးမှသာခွင့်ပြုခဲ့သော်လည်း ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ကုန်သွယ်ရေးကပါ တရားဝင်ရောင်းချခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

ပြည်ပသို့ဆန်တင်ပို့ရာတွင်လည်း အရည်အသွေးနိမ့် ၂၅ မှတ်ဆန်များကို အဓိကတင်ပို့နေရာမှ ယခုနှစ်တွင် ဆူပါဖိုက်ခေါ် ၅ မှတ်တန်းမြင့်ဆန်များလိုတင်ပို့နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ စျေးကွက်အနေဖြင့်လည်း စျေးအနိမ့်သာရသည့်အနောက်အာဖရိကနိုင်ငံများသာမက စျေးကောင်းရသည့် အရှေ့အလယ်ပိုင်း ယူအေအီးနိုင်ငံကဲ့သို့ ဆန်စျေးကွက်သစ်များကို တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလကုန်အထိဆန်တန်ချိန် ခုနှစ်သိန်းခွဲကျော်တင်ပို့ထားခဲ့ပြီး ၂၀၀၉ ခုနှစ်အတွက် ဆန်တန်ချိန် တစ်သန်းခွဲတင်ပို့နိုင်ရန် စီမံလုပ်ဆောင်လျက်ရှိသည်။ အမှန်တကယ်တင်ပို့နိုင်လျှင် ၂၀၀၃ ခုနှစ် ဆန်စပါးမူဝါဒသစ်ပြောင်းလဲကျင့်သုံးပြီးနောက်အ

www.foreverspace.com.mm





ဆန်တန်ချိန်တစ်သန်းခွဲတင်ပို့နိုင်ရန်လျာထားသည်

များဆုံး တင်ပို့နိုင်သည့် ပမာဏဖြစ်လာဖွယ်ရှိသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် ဆန်ချောများသည် ဆန်ကြမ်းများဈေးနှုန်းအောက်သို့နှစ်ကြိမ်ထက်မနည်းရောက်ရှိခဲ့ပြီး ဆန်ကြမ်းသည် တစ်နှစ်ပတ်လုံးဈေးမာနေသကဲ့သို့ ဆန်ကွဲဈေးနှုန်းသည်လည်းတစ်နှစ်ပတ်လုံးဈေးမြင့်နေခဲ့သည်။ ဆန်ဈေးကွက်တစ်ခုလုံးအနေဖြင့် ဆန်ချောသည်သိသိသာသာဈေးအေးနေခဲ့သည်။

အလားတူထူးခြားမှုတစ်ရပ်မှာ အစဉ်အလာအားဖြင့်ရန်ကုန်မှ ဆန်တင်ပို့ရောင်းချနေသည့် ဆန်လိုဒေသများဖြစ်သည့် အထက်အညာစစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းမှဆန်များ ရန်ကုန်ဆန်ဈေးကွက်သို့ပြန်လည်တင်ပို့ရောင်းချလာခြင်းပင်ဖြစ်သည်။

ပြည်ပသို့ဆန်တင်ပို့ခွင့်ပြုခဲ့သဖြင့် ယခုနှစ်ကောက်သစ်ပေါ်ချိန် စပါးဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်ကထက် တစ်ဆခွဲခန့်ဈေးပိုရခဲ့ခြင်းမှာ ယခုနှစ်အတွင်း ထူးခြားချက်ဖြစ်သည်။

## ပဲဈေးကွက်

၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ ပဲဈေးကွက်သည် ကမ္ဘာ့စီးပွားရေးကျကပ်ရိုက်ခတ်မှုနှင့် ပဲလောကပေးရန်၊ ရရန်ပြဿနာများ မြန်မာ–အိန္ဒိယနှစ်နိုင်ငံအစိုးရချင်း ပဲရောင်းဝယ်ရေးဂယက်၊ နှစ်ဦးပိုင်း ဈေးကျဆင်းသောပြဿနာနှင့် နိုဝင်ဘာလတွင် စံချိန်တင်ပဲဈေးမြင့်တက်မှု စသည့် အကြောင်းအရာများ ထူးခြားစွာပြည့်နှက်နေခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် အဆိုပါပဲလောကပေးရန်၊ ရရန်ပြဿနာများကို ကော်မတီတစ်ရပ်ဖွဲ့၍ ကြီးကြပ်ဖြေရှင်းပေးခဲ့ပြီးပေးရန်ရှိသည့် ပဲကုန်သည်ကြီးများ၏ အိမ်၊ ဂိုဒေါင်၊ ကား၊ ရုံးခန်းများကို လေလံတင်ထုခွဲ၍ ပြန်လည်ပေးလျော်စေခဲ့သည်။

ပဲဈေးကွက်အတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် ပတ်သက်၍ ဖြေရှင်းပေးနေသော ကော်မတီ၏ စာရင်းများအရ ရန်ကုန်မြို့၏ အဓိကပဲဈေးကွက်ကို ချုပ်ကိုင်ထားသော ပဲကုန်သည်ကြီးများနှင့် ဆက်စပ်၍ အရောင်းအဝယ်များပြုလုပ်ခဲ့ကြပြီး နစ်နာဆုံးရှုံးခဲ့သော ပဲကုန်သည်လုပ်ငန်းရှင်များ၏ ငွေပမာဏမှာ စုစုပေါင်း ကျပ်ဘီလီယံ ၂၀၀ ကျော်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဩဂုတ်လဆန်းပိုင်းတွင် ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ပဲကုန်သည်ကြီးရှစ်ဦးနှင့် ဆက်စပ်၍ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ပဲအရောင်းအဝယ်ကိစ္စများ ကြီးကြပ်ဖြေရှင်းရေးကော်မတီသို့ဆက်သွယ်ရန် ဘုရင့်နောင်ကုန်စည်ဒိုင်က တရားဝင် သတင်းထုတ်ပြန်ခဲ့သည့်နောက်ပိုင်း ဆက်စပ်ဆုံးရှုံးခဲ့သည့် ငွေပမာဏကို ယခုကဲ့သို့ ပထမဆုံးအကြိမ် အတည်ပြုလိုက်ခြင်းဖြစ်သည်။

အထောက်အထားမခိုင်လုံသောကြောင့်ဖြစ်စေ၊ အခွန်ကိစ္စလုပ်ထုံးလုပ်နည်းများကြောင့်ဖြစ်စေ ပဲကုန်သည်အချို့မှာ မိမိတို့ဆုံးရှုံးနစ်နာခဲ့သည့်ပမာဏကို ကော်မတီသို့လာရောက်ဆက်သွယ်ခြင်းမရှိကြကြောင်း၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ စုံစမ်းသိရှိရမှုများကိုလည်းကောင်း၊ အစိုးရတာဝန်ယူဖြေရှင်းပေးမှုများအရ နစ်နာဆုံးရှုံးခဲ့သော ပဲကုန်သည်များ၏ ဆုံးရှုံးမှုပမာဏ၏ အနည်းဆုံးလေးပုံတစ်ပုံခန့်မှ ၉၀ ရာခိုင်နှုန်းခန့်အထိ ပြန်လည်ရရှိဖွယ်ရာရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ခဲ့ကြသည်။

၂၀၀၉ ခုနှစ်အတွင်း အခြားထူးခြားသောဖြစ်စဉ်မှာ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအစိုးရများ ချုပ်ဆိုခဲ့သည့် G to G ပဲ ရောင်းဝယ်ရေးစာချုပ်ကိစ္စပင်ဖြစ်သည်။ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းရွှေဝါ တန်ချိန်တစ်သန်းခွဲကို အိန္ဒိယနိုင်ငံပိုင် State Trade Cooperation (STC)



အိန္ဒိယနှင့်ပဲအရောင်းအဝယ်စာချုပ်ပျက်ပြယ်သွားသော်ငြားဈေးနှုန်းများမြင့်တက်ခဲ့သည်

www.foreverspace.com.mm



နှင့် ချုပ်ဆိုခဲ့ပြီး မြန်မာနိုင်ငံဘက်မှ ကတိကဝတ်ပြုထားသည့် ကုန်သည်များ၏ ပျက်ကွက်မှုတို့ကြောင့် ပျက်ပြားခဲ့ရသည်။

အိန္ဒိယနှင့် မြန်မာပဲမျိုးစုံရောင်းဝယ်ရေးစာချုပ်မှာ ၂၀၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ပဲမျိုးစုံဈေးနှုန်းပြောင်းလဲမှုများကြောင့် တင်ပို့မည့် ကုန်သည်များဘက်မှ စိတ်ဝင်စားမှုနည်း၍ ပျက်ပြယ်ခဲ့ရခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံမှ ကုမ္ပဏီ ၈၀ ခန့်သည် နှစ်နိုင်ငံအစိုးရချင်း အရောင်းအဝယ်စာချုပ်အရ မတ်ပဲ တန်ချိန် ၄၉၀၀ ကွန်တိန်နာ ၂၀၃ လုံးကို ရန်ကုန်ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံသို့ ဇူလိုင်လအတွင်း တင်ပို့ခဲ့ပြီး ပြောင်းလဲလာသောအခြေအနေအချို့ကြောင့် ရန်ကုန်ဆိပ်ကမ်းရောက် ပဲကွန်တိန်နာများကို ဇူလိုင်လ ပထမပတ်မှစ၍ တင်ပို့မှုရပ်ဆိုင်းခဲ့သည်။

အိန္ဒိယနိုင်ငံ STC ဘက်မှ ဝယ်ယူထားသည့် ပဲများကို သတ်မှတ်ချိန်အတွင်း အချိန်မီသယ်ယူနိုင်ခြင်းမရှိ၍ ယခုကဲ့သို့ ရန်ကုန်ဆိပ်ကမ်းရောက် ပဲကွန်တိန်နာများကို ပြန်လည်ထုတ်ယူခွင့်ပြုခြင်းဖြစ်သည်ဟု ပဲတင်ပို့သူလုပ်ငန်းရှင်များက ပြောကြားကြသည်။

မြန်မာနိုင်ငံ ပဲအရောင်းအဝယ်ကိစ္စများကို UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်ဦးဆောင်၍ အိန္ဒိယနိုင်ငံ STC နှင့် မတ်ပဲတစ်တန်လျှင် ဒေါ်လာ ၄၉၀ နှုန်းဖြင့် လစဉ်တန် တစ်သောင်းခွဲတင်ပို့ရန် သဘောတူခဲ့ပြီး ယင်းအချိန်တွင် ပြင်ပပေါက်ဈေးမှာ တစ်တန် ဒေါ်လာ ၇၆၀ ခန့်အထိ ပြောင်းလဲလာခြင်းသည် STC သို့ ပဲတင်ပို့မှုရပ်ဆိုင်းရသည့် အဓိကအကြောင်းရင်းလည်းဖြစ်သည်။

အဆိုပါဖြစ်ရပ်များဖြစ်ပေါ်ပြီးနောက် UMFCCI သည် မြန်မာ–အိန္ဒိယ ပဲအရောင်းအဝယ်ကိစ္စများ ရောင်းဝယ်ရေးသည် ရေရှည်လုပ်ကိုင်ရမည့်အရေးကိစ္စဖြစ်သည့်အတွက် ယခင်တာဝန်ယူထားသော UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးစိုင်းဘညဏ်တို့ကိုယ်စား သမဝါယမဘဏ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း၊ ရွှေပဲကုမ္ပဏီမှ ဦးထွန်းလွင်တို့ပါဝင်သည့် ကော်မတီသစ်ကို ဇူလိုင်လအတွင်း ပြောင်းလဲဖွဲ့စည်းခဲ့သည်။

အိန္ဒိယ STC နှင့် မြန်မာအစိုးရတို့ကြား အရောင်းအဝယ်စာချုပ်ပျက်ပြယ်သွားပြီးနောက်တွင် ပဲဈေးနှုန်းများမှာ ဆက်တိုက်မြင့်တက်လာခဲ့သည်။ အထူးသဖြင့် အိန္ဒိယမှ အဓိကဝယ်ယူသော ပဲစင်းငုံမှာ ဇူလိုင်လနောက်ပိုင်း တစ်တန် ၁၂ သိန်းဝန်းကျင်ခန့်အထိ စံချိန်တင်မြင့်တက်လာခဲ့သည်။

ပဲစင်းငုံဈေးမြင့်တက်ရသည့် အဓိကအကြောင်းရင်းနှင့် အဓိကရောင်းဝယ်နေသော အိန္ဒိယပဲဈေးကွက်မှ ဈေးနှုန်းများ မြင့်တက်လာ၍လည်းဖြစ်သည်။ သို့ရာတွင် ပဲစင်းငုံမှာ ဈေးသာရှိ၍ ကုန်ဝယ်၍မရကြောင်း မြန်မာနိုင်ငံပဲစင်းငုံအဓိကထွက်ရှိသည့် မုံရွာကုန်စည်ဒိုင်မှ ကုန်သည်ကြီးတစ်ဦးကပြောကြားခဲ့သည်။

ပဲစင်းငုံမှာ နှစ်စဉ် ဇန်နဝါရီလခန့်တွင် ထွက်ပေါ်လေ့ရှိပြီး ဧပြီလ၊ မေလခန့်တွင် ဈေးကွက်တွင် ပစ္စည်းများပြတ်လပ်လေ့ရှိသည်။ ပဲစင်းငုံအလား အိန္ဒိယ အဓိကဝယ်ယူနေသော မတ်ပဲသည်လည်း အောက်တိုဘာ၊ နိုဝင်ဘာလတွင် ဈေးကောင်းများ ပြန်လည်ရရှိလာပြီး အချို့ဝယ်ရောင်းကုန်သည်ကြီးများသည် ယမန်နှစ်က စီးပွားရေးဂယက်ကြောင့် ဆုံးရှုံးခဲ့သော ရရန်ငွေပမာဏများကို ကာမိသည်ထိ အကျိုးအမြတ်များခဲ့ကြသည်။

အကျိုးအမြတ်ပြန်လည်ရရှိသွားကြသော ကုန်သည်များသည် မြန်မာနိုင်ငံ ပဲဈေးကွက်တွင် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် အချို့မှာ ပဲလောကမှ ထွက်ခွာကာ အခြားစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်သွားကြသည်။ မတ်ပဲ RC သည် ပြီးခဲ့သည့်လပိုင်းက ကျပ်တစ်သန်းကျော် စံချိန်တင်ဈေးရောက်ရှိခဲ့သည်။

လာမည့်ဇန်နဝါရီလခန့်တွင် ပဲစင်းငုံ၊ ဗီတူး စသည့်ပဲသစ်များ ထွက်ပေါ်လာရန်ရှိ၍ ယခုနှစ်မိုးနှောင်းမကောင်းခြင်း၊ ဆောင်းအဝင်နောက်ကျခြင်းတို့နှင့် ဆက်စပ်၍ ပဲစင်းငုံအပါအဝင် မြန်မာပြည်အထက်ပိုင်း မုံရွာ၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ဂန့်ဂေါ၊ ရေဦးနယ်တော်တော်များများတွင် ပဲအထွက် ထက်ဝက်ခန့်လျော့ကျမည်ဟု ခန့်မှန်းကြသည်။

## အခွန်သက်တမ်းတစ်နှစ်ထပ်တိုးလိုက်သော အိမ်၊ ခြံ၊ မြေကဏ္ဍ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ၂၀၀၇ ခုနှစ် ဩဂုတ်လ



www.foreverspace.com.mm





**အခွန်သက်တမ်းကာလတစ်နှစ်ထပ်တိုးလိုက်ခြင်းသည် အိမ်၊ ခြံ၊ မြေ ကဏ္ဍ၏ ထူးခြားမှုတစ်ရပ်ဖြစ်သည်**

၁၂ ရက်နေ့မှစတင်ကာ နှစ်နှစ်သက်တမ်းဖြင့် ချမှတ်ထားသော အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ပြုလုပ်ရာတွင် ဝယ်သူ ၁၅ ရာခိုင်နှုန်း၊ ရောင်းသူ ၁၀ ရာခိုင်နှုန်း အခွန်ပေးဆောင်ရသောစနစ်ကို ၂၀၀၉ ခုနှစ် ဩဂုတ်လမှစ၍ ၂၀၁၀ ဩဂုတ်လအထိ တစ်နှစ်သက်တမ်း ထပ်တိုးလိုက်ခြင်းမှာ အိမ်၊ ခြံ၊ မြေကဏ္ဍအတွက် ထူးခြားမှုတစ်ခု ဖြစ်သည်။

အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ဈေးကွက်အတွင်း လက်ရှိကျင့်သုံးနေသော အခွန်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မှုတွင် အခက်အခဲမရှိ ပေးဆောင်နိုင်သော အခွန်စနစ်ဖြစ်၍ အခွန်စနစ်သစ်ကို မပြောင်းလဲဘဲ သက်တမ်းထပ်မံတိုးလိုက်ခြင်းဖြစ်သည်။

အခွန်သက်တမ်း တစ်နှစ်ထပ်မံတိုးလိုက်ပြီး အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကောင်းလာနိုင်မည်ဟု အကျိုးဆောင်ကုမ္ပဏီအများစုက သတင်းဂျာနယ်များပေါ်တွင် အထင်အမြင်ထုတ်ပြန်ကြသော်လည်း ၂၀၀၉ ခုနှစ် တစ်နှစ်လုံးဈေးကွက်အတွင်း ထူးခြားမှုတစ်စုံတစ်ရာမတွေ့မြင်ရပေ။ ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြစ်ပွားခဲ့သော ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် အိမ်၊ ခြံ၊ မြေဈေးကွက်တိုက်ရိုက်မထိခိုက်ခဲ့သော်လည်း ယင်းလုပ်ငန်းများနှင့် ဆက်နွယ်သောလုပ်ငန်းများထိခိုက်၍ အိမ်၊ ခြံ၊ မြေများအရောင်းသာ များပြားခဲ့ပြီး ဝယ်လိုအားနည်းခဲ့ကြသည်။ ကန်ထရိုက်တိုက်ခန်းများလည်း အရောင်းအဝယ်အေးခဲ့၍ နှစ်ရှည်အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ကြသည်ကိုတွေ့ရပြီး ယင်းကာလတွင် အိမ်၊ ခြံ၊ မြေဈေးနှုန်းများ ကျဆင်းခဲ့သည်။ သိန်းသောင်းချီတန် လုံးချင်းနှင့် မြေကွက်များသည် ရောင်းလိုအားများပြားလာပြီး သိန်း ၉၀၀၀ တန် မြေကွက်ကို ရောင်းသူဝယ်သူညှိနှိုင်းပြီး သိန်း ၈၀၀၀ ကျပ်အထိ ဈေးလျှော့ချရောင်းဝယ်မှုများပင်ရှိခဲ့သည်။ ၂၀၀၉ ခုနှစ် တစ်နှစ်တာလုံးအဝယ် ၁၅ ရာခိုင်နှုန်းနှင့် အငှား ၈၅ ရာခိုင်နှုန်းဖြင့် ဈေးကွက်အတွင်း အငှားလုပ်ငန်းဦးဆောင်နေမှုကြောင့် ရန်ကုန်မြို့၏ အချက်အချာကျသောမြို့နယ်ခြောက်မြို့နယ်တွင် တိုက်ခန်းငှားရမ်းခများသည် အထပ်မြင့်ရှစ်ထပ်၏ တစ်လငှားရမ်းခသည် တစ်သိန်းခွဲနှင့် နှစ်သိန်းခွဲကြားပေါက်ဈေးရှိခဲ့သည်ကိုလည်း တွေ့ရသည်။

ကျပ် ၅၀၀၀ တန်ထွက်ရှိမည့်ကြေညာချက်ကြောင့် အိမ်၊ ခြံ၊ မြေဈေးနှုန်းများ တက်ရိပ်ပြခဲ့သော်လည်း ဝယ်လိုအား လုံးဝပျောက်ဆုံးသွားမှုကြောင့် ဈေးနှုန်းမြင့်တက်ပြီး သုံးလေးရက်အတွင်းမှာတင် ပုံမှန်ဈေးနှုန်းများသို့ ပြန်လည်လျှော့ချခဲ့ရသည်။

## ၁၀ စုနှစ်အတွင်း စံချိန်တင်ခဲ့သော မြန်မာ့ခရီးသွားကဏ္ဍ

၂၀၀၉ ခုနှစ်ဦးတွင် အနည်းငယ်အေးစက်နေသော မြန်မာ့ခရီးသွားလုပ်ငန်းသည် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏နာမည်ကျော် ကျောက်စိမ်းထွက်ရှိရာဒေသဖြစ်သည့် ဖားကန့်ဒေသသို့ ကမ္ဘာလှည့်ခရီးသည်များခွင့်ပြုချက်ရယူ၍ သွားရောက်လည်ပတ်နိုင်ပြီဆိုသည့် သတင်းဖြင့် စတင်ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ခွင့်ပြုချက် ၁၄ ရက် ကြိုတင်ရယူ၍ သွားရောက်လည်ပတ်နိုင်ပြီဖြစ်ကြောင်းကို Endeavour ခရီးသွားလုပ်ငန်းကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်ဦးကျော်စွာမြင့်က 7 days News ဂျာနယ်သို့ ပြောကြားခဲ့သည်။

အဆိုပါကုမ္ပဏီသည် မြန်မာ–တရုတ်နယ်စပ်ဂိတ်ပေါက်များဖြစ်သော ကန်ပိုက်တီးနှင့် ဟုံချောင်း (တရုတ်)တို့ဘက်မှ ကမ္ဘာလှည့်ခရီးသွားများအား Entry Visa ဖြင့် မြစ်ကြီးနား မြစ်ဆုံဒေသများသို့ နှစ်ညအိပ် သုံးရက်ခရီးစဉ်များ စီစဉ်ပေးလျက်ရှိပြီး ၎င်းတို့ထံမှ ဖားကန့်ဒေသသို့ သွားရောက်လိုသူများကို စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်မှာ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်နိုင်ငံသားများကို အဓိကပို့ဆောင်ပေးခြင်းဖြစ်ပြီး ဂျာနယ်မှ ကမ္ဘာလှည့်ဟူသောအသုံးအနှုန်းဖြင့် သတင်းဖော်ပြမှုနှင့် ဝန်ကြီးဌာနမှသဘောထားတို့ အနည်းငယ်ဝိဝါဒကွဲပြားခဲ့ကြသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တရုတ်လူမျိုးများကိုသာခွင့်ပြု



www.foreverspace.com.mm



**ရန်ကုန်ဟိုတယ်များအခန်းပြည့်သည်အထိ ဧည့်သည်များဝင်ရောက်ခဲ့သည်**

ခြင်းဟုလည်း ပြောကြားကြသည်။

အဆိုပါလုပ်ဆောင်ချက်ကို ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ လမ်းညွှန်ချက်များအနက် မြန်မာနိုင်ငံအတွင်း ကျန်ခရီးစဉ်ဒေသများကို တဖြည်းဖြည်းချင်းလျှော့ပေါ့ကာ ပိုမိုခွင့်ပြုသွားရန်ဆိုသည့်လမ်းညွှန်ချက်ကို အကောင်အထည်ဖော်သည့်သဘောလည်းဆောင်နေသည်။

မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသအချို့သည် ယနေ့အထိ ကမ္ဘာလှည့်များသွားရောက်လည်ပတ်လိုပါက ကက(ကြည်း) ကာကွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရပြီး ခွင့်ပြုချက်ရယူနေရဆဲပင်ဖြစ်သည်။

ဝန်ကြီးချုပ်၏ ၂၀၀၈ ခုနှစ်အတွင်း လမ်းညွှန်ချက်များအနက် ရာနှုန်းပြည့်ဆိုက်ရောက်ဗီဇာ (visa on arrival) ထုတ်ပေးရေးမှာ ၂၀၀၉ ခုနှစ်အတွင်း နှောင့်နှေးနေခဲ့သော်လည်း အွန်လိုင်းမှ လျှောက်ထားနိုင်သည့်အွန်လိုင်းဗီဇာစနစ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စား လူသိများသည့် Diamond Palace ကုမ္ပဏီက ၂၀၀၉ ခုနှစ် ဇွန်လအတွင်း လုပ်ကိုင်ခွင့်ရရှိခဲ့သည်။

ဧပြီလတွင်မူ ပြည်ပကမ္ဘာလှည့်ခရီးသွားများထက် ပြည်တွင်းသွားလာသူခရီးသွားများက ပိုမိုများပြားခဲ့သည်။ ထူးခြားချက်မှာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်မှုမှာ ယခင်နှစ်ထက် နှစ်ဆခန့်တိုးတက်လာခြင်းလည်းဖြစ်သည်။

ရန်ကုန်–ဘန်ကောက်၊ ရန်ကုန်–ကွာလာလမ်ပူပြေးဆွဲနေသော လေကြောင်းလိုင်းများမှာ အရေအတွက်တိုးလာသော်လည်း မြန်မာနှစ်သစ်ကူးပိတ်ရက်အတွင်း ခရီးသည်အပြည့်ရရှိခဲ့ကြသည်။

နိုင်ငံရေးမငြိမ်သက်မှုများနှင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် ကျဆင်းသော ထိုင်းခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့စေရေးအတွက် ရန်ကုန်မြို့သို့ လာရောက်၍ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာခရီးသွားရှစ်သောင်းခန့်ရရန် မျှော်မှန်းဆောင်ရွက်နေကြောင်း ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့ (TAT) က ထုတ်ဖော်ပြောဆိုခဲ့သည်။ အလားတူ ပြည်တွင်းလေကြောင်းလိုင်းများ၊ ပုဂ္ဂလိကခရီးသွားကုမ္ပဏီများသည် ဗုဒ္ဓဂယာ ထိုင်း–ဘန်ကောက်–ချင်းမိုင်–မတ္တရား စသည့်ဒေသများသို့ နှစ်ညအိပ်သုံးရက် စင်ကာပူ၊ ဩစတြေးလျတို့အထိပါ outbound tour များကို စီစဉ်ပေးနေခဲ့သည်။

The Voice Weekly ၏ ကြော်ငြာတစ်ခုတွင် ပြည်တွင်းကုမ္ပဏီတစ်ခုက အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်ခရီးစဉ်ကို စီစဉ်ပေးမည်ဟုဆိုကာ ထည့်သွင်းကြော်ငြာသည်အထိ ပြည်ပခရီးသွားလုပ်ငန်း (outbound tour) များက ခေတ်စားခဲ့သည်။ သို့ရာတွင် (outbound tour) ပြည်ပခရီးသွားလုပ်ငန်းကို ဝန်ကြီးဌာနမှ မည်သည့်ပုဂ္ဂလိကကုမ္ပဏီကိုမျှ တရားဝင်လုပ်ကိုင်ခွင့်ပြုထားခဲ့ခြင်းမရှိဟု ခရီးသွားလုပ်ငန်းရှင်များက ပြောကြားသည်။

အယ်နီညိုဒဏ်အနည်းငယ်သက်ရောက်မှုရှိသည်ဆိုသော ၂၀၀၉ မြန်မာ့နိုင်ငံရာသီဥတုသည် ကမ္ဘာ့ခရီးသွားအချို့ပေါ် သက်ရောက်မှုရှိခဲ့သည်။ မိုးအကုန် ဆောင်းအကူးကာလဖြစ်ပြီး ရာသီဥတုပြောင်းလဲလျက်ရှိသော အောက်တိုဘာလအတွင်း ဂျာမန်လူမျိုးတစ်ဦး၊ ဆွစ်ဇာလန်လူမျိုးတစ်ဦး၊ စပိန်လူမျိုးတစ်ဦးတို့သည် ပုဂံ၌ အောက်တိုဘာလ ၁၅ ရက်မှ ၂၆ ရက်ကြား ၁၀ ရက်အတွင်း သေဆုံးခဲ့ကြသည်။

အဆိုပါသေဆုံးသူများမှာ မူလနှလုံးရောဂါအခံရှိပြီး နှလုံးရောဂါကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဆေးချက်အရ တွေ့ရှိရသည်။ ညောင်ဦးဟိုတယ်ဝန်ထမ်းအချို့ထံမှ သတင်းများအရမူ သေဆုံးသူများမှာ ရေကူးကန်တွင် နေ့အချိန်ရေဆင်းကူးနေစဉ်

www.foreverspace.com.mm



သေဆုံးခြင်းဖြစ်ပြီး ညောင်ဦးဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာသုံးရုံးများမှ ကျန်ရစ်သော ရုပ်အလောင်းများကိုသယ်ယူရေး၊ သင်္ဂြိုဟ်ရေး အကူအညီပေးခဲ့ကြသည်။

၁၀ ရက်အတွင်း ကမ္ဘာလှည့်သုံးဦးပုဂံဒေသ၌ သေဆုံးမှုနှင့် ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားကုမ္ပဏီများကို အောက်တိုဘာလ ၃၀ ရက်စွဲဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ အသိပေးကြရန် တရားဝင်ထုတ်ပြန်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ကြီးမားသောအလှည့်အပြောင်းဖြစ်ခဲ့ပြီး ရန်ကုန်ရှိ Chatrium၊ Sedona၊ Traders၊ Strand၊ Dusit Inyalake စသည့်ဟိုတယ်ကြီးများသည် အောက် တိုဘာလအတွင်းမှစတင်၍ ကြိုတင်မှာယူထားမှုများနှင့် ပြည့်နှက် နေခဲ့သည်။

နိုဝင်ဘာလအတွင်း ကမ္ဘာလှည့်ခရီးသည် အဓိကဝင်ပေါက် ရန်ကုန်တွင် ဟိုတယ်များအားလုံးရက်တိုး၍ မရအောင်ပြည့်သည်များနှင့် ပြည့်နှက်နေကြသည်။ အစိုးရမှ တရားဝင်အရေအတွက် မထုတ်ပြန်သော်လည်း လုပ်သက် ၁၁ နှစ်ကျော်ရှိသည့် Chatrium ဟိုတယ်မန်နေဂျာဒေါ်မေမြတ်မွန်ဝင်းက ဆယ်စုနှစ်အတွင်း စံချိန်ဟု ပြောဆိုရမည့်အခြေအနေဖြစ်ကြောင်း ရန်ကုန်ရှိ ထိပ်တန်းဟိုတယ်စာရင်းဝင် Chatrium ဟိုတယ်အနေဖြင့် ဝန်ထမ်းအရေအတွက် ၁၅ ရာခိုင်နှုန်း ထပ်မံခန့်ထားခဲ့ရကြောင်း ရှင်းပြခဲ့သည်။

ယခုနှစ် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တစ်သန်းခွဲခန့်လာရောက်ရန် ဝန်ကြီးဌာနက တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ယခုနှစ်နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကမ္ဘာလှည့်များသည် ဝန်ဆောင်မှုနှင့်ပတ်သက်၍ မေးခွန်းထုတ်ခဲ့ကြသည်။

Check in လုပ်ရန် တန်းစီ၍ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်း၊ ဝန်ဆောင်မှုအားနည်းခြင်း စသည်ပြဿနာအချို့လည်း ပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံသည် နာဂစ်မုန်တိုင်းအပြီးကာလအတွင်း နိုင်ငံတကာ မီဒီယာများက ဖော်ပြခဲ့၍ နိုင်ငံတကာတွင် ပိုမိုထင်ရှားလာခြင်းဖြစ်ကြောင်းနှင့် ယခုအခါ ကမ္ဘာလှည့်များသည် ယခင်ကထက် မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လိုကြကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

အချို့ကလည်း ၂၀၀၈ ခုနှစ်အတွင်း အစိုးရ၊ ပုဂ္ဂလိကပူးပေါင်း၍ ဆွေးနွေးအဖြေရှာမှုကြောင့် ယခုကဲ့သို့ လက်တွေ့ကျကျ တိုးတက်လာခြင်းဟုလည်း ပြောဆိုကြသည်။

သို့ရာတွင် မြန်မာခရီးသွားလုပ်ငန်းအတွက် ၂၀၀၉ ခုနှစ်အတွင်း စိန်ခေါ်လာသောအခြေအနေမှာ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လုံလောက်သောကျွမ်းကျင်လုပ်သားရှိ၊ မရှိ၊ ခရီးသည်အရေအတွက် အများအပြားလာရောက်ပါက Tour guide အစ သယ်ယူပို့ဆောင်ရေးကားများအဆုံး အဆင်သင့်ရှိနေ၊ မနေဆိုသည် Infrastructure နှင့် ပတ်သက်သည့်မေးခွန်းများပင်ဖြစ်သည်။

ထိုအခြေအနေများကြောင့် ၂၀၀၉ ခုနှစ်၌ သန်းနှင့်ချီ၍ လာရောက်ရန် ရည်မှန်းသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် ဝန်ဆောင်မှုလိုအပ်ချက်ကို ပြန်လည်ဆန်းစစ်၍ လို၊ မလို လေ့လာသင့်သည့်နှစ်ဟု Living Color မှ မှတ်ချက်ပြုသည်။

## ICT ကဏ္ဍ

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (ICT) ကဏ္ဍ၌မရှိမဖြစ် အရေးပါသောအင်တာနက်ဝန်ဆောင်မှုကို ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ရင်းနှီးခွင့်ပေးခဲ့သော မြန်မာနိုင်ငံ၏ ဒုတိယမြောက် Internet Service Provider (ISP) ဖြစ်သည့် Myanmar Teleport Co., Ltd. (ယခင် Bagan Cybertech) ကို Yadanarpon Teleport Co., Ltd. ဟုအမည်ပြောင်းလဲလိုက်ပြီး ယခင်က ရန်ကုန်နှင့်မန္တလေးမြို့တော်တို့တွင်သာ အခြေစိုက်ရုံးချုပ်နှင့် ရုံးခွဲများဖွင့်လှစ်ထားရှိ၍ ဝန်ဆောင်မှုပေးခဲ့ရာမှ ၂၀၀၉ ခုနှစ်အတွင်း အခြေစိုက်ရုံးချုပ်ကို ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်၌ ပြောင်းရွှေ့ဖွင့်လှစ်ကာ ရန်ကုန်နှင့်မန္တလေးမြို့တော်တို့ရှိ မူလအခြေစိုက်ရုံးချုပ်နှင့် ရုံးခွဲများကို Yadanarpon Teleport Co., Ltd. ရုံးခွဲများအဖြစ် ပြောင်းလဲသတ်မှတ်လိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ICT ကဏ္ဍနှင့် အင်တာနက်ဝန်ဆောင်မှုကဏ္ဍတို့အတွက် မှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်ခြင်းဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အဆိုပါ Yadanarpon Teleport Co., Ltd. ထံမှ ၂၀၀၉ ခုနှစ် နိုဝင်ဘာလကုန်အထိ အင်တာနက်ဝန်ဆောင်မှုရယူအသုံးပြုသူ (Internet Account) အရေအတွက်မှာ Wimax အင်တာနက်အသုံးပြုသူ ၉၀၀ ဦး၊ ADSL အင်တာနက်အသုံးပြုသူ ၅၃၀၀ ဦးကျော်၊ iPSTAR အင်တာနက်အသုံးပြုသူ ၈၂၀ ဦး၊ Dial Up အင်တာနက်အသုံးပြုသူ ၆၀၀၀



www.foreverspace.com.mm



ဦးခန့်ရှိကြောင်း အဆိုပါကုမ္ပဏီထံမှစုံစမ်းသိရှိရသည်။

ထိုအတူ မြန်မာနိုင်ငံ၏အဓိက အင်တာနက်ဆက်သွယ်ရေး လမ်းကြောင်း National Back-Bone အဖြစ်ပေါ်ထွန်းလာမည့် အင်တာနက်ဆက်သွယ်ရေးကွန်ရက် ရန်ကုန်–မန္တလေး မီးရထားလမ်း ဖိုက်ဘာဆက်ကြောင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၀၉ ခုနှစ်အတွင်းမှစတင်၍ တည်ဆောက်အကောင်အထည်ဖော်နေပြီဖြစ်ပြီး အဆိုပါကွန်ရက်တည်ဆောက်ပြီးစီးသွားပါ ရန်ကုန်မြို့နှင့် မန္တလေးမြို့တော်တို့တွင် အင်တာနက်အမြန်နှုန်း 10 GBbs အထိလည်းကောင်း၊ ရန်ကုန်–မန္တလေးရထားလမ်းတစ်လျှောက်ရှိ မိတ္ထီလာ၊ ကျောက်ဆည်၊ တောင်ငူ၊ ပဲခူး စသည့်မြို့ကြီးများတွင် အင်တာနက် အမြန်နှုန်း 1 GBbs စီအထိလည်းကောင်း ရယူအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်ထုတ်ပြန်ချက်တစ်ရပ်အရသိရသည်။ DWDM နည်းပညာကိုအသုံးပြုတပ်ဆင်တည်ဆောက်ထားသည့် အဆိုပါ အင်တာနက်ဆက်သွယ်ရေး ကွန်ရက်ကြီးတည်ဆောက်ပြီးစီးသွားပါက ရန်ကုန်–မန္တလေးရထားလမ်းတစ်လျှောက်မြို့ကြီးများ၊ ဘူတာများတွင် အင်တာနက်ကိုသာမက မရှိမဖြစ်လိုအပ်နေသည့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု (Voice) ကိုပါ ဒေသခံပြည်သူများ ဆက်သွယ်အသုံးပြုနိုင်ကြတော့မည်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ အင်တာနက်ဆက်သွယ်အသုံးပြုနေမှုမှာ SE-ME-WE 3 နိုင်ငံတကာဖိုင်ဘာဆက်ကြောင်းမှ အမြန်နှုန်း 820 Mbps နှင့် တရုတ်နယ်စပ်ဖြတ်ကျော်ဆက်ကြောင်းမှ အမြန်နှုန်း 310 Mbps တို့ဖြင့် ဆက်သွယ်အသုံးပြုနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး အင်တာနက်အမြန်နှုန်း 1.13 Gbps ဖြင့် ဆက်သွယ်ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တရားဝင်ထုတ်ပြန်ထားသည်။

ယင်းအပြင် မြန်မာနိုင်ငံရှိသတင်းအချက်အလက်နှင့် ဖျော်ဖြေမှုအသားပေးများအနက် အရွယ်အစားအကြီးဆုံး၊ ကဏ္ဍအစုံလင်ဆုံး နိုင်ငံတကာအဆင့်မီ Web Portal ဖြစ်သည့် www.yadanarpon.



**PAC အရေအတွက်နှစ်ဆကျော်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်**




net ကို ပြည်ပ ICT ပညာရှင်များ၏နည်းပညာအကူအညီဖြင့် ပြည်တွင်း ICT ပညာရှင်များစုပေါင်း၍ ရေးဆွဲတည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မိတ်ဆက် လွှင့်တင်နိုင်ခဲ့ခြင်းသည်လည်း မြန်မာနိုင်ငံ၏သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ICT ကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ရပ်စိုက်ထူလိုက်ခြင်းဟုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အမျိုးသားအဆင့် National Web Portal ဟုသတ်မှတ်ထားသည့်အဆိုပါ ရတနာပုံ Web Portal (www. yadanarpon.net) ကို နိုင်ငံတကာရှိ အင်တာနက်အသုံးပြုသူ မြန်မာနိုင်ငံသားတိုင်း ဝင်ရောက်လေ့လာခံစားအသုံးပြုနိုင်ကြရန် ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့၏ နည်းပညာနှင့်အခြေခံအဆောက်အဦပံ့ပိုးမှုတို့ဖြင့် ကွန်ပျူတာပညာရှင်များက ၂၀၀၉ ခုနှစ်အောက်တိုဘာ ပထမပတ်တွင် စတင်ရေးဆွဲတည်ဆောက်ခဲ့ကြခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလဆန်းတွင် အပြည့်အဝအသုံးပြုနိုင်ကြမည်ဖြစ်သည်။

အဆိုပါ Web Portal တွင် ပြည်တွင်းပြည်ပသတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးမည့် သတင်းကဏ္ဍ၊ G-Mail, Yahoo Mail တို့ကဲ့သို့ E-Mail များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်မည့် Web Mail ကဏ္ဍ၊ တေးဂီတနှင့်ဗီဒီယိုဇာတ်လမ်းများ နားဆင်ကြည့်ရှုနိုင်မည့် Music & Video Store ကဏ္ဍ၊ Face Book webportal ကဲ့သို့ လူမှုဆက်သွယ်ရေးအတွက် မြန်မာဘာသာဖြင့်ပင် အသုံးပြုနိုင်မည့် Social Network ကဏ္ဍ၊ Game များနှင့် Game Software များကို ပြည်ပမှဝယ်ယူအသုံးပြုနိုင်မည့် Games ကဏ္ဍ၊ အလုပ်အကိုင်ရှာဖွေလိုသူများအတွက် Jobs ကဏ္ဍ၊ အခမဲ့ကြော်ငြာထည့်သွင်းလိုသူများအတွက် Classified ကဏ္ဍ၊ ရုံး၊ ဌာန၊ အဆောက်အအုံတည်နေရာများနှင့် အထင်ကရနေရာများကို ရှာဖွေနိုင်ရန် Yellow Pages ကဏ္ဍ၊ တက္ကသိုလ်သင်ခန်းစာများကို Online မှတစ်ဆင့် လေ့လာသင်ယူနိုင်မည့် e-Education ကဏ္ဍ၊ မြန်မာ့ရုပ်သံအစီအစဉ်များကို ဖော်ပြတပ်ဆင်ပေးမည့် TV Guide

www.foreverspace.com.mm





ကဏ္ဍ၊ မိမိသိလိုရာကို မြန်မာ ဘာသာဖြင့်ပင် ရိုက်နှိပ်ရှာဖွေနိုင်မည့် Search Engine ကဏ္ဍ စသည်ဖြင့် ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအပါအဝင် အခြားရသပေါင်းစုံ ပေးစွမ်းနိုင်သော အင်တာနက်ဝန်ဆောင်မှုများကို ထည့်သွင်းထားသည်။

ထို့အတူ အင်တာနက်အသုံးပြုသူများအတွက် ယမန်နှစ်က စတင်မိတ်ဆက်အသုံးပြုခွင့်ပေးခဲ့သော WiMax အပါအဝင် အင်တာနက် စနစ်များကို သက်ဆိုင်ရာ Internet Service Provider များက ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ရောင်းချခဲ့သည့် နည်းတူ မြန်မာနိုင်ငံတဝန်း အင်တာနက်အသုံးပြုသူ ဦးရေမှာလည်းသိသိသာ သာ တိုးတက်များပြားလာခဲ့ကာ အများပြည်သူသုံးအင်တာနက် စင်တာ PAC များလည်းအရေအတွက် အမြောက်အမြားတိုးချဲ့ ဖွင့်လှစ်လာခဲ့သည်ကိုတွေ့ရသည်။

ယမန်နှစ် ၂၀၀၈ ခုနှစ်က မြန်မာ နိုင်ငံတစ်ဝန်းတရားဝင်ဖွင့် လှစ်လုပ်ကိုင်နေသည့် PAC အရေအတွက် စုစုပေါင်း ၃၈၀ ကျော်သာရှိခဲ့ရာမှ ၂၀၀၉ ခုနှစ် နိုဝင်ဘာလကုန်အထိ PAC အရေအတွက် ၆၃၃ ခုအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၂၀၀၉ ခုနှစ်တစ်နှစ်အတွင်း ယခင်နှစ်ကထက် PAC အရေအတွက် နှစ်ဆကျော်တိုးမြှင့်ဖွင့်လှစ်လာခဲ့ခြင်းသည်လည်း ICT ကဏ္ဍအတွက် ထူးခြားမှုမှတ်တိုင်တစ်ရပ် အဖြစ်မှတ်တမ်းတင်ရမည်ဖြစ်သည်။ PAC များကို တရားဝင်ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုခဲ့သော ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မြန်မာနိုင်ငံတစ်ဝန်း ဖွင့်လှစ်လုပ်ကိုင်ခဲ့သော PAC အရေအတွက်စုစုပေါင်းထက် နှစ်ဆမျှ ၂၀၀၉ခုနှစ်အတွင်း တိုးချဲ့ဖွင့်လှစ်လုပ်ကိုင်လာကြခြင်းပင်ဖြစ်သည်။ သို့သော်အဆိုပါ PAC များ၌ပြည်ပသို့ရောက်ရှိကာ ကျောင်းတက်၊ အလုပ်လုပ်ကိုင်နေကြသူများထံ ၎င်းတို့၏ မိဘ၊ ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေများက G-Talk, G-Mail, pfingo, skype စသည်တို့ဖြင့် အင်တာနက်နှင့်တယ်လီဖုန်း ဆက်သွယ်ပြောဆိုကြခြင်း၊ Network ဂိမ်း၊ အင်တာနက်ဂိမ်း၊ Chat Room နှင့် E-mail အသုံးပြုကြခြင်း၊ ဖျော်ဖြေမှုအသားပေး Website များကိုကြည့်ရှုနားဆင်ခြင်း စသည့်အသုံးပြုအရေအတွက် သိသိသာသာများပြားပြီး ပညာရပ်နှင့် သုတေသနအတွက် Website နှင့် Search Engine များကို ထဲထဲဝင်ဝင် လေ့လာအသုံးပြုသူအရေအတွက်မှာ အင်မတန်နည်းပါးလှကြောင်း PAC နှင့် အင်တာနက် ကဖီးဖွင့်လှစ်လုပ်ကိုင်သူများက တညီတညွတ်တည်း သုံးသပ်ပြောကြားကြသည်။

## အိုင်တီနည်းပညာပြပွဲ နှစ်ကြိမ်ပြုလုပ်

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) တို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၉ (Myanmar ICT Exhibtion 2009) ကို ၂၀၀၉ ခုနှစ် မေလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ပြပွဲကို အောက်တိုဘာ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ပြုလုပ်ရာ တစ်နှစ်အတွင်း ICT ပြပွဲနှစ်ကြိမ်စီစဉ်ကျင်းပခဲ့သဖြင့် မြန်မာနိုင်ငံ၏ ICT ကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ရပ် စိုက်ထူလိုက်ခြင်းပင်ဖြစ်သည်။

ယခင်နှစ်များက တစ်နှစ်လျှင် ပြပွဲတစ်ကြိမ်သာကျင်းပလေ့ရှိသည့် မြန်မာနိုင်ငံ၏ ICT နယ်ပယ်တွင် ပထမဦးဆုံးအဖြစ် တစ်နှစ်အတွင်း ပြပွဲနှစ်ကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အိုင်တီ နည်းပညာရပ်ကို ပြည်သူလူထုစိတ်ဝင်စားမှုမြင့်တက်လာခြင်း အပြင် ကွန်ပျူတာ အသင်းများ၏ ရန်ပုံငွေတိုးတက်လာခြင်း တို့ကြောင့် ယင်းသို့နှစ် ကြိမ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ခဲ့သည်။



**ကွန်ပျူတာအသင်းများက ICT ပြပွဲနှစ်ကြိမ် ကျင်းပခဲ့သည်**

www.foreverspace.com.mm

အဆိုပါ ICT ပြပွဲများတွင် ကြည့်ရှုသူဦးရေတိုးလာရုံမျှမက ပြပွဲ ပြသလိုသူကုမ္ပဏီအဖွဲ့အစည်းမှာလည်း ရာနှင့်ချီတိုးလာခဲ့ပြီး နေရာအခက်အခဲကြောင့် ပြသခွင့်မရသည့်ကုမ္ပဏီ၊ လုပ်ငန်းများ ပါရှိခဲ့သည်။ သာမန်နည်းပညာပြပွဲအဆင့်မျှမက နိုင်ငံတကာ ကုန်စည်ပြပွဲများဆန်ဆန် ခင်းကျင်းပြသလာနိုင်ခြင်း၊ တစ်နှစ်တည်းတွင် နှစ်ကြိမ်ဆက်၍ ကျင်းပလာနိုင်ခြင်း စသည့်ထူးခြားမှုများကို တွေ့ရှိရသည်။

## Miss ICT 2009 ရွေးချယ်

၂၀၀၉ ခုနှစ် ဒုတိယအကြိမ် ICT ပြပွဲတွင် Miss ICT ရွေးချယ်ပွဲကို ထည့်သွင်းပြုလုပ်ခဲ့ရာ ICT နည်းပညာ၊ ဝန်ဆောင်မှုနှင့် Software, Hardware တို့ဖြင့်သာ နှစ်မြှုပ်နေခဲ့သည့် မြန်မာနိုင်ငံ၏ ICT နယ်ပယ်တွင် ပထမဦးဆုံးအကြိမ် ထူးထူးခြားခြားကျင်းပပြုလုပ်သည့် Miss ရွေးချယ်မှုပြိုင်ပွဲဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့တော် ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့ပြီး ထူးခြားမှုမှာ ရွေးချယ်ခံရသည့် Miss ICT ကို မြန်မာနိုင်ငံကွန်ပျူတာအသင်းများ၏ Ambassador အဖြစ် သတ်မှတ်မည်ဟုဆိုခြင်းဖြစ်သည်။ ပြိုင်ပွဲဝင် ၃၂ ဦးတွင် Miss ICT Award ကို ရရှိခဲ့သူမှာ Talents & Models Agency မှ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျူးဂျူးကေဖြစ်သည်။



**Miss ICT ရွေးချယ်ခံရသူကို ကွန်ပျူတာအသင်းများ၏ Embassador အဖြစ်သတ်မှတ်ခဲ့သည်**

## ရထားပို့ဆောင်ရေးကဏ္ဍ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ၂၀၀၉ ခုနှစ်မတ်လအတွင်း မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်နယ်တွင် မီးရထားလမ်းပိုင်းဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ ၂၀၀၉ ခုနှစ် မြန်မာ့မီးရထား၏ ထူးခြားသောမှတ်တိုင်တစ်ခုဖြစ်သည်။ အဆိုပါလမ်းပိုင်းမှာ စစ်တွေ–မင်းဘူး (၂၄၅ မိုင်) ရထားလမ်းမှ လမ်းပိုင်းတစ်ခုဖြစ်သည်။

ထို့ပြင် မြန်မာ့မီးရထားအနေဖြင့် ၂၀၀၉ ခုနှစ်အတွင်းဧရာဝတီမြစ်နောက်ဘက်ခြမ်းတွင် ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်း (၃၈မိုင်)၊



**ပခုက္ကူ–ကျွန်းချောင်းရထားလမ်းသစ်ဖွင့်ပွဲ**

ဥသျှစ်ပင်–ကံမလမ်းပိုင်း (၃၅) မိုင်၊ ကံမ–သရက်လမ်းပိုင်း (၃၅) မိုင်၊ ပခုက္ကူ–ကျွန်းချောင်း (၂၇မိုင်) စုစုပေါင်း ၁၃၅မိုင်ကိုလေးကြိမ်တိုင်တိုင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကြံခင်း–ပခုက္ကူ ရထားလမ်းပိုင်း ၃၂၀မိုင် ၏ ကျန်ရှိနေသေးသော လမ်းပိုင်းများကိုလည်းဖွင့်လှစ်နိုင်၍ ဆောင်ရွက်လျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ကွန်ရက်သဖွယ်ဖောက်လုပ်သွားရန်စီစဉ်လျက်ရှိသည့် ရထားလမ်းများမှာ ပဲခူး–ဟံသာဝတီလေဆိပ်ရထားလမ်းသစ် (၄.၆၆မိုင်)၊ သရက်–ကျွန်းချောင်းရထားလမ်း (၁၈၄) မိုင်၊ ကသာ–ဗန်းမော်ရထားလမ်း (၉၈)မိုင်၊ မိုးနဲ–ကျိုင်းတုံရထားလမ်း (၂၂၆) မိုင်၊ ပျော်ဘွယ်–နတ်မောက် မကွေးရထားလမ်း (၉၅)မိုင်၊ ထားဝယ်–မြိတ်ရထားလမ်း (၁၃၂.၅၀) မိုင် ၊ မင်းဘူး–အမ်း–ရေချမ်းပြင်ရထားလမ်း (၂၄၅.၅၄)မိုင်၊ ပုသိမ်ဓားက–ရန်ကုန်ရထားလမ်း (၈၄) မိုင်၊ ပြည် (ရွှေတံခါး)–တောင်ငူ–(ကျေးတော)–နေပြည်တော်ရထားလမ်း မိုင်(၁၂၀) ၊ လားရှိုး–မူဆယ်ရထားလမ်း (၁၄၅)မိုင်၊ ပဲခူး–ခရမ်း–သုံးခွ–သန်လျင် (အုတ်ဖိုစု) ရထားလမ်း (၆၇.၂၅)မိုင်နှင့် ကလေး– တမူးရထားလမ်း (၈၄.၃၅) မိုင် စသည်တို့ဖြစ်သည်။

## နာမည်သစ်မြို့နယ်များဖြင့် မြန်မာနိုင်ငံမြို့တော် နေပြည်တော်ကို ပြင်ဆင်ဖွဲ့စည်းခြင်း

အစိုးရအုပ်ချုပ်ရေးပြောင်းရွှေ့အခြေချရာ မြန်မာနိုင်ငံ၏မြို့တော်အဖြစ်ပြောင်းလဲသတ်မှတ်ထားသော နေပြည်တော်ကို မြို့နယ်သစ်လေးမြို့နယ်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နေ့ နေ့စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်လိုက်သည်။ နေပြည်တော်ကို မန္တလေးတိုင်းအတွင်းသီးခြားတည်ရှိသည့်နေပြည်တော် ခရိုင်အတွင်းထားရှိမည်ဖြစ်သည်။ နေပြည်တော်မြို့တော် ဇေယျာသီရိမြို့တွင်မြို့တစ်မြို့၊ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာ ၁၂ ရွာ၊ ပုဗ္ဗသီရိတွင်မြို့တစ်မြို့၊ ရပ်ကွက်တစ်ရပ်ကွက်၊ ကျေးရွာ

www.foreverspace.com.mm





နေပြည်တော် ပုဗ္ဗသီရိမြို့သစ်

၁၅ ရွာ၊ ဥတ္တရသီရိတွင်မြို့တစ်မြို့၊ ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာငါးရွာ၊ ဇမ္ဗူသီရိတွင်မြို့တစ်မြို့၊ ရပ်ကွက်ငါးရပ်ကွက်၊ ရွာသုံးရွာ၊ ဒက္ခိဏသီရိတွင်မြို့တစ်မြို့၊ ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာခြောက်ရွာ ပါဝင်မည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန် ဖွဲ့စည်းထားသော နေပြည်တော်မြို့နယ်၏ ဖွဲ့စည်းပုံကို ဖျက်သိမ်း၍နေပြည်တော် မြို့နယ်ကို မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ စာရင်းမှ ပယ်ဖျက်လိုက်ကြောင်း အမိန့်ကြော်ငြာစာအသစ်တွင် ပါရှိသည်။

## နေပြည်တော်တွင် ပထမဆုံး CDMA မိုဘိုင်းလ်ဖုန်းများ အသုံးပြုခွင့်ပြုခြင်း

အစိုးရအုပ်ချုပ်ရေးယန္တရားသစ်အခြေစိုက်ရာ မြန်မာနိုင်ငံ၏ မြို့တော်သစ် နေပြည်တော်တွင် အောက်တိုဘာလပထမပတ်အတွင်း မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေး မိုက်ကရိုဝေ့ဖ်တိုင်များ စိုက်ထူတပ်ဆင်ပြီး CDMA မိုဘိုင်းလ်ဖုန်းများ သုံးစွဲခွင့်ပြုလိုက်ရာ မိုဘိုင်းလ်ဖုန်း သုံးစွဲခွင့်မပြုသော နေပြည်တော်တွင် ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခွင့်ပေးလိုက်သောကြောင့် ၂၀၀၉ ခုနှစ် ဆက်သွယ်ရေးကဏ္ဍအတွက် မှတ်တိုင်ဖြစ်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၆ ရက်နေ့မှစတင်ကာ ၀၉၈၃...နှင့်စသော CDMA မိုဘိုင်းလ်ဖုန်း အလုံး ၄၀၀ ကို ပထမအသုတ်အဖြစ် အစိုးရဝန်ထမ်းများကို ဦးစားပေးအနေဖြင့် ငှားရမ်းခွင့်ပေးခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်သို့ ကျပ် ၁၅ သိန်း ၅ သောင်းပေးသွင်းရမည်ဖြစ်သည်။ ယခင်က ကြိုးဖုန်းများသာ အသုံးပြုနိုင်သော နေပြည်တော်၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်း၊ နေပြည်တော် လယ်ဝေးတို့တွင် ယခုအခါ CDMA မိုဘိုင်းလ်ဖုန်းများပါ အသုံးပြုလာနိုင်သည့်အပြင် FEC 50 တန် CDMA ကတ်ဖုန်းများပါ အသုံးပြုမှု မြင့်မားလာခဲ့သည်။ FEC 50 တန် CDMA ကတ်ဖုန်းနှင့် ဟန်းဆက်အပါအဝင် ကျပ်တစ်သိန်းဝန်းကျင်ဖြင့် ရောင်းချသည့်ဈေးကွက်လည်း နေပြည်တော်တွင်ဖြစ်ပေါ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ ဝယ်ယူသုံးစွဲမှု မြင့်မားခဲ့သည်။

## နေပြည်တော်တွင် ပထမဆုံးအကြိမ်ပြောင်းလဲကျင်းပသည့် ပုလဲရောင်းချပွဲ

နိုင်ငံတကာမှ ကုန်သည်များ အလွယ်တကူလာ ရောက်နိုင်သော၊ အခြေခံအဆောက်အဦများပြည့်စုံသော၊ နိုင်ငံတကာ သံရုံးများရုံးစိုက်သော၊ မြန်မာနိုင်ငံ၏မြို့တော်အဖြစ် နှစ် ပေါင်းများစွာတည်ရှိခဲ့သော ရန်ကုန်မြို့တွင် နှစ်စဉ်ကျင်းပလာခဲ့သော ပြည်တွင်း ပုလဲ ရောင်းချပွဲများကို စက်တင်ဘာလတွင်ကျင်းပမည့် (၂၇) ကြိမ်မြောက် မြန်မာ့ပုလဲရောင်းချပွဲမှစတင်၍ နေပြည်တော်တွင် ပထမဆုံး အကြိမ် ပြောင်းလဲကျင်းပခဲ့ခြင်းမှာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကဏ္ဍ၏ ထူးခြားမှုတစ်ခုအဖြစ် မှတ်တမ်းတင်ရမည့် အကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။

ပုလဲရောင်းချပွဲများကို ယခင်က တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပခဲ့ရာမှ ယခုနှစ်မှစတင်၍ တစ်နှစ်လျှင်သုံးကြိမ် မေလ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများ၌ ကျင်းပသွားမည်ဖြစ်သည်။ ပြပွဲသို့ ပြည်တွင်းကုန်သည် ၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး နိုင်ငံသားကုန်သည်များသာ တက်ရောက်ဝယ်ယူခွင့်ရှိမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။အဆိုပါ ရောင်းချပွဲတွင် ပုလဲနှင့်ပတ်သက်သည့် ဗဟုသုတ ပြခန်းကို ပထမဆုံးအကြိမ် ထည့်သွင်းပြသခဲ့ပြီး မြိတ်ကျွန်းစုမှထုတ်လုပ်သော Pinetada maxima မုတ်ကောင်အမျိုးအစားမှထွက်ရှိသည့် အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲတစ်မျိုးတည်းသာပြသ ရောင်းချခဲ့သည်ကို တွေ့ရသည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၉၈ ခုကို ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၉၈ ခုကို ဧပြီလ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရသည်။ အဆိုပါကြေညာချက်တွင်ပါဝင်သည့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် အရေအတွက်မှာအောက်ပါအတိုင်းဖြစ်သည်။

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | အရေအတွက် |
|---|---|---|
| ၁ | တရားရုံးချုပ်(မန္တလေး) | ၂ |
| ၂ | အမှတ်(၁)စက်မှုဝန်ကြီးဌာန | ၂၂ |
| ၃ | အမှတ်(၂)စက်မှုဝန်ကြီးဌာန | ၆ |
| ၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၄၅ |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၃ |
| ၆ | ယဉ်ကျေးမှုဝန်ကြီးဌာန | ၂ |
| ၇ | သမဝါယမဝန်ကြီးဌာန | ၁၀ |
| ၈ | ပို့ဆောင်ရေးဝန်ကြီးဌာန | ၁ |
| ၉ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁ |

www.foreverspace.com.mm

| | | |
|---|---|---|
| ၁၀ | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ၁ |
| ၁၁ | စာရင်းစစ်ချုပ်ရုံး | ၅ |
| | စုစုပေါင်း | ၉၈ |

## ၂၀၀၉ ထီ အပြောင်းအလဲ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၀၉ ခုနှစ်အတွင်း ထူးခြားသည့်ဆောင်ရွက်မှုများအဖြစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ထီတစ်စောင်လျှင် ၂၀၀ ကျပ်သို့ တိုးမြှင့်ရောင်းချခဲ့ခြင်း၊ အမြင့်ဆုံးဆုကြေးငွေကိုလည်း ကျပ်သိန်းတစ်ထောင်အထိတိုးမြှင့်ခဲ့ခြင်းနှင့် ထီအက္ခရာနံပါတ်များကိုလည်း ယခင်အလုံး ၃၀ အစား ၂၉ လုံးမှ ၂၂ လုံးအထိ အတိုးအလျှော့ပြုလုပ်၍ရောင်းချပေးခဲ့သည်။

ထိုသို့အက္ခရာအပြောင်းအလဲ၊ ဈေးနှုန်းအပြောင်းအလဲ၊ ဆုကြေးအပြောင်းအလဲများကြောင့် ထီဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်မဖြစ်ခဲ့ကြောင်း ထီလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ အရောင်းအဝယ်ပုံမှန်မရှိခြင်းကြောင့်ပင် ထီဆိုင်ကြီးအချို့က ကံစမ်းမဲများဖောက်ပေးခြင်း၊ ဆုကြေးတိုးပေးခြင်း၊ ရှေ့ဂဏန်းမည်မျှတူပါက ထီစောင်ရေမည်မျှပေးမည်ဟု ကြေညာပေးခြင်းတို့ဖြင့် မိမိတို့ ထီရောင်းရရေးကို ဆောင်ရွက်လာကြသောကြောင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေဌာနခွဲမှ ထီလုပ်ငန်းရှင်များကို ခေါ်ယူသတိပေးခဲ့သည်။

ထီဈေးကွက်မတည်မငြိမ်ဖြစ်နေချိန်၌ပင် နာမည်ကျော်ထီဆိုင်ကြီး ၁၀ ဆိုင်ပါဝင်သော ရွှေမြန်မာထီလုပ်ငန်းစုဟူသောအုပ်စုကြီးတစ်ခုကို လုပ်ငန်းရှင် ၁၀ ဦးက စုပေါင်း၍ စက်တင်ဘာလအတွင်း ဖွဲ့စည်းခဲ့ကြသည်။ ယင်းထီဆိုင်ကြီးများမှာ စိုးမိုးကျော်၊ အမေ့အိမ်၊ ခိုင်ရွှေဝါ၊ ရတနာပုံ၊ ကမ္ဘာသစ်၊ ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်၊ မင်္ဂလာရွှေမောင်း၊ ရတနာမိုး၊ ရတနာသိန်းထိုက်အောင်၊ မဟာအောင်ကုဋေဟိန်းတို့ဖြစ်သည်။



အမြင့်ဆုံးဆုကြေး ကျပ်သိန်းတစ်ထောင်တိုးမြှင့်ခဲ့သည်

၂၀၀၉ ထီလောက အပြောင်းအလဲ၏ အဓိကအကြောင်းအရင်းမှာ လူအများစု၏ စီးပွားရေးအခြေအနေ၊ ဝင်ငွေအနေအထားကြောင့် ထီထိုးသူဦးရေ ထူးကဲစွာ ကျဆင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ထီရောင်းအားပြန်တက်လာစေရန် ထီလုပ်ငန်းရှင်များရော၊ အစိုးရအောင်ဘာလေသိန်းဆုဌာနကပါ ရောင်းအားတိုးမြှင့်အစီအစဉ်များ ဖော်ဆောင်လာရခြင်းဖြစ်သည်။

## ပထမဦးဆုံးအကြိမ် ကားအလှဆင်ပြပွဲပြုလုပ်ခြင်း



ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် မော်တော်ကားအလှဆင်မှုပြပွဲကို အောက်တိုဘာလ ၃၁ ရက်နေ့ညတွင် ရန်ကုန်မြို့ရှိ Dusit Inya Lake Hotel ၌ ပြုလုပ်ခဲ့ရာ အလှဆင်ထားသောကား ၂၅ စီးဝင်ရောက်ပြသခဲ့သည်။

ဝင်ရောက်ပြသသောကားများမှာ အလှဆင်ခြင်းများသာမကယာဉ်တစ်ခုလုံး၏ သန့်ရှင်းတောက်ပြောင်မှု၊ Audio စနစ်များကိုပါ ယှဉ်ပြိုင်ခဲ့ရပြီး အလှဆင်ကားများနှင့်အတူ သရုပ်ဆောင်ခဲ့သောမော်ဒယ်လ်များကိုပါ စိတ်ဝင်စားမှုမြင့်မားခဲ့ကြောင်း သွားရောက်ကြည့်ရှုခဲ့သူများကပြောကြားခဲ့ကြသည်။ ပြပွဲဖြစ်မြောက်ရေးအတွက် NIVEA အလှကုန်က အဓိကပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။

## ပရီးမီးယားလိဂ်ပွဲစဉ်များ MRTV-4 ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ခြင်း

ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးနှင့် ပရိသတ်အားပေးမှု အပြင်းထန်ဆုံးသော ဘောလုံးပွဲစဉ်ဖြစ်သည့် အင်္ဂလိပ်ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်များကို အောက်တိုဘာလ ပထမပတ်မှစတင်ပြီး MRTV-4 ရုပ်သံမှ အခမဲ့ထုတ်လွှင့်ပြသခဲ့ခြင်းမှာ ၂၀၀၉ ခုနှစ်အတွင်း မှတ်တမ်းတင်ထိုက်သော ဝန်ဆောင်မှုတစ်ရပ်ဖြစ်ခဲ့သည်။

www.foreverspace.com.mm






**လူကြိုက်အများဆုံး အားကစားအစီအစဉ်ဖြစ်သည်**

အခပေးရုပ်သံလိုင်းများတွင်သာ ပြသလျက်ရှိသော အဆိုပါဘောလုံးပွဲစဉ်များကို ဘောလုံးဝါသနာရှင်များ အခမဲ့ကြည့်ရှုရန်အတွက် အပတ်စဉ်စနေ၊ တနင်္ဂနွေပွဲစဉ်များအနက်မှ မြန်မာပရိသတ်အများစု စိတ်ဝင်စားမည့်ပွဲစဉ်အချို့ကို ရွေးချယ်ပြသခြင်းဖြစ်သည်။

အင်္ဂလိပ်ပရီးမီးယားလိဂ်ပွဲစဉ်များကိုသာမက နိုဝင်ဘာလအတွင်း ကျင်းပမည့် ဆီးဂိမ်းပွဲစဉ်များ အားကစားပွဲစဉ်အချို့ကိုပါ တိုက်ရိုက် ထုတ်လွှင့်သွားမည်ဟု MRTV4မှ တာဝန်ရှိသူတစ်ဦးကို ကိုးကား ၍ စက်တင်ဘာလ ၂၈ ရက်နေ့ထုတ် The Voice Weekly တွင် ရေးသားခဲ့သည်။

## ဂျပန်အလုပ်အကိုင်

ကမ္ဘာ့စီးပွားရေးကျဆင်းမှု၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ဂျပန်နိုင်ငံအတွင်းရှိ ကုမ္ပဏီအချို့ လုပ်သားအင်အားလျှော့ချမှုများပြုလုပ်လာသည့်အတွက် မြန်မာလုပ်သားများခေါ်ယူရန်သဘောတူညီမှုရရှိထားသည့် ဂျပန်ကုမ္ပဏီ ငါးခုသည် မြန်မာလုပ်သားများခေါ်ယူခြင်းနှင့် ပတ်သက်၍ တိကျခိုင်လုံသောအကြောင်းပြချက်ပေးရန် သက်ဆိုင်ရာက ညွှန်ကြားမှုများ ပြုလုပ်နေသည့်အတွက် မြန်မာလုပ်သားများ ဂျပန်သို့သွားရောက်ရန်လုပ်သားပို့ဆောင်မှုကို ဆိုင်းငံ့ထားကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းမှ ကျွမ်းကျင်သူများ၏ ပြောကြားချက်များကို ကိုးကား၍ မေလ ၂၂ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ရေးသားထားသည်။

Living Color မဂ္ဂဇင်း ဂျပန်နိုင်ငံသို့ ရောက်ရှိစဉ် တွေ့ဆုံမေးမြန်းမှုများအရ ဂျပန်နိုင်ငံတွင် တရားဝင်နှင့် တရားမဝင်နေထိုင်သူ မြန်မာလုပ်သားပေါင်း တစ်သောင်းနီးပါးရှိ ကာ အများစုမှာ စားသောက်ဆိုင်များ၊ စက်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်သန့်ရှင်းရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြပြီး ကမ္ဘာ့ငွေကြေးအကျပ်အတည်း ဂယက်ကြောင့် ဂျပန်နိုင်ငံတွင်ပါ စီးပွားရေးကျဆင်းနေရာ အလုပ်အကိုင် အဆင်မပြေမှုများနှင့် တွေ့ကြုံနေရသည်။ ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံသို့ ငွေပြန်မပို့နိုင်သော မြန်မာလုပ်သားအများအပြားရှိနေပြီး နေထိုင်စားသောက်ရေးအတွက် အခက်အခဲများကြုံတွေ့နေရသည်။မြန်မာလုပ်သားအများစုသည် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ် ဟာတိုယာမ၏ ပြောင်းလဲလာမည့် စီးပွားရေးပေါ်လစီများကို စောင့်ကြည့်နေကြကာ ဂျပန်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ယခုထက်ပိုမိုအခက်အခဲဖြစ်လာပါက မြန်မာနိုင်ငံသို့ ပြန်လာကြမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အလုပ်လုပ်ရန်အတွက် ဂျပန်နိုင်ငံသို့ မလာသင့်သေးကြောင်း ပြောကြားကြသည်။

## အကျဉ်းသား လွတ်ငြိမ်းသက်သာခွင့်များ

မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများမှ အကျဉ်းသား ၆၃၁၃ ဦးကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်အသီးသီးဖြင့်ကျခံနေရသော အကျဉ်းသားများအနက်အကျဉ်းသားစုစုပေါင်း ၇၁၁၄ ဦးကို စက်တင်ဘာလ ၁၈ ရက်တွင်လည်းကောင်း လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ ၂၀၀၉ ခုနှစ်အတွင်း အကျဉ်းသား ၁၃၄၂၇ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သည်။

၂၀၀၉ ခုနှစ် အတွက် ပထမဆုံးလွတ်ငြိမ်းသက်သာခွင့်တွင် ရန်ကုန်တိုင်းထောင်အုပ်စုမှ အကျဉ်းသား ၉၆၀ ကျော်နှင့် အကျဉ်းသူ ၉၀ကျော်၊ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူစုစုပေါင်း ၅၆၀ကျော်အပြင် ပြစ်ဒဏ်အမျိုးအစားအလိုက် နှစ်ငယ်အကျဉ်းသားများ၊ နှစ်ကြီးအကျဉ်းသားများ ပါဝင်သည်။ ၁၉၉၈ ခုနှစ်နောက်ပိုင်း လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းမှာ ယခုအကြိမ်အပါအဝင် ၁၄ ကြိမ်ဖြစ်သည်။



**သတင်းစာသမားများပါ ပါဝင်ခဲ့သည်**

www.foreverspace.com.mm



## အမေရိကန်ဒေါ်လာ ၂၁ သန်းအကုန်အကျခံတည်ဆောက်ထားသည် ဟုဆိုသည့် စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်)

မကွေးတိုင်း၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် မြိုင်–ကမ္မကားလမ်း၏ လက်ယာဘက် မိုင်တိုင် (၄/၀) နှင့် (၇/၀)အကြားတွင် တည်ရှိပြီး တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂၁ သန်း ကျခံသုံးစွဲခဲ့သည်ဟုဆိုသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်) ကို ဇန်နဝါရီလ ၁၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါစက်ရုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinotech International Corporation နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစက်ရုံမှ CNC Lathe (ML-258), CNC Lathe (ML-260), Semi CNC Lathe (DL-660), Heavy Duty Precision Lathe (HG-720), Plate Rolling Machine (HR-0613), Bed Type Vertical & Horizontal Milling Machine (JY-H-480), Plano Milling Machine (CI-900 x 2500), Radial Drilling Machine (TF-1100S), Radial Drilling Machine (TF-1700 H), Universal Cylindrical Grinding Machine (G 27-55 AGC) နှင့် Precision Surface Grinding Machine (C&Y 50-100 AHR) စက်များကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်အရမှာကြားနိုင်ကြောင်း တရားဝင်ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

## ပရိသတ်ဦးရေ ၁၀၀၀ ခန့် စံချိန်ချိုးတက်ရောက်ခဲ့သည့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းဂယက်ရိုက်ခတ်မှုဆွေးနွေးပွဲ

ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ငွေကြေးအကျပ်အတည်း၏ ဂယက်ရိုက်ခတ်မှုများနှင့် ပတ်သက်၍ ပညာရှင်အစုံအလင်ပါဝင်သောဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က အဆိုပါအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင် တွေ့ရခဲသော ဝိုင်းဖွဲ့ဆွေးနွေးသည့် Forum တစ်ခုအဖြစ် ပီပီပြင်ပြင်မြင်



ပရိသတ်ဦးရေ ၁၀၀၀ခန့် စံချိန်တင် တက်ရောက်ခဲ့သည်



စီးပွားပညာရှင် ဒေါက်တာဦးမြင့်

တွေ့ခဲ့ရသည့်ဆွေးနွေးပွဲဖြစ်ပြီး ခန်းမတစ်ခုလုံးလျှံသွားသည်အထိ ပရိသတ်ဦးရေ ၁၀၀၀ ခန့် စံချိန်ချိုးတက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးပညာရှင်များဖြစ်သည့် ဒေါက်တာဦးမြင့်၊ ဒေါက်တာစိန်မောင်၊ ဦးတင်မောင်သန်း၊ စာရေးဆရာ ခင်မောင်ညို (ဘောဂဗေဒ)နှင့် သုတေသီ ဦးကိုကိုလှိုင်တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ Living Color Media မှ ဒေါက်တာနေဝင်းမောင်က Facilitator အဖြစ် ဦးဆောင်ခဲ့ပြီး အလားတူ ဝိုင်းဖွဲ့ဆွေးနွေးပွဲဟု အမည်ပေးထားသော ဆွေးနွေးပွဲတစ်ခုကိုလည်း ဇန်နဝါရီ ၃ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပခဲ့သော်လည်း ဝိုင်းဖွဲ့ ဆွေးနွေးပွဲအသွင်မဆောင်ဘဲ ဟောပြောပွဲငယ်ငါးခုပေါင်းထားသည့် ပုံသဏ္ဌာန်သို့ ရောက်ရှိသွားခဲ့ကြောင်း ဆွေးနွေးပွဲနှစ်ခုစလုံး တက်ရောက်ခဲ့သူများက တညီတညွတ်တည်း မှတ်ချက်ပြုခဲ့ကြသည်။

## ကျောက်စိမ်းများဖြင့် ထူးခြားစွာ အလှဆင်ထားသည့် မြန်မာ့အကြီးဆုံးကျောက်မျက်ရတနာပြတိုက်

နေပြည်တော်မြို့မသပြေကုန်းရပ်ကွက် သပြေကုန်းအဝိုင်းအနီးတွင်တည်ဆောက်ထားပြီး ကျောက်စိမ်းများဖြင့်ထူးခြားစွာ အလှဆင်ထားသည့် မြန်မာနိုင်ငံ၏အကြီးဆုံးကျောက်မျက်ရတနာပြတိုက်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကဖွင့်လှစ်ခဲ့သည်။

အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သည် ၁၂ ဒသမ ၅ ဧကကျယ်ဝန်းပြီး ပင်မအဆောက်အအုံမှာ အလျား ၂၅၀ ပေ၊ အနံ ၁၇၀ ပေရှိကာ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပြတိုက်အတွင်းတွင် ကမ္ဘာ့အကြီးဆုံးသဘာဝပုလဲကြီး၊ တန်ဖိုးအကြီးဆုံး မြန်မာ့မွေးပုလဲကြီးနှင့် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ပစ္စည်းများ၊ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာမျိုးစုံကို ခင်းကျင်းပြသထားပြီး တစ်ခန်းလျှင် ပေ ၂၀ ပတ်လည်ရှိ ဆိုင်ခန်းပေါင်း ၆၀ကျော်ဖွင့် လှစ်နိုင်

www.foreverspace.com.mm



မည်ဖြစ်ကြောင်းနှင့် ကားအစီး ၄၀ ကျော်ရပ်နားနိုင်သော ကားပါကင်တို့ပါဝင်သည်။ အဆိုပါ ပြတိုက်ဖွင့်လှစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် အမှတ်တရလက်မှတ်ရေးထိုးသည့် ကျောက်စိမ်းစားပွဲ၊ ကျောက်စိမ်းကုလားထိုင်၊ ကျောက်စိမ်းပြား များအပြည့်ဖုံးအုပ်ထားသည့် ကျောက်စိမ်းစာအုပ်၊ ကျောက်စိမ်း ဘောလ်ပင် စသည့်အသုံးအနှုန်းများ သုံးနှုန်းဖော်ပြခဲ့သည်။

## Junction Centre - Nay Pyi Taw

နေပြည်တော်ဟိုတယ်ဇုန်အနီး ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိပြီး စတုရန်းပေ ၆၀၀၀၀ ကျော်အကျယ်အဝန်းရှိသည့် Junction Centre - Nay Pyi Taw ကို ဩဂုတ်လ ၁၆ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါအဆောက်အအုံတွင် လူဦးရေ ၂၀၀ ကျော်ကြည့်ရှုနိုင်သည့် ခေတ်မီအသံလုံစနစ်နှင့် တည်ဆောက်ထားသည့် ရုပ်ရှင်ရုံ (Mini Theatre)နှင့် လူသုံးကုန်၊ စားသောက်ကုန်၊ မီးဖိုချောင်သုံး ပစ္စည်းများစုံလင်စွာရောင်းချပေးလျက်ရှိသည့် Ocean Super Centre တို့ပါဝင်သည်။

## မြန်မာနိုင်ငံရှေ့နေများကောင်စီကို မတရားအသင်းကြေညာခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ (Burma Lawyer's Council-BLC)၊ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများကို အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၉ ဖြင့် မတရားအသင်းအဖြစ်ကြေညာလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီလ ၃၀ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

## စိုက်ပျိုးမြေဧက တစ်သောင်းကျော်ကို ရေကြီးမှုမှအကာအကွယ်ပေးနိုင်မည်ဟုဆိုသည့် ကဒပွနရေထိန်းတံခါး

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပွနဒီကျေးရွာအနီးတွင်တည်ဆောက်ထားပြီး စိုက်ပျိုးမြေဧက ၁၅၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးနိုင်မည်ဟုဆိုသည့် ကဒပွနရေထိန်းတံခါးကို ဧပြီလ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

တရားဝင်ထုတ်ပြန်ကြေညာချက်များအရ အဆိုပါရေထိန်းတံခါးကို ငွေကျပ်သန်းပေါင်း ၂၅၈၀ကျော်အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ပြီး ခြောက်ပေ ၁၆ ပေရေတံခါးပေါက် ၂၇ ပေါက်ပါဝင်သည့် ကွန်ကရစ်တံခါးကြီးဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းအတွင်း၌ ၁၉ ခုမြောက် ဆည်မြောင်းစီမံကိန်းလုပ်ငန်း တစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် ၂၂၁ ခုမြောက် ဆည်မြောင်း စီမံကိန်းဖြစ်သည်။

## မြန်မာ-တရုတ် နှစ်နိုင်ငံအကျိုးတူပူးပေါင်းတည်ဆောက်သည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကျိုးတူ ပူးပေါင်းတည်ဆောက်ထားပြီး ရွှေလီမြစ်တစ်လျှောက်တွင် အကြီးစား ရေအားလျှပ်စစ်စီမံကိန်း သုံးခုတည်ဆောက်ရန်စီစဉ်ထားသည့် အနက် ပထမဦးဆုံးပြီးစီးသောစီမံကိန်းတစ်ခုဖြစ်သော ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကို မေလ၁၆ ရက်နေ့ကဖွင့်လှစ်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီးတွင်တည်ရှိသည့် အဆိုပါစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ ကို ဓာတ်အားကွန်ရက်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် စတင်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းတရားဝင်ထုတ်ပြန်ချက်များတွင် ရေးသားထားသည်။ ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိပြီး မြန်မာနိုင်ငံ၌ လောလောဆယ်အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံဖြစ်သည်။

## ပထမဆုံး နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာ

မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာဟု နိုင်ငံပိုင်မီဒီယာများနှင့် ပုဂ္ဂလိက မီဒီယာအချို့က ရေးသားကြသည့် ကားဝယ်ရောင်းစင်တာတစ်ခုကို Sakura Technical Service Co., Ltd. က တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီ ဥယျာဉ်မြို့တော်အိမ်ရာတွင် ဇွန်လ၁၄ရက်နေ့က တရားဝင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါစင်တာသို့ လာရောက်အပ်နှံထားသော မော်တော်ယာဉ်အားလုံးမှာ တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာ



**တရားဝင်လိုင်စင်ဖြင့်တင်သွင်းလာသည့်မော်တော်ယာဉ်များကို ရောင်းချသော စင်တာဖြစ်သည်**

www.foreverspace.com.mm

သောမော်တော်ယာဉ်များဖြစ်ပြီး ကားလေလံပွဲများကိုတစ်လလျှင် နှစ်ကြိမ်ပြုလုပ်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာထား သည်။ ယင်းစင်တာ၏ ကားလေလံပွဲများတွင် လေလံဆွဲသူများကို ဂျပန်နိုင်ငံမှ ကားလေလံပွဲများအတိုင်း Laptop တစ်လုံးစီအသုံးပြု၍ လေလံဆွဲနိုင်ရန်ဆောင်ရွက်ထားသည့်အတွက် ကွန်ပျူတာနှင့် အကျွမ်းတဝင်မရှိသူကားဝယ်ရောင်းများအတွက် အခက်အခဲရှိနိုင်ကြောင်း ကားဝယ်ရောင်းအချို့က ပြောကြားချက်ကိုလည်း အပတ်စဉ်ထုတ် ဂျာနယ်များတွင် ရေးသားထားသည်ကို တွေ့ရသည်။

## ဘန်ကီမွန်းတက်ရောက်ခဲ့သည့် ဦးသန့်ရာပြည့်အထိမ်းအမှတ်ပွဲ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကိုထမ်းဆောင်ခဲ့သော ပထမဆုံးအာရှသားဖြစ်သည့် မြန်မာနိုင်ငံသား ဦးသန့်၏ အသက် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပရာ လက်ရှိကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် တောင်ကိုရီးယားနိုင်ငံသား ဘန်ကီမွန်း တက်ရောက်ခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ကို ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိထမ်းဆောင်ခဲ့သောဦးသန့်ကို ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းပန်းတနော်မြို့နယ်တွင် မွေးဖွားခဲ့ပြီး ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

## ငွေစက္ကူအဟောင်းများလဲလှယ်ပေးမှု

ပြည်သူများလက်ဝယ်တွင် အသေးသုံးငွေကြေးအဖြစ် လှည့်လည်သုံးစွဲနေသော ဟောင်းနွမ်းငွေစက္ကူများအနက် သတ်မှတ်ချက်များနှင့်ပြည့်စုံပြီး ဟောင်းနွမ်းစုတ်ပြတ်နေသည့် ၁၀ ကျပ်တန်မှ ၂၀၀ ကျပ်တန်အထိ ငွေစက္ကူများလဲလှယ်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ကို သြဂုတ်လ ၃၀ ရက်နေ့မှ စတင်ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ငွေစက္ကူများကို ရန်ကုန်မြို့ အမှတ် ၁၉၈-၁၉၉ ဗိုလ်ဆွန်ပက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်လုပ်ငန်းဌာနခွဲ ငွေစက္ကူလဲလှယ်ရေးကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် လက်ခံလဲလှယ်ပေးခဲ့ခြင်းဖြစ်သည်။

## အသုံးလုံးဘိလပ်မြေစက်ရုံကျောက်ဆည်သို့ ပြောင်းရွှေ့ခြင်း

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ကျွဲနဖားတောင်အနီးတွင် ဖွင့်လှစ်ထားသည့် အသုံးလုံးဘိလပ်မြေစက်ရုံသည် ၂၀၀၉ ခုနှစ် ဧပြီလအတွင်းက ထုတ်လုပ်မှုများရပ်ဆိုင်းခဲ့ပြီး ကျောက်ဆည်မြို့သို့ စတင်ပြောင်းရွှေ့ခဲ့ရာ မန္တလေးမြို့နှင့်ပတ်ဝန်းကျင်ဒေသများတွင် ဆောက်လုပ်ရေးလုပ်ငန်းများခေတ္တရပ်ဆိုင်းသွားခဲ့ပြီး ဘိလပ်မြေဈေးများ မြင့်တက်သွားခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း လှုပ်ခတ်မှုအနည်းငယ်ဖြစ်ပေါ်ခဲ့သည်။

အလားတူ မန္တလေးမြို့အနီးရှိ ပုဂ္ဂလိကဘိလပ်မြေစက်ရုံများဖြစ်သည့် မြန်မာဆင်၊ ကျားခေါင်းဘိလပ်မြေစက်ရုံ တို့မှာလည်း အသုံးလုံးစက်ရုံနည်းတူ ကျောက်ဆည်သို့ပြောင်းရွှေ့ရန်အတွက် ထုတ်လုပ်မှုများရပ်ဆိုင်းထားခဲ့သည်။ ယင်းသို့ရပ်ဆိုင်းလိုက်ပြီး မရှေးမနှောင်းကာလတွင် ရန်ကုန်မြို့ရှိ ဘိလပ်မြေဈေးနှုန်းများ ယခင်ကထက် ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်ပြောင်းလဲခဲ့သည်ကိုလည်းတွေ့ရသည်။

## အဓမ္မစေခိုင်းမှုမရှိရေး နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်မှု

မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှုတိုင်ကြားချက်များဆောင်ရွက်ရန် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာကို(၁၂)လ သက်တမ်းတိုးရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး (ILO) တို့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာသည် မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုမပြုရေး တားမြစ်ထားသည့် တည်ဆဲဥပဒေများကျင့်သုံးမှုကို အထောက်အကူဖြစ်စေကြောင်း၊ ရန်ကုန်မြို့ရှိ ILO ဆက်သွယ်ရေးအရာရှိက အကူအညီပေးနေသည့် တိုင်ကြားချက်ယန္တရားတစ်ရပ်ကို ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲနားလည်မှုစာလွှာ၏ အပိုဒ်(၁)အရ မြန်မာနိုင်ငံသားများအနေဖြင့် အဓမ္မခိုင်းစေခြင်းခံရပါက တရားဥပဒေနှင့်အညီ တရားမျှတမှုရရှိနိုင်ပြီး တိုင်ကြားသူအတွက်လည်း အကာအကွယ်ရရှိစေနိုင်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာထားသည်။

www.foreverspace.com.mm



## မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံ (ပျော်ဘွယ်) နှင့် ချည်မျှင်စက်ရုံ (မြစ်သား)

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်းနှင့် ငွေကျပ် ၇၄၄၃ ဒသမ ၀၈၀ သန်း စုစုပေါင်း ငွေကျပ် ၇၂၈၈ ဒသမ ၇၄၀ သန်း အကုန်အကျခံတည်ဆောက်ထားသည်ဟု သက်ဆိုင်ရာကဆိုသည့် မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံ (ပျော်ဘွယ်) ကို မတ်လ ၂၀ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါစက်ရုံအတွက်လိုအပ်သည့် စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Universal Machinery Import & Export Corporation (TUMIEC) မှ တင်သွင်းခဲ့ခြင်းဖြစ်သည်။

အလားတူ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်း နှင့် မြန်မာငွေ ကျပ် ၆၅၂၁ ဒသမ ၉၁၆ သန်း စုစုပေါင်း ငွေကျပ် ၆၃၁၇ ဒသမ ၅၇၆ သန်း အကုန်အကျခံတည်ဆောက်ထားသည်ဟု သက်ဆိုင်ရာကဆိုသည့် ချည်မျှင်စက်ရုံ (မြစ်သား) ကိုလည်း ယင်းနေ့တွင်ပင် ဖွင့်လှစ်ခဲ့သည်။

## ရှမ်းပြည်နယ်တွင်အကြီးဆုံး ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

ရှမ်းပြည်နယ်အတွင်း တည်ဆောက်ပြီးစီးသော စီမံကိန်းများအနက် လောလောဆယ်အချိန်တွင်အကြီးဆုံးရေအားလျှပ်စစ် စီမံကိန်းတစ်ခုအဖြစ် ၂၀၀၉ ခုနှစ်အတွင်း မှတ်ကျောက်တင်နိုင်သည့် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို မတ်လ ၂၁ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ်ထုတ်လုပ်နိုင်အားရှိသည့် အကြီးစားရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၃၇၇ ဒသမ ၆ သန်းထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းကို ၎င်းတို့အဆို အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၆ သန်းနှင့် ငွေကျပ်သန်းပေါင်း ၁၅၂၈၅ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

## ထပ်မံပြင်ဆင်လိုက်သည့် ပြည်ပလုပ်သားများစေလွှတ်ရေးဥပဒေ

မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်မှ စတင်ပြဋ္ဌာန်းခဲ့သော ပြည်ပအလုပ်အကိုင်အေဂျင်စီများနှင့်ပတ်သက်သည့် အလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြီးခဲ့သည့် မေလ ၁၃ ရက်နေ့မှစတင်ပြင်ဆင်ခဲ့ပြီး ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ကြရန် ရန်ကုန်မြို့ရှိ ပြည်ပအလုပ်အကိုင်လိုင်စင်ရကုမ္ပဏီများထံသို့ မေလ ၁၅ ရက်နေ့ရက်စွဲဖြင့် သက်ဆိုင်ရာက ပေးပို့ခဲ့သည်။

ယခုပြင်ဆင်လိုက်သည့်ဥပဒေမှာ အေဂျင်စီများမှတစ်ဆင့် လွှတ်လိုက်သည့် အလုပ်သမားများအနေနှင့် တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားချိန်မှ ဆေးကျ၍ပြန်လာရပါက တာဝန်ယူ စေလွှတ်သည့် အေဂျင်စီအနေဖြင့် စရိတ်အကုန်ပြန်လျော်ရမည်ဖြစ်သည်။

## မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းသို့ အခမဲ့လွှဲပြောင်းခဲ့သည့် ဒေါ်လာ ၁၅ သန်းတန် ဂျပန်သင်္ဘော

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဟိုင်းကြီးကျွန်းဒေသ သမီးလှကျွန်းအနီးတွင်သောင်တင်နေသော အမေရိကန်ဒေါ်လာ ၁၅ သန်းခန့်တန်ကြေးရှိသော ဂျပန်အခြေစိုက် Eastern-Car ကုမ္ပဏီပိုင် သင်္ဘောတစ်စင်းကို မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းသို့ ယင်းကုမ္ပဏီက အခမဲ့လွှဲပြောင်းပေးအပ်ခဲ့သည်။

MV. Cosmic Leader အမည်ရှိ ယင်းသင်္ဘောမှာ ၁၂၄ မီတာရှည်လျားပြီး တန်ချိန် ၉၈၀၀ ကျော်တင်ဆောင်နိုင်ကာ ပုသိမ်မြို့မှ သစ်လုံးများတင်ဆောင်၍ ထွက်ခွာလာစဉ် ဟိုင်းကြီးကျွန်းအနီးတွင် နာဂစ်မုန်တိုင်းနှင့်တွေ့ကြုံ၍ သောင်တင်ခဲ့ရခြင်းဖြစ်သည်။ အဆိုပါသင်္ဘောကို ဂျပန်ကုမ္ပဏီက ဆယ်ယူရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ မြန်မာ့နည်းမြန်မာ့ဟန်နှင့် ဆယ်ယူရရှိခဲ့ခြင်းဖြစ်သည်။

## သတင်းစာရှင်းလင်းပွဲများ

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၀(က) နှင့် ၁၀(ခ)တို့နှင့်ပတ်သက်၍ ရှင်းလင်းပွဲတစ်ရပ်ကို မေလ ၂၆ ရက်နေ့က အင်းစိန် မြို့နယ်ရှိ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူး ချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လက်ရှိဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ ၇ ရက်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့်

SANBUMI
AIR TRANSPORT

www.foreverspace.com.mm

ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ကျင်းပခဲ့သည်။

## ရန်ကုန်-ကွာလာလမ်ပူ ပြေးဆွဲမည့် မလေးရှားအခြေစိုက် SANBUMI AIR TRANSPORT လေကြောင်းလိုင်းသစ်

၂၀၀၉ ခုနှစ်အတွင်းစတင်ခဲ့သည့် လေကြောင်းလိုင်းသစ်တစ်ခုအဖြစ် မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တို့ကို ပျံသန်းပေးမည့် မလေးရှားအခြေစိုက် ခရီးသွားကုမ္ပဏီပိုင် SANBUMI AIR TRANSPORT လေကြောင်းလိုင်း၏ ရန်ကုန်–ကွာလာလမ်ပူခရီးစဉ်ကို ဖေဖော်ဝါရီလ ၅ ရက်နေ့မှစတင်ပြေးဆွဲခဲ့သည်။ ခရီးစဉ်များကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပေးမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာချက်များအရသိရသည်။

အဆိုပါလေကြောင်းလိုင်းတွင် ပျံသန်းရန် လေယာဉ်ကို မြန်မာနိုင်ငံသားပိုင် Air Bagan က ငှားရမ်းပေးခဲ့သည်။

## ထိုင်းနိုင်ငံသား နှစ်ဦးအပါအဝင် တရားခံခြောက်ဦး ဖမ်းဆီးထားသည့် လက်နက်နှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လိကျေးရွာရှိ နေအိမ်တစ်အိမ်၏ ကားဂိုဒေါင်အတွင်းရပ်ထားသော TOYOTA LUCIDA တံဆိပ်ပါ တောင်းအနက်ရောင် ယာဉ်အမှတ် ၂ခ/၉၃၉၄ ယာဉ်ပေါ်နှင့် နေအိမ်ပေါ်တို့မှ MADSEN တံဆိပ်ပါ သေနတ်အရှည်တစ်လက်၊ STEYR M9-41 သေနတ်နံပါတ်–၀၅၈၇၆၈ ပစ္စတိုတစ်လက်၊ ၉ မမ လူဂါကျည် ၁၀၈ တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀၀၀၊ ဘိန်းဖြူမှုန့် ၂၁ ကီလို၊ ဘိန်းဖြူဘလောက်တုံး ၁၀၂ တုံး (၃၅ ဒသမ ၇ ကီလိုဂရမ်)၊ ဆိုင်ကယ်ငါးစီးနှင့် မော်တော်ယာဉ်နှစ်စီးတို့ကို ဩဂုတ်လ ၂၄ ရက်နေ့က သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ အခြားနေရာများတွင် ဆက်လက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများနှင့် မော်တော်ယာဉ်များနှင့် တရားခံ ခြောက်ဦးအပြင် ထိုင်းနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးကိုပါ ဆက်စပ်ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

## ၂၀၀၉ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော နေကြတ်ခြင်းများ

၂၀၀၉ ခုနှစ်အတွင်းနေကြတ်ခြင်း နှစ်ကြိမ်နှင့် လကြတ်ခြင်းလေးကြိမ်ဖြစ်ပေါ်မည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၂၆ ရက်နေ့တွင် ဖြစ်ပေါ်မည့် ပထမဆုံးအကြိမ်နေကြတ်ခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တွေ့မြင်နိုင်မည်ဟု မိုးလေးဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ထုတ်ပြန်ကြေညာခဲ့သည်။



ပထမအကြိမ်နေကြတ်ခြင်းကို မြန်မာစံတော်ချိန်ညနေ ၃ နာရီ ၁၅ မိနစ်တွင် မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများမှ စတင်၍ မြန်မာနိုင်ငံအထက်ပိုင်းဒေသများအထိအစဉ်လိုက်မြင်တွေ့ခဲ့ရသည်။ နေကြတ်ခြင်းကို နောက်ဆုံးမြင်တွေ့ရမည့်ဒေသများမှာ မြန်မာနိုင်ငံမြောက်ဘက်စွန်းဒေသများဖြစ်သည်။

၂၀၀၉ ခုနှစ်အတွက် ပထမဆုံးဖြစ်ပေါ်သည့် နေကြတ်မှုသည် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် တရုတ်နှစ်သစ်ကူးအချိန်နှင့် သွားရောက်တိုက်ဆိုင်လျက်ရှိသည်။

၂၀၀၉ ခုနှစ်အတွက် ဒုတိယအကြိမ်နေကြတ်မှုမှာ ဇူလိုင်လ ၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီ မိနစ် ၃၀ မှ ၈နာရီ ၃၅ မိနစ်ခန့်အထိဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှသာ တွေ့မြင်ခဲ့ရသည်။

နေအပြည့်ကြတ်မှုဖြစ်စဉ်မှာ ပုံမှန်အားဖြင့် နှစ်မိနစ်မှ သုံးမိနစ်ခန့်အထိသာရှိသော်လည်း ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော နေကြတ်မှုမှာ လေးမိနစ်မှ ခြောက်မိနစ်ဝန်းကျင်အထိကြာမြင့်ခဲ့သည့်အတွက် ၂၁ ရာစုအတွက် အရှည်ကြာဆုံးနေအပြည့်ကြတ်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းနေကြတ်မှုဖြစ်စဉ်အပြီး ခြောက်လအကြာ ၂၀၁၀ ဇန်နဝါရီ ၁၅ ရက်မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဖြစ်ပေါ်မည့် နေကြတ်မှုဖြစ်စဉ်ကို မြန်မာနိုင်ငံရှိ ထင်ရှားသောခရီးသွားဒေသများဖြစ်သည့် ငပလီ၊ မန္တလေး၊ စစ်ကိုင်း၊ ပုဂံ၊ ပုပ္ပားစသည့်ဒေသများမှ ထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်ပြီး ယင်းနေကြတ်မှုဖြစ်စဉ်ပေါ်ပေါက်ပြီးပါက နေကြတ်မှုကိုနောင် ၇၅ နှစ်ကြာမှ ပြန်လည်တွေ့မြင်နိုင်မည်ဖြစ်သည်။

## ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော လကြတ်မှုများ

၂၀၀၉ ခုနှစ်အတွင်းလကြတ်မှုလေးကြိမ်ဖြစ်ပွားခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်နေ့ (တပို့တွဲလပြည့်နေ့) ည ၉ နာရီ ၁၅ မိနစ်တွင် ဖြစ်ပေါ်ခဲ့သော ပထမဆုံးအကြိမ်လကြတ်ခြင်းကို မြန်မာနိုင်ငံမှ တွေ့မြင်ခဲ့ရသည်။

ဒုတိယအကြိမ်လကြတ်မှုနှင့် တတိယအကြိမ်လကြတ်မှုတို့မှာ

www.foreverspace.com.mm






၂၀၀၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့နှင့် ဩဂုတ်လ ၆ ရက်နေ့တို့တွင် ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၉ ခုနှစ်အတွက် နောက်ဆုံးအကြိမ်လကြတ်မှု အဖြစ် စတုတ္ထအကြိမ် လကြတ်မှုကို ဒီဇင်ဘာလ ၃၁ ရက် (ပြာသို လပြည့်ကျော် ၁ ရက်) နေ့၊ နှစ်သစ်ကူးညသန်းခေါင်ယံတွင် ည၁၂ နာရီ ၅၅ မိနစ်မှ ၁ နာရီ ၅၁မိနစ်အထိ လကြတ်မည်ဖြစ်သောကြောင့် မြန်မာတစ်နိုင်ငံလုံးမှ ထင်ရှားစွာတွေ့မြင်နိုင်မည်ဟု နိုဝင်ဘာ ၂ ရက်နေ့ထုတ် The Voice Weekly တွင်ဖော်ပြထားသည်။

## UMFCCI အသင်းချုပ်၏ သင်းဖွဲ့စည်းမျဉ်းအချို့ ပယ်ဖျက်ခြင်း


UMFCCIဥက္ကဋ္ဌ ဦးဝင်းမြင့်

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အများအပြားနှင့်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ ၂၀၀၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသော (၁၈) ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အသင်းမှချမှတ်ထားသော ဖွဲ့စည်းပုံစည်းမျဉ်းများထဲမှ (၂၈/ဈ) နှင့် (၃၀/ဇ)တို့ကို ပယ်ဖျက်ခဲ့သည်။

ယခင်ဖွဲ့စည်းပုံစည်းမျဉ်း (၂၈/ဈ) နှင့် (၃၀/ဇ) အရ အသင်းချုပ်၏အလုပ်အမှုဆောင်များသည် မည်သည့်နိုင်ငံရေးတစ်ခုခု၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (သို့မဟုတ်) အမှုဆောင်အဖွဲ့ဝင် (သို့မဟုတ်) သာမန်အဖွဲ့ဝင်မဖြစ်စေရ။ အကယ်၍ နိုင်ငံရေးပါတီတစ်ခုခုတွင် ကိုယ်စားပြုသူဖြစ်သွားပါက အသင်းချုပ်မှထွက်ရမည်ဟု ချမှတ်ထားသော သင်းဖွဲ့စည်းမျဉ်းကို အထက်ပါအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က 'UMFCCI အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ဖြစ်ပေါ်ပြောင်းလဲလာသည့်အခြေအနေများအရ ဆက်လက်ကျင့်သုံးရန်မသင့်သည့်အတွက် ယခုကဲ့သို့လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခဲ့ခြင်း' ဟု တရားဝင်ကြေညာကာ အဆိုပါသင်းဖွဲ့စည်းမျဉ်းကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ယင်းကြောင့် UMFCCI အသင်းချုပ်အဖွဲ့ဝင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါတီနိုင်ငံရေး စာမျက်နှာသစ်ဖွင့်လှစ်ဖွယ်ရှိခြင်း၊ အဖွဲ့ဝင်အဖြစ်သာမက နိုင်ငံရေးပါတီများတွင်ပါ လှုပ်ရှားခွင့်တရားဝင်ရရှိသွားခြင်းတို့ကြောင့် ယခုနှစ်အတွင်း ထူးခြားသောအကြောင်းအရာအဖြစ် သတ်မှတ်ဖော်ပြရမည်ဖြစ်သည်။ UMFCCI တွင် ၂၀၀၉ ခုနှစ်အတွင်း အဖွဲ့ဝင် ၁၈၃၃၃ အထိ တိုးလာပြီး ယခုနှစ်အတွင်း ဗဟိုအလုပ်အမှုဆောင် ၄၀ ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၆၆ ဦး စုစုပေါင်း ၁၀၆ ဦးထိရှိလာပြီဖြစ်သည်။

UMFCCI ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ အရ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အမည်ဖြင့် အသင်းချုပ်အဆင့်တိုးမြှင့်၍ ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်နေ့ နေ့စွဲပါ အသင်းချုပ်မှတ်ပုံတင်ခွင့်ပြုချက်အမှတ် – ၁/၉၉ ဖြင့် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

## ကြွပ်ကြွပ်အိတ်ပါးများ ထုတ်လုပ်မှုရပ်ဆိုင်းခြင်း

မြန်မာနိုင်ငံအတွင်း၌ ဆယ်စုနှစ်သုံးခုဝန်းကျင်ကပင် ထုတ်လုပ်သုံးစွဲလာခဲ့သော ကြွပ်ကြွပ်အိတ်ပါးများ ထုတ်လုပ်ခြင်းကို ရန်ကုန်မြို့တော်တွင် ၂၀၁၀ မတ်လကုန်သည်အထိသာ ခွင့်ပြုတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုဝင်ဘာလ ၂၀၀၉ တွင် ထုတ်ပြန်ချက်တစ်ရပ်သတ်မှတ်ပေးခဲ့သည်။

ထုတ်လုပ်မှုများအား ၂၀၀၉ ခုနှစ်အောက်တိုဘာလ ၃၀ ရက်

www.foreverspace.com.mm



နေ့နောက်ဆုံးထုတ်ခွင့်သတ်မှတ်ပေးခဲ့သော်လည်းအကြောင်းအမျိုးမျိုးကြောင့် ၂၀၁၀ မတ်လကုန်သည်အထိ သက်တမ်းတိုးပေးခြင်းဖြစ်ကြောင်း၊ ၂၀၁၀ မတ်လနောက်ပိုင်းရောက်ပါက ဆွေးမြည့်လွယ်သော ပလတ်စတစ်အိတ်များကိုသာ ထုတ်လုပ်သုံးစွဲခွင့်ပြုတော့မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ပလတ်စတစ်လုပ်ငန်း (ကြွပ်ကြွပ်အိတ်ပါး) စက်ရုံကြီးပေါင်း ၁၄၆ ခုရှိပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းပေါင်းတစ်ထောင်ဝန်းကျင်ရှိသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၏ စီမံဌာနထုတ်ပြန်သောစာရင်းများအရ သိရသည်။

မန္တလေးမြို့တော်အတွင်းရှိ ပလတ်စတစ်အိတ်ပါး(ကြွပ်ကြွပ်အိတ်) ရောင်းဝယ်ဖော်ကားကြသူများ၊ နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုကြသူများ၊ ထုတ်လုပ်သူများအနေဖြင့် ၂၀၀၉ ခုနှစ် ဇွန်လ ၂၁ ရက်မတိုင်မီအထိသာ အသုံးပြုကြရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဇွန်လ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အလားတူ နေပြည်တော်မြို့သစ်တွင်လည်း ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို အောက်တိုဘာလ၌ ပိတ်ပင်ခဲ့သည်။

## ချော်တွင်းကုန်းမီးပွိုင့်တွင် စံချိန်တင်ယာဉ်တိုက်မှုဖြစ်ပွားခြင်း

ဆင်ခြေဖုံးမြို့နယ်များမှ ရန်ကုန်မြို့လယ်သို့ ဝင်ရောက်ရာ အဓိကလမ်းမကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့် (ချော်တွင်းကုန်းမီးပွိုင့်) တွင် ယာဉ် ၁၂ စီးဆင့်တိုက်ခဲ့သော စံချိန်တင်ယာဉ်တိုက်မှုတစ်ခု အောက်တိုဘာလ ၁၀ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။

ကမ္ဘာအေးဘုရားလမ်းအတိုင်း တောင်မှမြောက်ဘက်သို့ အရှိန်ပြင်းစွာမောင်းနှင်လာသည့် အမှတ် (၁၇၅) ပါရမီခရီးသည်တင်ယာဉ်သည် ကမ္ဘာအေးဘုရားမှတ်တိုင်နှင့် ချော်တွင်းကုန်းမှတ်တိုင်ကြားတွင် အရှိန်မထိန်းနိုင်တဲ့ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားခဲ့ပြီး မျက်နှာချင်းဆိုင်မှလာသော ယာဉ်နှစ်စင်းကိုတိုက်မိပြီး မိမိယာဉ်ကြောသို့ ပြန်အဝင် အခြားယာဉ်ကိုးစင်းကိုပါ ဆင့်ကဲဆင့်ကဲတိုက်မိခဲ့ခြင်းဖြစ်သည်။

## WFP ရဟတ်ယာဉ်ပျံသန်းမှု ရပ်တန့်လိုက်ခြင်း

မုန်တိုင်းသင့်ဧရာဝတီတိုင်းတွင် အရေးပေါ်အခြေအနေမှ လွန်မြောက်ခဲ့ပြီး ခွင့်ပြုသက်တမ်းကာလတစ်နှစ်ကျော်လည်းကုန်လွန်သွားခဲ့ခြင်းကြောင့် အဆိုပါဒေသတွင် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့အစည်းများအတွက် သယ်ယူပို့ဆောင်ပျံသန်း ပြေးဆွဲပေးလျက်ရှိသော WFP ၏ ရဟတ်ယာဉ်ပျံသန်းမှုကို ဩဂုတ်လလယ်ပိုင်းမှစ၍ ရပ်နားခဲ့သည်။

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အနေဖြင့် လေဘေးသင့်ဒေသများတွင် ထောက်ပံ့ရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ရဟတ်ယာဉ် ၁၀ စီးကို ၂၀၀၈ ဇွန်လ ၂ ရက်နေ့မှ



WFP သည်မုန်တိုင်းသင့်ဒေသများအတွက်
ကန်ဒေါ်လာသန်း၉၀ ခန့်သုံးစွဲခဲ့သည်

စတင်၍ အသုံးပြုခဲ့ပြီး အရေးပေါ်ကာလ ကုန်လွန်ခါနီးတွင် ခုနစ်စီးလျှော့ချခဲ့သည်။ ယင်းနောက်ပိုင်းတွင် သုံးစီးဖြင့်ပြေးဆွဲပေးနေရာမှ တစ်စီးသို့ထပ်မံလျှော့ချခဲ့ကာ ဩဂုတ်လလယ်ပိုင်းတွင် နောက်ဆုံးကျန်သည့်တစ်စီးကို ထပ်မံလျှော့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါရဟတ်ယာဉ် ၁၀ စင်းဖြင့် မုန်တိုင်းသင့်ဒေသများသို့ ၂၀၀၉ ခုနှစ် မေလအထိ ခရီးသည် စုစုပေါင်း ၂၈၇၀၀ ဦး၊ ကယ်ဆယ်ရေးပစ္စည်းအမျိုးမျိုး ၁၁၁၃ တန်တို့ကို ခေါက်ရေ စုစုပေါင်း ၃၇၅၅ ခေါက်ပျံသန်း၍ ပေးပို့ခဲ့ကြောင်း WFP ၏ အစီရင်ခံစာအရ သိရသည်။

ယင်းသို့ရပ်နားလိုက်သော်လည်း စားနပ်ရိက္ခာထောက်ပံ့မှုများကို စီမံကိန်းကာလကုန်လွန်သည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများ ကူညီထောက်ပံ့ရေး အတွက် ကန်ဒေါ်လာ သန်း ၇၀ ကျော်သုံးစွဲခဲ့ပြီးဖြစ်သည့် WFP သည် ပြန်လည်ထူထောင်ရေးဒုတိယကာလ ဖြစ်သည့် ၂၀၀၉ ခုနှစ် ဧပြီလလယ်မှ ဒီဇင်ဘာလအထိ ကန်ဒေါ်လာ ၁၉ သန်းထပ်မံသုံး စွဲမည်ဖြစ်ကြောင်း WFP ၏ တရားဝင် ထုတ်ပြန်ချက်များ အရသိရသည်။

## တရုတ်နိုင်ငံမှ Bulldozer၊ Excavator များနှင့် လူစီးရထားတွဲများ ပေးအပ်လှူဒါန်းမှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ချစ်ကြည်ရေးလက်ဆောင်အဖြစ် ရထားစက်ခေါင်းလူစီးတွဲနှင့် ကုန်တွဲစုစုပေါင်း ၂၂၅တွဲကို ဩဂုတ်လ ၃၁ ရက်နေ့က လွှဲပြောင်းပေးအပ်ခဲ့သည်။ ပထမအကြိမ်ချစ်ကြည်ရေးလက်ဆောင်အဖြစ် လူစီးတွဲ ၁၃၀ တွဲကို ၂၀၀၆ ခုနှစ်က ပေးပို့ခဲ့ပြီးဖြစ်သည်။

နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် Bulldozer ၁၈ စုံနှင့် Excavator အစုံ ၄၀ ကို မတ်လ ၁၆ ရက်နေ့က လှူဒါန်းခဲ့သည်။

www.foreverspace.com.mm



နာဂစ်မုန်တိုင်းဖြစ်ပွားပြီးချိန်မှစ၍ တရုတ်အစိုးရသည် လေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန် ၁၆.၈၇ တန်ခန့်၊ လူသုံးကုန် တန် ၂၀ ခန့်၊ ဆောက်လုပ်ရေးပစ္စည်း ၁၇ တန်ခန့်၊ ဆေးဝါး ခြောက်တန်ခန့်နှင့် မိုးကာတဲ ၁၆၂၈ လုံးလှူဒါန်းခဲ့ပြီးသည့်အပြင် တရုတ်နိုင်ငံမှ ဆေးဝါးကုသရေးအဖွဲ့တစ်ဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ်တွင် လေဘေးသင့်ပြည်သူ ၄၇၉၉ ဦးတို့ကို ဆေးဝါးကုသမှုပေးခြင်းအပြင် မော်တော်ယာဉ်လေးစီးကိုလည်း လှူဒါန်းခဲ့သည်။

## နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်၏ အရှေ့ဘက် ၅ ဒသမ ၇ မိုင်အကွာ၊ အေလာမြို့၏အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင် မူလလေဆိပ်နှင့်ဆက်စပ်၍ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ လုပ်ကိုင်ခဲ့သည်။

အဆိုပါလေဆိပ်စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့်ဆောင်ရွက်ရန်စီစဉ်ထားပြီး စီမံကိန်းပထမအဆင့်ပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၅ သန်း အသုံးပြုသွားလာနိုင်မည်ဖြစ်ကြောင်းနှင့် တတိယအဆင့်အထိပြီးစီးသွားပါက ခရီးသည် ၁၀ ဒသမ ၅ သန်းအထိ အသုံးပြုသွားလာနိုင်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များတွင်ရေးသားထားသည်။ ယင်းလေဆိပ်ကို နိုင်ငံသားပိုင် အေးရှားဝေါလ် ကုမ္ပဏီကတာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး အဆောက်အအုံဒီဇိုင်းပုံစံကို စင်ကာပူနိုင်ငံမှ CPG Consultants Pte., Ltd. ကတာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံအချို့မှ အထူးဧည့်သည်များစီးနင်းလိုက်ပါလာသော အထူးလေယာဉ်များ တိုက်ရိုက်ဆင်းသက်သည့် နေပြည်တော်လေဆိပ်ကို ယခုထက်ပို၍ အဆင့်မြှင့်တင်ရန်အတွက် အေးရှားဝေါလ်ကုမ္ပဏီက ငါးနှစ်စီမံကိန်းဖြင့် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း တရားဝင်ထုတ်ပြန်ချက်များတွင်ရေးသားထားသည်။

## (၆၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား

(၆၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင်ကျင်းပခဲ့ကြောင်း တွေ့ရသည်။

အဆိုပါ အခမ်းအနားတွင် အစိုးရအဖွဲ့ တာဝန်ရှိသူအဖြစ် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်တွင်သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ကိုယ်စား ဦးလှဖေကလည်းကောင်း၊ ကျန်အာဇာနည်ကြီးများ၏ ဂူဗိမာန်များတွင် မိသားစုဝင်များကလည်းကောင်း လွမ်းသူ့ပန်းခွေချအလေးပြုခဲ့ကြသည်။

## GSM မိုဘိုင်းလ်ဖုန်းများအတွက် ကြိုတင်ငွေပေးသွင်းရခြင်း

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်တွင် နိုင်ငံပေါင်း ၁၈၀ ဝန်းကျင်၌ မိမိအသုံးပြုသော ဖုန်းအတွက်ကြိုတင်ငွေပေးသွင်းရခြင်းစနစ်မျိုးမရှိသော်လည်း မြန်မာနိုင်ငံဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ငှားရမ်းအသုံးပြုခွင့်ပေးသော GSM မိုဘိုင်းလ်ဖုန်းများအားလုံးအတွက် ယခုနှစ်အတွင်း ကြိုတင်ငွေပေးသွင်းရမည် ဟု သတ်မှတ်လိုက်ရာ ၂၀၀၉ ခုနှစ် မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် ထူးခြားမှုတစ်ရပ်ဖြစ်သည်။ ၂၀၀၉ ခုနှစ် မေလ ငွေတောင်းခံလွှာမှစ၍ GSM ဖုန်းအားလုံးအတွက် ကြိုတင်ငွေပေးချေခြင်းစနစ်ကို ကျင့်သုံးခဲ့ပြီး မိမိတစ်လပျမ်းမျှသုံးစွဲငွေ၏ အနည်းဆုံးသုံးလစာ ခန့်မှန်းကျသင့်ငွေကို ကြိုတင်ငွေအဖြစ် ပေးသွင်းရသည်။ အကယ်၍မပေးဆောင်ပါက ဖုန်းလိုင်းဖြတ်တောက်ပြီး ယခင်က ဖုန်းအသုံးပြုခ ငွေတောင်းခံလွှာပေးပို့ခြင်းအစား GSM မိုဘိုင်းလ်ဖုန်းများသို့ ငွေပေးဆောင်ရန် စာတိုပေးပို့သည့်စနစ်သို့ ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံတွင် GSM မိုဘိုင်းလ်ဖုန်းငှားရမ်းသုံးစွဲခွင့်ကို ၂၀၀၀ ပြည့်နှစ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ချထားပေးခဲ့ပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလကုန်အထိ မြို့ပေါင်း ၈၃ မြို့တွင် GSM ဖုန်းအလုံးရေ ၄၁၈,၆၀၀ ငှားရမ်းသုံးစွဲခွင့်ပေးခဲ့ပြီးဖြစ်သည်။

ယခုနှစ်အတွင်း GSM မိုဘိုင်းလ်ဖုန်းများအတွက်ကြိုတင်ငွေပေးချေခြင်းစနစ် စတင်အကောင်အထည်ဖော်ခြင်းနည်းတူလာမည့် ၂၀၁၀ နှစ်ဆန်းပိုင်းမှစတင်၍ CDMA , WCDMA နှင့် CDMA 450 MHz ဖုန်းများအတွက်ကြိုတင်ငွေပေးချေကတ်စနစ်အကောင် အထည်ဖော်မည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက် အလက်နှင့် နည်းပညာဌာနက တရားဝင်ထုတ်ပြန်လိုက်ရာ မြန်မာ့ ဆက်သွယ်ရေးကဏ္ဍအတွက် ထပ်မံ၍ မှတ်တိုင်သစ် စိုက်ထူလိုက် ခြင်းဖြစ်သည်။ CDMA , WCDMA နှင့် CDMA 450 MHz မိုဘိုင်းလ် ဖုန်းများအတွက် ကြိုတင်ငွေပေးချေကတ်များအဖြစ် ကျပ် ၅၀၀၀၀၊ ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀ တန်ဖိုးရှိ ကြိုတင်ငွေပေးချေရမည့် ကတ်များကို လူအများ အလွယ်တကူဝယ်ယူနိုင်စေရန် ရောင်းချပေး မည်ဖြစ်ပြီး ကြိုတင်ငွေပေးချေကတ်ဝယ်ယူပြီးပါက အဆိုပါ CDMA, WCDMA နှင့် CDMA 450 MHz မိုဘိုင်းလ်ဖုန်းများထဲသို့ ကြိုတင်ငွေပေးချေကတ်တွင်ပါသည့် ကတ်နံပါတ်ကို ရိုက်ထည့်ရမည်ဖြစ်သည်။ ဖုန်းပြောဆိုခမှာ ယခင်ကောက်ခံသည့် နှုန်းအတိုင်းသာဖြစ်ပြီး လက်ရှိကောက်ခံလျက်ရှိသော ကြိုတင်ငွေကောက်ခံသည့်စနစ်မှ ကြိုတင်ငွေပေးချေကတ်စနစ်သို့ ပြောင်းလဲအသုံးပြုလိုက်ခြင်းသာဖြစ်သည်။ မိမိသုံးစွဲပြောဆိုပြီးသည့် ဖုန်းပြောဆိုခကို ဖုန်းထဲ၌ အလွယ်တကူကြည့်ရှုနိုင်ခြင်း၊ ဌာနဆိုင်ရာသို့ ကျသင့်ငွေသွားရောက်ပေးဆောင်စရာလိုတော့မည်မဟုတ်တော့ခြင်းတို့ကြောင့် ၂၀၀၉ မှတ်တိုင်အဖြစ်ရွေးချယ်ဖော်ပြလိုက်ပါသည်။ မြန်မာနိုင်ငံတွင်

www.foreverspace.com.mm





CDMA 450 MHz ဖုန်းများကို ၂၀၀၉ ခုနှစ် အောက်တိုဘာလအထိ မြို့ကြီး ၈၁ မြို့တွင်အလုံးအရေအတွက် ၁၃၄,၉၅၀ လုံး ငှားရမ်း အသုံးပြုခွင့်ပေးထားပြီးဖြစ်သည်။

## ၂၀၀၉ ခုနှစ်အတွင်းဖွင့်လှစ်ခဲ့သော တံတားများနှင့် ရေလှောင်တမံများ

မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)၊ သရက်-နတ်မီးတောက်-ကံမလမ်းအပိုင်း မိုင်တိုင်အမှတ်(၂၀/၀)ရှိ မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို စက်တင်ဘာလ ၂၆ ရက်နေ့ကဖွင့်လှစ်ခဲ့သည်။ အဆိုပါတံတားကို အပေါ်ထည် ဘေလီ၊ အောက် ထည် သံကူကွန်ကရစ် အုတ်မြစ်နှင့်သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း အရှည်ပေ ၇၀၀ ရှိကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သော နိုင်ငံတစ်ဝန်းလုံးရှိ ပေ ၁၈၀ နှင့်အထက် တံတားများတွင် ၂၃၀ စင်းမြောက်ဖြစ်ပြီး မကွေးတိုင်းတွင် ၁၉ စင်းမြောက် ဖွင့်လှစ်ပေးခဲ့သည့်တံတားဖြစ်သည်။ ၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားကုန်းကျေးရွာအနီးတွင်တည်ဆောက်ထားသော အမြင့် ၄၂ ပေ၊အလျား ပေ ၉၀၀ ရှိသည့် ဘုရားကုန်းရေလှောင်တမံကို အောက်တိုဘာလ ၂၁ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါရေလှောင်တမံသည် တစ်နိုင်ငံလုံးတွင် ၂၂၇ ခုမြောက်အဖြစ် ဖွင့်လှစ်ခဲ့သော ရေလှောင်တမံဖြစ်သည်။

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဝါးခယ်မ-ကံကြီး-မြောင်းမြလမ်းပိုင်း မိုင်တိုင်အမှတ် (၂၀/၀)မိုင်ရှိ ကျွန်းကုန်းတံတားကို အောက်တိုဘာလ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။အဆိုပါတံတားမှာ အပေါ်ထည်ဘေလီသံပေါင်ကြိုးတံတား ဖြစ်ပြီး စုစုပေါင်းအရှည် ပေ ၅၀၀ ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် တံတားများအနက် ၂၃၁ စင်းမြောက်တံတားဖြစ်ပြီးဧရာဝတီတိုင်းအတွက် ၄၆ စင်း မြောက်တံတားဖြစ်သည်။

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၄၉/၉) တွင်တည်ဆောက်ထားပြီး ၂၄၀ပေ အရှည်ရှိသည့် လက်ပန်လှတံတားကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင်တည်ဆောက်ထားပြီး အမြင့် ၄၀ ပေ၊ အလျား ၉၈၀၀ ပေ၊ အကျိုးပြုဧက ၂၀၀၀ ဖြစ်သည်ဟု ဆိုသည့် လင်ပန်းရေလှောင်တမံ ကို ဇူလိုင်လ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအနီးတွင်တည်ဆောက်ထားသော အကျယ် ၁၆၀ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိသည့် မြို့ကြီးရေလွှဲဆည်ကို ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း (မြောက်ပိုင်း) သရက်-နတ်မီးတောက်-ကံမလမ်းအပိုင်း မိုင်တိုင်အမှတ် (၂၀/၀) တွင်တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည်ပေ ၇၀၀ ရှိသည့် မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

မကွေးတိုင်း၊ မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာ အနီး မကွေးတိုင်းဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)ကတာဝန်ယူတည်ဆောက်ထားသည့်အမြင့် ပေ ၅၀၊ အလျား ပေ ၅၀၀ ရှိသည့် ရင်းရှည်ရေလှောင်တမံကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားကုန်းကျေးရွာအနီးတွင်တည်ဆောက်ထားသော အမြင့် ၄၂ ပေ၊ အလျား ပေ ၉၀၀ ရှိသည့် ဘုရားကုန်းရေလှောင်တမံကို အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဝါးခယ်မ-ကံကြီး-မြောင်းမြလမ်းပိုင်း မိုင်တိုင်အမှတ် (၂၀/၀)မိုင်ရှိ ကျွန်းကုန်း တံတားကို အောက်တိုဘာလ ၂၅ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။

**အယ်ဒီတာအဖွဲ့**

## ၂၀၀၉ ခုနှစ်အတွင်း ထုတ်ပြန်သော ဥပဒေနှင့် အမိန့်များ

| စဉ် | အကြောင်းအရာ | ဥပဒေ/အမိန့်အမှတ် | ထုတ်ပြန်သည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၁/၂၀၀၉ | ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၀ (၂၁-၁-၂၀၀၉ ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင်ဖော်ပြ) |

www.foreverspace.com.mm



## မြန်မာနိုင်ငံတွင်ကျင်းပသော အာဆီယံအစည်းအဝေးများ

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁။ | ၁၅–၁၁–၂၀၀၉ | မြန်မာအာဆီယံ–ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ | ကုန်သည်ကြီးများဟိုတယ်၊ ရန်ကုန်မြို့။ |
| ၂။ | ၁၇–၁–၂၀၀၉ | အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း ကာကွယ်တားဆီးရေးအလုပ်ရုံဆွေးနွေးပွဲ။ | ပုဂံနန်းမြင့်မျှော်စင်အစည်းအဝေးခန်းမ၊ ပုဂံမြို့။ |
| ၃။ | ၁၇–၁–၂၀၀၉ | အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း ကာကွယ်တားဆီးရေးအလုပ်ရုံဆွေးနွေးပွဲ | ပုဂံနန်းမြင့်မျှော်စင်အစည်းအဝေးခန်းမ၊ ညောင်ဦးမြို့နယ်၊ မန္တလေး |
| ၄။ | ၁၉–၁–၂၀၀၉ | အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေး | နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ် |
| ၅။ | ၂၀–၁–၂၀၀၉ | အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေး | နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ် |
| ၆။ | ၁၀–၁–၂၀၀၉ | အာဆီယံအင်ဂျင်နီယာအသင်းချုပ်၏ Distinguished Honorary Fellowship ပေးအပ်ပွဲနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီညီလာခံ | မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ ရန်ကုန်မြို့။ |
| ၇။ | ၁၈–၂–၂၀၀၉ | ၁၃ ကြိမ်မြောက် အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံသဘာဝဘေး စီမံခန့်ခွဲ ရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး | နေပြည်တော်။ သင်္ဂဟဟိုတယ်၊ |
| ၈။ | ၁၁–၃–၀၉ မှ | ၄၁ ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း ညှိနှိုင်းမှုကော်မတီအစည်းအဝေး | ညောင်ဦး၊ ရွှေနန်းတော်ဟိုတယ် |
| ၉။ | ၁၉–၆–၂၀၀၉ | အာဆီယံလူမှုရေး–ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြုမြေပုံ လုပ်ငန်းများအကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး | နေပြည်တော်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအစည်းအဝေးခန်းမ |
| ၁၀။ | ၂၂–၆–၂၀၀၉ | ၁၂ကြိမ်မြောက် အာဆီယံသစ်တောကဏ္ဍဆိုင်ရာအစည်းအဝေးများမှ ၁၂ ကြိမ်မြောက် အာဆီယံပရဆေးပင်များဆိုင်ရာကျွမ်းကျင်သူများ | နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ် |

www.foreverspace.com.mm



## မြန်မာနိုင်ငံတွင်ကျင်းပသော အာဆီယံအစည်းအဝေးများ

| စဉ် | နေ့စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ |
|---|---|---|---|
| | | အစည်းအဝေး | |
| ၁၁။ | ၁–၇–၂၀၀၉ | နဝမအကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး | နေပြည်တော်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ |
| ၁၂။ | ၂၇–၇–၂၀၀၉ | ၂၇ ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ( ASEAN Senior Officials Meeting on Energy-SOME) | မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ် |
| ၁၃။ | ၂၉–၇–၂၀၀၉ | ၂၇ ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သောအာဆီယံစွမ်းအင်ဝန်ကြီးများနှင့် ဆွေးနွေးဖက်၃နိုင်ငံ(တရုတ်၊ ဂျပန်၊ ကိုရီးယား)နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၏ ၆ ကြိမ်မြောက်အစည်းအဝေးနှင့် အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများ(ဩစတြေးလျ၊ အိန္ဒိယ၊ နယူးဇီလန်)မှစွမ်းအင်ဝန်ကြီးများ၏ တတိယအကြိမ်မြောက် အစည်း အဝေး | မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ် |
| ၁၄။ | ၆–၁၀–၂၀၀၉ | ၁၅ ကြိမ်မြောက် အာဆီယံလူငယ်နေ့အစည်းအဝေး။ | နေပြည်တော်၊ ရွှေနန်းတော်ဟိုတယ် |
| ၁၅။ | ၅–၁၀–၂၀၀၉ | အာဆီယံ စွမ်းအင်ဆိုင်ရာဗဟိုဌာန၏ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေတာရေးမြှင့်တင်မှုဆိုင်ရာအစီအစဉ် ၂၀၀၉–၁၀အရ စွမ်းအင်သုံးစွဲမှုလေ့လာသုံးသပ်သည့်လုပ်ငန်းနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။ | နေပြည်တော်၊ ရှိုင်ရယ်ကုမုဒြာဟိုတယ် |
| ၁၆။ | ၂၅–၁၁–၂၀၀၉ | ၈ ကြိမ်မြောက် အာဆီယံ–ရုရှား ပူးတွဲ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး၊ ၇ ကြိမ်မြောက်အာဆီယံ–ရုရှား ပူးတွဲစီမံကိန်းနှင့် စီမံရေးရာကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ–ရုရှားထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံ–ရုရှားလုပ်ငန်းအဖွဲ့အစည်းအဝေး။ | ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ် |

www.foreverspace.com.mm



## ၂၀၀၉ခုနှစ်အတွင်းကျင်းပခဲ့သော ပြပွဲများ

| စဉ် | နေ့စွဲ | အကြောင်းအရာ/ ကျင်းပသည့်နေရာ |
|---|---|---|
| ၁ | ၈–၁၂–၂၀၀၈ မှ ၁၉–၁၂–၂၀၀၈ | Glory of Emotion ပန်းချီပြပွဲ၊ Parkroyal ဟိုတယ်၊ ရန်ကုန်မြို့။ |
| ၂ | ၁၀–၁၂–၂၀၀၈ မှ ၁၄–၁၂–၂၀၀၈ | ကျွန်တော်တို့ချစ်သောမန္တလေးဓာတ်ပုံပြပွဲ၊ ဓမ္မလသာခန်းမ၊ မန္တလေးမြို့။ |
| ၃ | ၁၄–၁၂–၂၀၀၈ မှ ၂၀–၁၂–၂၀၀၈ | I Love Colours ပန်းချီပြပွဲ၊ ထန်းရိပ်ညိုပန်းချီပြခန်း၊ မန္တလေးမြို့။ |
| ၄ | ၁၅–၁၂–၂၀၀၈ မှ ၂၀–၁၂–၂၀၀၈ | Tun Foundation Bank Best Paintings of the Year 2008၊ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၊ ရန်ကုန်မြို့။ |
| ၅ | ၂၄–၁၂–၂၀၀၈ မှ ၂၈–၁၂–၂၀၀၈ | TMW Enterprise Ltd. ၏ နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်၊ TMW Complex၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ |
| ၆ | ၃၀–၁၂–၂၀၀၈ မှ ၄–၁–၂၀၀၈ | စာအုပ်ဈေးပွဲတော်၊ ကရဝိက်ဥယျာဉ်ကမ္ဘာ၊ ရန်ကုန်မြို့။ |
| ၇ | ၁–၁–၂၀၀၉ မှ ၃–၁–၂၀၀၉ | ပညာရေးစုံညီပွဲတော်၊ အ.ထ.က(၁) နေပြည်တော်။ |
| ၈ | ၆–၁–၂၀၀၉ မှ ၁၂–၁–၂၀၀၉ | စာသူကြီးစာအုပ်ဈေးရောင်းပွဲ၊ အင်းဝစာအုပ်တိုက်၊ ရန်ကုန်မြို့။ |
| ၉ | ၁၅–၁–၂၀၀၉ မှ ၁၈–၁–၂၀၀၉ | နွေဦးအကြို ဒေဂူးဈေးရောင်းပွဲတော်၊ Excel Treasure Tower ကားရပ်နားဝင်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၀ | ၂၀–၁–၂၀၀၉ မှ ၂၄–၁–၂၀၀၉ | ပန်းချီလွန်းမြမြ၏ Arts Feeling တစ်ကိုယ်တော် ပန်းချီပြပွဲ၊ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ရန်ကုန်။ |
| ၁၁ | ၂၂–၁–၂၀၀၉ မှ ၂၄–၁–၂၀၀၉ | ASEAN Contemporary Art Exchange ပြပွဲ၊ သမ္မတဟိုတယ်၊ ရန်ကုန်။ |
| ၁၂ | ၃၀–၁–၂၀၀၉ မှ ၁–၂–၂၀၀၉ | 10+One ခေတ်ပြိုင်ပန်းချီပြပွဲ၊ The Grand Mee Ya Hta ဟိုတယ်၊ ရန်ကုန်မြို့။ |
| ၁၃ | ၃၀–၁–၂၀၀၉ မှ ၃–၂–၂၀၀၉ | မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ ၁၅ နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်နှင့် ပန်းဧကရီအလှမယ်ရွေးပွဲ။ ပြည်သူ့ဥယျာဉ်၊ ရန်ကုန်မြို့။ |
| ၁၄ | ၇–၂–၂၀၀၉ မှ ၁၀–၂–၂၀၀၉ | မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၈–၂၀၀၉)၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်မြို့။ |
| ၁၅ | ၉–၂–၂၀၀၉ မှ ၁၅–၂–၂၀၀၉ | အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| ၁၆ | ၁၂–၂–၂၀၀၉ မှ ၁၄–၂–၂၀၀၉ | ၅၄၇ ထရေးဒင်းနှင့် မိတ်ဖက်ကုမ္ပဏီများ၏ အထူးဈေးရောင်းပွဲတော်၊ ကန်တော်ကြီးမျှော်စင်ကွန်း၊ ရန်ကုန်မြို့။ |
| ၁၇ | ၅–၂–၂၀၀၉ မှ ၂၁–၂–၂၀၀၉ | 'မင်္ဂလာရွှေမြန်မာ' ပန်းချီဆရာကြီးဦးကြည်သိန်း၏ ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ၊ ပန်းချီပန်းပုကျောင်းအဆောက်အအုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈ | ၁၀–၂–၂၀၀၉ မှ ၁၁–၂–၂၀၀၉ | (၁၇)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲ၊ နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) |
| ၁၉ | ၁၀–၂–၂၀၀၉ မှ ၁၅–၂–၂၀၀၉ | Memories of Wathone ပန်းချီပြပွဲ၊ ရိုးရာပန်းပညာရှင်များအစည်းအရုံးပြခန်း၊ ရန်ကုန်မြို့။ |
| ၂၀ | ၁၂–၂–၂၀၀၉ | မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ သတင်းအချက်အလက်နည်းပညာပြပွဲ–၂၀၀၉ (ICT Exhibition - 2009)၊ ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ၊ Myanmar Info-Tech အဆောက်အအုံဝင်းအတွင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၁ | ၂၅–၂–၂၀၀၉ | ကွယ်လွန်သူပန်းချီဆရာကြီးများ၏ ပန်းချီကားများပြပွဲ၊ ပံသုစန္ဒာပန်းချီပြခန်း၊ မန္တလေး။ |

www.foreverspace.com.mm



| စဉ် | နေ့စွဲ | အကြောင်းအရာ/ ကျင်းပသည့်နေရာ |
|---|---|---|
| ၂၂ | ၁-၃-၂၀၀၉ မှ ၁-၄-၂၀၀၉ | နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်၊ ဆရာစံပလာဇာ၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ၂၃ | ၇-၃-၂၀၀၉ မှ ၂၀-၃-၂၀၀၉ | Golden Art Gallery မှ Collector'sExhibition ပန်းချီပြပွဲ၊ ပန်းချီပန်းပုကျောင်း၊ ရန်ကုန်။ |
| ၂၄ | ၁၅-၃-၀၉ မှ ၁၇-၃-၀၉ | ပထမအကြိမ် 'အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ'၊ ပါရာမောင့်ဟိုတယ်၊ အင်းလေး၊ ညောင်ရွှေမြို့နယ်။ |
| ၂၅ | ၂၁-၃-၀၉ မှ ၂၈-၃-၀၉ | ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားများစုပေါင်းပြသသည့် Art Tree ပန်းချီပြပွဲ၊ ရန်ကုန်မြို့။ |
| ၂၆ | ၂၂-၃-၀၉ မှ ၈-၄-၀၉ | ရှေးဟောင်းပန်းပုပြပွဲ၊ အမျိုးသားပြတိုက်၊ ရန်ကုန်မြို့။ |
| ၂၇ | ၂၅-၃-၀၉ မှ ၃၀-၃-၀၉ | အင်းဝစာအုပ်တိုက်၏ စာအုပ်ဈေးရောင်းပွဲတော်၊ ၈၄× ၃၁လမ်းထောင့်ရှိ ဓမ္မသာလာ ခန်းမ၊ မန္တလေးမြို့။ |
| ၂၈ | ၂၀-၃-၀၉ | နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် စံပြမယ် ပန်းပုထုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ၊ ဆရာစံပလာဇာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ၂၉ | ၂၃-၃-၀၉ မှ ၂၇-၃-၀၉ | မောင်လေးထွန်း၏ စတုတ္ထအကြိမ်မြောက်ပန်းချီပြပွဲ၊ ပန်သုစန္ဒာပန်းချီပြခန်း၊ မန္တလေး။ |
| ၃၀ | ၂၃-၃-၀၉ မှ ၂၅-၃-၀၉ | ၄၅ ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ ရန်ကုန်မြို့။ |
| ၃၁ | ၂၇-၃-၀၉ မှ ၃၁-၃-၀၉ | A Breakthraugh Art Exhibition ၊ ရတနာပုံပန်းချီပြခန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ၃၂ | ၂၄-၃-၀၉ မှ ၂၆-၃-၀၉ | တတိယအကြိမ် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာပြပွဲ၊ မြို့တော် ခန်းမ၊ တောင်ကြီးမြို့။ |
| ၃၃ | ၂၄-၄-၂၀၀၉ မှ ၃၀-၄-၂၀၀၉ | Art Works of First အမည်ရှိ ပန်းချီလှမြင့်ကျော်၏ ပထမဆုံးတစ်ကိုယ်တော် ပန်းချီပြပွဲ၊ လောကနတ်ပန်းချီခန်းမ၊ ရန်ကုန်။ |
| ၃၄ | ၁-၅-၂၀၀၉ မှ ၃-၅-၂၀၀၉ | မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉)၊ တပ်မတော်ခန်းမ၊ ရန်ကုန်။ |
| ၃၅ | ၃-၅-၀၉ မှ ၉-၃-၀၉ | International School of Myanmar ကျောင်းမှ ကျောင်းသားများကိုယ်တိုင်ရေးဆွဲထားသော Secondary Art Show ပန်းချီပြပွဲ၊ New Treasure Art Gallery ၊ ရန်ကုန်မြို့။ |
| ၃၆ | ၁၅-၅-၂၀၀၉ မှ ၂၀-၅-၂၀၀၉ | Golden Arrow ပန်းချီပြပွဲ၊ ဗိုလ်ချုပ်ဈေးပန်းချီခန်းမ၊ ရန်ကုန်မြို့။ |
| ၃၇ | ၂၁-၅-၂၀၀၉ မှ ၂၅-၅-၂၀၀၉ | ဒုတိယအကြိမ်မြောက် Point ပန်းချီပြပွဲ၊ ရတနာပုံပန်းချီခန်းမ၊ ရန်ကုန်မြို့။ |
| ၃၈ | ၂၄-၅-၀၉ မှ ၇-၇-၀၉ | ပန်းချီဆရာ ၁၉ ဦး၏ ဆီဆေးနှင့်အခရိုင်းလစ်လက်ရာပန်းချီကားများပြပွဲ၊ Parkroay ဟိုတယ်၊ ရန်ကုန်။ |
| ၃၉ | ၂၇-၅-၀၉ မှ ၁၀-၆-၀၉ | Made in Thailand Festival ဈေးရောင်းပွဲတော်၊ ဂမုန်းပွင့်(ကမ္ဘာအေး)၊ ရန်ကုန်။ |
| ၄၀ | ၂၆-၆-၂၀၀၉ မှ ၂၈-၆-၂၀၀၉ | ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၀၉၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |

www.foreverspace.com.mm

| စဉ် | နေ့စွဲ | အကြောင်းအရာ/ ကျင်းပသည့်နေရာ |
|---|---|---|
| ၄၁ | ၁၂–၆–၂၀၀၉ မှ ၁၄–၆–၂၀၀၉ | အိန္ဒိယဆေးဝါးပစ္စည်းပြပွဲ ၂၀၀၉၊ ကုန်သည်ကြီးများဟိုတယ်၊ ရန်ကုန်မြို့။ |
| ၄၂ | ၂၅–၆–၂၀၀၉ မှ ၁၂–၇–၂၀၀၉ | ဇီဇဝါစာအုပ်တိုက်နှင့် ဝါးလည်ရွာစာပေတို့ပူးပေါင်းစီစဉ်ကျင်းပသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းရေးသားခဲ့သောရှားပါးစာအုပ်များနှင့် နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည့် ရှားပါးစာအုပ်ပြပွဲ၊ ဇီဇဝါစာအုပ်တိုက်၊ အလုံမြို့နယ်၊ ရန်ကုန်။ |
| ၄၃ | ၂၆–၆–၂၀၀၉ မှ ၂၈–၆–၂၀၀၉ | ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ–၂၀၀၉၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |
| ၄၄ | ၂၆–၆–၂၀၀၉ မှ ၁–၇–၂၀၀၉ | ပန်းချီဆရာကိုးဦး ပူးပေါင်းစီစဉ်ပြသသည့် သရုပ်မှန်ပန်းချီကားအများစုပါဝင်သော Contrasting Harmonious Color ပန်းချီပြပွဲ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၊ ရန်ကုန်မြို့။ |
| ၄၅ | ၂၈–၆–၂၀၀၉ မှ ၅–၇–၂၀၀၉ | Myanmar-art.com ပန်းချီခန်းမဖွင့်ပွဲနှင့် ပန်းချီပြပွဲ၊ အင်းလျားလိတ်ဟိုတယ်၊ ရန်ကုန်မြို့။ |
| ၄၆ | ၁–၈–၀၉ မှ ၅–၈–၀၉ | ပန်းချီခင်မောင်ရင် တစ်ကိုယ်တော်ပန်းချီပြပွဲ၊ ပန်းဆိုးတန်းပန်းချီပြခန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၇ | ၅–၈–၀၉ မှ ၂၈–၈–၀၉ | Golden Art-Gallery ရဲ့ Collector's Exhibition ၊ Myanmar Art Centre ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၈ | ၂၀–၈–၂၀၀၉ မှ | Yangon Expo'2009 ၊ တပ်မတော်ခန်းမ၊ ရန်ကုန်။ |
| ၄၉ | ၁၅–၈–၂၀၀၉ မှ ၂၀–၈–၂၀၀၉ | ပန်းချီဆရာကံချွန်၏ ၂၀၀၉ တစ်ကိုယ်တော်ပန်းချီပြပွဲ၊ Oriental House ၊ မန္တလေးမြို့။ |
| ၅၀ | ၂၃–၈–၂၀၀၉ မှ ၃၀–၈–၂၀၀၉ | ဓာတ်ပုံဉာဏ၏ တစ်ကိုယ်တော်ဓာတ်ပုံပြပွဲ၊ ဂရင်းမီးရထားဟိုတယ်၊ ရန်ကုန်မြို့။ |
| ၅၁ | ၂၈–၈–၂၀၀၉ မှ ၆–၉–၂၀၀၉ | Asian Food Fair - 2009 ၊ Diamond City Hyper Mart ၊ ရန်ကုန်မြို့။ |
| ၅၂ | ၃–၉–၂၀၀၉ မှ ၆–၉–၂၀၀၉ | အီလက်ထရွန်နစ်နှင့် နေထိုင်မှု – ၀၉ ပြပွဲ၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |
| ၅၃ | ၃–၉–၀၉ မှ ၆–၉–၀၉ | အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၀၉ (Electronic & Living '09)၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |
| ၅၄ | ၁၃–၉–၀၉ | Parkroyal Wedding Fair 2009၊ Parkroyal Hotel ၊ ရန်ကုန်မြို့။ |
| ၅၅ | ၁၈–၉–၂၀၀၉ မှ ၂၀–၉–၂၀၀၉ | Health & Beauty Exhibition - 2009 ၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |
| ၅၆ | ၁–၁၀–၂၀၀၉ မှ ၄–၁၀–၂၀၀၉ | KT ဦးတင့်လွင်၏ ဒုတိယမြောက်ပန်းချီပြပွဲ၊ လောကနတ်ခန်းမ၊ ရန်ကုန်မြို့။ |
| ၅၇ | ၁၀–၁၀–၂၀၀၉မှ ၁၁–၁၀–၂၀၀၉ | ၂၀၀၉ ခုနှစ် မိုဘိုင်းဖုန်းနှင့် နည်းပညာပြပွဲ၊ East Point Shopping Centre ၊ ရန်ကုန်မြို့။ |
| ၅၈ | ၁၁–၁၀–၂၀၀၉ မှ ၁၈–၁၀–၂၀၀၉ | ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းများအရောင်းပွဲတော်၊ စိန်ဂေဟာဆူပါစင်တာ(လှည်းတန်း)၊ ရန်ကုန်မြို့။ |
| ၅၉ | ၁၅–၁၀–၂၀၀၉ မှ ၁၈–၁၀–၂၀၀၉ | Myanmar ICT Exhibition '09 ၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |
| ၆၀ | ၂၅–၁၀–၂၀၀၉ မှ ၂၅–၁၀–၂၀၀၉ | ဆောင်းအလင်္ကာပန်းချီပြပွဲ၊ ယဉ်ကျေးမှုပြတိုက်၊ တောင်ကြီးမြို့။ |
| ၆၁ | ၁၄–၁၁–၂၀၀၉ | လျှပ်စစ်နှင့်အိမ်သုံးပစ္စည်းအရောင်းပြပွဲ၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။ |
| ၆၂ | ၁၄–၁၁–၂၀၀၉ | ပညာရေးပြပွဲ၊ တောင်ကြီးဟိုတယ်ခန်းမ၊ တောင်ကြီးမြို့။ |

www.foreverspace.com.mm



# ၂၀၀၉ ခုနှစ် မှတ်တိုင်များ
# လူမှုရေး
**အယ်ဒီတာအဖွဲ့**

## ပညာရေး

### အခြေခံပညာကဏ္ဍ

၂၀၀၉ ခုနှစ်အတွင်း အခြေခံပညာကဏ္ဍ၏ ထူးခြားမှုတစ်ရပ်မှာ တက္ကသိုလ်ဝင်တန်းကျောင်းသူကျောင်းသားများကို ပညာလေ့ကျင့်သင်ကြားပေးလျက်ရှိသည့် မြောက်ဥက္ကလာပမြို့နယ်ရှိ ACA ပညာရိပ်ငြိမ်ဘော်ဒါဆောင်ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အသိအမှတ်ပြု၍ တရားဝင်ပညာသင်ကြားခွင့်ပြုလိုက်ရာ ပုဂ္ဂလိကပညာရေးစနစ်ချုပ်ငြိမ်းခဲ့ရသည့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍ၏ ၄၇နှစ်တာ ကာလအတွင်း အထူးခြားဆုံး မှတ်တိုင်သစ်တစ်ရပ်ပြန်လည်စိုက်ထူခြင်းပင်ဖြစ်သည်။

အဆိုပါ ACAဘော်ဒါဆောင်ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် တရားဝင်တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး ပဉ္စမတန်းမှ နဝမတန်းအထိ အတန်းတင်စာမေးပွဲများကို ယင်းကျောင်း၌ပင် စစ်ဆေးမည်ဖြစ်ကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုမူ သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း (စာစစ်ဌာန)များတွင် သွားရောက် ဖြေဆိုကြရမည်ဖြစ်သည်။

ACA ပညာရိပ်ငြိမ်ဘော်ဒါဆောင်ကို ၁၉၈၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအိပ်ကျောင်းစား အဆောင်နေရင်း ပညာသင်ကြား လျက်ရှိသည့် ကျောင်းသူ ကျောင်းသားဦးရေ ၁၀၀ ကျော်ရှိကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင် အောင်ချက် ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း စုံစမ်းသိရှိရသည်။


အခြေခံပညာကဏ္ဍ၏ ၄၇နှစ်တာ ကာလအတွင်း အထူးခြားဆုံး မှတ်တိုင်တစ်ခုဖြစ်သည်

ထို့အပြင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၏ ပံ့ပိုးမှုဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းမြို့နယ်များရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသူကျောင်းသားများ၏ ကျောင်းဝင်ခွင့်၊ ကျောင်းအပ်နှံစရိတ်များကို ကောက်ခံခြင်းမရှိဘဲ ယမန်နှစ်ကနည်းတူ အခမဲ့တက်ရောက် ပညာသင်ကြားခွင့်ပြုခဲ့ရာ ၂၀၀၉ ခုနှစ် အခြေခံပညာကဏ္ဍအတွက် ထူးခြားသည့် မှတ်တိုင်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

### အဆင့်မြင့်ပညာကဏ္ဍ

ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနက စီစဉ်ဖွင့်လှစ်ပို့ချခဲ့သော Web-based Teaching System ဖြင့် Online မှ

www.foreverspace.com.mm



တစ်ဆင့်လေ့လာသင်ယူနိုင်သည့် မဟာသိပ္ပံ (ကွန်ပျူတာသိပ္ပံ)ဘွဲ့ရ လေးဦး ၂၀၀၉ ခုနှစ်အတွင်း ပထမဦးဆုံးပေါ်ထွန်းလာခဲ့ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကဏ္ဍအတွက် သာမက ICT ကဏ္ဍအတွက်ပါ ထူးခြားသည့်မှတ်တိုင်တစ်ခုပင်ဖြစ်သည်။ အဆိုပါ Online မှ တစ်ဆင့် သင်ကြားရယူနိုင်သည့် မဟာသိပ္ပံ (ကွန်ပျူတာသိပ္ပံ)ဘွဲ့အစီအစဉ်ကို ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနက Inforithm-Maze ကုမ္ပဏီလီမိတက်၏ နည်းပညာပံ့ပိုးမှုဖြင့် ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအောင်မြင်ခဲ့သူလေးဦးစလုံးမှာ သတ်မှတ်ပြဋ္ဌာန်းထားသော Module အားလုံးကို ဖြေဆိုအောင်မြင်ခဲ့ကြခြင်းဖြစ်သည်။ ယင်းတို့အနက် နှစ်ဦးမှာ ပြည်ပမှ ဝင်ရောက် ဖြေဆိုကြသူများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။




ဆေးသိပ္ပံပညာဦးစီးဌာန လက်အောက်ရှိ ဆေးတက္ကသိုလ်အသီးသီးမှ မွေးထုတ်လိုက်သော ဆေးပညာဘွဲ့ရ ဆရာဝန်လောင်းများကို ယခင်က တစ်နှစ်အတွင်း ဆေးကုသခွင့်လက်မှတ် (ဆမ) ထုတ်ပေးပြီး သတ်မှတ်ထားသည့်အစိုးရ ဆေးရုံများသို့ တိုက်ရိုက်စေလွှတ်တာဝန် ထမ်းဆောင်ခွင့်ပြုခဲ့ရာမှ ၂၀၀၉ ခုနှစ်မှ စတင်၍ အဆိုပါ ဆေးကုသခွင့်လက်မှတ် (ဆမ)ရရှိရန်အတွက် မွမ်းမံ သင်တန်းတစ်လပြန်လည် တက်ရောက်ရပြီး အရည်အချင်းစစ် စာမေးပွဲ ပြန်လည်ဖြေဆိုစေကာ ယင်းစာမေးပွဲအောင်မြင်မှသာ ဆေးကုသခွင့် လက်မှတ်ကို ထုတ်ပေးရန် သတ်မှတ်လိုက်ရာ အဆင့်မြင့်ပညာနယ်ပယ်နှင့် ဆေးသိပ္ပံပညာနယ်ပယ်လူသားအရင်းအမြစ်ကဏ္ဍအတွက် ထူးခြားမှု မှတ်တိုင်တစ်ရပ်ပင်ဖြစ်သည်။ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ခုနှစ်တို့တွင် ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာဘွဲ့ (M.B.,B.S) ရရှိထားခဲ့သူ ဆရာဝန်များကို ၂၀၀၉ခုနှစ် အောက်တိုဘာလ၌ အဆိုပါမွမ်းမံသင်တန်းနှင့် အရည်အချင်းစစ်စာမေးပွဲ ပထမဦးဆုံးအကြိမ် ကျင်းပစစ်ဆေးခဲ့ပြီး ဒုတိယအကြိမ် မွမ်းမံသင်တန်းနှင့် အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီတွင် ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆေးကုသခွင့်လက်မှတ် ရရှိပြီးပါကလည်း သက်ဆိုင်ရာဆေးရုံများတွင် တာဝန်ထမ်းဆောင်ခွင့် ရရှိရန်အတွက် အရည်အချင်းစစ် စာမေးပွဲ ထပ်မံဖြေဆိုရမည်၊ ဖြေဆိုရန်မလိုဆိုသည်ကို တိတိကျကျ မသိရှိရသေးကြောင်း မကွေးဆေးတက္ကသိုလ်မှ ဆေးပညာဘွဲ့ရရှိခဲ့သူ




ဆေးကုသခွင့်လက်မှတ် (ဆမ)ရရှိရန်အတွက် မွမ်းမံသင်တန်းတစ်လပြန်လည်တက်ရောက်ပြီး အရည်အချင်းစစ်စာမေးပွဲ ပြန်လည်ဖြေဆိုရတော့မည်ဖြစ်သည်

www.foreverspace.com.mm

ဆရာဝန်တစ်ဦးက ဆိုသည်။ ယခုအခါ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့မှ တစ်နှစ်လျှင် ဆေးပညာဘွဲ့ရ ဆရာဝန်အရေအတွက် ၂၄၀၀ ဦးခန့် နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

## ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ တရားဝင် လုပ်ကိုင် ခွင့်ပြုလိုက်ခြင်း

မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ကိုလိုင်စင်ဖြင့် တရားဝင်လုပ်ကိုင်ခွင့်ပြုမည် ဆိုသောကြေညာချက်မှာ ၂၀၀၉ခုနှစ် ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း နယ်ပယ်တွင် ထူးခြားထင်ရှားသောအပြောင်းအလဲတစ်ရပ်ဖြစ်ခဲ့သည်။

ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ကိုင်ခွင့်ကို ကျန်းမာရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက တရားဝင်ခွင့်ပြု ပေးတော့မည်ဖြစ်သောကြောင့် ဆေးရုံဖွင့်လှစ်ခွင့် လိုင်စင်များကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာလအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ၂၀၀၇ ခုနှစ် ဧပြီလက ဥပဒေအမှတ် ၅/ ၂၀၀၇ အဖြစ် စတင်ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း အသက်ဝင်ခြင်းမရှိသေးဘဲ ယခုမှ စတင်အသက်ဝင်လာခြင်းဖြစ်ပေသည်။

၂၀၀၇ ခုနှစ် ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဥပဒေအရ ပုဂ္ဂလိကပိုင်အဖြစ်ဖွင့်လှစ်မည့် အထွေထွေရောဂါကုဆေးခန်း၊ အထူးကုဆေးခန်း၊ အထွေထွေရောဂါကုဆေးရုံ၊ အထူးကုဆေးရုံ၊ သားဖွားခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း၊ သူနာပြုစုရေးဂေဟာ၊ နယ်လှည့်ကျန်းမာရေးလုပ်ငန်း၊ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်းနှင့် အထွေထွေကျန်းမာရေးလုပ်ငန်းအပါအဝင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်း ၁၀ မျိုးကို တရားဝင်ခွင့်ပြုပေးမည်ဖြစ်သည်။ သို့ရာတွင် လိုင်စင်သစ်လျှောက်ထားရာ၌ လုပ်ငန်းရှင်များအနေဖြင့် ယခင်နှုန်းထားအစား နှုန်းထားသစ်တစ်ရပ်ဖြင့် ပေးဆောင်ရဖွယ်ရှိပြီး ယခင်နှုန်းထားများထက် လေးဆမှ ရှစ်ဆအတွင်း တိုးမြှင့်ပြောင်းလဲဖွယ်ရှိသည်။

လက်ရှိအထူးကုဆေးခန်းအများစုမှာ ဆေးရုံဖွဲ့စည်းပုံဖြင့် ထူထောင်ထားခြင်း၊ လုံလောက်သော သီးသန့်မြေနေရာ အကျယ်အဝန်းမရှိခြင်း၊ သားဖွားခန်းများ တွဲ၍ပါရှိသော်လည်း သတ်မှတ်ထားသောအင်္ဂါရပ်များမရှိခြင်း၊ ဆေးမှတ်တမ်းထိန်းသိမ်းထားရှိမှုအားနည်းခြင်း၊ ပစ္စည်းကိရိယာနှင့် ဆေးဝါးစံသတ်မှတ်ချက်ပုံသေထားရှိခြင်းမျိုး နည်းပါးနေသေးခြင်း စသဖြင့် လိုအပ်ချက်များရှိနေရာ ယင်းဆေးရုံ၊ ဆေးခန်းများကို လိုင်စင်ချထားပေးရန် မည်သို့ဆုံးဖြတ်မည်ကိုမသိရသေးသဖြင့် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှာ စိတ်တထင့်ထင့်ဖြင့် စောင့်ကြည့်နေရသောအနေအထားတွင်ရှိကြောင်းတွေ့ရသည်။

ယင်းသို့ တရားဝင်ဖွင့်လှစ်ခွင့်ပြုလိုက်ခြင်းကြောင့် လိုင်စင်ကြေးနှင့် အခြားအခွန်အခများတိုး မြှင့်ပေးဆောင်ရမည်ဖြစ်၍ လူနာများ အနေဖြင့် ယခင်ထက် ကုန်ကျစရိတ် ပိုမိုလာဖွယ်ရှိသော်လည်း ဆေးကုသမှုလိုအပ်ချက်ကြောင့် ဆိုးကျိုးများ



ကျန်းမာရေးကဏ္ဍ၏ ထူးခြားသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်

www.foreverspace.com.mm



ဖြစ်ပေါ်လာပါက ဥပဒေလမ်းကြောင်း ဖြင့်အရေးဆိုနိုင်တော့မည် ဖြစ်သည်။

## ကြက်ဥမှ မြွေဆိပ်ဖြေဆေးထုတ်ယူနိုင်သည့် ဆေးလောက၏ မှတ်တိုင်သစ်



အပူပိုင်းဒေသအတွင်း တည်ရှိ၍ မြွေကိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးမှုများ မကြာခဏကြုံတွေ့ရပြီး မြွေဆိပ်ဖြေဆေး အခက်အခဲနှင့် ရင်ဆိုင်နေရသော မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ရပ်အနေဖြင့် ကြက်ဥမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်မှုကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။ မြွေကိုက်ခံရ၍ သေဆုံးမှုရာခိုင်နှုန်းများပြားသော မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေးကို မြင်း၏သွေးရည်ကြည်မှ ကုန်ကျစရိတ် ကြီးမားစွာထုတ်လုပ်ခဲ့ရာ ယခုအခါကြက်ဥမှကုန်ကျစရိတ်ပိုမို သက်သာပြီး ပိုမိုအာနိသင်ရှိသည့် မြွေဆိပ်ဖြေဆေးကိုထုတ်လုပ်နိုင်ပြီဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင်ပြောကြားခဲ့သည်။ အဆိုပါမြွေဆိပ်ဖြေဆေးအတွက်သုတေသနကို ၂၀၀၂ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဥစားကြက်မများကို မြွေဆိပ်ထိုးသွင်းပြီး ရရှိလာသောကြက်ဥအတွင်းမှ အနှစ်ကိုယူကာ ဓာတ်ခွဲခန်းအတွင်း(ပိုးမွှားသန့်စင်ခန်း)တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်များအတိုင်းထုတ်လုပ်ထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များတွင် ဖော်ပြထားသည်။

မကွေးတိုင်းအတွင်းရှိ အချို့သောမြို့နယ်များတွင် မြွေဆိပ်ဖြေဆေးများကို အတုပြုလုပ်ရောင်းချနေမှုများတွေ့ရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း ၂၀၀၉ ခုနှစ်နိုဝင်ဘာလအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။

## စတုတ္ထအကြိမ်မြောက် ရင်ခြင်းဆက်အမြွှာခွဲစိတ်ကုသခြင်း

မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် ရင်ခြင်းဆက်အမြွှာခွဲစိတ်ကုသခြင်းအဖြစ် စိုပြေလင်းနှင့် စိုပြေဝင်း အမည်ရှိ ကလေးနှစ်ဦးကို ရန်ကုန်မြို့ရှိ ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမတွင် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့က အောင်မြင်စွာ ခွဲစိတ်ပေးခဲ့ခြင်းမှာ ကျန်းမာရေးကဏ္ဍအတွက်သာမက မြန်မာနိုင်ငံ၏ ဆေးလောကအတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ ခွဲစိတ်ထားသည့်ရင်ချင်းဆက်အမြွှာနှစ်ဦးနှင့်အတူ ယောကျ်ားလေးတစ်ဦးပါ မွေးဖွားခဲ့သည့်အတွက် သုံးမြွှာပူးမှ ရင်ချင်းဆက်အမွှာနှစ်ဦးကို ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။ သုံးမြွှာပူးကလေးငယ်များကို မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်အတွင်းတွင် စိုပြေလင်း နှင့် စိုပြေဝင်းကိုခွဲစိတ်ပြီးနောက် ဆက်လက်ခွဲစိတ်ရန် ရန်ကုန်ဆေးရုံကြီးအထူးကြပ်မတ်ကုသဆောင်တွင် ရင်ချင်းဆက်အမြွှာ နှစ်မြွှာလည်း ရောက်ရှိနေကြောင်း တရားဝင်ထုတ်ပြန်ကြေညာချက်များတွင်ဖော်ပြထားသည်။ အဆိုပါ ရင်ချင်းဆက်ကလေးများမှာ ထားဝယ်မြို့မှ ရောက်ရှိနေသည့် ကိုးလသားအရွယ် အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင် ညီအစ်မနှစ်ဦးနှင့် ပဲခူးတိုင်း ရေတာရှည်မြို့နယ်မှ ခုနစ်လသားအရွယ် ရန်ကင်းနှင့် ရန်ရှင်းညီအစ်ကိုနှစ်ဦးဖြစ်သည်။

ပထမဆုံးရင်ချင်းဆက်အမြွှာဖြစ်သော မနန်းစိုး၊ မနန်းစံတို့ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယမြောက် ရင်ချင်းဆက်အမြွှာညီအစ်မ အေးအေးငြိမ်း၊ အိအိငြိမ်းတို့ကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ တတိယမြောက် ရင်ချင်းဆက်အမြွှာညီအစ်မ မိုးပပအောင်နှင့် မိုးမမအောင်တို့ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း အောင်မြင်စွာခွဲစိတ်မွေးဖွားနိုင်ခဲ့ပြီးဖြစ်သည်။

## နလုံးသွေးကြောမကြီးကို သွေးကြောတုဖြင့် ခွဲစိတ်ကုသခြင်း

ဝမ်းခေါင်းအတွင်းရှိ နလုံးမှထွက်သော သွေးကြောမကြီးပါး၍ ပေါက်နိုင်သည့်အခြေအနေရှိသော (Abdominal Aortic Aneurysm) လူနာ၏နလုံးသွေးကြောမကြီးအား သွေးကြောတုဖြင့် ခွဲ စိတ်တပ်ဆင်အစားထိုးကုသမှုတစ်ရပ် ဇူလိုင်လ ၃၀ ရက်နေ့က နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးကဏ္ဍအတွက် မှတ်တိုင်တစ်ရပ်ဖြစ်ခဲ့သည်။

လူနာ၏ အမည်မှာ ဦးသန်းကျော်ဖြစ်ပြီး အသက် ၆၈ နှစ်အရွယ်ရှိကာ ဇူလိုင်လ ၂၁ ရက်နေ့က အဆိုပါ ဆေးရုံကြီးသို့ လာရောက်ပြသခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းကျော်ဦးဆောင်သည့် ဆရာဝန် ခုနစ်ဦး၊ သူနာပြုလေးဦးတို့နှင့်အတူ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့သည်။ အဆိုပါ လူနာကို ဩဂုတ်လ ၁၂ ရက်နေ့တွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည်။

www.foreverspace.com.mm



## ပထမဆုံး ကျန်းမာရေးအာမခံ




ဆေးကုသမှုခံယူခြင်းနှင့် သေဆုံးမှုများအတွက် လူတန်းစား မရွေးထားရှိနိုင်စေမည့် ကျန်းမာရေးအာမခံ ထားရှိနိုင်ရန် စီစဉ်လျက်ရှိခြင်းမှာ မြန်မာ့အာမခံလုပ်ငန်း၏ ထူးခြားသော မှတ်တိုင်တစ်ခု ဖြစ်သည်။ အဆိုပါအာမခံကို ၂၀၁၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ သာမန်ရောဂါဖြစ်ပွားမှုများနှင့်သာ သက်ဆိုင်မည်ဖြစ်ပြီး ဆရာဝန်များ၏ ကုသမှုလွဲမှားခြင်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း တရားဝင်ထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိသည်ကို တွေ့ရသည်။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ကြီးမားသော အာမခံလျော်ကြေးပေးအပ်ခဲ့ခြင်းမရှိခဲ့ပေ။ IBTC (International Beverages Trading Co., Ltd. ပိုင် အရက်ချက်စက်ရုံမီးလောင်မှု ဖြစ်ပွားခဲ့သော်လည်း အဆိုပါစက်ရုံအနေဖြင့် နိုင်ငံခြားကုမ္ပဏီတွင် အာမခံထားရှိခြင်းကြောင့် မြန်မာ့အာမခံလုပ်ငန်းမှ ကြီးမားသောလျော်ကြေးများ ပေးလျော်ခဲ့ရခြင်းမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ပေးအပ်ခဲ့ရသော အာမခံလျော်ကြေးမှာ အသက်အာမခံအတွက် ၂၂၁ ဒသမ ၃၉ သန်း၊ ရေနှင့် လေကြောင်းအာမခံအတွက် ၂၀ ဒသမ ၂၀သန်း၊ မီးနှင့် အင်ဂျင်အာမခံအတွက် ၁၆၁ ဒသမ ၀၇ သန်း၊ သူတစ်ပါးထိခိုက်မှု အာမခံအတွက် ၆၃ ဒသမ ၆၁ သန်း စုစုပေါင်း အာမခံလျော်ကြေး ၄၆၇ ဒသမ ၀၇ သန်းပေးလျော်ခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်း၏ ဝင်ငွေအနေဖြင့်လည်း လုပ်ငန်းကြီး လေးရပ်မှ ရရှိသော ဝင်ငွေမှ အသက်အာမခံ ၆၆၄ ဒသမ ၅၃ သန်း၊ ရေနှင့် လေကြောင်းအာမခံမှ ၇၈၉ ဒသမ ၂၀ သန်း၊ မီးနှင့်အင်ဂျင်အာမခံမှ ၅၁၂၇ ဒသမ ၆၈သန်း၊ သူတစ်ပါးထိခိုက်မှု အာမခံမှ ၄၈၀ ဒသမ ၀၆ သန်း စုစုပေါင်း ၇၀၆၁ ဒသမ ၄၇ သန်း အသီးသီးရရှိခဲ့သည်။

၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ ပေးလျော်ခဲ့သော အာမခံလျော်ကြေးမှာ စုစုပေါင်း ကျပ်၆၄၈၂ဒသမ ၂၁ သန်း၊ ဝင်ငွေမှာ ကျပ် ၁၄၀၄၄ဒသမ၇၇ သန်းဖြစ်ပြီး ၂၀၀၇–၂၀၀၈ ဘဏ္ဍာ နှစ်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ ပေးလျော်ခဲ့သော အာမခံ လျော်ကြေးမှာ စုစုပေါင်း ကျပ် ၉၁၁ သန်း၊ ရရှိသောဝင်ငွေမှာ ကျပ်သန်း ၁၀၃၀၀ ကျော်ဖြစ်သည်။

၂၀၀၈ခုနှစ်သည် မြန်မာ့အာမခံလုပ်ငန်းအတွက် သက်တမ်းနှစ် ၅၀ ကျော် ကာလတစ်လျှောက်လုံး လျော်ကြေးငွေအများဆုံး ပေးအပ်ခဲ့ရသည့် နှစ်တစ်နှစ်အဖြစ် စံချိန်ချိုးခဲ့သည်။

## လောင်းလုံမြို့နယ်တွင် ရင်ချင်းဆက်အမြွှာမွေးဖွားမှု

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ်တွင် ရင်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးကို ဇန်နဝါရီလ ၂၅ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခန့်ကမွေးဖွားခဲ့သည်။ ကလေးများ၏ မိဘများမှာ ဦးတင်ဌေး နှင့် ဒေါ်ညိုညိုစမ်းတို့ဖြစ်ပြီး လောင်းလုံမြို့နယ် ဂေါ့အင်းကျေးရွာတွင် နေထိုင်၍ လက်လုပ်လက်စားများ ဖြစ်ကြသည်။

အလားတူ ဇန်နဝါရီလ ၁၉ ရက်နေ့က မူဆယ်ခရိုင် မုန်းပေါ်တိုက်နယ်ဆေးရုံတွင် အရေးပေါ်ခွဲစိတ်မွေးဖွားခဲ့သော ယောကျ်ားလေးရင်ချင်းဆက်အမြွှာနှစ်ဦးမှာမူ မွေးဖွားပြီး သုံးရက်အကြာတွင် ကွယ်လွန်ခဲ့သည်။

## သွေးလွန်တုပ်ကွေးဆေးသစ်နှစ်မျိုးထုတ်လုပ်မည်ဆိုခြင်း

၂၀၀၉ ခုနှစ်အတွင်း ဆေးလောကအတွက် မှတ်တိုင်သစ်အဖြစ် မြန်မာနိုင်ငံအတွင်း၌ပင် သွေးလွန်တုပ်ကွေးဆေးသစ်နှစ်မျိုး စမ်းသပ်ထုတ်လုပ်မည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) က တရားဝင်ထုတ်ပြန်ပြောကြားလိုက်ရာ မြန်မာနိုင်ငံတွင် လူကို သေစေသည်အထိ အဖြစ်များလျက်ရှိသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန်အတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်သည်။ ပိုင်ရီပရောဇီနှင့် ဘီတီအိုင် (BTI) ဟုခေါ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ဆေးနှစ်မျိုးကို ပြည်တွင်း



www.foreverspace.com.mm



၌ထုတ်လုပ်မည်ဖြစ်ပြီး ဆေးအတွက်လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီဟုဆိုသော အဆိုပါဆေးသစ်နှစ်မျိုးကို ပြည်တွင်း၌ပင်ထုတ်လုပ်နိုင်၍ ပြည်ပမှ ဝယ်ယူရသည့်ဈေးနှုန်းနှင့် ထက်ဝက်သက်သာလာနိုင်ခြင်း၊ ပြည်တွင်း၌ အလွယ်တကူရရှိနိုင်၍ သွေးလွန်တုပ်ကွေးရောဂါကို အချိန်မရွေးကာကွယ်နိုင်ခြင်း စသည့်အားသာချက်များရှိသော်လည်း ဆေးဈေးကွက်အတွင်းသို့ ယခုအချိန်အထိ ရောက်ရှိခြင်းမရှိသည်ကို တွေ့ရသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ၁၂၆၁၁ ဦးထိ ဖြစ်ပွားပြီး ၁၄ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

## ပထမဆုံးအကြိမ် ဖန်ပြွန်သန္ဓေသားကလေးငယ်များ တွေ့ဆုံပွဲ

ဗဟိုရိစည်မျိုးပွားကုညီမှုဌာန BFC (Bahosi Fertility Centre) မှ သားသမီးမထွန်းကားသော အိမ်ထောင်ရှင်စုံတွဲများကို သန္ဓေတည်အောင် ကူညီပြုလုပ်ပေးခဲ့ပြီး မွေးဖွားလာသော ဖန်ပြွန်သန္ဓေသားကလေးငယ်များတွေ့ဆုံပွဲအခမ်းအနားကို ယခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖန်ပြွန်သန္ဓေသား သမီးငယ်ဖြစ်သော မေလင်းလက်ဆွေ၏ဖခင် ဒေါက်တာဘဆွေနှင့် ဖန်ပြွန်သန္ဓေသား ဇရာဝတီလူမင်း၏ ဖခင်သရုပ်ဆောင်အကယ်ဒမီလူမင်းတို့တက်ရောက်၍ ကိုယ်တွေ့ဖြစ်စဉ်များကို ပြောကြားခဲ့ပြီး တက်ရောက်လာသောကလေးငယ်များကို ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ပေးခဲ့သည့် ဖန်ပြွန်သန္ဓေသားနည်းစနစ်မျိုးစုံဖြင့် မွေးဖွားပေးခဲ့သော ကလေးငယ် ၆၀ ဦးရှိပြီဖြစ်ပြီး လက်ရှိတွင် အဆိုပါနည်းစနစ်ဖြင့် ကိုယ်ဝန်ဆောင်သူမိခင်များပြားလာသည်အထိ အောင်မြင်မှုရလျက်ရှိသည်။

## အဝါရောင်ဆိုးဆေးနှင့် လက်ဖက်

၂၀၀၉ ခုနှစ်သည် စားသောက်ကုန်ပစ္စည်းများတွင် သုံးစွဲရန်မသင့်သော ဓာတုဗေဒပစ္စည်းများ ပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်တားမြစ်မှု များပြားခဲ့သော နှစ်တစ်နှစ်ဖြစ်သည်ဟု ဆိုနိုင်သည်။ အဆိုပါစားသောက်ကုန်များတွင် လက်ဖက်များလည်း အပါအဝင်ဖြစ်သည်။

လက်ဖက်များတွင် အစားအသောက်များ၌ သုံးစွဲရန် ခွင့်ပြုမထားသော တားမြစ်အဝါရောင်ဆိုးဆေး (Auramine O) များ ထည့်သွင်းအသုံးပြုထားသည်ကို စစ်ဆေးတွေ့ရှိရ၍ လက်ဖက်အမျိုးအစား ၄၃ မျိုးကို အများပြည်သူတို့ စားသုံးရန် မသင့်ကြောင်း နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် ၂၀၀၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ကြေညာခဲ့သည်။

ဆက်လက်၍ စားသုံးရန်မသင့်သည့် လက်ဖက်အမျိုးအစား ၅၇ မျိုးကို မတ်လ ၂၉ ရက်နေ့တွင် ထပ်မံထုတ်ပြန်ကြေညာခဲ့ပြန်သည်။ ထို့အပြင် စင်ကာပူနိုင်ငံရှိ The Agri-Food and Veterinary Authority (AVA) အစားအစာနှင့် တိရစ္ဆာန်ဆိုင်ရာအာဏာပိုင်အဖွဲ့က မြန်မာနိုင်ငံမှ တင်ပို့လာသည့် အစိမ်းတောင်းလက်ဖက် အမှတ်တံဆိပ်လေးမျိုး၊ ယုဇနအမှတ်တံဆိပ်ရှစ်မျိုး၊ M&N အမှတ်တံဆိပ်လေးမျိုး၊ ရွှေတုတ် (အကြော်မျိုးစုံ)၊ စိုးဝင်းတံဆိပ်၊ ရွှေလက်ဖက် ၇၀ ဂရမ်နှင့် ဦးကာကတံဆိပ်လက်ဖက်ခြောက်၊ ဇယန်းလက်ဖက်ချဉ်စပ်တို့တွင် စားသုံးရန် မသင့်သည့် ဓာတုပစ္စည်းများ ပါဝင်သည်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် ရောင်းချရန်တားမြစ်လိုက်ကြောင်း မတ်လ ၃၀ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါ အဝါရောင်ဆိုးဆေး (Auramine O) သည် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေတို့ကို အရောင်ဆိုးသည့် ဓာတုဗေဒဆိုးဆေး (Chemical Dye) ဖြစ်ပြီး ယင်းဓာတုပစ္စည်း စားသုံးမှုကြောင့် လက်တလောတွင် အဆိပ်အတောက်မဖြစ်ပွားသော်လည်း ရေရှည်တွင် အသည်း၊ ကျောက်ကပ်နှင့် ကင်ဆာရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်းတို့ကို ဖြစ်ပွားစေတတ်သည်ဟုလည်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ယင်းသို့ပထမဆုံးအကြိမ် ထုတ်ပြန်ကြေညာခဲ့သည့်အထဲတွင် မြန်မာနိုင်ငံတွင်သာမက ပြည်ပအထိပါ စားသုံးသူများရှိနေသည့် နှစ်ရာကျော်သက်တမ်းရှိ နာမည်ကျော် အစိမ်းတောင်း အပါအဝင် ရွှေတုတ်၊ ပင်ပျိုရွက်နု၊ မြသီဒါ အစရှိသည့် စားသုံးသူများကြား နာမည်ရနေသည့် အမှတ်တံဆိပ်တို့ အများစုပါဝင်မှုရှိခဲ့ပြီး နာမည်ကျော် အမှတ်တံဆိပ် ယုဇနမှာမူ ပါဝင်မှုမရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါကုမ္ပဏီသို့ ဆက်သွယ်ခဲ့ရာတွင်လည်း တာဝန်ရှိသူများ ခရီးလွန်နေသည်ဟု သိရှိခဲ့ရသည်။

ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)မှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းနှင့် တွေ့ဆုံမေးမြန်းမှုများ၌ ဖြေကြားသည်တို့တွင်မူ လက်ဖက်နမူနာ ၁၂၀ စစ်သည့်အထဲတွင် အထက်ပါအမှတ်တံဆိပ်လည်းပါဝင်ပြီး စစ်ဆေးစဉ်တွင် ဆိုးဆေးပါဝင်မှုမတွေ့ရကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ယခု ၄၃မျိုး အပြင် ထပ်မံ၍ ထုတ်ပြန်ပေးသွားရန်ရှိသေးကြောင်းလည်း သိခဲ့ရသည်။

ယင်းဆိုးဆေးဂယက်များကြောင့် မေလ ၁၈ ရက်နေ့အထိ ညောင်ပင်လေးပလာဇာတွင် လက်ဖက်အစိုရောင်းချမှုကို ခေတ္တရပ်ဆိုင်းခဲ့ရမှုရှိခဲ့ပြီး မတ်လနှောင်းပိုင်းခန့်တွင်မှ တားမြစ်ချက်စာရင်းတွင်မပါရှိသေးသည့် လက်ဖက်များမှာ ရောင်းအားကောင်းခဲ့ကြောင်းနှင့် ဈေးကွက်အတွင်း လက်ဖက်အစိုများရောင်းချမှုတွင် FDA၏ထောက်ခံချက်လက်မှတ် ချိတ်ဆွဲပြသခြင်း၊ လက်ဖက်အစိုတွင် မှိုတက်ဆေး၊ ဓာတုဗေဒဆေးကင်းရှင်းကြောင်း လက်တွေ့ရောင်းချခြင်းမျိုး ပြုလုပ်လာကြသည်။

www.foreverspace.com.mm

စားသုံးရန်မသင့်သည့် လက်ဖက် ၄၃ မျိုးကို ထုတ်ပြန်ပြီးသည့်နောက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဆိုးဆေးပါအစားအစာရောင်းချမှုများကို စစ်ဆေးရာတွင် ထိရောက်စွာ စစ်ဆေးဆောင်ရွက်မှု မပြုသည့် ဈေးတာဝန်ခံများကိုပါ နောက်ပိုင်းတွင် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်ဆေးမှု ပိုမိုပြုလုပ်နိုင်ရန် FDA နှင့် ယခင်ထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားသည်။ YCDC နယ်နိမိတ်အတွင်းရှိ အခွန်လွတ်ဈေးအပါအဝင် ဈေးစုစုပေါင်း ၁၆၈ ဈေး၌ နေ့စဉ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဟုလည်း ဆက်လက်သိရှိခဲ့ရသည်။

ယင်းမေလထဲတွင် ကျန်းမာရေးဝန်ကြီးဌာနက တီထွင်ထုတ်လုပ်၍ လက်ဖက်ထုတ်လုပ်ရောင်းချသူများ ကိုယ်တိုင်တားမြစ်အဝါရောင်ဆိုးဆေး (Auramine O) ပါ၊ မပါ ၁၀မိနစ်အတွင်း စစ်ဆေးနိုင်မည့် တစ်ခါသုံး Rapid Test Kit များကို ထုတ်လုပ်ရောင်းချပေးခဲ့သည်။

FDA သည် ရန်ကုန်နှင့်နယ်တို့တွင် တစ်ဘူးလျှင် ကျပ် ၈၀၀ ဖြင့် ရောင်းချပေးခဲ့သည်။ Rapid Test Kit တစ်ဘူးတွင် အမှတ်အသားပါ ခွက်နှစ်ခု၊ ဆေးအရည်ပုလင်းတစ်ပုလင်း၊ သိုးမွေးစပတ်ထားသော ပလတ်စတစ်ချောင်း ၁၀ ချောင်း၊ ပလတ်စတစ်ဇွန်းနှစ်ချောင်းနှင့် စစ်ဆေးနည်းလမ်းညွှန်စာရွက်တစ်ရွက်တို့ပါရှိသည်။

## ငါးပိနှင့်ပတ်သက်သည့်အသိပေးကြေညာချက်

မြန်မာလူမျိုးတို့ ထမင်းဝိုင်းတွင် မပါမဖြစ် စားသောက်ဖွယ်ရာတစ်မျိုးဖြစ်သည့် ငါးပိရောင်းဝယ်ရေးလုပ်ငန်းများနှင့် ဈေးကွက်အတွင်းရှိ ငါးပိနှင့် ငါးပိထောင်းများတွင် အစားအသောက်များ၌ သုံးစွဲရန်ခွင့်မပြုသော အနီရောင်ဆိုးဆေး (Rhodamine B) ပါဝင်နေသည်ကို တွေ့ရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ငါးပိနှင့်ပတ်သက်သည့်အသိပေးကြေညာချက်တစ်ရပ်ကို မေလ ၁ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ထုတ်ပြန်ခဲ့သည်။



မြန်မာလူမျိုးတို့ထမင်းဝိုင်း၌ မပါမဖြစ်စားသောက်ကုန်ဖြစ်သည်

အညိုရောင်ငါးပိကို ပန်းရောင်အဖြစ် အမြင်လှစေရန်အသုံးပြုသော Rhodamine B ကို စားသုံးမိပါက အစာအိမ်အူလမ်းကြောင်းရောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်းစသောလက္ခဏာဆိုးကျိုးများကို ဖြစ်ပေါ်စေပြီး ရေရှည်တွင် ကင်ဆာရောဂါကိုဖြစ်ပေါ်စေနိုင်ကြောင်း ယင်းထုတ်ပြန်ချက်တွင်ပြထားသည်။ ဆိုးဆေးပါဝင်သော စိမ်းစားငါးပိနှင့် ငါးပိထောင်း အမှတ်တံဆိပ် ၃၇ မျိုးကိုလည်းဇယားနှင့်တကွဖော်ပြထားသည်ကို တွေ့ရသည်။ ပါဝင်သောအမှတ်တံဆိပ်များမှာ အောင်သူဇ၊ ပြည့်ပြည့်၊ ဒေါ်အေးမြ (မြိတ်)၊ စွမ်း၊ ကင်းမွန်၊ အောင်စိုးမိုး၊ ရွှေပုစွန်၊ ကောင်းမှကောင်း၊ ဒေါ်သိန်းခင်၊ ပွင့်ဦး၊ သဂီ၊ မရွှေမိုး၊ အမေ့လက်ရာ၊ စိုး၊ ပင်ပျိုရွက်နု၊ တုံတုံ၊ ကျော်ခန့်၊ ပိုင်ပိုင်၊ ဖိုးခွားလေး၊ အရီးတောင်း၊ မီဆိုရာ၊ ရွှေမြိတ်သူ၊ မိ၊ ရွှေပုလဲ၊ စိုးပွဲရုံ၊ ဦးမောင်ငယ်ပွဲရုံ၊ စိန်မေတ္တာပွဲရုံ၊ တိုးပွားပွဲရုံ၊ ကောင်းမှကောင်း (ဒေါ်ဝင်းမြင့်ပွဲရုံ)၊ မြိတ်ပတ္တမြားပွဲရုံ၊ ရွှေပြည်သစ်ပွဲရုံ၊ နဒီဧရာပွဲရုံ၊ ထိုက်ထိုက်၊ ရှင်းသန့်၊ ရွှေနဂါး၊ ဇီးချိုင်၊ အင်ကြင်း စသည်တို့ဖြစ်သည်။

စားသုံးရန်မသင့်ကြောင်း ကြေညာသည့်နေ့မှ ၂၀၀၉ ခုနှစ် မေလ ၉ ရက်နေ့အထိ ဘုရင့်နောင်ဈေးကြီးအတွင်းမှသိမ်းဆည်းရမိသောငါးပိပိဿာချိန်တစ်သောင်းကျော်နှင့် ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ ဈေးများမှ သိမ်းဆည်းရမိသော ငါးပိပိဿာချိန် ထောင်ကျော်ကို ဖျက်ဆီးခဲ့သည်။

## ထုတ်လုပ်မှုရပ်ဆိုင်းထားသော ဒေါ်ကျင်လေပုပ်ထုတ်ဆေး

အဆိပ်အတောက်ဖြစ်စေသော သတ္တုမှာ (Heavy Metal) များပါဝင်ဖော်စပ်ထားခြင်းကြောင့် ဒေါ်ကျင်ကလေးသူငယ်နာ လေပုပ်ထုတ်ဆေးကို သုံးစွဲရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီလ ၄ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ဒေါ်ထွေးငေါ်မှတ္တဆေးနှင့် ဒေါ်ကျင် ကလေးသူငယ်နာ လေပုပ်ထုတ်ဆေးတို့အနက် ဒေါ်ကျင်လေပုပ်ထုတ်ဆေးကို လက်ရှိအချိန်အထိ ထုတ်လုပ်မှုရပ်ဆိုင်းထားကြောင်း၊ အဆိုပါဆေး ထပ်မံထုတ်လုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ထုတ်လုပ်ခွင့်လျှောက်ထားရန်အစီအစဉ်မရှိသေးကြောင်း၊ ဒေါ်ကျင်အမှတ်တံဆိပ် အခြားဆေးများ၏ ရောင်းအားများလည်း ကျဆင်းလျက်ရှိကြောင်း အဆိုပါဆေးတိုက်မှ မိသားစုဝင်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဧပြီလ ၂၇ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိသည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလအထိ ဒေါ်ကျင်လေပုပ်ထုတ်ဆေးထုတ်လုပ်မှုများကို ရပ်ဆိုင်းထားကြောင်းစုံစမ်းသိရှိရသည်။

## နာမည်ကျော် Johnson's Baby Shampoo အပါအဝင် ကလေးခေါင်းလျှော်ရည်အချို့ သုံးစွဲရန်မသင့်ကြောင်းတားမြစ်ချက်

ကလေးများအတွက်သီးသန့်ထုတ်လုပ်သည့် ခေါင်းလျှော်

www.foreverspace.com.mm



ရသည့်များတွင် ဈေးကွက်ဝေစုအသင့်အတင့်ရရှိထားသော Johnson's Baby Shampoo အပါအဝင် လူသုံးများသည့် ကလေးခေါင်းလျှော်ရည်အချို့တွင် ဦးနှောက်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါများနှင့် သွေးကင်ဆာရောဂါများဖြစ်ပွားနိုင်သည့် ဓာတုပစ္စည်းများပါဝင်နေသည့်အတွက် သုံးစွဲရန်မသင့်ကြောင်း အင်တာနက်မှရရှိသော သတင်းတစ်ပုဒ်ကို ကိုးကား၍ မတ်လ ၁၆ ရက်နေ့ထုတ် The New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည်။

အမေရိကန်ပြည်ထောင်စုရှိ ဓာတ်ခွဲခန်းတစ်ခုမှ ယင်းကဲ့သို့ ဓာတုပစ္စည်းပါဝင်မှုကို စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပါဝင်သည့်ဓာတုပစ္စည်း၏အမည်မှာ Formalde-hyde နှင့် 1-4- dioxane တို့ဖြစ်ပြီး Johnson's baby shampoo, L'oreal Kids Extra Gentle 2 in 1 shampoo နှင့် Pampers Kandoo Foaming Soap တို့တွင် တွေ့ရှိရကြောင်း အထက်ပါထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။




## ကမ္ဘာ့လူတုပ်ကွေးရောဂါဃက်

လူတွင်ဖြစ်ပွားသောရောဂါတစ်မျိုးဖြစ်ပြီး ကူးစက်မှုနှုန်းအလွန်လျင်မြန်သည့် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1)ကမ္ဘာ့နိုင်ငံအချို့တွင် ဧပြီလအတွင်းက စတင်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ရောဂါကူးစက်မှုများရှိခဲ့ခြင်းကြောင့် ၂၀၀၉ ခုနှစ်အတွင်း မှတ်တမ်းဝင်ကပ်ရောဂါတစ်ခုအသွင်ဆောင်ခဲ့သည်ကိုတွေ့ရသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားခြင်းများကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးခဲ့ခြင်းမှာလည်း အသိအမှတ်ပြုရမည့် စွမ်းဆောင်ချက်ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) ကို စင်ကာပူနိုင်ငံသို့အလည် အပတ်သွားရောက်ခဲ့သည့်



အသက် ၁၃ နှစ်အရွယ်အမျိုးသမီးငယ်တစ်ဦးထံမှ ဇွန်လ ၂၇ ရက်နေ့တွင် စမ်းသပ်စစ်ဆေးခဲ့ပြီး ပထမဆုံးရောဂါဖြစ်ပွားသူဖြစ်ကြောင်းအတည်ပြုထုတ်ပြန်ခဲ့သည်။ ထို့နောက်တွင်လည်းရောဂါဖြစ်ပွားသူများကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် နေ့စဉ်ရက်ဆက်ဆိုသလို ထုတ်ပြန်ခဲ့သည်ကိုတွေ့ရသည်။ အဆိုပါ ထုတ်ပြန်ချက်များတွင် ပြန်လည်ရောက်ရှိလာသည့်နိုင်ငံနှင့် လေကြောင်းလိုင်းအမှတ်၊ ဖြစ်ပွားသူ၏အသက်အရွယ် စသည့်အချက်အလက်များအပြင် ရောဂါဖြစ်ပွားသူများ၏ မိသားစုဝင်များ၊ လေယာဉ်အတူစီးနင်းလိုက်ပါလာသည့်ခရီးသည်များကိုလည်း စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘာ့နိုင်ငံအတော်များများအပြင် မြန်မာနိုင်ငံတွင်ပါ ဖြစ်ပွားလျက်ရှိသော အေလူတုပ်ကွေးရောဂါ A(H1N1) ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်သည့်သတင်းများကို အရေးကြီးလျှင်ကြီးသလို ကွယ်ဝှက်ခြင်းမရှိဘဲ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးမည်ဖြစ်သောကြောင့် ကောလာဟလသတင်းများကိုယုံကြည်ခြင်းမရှိကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားကြ


A(H1N1) ရောဂါဖြစ်ပွားသူ ၆၆ဦးရှိပြီး သေဆုံးသူမရှိဟုဆိုသည်

www.foreverspace.com.mm

ရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထုတ်ပြန်ခဲ့သည်။

အလားတူ ပုဂ္ဂလိကအထူးကုဆေးခန်းများနှင့် ဆေးရုံဆေးပေးခန်းများတွင် လာရောက်ဆေးကုသမှုခံယူသည့် နိုင်ငံခြားပြန်တုပ်ကွေးဖျားနာသူများရှိပါက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့သည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်သည့်အသုံးအဆောင်တစ်ခုဖြစ်သောမျက်နှာဖုံး(Mask)များ ပစ္စည်းပြတ်သည်အထိရောင်းအားကောင်းခဲ့ရာဈေးကွက်အတွင်းအပြောင်းအလဲများစွာဖြစ်ပွားခဲ့ရသည်အထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရောဂါတွေ့ရှိကြောင်း ကြေညာပြီးနှစ်ရက်အတွင်း၌ ပင် ဝယ်လိုအားမြင့်တက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ နိုဝင်ဘာလ ၂၇ ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) ကူးစက်ခံရသူ ၆၆ ဦးရှိပြီး သေဆုံးသူမရှိကြောင်းသိရသည်။

## ဦးသန့် နှစ် ၁၀၀ ပြည့်

မြန်မာလူမျိုး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ဇန်နဝါရီလ ၂၂ ရက်နေ့ ညနေ ၆ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို ဦးသန့်အမှတ်တရတည်ထောင်ထားသည့် U Thant Institute က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှအကြီးအကဲများ၊ သံတမန်အသိုင်းအဝိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် မိသားစုဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂပြန်ကြားရေးဌာနတွင်လည်း ဦးသန့်နှင့်သက်ဆိုင်သော သမိုင်းဝင်ရှားပါးဓာတ်ပုံများကို ပြသခဲ့သည်။

ကုလသမဂ္ဂ၏ တတိယမြောက်အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံသား ဦးသန့်၏ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် တံဆိပ်ခေါင်းသုံးမျိုးကို ကုလသမဂ္ဂစာတိုက်ဌာနမှ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စတင်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၁၉ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြပါရှိသည်။ ထုတ်ဝေမည့်အမျိုးအစားများမှာ အမေရိကန် ၉၀ ဆင့်တန်၊ ဆွစ်ဖရင့် ၁ ဒသမ ၃၀ တန်၊ ယူရို ၁ ဒသမ ၁၅ တန် စသည်တို့ ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာဖြင့်သတ်မှတ်ထားသော တံဆိပ်ခေါင်းကို နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်မှ စာပို့သည့်အချိန်တွင်လည်းကောင်း၊ ဆွစ်ဖရင့်ဖြင့်သတ်မှတ်ထားသော တံဆိပ်ခေါင်းကို ဂျနီဗာရှိ ကုလသံရုံးမှလည်းကောင်း၊ ယူရိုဖြင့်သတ်မှတ်ထားသည့် တံဆိပ်ခေါင်းကို ဩစတြေးလျရှိ



မြန်မာ့ဂုဏ်ဆောင် ကုလသမဂ္ဂအထွေထွေ
အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်

ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာမှစာများပေးပို့သည့်အချိန်တွင်လည်းကောင်း အသုံးပြုနိုင်ကြောင်းယင်းသတင်းအရသိရသည်။

## မန္တလေးမြို့တည် နှစ် (၁၅၀) ပြည့်

မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် မြို့တည်နန်းတည်နှစ် (၁၅၀) တင်းတင်းပြည့်သော မန္တလေးမြို့တည်နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်းများကို ပြည်တွင်းထုတ်ဂျာနယ်အချို့တွင် အထူးထုတ်စာမျက်နှာများဖြင့် မန္တလေးမြို့အကြောင်းများ၊ သမိုင်းများကို ဝေဝေဆာဆာဖော်ပြခဲ့ကြသည်။ ကြေးပိဿာချိန် ၁၂၀ ကျော်ဖြင့် သွန်းလောင်းထားသည့် ရတနာပုံမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကြေးသွန်းရုပ်တုကိုလည်း နှစ် ၁၅၀ပြည့် အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာတိုင်နှင့်အတူ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ ပြသထားခဲ့သည်ကိုလည်းတွေ့ရသည်။ အလားတူ နှစ် ၁၅၀ ပြည့်အထိမ်းအမှတ် ပန်းချီ၊ ပန်းပု၊ ရွှေချည်ထိုးပြပွဲနှင့် ဓာတ်ပုံပြပွဲကို မန္တလေးမြို့တော်ခန်းမတွင်လည်းကောင်း၊ ကုန်စည်ပြပွဲနှင့်ဈေးပွဲတော်ကို ရွှေမန်းတောင်အားကစားကွင်းတွင်လည်းကောင်း၊ စာအုပ်ပြပွဲနှင့်ဈေးပွဲတော်ကို ရတနာပူရခန်းမတွင်လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါ နှစ် (၁၅၀) ပြည့်အခမ်းအနားများကို မေလ ၁၄ ရက်နေ့နံနက်မှစ၍ နေရာဌာနအလိုက် အစီအစဉ်အတိုင်း မေလ

www.foreverspace.com.mm






၁၆ ရက်အထိ ကျင်းပခဲ့သည်။

## ဇောဓိတစ်ထောင်စက်လှေကားစက်ချို့ယွင်းပြုတ်ကျ၍ နာမည်ကျော်ဆရာတော်နှစ်ပါးဒဏ်ရာရရှိသွားခြင်း

မုံရွာမြို့ ခတက္ကန်ကျေးရွာ၊ ဇောဓိတစ်ထောင် သာသနာ့နယ်မြေတွင် တည်ထားသည့် လေးကျွန်းစကြာ ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးပေါ်သို့ တက်ရောက်ဖူးမြော်ပြီးနောက် လုပ်ငန်းသုံးဓာတ်လှေကားဖြင့် ပြန်လည်ဆင်းသက်စဉ် ဇွန်လ ၄ ရက်နေ့ ညနေ ၆ နာရီ ၃၀ မိနစ်အချိန့်ခန့်က ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ ဆရာတော် ရဝေနွယ်(အင်းမ)နှင့်အဖွဲ့ ဓာတ်လှေကားရုတ်တရက်ပြုတ်ကျခဲ့သည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ရာ ပြုတ်ကျရာတွင် ပါဝင်သည့်ဆရာတော်နှစ်ပါးမှာ လူသိများထင်ရှားသည့် ဆရာတော်များဖြစ်သည့်အတွက် အပတ်စဉ်ထုတ်ဂျာနယ်အတော်များများတွင် ဤဖြစ်စဉ်ကို အကျယ်တဝင့်ဖော်ပြခဲ့သည်ကိုတွေ့ရသည်။

ဆရာတော်နှစ်ပါးဦးဆောင်သော ဘုရားဖူးအဖွဲ့ဝင်များသည် ရုပ်ပွားတော်၏ အမြင့်ဆုံးအပိုင်းတွင်ပါဝင်သော အထပ် ၂၇ ထပ်သို့တက်ရောက်ဖူးမြော်အပြီး ၂၇ ထပ်မှ ၁၈ ထပ်အထိရှိသော ဓာတ်လှေကားဆုံးရာသို့ ပြန်ဆင်းလာစဉ် ၁၈ ထပ်ရောက်ရန် သုံးထပ်ခန့်အလိုတွင် စက်ချို့ယွင်း၍ ပြုတ်ကျသွားခြင်းဖြစ်သည်။ အဆိုပါရုပ်ပွားတော်ကြီးတွင် လူအများတက်ရောက်ကြည်ညိုရန် ဓာတ်လှေကားသီးသန့်မရှိသေးဘဲ ပစ္စည်းများပို့ဆောင်ရာတွင်အသုံးပြုသည့် ဓာတ်လှေကားများကိုအသုံးပြုရခြင်းဖြစ်ရာ ယင်းမတော်တဆမှုကြောင့် အရှင်ဆန္ဒာဓိကမှာ ဘယ်ညာခြေ ထောက်နှစ်ဖက်စလုံးကျိုးသွားပြီး ဆရာတော်ရဝေနွယ်(အင်းမ)မှာ ယာဘက်ခြေထောက်အရိုးနှစ်ချောင်းကျိုးသွားခဲ့သည်။ အတူစီးနင်းလိုက်ပါခဲ့သော ဇောဓိတစ်ထောင်မှ ဆရာတော်တစ်ပါးနှင့် ဆရာတော်နှစ်ပါး၏ တပည့်ဒါယကာငါးဦးတို့လည်း ဒဏ်ရာအသေးသေးရရှိခဲ့ကြသည်။

အဆိုပါမတော်တဆဖြစ်မှုမှာ ဓာတ်လှေကားကြောင့်မဟုတ်ဘဲ ပစ္စည်းတင်ရန်အသုံးပြုသောကြိုးဆိုင်းဝန်ချီစက်ကို အသုံးပြုမိသောကြောင့်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးပစ္စည်းများတင်ချရန်အတွက်သက်သက်သာအသုံးပြုရန်ဖြစ်ပြီး လူစီးရန်တားမြစ်ထားကြောင်း စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၏ ပြောကြားချက်ကို ကိုးကား၍ ဇွန် ၁၂ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

မဟာဇောဓိတစ်ထောင်လေးကျွန်းစကြာရုပ်တော်မူဘုရားကြီးကို ၁၉၉၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ပန္နက်တင်၍ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် အုတ်မြစ်စီကာ ဇောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တမဟာထေရ်မြတ်က ဦးဆောင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အလယ်ဌာပနာကို ၂၂ ထပ်၊ ၂၅ ထပ်နှင့် အထက်ဌာပနာကို သုံးထပ်တွင်ထည့်သွင်းခဲ့ပြီး ၂၀၀၈ ခုနှစ်ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားပြုလုပ်ခဲ့သည်။

## ဦးထွန်းလွင်တာဝန်မှ အနားယူ

မြန်မာ့ရုပ်မြင်သံကြား၏ မိုးလေဝသအစီအစဉ်များတွင် အချိန်ကာလအတော်ကြာ ပင်တိုင်ထုတ်လွှင့်သူအဖြစ် ဆောင်ရွက်စဉ်ကတည်းက လူသိများခဲ့ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ၄၄ နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကာ ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်တစ်ဦးလည်းဖြစ်သူ ဦးထွန်းလွင်သည် ၂၀၀၉ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အလုပ်တာဝန်မှအနားယူခဲ့သည်။

ဦးထွန်းလွင်သည် ၎င်း၏ကျန်းမာရေးအခြေအနေကြောင့် လုပ်သက်ရော သက်ပြည့်ပင်စင်ပါ ၂ နှစ်ကျော်လွန်ပြီးမှ အနားယူခဲ့ခြင်းဖြစ်သည်။ ဦးထွန်းလွင်သည် ၁၉၆၅ ခုနှစ်မှစတင်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ မန္တလေးတက္ကသိုလ်မှ ရူပဗေဒအဓိကဘာသာရပ်ဘွဲ့ရရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါတက္ကသိုလ်တွင် မိုးလေဝသနှင့် ဇလဗေဒဘာသာရပ်များကို သင်ကြားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် လူမှုထူးချွန်ဒုတိယဆုရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းဌာနေကိုယ်

www.foreverspace.com.mm



**တာဝန်မှအနားယူသွားသော်လည်း မိုးလေဝသ ပညာရပ်ဆိုင်ရာများကို ဆောင်ရွက်ပေးနေဆဲဖြစ်သည်**

စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်မှ စ၍ အာရှနှင့် အာဖရိကဒေသအတွင်းရှိ သဘာဝဘေးကြိုတင်သတိပေးရေးဒေသတွင်းစနစ်၏ ဒေသတွင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး ၂၀၀၈ ခုနှစ်အတွင်း၌ ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ အလုပ်မှ အနားယူသွားသော်လည်း မိုးလေဝသနှင့် ပညာရပ်ပတ်သက်သည့် အကူအညီများကို ယနေ့ထိတိုင် ပေးအပ်နေဆဲဖြစ်သည်။

## နေရှင်နယ်လိဂ် အသွင်ဖော်ဆောင်မည့် မြန်မာ့ဘောလုံးသမိုင်း အလှည့်အပြောင်း

၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ အားကစားလောက အထူးသဖြင့် မြန်မာ့ဘောလုံးသမိုင်းတွင် အကြီးမားဆုံးသော အပြောင်းအလဲတစ်ရပ်မှာ အပျော်တမ်းစနစ်မှ ဆုကြေးစားစနစ်သို့ ပြောင်းလဲအကောင်အထည်ဖော်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းကြီး ရှစ်ခုက ဖွဲ့စည်းထားသည့် ပုဂ္ဂလိကအသင်းကြီး ရှစ်သင်းဖြင့် Myanmar National League (MNL) ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါမြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီး ရှစ်ဦးမှ ပြည်နယ်နှင့်တိုင်းကိုယ်စားပြုပရိအသင်း ရှစ်သင်းအဖြစ် ထူးကုမ္ပဏီက ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက်အသင်း၊ IBTC ကုမ္ပဏီက ပဲခူးတိုင်းကိုယ်စားပြုဥသာယူနိုက်တက်အသင်း၊ ကမ္ဘောဇကုမ္ပဏီက ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်း၊ Asia World ကုမ္ပဏီကမကွေးတိုင်းကိုယ်စားပြု မကွေးအသင်း၊ ရွှေနဂါးမင်းကုမ္ပဏီက စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေအသင်း၊ ယုဇနကုမ္ပဏီက မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ကိုယ်စားပြု Southern Myanmar အသင်း၊ လွယ်ဟိန်းကုမ္ပဏီက မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းနှင့် Max ကုမ္ပဏီက ဧရာဝတီတိုင်းကိုယ်စားပြု Delta United အသင်းတို့ထူထောင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ကလပ်အသင်းများခြေရည်တူယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဝန်ကြီးဌာနကစားသမားများထဲမှ ကစားသမား ၃၂ ဦးကို လက်ရွေးစင် (က)အဆင့်၊ ၁၆ ဦးကို လက်ရွေးစင် (ခ)အဆင့် သတ်မှတ်ပြီး ကလပ်အသင်းတစ်သင်းလျှင် လက်ရွေးစင် (က) လေးဦး၊ (ခ) နှစ်ဦးနှင့် ပြည်ပကစားသမား ငါးဦးစီခေါ်ယူခွင့်ပြုခဲ့သည်။ MNL ပြိုင်ပွဲဝင်ရှစ်သင်းမှ ပြည်တွင်းကစားသမား ၂၂၀ ဦးခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး ၈၆၂ သိန်း၊ ကစားသမားလက်မှတ်ထိုးကြေး ၃၅၀၄ သိန်း၊ ယင်းကစားသမားများအတွက်လစာ ၉၄၁ ဒသမ ၂ သိန်းနှင့် ပြည်ပကစားသမားများခေါ်ယူထားသည့် ဒဲယ်လ်တာ ရန်ကုန်နှင့် ရတနာပုံအသင်းတို့မှ ပြည်ပကစားသမား ၁၁ ဦးအတွက် လစာအမေရိကန်ဒေါ်လာ ၁၈,၈၅၀ သုံးစွဲခဲ့ကြသည်။

ပရိအဆင့်သို့ကူးပြောင်းပြီးနောက်ပိုင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဇူလိုင်လ ၅ ရက်နေ့က သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးပြိုင်ကွင်းတွင် ကျင်းပရာ ပြည်ပနည်းပြတစ်ဦးနှင့် ပြည်ပကစားသမား ငါးဦးခေါ်ယူထားသည့် ရတနာပုံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို အချိန်ပိုတွင် ပယ်နယ်တီဖြင့်အနိုင်ရရှိခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်၏ ပထမဆုံးချန်ပီယံအသင်းဖြစ်လာသည်။

လွယ်ဟိန်းကုမ္ပဏီကတည်ထောင်ထားသည့် ရတနာပုံအသင်းမှာ ပထမအကြိမ် MNL ပြိုင်ပွဲတွင် ရှုံးပွဲမရှိသည့်အသင်းတစ်သင်း



www.foreverspace.com.mm






ဖြစ်ခဲ့ပြီး ကွင်းဝင်ကြေး ကျပ် ၄၈,၆၈၂,၈၄၀ အများဆုံးရရှိခဲ့သည့် အသင်းတစ်သင်းဖြစ်ကြောင်း Myanmar National League ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲစတင်ကျင်းပချိန်မှစ၍ ပြည်တွင်းဘောလုံးပရိသတ်များ၏ ပြိုင်ပွဲအပေါ်စိတ်ဝင်စားမှုအထူးများပြားခဲ့ပြီး ကွင်းဖွင့်ပွဲ ရတနာပုံ–ရန်ကုန်အုပ်စုပွဲနှင့် ဗိုလ်လုပွဲများတွင် သုဝဏ္ဏအားကစားကွင်း၌ ပရိသတ်လေးသောင်းကျော်အထိကွင်းပြည့်ကွင်းလျှံ လာရောက်အားပေးကြသည်မှာ ၂၀၀၉ ခုနှစ်အတွင်း ထူးခြားမှုတစ်ရပ်ဖြစ်ခဲ့သည်။

MNL ပြိုင်ပွဲဝင်အသင်းများအနက် ပြည်ပကလပ်အသင်းများနှင့် ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သော အသင်းအချို့လည်းရှိခဲ့သည်။ အလားတူ အိန္ဒိယနိုင်ငံ I.League ပြိုင်ပွဲဝင်အသင်းတစ်သင်းဖြစ်သည့် အရှေ့ဘန်ဂေါအသင်းသည်လည်း ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့လာရောက်၍ ရတနာပုံ၊ ဥသျှာ၊ ရန်ကုန်၊ မကွေး စသည့်အသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ပထမဆုံးအကြိမ်အဖြစ် လာရောက်ကစားခဲ့သည်။ ကာဂျစ်စတန်နိုင်ငံတွင် ၂၀၀၉ ခုနှစ် ဖွန်လအတွင်း ကျင်းပခဲ့သည့် AFC President's Cup ပြိုင်ပွဲတွင် MNL ပြိုင်ပွဲဝင် ကမ္ဘောဇအသင်း သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုပွဲစဉ်သုံးပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် အုပ်စုမှ ထွက်ခဲ့ရသော်လည်း အသင်းတိုက်စစ်မှူးစိုးမင်းဦးမှာ အုပ်စုပွဲစဉ်များတွင် ခြောက်ဂိုးသွင်းယူခဲ့ပြီး AFC President's Cup ပြိုင်ပွဲ၏ ဂိုးသွင်းဘုရင်ဆုကို ရရှိခဲ့သည်။

Myanmar National League ပြိုင်ပွဲများတွင် အဓိကကူညီပံ့ပိုးသူအဖြစ် ဆောင်ရွက်ခဲ့သူမှာ 'ဥသျှာယူနိုက်တက်အသင်းတည်ထောင်သူ IBTC ကုမ္ပဏီ' ဖြစ်သည်။ IBTC ကုမ္ပဏီသည် ၂၀၀၉ ခုနှစ် ပြိုင်ပွဲများအတွက် ကျပ်သိန်း ၃၀၀၀ ပံ့ပိုးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ပြိုင်ပွဲတွင် ကျပ်သိန်း ၄၀၀၀ နှင့် ၂၀၁၁ ခုနှစ်ပြိုင်ပွဲတွင် ကျပ်သိန်း ၅၀၀၀ ပံ့ပိုးသွားရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူညီမှုရရှိထားပြီးဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းရှစ်သင်းမှ အသင်းပိုင်ရှင်၊ နည်းပြနှင့် ကစားသမားများသည် MNL စတင်သည့် ၂၀၀၉ ခုနှစ်မှ သုံးနှစ်အတွင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိထားပြီး တစ်သင်းလျှင် မော်တော်ယာဉ်နှစ်စီးနှုန်းဝယ်ယူခွင့်ရရှိထားသည်။

အသင်းတည်ထောင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနှင့် အသင်းအမာခံပရိသတ်များရရှိရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ပထမအကြိမ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် မန္တလေးကိုယ်စားပြုရတနာပုံအသင်းသည် ရန်ကုန်ယူနိုက်တက်အသင်းနှင့် တွေ့ဆုံသည့်ပွဲတွင် အသင်းအမာခံ မန္တလေးမြို့မှ ပရိသတ်များကို ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မီးရထားဖြင့်လည်းကောင်း စရိတ်ငြိမ်းခေါ်ဆောင်ခဲ့ပြီး အားပေးစေခဲ့သည်ကို တွေ့ရသည်။ အလားတူ ဒုတိယအကြိမ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်



မြန်မာ့အားကစားလောက၏ ကြီးမားသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်

www.foreverspace.com.mm



ယူနိုက်တက်အသင်းသည် မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် အိမ်ရှင်ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်သည့်ပွဲစဉ်၌ အမာခံပရိသတ် ၃၀၀၀ ကျော်ကို ရထားဖြင့် အခမဲ့ခေါ်ဆောင်၍ ကြည့်ရှုစေခဲ့ရာ အဆိုပါဖြစ်ရပ်များမှာ MNL ၏ ထူးခြားသောဖြစ်ရပ်များဖြစ်ခဲ့သည်။

ပြိုင်ပွဲဝင်အသင်းများသာ Professional အဆင့်သို့ ကူးပြောင်းရုံနှင့် မရနိုင်ဘဲ ကြည့်ရှုအားပေးသူများပါ ထိုအဆင့်သို့ ရောက်ရှိရန် လိုအပ်နေသေးကြောင်း များစွာသိသာထင်ရှားစေသည့် ဖြစ်ရပ်တစ်ခုမှာ မန္တလေးမြို့ဗထူးကွင်းတွင် ဖြစ်ပေါ်ခဲ့သော ပြဿနာများဖြစ်သည်။ ဗထူးကွင်းတွင် အောက်တိုဘာလ ၁ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲစဉ်တွင် ရတနာပုံအသင်းအားပေးသူပရိသတ်အချို့၏ ရမ်းကားသောအပြုအမူဆောင်ရွက်ချက်များကြောင့် ပြစ်မှုကျူးလွန်သူများကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ မြန်မာ့မီးရထားနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က အမှုဖွင့်အရေးယူခဲ့ရသည့်မှုခင်းများ ဖြစ်ပေါ်ခဲ့သည်။

ရန်ကုန်တိုင်းကိုယ်စားပြုရန်ကုန်အက်ဖ်စီယူနိုက်တက်သည် ထိုင်းပရီးမီးယားလိဂ်ကလပ်အသင်းဝင် တယ်ရိုဆက်စနာအသင်းနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရန်အတွက် Strategic Alliance Signing Ceremony ကို ဩဂုတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။

MNL သမိုင်းတွင် မှတ်တမ်းဝင်အဖြစ် သတ်မှတ်ရမည့် အကြောင်းအရာတစ်ခုမှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ပိုင်ဧရာဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာယူနိုက်တက်အက်ဖ်စီကို Max Cement ပိုင်အဖြစ်မှ Premier Coffee ကုမ္ပဏီက စက်တင်ဘာလ ၂ ရက်နေ့တွင် လက်ပြောင်းဝယ်ယူခဲ့ခြင်းဖြစ်သည်။

## ဩစတြေးလျပိုလ်စွဲခဲ့သည့် အာဆီယံ အသက် ၁၆ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောက်တိုဘာလ ၉ ရက်မှ ၁၈ ရက်အထိ လက်ခံကျင်းပခဲ့သော အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၆ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဩစတြေးလျအသင်းက ထိုင်းအသင်းကိုရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဒုတိယဆုနှင့် အသန့်ရှင်းဆုံးဆုကို ထိုင်းနိုင်ငံကလည်းကောင်း၊ တတိယဆုကို ဗီယက်နမ်နိုင်ငံကလည်းကောင်းရရှိခဲ့ပြီး အိမ်ရှင်မြန်မာအမျိုးသမီး(က)အသင်းမှာ စတုတ္ထဆုသာရရှိခဲ့သည်။ မြန်မာအမျိုးသမီး (ခ)အသင်းမှာ အုပ်စုပွဲစဉ်တွင် ဗီယက်နမ်အသင်းကို ၅း၀ ဖြင့် ရှုံးနိမ့်ကာ ဒုတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို ၅း၁ ဖြင့် အနိုင်ရရှိခဲ့သော်လည်း နောက်ဆုံးပွဲစဉ်တွင် ဩစတြေးလျအသင်းကို ၁၂း၀ နှင့် ထပ်မံရှုံးနိမ့်ခဲ့သဖြင့် အုပ်စုမှပင် ထွက်ခဲ့ရကြောင်း အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြထားသည်ကို တွေ့ရသည်။



**အောင်ပွဲရ ဩစတြေးလျအမျိုးသမီးအသင်း**

## ပထမဆုံးဖလောရင့်နိုက်တင်ဂေးဆုရှင်ကွယ်လွန်ခြင်း

ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဖလောရင့်နိုက်တင်ဂေးဆုကို မြန်မာနိုင်ငံမှ ပထမဆုံးရရှိသူ၊ ရှားပါးမြန်မာအမျိုးသမီးသတင်းထောက်တစ်ဦးဖြစ်သူ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အကန့်တော့ခံသက်ကြီးစာပေပညာရှင်တစ်ဦးဖြစ်သူ ဗိုလ်မှူးဒေါ်ခင်အုန်းမြသည် နိုဝင်ဘာလ ၂၇ ရက်နေ့ တွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့သည်။

ကွယ်လွန်ချိန်တွင် အသက် ၉၂ ရှိပြီဖြစ်ပြီး ၁၉၁၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၅၉ ခုနှစ်အထိ တပ်မတော်တွင်

www.foreverspace.com.mm

အရပ်သူနာပြုဆရာမကြီးအဆင့်မှ ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ချီးမြှင့်သော ဂုဏ်ထူးဆောင်လက်မှတ်၊ ၁၉၆၃ ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ် ဂျနီဗာမှချီးမြှင့်သော ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်၊ ၁၉၈၃ ခုနှစ်တွင် စစ်မှုထမ်းကောင်းတံဆိပ်တို့ကို ရရှိခဲ့ကြောင်း ဒီဇင်ဘာလ ၁၀ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားသည်။

## ထူးခြားသည့်မီးလောင်မှုများ

ရန်ကုန်မြို့ တာမွေမြို့နယ်တွင်ရှိသည့် နာမည်ကျော်ရှော့ပင်းစင်တာတစ်ခုဖြစ်သော ယုဇနပလာဇာမြေညီထပ်တွင် မီးလောင်ကျွမ်းမှုတစ်ရပ် ဒီဇင်ဘာလ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးမှာ အဆောက်အအုံတန်ဖိုး ကျပ်သိန်းနှစ်ဆယ်နှင့် ပစ္စည်းတန်ဖိုးကျပ် နှစ်ဆယ့်ငါးသိန်း စုစုပေါင်း ကျပ်လေးဆယ့်ငါးသိန်းခန့်ရှိခဲ့သည်။ ယုဇနပလာဇာ မြေညီထပ် ဆိုင်ခန်းအမှတ် F-19 ရှိ ရေအေးစက် (Water Cooler) မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ညနေ ၆ နာရီ ၂၅ မိနစ်တွင် စတင်လောင်ကျွမ်းသောမီးကို ည ၇ နာရီခန့်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် အကြီးဆုံးဈေးကြီးတစ်ခုဖြစ်သည့် ယုဇန ပလာဇာသည် ဖွင့်လှစ်ခါစတွင်မူ များစွာခေတ်မီ၍ စနစ်ကျနသည်ဟု ယူဆရသော်လည်း မီးလောင်မှုကဲ့သို့ အရေးပေါ်ကိစ္စပေါ်ပေါက်လာသောအခါ အရေးပေါ်လုံခြုံရေးစနစ်၊ အလိုအလျောက်မီးငြိမ်းသတ်စနစ်၊ အရေးပေါ်ထွက်ပေါက်၊ သဘာဝလေဝင်လေထွက်၊ မီးသတ်ရေယာဉ်ဝင်ပေါက်ထွက်ပေါက်အပါအဝင် လိုအပ်ချက်များစွာရှိနေကြောင်း ပေါ်လွင်လှသည်။

ဆိုင်ကယ်စက်နှိုးစဉ် ဓာတ်ဆီထည့်ရာမှ စတင်ခဲ့သော မီးလောင်ကျွမ်းမှုတစ်ရပ် မန္တလေးမြို့ ချမ်းမြသာစည်ရပ် မြရည်နန္ဒာမြို့သစ် (ဗ–၁၄)အကွက်၊ ၅၄× ၅၅ လမ်းကြား၊ အမှတ်–၂၃





(က/ခ)တွင် ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်ခြေ ၃၀၀ ကျော် ပြာကျသွား ခဲ့ပြီး လူဦးရေ ၁၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကျပ်ငွေ နှစ်ရာ့နှစ်သိန်းငါးသောင်း (၂,၀၂၅,၀၀၀) တန်ဖိုးဆုံးရှုံးခဲ့ရသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၁) ပဲခူးလမ်းနှင့် မကွေးလမ်းကြား၌တည်ရှိသော အေးရှားဝင်းနားကုမ္ပဏီပိုင် မေယုပဲဂိုဒေါင်တွင် ကော့စတစ် ဆိုဒါအပူလွန်ကဲရာမှ နှစ်နာရီကြာ မီးလောင်မှုတစ်ရပ် ဧပြီလ ၂၃ ရက်နေ့တွင်ဖြစ်ပွားခဲ့သည်။ အဆိုပါစက်ရုံအတွင်း ပဲ၊ မန်ကျည်းမှုန့်၊ ကော့စတစ်ဆိုဒါ၊ ချင်း၊ နံနံစေ့များကိုသိုလှောင်ထားပြီး ကျပ် သိန်း ၃၀ ခန့်တန်ဖိုးရှိ ပစ္စည်းများ ဆုံးရှုံးခဲ့ကာ ဆုံးရှုံးမှုစုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ၆၀ ခန့်ရှိခဲ့သည်။

## ရုတ်တရက်ထူးခြားစွာ ပွင့်သွားသည့် အလောင်းတော်ကဿပ လိုဏ်ဂူ

စစ်ကိုင်းတိုင်း မုံရွာမြို့အနောက်ဘက်ကမ်းရှိ ညောင်ပင်ကြီးဒေသမှ ၄၅ မိုင်အကွာတွင်ရှိပြီး ပွင့်လင်းရာသီတွင် ဘုရားဖူးအများအပြားသွားရောက်လေ့ရှိကြသည့် အလောင်းတော်ကဿပ စံကျောင်းသဘာဝလိုဏ်ဂူကျောက်တံခါးမှာ တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီလ ၉ ရက်နေ့) က ရုတ်တရက် ထူးခြားစွာပွင့်သွားခဲ့ရာ ဘုရားဖူးလာရောက်သူများ ဖူးမြော်ခွင့်ရခဲ့ကြသည့် ၂၀၀၉ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ပွင့်သွားခဲ့ခြင်းဖြစ်ပြီး ၁၅ မိနစ်ခန့်အကြာတွင် ပြန်ပိတ်သွားခဲ့ရာ လိုဏ်ဂူပေါက်ပွင့်သွားသည့်အချိန်တွင် လိုဏ်ဂူရှေ့တွင်ရောက်ရှိနေသည့် ဘုရားဖူးများသည် ရွှေငွေ အစရှိသည်များကို ဂူအတွင်းသို့ ပစ်သွင်း၍ လှူဒါန်းခဲ့ကြသည်။

www.foreverspace.com.mm

၂၀၀၇ ခုနှစ်မှစတင်ပြီး ယခုတစ်ကြိမ်အပါအဝင် အလောင်းတော်ကဿပလိုဏ်ဂူ အနည်းငယ်ပွင့်ဟခဲ့ခြင်းမှာ သုံးကြိမ်ရှိပြီဖြစ်သည်။

အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ကို မုံရွာ–ယင်းမာပင်–ဂန့်ဂေါ–ဟားခါးလမ်းနှင့် မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ်ကိုတံတားဖြင့်ကူးကာ ညောင်ပင်ကြီးမှတစ်ဆင့်ယင်းမာပင်သို့ ၁၇ မိုင်ခန့် ကတ္တရာလမ်းအတိုင်းသွားရသည့်မြေသားလမ်းနှစ်လမ်းရှိပြီး နွေရာသီတွင်သာအသုံးပြုနိုင်သည်။

## လျှပ်တစ်ပြက်ဂျာနယ်ပါ "ဂျူနိုဦးစော၏ မြေးများနှင့်တွေ့ဆုံခြင်း"

နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂျူနိုဦးစော၏ နောက်ဆုံးနေ့များ ခေါင်းစဉ်ဖြင့် သန်းဝင်းလှိုင်ရေးသားပြုစုသောစာအုပ်အပေါ် ထွက်ပေါ်လာသည့်ဂယက်များနှင့်ပတ်သက်၍ ဂျူနိုဦးစော၏မြေးများနှင့် တွေ့ဆုံခြင်းကို 'နိုင်ငံတော်လုပ်ကြံမှုတရားခံအစစ် ဘယ်သူလဲ' ခေါင်းစဉ်ဖြင့် မတ်လ ၂၀ ရက်နေ့ထုတ် လျှပ်တစ်ပြက်ဂျာနယ်အချပ်ပိုတွင် ဆောင်းပါးရှင် မြတ်ခိုင်ရေးသားခဲ့သည်ကို တွေ့ရသည်။

ယင်းဆောင်းပါးတွင် ဂျူနိုဦးစော၏ မြေးဖြစ်သူ ဒေါ်မွန်မွန်ရင်က အထက်ပါစာအုပ်တွင်ပါဝင်သည့်အချက်အလက်များမှားယွင်းကြောင်းကို စာမျက်နှာနံပါတ်အညွှန်းများဖြင့်လည်းကောင်း၊ ဂျူနိုဦးစော၏ လက်ရေးမူများဖြင့်လည်းကောင်း ဖြေရှင်းထားသည်များကိုဖော်ပြထားသည်။

ဆောင်းပါးရှင်၏ ရေးသားချက်အနေဖြင့် ဂျူနိုဦးစော၏ကိုယ်ရေးအချက်အလက်များကိုလည်းကောင်း၊ နိုင်ငံတော်လုပ်ကြံမှု၏ ကွင်းဆက်ထူးဆန်းသော နောက်ခံဖြစ်ရပ်များကိုလည်းကောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

## စီးတီးတက္ကစီမီတာကောက်ခံမည့် ကျသင့်ငွေဇယား ထုတ်ပြန်ကြေညာ

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် စီးတီးတက္ကစီများတွင် မီတာဖြင့်စီးနင်းပါက အနီးစပ်ဆုံးကျသင့်နိုင်သည့် ဈေးနှုန်းဇယားကို စီးနင်းသည့်နေရာများပါဝင်သည့်ဇယားဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မတ်လကုန်ပိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဇယားကို တက္ကစီစီးနင်းမှုအများဆုံးဖြစ်သော အဝေးပြေးဝင်းများ၊ လေဆိပ်၊ ဘူတာကြီး၊ ရွှေတိဂုံစေတီ၊ တိရစ္ဆာန်ဥယျာဉ်၊ လှည်းတန်းလမ်းဆုံ၊ မြေနီကုန်း၊ ဈေးများ၊ မြောက်ဥက္ကလာပအဝိုင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၇/၈ လမ်းဆုံ အစရှိသည့်နေရာ ၃၀ ကျော်တွင် ပိုစတာများစိုက်ထူသွားမည်ဖြစ်သည့်အပြင် လက်ကမ်းစာစောင် နှစ်သောင်းကျော်ကိုလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။




စီးတီးတက္ကစီမီတာကျသင့်ငွေ ဇယား ထုတ်ပြန်ထားသည့် ဆိုင်းဘုတ်

အမှန်တကယ်အားဖြင့် မီတာဖြင့်ကျသင့်ငွေတောင်းခံခြင်းမှာ ရေရှည်တွင် နှစ်ဦးနှစ်ဖက်အတွက်များစွာ အဆင်ပြေနိုင်သောစနစ်ဖြစ်သည်။ သို့သော် နှစ်အတန်ကြာညှိနှိုင်းဈေးဖြင့် အသားကျလာကြသည့်အတွက် ယာဉ်မောင်းရော ခရီးသည်ပါ ပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ မီတာဆိုသောပစ္စည်းမှာ ပြုပြင်၍ရသဖြင့် မဖြစ်မနေ မီတာသုံး၍ကောက်ခံပေးချေရန် ဖိအားပေးလာလျှင် မီတာကိုပြင်ကာဈေးပိုယူခြင်းကဲ့သို့သော ပြဿနာမှုများလည်း ပေါ်ပေါက်လာနိုင်သည်။

## ရွှေတိဂုံဘုရားရှိ အလှူခံပုံးများကို ကန်ထရိုက်ပေးခြင်း/မပေးခြင်းကိစ္စ

ရန်ကုန်မြို့တော်ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးတွင် အလှူခံပုံးများကို ဘာသာခြားတစ်ဦးပိုင်ကုမ္ပဏီတစ်ခုသို့ တစ်နှစ်လျှင် ကျပ်သိန်းငါးထောင်ဖြင့် ကန်ထရိုက်ပေးထားသည်ဟု အင်တာနက်ဘလော့ဂ်တစ်ခုတွင် ရေးသားထားသည့်သတင်းတစ်ပုဒ်မှာ ဖေဖော်ဝါရီလဆန်းပိုင်းက အင်တာနက်အသုံးပြုသူများအကြား ပျံ့နှံ့ခဲ့ပြီး လူအများစိတ်ဝင်စားမှုရှိခဲ့သော သတင်းတစ်ရပ်ဖြစ်ခဲ့သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်၏ ရှင်းလင်းချက်များကိုလည်း အပတ်စဉ်ထုတ် ဂျာနယ်အချို့တွင် ဖော်ပြခဲ့ကြသည်။ နေ့စဉ် ည ၁၀ နာရီတွင် စေတီတော်ပေါ်တွင်ထားရှိသော အလှူခံပုံးများကို

www.foreverspace.com.mm





စောင့်ရှောက်ရေး သံဃာတော်အဖွဲ့၊ တာဝန်ကျလုံခြုံရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့များက လိုက်လံသိမ်းဆည်းပြီး နောက်တစ်နေ့နံနက်တွင် ငွေထိန်းသိမ်းရေးအဖွဲ့က သိမ်းဆည်းထားသော အလှူခံပုံးထဲမှ အလှူငွေများကိုရေတွက်ကာ ဘဏ်ခွဲအမှတ်(၄)၊ ဘဏ်စာရင်းအမှတ် T 166 သို့လည်းကောင်း၊ နိုင်ငံခြားငွေများကို နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့အပ်နှံပြီး ဘုရားအတွက်လိုအပ်သည်များကိုလုပ်ထုံးလုပ်နည်းများအတိုင်း ထုတ်ယူသုံးစွဲလျက်ရှိကြောင်း၊ ဝင်ငွေများကို ပြေစာဖြင့်ဝင်စေပြီး ထွက်ငွေများကို ချက်လက်မှတ်များဖြင့် ထွက်ခွင့်ပေးကာ စနစ်တကျအသုံးပြုလျက်ရှိကြောင်း ရှင်းလင်းချက်များအရသိရသည်။

## မုန်တိုင်းအချက်ပြအရောင်များ တိုးမြှင့်သတ်မှတ်ခြင်း

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဦးဆောင်သင်္ဘောများလွှင့်ထူသော မုန်တိုင်းအပါအဝင်သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် အချက်ပြအလံအမျိုးအစားများကို ယခင်က သုံးမျိုးသာသတ်မှတ်ခဲ့ရာမှ ယခုနှစ် ဧပြီလမှစတင်၍ အရောင်ငါးမျိုးသို့ ပြောင်းလဲသတ်မှတ်လိုက်သည်။

ယခင်သတ်မှတ်ထားသည့် အရောင်သုံးရောင်မှာ မုန်တိုင်းတိုက်ခတ်မှုအင်အားဖြစ်ပေါ်မှုအပေါ်မူတည်သတ်မှတ်ပြီး ယခုငါးရောင်မှာ မုန်တိုင်းအင်အားရွေ့လျားမှုအပေါ်မူတည်သတ်မှတ်ထားခြင်းဖြစ်သည်။

သတ်မှတ်ထားသည့်အရောင်များနှင့် မုန်တိုင်းအခြေအနေများကို အောက်ပါအတိုင်းခွဲခြားထားသည်။

အဝါ – ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေသော်လည်း ယခုခရီးစဉ်နှင့် ရေယာဉ်အတွက် မသက်ဆိုင်သေးကြောင်း၊

လိမ္မော် – မုန်တိုင်းအားကောင်းလာပြီး ကမ်းရိုးတန်းဘက်သို့ ဦးတည်ရွေ့လျားလာနေပြီဖြစ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ပါလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ရမည်၊

အနီ – မိမိကမ်းရိုးတန်းကို ဖြတ်ကျော်ရန် ၁၂ နာရီအလိုနှင့် ကာကွယ်ရေးစီမံချက်များကိုပြင်ဆင်ပြီးအနေအထားဖြစ်ရမည်၊

အညို – မိမိကမ်းရိုးတန်းကို မုန်တိုင်းဖြတ်ကျော်နေစဉ်၊

အစိမ်း – မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားပြီဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရှာဖွေရေးလုပ်ငန်းများနှင့် မိမိရေယာဉ်ကို ပြန်လည်ဖွဲ့စည်းမှုများပြုလုပ်ရမည်ဟူ၍ ဖြစ်သည်။

## ပျဉ်းမနားဘူတာမှ ရထားလုပ်ငန်းများ နေပြည်တော်ဘူတာသို့ ပြောင်းရွှေ့ဆောင်ရွက်မှု

လက်ရှိပျဉ်းမနားဘူတာ ယာဒ်ဝင်းအတွင်းသို့ ပုံမှန်ပြေးဆွဲလျက်ရှိသော ရန်ကုန်–မန္တလေးအစုန်အဆန်ရထားရှစ်စင်း၊ စာပို့ရထား အဆန်/အစုန် နှစ်စင်း၊ ပျဉ်းမနားဘူတာမှထွက်သော လော်ကယ် ရထားအစုန်နှစ်စင်းတို့ရှိနေရာ နေရာကျဉ်းမြောင်းကျပ်တည်းပြီး ကန့်သတ်ချက်များစွာပေါ်ပေါက်လျက်ရှိသည့်အတွက် စာပို့နှင့် လော်ကယ်ရထားအချို့မှအပ ကျန်ရထားအားလုံးကို ဇူလိုင်လ ၅ ရက် (တနင်္ဂနွေနေ့)မှစ၍ ပျဉ်းမနားဘူတာတွင်ရပ်တန့်စေခြင်းမပြုတော့ဘဲ နေပြည်တော်ဘူတာသစ်ကြီးတွင်သာ ရပ်တန့်ခြင်း၊ ထွက်ခွာခြင်းများ စတင်ပြုလုပ်ခဲ့သည်။

စာပို့နှင့် လော်ကယ်ရထားများမှအပ ကျန်ရထားခရီးစဉ်များဖြင့် ပျဉ်းမနားဘူတာသို့သွားရောက်လိုသည့် ခရီးသည်များသည် ပျဉ်းမနားဘူတာတွင်ရထားရပ်တန့်မည်မဟုတ်သဖြင့် နေပြည်တော်ဘူတာရောက်မှသာဆင်းသက်ကြရန် မြန်မာ့မီးရထားက ထုတ်ပြန်ကြေညာထားသည်။



နေပြည်တော် ဘူတာသစ်

www.foreverspace.com.mm



## မြန်မာ့လေကြောင်းမှ ခရီးသည်တင်လေယာဉ် စစ်တွေလေဆိပ်တွင်ပြေးလမ်းချော်မှု

ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ဇွန်လ ၆ ရက်နေ့ နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ထွက်ခွာလာသော မြန်မာ့လေကြောင်းမှ ခရီးသည်တင်လေယာဉ် အမှတ် XY-ADW F-28 ဂျက်လေယာဉ်သည် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် စစ်တွေလေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းချော်ပြီး ပြေးလမ်း၏ညာဘက်သို့ထိုးကျသွားကာ လေယာဉ်ပြေးလမ်း ပေ ၂၀၀၀ ခန့် အရောက်တွင် ညာဘက်သို့ကွေ့သွားပြီး လေယာဉ်ကွင်းခြံစည်းရိုးနှင့်တိုက်ကာ ရပ်တန့်သွားသော ဖြစ်ရပ်တစ်ခု ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။

အဆိုပါလေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း ခြောက်ဦး၊ ခရီးသည် ၆၂ ဦး စုစုပေါင်း ၆၈ ဦးလိုက်ပါလာပြီး တွဲဖက်လေယာဉ်မှူး ဦးစိုးရီတစ်ဦးသာ နဖူးတွင်ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ယင်းဖြစ်ရပ်ဖြစ်ပွားမှုအပြီး နှစ်ရက်အကြာ ဇွန်လ ၈ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်က မြန်မာ့လေကြောင်းမှ လေယာဉ်မှူးကြီးများနှင့် လေယာဉ်မှူးများကို တွေ့ဆုံရာတွင် လေယာဉ်များလုံခြုံစိတ်ချစွာ ပျံသန်းနိုင်ရေးအတွက် မပျံသန်းမီစစ်ဆေးခြင်းနှင့် ပျံသန်းပြီး စစ်ဆေးမှုများကို အလေးထားဆောင်ရွက်သွားကြရန်နှင့် မိုးရာသီပျံသန်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသွားကြရန် ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

စစ်တွေလေဆိပ်ရှိပြေးလမ်းသည် ဒုတိယကမ္ဘာစစ်အတွင်းက သံပြားပေါက်များခင်းထားသည့် စစ်သုံးလေယာဉ်ကွင်းတစ်ကွင်းသာဖြစ်ပြီး ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် International Aero Limited (IAL) ကုမ္ပဏီထံမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လွှဲပြောင်းယူခဲ့ကာ ၁၉၆၀ ပြည့်နှစ်မှစတင်၍ ကျောက်ကတ္တရာခင်းလေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ခဲ့သည်။



လေယာဉ်ပြေးလမ်းချော်ပြီး ညာဘက်သို့ထိုးကျသွားစဉ်

## လူ ၂၄ ဦးသေဆုံးခဲ့သော ဖားကန့် မြေပြိုမှု

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖားကန့်မြို့ မော်ဝန်းရပ်ကွက် ဖားကန့်-လုံးခင်းကားလမ်း၏ ယာဘက်ရှိ ကမ်းပါးယံမြေပြိုကျမှုတစ်ရပ် ဇူလိုင်လ ၄ ရက်နေ့ ည ၁၀ နာရီခွဲအချိန်ခန့်မှ ဇူလိုင်လ ၅ ရက် နံနက် ၂ နာရီခန့်အချိန်အထိ ဖြစ်ပွားခဲ့ရာ ကမ်းပါးယံပေါ်တွင်ဆောက်လုပ်ထားသော တဲအိမ်ငယ်များ ပြိုကျပျက်စီးခဲ့ပြီး အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၄ ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ထို့ပြင် ဇူလိုင်လ ၅ ရက်နှင့် ၆ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဥရုချောင်းရေမြင့်တက်ပြီး ဖားကန့်မြို့ အမှတ် (၁)၊ (၂) နှင့် (၃) ရပ်ကွက်တို့ရှိ လူနေအိမ် ၂၄ လုံးရေထဲမျောပါပျက်စီးသွားခဲ့သည်။

## Eleven Media Group နှင့် AT & S ကုမ္ပဏီပြဿနာ

Eleven Media Group မှ ထုတ်ဝေလျက်ရှိသော အပတ်စဉ်ထုတ်ဂျာနယ်များတွင် ထည့်သွင်းကြော်ငြာလျက်ရှိသော AT & S ကုမ္ပဏီ၏ ကြော်ငြာများ၏ ကြော်ငြာခပေးသွင်းရန် ကျန်ငွေများ တောင်းခံခြင်းနှင့်ပတ်သက်သည့် ပြဿနာများကို ဩဂုတ်လ ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများနှင့်အပတ်စဉ်ထုတ် ဂျာနယ်အချို့တွင် ဖော်ပြခဲ့ကြသည်။

AT & S ကုမ္ပဏီအနေဖြင့် ကြော်ငြာထည့်သည့်ကာလသည် ၂၀၀၈-၀၉ ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီနှစ်ချုပ် ငွေစာရင်းရေးဆွဲကာ ပိုငွေလိုငွေများကို စာရင်းအတိအကျကောက်ခံနေရသည့်ကာလဖြစ်သည့်အတွက် ပေးသွင်းရန်ရှိသည် ကြော်ငြာခများကို လာရောက် ကောက်ခံရန် Eleven Media Group ကြော်ငြာဌာနသို့ တယ်လီဖုန်းဖြင့် အကြိမ်ကြိမ်ဖုန်းဆက်အကြောင်းကြားခဲ့သော်လည်း လမ်းကြောင်းမသင့်၍ လာမယူနိုင်ကြောင်း ဖြေကြားချက်မှလွဲ၍ အခြားတုံ့ပြန်မှုများကိုဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ကြော်ငြာခတောင်းခံရာတွင် ဌာနတွင်းပြေပြစ်စွာဆက်သွယ်တောင်းယူသင့်ပါလျက် ကြော်ငြာခများကိုခုနှစ်ရက်အတွင်းမပေးသွင်းပါက ၎င်းပိုင်ဂျာနယ်များတွင် ထည့်သွင်းမည်ဟု ခြိမ်းခြောက်သည့်အသွင်ဖြင့်ပြောဆိုလာသည့်အတွက် မိမိတို့အနေဖြင့် ဘဏ္ဍာနှစ်လွန်တောင်းဆိုမှုအတွက် ပေးချေလိုခြင်းမရှိကြောင်းတူညီသည့် တုံ့ပြန်မှုဖြင့် ပြန်လည်ချေပလိုက်ခြင်းသာဖြစ်ကြောင်း၊ ပေးသွင်းရန်ရှိသည့် ကြော်ငြာခမှာ ကျပ်ငွေ ၃၂၀,၆၂၅ ကျပ်ဖြစ်ပြီး မပြောပလောက်သည့်ငွေကြေးအတွက်ဆက်လက်အငြင်းပွားမှုများမပြုလုပ်လိုသောကြောင့် ကြော်ငြာခပေးချေမည်ဟု အကြောင်းပြန်ကြားခဲ့သော်လည်း တစ်စုံတစ်ရာတုံ့ပြန်မှုမရှိဘဲ ဩဂုတ်လ ၇ ရက်နေ့ထုတ် ၎င်းပိုင်ဂျာနယ်များတွင် AT & S ကုမ္ပဏီ၏ ဂုဏ်သိက္ခာကိုကျဆင်းစေသောကြေညာချက်ကို ထည့်သွင်းခဲ့ကြောင်း၊ အဆိုပါ

www.foreverspace.com.mm



ရကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးရန်တောင်းဆိုပြီး မလိုက်နာပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြထားသည်။

Eleven Media Group အနေဖြင့်လည်း AT & S ကုမ္ပဏီသည် ပေးသွင်းရန်ရှိသော ကြော်ငြာခငွေများကို အချိန်မီပေးဆောင်လိုခြင်းမရှိကြောင်း သိရှိရသဖြင့် ၂၃–၇–၂၀၀၉ ရက်စွဲဖြင့် ကြော်ငြာခကျန်ငွေအကြောင်းကြားစာကိုပေးပို့တောင်းခံခဲ့ကြောင်း၊ AT & S ကုမ္ပဏီမှ ငွေစာရင်းဌာန၏ လုပ်ထုံးလုပ်နည်းများအရ ကျန်ရှိသည့် ကြော်ငြာခငွေကို ပေးသွင်းရန်အခက်အခဲရှိကြောင်းနှင့် ပေးချေလိုခြင်းမရှိကြောင်း ပြန်လည်အကြောင်းကြားခဲ့ကြောင်း၊ ကြော်ငြာခများပေးသွင်းမည်ဟု မိမိတို့ကုမ္ပဏီကို အကြောင်းကြားခဲ့သည်ဟုဆိုသော်လည်း မည်သည့်တုံ့ပြန်ချက်ကိုမျှ လက်ခံရရှိခဲ့ခြင်းမရှိကြောင်း၊ ထို့အတွက် Eleven Media Group ၏ ရသင့်ရထိုက်သော ခံစားခွင့်များအတွက် ဥပဒေနှင့်အညီထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ချက်များ တရားမျှတမှုရှိ မရှိ အများပြည်သူအကဲဖြတ်သုံးသပ်နိုင်ရန် ဖော်ပြကြေညာပေးသွားမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၆ ရက်နေ့ထုတ် Weekly Eleven News ဂျာနယ်တွင် စာမျက်နှာ နှစ်မျက်နှာအပြည့် ဖော်ပြထားသည်ကိုလည်းတွေ့ရသည်။

## နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်ပေါ်ခဲ့သော ရေကြီးမှုနှင့် ရေလွှမ်းမိုးမှုများ

မန္တလေးတိုင်း မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မတ်လ ၁၅ရက်နေ့က မိုးရေများဝင်ရောက်လာသည့်အတွက် လူနှင့်တိရစ္ဆာန်များ ရေဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး မြစ်သားနှင့် ပြင်စည်ရွာကြားရှိ မော်တော်ကားလမ်းပေါ်သို့ရေကျော်မှုကြောင့် မြင်းခြံ–မြစ်သား–မန္တလေး ခရီးစဉ်များခေတ္တရပ်နားထားခဲ့ရသည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၊ တနင်္သာရီတိုင်း ကော့ကရိတ်နှင့် ကလိန်အောင်မြို့ တို့တွင် ဇူလိုင်လ ၁၃ ရက်နှင့် ၁၄ ရက်နေ့များက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်အချို့နှင့် ရပ်ကွက်အချို့ ရေလွှမ်းမိုးမှုများ၊ ကော့ကရိတ်–မြဝတီကားလမ်းအချို့နေရာများတွင် မြေသားကျောက်တုံးများပြိုကျမှုဖြစ်ပေါ်ခဲ့သည့်အတွက် လမ်းပိတ်ဆို့မှုများ၊ ထားဝယ်–မော်လမြိုင် ကားလမ်းမကြီးပေါ်ရှိ တံတားအချို့ ချောင်းရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်းအချို့ ပျက်စီးခြင်း၊ ကားလမ်းအချို့နေရာများတွင် ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ စက်တင်ဘာလ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့တို့တွင် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် နဝင်းချောင်းရေမြင့်တက်မှုကြောင့်ပြည်မြို့နယ်အတွင်းရှိ နတ်တလင်းကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စုတို့တွင် ရေအမြင့် သုံးပေခန့်မြင့်တက်ခဲ့သည်။ ချောင်းရေလျှံမှုကြောင့် နတ်တလင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ အိမ်ခြေ ၁၅၀ ခန့်နှင့် ဇီးကုန်းကျေးရွာအုပ်စု



ရေကြီးမှုများနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည်

မတောင့်တကျေးရွာမှ အိမ်ခြေ ၇၀ ခန့် စုစုပေါင်း အိမ်ခြေ ၂၂၀ ခန့် ရေလွှမ်းမိုးခဲ့ပြီး မတောင့်တကျေးရွာနှင့် သဖန်းချိုကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသောလမ်းမှ ကွန်ကရစ်တိုင်နှင့် သစ်သားခင်းဘေလီတံတားမှာ ရေတိုက်စားမှုကြောင့်ကျိုးကျခဲ့သည်။

မိုးနှောင်းကာလမိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကလေးနယ်တစ်ဝိုက်တွင် မြစ်သာမြစ်ရေရုတ်တရက်မြင့်တက်လာပြီး ၁၀ နှစ်တာကာလအတွင်း အမြင့်ဆုံးရေကြီးမှုအဖြစ်သို့ရောက်ရှိခဲ့သည်။ ကလေးမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၀၀၀ စင်တီမီတာဖြစ်ပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့ နေ့လယ် ၂ နာရီတိုင်း ထွာချက်အရ မြစ်သာမြစ်ရေသည် ၁၁၉၀ စင်တီမီတာသို့ရောက်ရှိခဲ့သည်။

## မိလ္လာကျင်းထဲ လက်စွပ်ဆင်းရှာရာမှ အသက်ရှူကျပ်သေဆုံးမှု

မိလ္လာကျင်းထဲ ပြုတ်ကျသွားသော ငွေကျပ်သုံးသောင်းခန့်တန်ဖိုးရှိလက်စွပ်တစ်ကွင်းကို ဆင်းရှာရာမှ အသက်ရှူကျပ်၍ လူနှစ်ဦးသေဆုံးပြီး တစ်ဦးကို ဆေးရုံသို့ အရေးပေါ်တင်ပို့ခဲ့ရသည့် ဖြစ်ရပ်တစ်ခု မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဧပြီလ ၂၉ ရက်နေ့က ဖြစ်ပွားခဲ့သည်။

ပြုတ်ကျသွားသည့်လက်စွပ်မှာ မုဒုံမြို့ မြို့မ (၄) ရပ်ကွက်၊ ပိတောက်ရွှေဝါ ၄ လမ်းနေ ဦးသန်းဇော်၏သမီး မသော်ဇင်အောင်၏ လက်စွပ်ဖြစ်ပြီး မိလ္လာကျင်းအတွင်းသို့ ဆင်း၍ရှာဖွေသူများများ လက်စွပ်ပြန်ရပါက တန်ဖိုးငွေတစ်ဝက်ပေးမည်ဟု ဦးသန်းဇော်နှင့် သဘောတူညီမှုရယူထားသူများဖြစ်သည်။ ကျင်းထဲတွင် မိလ္လာရေများ များပြားနေသဖြင့် အနည်များဝပ်သွားစေရန် အက်စစ်ပြင်းများကို မနက်ပိုင်းအချိန်ကလောင်းထည့်၍ ညနေပိုင်းတွင် ကျင်းထဲသို့ ဒုတိယအကြိမ်ပြန်ဆင်းရာမှ အသက်ရှူကျပ်၍သေဆုံးမှုနှင့် သတိလစ်မေ့မြောမှုများ ဖြစ်ပွားရခြင်းဖြစ်သည်။

www.foreverspace.com.mm

## ရမည်းသင်းမြို့မဈေးအတွင်းရွှေဆိုင် သေနတ်ဖြင့် ပစ်ခတ်လုယက်မှု

မန္တလေးတိုင်း ရမည်းသင်းခရိုင် ရမည်းသင်းမြို့လယ် မြို့မဈေးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်တွင် အရောင်းစာရေးတစ်ဦးနှင့် အခြားလူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်၍ ရွှေထည်ပစ္စည်းများကို လုယက်မှုတစ်ရပ် မေလ ၆ ရက်နေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံအတွင်း သေနတ်ဖြင့် ပြစ်မှုကျူးလွန်သည့် ထူးခြားသော မှုခင်းတစ်ရပ်ဖြစ်လာခဲ့သည်။

အဆိုပါ လုယက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လုယက်သူများနှင့်အတူ ရွှေဆွဲကြိုး ငါးပိသာခန့်နှင့် ရွှေလက်ကောက် တစ်ပိဿာခန့်ပါရှိသွားခဲ့ကြောင်း၊ မေလ ၉ ရက်နေ့တွင် ကျူးလွန်သူများအနက်မှ ကိုလေး(ခ)မျိုးဝင်းဇော်နှင့် ခင်မောင်ထွေး(ခ) ဂျပုတို့နှစ်ဦးကို ရှမ်းပြည်နယ်ရှိ ယင်းမာပင်မြို့နယ်တွင် လည်းကောင်း၊ မေလ ၁၃ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ် မြို့ဟောင်းရထားဝင်းနေအိမ်၌ အဓိကတရားခံဖြစ်သူ ညီညီနိုင်နှင့် အတူ လက်နက်ခိုးယူမှုတွင် ပူးပေါင်းကျူးလွန်သူ ခိုင်ဇော်ဝင်းကို လည်းကောင်း၊ မေလ ၁၃ ရက် ည ၁၁ နာရီ ၅၉ မိနစ်ခန့်တွင် ကွတ်ခိုင်မြို့နယ် မော်ဟပ်ကျေးရွာ နေအိမ်၌ အဓိကတရားခံ ရဲဘက်ပြေးတစ်ဦးဖြစ်သူ ညီညီနိုင်ကို လည်း ကောင်းဖမ်းဆီးရမိခဲ့သည်။ မေလ ၆ ရက်မှ ၁၄ ရက်



ထူးခြားသော မှုခင်းတစ်ရပ်ဖြစ်ခဲ့သည်



အတွင်း ညီညီနိုင်နှင့် ခိုင်ဇော်ဝင်း ပူးပေါင်း ၍ ရေစကြိုမြို့ရှိ တပ်ရင်းတစ်ရင်းမှ ခိုးယူထားသည့် လက်နက်ငါးလက်ကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင်ဖော်ပြပါရှိသည်ကိုတွေ့ရသည်။

ပြစ်မှုကျူးလွန်သူများကို စက်တင်ဘာလ ၄ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ရာ ညီညီနိုင်အား ထောင်ဒဏ် ၁၀ နှစ်၊ တစ်သက်တစ်ကျွန်းထောင်ဒဏ်နှင့် သေဒဏ်တို့ကို တစ်ပေါင်းတည်းကျခံစေရန်နှင့် ကျန်ပူးပေါင်းပါဝင်သူများကို ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်အထိ အသီးသီးပြစ်ဒဏ်ပေးခဲ့သည်။

## ဗုံးပေါက်ကွဲမှုများ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်၊ ပဒ္မာပန်းခြံအတွင်းတွင် မတ်လ ၃ ရက်နေ့ ည ၈နာရီ မိနစ် ၄၀ ခန့်နှင့် ကမာရွတ်မြို့နယ် ၁ ရပ်ကွက်၊ အင်းစိန်လမ်းမရှိ လှည်းတန်းမှတ်တိုင် ခရီးသည်နားနေဆောင် ထိုင်ခုံအောက်တွင် ည ၁၁ နာရီ ၅ မိနစ်ခန့်ကပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဟု တရားဝင်ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

အလားတူ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုဓမ္မာလမ်း (အောင်မင်္ဂလာအဝေးပြေးဝင်းအနီး) ရှိ တော်ဝင်နန်း တည်းခိုခန်း ဒုတိယထပ်၊ အခန်းအမှတ် (F-1)တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် မတ်လ ၂၆ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် အသက် ၂၀ ကျော် အမျိုးသားတစ်ဦးသေဆုံးနေသည်ကို တွေ့ရှိရ

www.foreverspace.com.mm



ပြီး သေဆုံးသူအနီးတွင် ဖောက်ခွဲရေးသုံးဆက်စပ်ပစ္စည်းများ တွေ့ရှိရကြောင်းနှင့် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုအနေအထားများအရ သေဆုံးသူသည် အချိန်ကိုက် စနစ်သုံး ဒေသန္တရလုပ်မိုင်းတစ်ခုအား ပြုလုပ်နေစဉ် (သို့မဟုတ်) အချိန်ကိုက်စနစ်အား အသက်သွင်းနေစဉ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းဌာနများတွင်ဖော်ပြခဲ့သည်။

မွန်ပြည်နယ်မော်လမြိုင်မြို့တွင် မေလ ၂၇ ရက် နံနက် ၉ နာရီခွဲအချိန်ခန့်က ရွှေတောင်ရပ် ကမ်းနားလမ်း စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်ရှေ့ကမ်းနားဘက်ခြမ်းရှိ လူသွားလမ်းဘေး (၁× ၁)ပေအကျယ် ရေမြောင်းအတွင်းတွင်လည်းကောင်း၊ နံနက် ၉ နာရီ ၅၅ မိနစ်အချိန်ခန့်က စစ်ကဲကုန်းရပ် ဗဟိုလမ်း စိုက်ပျိုးရေးရုံးရှေ့လမ်းလယ်ကျွန်းပန်းစိုက်ခုံအတွင်းတွင်လည်းကောင်း၊ ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် မရမ်းကုန်းရပ် မိန်းကလေးကျောင်းလမ်းတွင်ဖွင့်လှစ်ထားသော ပြောင်းရွှေ့သွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းရုံး (IOM- International Organization for Migration) အနီး ခြံစည်းရိုးနံဘေးတွင်လည်းကောင်း ပေါက်ကွဲမှုသုံးခု ဖြစ်ပွားခဲ့သည်။

အလားတူ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့နှင့် စက်မှုဇုန်များတွင်လည်း စက်တင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ပေါက်ကွဲများ ဖြစ်ပွားခဲ့သည်။ ယင်းပေါက်ကွဲမှုများမှာ စက်တင်ဘာလ ၁၆ ရက်နေ့ ည ၁၁ နာရီ ၄၅ မိနစ်တွင် လှိုင်သာယာမြို့နယ် (၅) ရပ်ကွက်၊ တပင်ရွှေထီးတာဝါလမ်းရှိ KOMATSU ဟိုက်ဒရောလစ်မြေတူးမြေသယ်စက်ယာဉ်ရောင်းချရေးကုမ္ပဏီခြံဝင်းအတွင်း ခြံစည်းရိုးနှင့် ၅ ကိုက်အကွာတွင်လည်းကောင်း၊ ည ၁၂ နာရီအချိန်ခန့်တွင် ယင်းလမ်းအတွင်းရှိ Family United Powder ဟိုက်ဒရောလစ်မြေတူးမြေသယ်စက်ယာဉ် ရောင်းချရေးကုမ္ပဏီ ခြံဝင်းအတွင်း ခြံစည်းရိုးနှင့် ၅ ကိုက်အကွာစီတွင်လည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက်နံနက် ဝဝ နာရီ ၅၂ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) နဝဒေးလမ်းရှိ ရေဥက္ကံကျေးရွာ ရဲကင်းအနီး၌လည်းကောင်း၊ မင်းသိင်္ခကျော်စွာလမ်းရှိ Fly Man သစ်အချောထည်စက်ရုံဝင်း ခြံစည်းရိုးအပြင်၌လည်းကောင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စက်တင်ဘာလ ၁၇ ရက်နေ့တွင်ပင် နံနက် ၁ နာရီခွဲခန့်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ UNICEF ဆေးသိုလှောင်ရုံ ခြံစည်းရိုး၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ကံ့ကော်လမ်းရှိ ၎င်းအေအထည်ချုပ်စက်ရုံ အနောက်ဘက် ထရန်စဖော်မာအနီး၌လည်းကောင်း ပေါက်ကွဲမှုတစ်ခုစီဖြစ်ပွားခဲ့ပြီး အလားတူ ယင်းနေ့ နံနက် ၄ နာရီခန့်တွင် မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical စက်ရုံဝင်းအတွင်း မပေါက်ကွဲသေးသည့် ချိန်ကိုက်ဗုံးတစ်လုံးကို တွေ့ရှိရကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်ကို တွေ့ရသည်။

## သာကေတမြို့နယ်တွင်လေဆင်နှာမောင်းတိုက်ခတ်ခြင်း

သာကေတမြို့နယ် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းနှင့် ယုဇနဆီအုန်းစက်ရုံအနီးတို့တွင် ဇူလိုင်လ ၂၀ ရက်နေ့ မွန်းလွဲ ၂ နာရီ မိနစ်၄၀ ခန့်တွင်လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ အဆိုပါလုပ်ငန်းများတည်ရှိရာ အဆောက်အအုံများနှင့်အနီးအနားရှိလူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ပြီး လေဆင်နှာမောင်း၏ပြင်းအားမှာ ၁ နာရီ မိုင် ၈၀ မှ ၁၆၀ အကြားတွင်ရှိမည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။



## နာဂစ်လေဘေးသင့်မြို့နယ်များတွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်း

ဧရာဝတီတိုင်းအတွင်းရှိ နာဂစ်မုန်တိုင်းဒဏ်ပြင်းထန်စွာခံစားခဲ့ရသော ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ ငပုတောနှင့် ဟိုင်းကြီးကျွန်းမြို့နယ်များတွင် ဇူလိုင်လ ၁၄ ရက်နေ့၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ လူသေဆုံးမှုဖြစ်ပွားခဲ့ခြင်းမရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုများနှင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည့်ဖြစ်ရပ်များ နာဂစ်မုန်တိုင်းအလွန် တစ်နှစ်ကျော်ကာလတွင် ဖြစ်ပွားခဲ့ခြင်းမှာလည်း ယခုနှစ်အတွင်း ထူးခြားစွာမှတ်တမ်းတင်ရမည့် အရေးကိစ္စဖြစ်သည်။ မြန်မာ့သမိုင်းတစ်လျှောက် အဆိုးရွားဆုံး မုန်တိုင်းသင့်ဒေသတွင်းမှ ဤသို့ထပ်ဆင့်ကဲ၍ မုန်တိုင်းတိုက်ခြင်းမှာ ယခုနှစ်အတွက် မှတ်မှတ်ထင်ထင်ဖြစ်ရာ အကြောင်းအရာဖြစ်ခဲ့သည်။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ဇူလိုင်လ ၁၄ ရက်နေ့ မွန်းလွဲ ၃ နာရီခန့်၌ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၃၃ လုံး ပျက်စီးခဲ့ပြီး လူခုနစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အလားတူ ဖျာပုံခရိုင် အမာမြို့နယ်ခွဲရှိ ခါးဖြတ်ကျေးရွာတွင်လည်း ဇူလိုင်လ ၁၄ ရက်နေ့ မွန်းလွဲပိုင်းတွင် လေဆင်နှာမောင်းကျရောက်မှုကြောင့် လူနေအိမ် ၃၇ လုံးပြိုကျခဲ့ပြီး နေအိမ် ၈၀

www.foreverspace.com.mm



ကွမ်းခြံကုန်းမြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်နေစဉ်

ခန့် ထိခိုက်ပျက်စီးခဲ့သည်။

ဧရာဝတီတိုင်း ငပုတောမြို့နယ် ကံရွာကျေးရွာတွင် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်မှ ၁၀ နာရီအထိလည်းကောင်း၊ ဟိုင်းကြီးကျွန်းမြို့နယ် ရေကျော်ကျေးရွာတွင် နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်မှ ၁၁ နာရီအထိလည်းကောင်း၊ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး ကျေးရွာတွင် ညနေ ၃ နာရီ ၁၅ မိနစ်မှ ၃ နာရီ ၃၅ မိနစ်ခန့်အထိလည်းကောင်း၊ ဖျာပုံမြို့နယ် ခါးပြတ်ကျေးရွာတွင် ညနေ ၃ နာရီ မိနစ် ၃၀ မှ ၃ နာရီ မိနစ် ၄၀ ခန့်အထိလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ကဇော်ဝရွာတွင် မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၁၀ မိနစ်ခန့်အထိ တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမှာ ၁ နာရီ မိုင် ၁၀၀ ကျော်ခန့်ရှိခဲ့သည်။

နာဂစ်ဒဏ်အဆိုးရွားဆုံးခံစားခဲ့ရသော လပွတ္တာမြို့နယ်တွင်လည်း ဇူလိုင်လ ၁၄ ရက်နေ့က လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ကညင်ငူ၊ ရေဆိုင်ကုန်း၊ ဘီတွတ်နှင့် မြစ်ပေါက်ကျေးရွာများတွင် လူနေအိမ်အချို့သာ ထိခိုက်ပျက်စီးခဲ့သည်။

## သြစတြေးလျ ကမ်းလွန်ပင်လယ်ပြင်တွင် ၂၅ ရက်ကြာမျောပါနေသည့် မြန်မာလုပ်သားနှစ်ဦး

ငါးဖမ်းစက်လှေနစ်မြုပ်သွားခြင်းကြောင့် ကြီးမားသည့်ရေခဲဘူးကြီးတစ်ခုတွင် လိုက်ပါလျက် သြစတြေးလျမြောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင်မျောပါလျက်ရှိသည့် မြန်မာနှစ်ဦးကို ကယ်ဆယ်ရေးသမားများက ဇန်နဝါရီလ ၁၇ ရက်နေ့က ကယ်ဆယ်ခဲ့ကြသည်။

အဆိုပါမြန်မာနှစ်ဦးသည် ၎င်းတို့လိုက်ပါလာသည့် အလျားပေ ၃၀ ရှိ ငါးဖမ်းစက်လှေမှာ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့က နစ်မြုပ်သွားသဖြင့် ပင်လယ်ထဲတွင် ၂၅ ရက်ခန့် မျောပါနေခဲ့ရာ သြစတြေးလျနိုင်ငံ ကိပ်ယော့ခ်ကမ်းလွန် တောရက်စ် ရေလက်ကြားပေါ်တွင် သြစတြေးလျကမ်းခြေစောင့်တပ်က ၎င်းတို့ကိုတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နစ်မြုပ်သွားသော ငါးဖမ်းလှေသည် ထိုင်းနှင့်မြန်မာရေလုပ်သားများကိုတင်ကာ ထိုင်းနိုင်ငံမှထွက်လာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့လိုက်ပါလာသော ထိုင်းငါးဖမ်းစက်လှေမှာ အခြားရေလုပ်သား ၁၈ ဦးနှင့်အတူနစ်မြုပ်သွားခဲ့သည်။

## အနိမ့်ဆုံးရမှတ် ၄၇၀ ကျော်မြင့်တက်ခဲ့သော ရေကြောင်းတက္ကသိုလ်ဝင်ခွင့်

အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ဝင်ခွင့်လျှောက်ထားသူဦးရေမှာ များပြားလာခြင်းကြောင့် ယခုနှစ် ကျောင်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းရမှတ်ကို ကျောင်းသားများအတွက် ၄၈၁ မှတ်နှင့် ကျောင်းသူများအတွက် ၄၈၅ မှတ်အနိမ့်ဆုံးထားပြီးသတ်မှတ်ခဲ့ရာ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ တက္ကသိုလ်များ၏ဝင်ခွင့်အမှတ်များနှင့် များစွာကွာခြားခြင်းမရှိသည်ကို တွေ့ရသည်။

တက္ကသိုလ်စတင်ဖွင့်လှစ်သော ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ဝင်ခွင့်ပြုခဲ့သော အနိမ့်ဆုံးရမှတ်မှာ ၃၄၀ နှင့်အမြင့်ဆုံးရမှတ်မှာ ၄၃၁ မှတ်သာရှိခဲ့သော်လည်း ၂၀၀၈–၂၀၀၉ ပညာသင်နှစ်တွင် ဝင်ခွင့်ရခဲ့သော အနိမ့်ဆုံးရမှတ်မှာ ကျောင်းသားများအတွက် ၄၇၃ မှတ်နှင့် ကျောင်းသူများအတွက် ၄၈၃ မှတ်ဖြစ်ခဲ့သည်။

အဆိုပါတက္ကသိုလ်များတွင် အမျိုးသားများကိုသာလက်ခံသင်ကြားခဲ့ရာမှ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်မှစတင်ပြီး ကျောင်းသူများကို လက်ခံသင်ကြားမှုပြုလုပ်လာသည့်အတွက် ရေကြောင်းပညာတက္ကသိုလ်သို့ စိတ်ဝင်တစားလျှောက်ထားသည့် ကျောင်းသူဦးရေမြင့်တက်ခဲ့ရာ ၂၀၀၉ –၂၀၁၀ ပညာသင်နှစ်တွင် ၅ ရာခိုင်နှုန်းတိုးပြီး ၂၀ ရာခိုင်နှုန်းအထိလက်ခံခဲ့သည်ကို တွေ့ရသည်။

ယခုနှစ်ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့်ရကျောင်းသားကျောင်းသူအရေအတွက်မှာ ၄၆၂ ဦးရှိ၍ ယခင်နှစ်အရေအတွက် ၄၄၆ ဦးထက် ၁၆ ဦး ပိုမိုများပြားခဲ့သည်။



www.foreverspace.com.mm



## မန္တလေးမြို့တွင် ဆယ်နှစ်အရွယ် မိန်းကလေးအသတ်ခံရမှု

မန္တလေးမြို့တော် မဟာအောင်မြေမြို့နယ်တွင် အသက်ဆယ်နှစ်အရွယ် မကြူကြူခင် အမည်ရှိ မိန်းကလေးတစ်ဦးအဓမ္မပြုကျင့်အသတ်ခံရပြီး အလောင်းအား ဂုန်နီအိတ်အတွင်းထည့်၍ လမ်းဘေးတွင်ချထားခဲ့သော လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

သေဆုံးသူမကြူကြူခင်သည် ကျောင်းအဆင်း နေအိမ်သို့ပြန်လာစဉ် သိကျွမ်းရင်းနှီးသူ ဦးဝင်းမြင့် အိမ်စောင့်အဖြစ်နေထိုင်သော နေအိမ်အတွင်းဝင်လာပြီး အပေါ့သွားလိုကြောင်း ခွင့်တောင်းသဖြင့် တရားခံကအိမ်သာသို့ညွှန်ပြခဲ့ပြီး ပြန်အထွက်တွင် မကြူကြူခင်ကို အဓမ္မကျင့်ခဲ့ရာ လည်ပင်းကို လက်နှစ်ဖက်နှင့်ညစ်၍ အုတ်နံရံနှင့်တိုက်သဖြင့် ဦးခေါင်းကွဲသေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူတရားခံဝင်းမြင့်ကို လူသတ်မှုကျူးလွန်အပြီး ခြောက်ရက်အကြာတွင် မိတ္ထီလာမြို့၌ ဖမ်းဆီးမိပြီး လူ့အဖွဲ့အစည်းမှ လက်မခံနိုင်သော ရာဇဝတ်မှုကို ကျူးလွန်ခဲ့သောကြောင့် သေဒဏ်ချမှတ်ခဲ့သည်။

## ဇနီးဖြစ်သူကို မသင်္ကာရာမှ သုံးလောင်းပြိုင်လူသတ်မှု မန္တလေးမြို့တွင် ဖြစ်ပွားခြင်း

အိမ်ထောင်ပြုပြီး ရက်ပိုင်းအကြာတွင် ကိုယ်ဝန်ရှိသောဇနီးဖြစ်သူကို မသင်္ကာရာမှ နာကြည်းချက်များဖြင့် ကျူးလွန်ခဲ့သော သုံးလောင်းပြိုင်လူသတ်မှုတစ်ခု မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်တွင် ဇူလိုင်လ ၈ ရက်နေ့ ည ၂ နာရီကျော်တွင်ဖြစ်ပွားခဲ့သည်။

ဇူလိုင်လ ၈ ရက်နေ့ ည ၂ နာရီခန့်တွင် ချမ်းအေးသာစံမြို့နယ် ဒေးဝန်အနောက်ရပ်ကွက် အကောက်ဝန်မင်းကြီးကျောင်းတိုက်အတွင်း အဆောက်အအုံတစ်ခု၏ အုတ်လှေကားအနီးတွင် စိုင်းကိုကိုမှာ လည်ပင်းဒဏ်ရာများဖြင့်လည်းကောင်း၊ ကြမ်းခင်းဖျာပေါ်ရှိခြင်ထောင်အတွင်း၌ ဘချောဆိုသူမှာ လည်ပင်းနှင့် ကုပ်တို့တွင် ဓားဒဏ်ရာဖြင့်လည်းကောင်း၊ ခုတင်ပေါ်တွင် ဝေဦးဆိုသူမှာ ဝမ်းဗိုက်တွင်ဓားဒဏ်ရာများဖြင့်လည်းကောင်း အသီးသီးသေဆုံးနေသည်ကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းများကို ကိုးကား၍ အပတ်စဉ်ထုတ်သတင်းဂျာနယ်များတွင် ရေးသားခဲ့သည်။

အဆိုပါသုံးလောင်းပြိုင်လူသတ်မှုကျူးလွန်သူကို ပြစ်မှုကျူးလွန်ပြီး ၂၄ နာရီအတွင်းမှာပင် ရွှေဘိုမြို့တွင် ဇူလိုင်လ ၉ ရက်နေ့ ညနေ ၃ နာရီ၌ ဖမ်းဆီးနိုင်ခဲ့သည်။

## တာမွေလေး နှစ်လောင်းပြိုင်လူသတ်မှု

တာမွေမြို့နယ် တာမွေလေးရပ်ကွက် ရွှေညောင်လမ်းတွင်နေထိုင်သည့် အသက် ၆၅ နှစ်အရွယ် ဦးကြည်အောင်နှင့်အသက် ၅၈ နှစ်အရွယ် မြေးဖြစ်သူတို့ အသတ်ခံရ၍ သေဆုံးနေသည်ကို အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် သေဆုံးသူဦးကြည်အောင်၏ သားဖြစ်သူလာရောက်လည်ပတ်ရာမှ သိရှိခဲ့ရသည့်မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့သည်။

နှစ်လောင်းပြိုင်လူသတ်မှုကျူးလွန်သူ အောင်ဝင်းထွေး(ခ)ရှမ်းလေးမှာ သေဆုံးသူ ဦးကြည်အောင်၏ဇနီးဖြစ်သူနှင့် တူတော်စပ်သူတစ်ဦးဖြစ်ပြီး မှုခင်းဖြစ်ပွားရာနေအိမ်သို့ ပုံမှန်ဝင်ထွက်နေသူတစ်ဦးဖြစ်သည်။ လူသတ်မှုကျူးလွန်မည့် အောက်တိုဘာလ ၈ ရက်နေ့ည ၇ နာရီခွဲခန့်တွင် မှုခင်းဖြစ်ပွားရာနေအိမ်သို့ရောက်ရှိလာခဲ့ပြီး ည ၁၀ နာရီခွဲခန့်တွင်အိမ်ရှင်ဖြစ်သူ ဦးကြည်အောင်မှ မိသားစုထိခိုက်နစ်နာအောင်ပြောဆိုသည့်အတွက် မီးဖိုချောင်မှတွေ့ရသော ဓားဖြင့်ပစ်ပေါက်သတ်ခဲ့ပြီး အသက် ၅၈ နှစ်အရွယ် အောင်ဖြိုးကျော်ကို ခြေလက်များအား ကြိုးဖြင့်တုပ်နှောင်ပြီး ကြွပ်ကြွပ်အိတ်ဖြင့် မျက်နှာကိုစည်းကာ ရေချိုးခန်းအတွင်းထားခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာနေအိမ်တွင်တွေ့ရှိရသော သွေးစွန်းနေသည့်ရုပ်အင်္ကျီမှတစ်ဆင့် တရားခံကို ၂၄ နာရီအတွင်းဖမ်းဆီးနိုင်ခဲ့သည်။

## နေမျိုးထွန်းကြီးရေယာဉ် နစ်မြုပ်မှု

ဧရာဝတီတိုင်း၏မြို့တော် ပုသိမ်မြို့မှ ပင်လယ်ပိုင်းဒေသသင်္ကယ်သောင်ကျေးရွာသို့ပြေးဆွဲနေသည့် နေမျိုးထွန်းကြီးရေယာဉ်သည် ပုသိမ်မှ ၆ မိုင်ခွဲခန့်အကွာတွင်ရှိသော ရှမ်းစုကျေးရွာအနီးတွင် မျက်နှာချင်းဆိုင်မှခုတ်မောင်းလာသည့် ခရဆီတွဲရေယာဉ်နှင့် နိုဝင်ဘာလ ၁၅ ရက်နေ့ ည ၇ နာရီခွဲတွင် တိုက်မိပြီး နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၃၁ ဦး သေဆုံးပြီး ၁၉ ဦးပျောက်ဆုံးခဲ့သည်။

## စက်သုံးဆီထုတ်ယူရာမှ ရေယာဉ်မီးလောင်နစ်မြုပ်မှုဖြစ်ပွားခြင်း

ဩဂုတ်လ ၃ ရက်နေ့နံနက် ၄ နာရီခန့်တွင် ရန်ကုန်–မော်လမြိုင်ကျွန်းပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင် စိန်ရွှေမိုးရေယာဉ်သည် ဗိုလ်တထောင် သန်လျက်စွန်းဆိပ်ကမ်းအနီး ရေပြင်တွင် ကြံ့ ၁၄ ဆီတွဲရေယာဉ်မှ စက်သုံးဆီထုတ်ယူပြီး ပြန်လည်ထွက်ခွာရန် စက်နှိုးစဉ် သင်္ဘောအင်ဂျင်မှတစ်ဆင့် မီးလောင်ပေါက်ကွဲနစ်မြုပ်ခဲ့ရာ လူခုနစ်ဦးသေဆုံးပြီး ကိုးဦးပျောက်ဆုံးကာ ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။

သင်္ဘောမီးလောင်မှုကြောင့် စိန်ရွှေမိုးရေယာဉ်မှလေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးကာ ကြံ့ဆီတွဲရေယာဉ်မှ သုံးဦးသေဆုံး၍ ခုနစ်ဦးပျောက်ဆုံးခဲ့သည်။

## လှည်းကူးအရက်ချက်စက်ရုံ မီးလောင်မှုဖြစ်ပွားခြင်း

၂၀၀၉ ခုနှစ်အတွင်း အကြီးမားဆုံးနှင့် ဆုံးရှုံးမှုပမာဏအများဆုံးမီးလောင်မှုတစ်ခုမှာ ရန်ကုန်မြို့တော်မှ မိုင် ၂၀ ကျော်ကွာဝေးသည့် လှည်းကူးမြို့နယ် ယင်းတိုက်ပင်ကျေးရွာအနီးတွင်တည်ရှိသော International Beverages Trading Co.,Ltd. ပိုင် MWDC အရက်ချက်စက်ရုံမီးလောင်မှုဖြစ်သည်။ ဩဂုတ်လ ၂၂

www.foreverspace.com.mm



ရက်နေ့ ည ၇ နာရီခန့်တွင် အပူရှိန်လွန်ကဲရာမှ ဘွိုင်လာပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါစက်ရုံမီးလောင်မှုကြောင့် လူခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

အရက်ချက်စက်ရုံအတွင်းရှိ အရက်ဆီများထည့်ထားသည့် သိုလှောင်ကန်ကို မီးလောင်မှုစတင်ဖြစ်ပွားချိန်တွင် ငမိုးရိပ်ချောင်းအတွင်း အချိန်မီစွန့်ထုတ်နိုင်ခဲ့သဖြင့် ပတ်ဝန်းကျင်သို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိခဲ့သော်လည်း ငမိုးရိပ်ချောင်းအတွင်း ရေပြင်ပေါ်တွင် တောက်လောင်နေသောမီးတောက်မှာ ၁၂ တောင်ခန့်ရှိခဲ့သည်။ ည ၇ နာရီကျော်မှ လောင်ကျွမ်းခဲ့သောမီးမှာ ည ၁၂ နာရီကျော်တွင် မီးညွန့်ကျသွားခဲ့သော်လည်း ည ၂ နာရီခန့်တွင် ဘွိုင်လာတစ်ခု ထပ်မံပေါက်ကွဲခဲ့သဖြင့် မီးလောင်မှုကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး မီးတောက်ကို အင်းစိန်၊ မင်္ဂလာဒုံ၊ မ/ဥက္ကလာနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်များမှပင် ထင်ရှားစွာ တွေ့မြင်ခဲ့ရသည်။

ယင်းမီးလောင်မှုကို ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များမှ မီးသတ်ယာဉ် ၄၇ စင်း၊ အုပ်ချုပ်မှုယာဉ်ကိုးစင်းနှင့်



**၂၀၀၉ ခုနှစ်အတွင်း ဆုံးရှုံးမှုပမာဏ အများဆုံး မီးလောင်မှုဖြစ်သည်**

မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်တို့မှ ငြိမ်းသတ်ခဲ့သဖြင့် နောက်တစ်နေ့ ဩဂုတ်လ ၂၃ ရက် နံနက် ၃ နာရီ ၁၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ MWDC အရက်ချက်စက်ရုံမီးလောင်ဆုံးရှုံးမှုတွင် ပျက်စီးမှုများအတွက် လျော်ကြေးငွေကို နိုင်ငံခြားငွေဖြင့်ပါရရှိခဲ့သည်။

အဆိုပါအရက်ချက်စက်ရုံသည် မီးအာမခံသာမက ပေါက်ကွဲမှုအာမခံ၊ သူတစ်ပါးဖျက်ဆီးမှုအာမခံ၊ မုန်တိုင်း၊ ငလျင်၊ ရေကြီးခြင်း စသည့်အာမခံများကိုပါ ထားရှိခဲ့သည်။

စက်ရုံအဟောင်းအတွက် အာမခံထားရှိခြင်းကို မြန်မာကျပ်ငွေ သန်း ၅၆၀ ဖြင့်ထားခဲ့ပြီး စက်ရုံသစ်အတွက် မြန်မာကျပ်သန်းနှစ်ထောင်အပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းကို အာမခံထား ရှိခဲ့သည်။

## EPS စနစ်ဖြင့် တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးသွားရောက်လုပ်ကိုင်ခွင့်

ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများသွားရောက်လုပ်ကိုင်မှု များပြားလာလျက်ရှိရာတွင် တောင်ကိုရီးယားနိုင်ငံသို့ EPS (Employment Permit System) စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ခွင့်ရခြင်းမှာ ၂၀၀၉ ခုနှစ်အတွင်း မှတ်တမ်းတင်ရမည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ခဲ့သည်။

အဆိုပါစနစ်ဖြင့် သွားရောက်အလုပ်လုပ်ရန် ကိုရီးယားအရည်အချင်းစစ်စာမေးပွဲ KLT (Korea Language Test) ဖြေဆိုသူလုပ်သား ၅,၀၀၀ အနက် ၃,၀၀၀ ဦး ဖြေဆိုအောင်မြင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမားများ တရားဝင်ပို့ဆောင်ခွင့်ရရှိထားသည့် ရွှေအင်းဝအကျိုးဆောင်လုပ်ငန်းသည် ၂၀၀၉ ခုနှစ်ဖေဖော်ဝါရီလမှစ၍ ပထမဆုံး ၆၄ ဦးပို့ဆောင်ပေးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအစိုးရသည် အဆိုပါစနစ်အရ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ငါးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ခေါ်ယူအသုံးပြုရန် မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မွန်ဂိုးလီးယား၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ လုပ်သား ၁၅,၀၀၀ ဦးကို ၂၀၀၉ ခုနှစ်အတွင်း ခေါ်ယူခဲ့သည်။

အထက်ပါလုပ်ငန်းများမှ မြန်မာလုပ်သားများကို ကုန်ထုတ်လုပ်ငန်း၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ အဓိကထားခေါ်ယူရာ ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ပြည်ပမှ လုပ်သားခေါ်ယူမှုမှ ၁၅,၀၀၀ တွင် မြန်မာလုပ်သား ၁,၂၅၉ ဦး ပါဝင်ခဲ့သည်။ ရွှေအင်းဝအကျိုးဆောင်လုပ်ငန်းသည် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ၁,၁၇၆ ဦးပို့ဆောင်ပေးပြီးဖြစ်သည်။

၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်း တောင်ကိုရီးယားနိုင်ငံ အလုပ်

www.foreverspace.com.mm



သမားဝန်ကြီးဌာနအနေဖြင့် နှစ်ဝက်ကာလအတွင်း လုပ်သားခေါ်ယူထားသည့်လုပ်ငန်းများ၏ ဆောင်ရွက်မှုများကို ပြန်လည်စိစစ်ရန်အတွက် ပြည်ပလုပ်သားခေါ်ယူမှုကို ခေတ္တရပ်နားထားခဲ့သည်။

ယင်းကဲ့သို့သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင် အလုပ်ခွင်အတွင်း မတော်တဆမှုများကြောင့်လည်းကောင်း၊ အခြားရောဂါတစ်ခုခုကြောင့်လည်းကောင်း ကွယ်လွန်သွားခဲ့သူများရှိခဲ့ရာ ယင်းကဲ့သို့ သေဆုံးမှုများအတွက် ရွှေအင်းဝအကျိုးဆောင်လုပ်ငန်းမှ သင်္ဂြိုဟ်ရန်ကိစ္စရပ်များကို ကာယကံရှင်၏ မိသားစုဝင်များဆန္ဒအတိုင်းဖြစ်စေရန်နှင့် လျော်ကြေးငွေများ၊ အာမခံငွေများရရှိရန်အတွက် ကူညီပေးခဲ့ကြောင်း ရွှေအင်းဝ၏ တရားဝင်ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

## စစ်ပြီးခေတ်နောက်ပိုင်း အကြီးဆုံးကြေးသွန်းခေါင်းလောင်းကြီး သွန်းလုပ်ခြင်း

ကြေးပိဿာချိန်တစ်သောင်းကျော်ရှိပြီး ၁၉၄၆ ခုနှစ် စစ်ပြီးခေတ်နောက်ပိုင်းသွန်းလုပ်သည့် အကြီးဆုံးကြေးခေါင်းလောင်းတစ်လုံးကို မန္တလေးမြို့ တမ္ပဝတီရပ်ဆင်တဲတိုက်ကျွန်းကျောင်းရှေ့တစ်ဧကခွဲမြေအကျယ်တွင် ပန်းတဉ်းပညာရှင် ဦးလှအောင်ဦးစီး၍ စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၈ နာရီ ၁၁ မိနစ်က သွန်းလောင်းခဲ့သည်။

အဆိုပါခေါင်းလောင်းကြီးကို အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ အနောက်မြောက်ယွန်းယွန်းရှိ ရွှေတိဂုံပုံတူ ဆရာကြီးဂိုအင်ဂါတည်ထားသည့် ကမ္ဘာ့ဝိပဿနာလိုဏ်ဂူစေတီတော်ကြီး၏ ရင်ပြင်တော်တွင်ထားရှိမည်ဖြစ်သည်။

အဆိုပါကြေးသွန်းခေါင်းလောင်းကြီးမှာ ကြေးပိဿာချိန် ၁၁၁၁၁ ပိဿာ၊ အမြင့် ၁၀ ပေ ၇ လက်မ၊ ထိပ်ဝအကျယ် ၇ ပေ ၄ လက်မ၊ အောက်နှုတ်ခမ်းအထု ၁၀ လက်မ၊ အပေါ်ပိုင်းအထု လေးလက်မရှိပြီး ကုန်ကျမှုအတွက် စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၆၅၀ ဖြစ်သည်။ ခေါင်းလောင်းသွန်းလုပ်မှုအတွက် ကြေးဖို ၃၈ ဖို၊ အရန်ဖိုနှစ်ဖို၊ ပညာရှင် ၅၀ ဦးနှင့် အရန် ၅၀ ဦး၊ ကျွမ်းကျင်လုပ်သား ၄၀၀ ကျော်၊ အကူလုပ်သား ၃၀၀ ကျော်တို့ ပါဝင်လုပ်ကိုင်ခဲ့သည်။

## နက္ခတ်တာရာ ပြခန်း

လှူဦးရေ ခြောက်သန်းခွဲကျော်ရှိနေသော ရန်ကုန်မြို့တော်၏ တစ်ခုတည်းသော နက္ခတ်တာရာပြခန်းကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းရယူခဲ့သည်။ ယင်းပြခန်းကို ဂျပန်နိုင်ငံအစိုးရက တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဂျပန်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ်ဖွင့်လှစ်ခဲ့ကာ ဖွင့်လှစ်ချိန်မှစ၍ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနလက်အောက်တွင် ထားရှိခဲ့သည်။ ရန်ကုန်ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း၌ တည်ရှိပြီး ယခုအခါ အများပြည်သူ အပန်းဖြေလေ့လာကြည့်ရှုနိုင်ရန် အဆင့်မြင့်ပြုပြင်မွမ်းမံထားပြီးဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့တော်တွင် အထင်ကရတည်ရှိခဲ့သော နာမည်ကျော်စေတီအဆောက်အအုံ၊ နေရာဌာနများနှင့်မနီးယိုးစွဲတည်ဆောက်ဖွင့်လှစ်လျက်ရှိသည့် အစိုးရယန္တရားများ ရွှေ့ပြောင်းရုံးစိုက်ရာ လူဦးရေ သိန်းဂဏန်းနေထိုင်ရာ နေပြည်တော်မြို့သစ်ရှိ တိရစ္ဆာန်ဥယျာဉ်အနီး၌လည်း ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် နက္ခတ်တာရာပြခန်းတစ်ခုထပ်မံဖွင့်လှစ်ခဲ့သည်။ အဆိုပါပြခန်းကို သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံသားပိုင် MRT Co., Ltd. တို့ ပူးပေါင်း၍ တည်ဆောက်ခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Mr. Jean Fran Cots အပါအဝင် ပြည်ပပညာရှင်များ ပူးပေါင်း၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။

## အသံနှင့် အနံ့ဆိုး စက်ရုံများမြို့ပြင်ထုတ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေသည့် ဆူညံအသံနှင့် အနံ့ဆိုးထွက်သည့် စက်ရုံ၊ အလုပ်ရုံများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့ နောက်ဆုံးထား၍ မြို့ပြင်ဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သတ်မှတ်ပေးခဲ့သည်။

ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေသည့် စက်ရုံ၊ အလုပ်ရုံပေါင်း ၁၀၀၂ ဦးစာရင်းရှိသည့် အနက် ၃၂၃ ဦးမှာ မြေကွက်ဝယ်ယူထားပြီးဖြစ်ကြောင်း ပေ (၆၀× ၈၀) မြေတစ်ကွက်လျှင် ကျပ် ၄၅ သိန်းပေးသွင်းရမည်ဖြစ်ကြောင်း၊ ပထမအရစ်တွင် ကျပ် ၁၅ သိန်းပေးသွင်း၍ ကျန်ငွေများကို လေးလအတွင်းပေးဆောင်ရမည်ဖြစ်ကြောင်း၊ မြေကွက်နေရာများကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့်မော်ဘီမြို့နယ် (မြောင်းတကာ) တို့တွင်ချထားပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ရွှေ့ပြောင်းရမည့်လုပ်ငန်းအမျိုးအစားများမှာ သံရည်ကျိုလုပ်ငန်း၊ ငါးပိငံပြာရည်လုပ်ငန်း၊ မော်တော်ကား ဘော်ဒီရုံလုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ ငရုတ်သီးမှုန့်၊ သံပန်းတံခါး စသည့် လုပ်ငန်းအမျိုးအစားများဖြစ်သည်။

အထက်ပါလုပ်ငန်းများအား မြို့ပြင်ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း ၂၀၀၉ နှစ်ဆန်းပိုင်းတွင်သက်ဆိုင်ရာက ညွှန်ကြားခဲ့ပြီး ယင်းညွှန်ကြားချက်တွင် နောက်ဆုံးသတ်မှတ်ရက်မပါဝင်သည်ကို တွေ့ရသည်။ ယခုအခါနောက်ဆုံးရက်သတ်မှတ်ပေးပြီး မလိုက်နာပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ဥပဒေပုဒ်မ ၂၈/ ၂၉တို့အပြင် လုံးဝလိုက်နာခြင်းမရှိပါက ပုဒ်မ ၂၁၅ နှင့်ပါအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်

www.foreverspace.com.mm

ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းလုပ်ငန်းများအတွက် မြေကွက်ရရှိရန်အခက်အခဲများ ရှိပါက YCDC အနေဖြင့် မြေကွက်ရရှိရေး ဆောင်ရွက်ပေးမည့်အပြင် (ပေ ၆၀× ၄၀) မြေတစ်ကွက်လျှင် ကျပ်သိန်း ၂၀ ဝန်းကျင်ဖြင့် အကွက်ရိုက်ချပေးသွားမည်ဟု YCDC ၏အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

## ရန်ကုန်မြို့တော်ရေကြီးခြင်း

ယခင့်ယခင်နှစ်များနှင့်မတူ ထူးခြားသောအပြောင်းအလဲတစ်တစ်ရပ်မှာ မိုးရာသီကာလအတွင်း ရန်ကုန်မြို့တော်တစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ နေထိုင်သောလူဦးရေနှင့် သုံးစွဲမှုတိုးပွားလာခြင်း၊ ရေမြောင်းများ တိမ်ကောခြင်း၊ စနစ်မကျခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ရေလျှံမှုများ များလာရာ ယခုနှစ်သည် အဆိုးဆုံးကြုံတွေ့ရသောနှစ်ဟု ဆိုရမည်ဖြစ်သည်။

ရန်ကုန်မြို့တော်၏အချက်အချာကျသည့် လမ်းဆုံလမ်းခွများ၊ မြို့တွင်းမြေနိမ့်ပိုင်းများ၌ ရေကြီးရေလျှံခြင်းများ ၂၀၀၉ ခုနှစ် မိုးဦးကာလနှင့် မိုးတွင်းကာလအတွင်း မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ထိုရေကြီးခြင်းကြောင့် လမ်းမပေါ်ရေလျှံခြင်း၊ သွားလာမှုခက်ခဲခြင်းများကို ခရီးသွားပြည်သူများ ကြုံတွေ့ခဲ့ကြရသည်။

အဆိုပါရေကြီးရေလျှံခြင်းများကို ဖြေရှင်းနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေစုပ်စက်ကြီး ၁၄ လုံးကို ၂၀၀၉ ခုနှစ်ဇွန်လအတွင်းက ပထမဦးဆုံးအကြိမ်တပ်ဆင်၍ ရေစုပ်ယူမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဓိကတပ်ဆင်ခဲ့သည့်နေရာများမှာ တာမွေမြို့နယ် ၇ ပင်လိမ်ချောင်း ရေတံခါး၊ ၁၉ လမ်း ရေတံခါး၊ ယုဇနပလာဇာအနီး၊ ၂၈ လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း စသည့်နေရာတို့ဖြစ်သည်။

အဆိုပါဆောင်ရွက်ချက်များအပြင် ရေကြီးရခြင်း၏ အဓိကအကြောင်းရင်းများကို စနစ်တကျကွင်းဆင်းဖော်ထုတ်၍ ပြုပြင်တည်ဆောက်သင့်သည်များ၊ ပညာပေးသင့်သည်များ၊ ဥပဒေနှင့် အညီစီရင်ဆောင်ရွက်မှုများ ဆောင်ရွက်မှသာ ရေရှည်တွင် ယင်းသို့မဖြစ်ပွားအောင် ကာကွယ်နိုင်မည်ဖြစ်သည်။



## ဘစ်ဂျ်လီမုန်တိုင်း

၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များမှာ ၂၀၀၈ ခုနှစ်က တိုက်ခတ်သွားခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့ လူသေဆုံးသည်အထိ ဆိုးရွားသော မုန်တိုင်းမျိုး မဝင်ရောက်ခဲ့သော်လည်း ရာသီဥတုဖောက်ပြန်မှုအချို့ ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၉ ခုနှစ်အတွင်း မုန်တိုင်းဖြစ်ပေါ်မှု အနည်းဆုံးခြောက်လုံးမှ ခုနစ်လုံးအထိရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းခဲ့သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး ထူးခြားသော မိုးလေဝသသတင်းအချက်အလက်များကို မီဒီယာမျိုးစုံမှ ထုတ်လွှင့်ပေးလာရာ ဧပြီလ ၁၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဘစ်ဂျ်လီအမည်ဖြင့် မုန်တိုင်းတိုက်ခတ်မည်ဟု ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတို့မှ အသိပေးကြေညာခဲ့ပြီး ဧပြီလ ၁၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းနှင့် Cox Bazaar မြို့ကြား ဘစ်ဂျ်လီမုန်တိုင်း ဖြတ်သန်းဝင်ရောက်ခဲ့သည်။ ယင်းကဲ့သို့ ဝင်ရောက်ခဲ့မှုကြောင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောသို့ အဆိုပါမုန်တိုင်း အဖျားခတ်ဝင်ရောက်မှုကြောင့် တစ်နာရီမိုင် ၅၀ နှုန်းဖြင့် လေပြင်းများ၊ မိုးများပြင်းထန်စွာတိုက်ခတ်ရွာသွန်းခဲ့ရာ သစ်ပင်များနှင့် လူနေအိမ်များ ပျက်စီးခဲ့သော်လည်း လူသေဆုံးမှုမရှိခဲ့ပေ။

## အခေါက်ရွှေတစ်ကျပ်သား ကျပ်ငါးသိန်းလေးသောင်းနှုန်းဖြင့် လှူဒါန်းနိုင်သည့် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင်ပါ ကျော်ကြားသည့် တန်ခိုးကြီးစေတီတစ်ဆူဖြစ်သော ရွှေတိဂုံစေတီတော်၏ ဉာဏ်တော်အောက်တစ်ပေနိမ့်ကာ ၃၂၅ပေအမြင့်ဖြင့် ပုံစံတူတည်ထားသော နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်တွင် အခေါက်ရွှေတစ်ကျပ်သား ကျပ်ငါးသိန်းလေးသောင်းနှုန်းဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ကြောင်း အဆိုပါစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီက ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် နှိုးဆော်ခဲ့သည်။

အဆိုပါစေတီတော်အတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများလှူဒါန်းရန် တိုက်တွန်းနှိုးဆော်ချက်ကို နိုင်ငံပိုင်သတင်းစာများတွင် တစ်ချပ်လျှင် ကျသင့်သည့်ဈေးနှုန်း၊ လိုအပ်သည့်အရေအတွက်များဖြင့် ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ လိုအပ်သည့် ရွှေပြားနှင့်ကျောက်ပြားများ၏ ဈေးနှုန်းနှင့်အရေအတွက်များမှာ ရွှေပြား တစ်ပေပတ်လည် တစ်ချပ်လျှင် ကျပ် ၁၆၂၀,၀၀၀ နှုန်းဖြင့် ၂၉၆၄ ချပ်၊ ကျောက်ပြား(မာဘယ်လ်) နှစ်ပေပတ်လည်

www.foreverspace.com.mm



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်

တစ်ချပ်လျှင် ကျပ် ၂၂,၀၀၀ နှုန်းဖြင့် ၂၂,၈၁၉ ကျပ်၊ စကျင်ကျောက် နှစ်ပေပတ်လည် တစ်ချပ်လျှင် ကျပ် ၁၃,၀၀၀ နှုန်းဖြင့် ၁၀၀,၈၈၉ ချပ်၊ မြစ်သားကျောက် နှစ်ပေပတ်လည် တစ်ချပ်လျှင် ၁၃,၀၀၀ ကျပ်နှုန်းဖြင့် ၂၄၇၈၆ ချပ် စသည်ဖြင့်ဖြစ်သည်။ အဆိုပါနှုန်းဆော်ချက်အရ ရွှေပြားအတွက် ၄၈၀,၁၆၈,၀၀၀ ကျပ်၊ ကျောက်ပြား (မာဘယ်လ်)အတွက် ၅၀၂,၀၁၈,၀၀၀ ကျပ်၊ စကျင်ကျောက်အတွက် ၁,၃၁၁,၅၅၇,၀၀၀ ကျပ်၊ မြစ်သားကျောက်အတွက် ၃၂၂,၂၁၈,၀၀၀ ကျပ် တန်ဖိုးကျသင့်မည်ဖြစ်ရာ ကျပ် (ကျပ်သန်းပေါင်း ၂၀၀၀ ကျော်) ကျသင့်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီ ထီးတင်ပွဲအထိမ်းအမှတ် ပွဲလမ်းသဘင်များကို မတ်လ ၁ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပခဲ့ရာ ပွဲတော်ရက်များအတွင်း ရဟတ်ပျက်ကျမှု လူပေါင်းများစွာသေဆုံးခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံများ၏ အဆိုအရ ယင်းသတင်းမှာ မဟုတ်မမှန် ကောလာဟလသတင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် အဆိုပါရက်များအတွင်း မြေသည်ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီး တိုက်မိကာ လူ ၃၀ ခန့်သေဆုံးခဲ့သည်ဟူသည့်သတင်းများမှာလည်း မဟုတ်မှန်ကြောင်း သတင်းဂျာနယ်များတွင် ဖော်ပြထားသည်။ နိုင်ငံတော်အဆင့် ကျင်းပသောပွဲများကို အဆိုပါဥပ္ပါတသန္တိစေတီတော်တွင် ကျင်းပခြင်း၊ ငွေကြေးပေါင်းမြောက်မြားစွာ ကုန်ကျနိုင်သော ရွှေပြားများ ကပ်လှူပူဇော်နိုင်ခြင်းတို့ကြောင်း ၂၀၀၉ ခုနှစ်အတွင်း ထူးခြားမှုတစ်ရပ်အနေဖြင့် ရွေးချယ်ဖော်ပြလိုက်သည်။

## ရန်ကုန်မြစ်အတွင်း သင်္ဘောနှင့်သမ္ဗန်နစ်မြုပ်ခြင်းများ

ရန်ကုန်မြို့တော်နှင့် နီးကပ်စွာတည်ရှိနေသောနေရာများဖြစ်သော ရန်ကုန်မြစ်အတွင်းနှင့် ရန်ကုန်မြစ်ဝတွင် သင်္ဘောနှင့် သမ္ဗန်များနစ်မြုပ်ခြင်းတို့ကြောင့် လူသေဆုံးရမှုများဖြစ်ပေါ်ခဲ့သည်။ ဤသို့သောအခြေအနေများနှင့်ကြုံတွေ့ရပါက အရေးပေါ် ကယ်ဆယ်မည့်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အရေးပေါ်ဆေးဝါး အကူအညီ အရန်သင့် ရှိရန်လိုအပ်လျက်ရှိကြောင်း သိသာထင်ရှားစေသည့် ဖြစ်ရပ်များဖြစ်သည်။

ရန်ကုန်မြစ်အတွင်း၌ နန်းသီတာဆိပ်ကမ်းနှင့်ဒလသို့ အသွားအပြန်ပြေးဆွဲနေသော စက်တပ်သမ္ဗန်တစ်စီး မတ်လ ၁၂ ရက်နေ့ နံနက် ၄ နာရီခွဲအချိန်၌ တိမ်းမှောက်မှုဖြစ်ပွားရာ ပါဝင်သူခြောက်ဦး အနက် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် လေးဦးလွတ် မြောက်အသက်ရှင်ခဲ့သည်။ အဆိုပါသမ္ဗန်မှာ သင်္ဘောများဆိုက်ကပ်ထားသည့် အမှတ်–၁၃/ ဇော်ရာနှင့် ကိုက် ၃၀၀ ခန့်အကွာတွင် စက်ချို့ယွင်းမှု ဖြစ်ပြီး သမ္ဗန်ရပ်တန့်သွားခဲ့ခြင်းဖြစ်သည်။ သမ္ဗန်ကိုဆက်လက်လှော်ခတ်ခဲ့သော်လည်း ရေစီးနောက်မျောပါသွားပြီး ကျောက်ချရပ်တန့်ထားသည့် သင်္ဘောကိုတိုက်မိရာမှ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ သမ္ဗန်ပေါ်တွင်လိုက်ပါလာသည့် လူတစ်ဦးပျောက်ဆုံးသွားပြီး ပျောက်ဆုံးသွားသူမှာ သမ္ဗန်ပေါ်မှခုန်ချသွားသည့်အတွက် ယခုကဲ့သို့ ပျောက်ဆုံးသွားရခြင်းဖြစ်သည်။

ပုဂ္ဂလိကပိုင် ယန်းဘရားသား–၀၂ အမည်ရှိ ငါးဖမ်းသင်္ဘောတစ်စင်း ဩဂုတ်လ ၂၄ ရက်နေ့က ရန်ကုန်မြစ်ဝတွင် နစ်မြုပ်သွားခဲ့ရာ သင်္ဘောပေါ်တွင်လိုက်ပါသွားသူ တရုတ်လူမျိုး သုံးဦးနှင့် မြန်မာလူမျိုး ၁၄ ဦး စုစုပေါင်း ၁၇ ဦးစလုံးသေဆုံးခဲ့သည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် မြန်မာရေလုပ်သားတစ်ဦးနှင့် တရုတ်လူမျိုး တစ်ဦးတို့၏ ရုပ်အလောင်းများကိုရှာဖွေတွေ့ရှိခဲ့သည်။ သင်္ဘောပေါ်တွင်ပါဝင်သည့် မြန်မာ ၁၄ ဦးကို အုပ်ချုပ်သူမှာ ဒလမြို့တွင်နေထိုင်သည့် ဦးဇော်မင်းထွေးဆိုသူဖြစ်သည်။



အရေးပေါ်အသက်ကယ်စနစ်များလိုအပ်နေသည်

www.foreverspace.com.mm

## ဖြူးဆရာတော်ပျံလွန်တော်မူခြင်း

နိုင်ငံကျော် ဓမ္မကထိကဘဒ္ဒန္တနရပတိ(ဖြူးဆရာတော်)သည် ကျောက်ကပ်ရောဂါဖြင့် ၂၀၀၉ ခုနှစ် နိဝင်ဘာလ ၂၄ ရက် နံနက် ၆ နာရီ ၅၀ မိနစ်အချိန်တွင် ရန်ကုန်မြို့ရှိ အာရှတော်ဝင်ဆေးခန်းတွင် ပျံလွန်တော်မူခဲ့သည်။

ဆရာတော်၏အန္တိမစျာပန အခမ်းအနားကို နိုဝင်ဘာလ ၃၀ ရက်နေ့ နေ့လယ် ၁နာရီတွင် ရေဝေးသုသာန်၌ ကျင်းပပူဇော်ခဲ့ပြီး ကားအစီးရေ ၂၀၀ ကျော်လိုက်ပါ ပူဇော်ခဲ့သည်။

ဆရာတော်ကို စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ပင်စိမ်းကင်းကျေးရွာတွင် ခမည်းတော်ဦးဘလွင်၊ မယ်တော် ဒေါ်ဒေါ်မေတို့က ၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဆရာတော်သည် ဖြူးမြို့ ရုံကြီးရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာကို ၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်များကို တစ်နိုင်ငံလုံးသို့ လှည့်လည်ဟောပြောခဲ့ကြောင်း၊ ၁၀ရက် တရားစခန်း ၃၀ ကျော်ခန့်ကို နှစ်စဉ်ဖွင့်လှစ်ပေးခဲ့ပြီး တရားတိပ်ခွေ ၂၀၀ ကျော် ဖြန့်ချိခဲ့ကာ သွေးနှင့်ရေးတဲ့ သာသနာ၊ သံဃာရပ်ရည်၊ အမေ့ကျေးဇူးမကြေပါမသေ၊ သာသနာအောင်ပွဲအသက်နှင့်လဲ၍ တရားခွေများသည် အထူးကျော်ကြားခဲ့သည်။

ဆရာတော်၏ အရိုးပြာအိုးများကို ဖြူးမြို့သို့ ပန်းရထားဖြင့် ပင့်ဆောင်ပူဇော်ပြီး ဖြူးမြို့မြောက်ဘက်ရှိ ဖြူးချောင်းတွင် ဆရာတော်၏ အရိုးပြာအိုးများကို ရေမျှောပူဇော်ခဲ့သည်။

## ရွှေဆံပင်တံတားလမ်း

အမျိုးသမီးများအမြတ်တနိုး တန်ဖိုးထားသည့် ဆံပင်များကို ဖြတ်၍ ရောင်းရသောငွေများ စုပေါင်းပြီး လမ်းများ၊ တံတားများ ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်းမှာ ၂၀၀၉ ခုနှစ်အတွင်း မှတ်တမ်းတင်ထိုက်သော လူမှုရေးအလှူတစ်ခုဖြစ်ခဲ့သည်။

ဆံပင်အလှူရှင်အမျိုးသမီးများ၏ စေတနာတရားထက်သန်မှုကို ဂုဏ်ပြုသောအားဖြင့် ဆံပင်အလှူများမှ ရရှိသောငွေဖြင့် ဖောက်လုပ်သည့် တံတားနှင့်လမ်းကို ရွှေဆံပင်တံတားဟု ဂုဏ်ပြုခေါ်ဝေါ်ခဲ့သည်။

စစ်ကိုင်းတိုင်းမုံရွာခရိုင်ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ လည်ဝေါက်–ချင်ပြစ် လမ်းမကြီးရှိ တံတားတစ်စင်းကို ပြင်ဆင်ဆောက်လုပ်ရန် အမျိုးသမီးများ၏ ဆံပင်များကိုဖြတ်၍ လှူဒါန်းကြပြီး ရွှေဆံပင်တံတားများအဖြစ် ပုလဲမြို့နယ် ရွာနေင်ရွာနှင့် ကပ္ပါးရွာကြားတွင် သိန်း ၂၀၀ ကျော် ကုန်ကျမည့် တံတားတစ်စင်းနှင့် တနာပင်ဝွရွာနှင့် ပုပ္ပါးရွာကြားတွင် ကျပ်သိန်း ၁၀၀ ခန့် ကုန်ကျမည့် တံတားများ ဆောက်လုပ်မည်ဖြစ်သည်။

လည်ဝေါက်–ချင်ပြစ် လမ်းခရီးရှိ ပျက်စီးယိုယွင်းနေသော လမ်းတံတားများကို ဆရာတော်ဘဒ္ဒန္တဝေပုလ္လနှင့် သံဃာတော်များက ဦးဆောင်၍ လမ်းတံတားကုသိုလ်ပြုလုပ်နေခြင်းဖြစ်သည်။

အစပထမအကြီးဆုံးတံတားတစ်ခုတည်းကိုသာ ရွှေဆံပင်တံတားဟု အမည်ပေးရန် ရည်ရွယ်ခဲ့သော်လည်း တစ်နိုင်ငံလုံးအနှံ့ ဆံပင်အလှူရှင်များ မျှော်မှန်းထားသည်ထက် ပိုမိုများပြားခဲ့သည့်အပြင် နောက်ပိုင်းတွင် အမျိုးသမီးများသာမက အမျိုးသားများပါ ပါဝင်လှူဒါန်းခဲ့ကြောင်း အဆိုပါ လမ်းတစ်ခုလုံးကို ခင်း၍ ကုန်ကျမည့် ငွေအများစုမှာ အလှူရှင်များ၏ ဆံပင်ရောင်းရငွေများသာ အများစုဖြစ်၍ ရွှေဆံပင်တံတားလမ်းပိုင်းဟု အမည်ပြောင်းလဲပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

## ဆုကြေးများသည့် ဒင်္ဂါးရွှေအောင်လံ ရိုးရာလက်ဝှေ့ပွဲများ

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ဒင်္ဂါးဘရူဝါရီကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်(ဒင်္ဂါးရွှေအောင်လံ)ပွဲစဉ်များကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပထမဆုံးကျင်းပခဲ့သည်။ အဆိုပါ ရွှေအောင်လံပွဲစဉ်များသည် ယခင်မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်များအနက် ဆုကြေးအများဆုံးပွဲစဉ်များအဖြစ် ၂၀၀၉ ခုနှစ်အတွင်း စံချိန်တင်ခဲ့သည်။ အောင်လံဆုများမှာ အမြင့်ဆုံး ကျပ်သိန်း ၃၀၊ ကျပ်သိန်း ၂၅ တို့ ဖြစ်သည်။

အဆိုပါပွဲစဉ်များ၏ ဖေဖော်ဝါရီ ၂၈ နှင့် မတ်လ ၁ ရက်များတွင် ကျင်းပခဲ့သည်။ ဧပြီလ ၄ ရက်နှင့် ၅ ရက်များတွင် ဗိုလ်လုပွဲများကျင်းပခဲ့သည်။ ပွဲစဉ်များ၌ စိန်ခေါ်ပွဲများအပြင် ပထမတန်းနှင့် အလွတ်တန်းဟူ၍ နှစ်မျိုးခွဲ၍ကျင်းပခဲ့သည်။ ပထမတန်းအောင်လံလုပွဲတွင် တွေ့မရှောင်(KLN)ကလည်းကောင်း၊ အလွတ်တန်းအောင်လံလုပွဲတွင် စောငမန်း (Ever Green)က လည်းကောင်း အသီးသီးရွှေအောင်လံဆုများရရှိခဲ့ကြရာ စောငမန်းက ကျပ်သိန်း ၃၀၊ တွေ့မရှောင်က ကျပ် ၂၅ သိန်းစီရရှိခဲ့ကြသည်။ ဗိုလ်လုပွဲတွင် စောငမန်းက အလွတ်တန်းရွှေခါးပတ်ချန်ပီယံ လုံးချောကို အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



**အလွတ်တန်းအောင်လံလုပွဲအနိုင်ရစောငမန်း (Ever Green)**

www.foreverspace.com.mm



ထို့အပြင် ဒုတိယအကြိမ်ကျင်းပသည့် ဒဂုံရွှေအောင်လံ (၂၀၁၀) ပွဲစဉ်များကို ဒီဇင်ဘာလ ၁၂၊ ၁၃ ရက်များတွင် အကြိုဗိုလ်လုပွဲစဉ်များ ကျင်းပခဲ့သည်။ ဗိုလ်လုပွဲစဉ်များကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သည်။ အလွတ်တန်း အကြိုဗိုလ်လုပွဲစဉ်တစ်ခုဖြစ်သည့် စောင်မန်း(Ever Green)နှင့် ကြယ်လင်းအောင်(တောင်ကလေး) တွဲဆိုင်းတွင် ကြယ်လင်းအောင်(တောင်ကလေး) ဆိုင်ကယ်မတော်တဆထိခိုက်မှုကြောင့် ယင်းတွဲဆိုင်းပျက်ပြယ်ကာ စောင်မန်းက ဗိုလ်လုပွဲသို့ တက်သွားခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ပထမတန်း မြန်မာ့ရိုးရာလက်ဝှေ့ကျော်များနှင့် ဂျပန်၊ ထိုင်းလက်ဝှေ့ကျော်များတို့ ထိုးသတ်ခဲ့ကြသည်။

အောက်တိုဘာလ ၂၄ နှင့် ၂၅ ရက်များတွင် ထိုင်းလက်ဝှေ့ကျော်များနှင့် ထိုးသတ်ရာ၌ တွေ့မရှောင်(မြန်မာ)နှင့် ပါဝိ(ထိုင်း) အတွဲ သရေ၊ ကြယ်လင်းအောင်(မြန်မာ)နှင့် လီချိုလိတ်(ထိုင်း) သရေ၊ စောင်မန်း(မြန်မာ)နှင့် ထန်ဂါလီ(ထိုင်း) သရေ၊ လုံးချော(မြန်မာ) နှင့် လတ်မွန်ခန့်(ထိုင်း) သရေ စသဖြင့် ရလဒ်များထွက်လာခဲ့သည်။

## ခုနှစ်ထပ်တိုက်ပေါ်မှ ဇနီးမောင်နှံနှစ်ဦး ပြုတ်ကျသေဆုံးမှု

စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ရွှေလဝင်းလမ်း တိုက်အမှတ် ၁၅၊အေ၊ ၇ လွှာတွင် ယာယီသန်းခေါင်စာရင်းဖြင့်နေထိုင်သော ဇနီးမောင်နှံနှစ်ဦးပြုတ်ကျသေဆုံးမှုတစ်ရပ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။ သေဆုံးသူများမှာ ဦးဇော်မိုးဦး (၄၅ နှစ်)နှင့် ဒေါ်မိမိခိုင် (၄၅)နှစ်တို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးမှာ ဦးလေးတော်စပ်သူ ဦးဘမောင် (လေဖြတ်နေသူ) နှင့် အတူနေထိုင်ကြသူများဖြစ်သည်။

## ပြည်ပတွင် ပညာဆက်လက်သင်ယူနိုင်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအရပ်သားလေယာဉ်မှူးသင်တန်း

မြန်မာနိုင်ငံသားလေယာဉ်မှူးများ မွေးထုတ်ရန်နှင့် ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လေယာဉ်မှူးသင်တန်း (Commercial Pilot Licence Course)ကို ပို့ဆောင်ရေးဝန်ကြီးဌာနက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံတွင် အောက်တိုဘာလ နောက်ဆုံးပတ်က တရားဝင်စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းမှာ လေယာဉ်မှူးဖြစ်လိုသည့် အရပ်သားများအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခင်က လေတပ်မှ တပ်မတော်သားများကိုသာ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် သင်ကြားမည့်ဘာသာရပ်များမှာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization)၏ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။ သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦးမှ ၂၀ ကြားခေါ်ယူသွားမည်ဖြစ်သည်။ နိုင်ငံတကာ၌ မြန်မာနိုင်ငံသားများ လေယာဉ်မှူးသင်တန်းကို သွားရောက်သင်ကြားရာတွင် အင်္ဂလိပ်စာနှင့်ပတ်သက်၍ ဘာသာရပ်ဆိုင်ရာ ဝေါဟာရအခက်အခဲများ၊ ငွေကြေးပိုမိုကုန်ကျခြင်းများရှိရာ ယင်းအခက်အခဲများကို ကူညီနိုင်ရန်အတွက် ယခုကဲ့သို့ လေယာဉ်မှူးလိုင်စင်သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းကြေးကို ကျပ် ၁၅ သိန်းခန့်သတ်မှတ်ထားပြီး သုံးကြိမ်ခွဲသွင်းစနစ်ဖြင့် ပေးသွင်းရန် စီစဉ်ထားသည်။

သင်တန်း၌ သင်ကြားမည့်မြေပြင်ဘာသာရပ်ကို ပြည်ပတွင် တက်ရောက်မည်ဆိုပါက သင်တန်းကြေးကျပ်သိန်း ၁၅၀ ခန့် ကုန်ကျမည်ဖြစ်သည်။ လေယာဉ်မှူးသင်တန်းကို ပြည်ပတွင် တက်ရောက်မည်ဆိုပါကလည်း သင်တန်းကာလတစ်နှစ်ခန့်ကြာမြင့်နိုင်ပြီး သင်တန်းကြေး ကျပ်သိန်း ၇၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။

အဆိုပါသင်တန်းဆင်းပြီးသွားသူများကို ထောက်ခံချက်ဖြင့် မလေးရှားနိုင်ငံ၌ လေယာဉ်မှူးသင်တန်းဆက်လက် တက်ရောက်သင်ကြားနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

## စာတစ်ဖောင်တည်းသာပါဝင်သည့် ကျပ်တစ်ရာတန်ဂျာနယ်

မြန်မာနိုင်ငံ၏ ပုံနှိပ်မီဒီယာဈေးကွက်တွင် ဝေစုအများဆုံးရရှိထားသည့် အားကစားဂျာနယ်ဈေးကွက်အတွင်းသို့ စက်ရပ်သတင်းများဖော်ပြသည့် အချပ်ပိုကဲ့သို့ တစ်ဖောင်(စာရွက်တစ်ရွက်)တည်းဖြင့် ရိုက်နှိပ်ထားပြီး လက်လီဈေးကွက်အရောက် ကျပ်တစ်ရာဖြင့်ရောင်းချနေသော MATCH အမည်ရှိ ဂျာနယ်တစ်စောင် စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင်ဖြန့်ချိခဲ့သည်။

အဆိုပါ အားကစားဂျာနယ်ကို ၇၀ ဂရမ်၊ ဂူဖရီးစက္ကူဖြင့် ရိုက်နှိပ်ထားပြီး အပတ်စဉ်တနင်္ဂနွေနေ့နံနက်ပိုင်းတွင် ဖြန့်ချိလျက်ရှိရာ အင်္ဂလိပ်ပရီးမီးယားလိဂ်ပွဲစဉ်များအနက် စနေနေ့ညတွင်ကစားသည့်ပွဲစဉ်များ၏ ရလဒ်၊ သတင်းတိုများ၊ တနင်္ဂနွေနေ့ညတွင်ကစားမည့်ပွဲများ၏ ပွဲကြိုခန့်မှန်းချက်များ၊ သတင်းတိုများကို အလေးထားဖော်ပြထားသည်။ စတင်ထွက်ရှိသည့် ပထမဆုံးဂျာနယ်မျက်နှာဖုံးတွင် တန်ဖိုး ကျပ် ၁၀၀ ဟု ဖော်ပြထားသော်လည်း ဒုတိယအပတ်ထုတ်မှစ၍ မဖော်ပြတော့သည်ကို တွေ့ရသည်။

## လူ ၁၇ ဦးသေဆုံးသော ကားတိမ်းမှောက်မှု အမ်းမြို့နယ်တွင်ဖြစ်ပွား

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ မဲတောင်တောင်ပေါ်လမ်းတွင် မြောက်ဦးမြို့သို့ ဘုရားဖူးရန်လာသော ဘုရားဖူးယာဉ်တစ်စီးတိမ်းမှောက်မှု ဧပြီလ ၂ ရက်နေ့ နေ့လယ် ၁၂ နာရီ ခွဲအချိန်ခန့်ကဖြစ်ပွားခဲ့ရာ အမျိုးသား လေးဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၁၇ ဦးသေဆုံးခဲ့သည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်သည် မင်းပြားနှင့် အမ်းမြို့အကြား အမ်းမှ ၁၀ မိုင်အကွာရှိ မဲတောင်ကိုဖြတ်ကျော်စဉ် ဘရိတ်ပေါက်ရာမှ ပေ ၂၅၀ ကျော် အနက်သို့ထိုးကျသွားခဲ့ခြင်းဖြစ်သည်။

**အယ်ဒီတာအဖွဲ့**

www.foreverspace.com.mm

## ၂၀၀၉ ခုနှစ်အတွင်း ပျံလွန်တော်မူသွားခဲ့သော ဆရာတော်များ

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| ၁၂-၂-၂၀၀၉ | နိုင်ငံတော်သြဝါဒါစရိယ ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့၊ နွယ်ချို (၁) ရပ်ကွက်၊ နန်းဦးစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တယုဂန္ဓရ၊ သက်တော် (၉၇) နှစ်၊ သိက္ခာတော် (၇၈) ဝါ ပျံလွန်တော်မူသည်။ |
| ၄-၃-၂၀၀၉ | နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ်၊ ရေးမြို့ သီရိမာလာရပ်ကွက် ဖာလဇေတဝန်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ ပျံလွန်တော်မူသည်။ |
| ၂၃-၈-၂၀၀၉ | အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ၊ သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ ပျံလွန်တော်မူသည်။ |
| ၂၄-၉-၂၀၀၉ | နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် သာသနဇောတိကာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ဘဒ္ဒန္တကုမာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ ပျံလွန်တော်မူသည်။ |
| ၂၂-၁၁-၂၀၀၉ | နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ မင်္ဂလာမွေတော် ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတ၊ သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၆) ဝါ ပျံလွန်တော်မူသည်။ |
| ၂၄-၁၁-၂၀၀၉ | ပြည်တွင်းပြည်ပ မဟာစည်နာယက ဓမ္မကထိကဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တနရပတိ (ဖြူးဆရာတော်)၊ သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ ပျံလွန်တော်မူသည်။ |

## ၂၀၀၈ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ

| စဉ် | အမည် | ရက်စွဲ |
|---|---|---|
| ၁။ | စာရေးဆရာနီတာဦး(ဥက္ကာမြေ) (ခ) ဦးနီတာဦး၊ အသက် (၅၃) နှစ်။ | ၁၂-၁၂-၂၀၀၈ |
| ၂။ | မြန်မာ့အလင်းသန်းညွှန့် (ခ) ဦးသန်းညွှန့်၊ အသက် (၈၃) နှစ်။ | ၁၉-၁၂-၂၀၀၈ |
| ၃။ | ဦးသိန်းထွဋ် (စာတည်းမှူးချုပ်၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား)၊ အသက် (၅၁) နှစ်။ | ၁၉-၁၂-၂၀၀၈ |
| ၄။ | ဒါရိုက်တာနောင်ထွန်းလွင် (သရုပ်ဆောင် ထွန်းထွန်းနိုင်)၊ အသက် (၅၇) နှစ်။ | ၂၃-၁၂-၂၀၀၈ |
| ၅။ | စာရေးဆရာ ဆလိုင်းနွယ် (ခ) ဗိုလ်ကြီးသောင်းဆိုင်လျှန်း (ငြိမ်း)၊ အသက် (၆၄) နှစ်။ | ၂၃-၁၂-၂၀၀၈ |
| ၆။ | စာရေးဆရာမ ရွှေလှမေသိန်း (ခ) ဒေါ်ခင်မေသိန်း(ခ)ဒေါ်ခင်သိန်း၊ အသက် (၉၂) နှစ်။ | ၆-၁-၂၀၀၉ |
| ၇။ | စာရေးဆရာစောအန်ချို (ခ) ဦးအောင်ကြီး၊ အသက် (၇၆) နှစ်။ | ၇-၁-၂၀၀၉ |
| ၈။ | စာရေးဆရာမ ယုဝတီမာလာသိန်း (ခ) ဒေါ်ခင်ခင်သိန်း၊ အသက် (၈၃) နှစ်။ | ၁၈-၁-၂၀၀၉ |
| ၉။ | တယောပညာရှင် ဦးခင်မောင်ရင်၊ အသက် (၆၆) နှစ်။ | ၁၆-၃-၂၀၀၉ |
| ၁၀။ | ကဗျာဆရာကြည်အောင်(ခ) ဦးကြည်လင်၊ အသက် (၇၂) နှစ်။ | ၂၇-၃-၂၀၀၉ |
| ၁၁။ | ကာတွန်းပေါက်ပေါက် (ပြည်) အသက် (၄၅) နှစ်။ | ၂၇-၅-၂၀၀၉ |
| ၁၂။ | ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို (ငြိမ်း) ကြည်း-၁၀၃၃၇ အသက် (၆၅) နှစ်။ | ၂-၆-၂၀၀၉ |
| ၁၃။ | စာရေးဆရာမောင်ဆုရှင် (ခ) ဦးမျိုးသန့်၊ အသက် (၇၈) နှစ်။ | ၂-၆-၂၀၀၉ |
| ၁၄။ | ကာတွန်းဆရာကြီး ဦးဖေသိန်း၊ အသက် (၈၆) နှစ်။ | ၁၉-၆-၂၀၀၉ |
| ၁၅။ | အဂ္ဂမဟာသီရိသုဓမ္မ သီဂီ ဒေါ်ဆယ်၊ အသက် (၈၁) နှစ်။ | ၁၃-၇-၂၀၀၉ |
| ၁၆။ | နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးစောလှိုင်၊ အသက် (၈၀) နှစ်။ | ၁၁-၈-၀၉ |
| ၁၇။ | ရုပ်ရှင်သရုပ်ဆောင် ဇော်ဝမ်း၊ အသက် (၆၄) နှစ်။ | ၁၂-၈-၀၉ |
| ၁၈။ | စာရေးဆရာ၊ ကာတွန်းဆရာ၊ ပန်းချီကံချွန်၊ အသက် (၆၄) နှစ်။ | ၂၀-၈-၂၀၀၉ |
| ၁၉။ | မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊အသက် (၆၆)နှစ်။ | ၁၉-၉-၂၀၀၉ |
| ၂၀။ | ရုပ်ရှင်သရုပ်ဆောင် ရဲဘော်စိုးအောင် (အမိမြေ)၊ အသက် (၅၅) နှစ်။ | ၂၁-၉-၂၀၀၉ |
| ၂၁။ | တေးရေးဆရာ၊ ကဗျာဆရာ အောင်ဝင်း။ | ၂၃-၉-၂၀၀၉ |
| ၂၂။ | ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူ (ခ) ဦးစိုးညွှန့်၊ ဒုတိယဝန်ကြီး (ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အသက် (၇၈) နှစ်။ | ၂-၁၀-၂၀၀၉ |
| ၂၃။ | ရုပ်ရှင်သရုပ်ဆောင် ညီဘွား(ခ) စည်သူထွန်း၊ အသက် (၃၆) နှစ်။ | ၄-၁၀-၂၀၀၉ |
| ၂၄။ | တေးရေး၊တေးဆို တက္ကသိုလ်ထွန်းနောင်(ခ) ဒေါက်တာထွန်းနောင်၊ အသက် (၆၄) နှစ်။ | ၆-၁၀-၂၀၀၉ |

www.foreverspace.com.mm



| စဉ် | အမည် | ရက်စွဲ |
|---|---|---|
| ၂၅။ | ပါမောက္ခဒေါက်တာအောင်သန်းဦး၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၊ အသက် (၅၃) နှစ်။ | ၆-၁၀-၂၀၀၉ |
| ၂၆။ | စာရေးဆရာ၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ နီကိုရဲ (ခ) ဦးရဲဝင်း၊ အသက် (၄၃) နှစ်။ | ၂၄-၁၀-၂၀၀၉ |
| ၂၇။ | ပန်းချီဆရာကြီး ဦးထွန်းတင် အသက် (၈၅) နှစ်။ | ၂၄-၁၀-၂၀၀၉ |
| ၂၈။ | လူရွှင်တော် ဆိုနီ အသက် (၆၀) နှစ်။ | ၃၀-၁၀-၂၀၀၉ |
| ၂၉။ | ဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး (ဟောင်း)၊ အသက် (၆၅) နှစ်။ | ၄-၁၁-၂၀၀၉ |
| ၃၀။ | စာရေးဆရာမကြည်ကြည်မာ (ခ) ဒေါ်ထွေးကြည် (ခ) ကြင်လင်ကြူး၊ အသက် (၆၈) နှစ်။ | ၂၄-၁၁-၂၀၀၉ |
| ၃၁။ | စာရေးဆရာ အယ်ဒီတာ အီကြာကွေး (ခ) ခနေဖြူကျော်ထွန်း အသက် (၇၂) နှစ်။ | ၁၅-၁၂-၂၀၀၉ |
| ၃၂။ | ပထမဆုံးလောရင့်နိုက်တင်ဂေးဆုရင် ဗိုလ်မှူးဒေါခင်အုန်းမြ၊ အသက် ၉၂ နှစ်။ | ၂၇-၁၁-၀၉ |
| ၃၃။ | မော်ဒယ်လ်သရုပ်ဆောင် မြတ်နိုးခြိမ့်(ခ)လှမြတ်သူရိန်(ခ)ငယ်ငယ်၊ အသက် ၂၄ နှစ်။ | ၆-၁၂-၂၀၀၉ |
| ၃၄။ | စာရေးဆရာဖေသန်းတင် (ခ) ဦးသန်းတင်၊ အသက် ၇၅ နှစ်။ | ၇-၁၂-၂၀၀၉ |
| ၃၅။ | စာရေးဆရာသူရိန်ဦး (ခ) ဒုတိယဗိုလ်မှူးကြီးမြင့်သူ (ငြိမ်း)၊ အသက် ၇၆ နှစ်။ | ၁၁-၁၂-၂၀၀၉ |
| ၃၆။ | စာရေးဆရာမ မသက်ဆွေ (ခ) ဒေါ်ရီရီဆွေ (ကျောင်းကုန်း)၊ အသက် ၆၁ နှစ်။ | ၁၃-၁၂-၂၀၀၉ |

## ၂၀၀၉ ခုနှစ်အတွင်း လှုပ်ခတ်သွားခဲ့သောငလျင်များ

| နေ့စွဲ | အချိန် (မြန်မာစံတော်ချိန်) | နေရာ | အင်အား(ရစ်ချ်တာစကေး) |
|---|---|---|---|
| ၂၁-၁-၂၀၀၉ | ၈ နာရီ၊ ၁၄ မိနစ်၊ ၁၄ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်းမှတောင်ဘက် ၈၅ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ် ပြင်ကို ဗဟိုပြု | ၄.၇ (အနည်းငယ်) |
| ၅-၃-၂၀၀၉ | ၂၂ နာရီ၊ ၁၉ မိနစ်၊ ၅၁ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏တောင်ဘက် ၈၃ မိုင်ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင် | ၅.၁ (အသင့်အတင့်) |
| ၅-၈-၂၀၀၉ | နံနက် ၉ နာရီ၊ ၂၈ မိနစ်၊ ၅၀ စက္ကန့် | မန္တလေးမြေငလျင်စခန်းမှ အနောက် အနောက်မြောက်ဘက် မိုင် ၂၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အိန္ဒိယ-မြန်မာနယ်စပ်) နေရာ | ၄.၇ (အနည်းငယ်) |
| ၁၂-၈-၂၀၀၉ | နံနက် ၄ နာရီ၊ ၁၃ မိနစ်၊ ၄၈ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက် မြောက်ဘက် မိုင် ၅၃၀ ခန့် ကွာဝေးသော မြန်မာ-အိန္ဒိယနယ်စပ်တစ်နေရာ | ၅.၄ (အသင့်အတင့်) |
| ၃၁-၈-၂၀၀၉ | နံနက် ၁ နာရီ၊ ၅၇ မိနစ်၊ ၀၂ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက် အနောက်မြောက်ဘက် မိုင် ၅၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အိန္ဒိယ-မြန်မာနယ်စပ်အနီး) နေရာ | ၅.၃ (အသင့်အတင့်) |
| ၄-၉-၂၀၀၉ | နံနက် ၂ နာရီ၊ ၂၃ မိနစ်၊ ၀၀ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်း၏မြောက် အနောက်မြောက်ဘက် မိုင် ၅၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အိန္ဒိယ-မြန်မာနယ်စပ်အနီး) နေရာ | ၅.၉ (အသင့်အတင့်) |
| ၂၂-၉-၂၀၀၉ | နံနက် ၀၂နာရီ၊ ၀၉မိနစ်၊ ၁၇ စက္ကန့် | ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက် အနောက်မြောက်ဘက် မိုင် ၂၆၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ | ၅.၆ (အသင့်အတင့်) |
| ၁၂-၁၀-၂၀၀၉ | နံနက် ၀၀နာရီ၊ ၅၇မိနစ်၊ ၀၉စက္ကန့် | မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်မြောက်ဘက် မိုင် ၁၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ | ၅.၀ (အသင့်အတင့်) |

www.foreverspace.com.mm

# အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အနီရောင်ဆိုးဆေးပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိရသည့် ငရုတ်သီးမှုန့်၊ စိမ်းစားငါးပိ၊ ငါးပိထောင်းများ

ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်မျိုးစုံ၊ စိမ်းစားငါးပိနှင့် ငါးပိထောင်းများကို ဓာတ်ခွဲစစ်ဆေးရာ အစားအသောက်တွင်သုံးစွဲရန်ခွင့်မပြုသော အနီရောင်ဆိုးဆေး (Rodamine B)ပါဝင်သည်ကို တွေ့ရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၇ ရက်ထုတ် သတင်းစာများတွင် ဆိုးဆေးစစ်ဆေးတွေ့ရှိရသော လုပ်ငန်းများနှင့် အမှတ်တံဆိပ်များကို ထုတ်ပြန်ကြေညာခဲ့သည်။ Rodamine B သည် ဓာတု ဆိုးဆေးဖြစ်ပြီး စားသုံးမိပါက အစာအိမ်အူလမ်းကြောင်း ရောင် ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမှိုင်းခြင်း၊ ရေရှည်တွင်ကင်ဆာရောဂါတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

## (က) ငရုတ်သီးမှုန့်အမျိုးမျိုး

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ်/လုပ်ငန်း |
|---|---|---|
| ၁ | ငရုတ်သီးအကြမ်းမှုန့် | ဆိုင်အမှတ် ၃၁၊ ပန်းတန်းရုံသစ်၊ ဈေးချို၊ မန္တလေး။ |
| ၂ | ငရုတ်သီးအရောင်တင်မှုန့် | ရွှေပြုံးမြိုင်၊ ကိုင်းတန်းဈေး၊ မန္တလေး။ |
| ၃ | ငရုတ်သီးအရောင်တင်မှုန့် | ရသာမွန်၊ ကိုင်းတန်းဈေး၊ မန္တလေး။ |
| ၄ | ငရုတ်သီးအရောင်တင်မှုန့် | မမျိုး၊ ကိုင်းတန်းဈေး၊ မန္တလေး။ |

## (ခ) စိမ်းစားငါးပိများ

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ်/လုပ်ငန်း |
|---|---|---|
| ၁ | စိမ်းစားငါးပိ | မမျိုး၊ ကိုင်းတန်းဈေး၊ မန္တလေး။ |
| ၂ | စိမ်းစားငါးပိ | နုဝါဖူး၊ ၈၆လမ်း၊ ၂၇နှင့် ၂၈လမ်းကြား၊ ကိုင်းတန်းဈေး၊ မန္တလေး။ |
| ၃ | ဘိတ်ပုစွန်ငါးပိ၊ ရှယ်ပုစွန်ငါးပိအကောင်းစား မြိတ်ငါးပိ အဖြူနောက်မီးစငါးပိ | ရွှေပုစွန်ညီနောင် ဆိုင်အမှတ် ၆၄၊၆၅၊၆၆၊ ၆၇၊ ၁၀၄၊၁၀၅ ၁/၂/၃ ရုံသစ်၊ ဈေးချို၊ မန္တလေး။ |
| ၄ | အဆင့်မြင့်ပုစွန်ငါးပိ | ဧရာရှယ်၊ ဆိုင်အမှတ် ၄၂၊၅၀၊၅၈၊ ၂၈–၂၉ လမ်းကြား၊ ၈၇ လမ်း၊ ကိုင်းတန်းဈေး၊ မန္တလေး။ |
| ၅ | ရှယ်ပုစွန်ငါးပိ | ကောင်းသန့်၊ ဈေးချို၊ မန္တလေး ဖုန်း–၀၂–၆၈၇၃၇ |
| ၆ | အကောင်းစားပုစွန်ငါးပိ | တံခွန်၊ ဆိုင်အမှတ် ၂၃–၃၁၊ မြေညီထပ်၊ ပင်မကိုင်းတန်းဈေး၊ မန္တလေး။ |
| ၇ | ပုစွန်ငါးပိအကောင်းစား | ပုစွန်သုံးကောင်၊ ဆိုင်အမှတ် က–၅၊ ပင်မကိုင်းတန်း၊ ဈေးချို၊ ပထမထပ်၊ မန္တလေး။ |
| ၈ | ပုစွန်ငါးပိ | မြတံဆိပ် (အဝါ/အနီ/အစိမ်း) ဆိုင်အမှတ် ၆/၇၊ ၁၂၃ ရုံ အနောက်ဘက် ဈေးချို၊ မန္တလေး။ |
| ၉ | စိမ်းစားငါးပိ | ဝင်း၊ ဈေးချိုရုံသစ်၊ မန္တလေး။ |
| ၁၀ | ရှယ်ဘိတ်ပုစွန်ငါးပိ | ရွှေပုစွန်၊ အမှတ် ၉၈၊ ၁–၂–၃ ရုံသစ်၊ ဈေးချို၊ မန္တလေး။ |
| ၁၁ | စိမ်းစားငါးပိ | ရွှေဆင်မင်း၊ ကိုင်းတန်းဈေး၊မန္တလေး။ |
| ၁၂ | အဆင့်မြင့်စိမ်းစားငါးပိ | ကင်းမွန်၊ မင်္ဂလာဈေးအတွင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ |
| ၁၃ | အဆင့်မြင့်ပုစွန်ငါးပိ | ရွှေဝါ၊ စစ်တပ်ဈေး၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊ဖုန်း–၀၉၂၀၃၃၁၂၈ |
| ၁၄ | စပယ်ရှယ်ပုစွန်ငါးပိ | ဖြိုးဟိန်းရှယ်၊ ဆိုင်အမှတ် ၁၂၊ ၁၁၆၊ ၁၁၇၊ ၁–၂–၃ရုံသစ်၊ ဈေးချို၊ မန္တလေး။ |
| ၁၅ | ပုစွန်ငါးပိနှင့် ဘိတ်ချို(ငါးပိ) | ထိပ်တန်း၊ ဆိုင်အမှတ် ၃/၃ (ခ)၊ ၇ ရုံမြောက်ထိပ်၊ ဈေးချို၊ မန္တလေး။ |
| ၁၆ | ရွှေဘိုငါးပိ | OK ဖိုးချစ် ငါးပိ၊ ငံပြာရည်၊ ရေကျိုငါးပိမျိုးစုံရောင်းဝယ်ရေး၊ ဆိုင်အမှတ် က–ရုံ၊ ၇၂–၄၃၊ ကခရုံ၊ ၉–၁၁၊ ၂၈ လမ်း၊ ၈၆–၈၇ လမ်းကြား၊ ဈေးချို၊ မန္တလေး။ |
| ၁၇ | မှျင်ငါးပိ | ဒေါ်တင်တင်လှ၊ ကိုင်းတန်းဈေး၊ ဈေးချို၊ မန္တလေး။ |
| ၁၈ | SB ငါးပိ | ရွှေဘိုပွဲရုံ၊ ငါးပိ၊ ငံပြာရည်ရောင်းဝယ်ရေး၊ အမှတ် ၂၃၆၊ ဝါးတန်းရပ်၊ ၂၉–၃၀ လမ်းကြား၊ ၈၅–၈၆ လမ်းကြား၊ ရွှေတစ်ချောင်းမြောင်းအရှေ့ဘက်လမ်း၊ မန္တလေး။ |
| ၁၉ | စိမ်းစားငါးပိ | ဖြိုးဟိန်းအပြာရောင်ထုပ်၊ အဝါရောင်ထုပ်၊ ဆိုင်အမှတ် ၁–၂၊ ၁ နံပါတ်ရုံသစ်၊ ဈေးချို၊ မန္တလေး။ |
| ၂၀ | ပုစွန်ငါးပိ | ဝင်း၊ အဆင့်မြင့် ပုစွန်ငါးပိရောင်းဝယ်ရေး၊ ဆိုင်အမှတ် ၄၂၊ ၄၃၊ ၄၄၊ ၂၈၊ ၂၉၊ ၁ နံပါတ်ရုံသစ်၊ ၂၈–၈၅ လမ်းထောင့်၊ ဈေးချို၊ မန္တလေး။ |

## (ဂ) ငါးပိထောင်းများ

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ်/လုပ်ငန်း |
|---|---|---|
| ၁ | ပုစွန်ငါးပိထောင်း | ရှယ်၊ ဈေးချို၊ မန္တလေး |
| ၂ | ပုစွန်ငါးပိထောင်း | မိုးတိမ်လွှာ၊ ၂၈လမ်း၊ ၈၅–၈၆ လမ်းကြား၊ ပွဲရုံတန်း၊ မန္တလေး။ |
| ၃ | ပုစွန်ငါးပိထောင်း | စုလေး၊ ပဲခူး၊ မင်္ဂလာဈေးအပြင်တန်း၊ မန္တလေး။ |
| ၄ | ငါးပိထောင်း | လှိုင်ဖြိုး၊ ဝင်းငါးပိရောင်းဝယ်ရေး၊ ဈေးချို၊ မန္တလေး။ |

www.foreverspace.com.mm



## ကျန်းမာရေးဝန်ကြီးဌာန၏ အရည်အသွေးအာမခံချက်မရှိကြောင်း အသိပေးနှိုးဆော်သော ကုန်ပစ္စည်းများ

| စဉ် | ကုန်ပစ္စည်းအမျိုးအစားနှင့် နိုင်ငံပိုင်သတင်းစာများတွင်အသိပေးနှိုးဆော်ချက်ဖော်ပြပါရှိသောရက်စွဲ | ကုန်ပစ္စည်းအမှတ်တံဆိပ်/အမည် | လိပ်စာဖော်ပြချက် |
|---|---|---|---|
| ၁ | ဆေးဝါး (၅-၂-၂၀၀၉) | - Dexamethasone Tablet (Dexamethasone) | New Life Phama Co., Ltd. Thailand. |
| | | - Periaction Tablet (Cypropheptadine HCI 4 mg) | M & H Manufacturing Thailand. |
| | | - Stugin Tablet (Cinnarizine 25 mg) | Bangkok Lab & Cosmetics Co., Ltd. Thailand |
| | | - Tramacap Capsule (Tramadol HCI 50 mg) | New Life Pharma Co., Ltd. Thailand. |
| | | - Dicotill Tablet (Laperamide HCI 2 mg) | Picco Pharma Co., Ltd. Thai- land. |
| ၂ | တိုင်းရင်းဆေးဝါး | ဒေါ်ထွေးအမှတ်တံဆိပ် ဂေါမုတ္တဆေး (အာဆင်းနစ်ပါဝင်) | တရုတ်တန်းလမ်း၊ ဘုရားကြီးရပ် မုံရွာမြို့။ |
| | | ဒေါ်ကျင်၏ကလေးသူငယ်နှာလေပုပ်ထုတ်ဆေး (အာဆင်းနစ်ပါဝင်) | အမှတ်(၇/၇၆၇)၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။ |
| ၃ | ဆေးဝါး (၅-၄-၂၀၀၉) | Premobrom Tablet (Bromhexime HCL 8mg) | Public P'Cal Lab Co., Ltd. Thailand |
| | | Diclonac Tablet (Diclofenac Sodium 25 mg) | Lachmann Co., Ltd. Thailand |
| | | Vagilan Tablet (Metronidazole 200 mg) | Union Drug Labs Ltd. Thailand |
| | | Cardenol 40 Tablet (Propanolol 40 mg) | T.O Pharma Co., Ltd. Thailand |
| | | Newtamol Tablet (Paracetamol 500 mg) | New Life Pharma Co., Ltd. Thailand. |
| ၄ | ဆေးဝါး (၆-၄-၂၀၀၉) | Bestozyme Syrup 200 ml (Alpha Amylse IP 75 mg, Papain IP 60 mg/ 5 ml) | Biological E.Ltd. India |
| | | Oxyzed Tablet (Paracetamol I.P 325 mg Diclofenac Sodium I.P 50 mg, Magnesium Trislicate I.P 100 mg) | Associated Biotech, India |
| | | Vinsitil Capsule (Diphenoxylate HCL 2.5 mg, Atropine Sulphate 0.0025 mg) | Cardinal Health Australia Pty Ltd. Australia |
| | | Super Sea Horse Capsule (Carbetapentane Citrate 15 mg, Bromhexine 8mg, Chlorpheniramine maleate 5 mg, | Neochem Pharmaceutical Labs Ltd. H.K |

www.foreverspace.com.mm

| စဉ် | ကုန်ပစ္စည်းအမျိုးအစားနှင့် နိုင်ငံပိုင် သတင်းစာများတွင်အသိပေး နှိုးဆော်ချက်ဖော်ပြပါရှိသောရက်စွဲ | ကုန်ပစ္စည်းအမှတ်တံဆိပ်/အမည် | လိပ်စာဖော်ပြချက် |
|---|---|---|---|
| | | Phenylephrine HCL 10 mg, Paracetamol 430 mg, Caffeine 30 mg) | |
| | | Tung-Hai Fish Liver Oil Capsule | Tung-Hai P'cal works, Shanghai |
| ၅ | ဆေးဝါး (၇-၄-၂၀၀၉) | Furazolidone Tablet (Furazolidone 100 mg) | Patana karn Bahaesaj Ltd. Thailand |
| | | Dexazone Tablet (Dexamethasone 0.5 mg) | Lachmann Co., Ltd. Thailand |
| | | Boxing Liniment (Methyl Salicylate 31% v/v, Methol 1% w/v) | Devakam Apothecary Hall Co., Ltd. Thailand |
| | | Voltanase Tablet (Serratipeptidase 10 mg, Diclofenac potassium 50 mg) | MDCP' cals (p) Ltd. |
| | | Kremil-S Tablet (Aluminium hydroxide 188.8 mg, Magnesium Carbonate 136.2 mg) Activated Dimethylpolysiloxane | Unilab P' cals Co., Ltd. Thailand |
| ၆ | ဆေးဝါး (၂၃-၄-၂၀၀၉) | Vagilan Tablet (Metronidazole 200 mg) | Union Drug Labs Ltd. Thailand. |
| | | Sultrim Tablet (Sulphamethoxazole 400 mg, Trimethoprim 80 mg | New Life Pharma Co., Ltd. Thailand |
| | | Amico Tablet (Aluminium Hydroxide 120 mg, Magnesium Trisilicate 250 mg) | T.O Med Co., Ltd. Thailand |
| | | Memorin Tablet (Cinnarizine 25 mg) | Bangkok Lab & Cosmetic Co., Ltd. Thailand |
| | | Neorox Tablet (Piroxicam 20mg) | New Life Pharma Co., Ltd. Thailand. |
| ၇ | ဆေးဝါး (၈-၅-၂၀၀၉) | Betnovate C Skin Cream (Betamethasone Valerate IP 0.12%w/w, Neomycin Sulphate IP 0.5 % w/w, Chlorocresol IP 0.1 % w/w | Glaxo Smith Kline P'cals Ltd. India |
| | | Triamcinolone Acetonide Acetate Injection | Zhejiang Xianjui P'cal Co., Ltd. |
| | | Analgin Injection 0.5 mg. | Luohe Fanghui P'cal Co., Ltd. |
| | | Pekquine Injection (Chloroquine Phosphate 325.5 mg eq.to base 200 mg, Lignocaine HCI 50 mg/5cc | Liwinner P'cal Ltd. Partnership, Thailand |
| | | Disento Tablet (Diodohydroxyquin 250 mg, Furazolidone Sulfate 50 mg, Light Kaolin | Nakorn Pattana Pharm Co., Ltd. |

| စဉ် | ကုန်ပစ္စည်းအမျိုးအစားနှင့် နိုင်ငံပိုင်သတင်းစာများတွင်အသိပေးနှိုးဆော်ချက်ဖော်ပြပါရှိသောရက်စွဲ | ကုန်ပစ္စည်းအမှတ်တံဆိပ်/အမည် | လိပ်စာဖော်ပြချက် |
|---|---|---|---|
| | | 250 mg) | |
| ၈ | ဆေးဝါး<br>(၁၉-၅-၂၀၀၉) | ကြောင်နက်အမှတ်တံဆိပ်၊ အပူငြိမ်းအကြောဖြေဆေး၊ အကြောအားတိုးဆေး | ဖော်ပြထားခြင်းမရှိ။ |
| | | ကြာငါးခိုင်အမှတ်တံဆိပ်<br>ရေစင်သွေးဆေး | ကြာငါးခိုင်ဆေးတိုက်၊အမှတ်၇၉<br>နမ့်ယင်း၊ မိုးကောင်းမြို့။ |
| | | ဂျိုးဖြူတံဆိပ်၊ ကချင်သွေးအားတိုးဆေးကြီး | ဂျိုးဖြူဆေးဝါးလုပ်ငန်း၊<br>မြစ်ကြီးနားမြို့။ |
| | | တူတံစဉ်အမှတ်တံဆိပ်<br>၂ မိနစ်၊ အပူကျ၊ ဖျားနာ၊ အကိုက်အခဲပျောက်ဆေးမှုန့် | တူတံစဉ်ဆေးဝါးထုတ်လုပ်ရေး |
| | | သမားတော် အစာကြေလေပုပ်ထုတ်ဆေး | သမားတော်ဆေးတိုက်၊<br>ဈေးအတွင်း၊ မိုးကောင်းမြို့။ |
| | | ကျော်အမှတ်တံဆိပ် ပန်းနာရင်ကျပ်ပျောက်ဆေး | လိပ်စာဖော်ပြထားခြင်းမရှိ။ |
| | | ကလေးသခင်ဆေးဘုရင် | ငွေစပယ်ဆေးတိုက်၊ စံပြကွက်သစ်<br>နမ္မားမြို့၊ ကချင်ပြည်နယ်။ |
| | | ရွှေလရောင်အမှတ်တံဆိပ် ငါးမျိုးစပ်<br>သူငယ်နာပေါင်းချုပ်ဆေးကြီး | သမားတော်ဆေးတိုက်၊<br>ဈေးအတွင်း၊ မိုးကောင်းမြို့။ |
| | | အမျိုးသမီးများအတွက်မီးယပ်ဆေးကြီး | ဘဝသစ်ဆေးတိုက်၊ အမှတ် ၁၅၅၊<br>ဒူကထောင်ရပ်၊ မြစ်ကြီးနားမြို့။ |
| | | မီးယပ်သွေးဆေးကြီး | လိပ်စာဖော်ပြထားခြင်းမရှိ။ |
| | | ဒူးလေး အစာအိမ်လေနိုင်ဆေး | ဝါညားဆေးတိုက်၊ အမှတ်၁၀၅၊<br>ရပ်ကွက်(၃)မြို့မ၊ ဝိုင်းမော်မြို့။ |
| | | ချွဲကြေလိမ်းဆေး | ရွှေဂုဏ်ဝင်းဆေးတိုက်၊<br>စမ်းချောင်းရပ်၊ ရန်ကုန်မြို့။ |
| | | ကြာငါးခိုင်အမှတ်တံဆိပ် သွေးညှိဆေး | အမှတ်၇၉၊ နန့်ယင်း၊မိုးကောင်းမြို့။ |
| | | ယောလေးပါး လေနိုင်အစာကြေလျက်ဆား | ယောလေးပါးဆေးတိုက်<br>အမှတ်၃၆၊၁၂ရပ်ကွက်၊ သစ္စာလမ်း<br>ကံဘဲ့၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ |
| | | စိန်သော့တံဆိပ်၊ အကိုက်အခဲပျောက်ဆေးမှုန့် | စိန်သော့ဆေးဝါးထုတ်လုပ်ရေး၊<br>၃၇ က၊ လမ်း၂၀၊ လသာမြို့နယ်၊<br>ရန်ကုန်မြို့။ |
| | | သွေးတိုးကျဆေး | လိပ်စာဖော်ပြထားခြင်းမရှိ။ |
| ၉ | ဆေးဝါး<br>(၁၁-၁-၂၀၀၈) | ကချင်သွားကိုက်ပျောက်သွားတိုက်ဆေး | ၁၃၅၁၊ ဘုမ္မာ ၂၁၊၂၂ လမ်း၊<br>ညရပ်ကွက်၊ မြောက်ဥက္ကလာပ၊<br>ရန်ကုန်မြို့။ |
| | | အက်စ်ဒီကီလာ (အထူးအပြင်းနှင်းခူယားနာလိမ်းဆေး) | ဦးအောင်စိန်၊ အမှတ် ၂၆၅၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။ |
| | | ကျားသစ်လေဆေးဆီ | ၃၃လမ်း၊၈၁လမ်းထောင့်၊မန္တလေး။ |
| | | မျက်ကြည်လူဝစက္ခုပါလ | ဒေါက်တာဦးကျော်ငွေ၊မေတ္တာမွန်<br>တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊<br>ရေစကြိုမြို့။ |



www.foreverspace.com.mm

www.foreverspace.com.mm



| စဉ် | ကုန်ပစ္စည်းအမျိုးအစားနှင့် နိုင်ငံပိုင်သတင်းစာများတွင်အသိပေးနှိုးဆော်ချက်ဖော်ပြပါရှိသောရက်စွဲ | ကုန်ပစ္စည်းအမှတ်တံဆိပ်/အမည် | လိပ်စာဖော်ပြချက် |
|---|---|---|---|
| | | သကြားရေစင်အမှတ်တံဆိပ်၊ ကမ္ဘာအေးသွက်ချာပါဒလေငန်းဆေး | ကမ္ဘာအေးဆေးတိုက်၊ အမှတ်၇၉၊ မလကာခြံရပ်(သံ/ရှေ့)၊ မဟာအောင်မြေ၊ မန္တလေးမြို့။ |
| | | သိုက်ပုံရတနာ အစာကြေလေနိုင်ဆေး လျက်ဆား | တောင်ပိုင်းရှမ်းပြည်နယ်၊ပွေးလှမြို့၊ ၁၀/မြို့သစ်၃လမ်း၊ ကျောက်မြောင်း ရန်ကုန်မြို့။ |
| | | သစ်သီးပုံသွေးတိုးကျဆေး | ဒေါ်နန်းထွေးခမ်း၊၁ရပ်ကွက်၊ မိုင်းကိုင်။ |
| | | အောင်တံဆိပ်၊ ငန်းတက်ဆေးတော်ကြီး | ဆရာဦးချစ်ဦး၊ မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့။ |
| | | နာဂသိဿ ငန်းဆေး | ဆရာဦးချစ်ထူး၊ တိုင်းရင်းဆေးတိုက်၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။ |
| | | သူရိယ ဖျားနာကိုက်ခဲပျောက် ငန်းနီကျော် | ပစ်တိုင်းထောင်ဆေးတိုက်၊ ၈၁၅၊ မော်ကန် ၆ လမ်း၊ ပဲခူးမြို့။ |
| | | မြင်းနီပျံတံဆိပ်၊ မက္ကလောင်အဖျားဖြတ် | ဆရာစံ၏ ဘယဆေးစုံဆိုင်ဆေးကြီး<br>နမ့်ခမ်းမြို့၊ရှမ်းပြည်နယ်မြောက်ပိုင်း၊ |
| | | ရွှေပြည်ကျော် အဆုတ်ပုံအမှတ်တံဆိပ် အဆုတ်သန့်ချောင်းဆိုးပျောက်ဆေး | ရွှေပြည်ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ မ/၄၇၊ အမှတ်၈၀၊ ၄၁လမ်း၊ ၅၅× ၅၆လမ်းကြား၊ မန္တလေးမြို့။ |
| ၁၀ | စားသုံးဆီ<br>(၂၅-၇-၀၉) | ကျောက်ပုဇွန်နှစ်ကောင် (Star Oil၊ ကြယ်နီပုံအမှတ်တံဆိပ် (၁၈ လီတာဝင် အဝါရောင်ပလတ်စတစ်ပုံး) | Distributor-SAWIT FOOD မလေးရှားနိုင်ငံ |
| | | ကျောက်ပုဇွန်တစ်ကောင်အမှတ်တံဆိပ် (၁၈ လီတာဝင်အဝါရောင်ပလတ်စတစ်ပုံး) | မလေးရှားနိုင်ငံ |
| | | ရေနဂါး (Twin Sea Horse အမှတ်တံဆိပ်)<br><br>(၁၈ လီတာဝင်အဝါရောင်ပလတ်စတစ်ပုံး) | Asia Olien(M)Sdn Bhd.<br><br>Port Klang. မလေးရှားနိုင်ငံ။ |
| | | ငါးကြော်အမှတ်တံဆိပ် (Pamola Brand) (၁၈ လီတာဝင်အဝါရောင်ပလတ်စတစ်ပုံး) | Manufactured by; A I Energy Company Limited. ထိုင်းနိုင်ငံ။ |
| ၁၁ | ဆေးဝါး<br>(၃၀-၇-၂၀၀၉) | ဥဒ္ဒပါတသုခ သွေးလေကျဆေးကြီး | စွယ်စုံဆေးတိုက်၊ မိုင်းသောက်မြို့၊ အင်းလေး။ |
| | | မပုအမှတ်တံဆိပ်၊ ဓာတ်ပြာမွှေးသွားတိုက်ဆေး | ဒေါ်ရွှေမြ – သမီး မစိန်ပု(ခ)မပု အမှတ် ၇၅၄၊ စစ်ကိုင်းလမ်းသွယ်၊ ၂၅လမ်း၊ ၅ ရပ်ကွက်၊ တောင် |

www.foreverspace.com.mm



| စဉ် | ကုန်ပစ္စည်းအမျိုးအစားနှင့် နိုင်ငံပိုင်သတင်းစာများတွင်အသိပေးနှိုးဆော်ချက်ဖော်ပြပါရှိသောရက်စွဲ | ကုန်ပစ္စည်းအမှတ်တံဆိပ်/အမည် | လိပ်စာဖော်ပြချက် |
|---|---|---|---|
| | | သက်တော်စောင့်ရုပ်ရှင်ဆေး | ဥက္ကလာပ၊ ရန်ကုန်။ သက်တော်စောင့်ဆေးတိုက်၊ ရန်ကုန်မြို့။ |
| | | (နွေ-မိုး-ဆောင်း) ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ် ပျောက်ဆေး | ဆရာဦးသန်းမြင့်၊ ဒေါ်မို့မို့ (နွေ-မိုး-ဆောင်း)ဆေးတိုက်။ အမှတ် ၈၅၆၊ မြလမ်းသွယ်၊ ၁၊ ၃၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။ |
| | | အထူးသကြားရေစဉ် | သိမ်ဖြူဆရာဦးထွန်းလှ၊ အမှတ်-၂၀၊ ကုန်သည်လမ်း၊ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့။ |
| | | ဆေးနက်ကျော် လေပုပ်ထုတ်ဆေး | ဏဘယံဆေးတိုက်၊ ဈေးတန်းရပ်၊ ပင်းတယမြို့၊ ရှမ်းပြည်(တောင်ပိုင်း)။ |
| ၁၂ | ဆေးဝါး (၂၆-၈-၂၀၀၉) | – Chloramphenicol 10.25 g BP Capsule | Hongkong Eminent Fame Development Ltd. |
| | | - Griseofulvin Tablet 125 mg | Xuzhou Kangtai Pharmaceutica Co., Ltd. Jiangshu |
| | | - Griseofulvin Tablet 0.125 g | ဖော်ပြထားခြင်းမရှိပါ။ |
| ၁၃ | ဆေးဝါး (၁၆-၉-၂၀၀၉) | Dr. X100 Tablet (Sildenafit 100 mg) | Galpha Laboratories ltd. India |
| | | Tar get 100 Tablet (Sildenafit 100 mg) | Richie Laboratories Ltd. India |
| | | Mastigra 100 Tablet (Sildenafit 100 mg) | UNI-PEX Pharmaceuticals Pvt Ltd., India (For Ridley Life-Science) |
| | | Dexamethasone Tablet (Dexamethasone 500 mcg) | Silver Shine International Co., Ltd. Myanmar |
| | | Ya-Hom Powder (Five Pagodas Brands) | Five Pagodas Pharmacy Co., Ltd. Thailand. |
| ၁၄ | ဆေးဝါး (၉-၁၀-၂၀၀၉) | Chloramphenicol Capsule 250 mg BP | Yanzhou Xier Kangtai P'Cal Co., Ltd. |
| | | Indometacin Capsule 25 mg | Yinduomeixin Jiaonang |
| ၁၅ | ဆေးဝါး (၂၅-၁၀-၂၀၀၉) | Night of Passion Capsule 10800 mg | Hong Kong Lions Genic Biology Technology Engineering Co., Ltd. |
| | | 365 Night Capsule 4500 mg | America Manhatton p'cal International Group Company. |
| | | Outstandingly Beautiful Capsule 10800mg | Hong Kong Lions Genic Biology Technology Engineering Co., Ltd. |
| | | Black Ant 4600 mg Capsule | Timpo Bioengineering Co.,Ltd. USA |
| | | Oxytocin Injection | Henan Furenhuaiqingtang Zhiyaoyouziangongsi |

www.foreverspace.com.mm



# ၂၀၀၉ ခုနှစ် မှတ်တိုင်များ

## စာပေ၊ အနုပညာ

အယ်ဒီတာအဖွဲ့



### အမျိုးသားစာပေဆု

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များမှ စိစစ်ရွေးချယ်သည့် အမျိုးသားစာပေဆုများကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာရာ ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ်၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။ ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ (တစ်သက်တာဆု) ကိုစာရေးဆရာကြီး ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်) ကရရှိပြီး အဆိုပါဆုများကို ဒီဇင်ဘာလ ၃၁ ရက်နေ့၌ နေပြည်တော်ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် ချီးမြှင့်ခဲ့သည်။

www.foreverspace.com.mm



**၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများ**

| စဉ် | ဘာသာရပ် | စာအုပ်အမည် | ရေးသူ | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁ | ဝတ္ထုတိုပေါင်းချုပ် | သီဂိရိ ရှုသဝတ္ထုတိုများ | ကြူကြူသင်း | နိုင်ငံ့ဂုဏ်ရည်စာပေတိုက် |
| ၂ | စာပဒေသာ | ခါကာတိုခရီးသည် | ယိမ်းနွဲ့ပါး | နန်းဒေဝီစာပေ |
| ၃ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ | လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့ | မြတ်ခေတီး (ပညာရေးတက္ကသိုလ်) | စာပေဗိမာန် |
| ၄ | ကလေးစာပေ | ချစ်စရာကလေးများ (ကလေးဝတ္ထုတိုများ) | ရေနံမြေ မောင်မောင်ကြည် | စုံအောင်စာပေ |
| ၅ | လူငယ်စာပေ | ကုသိုလ်အရောင်ဆိုးပေပေါ | ကျွန်းစဉ်မြေအောင်ကော် | စာပေဗိမာန် |
| ၆ | ဘာသာပြန်(သုတ)စာပေ | ကျွန်းဒီမင်း သို့မဟုတ် တရုတ်ပြည်ကိုပြောင်းလဲခဲ့သူ | တောင်ကောင်းမင်း | သီဟရတနာစာပေ |
| ၇ | ဘာသာပြန်(ရသ)စာပေ | ပါဝါကျဆုံးခြင်းနှင့် စင်ကာပူ ဘဝရနံ့ဝတ္ထုတိုများ | ဝင်းထွဋ်ခေါ် | ယုံကြည်ချက်စာပေ |
| ၈ | သုတပဒေသာ(ဝိဇ္ဇာ) | ရာစုဝင်ထဲမှာပုဏ္ဏား | ဒေါက်တာဇဝန် (Ph.D)(Astro)(Kol.) | သမီးတော်တိကစာပေ |
| ၉ | သုတပဒေသာ(ရိုးရိုးသိပ္ပံ) | ပြည်သူ့အတွက်သစ်တောပညာ | ဒေါက်တာကျော်တင့် | လင်းဦးတာရာစာပေ |
| ၁၀ | သုတပဒေသာ(အသုံးချသိပ္ပံ) | ဖွံ့ဖြိုးဆဲဆာခေတ်သစ်စိုက်ပျိုးရေးရာ | အောင်စိုး (စိုက်ပျိုး/ ၁၀၇) | စာပေဗိမာန် |

## ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်နေ့က နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင်ကျင်းပခဲ့ရာ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုများပေါင်းခြင်းမှာ ယခုနှစ် ထူးချွန်ဆုပေးပွဲ၏ ထူးခြားချက်တစ်ရပ်ဖြစ်ခဲ့သည်။

အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို ကိုးဆယ်ဆသာလီမိုမယ်ရုပ်ရှင်ဇာတ်ကားမှ စိန်မှုတ္တာကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို ကိုးဆယ်ဆသာလီမိုမယ် ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ကားရိုက်ကူးသူ မောင်ယဉ်အောင်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ကိုးဆယ်ဆသာလီမိုမယ် ရုပ်ရှင်ဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ပို့ဆုကို ငွေစား၊ ငွေသွား၊ ငွေရာဝတီဇာတ်ကားမှ ကျော်ကြီးမြှ(ပဒေသာ) ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ကိုးဆယ်ဆသာလီမိုမယ် ရုပ်ရှင်ဇာတ်ကားမှ နီးဒီကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို ကိုးဆယ်ဆသာလီမိုမယ် ရုပ်ရှင်ဇာတ်ကားမှ ကျော်ရဲအောင်ကလည်းကောင်း ရရှိခဲ့ကြသည်။

www.foreverspace.com.mm



# ပုံနှိပ်မီဒီယာလောက အပြောင်းအလဲ

၂၀၀၉ ခုနှစ်အတွင်း မီဒီယာလောကအတွက် ထင်ရှားမှု အရှိဆုံး အပြောင်းအလဲတစ်ရပ်မှာ အပတ်စဉ်ထုတ် ပုဂ္ဂလိကစာ စောင်များတွင် နိုင်ငံရေးနှင့်ပတ်သက်သော အကြောင်းအရာများ အပါအဝင် နှစ်ပေါင်းများစွာ ဝေဖန်ရေးသားခွင့်မရခဲ့သော အရေး ကိစ္စများစွာ ရေးသားပုံနှိပ်ဖော်ပြခွင့် ရလာခဲ့ခြင်းဖြစ်သည်။

ပုံနှိပ်စာလုံးအဖြစ်ဖြင့် လုံးဝမမြင်တွေ့ခဲ့ရသော စကားလုံးများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အကြောင်းအရာ၊ အရေးကိစ္စများ ကို ၂၀၀၉ ခုနှစ်အတွင်းမှစတင်၍ ပြည်တွင်းထုတ်ဝေဖြန့်ချိနေ သော ပုံနှိပ်မီဒီယာအားလုံးတွင် ပုံနှိပ်ဖော်ပြခွင့်ရလာခြင်းမှာ ထူးထူး ခြားခြား မှတ်တမ်းတင်ရမည့် တိုးတက်ပြောင်းလဲမှုတစ်ရပ်ဖြစ် သည်။

ထို့အတူ တစ်နှစ်တာကာလအတွင်း ယခင်နှစ်အတန်ကြာ ကပင် ထုတ်ဝေဖြန့်ချိလာခဲ့သော ပုဂ္ဂလိက အပတ်စဉ်ထုတ်စာစောင် အချို့ ရပ်နားသွားခြင်းနှင့် စာစောင်အသစ်အချို့ ထပ်မံထုတ်ဝေလာ ခြင်းသည်လည်း ယခုနှစ်အတွင်း ထူးခြားမှုဟုဆိုရမည်ဖြစ်သည်။ ထိုမှတစ်ဆက်တည်း အသစ်ထွက်ရှိလာသော သတင်းဦးစားပေးစာ စောင်များ၊ လက်ရှိထုတ်ဝေဆဲ သတင်းဦးစားပေးစာစောင်များ အကြား သူထက်ငါ သတင်းဦး သတင်းထူး ဈေးဆော်ဦး ဖော်ပြနိုင်ရေး အားထုတ်မှုမှာလည်း ယခင်ယခင်များထက် ပြိုင်ဆိုင်မှု ပိုသည်းသန် ပြင်းထန်လာသည်ကို တွေ့ရသည်။ တစ်ဖက်တွင်လည်း အတိုင်း အတာတစ်ခုအတွင်းတွင်သာရှိနေသော သတင်းရင်းမြစ်များကြောင့် ဆင်တူယိုးမှား၊ သံတူကြောင်းကွဲသတင်းများကိုလည်း သတင်းဦး စားပေးစာစောင်များတွင် အပ်ကြောင်းထပ် တွေ့မြင်နေရကြောင်း စာဖတ်သူများ၏ ဝေဖန်မှုများလည်း ထွက်ပေါ်လာခဲ့သည်။ ယခင် ကထက်စာလျှင် သတင်းမီဒီယာများ ကြိုးစားအားထုတ်မှု၊ ပြိုင် ဆိုင်မှုပိုအားကောင်းလာသော်လည်း သတင်းရနိုင်သည့် ရင်းမြစ် နည်းပါးနေခြင်း၊ နည်းပါးလှသောသတင်းရင်းမြစ်များထံမှ စုံစမ်း ထောက်လှမ်းရယူခြင်း (လိုက်သတင်း) ထက် ထုတ်ပြန်ကြေညာ ချက်များ(ပေးသတင်း)ကိုသာ အကန့်အသတ်ဖြင့်ရရှိခြင်း၊ ယနေ့ သတင်းကို မနက်ဖြန်ပုံနှိပ်ဖော်ပြနိုင်သော စွမ်းဆောင်ရည်ဖြင့် သတင်း မီဒီယာအချို့ရှိနေခြင်း၊ ထိုက်တန်သရွေ့ ရရှိလာသော လွတ်လပ်ခွင့် ကို အလွဲအသုံးပြုသည့် သဘောဆန်ဆန် ရေးသားတင်ပြမှုများရှိ လာခြင်း၊ မီဒီယာကျင့်ဝတ်ကို ရေးသားသူများစွာ နားမလည်သေးခြင်း၊ မီဒီယာကို လက်နက်သဖွယ်အသုံးပြုလိုသူတို့ရှိလာခြင်း၊ မီဒီယာ အားကိုးဖြင့် ကျင့်ဝတ်နှင့်သွေဖည်သော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ နေရာပေးဖော်ပြလာခြင်း၊ အကြောင်းအရာ၊ အနှစ်သာရသဘောကို ဝေဖန်ဆန်းစစ်ခြင်းထက် လူပုဂ္ဂိုလ်သက်သက်ကိုသာ ပုတ်ခတ် ရေးသားမှုများလာခြင်း စသည်တို့ကိုလည်း ပုံနှိပ်မီဒီယာများတွင် မြင်တွေ့လာရသည်။

နောက်ထပ်ထူးခြားသည့် ဖြစ်ပေါ်တိုးတက်မှုတစ်ရပ်မှာ ယခင် ယခင်နှစ်များနှင့်ယှဉ်ပါက နိုင်ငံပိုင်မီဒီယာများတွင် သက်ဆိုင်ရာ နယ်ပယ်အလိုက် ပညာရပ်အသီးသီးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်းပါးများကိုသာ အတွေ့ရများလာပြီး လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ခု၊ နိုင်ငံတစ်နိုင်ငံအပေါ် ဝေဖန်တိုက်ခိုက်သောဆောင်းပါးများ လုံးဝမတွေ့ရတော့ခြင်းပင် ဖြစ်သည်။

ပုဂ္ဂလိကမီဒီယာများကို အတိုင်းအတာတစ်ခုအထိ ရေးသား ဖော်ပြခွင့်ပေးလိုက်သည့်အတွက် နိုင်ငံအတွက် ကောင်းမွန်စွာဖြင့်ဆောင် ရွက်ပေးသော အသိအမှတ်ပြုဖွယ်များကို လူထုက သတိပြုမိသွား စေသည့်အပြင် အစိုးရအဖွဲ့တစ်ရပ်လုံး၏ ဂုဏ်သိက္ခာကို လျှော့ပါး ကျဆင်းစေသော အမှုကိစ္စများ ထိုက်သင့်သလောက် လျော့နည်း သွားသည်ဟု မီဒီယာလောက၏ အကျိုးသက်ရောက်မှုကို လေ့လာ စောင့်ကြည့်နေသူများက အသိအမှတ်ပြုပြောဆိုကြသည်။

ထို့အပြင် လက်ရှိနိုင်ငံတည်ဆောက်ရေးအတွက်သော်လည်း ကောင်း၊ သမိုင်းကြောင်းလေ့လာမှုအတွက်သော်လည်းကောင်း၊ သင်ခန်းစာယူနိုင်ရန်နှင့် အတုယူနိုင်ရန်အတွက်သော်လည်းကောင်း များစွာအသုံးတည့်နိုင်သည့် စာကောင်းပေမွန် လက်ရာကောင်းများနှင့် စုစည်းထုတ်ဝေမှုများကို ယခုနှစ်အတွင်း အသစ်ပြန်လည်ထုတ်ဝေ လာကြခြင်းမှာလည်း အသိအမှတ်ပြုရမည့် အပြောင်းအလဲဖြစ် သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော စာအုပ် စာတမ်းများ အဟောင်းမှအသစ်ပြန်လည်ထုတ်ဝေခွင့်နှင့် အသစ် ပြုစုထုတ်ဝေခွင့်များ ယခုနှစ်အတွင်း ပိုမိုတွေ့မြင်လာရခြင်းကလည်း မှတ်တမ်းတင်ရမည့် အကြောင်းအရာဖြစ်သည်။ ယခုနောက်ဆုံးရရှိ သော အချက်အလက်များအရ မြန်မာနိုင်ငံတွင် လစဉ်ထုတ်မဂ္ဂဇင်း ၂၀၃ စောင်နှင့် အပတ်စဉ်ထုတ်ဂျာနယ် ၁၅၇ စောင်ရှိကြောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနထံမှ သိရသည်။

အခြားတစ်ဖက်တွင်လည်း အကြောင်းကြောင်းကြောင့် ယခုနှစ်အတွင်း ရပ်နားသွားသော ပုဂ္ဂလိကစာစောင်များရှိသကဲ့သို့ အခွင့်အခါသင့်၍ အသစ်ထုတ်ဝေလိုက်သော စာစောင်များလည်း ယခင်နှစ်များထက်စာလျှင် ပိုမိုများပြားသည်ကိုတွေ့ရသည်။

အရွယ်အစားကြီး၊ စာရွက်ဖြူဖျော့၊ ဆေးရောင်စုံ၊ ကတ္တစုံ၊ အင်အားကောင်းကောင်းဖြင့် ထွက်ရှိခဲ့သော Action Times ကဲ့သို့ ဂျာနယ်မျိုး ရပ်နားသွားသော်လည်း စာရွက်ဖြူဖျော့၊ အရောင်စုံ၊ အရွယ်ကြီးကြီး၊ ဂျာနယ်ဆိုဒ်ကြီး၊ ဆွဲဆောင်မှုကောင်းကောင်း ပေါ့ပ် ဂျာနယ်မျိုး၊ စာမျက်နှာအများစု အရောင်စုံ၊ အရွယ်အစားကြီး၊ ဓာတ်ပုံ များများ၊ နိုင်ငံတကာသတင်းများများ ပါဝင်သောသတင်းဂျာနယ် မျိုးနှင့် နိုင်ငံတကာသီးသန့်ဂျာနယ်အနည်းငယ်၊ အကြောင်းအရာ တစ်ခုခုကို သီးသန့်ဖော်ပြသည့် ဂျာနယ်အချို့၊ အားကစားအစဉ်

ဆောင်းလုံးသက်သက်ကျွာနယ်များ၊ အိုင်စီတီ၊ မိုဘိုင်းလ်ဖုန်းနှင့် အီလက်ထရွန်နစ်အခြေပြုဂျာနယ် အနည်းငယ် အစရှိသဖြင့် ဂျာနယ် အမျိုးအစားများလည်း အသစ်ထွက်ရှိလာသည်ကို တွေ့ရသည်။

ထပ်မံအသိအမှတ်ပြုမှတ်တမ်းတင်ရမည့် အကြောင်းအရာမှာ အပတ်စဉ်ထုတ်ပုဂ္ဂလိကဂျာနယ်များ အရှင်းရှင်း ကောင်းသော ပြိုင်ဆိုင်မှုဖြင့် ကြီးစားအားထုတ်လာကြခြင်းဖြစ်သည်။ စီးပွားရေး အခွင့်အလမ်းနှင့် မူဝါဒဆိုင်ရာသတင်းများနှင့်ပတ်သက်လျှင် မည်မျှ မှန်ကန်တိကျသောသတင်းဖြစ်စေကာမူ ဌာနဆိုင်ရာအဖွဲ့အစည်း များထံမှ တရားဝင်အတည်ပြုထောက်ခံချက်မရလျှင် သတင်းရေး သားဖော်ပြရန်မလွယ်ကူသည့်ကာလမျိုးတွင် အပတ်စဉ်ထုတ် သတင်းဂျာနယ်များအကြား များစွာအားထုတ်ပြိုင်ဆိုင်ခဲ့ကြရသည်။ အများထက်ထူးခြားစွာ 'ပေးသတင်း'ပို့ရသူ၊ မီဒီယာအရှင်းရှင်း၊ အနှစ်သာရရှင်း ပြိုင်ဆိုင်မှုထက် ပုဂ္ဂိုလ်ရေးနှင့် အသွင်သဏ္ဌာန် အားပြုတိုက်ခိုက်သူ အနည်းငယ်ရှိခဲ့သော်ငြား အများစုမှာမူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကာ 'လိုက်သတင်း'များဖြင့် သန့်ရှင်းစွာ ပြိုင်ဆိုင်ခဲ့ကြသည်ကိုတွေ့ရသည်။ ယခင်နှစ်များနှင့်စာ လျှင် အနည်းငယ်ထူးခြားသည့်အချက်မှာ ကျင့်ဝတ်ပိုင်းဆိုင်ရာ အငြင်းပွားဖွယ် သတင်းဖော်ပြမှုများ၊ တစ်ဖက်သတ်စွပ်စွဲတိုက်ခိုက် မှုများ၊ အပြန်အလှန်ကြေညာထုတ်ပြန်မှုများ၊ သတင်းစာကျင့်ဝတ် ပိုင်းဆိုင်ရာများ အပတ်စဉ်ထုတ်ဂျာနယ်များတွင် တွေ့မြင်ဖတ်ရှုရ ခြင်းဖြစ်သည်။ ကုန်ခဲ့သည့် လေးငါးနှစ်စန့်က ကျင့်ဝတ်နှင့် ဓီလာ ဆန့်ကျင်သည့် အဆင့်အတန်းနိမ့်နိမ့် တိုက်ခိုက်မှုများမှာမူ ယခုနှစ် တွင် လျော့ပါးသင့်သလောက် လျော့ပါးလာပြီဟုဆိုနိုင်သည်။

## မောင်စူးစမ်း၊ ကျော်ဝင်းနှင့် အောင်ထွန်း

ယခုနှစ်အတွင်း စာပေကဏ္ဍ၌ ထူးခြားစွာ မှတ်တမ်းတင်ရမည့် အကြောင်းအရာမှာ မောင်စူးစမ်း၊ ကျော်ဝင်းနှင့် အောင်ထွန်း တို့၏ မျက်မှောက်နိုင်ငံရေးနှင့်ပတ်သက်သည့် ပွင့်ပွင့်လင်းလင်း ရေးသားဖော်ပြထားသော ဆောင်းပါးများ ဖတ်ရှုခွင့်ရလာခြင်းဖြစ် သည်။


မောင်စူးစမ်း


ကျော်ဝင်း

နှစ်ပေါင်းများစွာ ကိုလိုနီနှင့် ဖက်ဆစ်လက်အောက်နှင့် ဗဟိုချုပ် ကိုင်စနစ်တစ်ခုအောက်တွင် နေသားကျလာခဲ့သော မြန်မာလူထု အတွင်း အခြေအနေအရ သူ့ဘက်၊ ကိုယ့်ဘက်၊ အင်တီ၊ ပရို၊ မဖြူ လျှင်မည်း သတ်မှတ်ရှုမြင်သူသာများနေသည့်အတွက် ဖော်ပြပါ ပုဂ္ဂိုလ် သုံးဦးရေးသားသည့် ဆောင်းပါးများကို သဘောမတူဘဲ ဝေဖန်ပြစ် တင်သူများ၏အသံကိုလည်း ပြည်တွင်းပြည်ပ မီဒီယာ မျိုးစုံမှတစ်ဆင့် ယခုနှစ်အတွင်း မကြာခဏဖတ်ရှု ကြားသိရသည်။ များသောအားဖြင့် သဘောမတူသူအများစုသည် အကြောင်းအရာ သဘောတရားကို ကျိုးကြောင်းကျကျ ချေပတုံ့ပြန်ခြင်းထက် ပုဂ္ဂိုလ် ရေးသက်သက်ကိုသာ ပုတ်ခတ်တိုက်ခိုက်မှုများသည်ကို တွေ့ရ သည်။

မောင်စူးစမ်း၊ ကျော်ဝင်းနှင့် အောင်ထွန်းတို့သည် လက်ရှိ မြန်မာနိုင်ငံရေးကို လက်တွေ့ကျဖြစ်နိုင်ခြေရှိသောနည်းလမ်းဖြင့် အလုပ်ဖြစ် အဖြေထွက်လိုသည်ဟု ထုတ်ဖော်ရေးသားနေကြသူ တစ်နည်းအားဖြင့် လက်ရှိမြန်မာနိုင်ငံအစိုးရက ရေးဆွဲအကောင် အထည်ဖော်နေသော လမ်းပြမြေပုံပါအချက်များအတိုင်း နိုင်ငံ အတွင်းရှိ **Stakeholder** အားလုံး ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်အောက်တွင် အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်ရေး၊ အာဏာနိုင်ငံရေးနှင့်လွတ်ကင်းသော နယ်ပယ် များတွင် နိုင်ငံအကျိုးရှိရာရှိကြောင်း ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတည်ဆောက်ရေး တို့တွင်အပြုသဘောစိတ်ဖြင့် ကူညီကြရန် ရေးသား တိုက်တွန်းနေကြသူများဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်သုံးဦး က မျက်မှောက်ကမ္ဘာကြီးရှိ နိုင်ငံတကာမှ လက်ရှိအခြေအနေများ၊ ပညာရှင်များ၏အတွေးအခေါ်၊ သီအိုရီများဖြင့် ပိုင်းဆစ်သုံးသပ်ချက် များကိုအခြေပြု၍ နိုင်ငံသားတို့၏အသိပညာရေချိန်ကို မြှင့်တင်ရန် လိုအပ်ကြောင်း ရေးသားလုပ်ဆောင်လျက်ရှိကြသည်။

အခြားတစ်ဖက်တွင်မူ ထောင်းဆိုချက်များ အပြည့်အဝရှိရေး နှင့် အရာရာသိပြီး၊ တတ်ပြီးသားဖြစ်နေသော ပြည်သူလူထုကို ဘာမှ

www.foreverspace.com.mm





အောင်ထွန်း

ထပ်သင်ကြားရန်မလိုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အချို့ ပြင်ဆင်ရေး၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အစိုးရတို့တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးတို့ကို တောင်းဆိုနေကြသူများက ဖော်ပြပါပုဂ္ဂိုလ်များ၏ အယူအဆ သဘောထားအမြင် တိုက်တွန်းချက်များကို လုံးဝဆန့်ကျင်ကြသည်။ ဖော်ပြပါ အကြောင်းအရာနှင့်ပတ်သက်၍ အဆိုပါပုဂ္ဂိုလ်သုံးဦး (အထူးသဖြင့် မောင်စူးစမ်းနှင့် အောင်ထွန်း) တို့ကို အင်တာနက်စာမျက်နှာများတွင်လည်း၊ ဒေါ်သတင်းကြီး ဆဲဆိုပုတ်ခတ်ရေးသားလျက်ရှိသည်ကို တွေ့ရသည်။

အချို့ကမူ ဖော်ပြပါအမြင်နှစ်ရပ်ကြောင့်မဟုတ်ပဲ အဆိုပါ ပုဂ္ဂိုလ်သုံးဦး၏အရည်အချင်း။ ဉာဏ်ပညာအဆင့်အတန်း ရေးသားသောပညာရပ်ဆိုင်ရာ ရှုထောင့်အမြင်များကြောင့် ပြည်တွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နာမည်ကျော်ကြားလာခြင်းကို မခံစားနိုင်သူ အနည်းငယ်ခန့်က ပုဂ္ဂိုလ်ရေးထိုးနှက်မှုသက်သက် ဖြစ်တင်ရေးသားကြသည့်သဘော တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ အဆိုပါပုဂ္ဂိုလ်သုံးဦးနှင့် ၎င်းတို့၏ဆောင်းပါးများ၊ ၎င်းတို့အပေါ်ဝေဖန်တိုက်ခိုက်မှုများသည် ၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံရေးနယ်ပယ်အတွင်း လှုပ်လှုပ်ခပ်ခပ်ရှိခဲ့သောကြောင့် မှတ်တမ်းတင်ရခြင်းဖြစ်သည်။

## ဂျာနယ် ၁၁ စောင်နှင့် မဂ္ဂဇင်း အစောင် ၂၀ ထုတ်ဝေခွင့် ဖျက်သိမ်းခံရ

မြန်မြကြားရေးဝန်ကြီးဌာန ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဟိုအဖွဲ့က ပြည်တွင်းတွင် ထုတ်ဝေလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များအနက်မှ သက်တမ်းတိုးခြင်းမရှိသည့် ဂျာနယ် ၁၁ စောင်နှင့် မဂ္ဂဇင်းအစောင် ၂၀ ထုတ်ဝေခွင့်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါဝန်ကြီးဌာနက ကြေညာချက် ၁၆/ ၂၀၀၈ ဖြင့် ၂၀၀၈ ခုနှစ်ဒီဇင်ဘာလ၄ ရက်နေ့က တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ စာပေနှင့်စာနယ်ဇင်းလောကအတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

**ထုတ်ဝေခွင့် ဖျက်သိမ်းခံရသည့်ဂျာနယ်များ**

- ၁။ သက်တံ့ရောင်စဉ်ဂျာနယ်
- ၂။ Viva Sports Journal
- ၃။ အောင်နိုင်ဓိတ်ဂျာနယ်
- ၄။ ရုပ်ရှင်သတင်းစဉ်ဂျာနယ်
- ၅။ နိုင်ငံတကာပြစ်မှုဂျာနယ်
- ၆။ မဟာဂျာနယ်
- ၇။ သတင်းလွှာဂျာနယ်
- ၈။ ကုမ္ပဏီလမ်းညွှန်ဂျာနယ်
- ၉။ Trend ရေစီးကြောင်းဂျာနယ်
- ၁၀။ အောင်ဆုလှုငယ်ဂျာနယ်
- ၁၁။ ဂီတကမ္ဘာဂျာနယ်

**ထုတ်ဝေခွင့်ဖျက်သိမ်းခံရသည့်မဂ္ဂဇင်းများ**

- ၁။ စာချုပ်လောကမဂ္ဂဇင်း
- ၂။ ကာရနောင်မဂ္ဂဇင်း
- ၃။ စာပေအလင်္ကာမဂ္ဂဇင်း
- ၄။ ဖွန်ပန်းမဂ္ဂဇင်း
- ၅။ သွေးသောက်မဂ္ဂဇင်း
- ၆။ ရုပ်ရှင်စတားမဂ္ဂဇင်း
- ၇။ Future Light မဂ္ဂဇင်း
- ၈။ High Light မဂ္ဂဇင်း
- ၉။ ဘဝလန်းပန်းမဂ္ဂဇင်း
- ၁၀။ မှုခင်းရောင်စုံမဂ္ဂဇင်း
- ၁၁။ မြတ်ကြေးမုံမဂ္ဂဇင်း
- ၁၂။ နတ်ရေကန်မဂ္ဂဇင်း
- ၁၃။ ကြေးမုံမဂ္ဂဇင်း
- ၁၄။ ရွှေတက်ရည်မဂ္ဂဇင်း
- ၁၅။ စရာဝတီမဂ္ဂဇင်း
- ၁၆။ ပွင့်သစ်ရုပ်ရှင်သတင်းစာစောင်
- ၁၇။ မြန်မာ့မွေးမြူစီးပွားစာစောင်
- ၁၈။ ကမ္ဘာ့သတင်းစဉ်
- ၁၉။ အားကစားနှင့် ဈေးကွက်စီးပွားရေးမဂ္ဂဇင်း
- ၂၀။ ရွှေဖူးစာမဂ္ဂဇင်း

## Phoenix ဂျာနယ်ထုတ်ဝေခွင့်ရုပ်နား

ထုတ်ဝေသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ အပြင် အခြားသောစည်းကမ်းများကိုပါ အကြိမ်ကြိမ်ချိုးဖောက်ခဲ့သည့်အတွက် ဖီးနစ် (Phoenix)ဂျာနယ်ထုတ်ဝေခွင့်ကို ဩဂုတ်

လေ ၂၈ ရက်နေ့မှစတင်၍ ရုပ်ဆိုင်းလိုက်ကြောင်း၊ ပုံနှိပ်သူများ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ထုတ်ဝေခွင့်ရုပ်ဆိုင်းလိုက်ခြင်းမှာ ၁၉၆၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ အက်ဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။ အဆိုပါဂျာနယ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့ပြီး ထုတ်ဝေခွင့်ရုပ်ဆိုင်း လိုက်ချိန်တွင် ၂၈ စောင် ထုတ်ဝေပြီးဖြစ်သည်။

## နွမ်ဂျာသိုင်းနှင့်မျိုးကိုမျိုး

စာရေးဆရာနွမ်ဂျာသိုင်းရေးသားခဲ့သော နာမည်ကျော်လုံးချင်း ဝတ္ထုတစ်အုပ်ဖြစ်သည့် 'တစ်ခါတုန်းကတဏှာသိုလ်မှာ' ဆိုသောနာမည်တူခေါင်းစဉ်ဖြင့်ပင် စာရေးဆရာမျိုးကိုမျိုးက ယခုနှစ်အတွင်း လုံးချင်းဝတ္ထုသစ်အဖြစ် ရေးသားဖြန့်ချိခဲ့ရာ အဆိုပါဇာတ်လမ်းမှာ တူညီမှုမရှိသော်လည်း ခေါင်းစဉ်တူညီမှု ကိစ္စရပ်အပေါ်တာဝန်ရှိသူများ၏ ရှင်းလင်းချက်အသီးသီးကို စက်တင်ဘာလလယ်ခန့်မှစ၍ လျှပ်တစ်ပြက်သတင်းဂျာနယ်တွင် ဆက်တိုက်ဆိုသလိုဖော်ပြခဲ့သည်ကို တွေ့ရသည်။

ခေါင်းစဉ်တူညီမှုကိစ္စရပ်များနှင့်ပတ်သက်၍ စက်တင်ဘာလ ၁၈ ရက်နေ့ထုတ် လျှပ်တစ်ပြက်သတင်းဂျာနယ်တွင် မေးမြန်းသူက "အားမနာတမ်းပြောရရင် ဒီဝတ္ထုခေါင်းစဉ်က ဆရာနွမ်ဂျာသိုင်း ရေးသားခဲ့ပြီး အောင်မြင်မှုတွေရခဲ့တဲ့ 'တစ်ခါတုန်းက တဏှာသိုလ်' မှာ ဝတ္ထုနာမည်အတိုင်းဖြစ်နေတယ်လေ" ဆိုသောမေးခွန်းအပါအဝင် ခေါင်းစဉ်နှင့်ပတ်သက်သည့် မေးခွန်းအချို့ကို စစ်စစ်မြစ်မြစ် မေးမြန်းထားသည်ကိုတွေ့ရသည်။ စာရေးဆရာမျိုးကိုမျိုးက ယင်းကိစ္စရပ်အပေါ် ဝတ္ထုထွက်ရှိသည်နှင့်တစ်ပြိုင်နက် စာနယ်ဇင်းမှ ပုဂ္ဂိုလ်အချို့အပါအဝင်မိတ်ဆွေအတော်များများ ခေါင်းစဉ်တူနေသည်ဟု သတိပေးပြောကြားကြောင်း၊ ၎င်းအနေဖြင့် တဏှာသိုလ်နောက်ခံ ဝတ္ထုအတော်များများရေးသားခဲ့ပြီး ယင်းဝတ္ထုကိုမှ နာမည်ပေးရန် စဉ်းစားမရသေးသောကြောင့် ရေးသားပြီးလေးငါးလကြာသည်အထိ နာမည်မပေးဖြစ်ခဲ့ကြောင်း၊ ၎င်းဝယ်ယူကြည့်ရှုသည့် ကိုရီးယားဇာတ်လမ်းတွဲတစ်ခု၏ နာမည်ကို ကြိုက်နှစ်သက်ရာမှပေးခဲ့ခြင်းဖြစ်ကြောင်း၊ 'တစ်ခါတုန်းက' နှင့် 'တဏှာသိုလ်' ဆိုလျှင် ဘုံပိုင်ဝေါဟာရများဖြစ်ကြောင်း စသည်ဖြင့် ပြောကြားထားသည်။

အထက်ပါ မျိုးကိုမျိုး၏ ရှင်းလင်းပြောကြားချက်များကို စာရေးဆရာ နွမ်ဂျာသိုင်းက မျိုးကိုမျိုးသို့ အိတ်ဖွင့်ပေးစာအဖြစ် 'နားလည်ပေးချင်ပါတယ် ဒါပေမဲ့' ဟု အစချီထားသည့် ပေး စာကို စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် လျှပ်တစ်ပြက်သတင်းဂျာနယ် တွင်ဖော်ပြထားသည်။ ယင်းစာတွင် နွမ်ဂျာသိုင်းသည် တစ်ခါ တုန်းက တဏှာသိုလ်ဝတ္ထုကို ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စတင်ရေးသားခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ် ဧပြီလတွင် ပထမအကြိမ်၊ ၁၉၈၈ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၅ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၀၅ ခုနှစ်တွင် စတုတ္ထအကြိမ်စသဖြင့် အကြိမ်ကြိမ်ထုတ်ဝေခဲ့ပြီးသည့်အပြင် ဗီဒီယိုအဖြစ်လည်းကောင်း၊ ကက်ဆက်ခွေဇာတ်လမ်းအဖြစ်လည်းကောင်း အသက်သွင်းခဲ့ကြပြီးဖြစ်ကြောင်း။ ဝတ္ထုခေါင်းစဉ်ကိုခွင့်ပြုချက်မရှိဘဲ ယူသုံးထားသည့် စာရေးဆရာ၏ မာကျောကျော ခပ်တင်းတင်းပြောရှင်းချက်များအပေါ် စိတ်မကောင်းဖြစ်ရကြောင်း။ ယင်းဝတ္ထုကိုဝယ်ယူခဲ့သည့် မျက်ခြယ်ထုတ်လုပ်ရေး ကိုလည်း ယင်းအမည်ဖြင့် ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးခြင်းမပြုရန်နှင့် ရိုက်ကူးခဲ့ပါက အစည်းအရုံးနှင့် ဆင်ဆာဌာနသို့ပါ ကန့်ကွက်သွားမည်ဖြစ်ကြောင်း ရေးသားထားသည်။ နွမ်ဂျာသိုင်း၏ ပေးစာထဲမှ ကောက်နုတ်ဖော်ပြလိုက်သည့် စကားရပ်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

". . . အခုနက အဲဒီမှာကတည်းက ကိုယ်လုပ်ခဲ့တာ မဟုတ်ဘူး၊ မမှန်ဘူး၊ မှားနေတယ်ဆိုတာသိဖို့ကောင်းပါတယ်။ တကယ့်တကယ်အခုနကတော့ သူများမပြောခင်ကတည်းက (စာရေးဆရာစစ်စစ်သာဖြစ်ခဲ့မယ်ဆိုရင်) ငါဒီလိုလုပ်တာမသင့်တော်ဘူး။ ဒီလိုအလုပ်မျိုးဟာ သိပ်ရှက်ဖို့ကောင်းတယ်ဆိုတာ သိသင့်ပါတယ်။

ထားပါ၊ သတိပေးမှသိတယ်ဆိုရင်လည်း အဲဒီမှာ ငါတော့မှားသွားပြီထင်တယ်။ ရိုးရိုးသားသားပဲ ဝန်ခံတောင်းပန်၊ နောက်တစ်ကြိမ်များထုတ်တဲ့အခါ တစ်မျိုးတစ်ဖုံပြင်ဆင်သွားမယ်လို့ ဆုံးဖြတ်သင့်ပါတယ်။ (ရိုးသားမယ်ဆိုရင်ပေါ့လေ) အဲဒီလိုမဟုတ်ဘဲ ဇွတ်မှန်အောင်လုပ်ဖို့ကြိုးစားတဲ့အခါ အမှားတွေက ထပ်ဆင့်သွားပါတယ် . . ."

ဆက်လက်၍လည်း မျိုးကိုမျိုးက 'ဆရာနွမ်ဂျာသိုင်းသို့ ပြန်ကြားစာ' အဖြစ် ရေးသားထားသည်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ထုတ် လျှပ်တစ်ပြက်သတင်းဂျာနယ်တွင် ထပ်မံ ဖော်ပြထားသေးသည်ကိုတွေ့ရသော်လည်း စာရေးဆရာနွမ်ဂျာ သိုင်းဘက်မှ ပြန်လည်တုံ့ပြန်သည်ကို အဆိုပါဂျာနယ်တွင် မတွေ့ရ ပေ။

မည်သို့ဆိုစေ မူပိုင်ခွင့်နှင့်ပတ်သက်၍ သတင်းအချက် အလက်နှင့် Awarenessခြေခြေမြစ်မြစ်မသိရှိကြသေးသည့် မြန်မာ နိုင်ငံသား အနုပညာရှင်၊ စာပေပညာရှင်၊ လုပ်ငန်းရှင်များအကြား ယင်းကဲ့သို့သောကိစ္စရပ်များ ဆင်တူယိုးမှားပေါ်ပေါက်လေ့ရှိသည် ကိုတွေ့မြင်ရသည်။ အထက်ပါကိစ္စရပ်မှာ ၂၀၀၉ ခုနှစ်အတွင်း စာပေအငြင်းပွားမှုများအနက် သိသာထင်ရှားသည့် သာဓကတစ်ရပ် ဖြစ်သောကြောင့် ဖော်ပြထားခြင်းဖြစ်သည်။

## စာရေးဆရာ နီကိုရဲကွယ်လွန်

ဟာသဝတ္ထုများဖြင့် ပရိသတ်ကြားအောင်မြင်မှုတစ်ခုရရှိလာ သော ဇာတ်ညွှန်းရေးဆရာ/ စာရေးဆရာနီကိုရဲ(ခ)ကိုရဲဝင်း၊ ၄၁ နှစ် သည် ၂၀၀၉ ခုနှစ် အောက်တိုဘာလ နံနက် ၁၂ နာရီခွဲတွင် လှိုင် သာယာ လုမ္ဗိနီဆေးခန်းတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့

www.foreverspace.com.mm



သည်။ ၎င်း၏ရုပ်ပြနကို အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရေ ဝေးသုသာန်၌ ကျင်းပခဲ့သည်။ ပရိသတ်များအကြား ၁၃ နှစ် ကြာ အောင်မြင်မှုရရှိခဲ့သော စာရေးဆရာနီကိုရဲသည် ၁၉၇၆ ခုနှစ်မှ စတင်၍ စာပေလောကသို့ ဝင်ရောက်လာပြီး ၁၉၈၉ ခုနှစ်တွင် ၎င်းရေးသားခဲ့သောဝတ္ထုများထဲမှ 'ကြည်ပြာရောင်နဂါးတစ်' ရုပ်ရှင် ဇာတ်ကားကို ရုပ်ရှင်စတင်ရိုက်ကူးရာမှ ထပ်မံအောင်မြင်မှုရရှိခဲ့ သူဖြစ်သည်။ လုံးချင်းဝတ္ထုပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေနိုင် ခဲ့သည်။

အဆိုပါ စာရေးဆရာ၏ဝတ္ထုများကို ထုတ်ဝေဖြန့်ချိပေး သော ကြောင်နှစ်ကောင်စာပေမှ ဦးမျိုးနှင့် စာရေးဆရာနီကိုရဲတို့၏ စာချုပ်နှင့်ပတ်သက်သော ကောလာဟလအချို့ထွက်ရှိခဲ့သော် လည်း စာရေးဆရာနီကိုရဲ၏ဇနီး မနိုင်နိုင်ဝင်းက ယင်းထုတ်ဝေ သူနှင့် ပတ်သက်သောပြဿနာများ တစ်စုံတစ်ရာမရှိခဲ့ခြင်းနှင့် စာ ရေးဆရာနီကိုရဲ၏ 'မွေးစားသမီး'၊ 'မသိကိန်းများ'၊ 'နတ်သမီး ထောင်ချောက်' စသော ဝတ္ထုများစွာ ဆက်လက်ထုတ်ဝေသွားရန် ရှိနေသေးသည်ဟုဆိုသည်။ နီကိုရဲ၏ ဝတ္ထုများအနက် လူသိများ သောဝတ္ထုများမှာ ကျွန်တော်နှင့် ရိုက်ကွင်းပေါ်မှအလွဲများ၊ စိတ်အိုင် ပက်သူ၊ နှင်းဆီစီးချင်း စသည်တို့ဖြစ်ကြသည်။

## ကာတွန်းဆရာကြီး ဦးဖေသိန်းကွယ်လွန်

မြန်မာနိုင်ငံတွင် လက်ရှိထုတ်ဝေလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာနှစ်စောင်အနက် ကြေးမုံသတင်းစာ၏ 'ကြေးမုံ' စာလုံး



ကာတွန်းဆရာကြီး ဦးဖေသိန်း

ဒီဇိုင်းရေးဆွဲခဲ့သူ၊ ထိမိသောကာတွန်းပေါင်းများစွာရေးဆွဲခဲ့သည့် မြန်မာနိုင်ငံကာတွန်းလောက၏ ရှေ့ဆောင်သမ္မာရင့်၊ ဝါရင့် သတင်းစာ ကာတွန်းဆရာကြီးတစ်ဦးဖြစ်သူ ဦးဖေသိန်းသည် ဇွန်လ ၁၉ ရက် နံနက် ၄ နာရီအချိန် ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မျှော်ရှုလမ်းရှိ နေအိမ်တွင် ကွယ်လွန်သွားရာ ၂၀၀၉ ခုနှစ် မြန်မာ ကာတွန်းလောကအတွက် ဆုံးရှုံးမှုအဖြစ်မှတ်တမ်းတင်ဖော်ပြလိုက် ပါသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၆ နှစ်ရှိနေပြီဖြစ်သော ကာတွန်းဆရာဦးဖေသိန်းသည် မကွယ်လွန်ခင်အချိန်က မကျန်းမာ သဖြင့် အာရှတော်ဝင်အထူးကုဆေးခန်းတွင် နှစ်ရက်တက်ရောက် ကုသမှုခံယူခဲ့ရာမှ ရန်ကုန်အထွေထွေပြည်သူ့ဆေးရုံကြီး၊ ဦးနောက် နှင့် အာရုံကြောအထူးကုသဆောင်တွင် ၁၀ ရက်ကြာ ဆေးကုသမှု ခံယူခဲ့သည်။ နေအိမ်သို့ ဇွန်လ ၁၃ ရက်တွင် ပြန်လည်ရောက်ရှိ လာပြီးနောက် ခြောက်ရက်အကြာ ဇွန်လ ၁၉ ရက်နေ့ နံနက် ၄ နာရီတွင် ကွယ်လွန်သွားခြင်းဖြစ်သည်။

လေနှစ်ကြိမ်ဖြတ်ခဲ့သောကြောင့် ၎င်းမကွယ်လွန်ခင်အချိန် ထိ ၁၀ နှစ်နီးပါး ကာတွန်းဆွဲခြင်းကိုရပ်နားခဲ့သည်။ ဗမာ့လွတ် လပ်ရေးကြိုးပမ်းမှုတွင်ပါဝင်ခဲ့သော 'ဒဲ၊ ပု၊ ရှိန်' မှ ဦးထွန်းရှိန်မှာ ၎င်း၏ဦးလေးတော်စပ်ပြီး ဦးဖေသိန်းကို အဖရွှေပြည်တော် ဦးဘတင်၊ အမိဒေါ်ကျော့စိန်တို့က ၁၉၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပန်းတနော်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းခြောက် ယောက်အနက် ဒုတိယမြောက်ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် မြူနီ စပယ်ကျောင်း၊ ယင်းမှ ၁၀၃၈ ခုနှစ်တွင် ပုသိမ်အမျိုးသားကျောင်း မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ အမျိုးသားကျောင်းတွင် ပင်နီတပ်နှင့် ကျောင်းသားများသမဂ္ဂသံမဏိသို့ဝင်ရောက်ခဲ့ပြီး ကျောင်းနေစဉ် ကျောင်းနံရံကပ်ပို့စတာ၊ စာစောင်၊ မဂ္ဂဇင်းများတွင် ပန်းချီ၊ ကာတွန်းရေးဆွဲခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ပုသိမ်အာရှ လူငယ်များအစည်းအရုံးဝင်ရောက်ခဲ့သည်။ ၁၉၄၃-၄၄ ခုနှစ်တွင် ကန်ကြီးထောင့် အာရှလူငယ်ကင်းထောက်မှူးအဖြစ်၊ ၁၉၄၅ ခုနှစ် တွင် စစ်အပြီး ဗမာနိုင်ငံလူငယ်များအစည်းအရုံးတွင် စာကြည့် တိုက်မှူးနှင့် ဝါဒဖြန့်ချိရေးမှူးတာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ရှိပြီး ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်းကျောင်းသားများသမဂ္ဂ၏ အိုးဝေမဂ္ဂဇင်းတို့တွင် အမှုဆောင် အဖြစ် ပန်းချီ၊ ကာတွန်းတာဝန်ယူခဲ့သည်။

ယင်းခုနှစ်တွင်ပင် ကာတွန်းဝိဇ္ဇာဦးဘကျမ်းထံတွင် တပည့်ခံ ကာ သတင်းစာဆရာဦးညိုမြ၏ အားပေးမှုကြောင့် အိုးဝေသတင်း စာမှ စာနယ်ဇင်းလောကသို့ဝင်ရောက်သည်။ ရန်ကုန်တက္ကသိုလ်မှ ၁၉၅၀ ပြည့်နှစ်တွင် ဥပစာတန်းအောင်မြင်ခဲ့သည်။ ယင်းနောက် ၁၉၅၁ ခုနှစ်တွင်ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ၊ စက်မှုလက်မှုကာတွန်းပြိုင်ပွဲ၊ သောင်းကျန်းမှုနှိမ် နင်းရေးကာတွန်းပြိုင်ပွဲ၊ လာဘ်ပေးလာဘ်ယူဖို့ရန်သူ ကာတွန်းပြိုင် ပွဲတို့တွင် ဆုရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ကာတွန်းဝိဇ္ဇာဦးဘကျမ်း ကွယ်လွန်ပြီးနောက် ကာတွန်းလောကတိုးတက်ရေးဦးဆောင်ကာ



ကာတွန်းလောကအတွက် အစားထိုး၍ မရနိုင်သော ဆုံးရှုံးမှုဖြစ်သည်

ဦးဘကျမ်းနှစ်စဉ်ကျင်းပခဲ့သော တန်ဆောင်တိုင်ပွဲကို ဆက်လက်တာဝန်ယူပြီး မြန်မာ့အလင်း၊ ဟံသာဝတီ၊ ဗမာ့ခေတ်သတင်းစာကြီးများနှင့် ရှုမဝ၊ သွေးသောက်၊ မြဝတီမဂ္ဂဇင်းတို့တွင် ကာတွန်းရေးဆွဲခဲ့ကာ ကြေးမုံသတင်းစာထွက်ပေါ်လာသောအခါ နေ့စဉ်ပင်တိုင်သတင်းကာတွန်းဆရာအဖြစ်ရေးဆွဲခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဒေါ်ခင်လေးနွယ်နှင့် အိမ်ထောင်ပြုခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် သတင်းစာများ၌ ကာတွန်းရေးဆွဲနေရာမှ သောင်းကျန်းသူများ၊ ဒုစရိုက်မှောင်ခိုကိုက်များ၏ ခြိမ်းခြောက်ခြင်းကြောင့် သတင်းစာကာတွန်းရေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ဖော်ကွန်းဝင် ဒုတိယအဆင့် ချီးမြှင့်ခြင်းခံရသည်။ ၁၉၈၉–၉၂ ခုနှစ်နောက်ပိုင်းတွင် ရေးဆွဲခွင့်လုံးဝရပ်ဆိုင်းခံခဲ့ရပြီး ၁၉၉၄ ခုနှစ်တွင် တစ်ကွက်ကာတွန်းများနှင့် ဆောင်းပါး၊ ဘာသာပြန်စာပေများကို မဂ္ဂဇင်းများတွင် အလျဉ်းသင့်သလိုထည့်သွင်းရေးသားခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ယခုအချိန်အထိ ကလေး၊ လူငယ်၊ လူကြီးများဖတ်ရှုနိုင်ရန်အတွက် ပုံပမာလစဉ်ထုတ်များမှ (၃၀) ခြား မက်လာကာတွန်းပဒေသာ၊ ငါးပါးသီလကာတွန်းပဒေသာ၊ တရားတော်လာပုံပမာ (၁) (၂)၊ စကားပုံပမာ၊ အီစွတ်ဂန္ထဝင်ပုံပြင်များတွင် ကာတွန်းသရုပ်ဖော်ရေးဆွဲကာ လုံးချင်းများ ထုတ်ဝေလျက်ရှိသည်။ ၎င်း၏အကြိုက်ဆုံးကာတွန်းမှာ ၁၉၈၈ ခုနှစ်တွင် ဦးအောင်ပြည့် အယ်ဒီတာအဖြစ်တာဝန်ယူစဉ် ထုတ်ဝေခဲ့သော ကြေးမုံလထုတ် ချယ်ရီမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'ကမ္ဘာသူ ကမ္ဘာသားများ လွတ်လပ်ကြပါစေ' တစ်ကွက်ကာတွန်းဖြစ်သည်။

ပြုပြင်ရေးကာတွန်း၊ သတိပေးကာတွန်း၊ ပညာပေးကာတွန်း၊ စည်းရုံးရေးကာတွန်းများရေးဆွဲခဲ့သော ၎င်းသည် မြန်မာ့ကာတွန်းလောက၏ ဂုဏ်ယူဖွယ် ဂန္ထဝင်ကာတွန်းဆရာကြီးများဖြစ်သော ဆရာကြီးဦးရွှေကလေး၊ ဦးဘကျမ်း၊ ဦးဟိန်စွန်းတို့အပြီး ထပ်မံ၍ ၎င်းကွယ်လွန်ခဲ့ခြင်းမှာ လွန်စွာနှမြောတသဖွယ်ကောင်းသည့်အတွက် ၂၀၀၉ ခုနှစ် မှတ်တိုင်များတွင် တစ်ခုအဖြစ်ရွေးချယ်လိုက်ပါသည်။

## မြန်မာ့အလင်းဦးသန်းညွန့်ကွယ်လွန်

ဝါရင့်သတင်းစာဆရာတစ်ဦးဖြစ်သော မြန်မာ့အလင်း ဦးသန်းညွန့် (အသက် ၈၃ နှစ်) သည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက် ည ၈ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့ရှိ ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် လူကြီးရောဂါဖြင့်ကွယ်လွန်သွားခဲ့သည်။

၎င်းကို ၁၉၂၆ ခုနှစ်တွင် အဖ ဦးထွန်းငြိမ်း၊ အမိ ဒေါ်နှင်းရီတို့က ရန်ကုန်မြို့၌မွေးဖွားခဲ့သည်။ ဦးဘိုးရင်၏ မြူနီစပယ်ကျောင်းတွင် မြန်မာစာစတင်သင်ကြားခဲ့ပြီး မူလတန်းမှအထက်တန်းအထိကိုမူ အိန္ဒိယတိုင်းပင်အမတ်ဟောင်း ဦးဧဒွါး (EH.MLA)ဦးစီးဖွင့်လှစ်သောကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်ကုန်ပိုင်းတွင် မြန်မာ့အလင်းသတင်းစာပုံနှိပ်တိုက်လီမိတက်တွင် အလုပ်သင်အဖြစ်စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် မေလပိုင်းတွင် ပြန်လည်ထုတ်ဝေခဲ့သော ဂျာနယ်ကျော်၌ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်သို့ ပြန်လည်ဝင်ရောက်ခဲ့ကာ အယ်ဒီတာအဖွဲ့ဝင်နှင့် လစ်စားသတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက် မြန်မာပြည်သတင်းထောက်များအသင်းတွင် ၁၉၄၈ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ အလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းထောက်များအသင်းဌာနချုပ်၌ အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာတွင် အယ်ဒီတာအဖြစ် ၁၉၆၂ ခုနှစ်နှစ်ဆန်းပိုင်းကစတင်ပြီးလည်းကောင်း၊ တွဲဖက်အယ်ဒီတာချုပ်အဖြစ် ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိလည်းကောင်းဆောင်ရွက်ခဲ့ပြီး၁၉၈၅ ခုနှစ်တွင် ဝန်ထမ်းအဖြစ်မှ အနားယူခဲ့သည်။ ဆောင်းပါးများကို မကွယ်လွန်မီအချိန်အထိရေးသားခဲ့ပြီး ဆောင်းပါးပေါင်းချုပ်စာအုပ် ၃ အုပ်ထုတ်ဝေခဲ့ပြီးဖြစ်ကာ ဝိမိုးနှင်းနှင့် အခြားဆောင်းပါးများစာအုပ်၊ လွယ်အိတ်နှင့် အခြားဆောင်းပါးများစာအုပ်တို့မှာ ထင်ရှားသည့်စာအုပ်များဖြစ်သည်။

## အာဆီယံအလှမယ်များတွေ့ဆုံပွဲသို့တက်ရောက်ရန် ဗီဇာကြားခံရသည့် သရုပ်ဆောင်သဇင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် ကျင်းပမည့် အာဆီယံအလှမယ်များတွေ့ဆုံပွဲ (ASEAN Beauties Gathering) သို့တက်ရောက်ရန် စားသိရှင်နှင့် သရုပ်ဆောင်သဇင် ဗီဇာကြားခံခဲ့ရသည့်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိဦးကြည်ထွန်းနှင့်အတူ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်

www.foreverspace.com.mm




သရုပ်ဆောင်သဇင်

နန်နင်းမြို့သို့ထွက်ခွာခဲ့သည်။

ကွမ်ရှီးပြည်နယ် ရုပ်မြင်သံကြားဌာန (GX TV) သည် အာဆီယံအလှရှာဖွေခြင်းရုပ်မြင်သံကြားအစီအစဉ်ကို မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံသို့ ရိုက်ကူးရေးအဖွဲ့များနှစ်စဉ်စေလွှတ်ပြီး သက်ဆိုင်ရာနိုင်ငံအသီးသီး၏ သဘာဝအလှ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုနောက်ခံထားလျက် ရိုက်ကူးထုတ်လွှင့်လျက်ရှိသည်မှာ သုံးနှစ်ဆက်တိုက်ရှိပြီဖြစ်သည်။ သရုပ်ဆောင်သဇင်သည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် အတွင်းက ကွမ်ရှီးရုပ်မြင်သံကြား ဌာနက ရန်ကုန်နှင့် မန္တလေးမြို့များတွင်လာရောက်ရိုက်ကူးသောအစီအစဉ်တွင် ပါဝင်သရုပ်ဆောင် ပေးခဲ့သည့်အတွက် ယခုကဲ့သို့ဖိတ်ကြားခံရခြင်းဖြစ်ပြီး နန်နင်းမြို့တွင် အခြားအာဆီယံအလှမယ်များနှင့်အတူ ရက်သတ္တတစ်ပတ်ခန့် ပါဝင်သရုပ်ဆောင်တင်ဆက်မည်ဖြစ်သည်။

## မောင်ဆုရှင်ကွယ်လွန်

တက္ကသိုလ်ထင်ကြီး ဒစ်ဂျစ်တယ်ရည်ညွှန်းစာကြည့်တိုက်ကို တည်ထောင်ခဲ့သူ စာပေဆုများရှင် စာရေးဆရာမောင်ဆုရှင် (ခ) ဦးမျိုးသန့် သည် ၂၀၀၉ ခုနှစ် ဇွန်လ ၂ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ရှိ SSC ဆေးခန်းတွင် ကွယ်လွန်ခဲ့သည်။

ဆရာမောင်ဆုရှင်ကို ၁၉၃၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အဖ ဦးချစ်ဖေ၊ အမိ ဒေါ်စိန်မြင့်တို့က မြောင်းမြမြို့တွင်မွေးဖွားခဲ့သည်။ အခြေခံပညာအထက်တန်းကို ရန်ကုန်မြို့မှအောင်မြင်ပြီး ဝိဇ္ဇာဘာသာရပ်ဖြင့် ရန်ကုန်တက္ကသိုလ်မှဘွဲ့ရရှိခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် စာပေများကိုစတင်ရေးသားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဆာရာကျူစ်တက္ကသိုလ်နှင့် ဘော့စတွန်တက္ကသိုလ်တို့မှသတင်းစာပညာနှင့် စာအုပ်ထုတ်ဝေရေးပညာဒီပလိုမာများရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့တွဲဖက်အတွင်းရေးမှူးနှင့် အတွင်းရေးမှူး၊ ၁၉၉၀-၁၉၉၄ ခုနှစ်အထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး၊ ၁၉၉၄-၉၈ အထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်များကိုအသီးသီးထမ်းဆောင်ခဲ့ပြီးလက်ရှိအချိန်အထိ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။ အမျိုးသားစာပေဆုကို ၁၉၆၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၈ ခုနှစ်တွင်တစ်ကြိမ်ရရှိခဲ့ပြီး၊ ၂၀၀၂ ခုနှစ်တွင် ပုဂ္ဂိုလ်ဦးအုံးဖေစာပေဆုကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယအဆင့်)ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် သုတစွယ်စုံစာပေတစ်သက်တာဆုကိုလည်းကောင်း ရရှိခဲ့သည်။

## ကွမ်ရှီးရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်ပြသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်၏ သဘာဝအလှများနှင့် ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရိုက်ကူးတင်ဆက်ထားသည့် အဆိုပါ ကွမ်ရှီးရုပ်မြင်သံကြားအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် ဇူလိုင်လ ၁၀ ရက်နေ့မှစတင်၍ အပိုင်း ခုနစ်ပိုင်းခွဲကာ ညစဉ်ထုတ်လွှင့်ပြသသွားခဲ့သည်။

အဆိုပါ ကွမ်ရှီးရုပ်မြင်သံကြားထုတ်လွှင့်ပြသပွဲ (Guangxi Television Showcase Week)ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးရုပ်မြင်သံကြားဌာနတို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်သည်။

## ကံချွန်ကွယ်လွန်

စာရေးဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာတစ်ဦးဖြစ်သည့် ကံချွန်သည် ၎င်း၏တစ်ကိုယ်တော်ပန်းချီပြပွဲ နောက်ဆုံးရက်ဖြစ်သော ဩဂုတ်လ ၂၀ ရက်နေ့ ညနေ ၃ နာရီခွဲအချိန်က အမှတ် ၈(စ)၊ ၄၄၊ ၄ ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့ရှိနေအိမ်တွင်ပင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ဆရာကံချွန်ကို ၁၉၄၆ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင်မွေးဖွားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မန္တလေးပန်းချီပန်းပုကျောင်းတွင်ပန်းချီပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ပန်းချီစတင်ရေးဆွဲခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ဟံသာဝတီသတင်းစာတိုက်၌ သတင်းစာ ကာတွန်းများစတင်ရေးသားခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဓတ်ကျောင်းသား

www.foreverspace.com.mm



လုံချင်းဝတ္ထုကိုရေးသားထုတ်ဝေခဲ့သည်။ ထို့နောက် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကာတွန်း၊ ပန်းချီ၊ ဆောင်းပါး၊ သရော်စာ၊ ဝတ္ထုတိုများကိုရေးသားခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ကိုယ်ပိုင်ပန်းချီပြခန်းကို စတင်တည်ထောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ၂၀၀၉ ခုနှစ် ဆယ်နှစ်တာကာလအတွင်း စာအုပ်ပေါင်း ၇၃ အုပ်ရေးသားထုတ်ဝေခဲ့သည်။ ကံချွန်သည် ၂၀၀၀ ပြည့်နှစ်တွင် မန္တလေး YMCA ပန်းချီပြပွဲ နှင့် ၂၀၀၁ ခုနှစ်တွင် လောကနတ်ပန်းချီခန်းမတို့၌ ပန်းချီပြပွဲများပြုလုပ်ခဲ့သည်။ ကံချွန်ကို ဩဂုတ်လ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မှတ်ဆလင်ထုံးစံအတိုင်း ၂၄ နာရီအတွင်း ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့သည်။

## MK Car Audio နှင့် ပုံရိပ်အသုံးပြုခွင့်စာချုပ်ချုပ်ဆိုလိုက်သည့် လေးဖြူ အငဲ နှင့် မျိုးကြီး

ဆွီဒင်နိုင်ငံလုပ် DLS Car Audio ပစ္စည်းသစ်များတင်သွင်းလျက်ရှိသည့် MK Car Audio Service သည် အဆိုပါ Brand အတွက် ကြော်ငြာများရိုက်ကူးရာတွင် ပုံရိပ်သက်သက်အသုံးပြုရန်အတွက် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသော လေးဖြူ၊ အငဲ၊ မျိုးကြီးတို့နှင့် သဘောတူစာချုပ်များ စန်းနဝါရီလအတွင်းက ချုပ်ဆိုခဲ့ရာ အနုပညာကဏ္ဍအတွက် ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။

အဆိုပါကုမ္ပဏီသည် Pioneer Car Audio Brand များကို ၂၀၀၈ ခုနှစ်က စတင်တင်သွင်းဖြန့်ချိခဲ့ပြီး အဆိုပါ Brand အတွက် တေးသံရှင်စိုးစိုးခမ်းလှိုင်နှင့်လည်းတစ်နှစ် စာချုပ်ချုပ်ဆိုခဲ့သည်။



## NHK တွင် ထုတ်လွှင့်မည့် ဂီလတ်၏ ဓာတ်တာသီချင်း

ဘာလာလာအမည်ရှိ စီးရီးအယ်လ်ဘမ်တွင်ပါဝင်သော တေးသံရှင်ဂီလတ်၏ ဓာတ်တာ သီချင်းကို ဂျပန်နိုင်ငံရှိ NHK ရုပ်သံဌာနတွင် ဩဂုတ်လ ၈ ရက်နေ့မှစတင်၍ ထုတ်လွှင့်ပြသခဲ့ခြင်းမှာ ကိုယ်ပိုင်သံစဉ်သီချင်းများကသာ နိုင်ငံကိုယ်စားပြုသီချင်းများဖြစ်နိုင်ကြောင်း မီးမောင်းထိုးပြလိုက်သော ဂီတလောက၏ မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

အဆိုပါသတင်း ဌာနတွင် မြန်မာနိုင်ငံအတွင်း လတ်တလောရေပန်းစားလျက်ရှိသည့် တေးသီချင်း၊ ရုပ်ရှင်၊ ယဉ်ကျေးမှု၊ လူငယ်များ၏ စိတ်ဝင်စားမှုအစရှိသည်များကို ကဏ္ဍသစ်တစ်ခုအနေဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ရာ အဆိုပါအစီအစဉ်တွင် ဂီလတ်၏ဓာတ်တာသီချင်းကို ပထမဦးဆုံးထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ ကိုယ်ပိုင်သံစဉ်များထဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရိုက်ကူးထားသည့်ပုံစံကိုပါ ကြိုက်နှစ်သက်သည့်အတွက် ရွေးချယ်ခြင်းဖြစ်သည်ဟုဆိုသည်။

## ထီလာစစ်သူကွယ်လွန်

မဲခေါင်မြစ်မှအိုရှက်ဝါနှင့်အခြားကဗျာများစာအုပ်ဖြင့် စာပေဗိမာန်စာမူဆုရရှိခဲ့သူ စာရေးဆရာနှင့်ကဗျာဆရာကြီး ထီလာစစ်သူသည် အောက်တိုဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ထီလာစစ်သူ၏အမည်ရင်းမှာ ဦးစိုးညွန့်ဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၇၈ နှစ်ရှိပြီဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် အဖ ဦးဘရှင်၊ အမိဒေါ်အုံးတင်တို့က မွေးဖွားခဲ့သည်။ မိတ္ထီလာမြို့ ရွှေစစ်သည် ကျေးရွာဇာတိဖြစ်ပြီး၁၉၅၀ပြည့်နှစ်တွင် တပ်မတော်ထဲသို့ ဝင်ရောက်ခဲ့ကာ ၁၉၈၂ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ မြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် ဒုတိယဝန်ကြီးအဆင့်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မဲခေါင်မြစ်မှအိုရှက်ဝါနှင့် အခြားကဗျာများစာအုပ်ဖြင့်ပင် ဂျပန်နိုင်ငံ Indochina Ventum Forum အသင်းကြီးမှပေးအပ်သော The Great Poet Laureage ကဗျာသရဖူဆုကို ၁၉၉၆ ခုနှစ်တွင်လည်းကောင်း၊ မြန်မာစာဆိုဒေါက်တာဘွဲ့ကို လည်းကောင်းရရှိခဲ့သည်။ ထီလာစစ်သူအပြင် အခြားကလောင်ခွဲများမှာ ရဲခေါင်ကျော်စွာ၊ စိုးညွန့်၊ ဗိုလ်သိမ်းဇော်နှင့် သုတေသီတစ်ဦးတို့ဖြစ်သည်။

## စာရေးဆရာမကြီး ဒေါ်ကြည်ဦးကွယ်လွန်ခြင်း

စာရေးဆရာ နန်းညွန့်ဆွေ (ခ) ဦးအောင်သိန်း၏ ဇနီး၊ နာမည်ကျော် အနုပညာရှင်တစ်ဦးဖြစ်သူ မောင်သူရ(ဇာဂနာ)၏ မိခင်ဖြစ်သူ စာရေးဆရာမကြီး ဒေါ်ကြည်ဦးသည် ၂၀၀၉ ခုနှစ်

www.foreverspace.com.mm



မတ်လ ၂၀ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိနေအိမ်တွင် ကွယ်လွန်ခဲ့သည်။ သည်းခြေပြွန်လမ်းကြောင်းတွင် ကင်ဆာရောဂါဖြစ်ပွားခြင်းကြောင့် ဇဟိုစည် အထူးကုဆေးခန်းတွင် မတ်လ ၆ ရက်နေ့က တက်ရောက်ကုသခဲ့ပြီး ၁၄ ရက်နေ့တွင် နေအိမ် သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ်ရှိပြီဖြစ်သည်။

ဆရာမကြီး၏အမည်ရင်းမှာ ဒေါ်လှကြည်ဖြစ်ပြီး ဖခင် ဗိန္ဓောဆရာကြီး ဦးသက်နှင့် မိခင်ဒေါ်ငွေယုန်တို့မှ ၁၉၂၅ ခုနှစ် ဇွန်လ ၂၃ ရက် (၁၂၈၇ ခု ဝါဆိုလဆန်း ၅ ရက်)နေ့တွင် သထုံခရိုင် ဘီးလင်းမြို့နယ် ဇောင်းစွန်းမြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်း ခြောက်ယောက်အနက် ငါးယောက်မြောက်ဖြစ်သည်။ သိုင်းပညာ ပြန့်ပွားရေးအတွက် ပြုလုပ်သည့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတွင် ရွေးချယ်ခံရသော သက်လုံဝတ္ထုကို တိုင်းရင်းမျှော်နယ်သို့ ပေးပို့ရာမှ စာပေနယ်ထဲသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် လူထုပညာရေးကောင်စီမှ ထုတ်ဝေသည့် လူထုပညာစာစောင်တွင် လက်ထောက်အယ်ဒီတာဖြစ်လာခဲ့သည်။ ယဉ်ကျေးမှု၊ ခေတ်ရထား၊ သမဝါယမ၊ စာပေဗိမာန်၊ အထောက်တော်၊ မြတ်ရတနာ၊ ငွေတာရီ၊ မြဝတီ၊ ရှုမဝ၊ မိုးဝေ၊ တေးသဒ္ဒါ စသည့်မဂ္ဂဇင်းများ၌ ဝတ္ထုများနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဖွဲ့စည်းသည့် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းတွင် စတင်တည်ထောင်သူအဖြစ် ပါဝင်ခဲ့ပြီး ယုဝတီဂျာနယ်တွင် ဆရာမကြီး ဒဂုန်ခင်ခင်လေး လက်ထက်မှစ၍ ဆရာမကြီး ကွယ်လွန်ပြီးချိန်အထိ အယ်ဒီတာအဖြစ် ခြောက်နှစ်စန့်ဆောင်ရွက်ခဲ့သည်။ ဆရာမကြီးရေးသားထုတ်ဝေခဲ့သည့်စာအုပ်များမှာ ရှေးထုံးစဉ်လာ မြန်မာမှုများ၊ ဝိသာခါဒေဝီ၊ မြန်မာ့ရိုးရာစကားထာ၊ ကလေးကြေးမုံ့ ငှက်မျိုးစုံ၊ ကလေးကြေးမုံ့ပင်မျိုးစုံ၊ ကိုကိုတို့အရွယ်၊ မေကွက်ကိုရှာ၊ အလောင်းတော်ကဿပတောလား၊ လူဝင်စားများနှင့် တွေ့ဆုံခြင်း၊ ဗုဒ္ဓဂယာမွေစီး၊ ထူးဆန်းအံ့ဖွယ်ပရလောကနယ် စသည့်စာအုပ်များဖြစ်သည်။

## မြို့မငြိမ်း နှစ် ၁၀၀ ပြည့်

မြန်မာ့တေးဂီတသမိုင်းတွင် ထူးချွန်ထင်ရှားသည့်မြို့မငြိမ်း နှစ် ၁၀၀ ပြည့် အခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်နေ့က မန္တလေးမြို့ ကဗျာဆရာ မောင်စိုးသစ် (မန္တလေး)၏နေအိမ်တွင် ကျင်းပခဲ့သည်။

မြို့မငြိမ်းသည် မန္တလေးမြို့မ အပျော်တမ်းတူရိယာအဖွဲ့ကြီး၏ ကျောရိုးဖြစ်ခဲ့ပြီး ဗမာ့ဂီတကို ကမ္ဘာ့ဂီတအဆင့်သို့ မြှင့်တင်နိုင်ရေးနှင့် ဆင်ဖိုနီခေါ် သံစုံတီးဝိုင်းကြီးတစ်ဝိုင်း ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။

မြို့မငြိမ်းကို ၁၉၁၀ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မွေးဖွားခဲ့ပြီး မန္တလေးမြို့ ၂၈ လမ်း ရွှေတော်ပြေးဝင်း မြောက်ပေါက်တွင် နေထိုင်ခဲ့သည်။ ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့အသက် ၄၆ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကာ ကွယ်လွန်ပြီးချိန်၌ အလင်္ကာကျော်စွာဘွဲ့ကို ရရှိခဲ့သည်။

## ၂၀၀၉ တွင် ပိုမိုအောင်မြင်လာသည့် သရုပ်ဆောင် ပြေတီဦးနှင့် မွေးနေ့ပွဲကယောက်

မြန်မာနိုင်ငံ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်ရေးကွက်အတွင်း ငြိမ်ငြိမ်းမှန်မှန်နှင့် ဇာတ်ကားများ ရိုက်ကူးနေသည့် သရုပ်ဆောင် ပြေတီဦး၏ အောင်မြင်မှုသည် ၂၀၀၉ ခုနှစ်အတွင်း အရှိန်အဟုန်မြှင့်တက်လာသည်ကို တွေ့ရသည်။ ယခင်က အတွေ့ရနည်းသည့် စီးပွားရေးကြော်ငြာများတွင်ပင် ယခုနှစ်အတွင်း ခပ်စိတ်စိတ်မြင်တွေ့ရခြင်းက ၎င်း၏အောင်မြင်မှုကို ပြဆိုနေပေသည်။ ရုပ်ရှင်ဇာတ်ကားကြီးများထက် ဗီဒီယိုရိုက်ကူးမှုက အဆမတန်များပြားနေသော်လည်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် မွေးနေ့ပွဲကယောက်က ပြေတီဦးပရိသတ်အင်အားကို မှန်းဆနိုင်ရန် အထောက်အကူပြုခဲ့သည်ကို တွေ့ရသည်။

မွေးနေ့ပွဲမပြုလုပ်ခင်ကပင် နိုဝင်ဘာလ ၃၀ ရက်နေ့ ချော်ခင်ကွန်းတွင်ပြုလုပ်မည့် မွေးနေ့၏စိတ်ဝင်စားဖွယ် အစီအစဉ်များကို ဂျာနယ်အချို့သို့ သတင်းထုတ်ပြန်ခြင်းကြောင့်လည်းကောင်း၊



လူငယ်ပရိသတ်များအကြား ရေပန်းစားသည့် ပြေတီဦး

www.foreverspace.com.mm



လူစည်ကားများနေရာအချို့တွင် ကြော်ငြာဘုတ်ဆောင်ခြင်းကြောင့်လည်းကောင်း မွေးနေ့ပွဲမပြုလုပ်ခင်ကပင် ၎င်း၏မွေးနေ့ပွဲမှာ လူအများ၏စိတ်ဝင်စားမှုကို ရရှိခဲ့သည်။ ၎င်း၏ မွေးနေ့ပွဲဂယက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ထုတ် လျှပ်တစ်ပြက်သတင်းဂျာနယ်တွင်-

မွေးနေ့ပွဲသို့တက်ရောက်လိုသည့်အတွက် လျှောက်လွှာလာယူကြသည့် ပရိသတ်မှာ အဆမတန်များပြားကြောင်း၊ အဆိုပါ မွေးနေ့ပွဲ သတင်းထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း မွေးနေ့ပွဲသတင်းမေးမြန်းမှုကို ဖုန်းဖြေကြားရသည်မှာ အားလပ်သည်ဟူ၍မရှိကြောင်း။ ပရိသတ်များနှင့် စာနယ်ဇင်းအချို့ လုံခြုံရေးတာဝန်ယူသူများနှင့် အငြင်းပွားမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း 'ပြေတီဦးပေးတဲ့ဒုက္ခ'ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးထဲတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ယင်းဂျာနယ်တွင်ပင် သရုပ်ဆောင်ပြေတီဦး၏ ကျေးဇူးတင်လွှာကို ထည့်သွင်းထားပြီး အောက်ပါအတိုင်း တောင်းပန်သော စာသားထည့်သွင်းထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

"......... ကျွန်တော်၏ မွေးနေ့ပွဲအား ပရိသတ်များနှင့်အတူတကွ ပျော်ရွှင်နိုင်ရန် မေတ္တာစေတနာဖြင့် အခမဲ့ စီစဉ်ပေးခဲ့သော်လည်း ပရိသတ်အင်အားမှာ မထင်မှတ်လောက်အောင် များပြားနေခြင်းကြောင့် ပရိသတ်အားလုံး ကြည့်ရှုနိုင်ရန် နေရာအဆင်မပြေဖြစ်သွားခြင်း၊ အခက်အခဲအမျိုးမျိုးကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားခြင်းရှိခဲ့ပါက အလွှာအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးကို ရိုသေစွာ အနူးအညွတ်တောင်းပန်အပ်ပါသည်"

မည်သို့ဆိုစေ အနုပညာနယ်ပယ်အတွင်း ယခုသို့အောင်မြင်မှုရရှိရန် ၁၀ နှစ်နီးပါးကြိုးစားခဲ့ရသည်ဟု ဆိုလေ့ရှိသည့် သရုပ်ဆောင်ပြေတီဦး၏ အဆိုပါမွေးနေ့ပွဲတွင် စေတနာရှင် အလှူရှင်များထံမှ ကောက်ခံရရှိငွေ ကျပ် ၁၇သိန်း၈သောင်း ရရှိခဲ့ရာ ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းသို့ လှူဒါန်းသည်ဟု အနုပညာဦးစားပေးဂျာနယ်များတွင် ဖော်ပြခဲ့ရာ အောင်မြင်သောမွေးနေ့ပွဲတစ်ခုဟု ဆိုရပေမည်။

အခကြေးငွေမဲ့ အနုပညာရှင်များနှင့် ပရိသတ်များတွေ့ဆုံသည့် အလားတူမွေးနေ့ပွဲမျိုး ဂီတနယ်ပယ်ထဲမှ တေးသံရှင်စံလေးနှင့် ဖြူဖြူကျော်သိန်းတို့ ပြုလုပ်ခဲ့ဖူးသော်လည်း သရုပ်ဆောင်နယ်ပယ်ထဲမှမူ ပြေတီဦးသည် ပထမဆုံးဖြစ်ခဲ့ရာ ၂၀၀၉ ခုနှစ် အနုပညာကဏ္ဍအတွင်း ထူးခြားမှုတစ်ခုဟု မှတ်တမ်းတင်ရမည်ဖြစ်သည်။

## ကိုရီးယားအမျိုးသမီးသရုပ်ဆောင် မြန်မာနိုင်ငံလာရောက်ခြင်း

မြန်မာလူ့အဖွဲ့အစည်းအကြား ကိုရီးယားရုပ်သံဇာတ်လမ်းများ မြဝတီနှင့် မြန်မာ့ရုပ်မြင်သံကြားတွင် စတင်ပြသရာမှ ကိုရီးယန်း နိက်ဖောရှင်း ကူးစက်လာရာ ယခုအခါ ကိုရီးယားအစားအစာ၊ ကိုရီးယားသရုပ်ဆောင်များ ဝတ်စားဆင်ယင်မှုပုံစံအတိုင်း မြန်မာလူငယ်များအကြား ခေတ်စားလာခဲ့သည်။ ယခု ၂၀၀၉ ခုနှစ်




မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ကိုရီးယားအမျိုးသမီးသရုပ်ဆောင် Lee Young Eun

အောက်တိုဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိကျင်းပသော (၅) ကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် မြန်မာပရိသတ်များနှင့် ရင်းနှီးပြီးဖြစ်သော သရုပ်ဆောင်ရိန်းနှင့် အွန်ဆောတို့ပါဝင်သည့် ချစ်စံအိမ်ဇာတ်လမ်းတွဲထဲတွင် ဂျိုဂျိုအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် ကိုရီးယားအမျိုးသမီးသရုပ်ဆောင် Lee Young Eun မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

သမ္မတရုပ်ရှင်ရုံတွင် ကျင်းပသော (၅) ကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲတော်တွင် ကိုရီးယားအမျိုးသမီးသရုပ်ဆောင် Lee Young Eun ပါဝင်သရုပ်ဆောင်ထားသော Summer Whis-



www.foreverspace.com.mm



pers, Mom's Way, Marathon, Oseam တို့ပြသခဲ့သည်။ Lee Young Eun ၏ Summer Whispers ၏ အမျိုးသမီးဒါရိုက်တာတို့သည် မြန်မာနိုင်ငံသို့ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရောက်ရှိပြီး အောက်တိုဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် စာနယ်ဇင်းများနှင့်လည်းကောင်း၊ ယင်းနေ့ညနေပိုင်းနှင့် အောက်တိုဘာလ ၁၇ ရက်တို့တွင် ပရိသတ်များနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ ကိုရီးယားအမျိုးသမီးသရုပ်ဆောင် Lee Young Eun မတိုင်မီ မြန်မာနိုင်ငံသို့ ၂၀၀၅ ခုနှစ် ဇက်တင်ဘာလအတွင်း ကိုရီးယားအမျိုးသားသရုပ်ဆောင်ဂင်ဂျေဝန်(ချွဲချွာနူး)နှင့် ကိုရီးယားအမျိုးသမီးလူငယ်အဖွဲ့ Baby B.O.X တို့ လာရောက်ဖူးသည်။

Lee Young Eun ကို ၁၉၈၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး လက်ရှိတွင် ရုပ်ရှင်၊ ဇာတ်လမ်းတွဲနှင့် ကြော်ငြာများ ရိုက်ကူးလျက်ရှိကာ အနုပညာလုပ်ရှားမှုအဖြစ် ရုပ်ရှင်ကား ၁၂ ကား၊ ဇာတ်လမ်းတွဲ ၁၅ခု၊ ကြော်ငြာ ၂၅ ခု တို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

## လေးဖြူနှင့် Alpine Sponsor

မြန်မာနိုင်ငံတွင် ရေပန်းအစားဆုံး တေးဂီတအဖွဲ့ Iron Cross ၏ ပင်တိုင်တေးသံရှင် စင်မြင့်ဂီတပွဲများဖျော်ဖြေမှု သုံးနှစ်နီးပါး ရပ်နားထားခဲ့သော လေးဖြူသည် နာဂစ်ရန်ပုံငွေအတွက် ကျင်းပသည့်ဖျော်ဖြေပွဲမှစ၍ စင်ပေါ်တွင်ပြန်လည်သီဆိုခဲ့ပြီးနောက်ပိုင်း



နာမည်ကျော် တေးသံရှင်လေးဖြူ

လွယ်ဟိန်းကုမ္ပဏီနှင့် Iron Cross Entertainment တို့ပူးပေါင်းတင်ဆက်သည့် Alpine Music Tour 2009 ဖြင့် ဂီတဖျော်ဖြေပွဲများ ပြန်လည်လက်ခံသီဆိုခဲ့သည်ကို တွေ့ရသည်။

Alpine Music Tour 2009 ကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ဖားကန့်၊ လားရှိုး၊ မူဆယ်၊ တောင်ကြီး၊ မိတ္ထီလာ၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်၊ စစ်တွေ၊ ပုသိမ်၊ မကွေးနှင့် မိုးကုတ်အပါအဝင် မြို့ကြီးများတွင် စင်တင်ဂီတပွဲပေါင်း ၃၀ ခန့်ကို ၂၀၀၉ ဇန်နဝါရီလမှ ၂၀၁၀ ဇန်နဝါရီလအထိ သီဆိုမည်ဖြစ်သည်။

## တေးသံရှင်ကျောက်ကျက်သီချင်းပြန်ဆိုခွင့်ရခြင်း

မြန်မာ့တေးဂီတလောကတွင် တရားဝင်ထုတ်ဝေခွင့်မရဘဲ ခိုးကူးခွေရောင်းချသူများ၏အသိုင်းအဝိုင်းမှတစ်ဆင့် ပျံ့နှံ့သွားသော လူငယ်တေးသံရှင်ကျောက်ကျက်၏ ညစ်ညမ်းပြစ်မော်ဘွယ်တေးသီချင်းများသည် တောရော မြို့ပါ တွင်ကျယ်စွာ အရှိန်အဟုန်ဖြင့် လျှင်မြန်စွာပျံ့နှံ့သွားသည်။ မြန်မာ့ယဉ်ကျေးမှုစနစ်ကို ထိခိုက်စေသောသီချင်းများဖြစ်ကြသည့် 'ဘူလေးလဲ'၊ 'ဆော်ကြည့်ဘဲ' အပါအဝင် ညစ်ညမ်းတေးသီချင်းများ၊ သရုပ်ဆောင်မော်ဒယ်များ၏ မလုံတလုံအဝတ်အစားဝတ်ပုံများနောက်ခံဖြင့် ရိုက်ကူးထားသော တေးသီချင်းဗီစီဒီများ လူများအကြားတွင် ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့ခဲ့သည့်အတွက် သက်ဆိုင်ရာက သီချင်းဆိုခွင့် ခြောက်လတာပိတ်ပင်ခဲ့ရပြီး ယခု ၂၀၀၉ ခုနှစ်တွင် ခံဝန်ချက်ဖြင့် သီချင်းပြန်လည်သီဆိုခွင့်ရခဲ့ခြင်း၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကျောက်ကျက်အင်တာဗျူးများ ဖော်ပြသားခွင့်ရရှိခြင်း အခွင့်အရေးများ ပြန်လည်ရရှိခဲ့သောကြောင့် ၂၀၀၉ ခုနှစ်၏အနုပညာလောကအတွက် မှတ်တိုင်တစ်ခုဟု ဆိုရပေမည်။

## မြန်မာတေးသံရှင်လေးဦး (၅၂) ကြိမ်မြောက် ဂရမ်မီဆုပေးပွဲ တက်ရောက်ခြင်း

ကမ္ဘာ့တေးဂီတလောကတွင် နိုင်ငံတကာမှ အနုပညာချစ်ပရိသတ်အများစု အာရုံပြုကြသော ဂရမ်မီဆုပေးပွဲသို့ မြန်မာနိုင်ငံမှ တေးသံရှင်လေးဦး တက်ရောက်မည်ဆိုရာ ၂၀၀၉ ခုနှစ်အတွင်း အနုပညာလောကအတွက် မှတ်တိုင်သစ်တစ်ခု ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံမှ ဇော်ဂီရိုယ်တေးသံရှင်များ ဖြစ်သော ထူးအယ်လင်း၊ မီးမီးခဲ၊ ဆုန်သင်းပါရ်၊ ကျော်ဘွဲ့မှူးတို့လေးဦးသည် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကယ်လီဖိုးနီးယား လော့စ်အိန်ဂျလိစ်မြို့ Staples Center တွင် ကျင်းပမည့် (၅၂) ကြိမ်မြောက် ဂရမ်မီဆုပေးပွဲ (Grammy Award) သို့ တက်ရောက်မည်ဖြစ်သည်။ ယင်းကဲ့သို့တက်ရောက်နိုင်ရန် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော iLovemyanmar အဖွဲ့က စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

## အင်ပါယာတေးဂီတအဖွဲ့ ၂၅ နှစ်ပြည့်

၁၉၈၄ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သည့်

www.foreverspace.com.mm



အင်ပါယာတေးဂီတအဖွဲ့သည် ယခုနှစ်တွင် ၂၅ နှစ်ပြည့်ခဲ့သည့်အတွက် ယင်းအထိမ်းအမှတ်ပွဲကို နိုဝင်ဘာလ ၁ ရက် တနင်္ဂနွေ မှန်းလပြည့်နေ့က ရန်ကုန်မြို့ ဗျော်စင်ကျွန်းတွင်ကျင်းပခဲ့ရာ ဖော်ဝင်းထွဋ်၏ အမောစ်ပရိသတ်များ အများအပြားတက်ရောက်အားပေးခဲ့ကြသည်။

အင်ပါယာ ၂၅ နှစ်ပြည့် ဖျော်ဖြေပွဲကို MRTV-4 ရုပ်သံလိုင်းမှ ၃ ရက်ခွဲ၍ ထုတ်လွှင့်ပြသခဲ့သည်ကိုလည်းတွေ့ရသည်။ ယခင်က အင်ပါယာတေးဂီတအဖွဲ့ကို ဖော်ဝင်းထွဋ် (Vocalist)၊ ဖော်မျိုးထွဋ် (Lead)၊ ကျော်ခမ်းဇုန်း (Bass)၊ ဝေထွန်း (Drum)၊ လီယိုနတ်မောင်မောင်လွင် (Keyboard) တို့ပါဝင်ခဲ့သည်။ ယခုအချိန်တွင် Bass ဂစ်တာတီးခတ်သူအဖြစ် မြတ်မိုးနှင့် Drum တီးခတ်သူအဖြစ် ရဲလင်းတို့ကို အစားထိုးခဲ့သည်။

## MRTV-4 ၏ အစီအစဉ်သစ်များ

မြန်မာနိုင်ငံတွင် လက်ရှိထုတ်လွှင့်လျက်ရှိသော အခမဲ့ ရုပ်သံလိုင်းများ၊ အခကြေးငွေပေး၍ ကြည့်ရှုရသော ရုပ်သံလွှင့် မီဒီယာများအနက် အခြားရုပ်သံလိုင်းများနှင့် မတူတစ်မူထူးခြားသော အစီအစဉ်သစ်များကို ထုတ်လွှင့်လျက်ရှိသည့် MRTV-4 ၏ အစီအစဉ်သစ်များမှာ ယခုနှစ် ရုပ်သံမီဒီယာကဏ္ဍတွင် မှတ်တမ်းတင်ရမည့် အစီအစဉ်များဖြစ်သည်။

MRTV-4 က မြန်မာအာဇာနည်ခေါင်းဆောင်ကြီး၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသော ဂျွန်ဝီလီယံယက်တော အမှုကြားနာချက်များကို အချိန်နှင့် တစ်ပြေးညီ Breaking News ခေါင်းစဉ်ဖြင့် လွှင့်ထုတ်ပေးခြင်း၊ ဆေးလောကတွင် မှတ်တိုင်တစ်ခုဖြစ်ခဲ့သော မဝိုင်ရှုန်ကလဲ့ ရည်သေဆုံးမှုနှင့် ပတ်သက်သည့် မြန်မာနိုင်ငံဆေးကောင်စီ၏ တရားဝင် ထုတ်ပြန်ချက်ကို သတင်းအနေဖြင့် လွှင့်ခြင်း၊ ဘတ်စ်ကားစီးသူ များကိုစနိုးစဉ်တစ်လျှောက်အဆင်ပြေ မပြေ လိုက်လံတွေ့ဆုံမေး မြန်းခြင်း စသည်တို့ကို သတင်းကဏ္ဍတွင် ယခုနှစ်အတွင်း တင် ဆက်လာသည်ကိုတွေ့ရသည်။ ယင်းအပြင် 'စကားနယ်နီး'၊ 'မက်မဆုံးတဲ့ ပြက်လုံးများ'၊ 'Fashion Music Festival' စသည့် အစီအစဉ်များမှာလည်း ရုပ်သံကြည့်ပရိသတ်များကို ဆွဲဆောင်မှုရှိလာသည်ကို တွေ့ရသည်။ အခြားထူးခြားသည့် ဝန်ဆောင်မှုတစ်ရပ်မှာ ဘောလုံးပရိသတ်များစိတ်ဝင်စားမှုအရှိဆုံး အင်္ဂလိပ်ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်အချို့ကို ထုတ်လွှင့်ပေးခြင်းဖြစ်သည်။ ထို့အတူ ကမ္ဘာ့ဖလားဘောလုံးပွဲများကိုလည်း ထုတ်လွှင့်ပေးမည်ဟု တရားဝင်ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံအတွင်း ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ့အသံရေဒီယိုအစီအစဉ်ကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီ အစဉ်များကို ၂၀၀၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင်လည်း ကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော MRTV-3 အစီအစဉ်များကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် လည်းကောင်း၊ MRTV-4 အစီအစဉ်များကို ၂၀၀၇ ခုနှစ် တွင်လည်းကောင်း စတင်ထုတ်လွှင့်ခဲ့သည်။ တပ်မတော်ပိုင် မြဝတီရုပ်မြင်သံကြားအစီအစဉ်များကို ၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သည်။

## အလှဖန်တီးရှင်များ၏ အလှမယ်ရွေးချယ်ပွဲ

HIV ပိုးရှိစ်ကူးစက်ခံရသူများသို့ လှူဒါန်းရန်ရည်ရွယ်ပြီး Miss Red Ribbon Beauty Contest ခေါင်းစဉ်ဖြင့် အလှဖန်တီးရှင်များ အလှယ်မယ်ရွေးချယ်ပွဲကို ယခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့ တွင် ဆီဒိုးနားဟိုတယ်တွင် အလှဖန်တီးရှင် ၃၅ ဦး ပါဝင်ယှဉ်ပြိုင် ခဲ့သည့် အလှမယ်ရွေးချယ်ပွဲသည် စိတ်ဝင်စားသူများပြားမှုကြောင့် ၂၀၀၉ ခုနှစ်အတွက် မှတ်တမ်းတင်နိုင်သော ဖက်ရှင်ပြပွဲတစ်ခုဖြစ်ခဲ့ သည်။

အဆိုပါအလှမယ်ရွေးချယ်ပွဲကို အစီကာစီစဉ်ကျင်းပသော ကုမ္ပဏီမှာ ဒါရိုက်တာ ဒေါ်ယုဇော်၏ Zar & Zar Co., Ltd. ဖြစ်သည်။ မြန်မာနိုင်ငံတွင် တရားဝင်ခွင့်ပြုချက်ဖြင့် ကျင်းပနိုင်ခဲ့သော ယင်းအလှမယ်ရွေးချယ်ပွဲ၌ ရရှိသော ငွေကြေးသိန်း ၁၅၀ အနက် ကုန်ကျစရိတ် သိန်း ၈၀ နုတ်ယူပြီး ကျပ်ငွေ ၇၅ သိန်းအပြင် အမည်မဖော်လိုသူ အလှဖန်တီးရှင်တစ်ဦးမှ ကျပ် ၂၅ သိန်း စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို ဝေဘာဂီကူးစက် ရောဂါကုဆေးရုံကြီးသို့ HIV ရောဂါပိုးကူးစက်ခံရသူများအတွက် လှူဒါန်းခဲ့သည်။

ယင်းအလှဖန်တီးရှင်များ အလှမယ်ရွေးချယ်ပွဲ၌ Miss Red Ribbon, Miss Red Ribbon (First Prize), Miss Red Ribbon (Second Prize) နှင့် အခြားဆုငါးဆုရွေးချယ်ပေးခဲ့သည်။

**အယ်ဒီတာအဖွဲ့**



၂၀၀၉ ခုနှစ် အနုပညာနယ်ပယ်အတွင်း
အထူးခြားဆုံးမှတ်တိုင်တစ်ခုဖြစ်သည်

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၃၄ စံချိန်တင်မှုများနှင့် ၂၀၀၉ ရွှေစီးပွား

၄၂ ဟန်ချက်မပျက်ရေး ကျားကန်ခဲ့ရသည့် ၂၀၀၉ ရေလုပ်ငန်းဈေးကွက်

၅၀ ၂၀၀၉ ရန်ကုန် ကုန်စည်ဈေးကွက်

၅၈ မန္တလေးမြို့တော်၏ အိမ်ခြံမြေဈေးကွက် ၂၀၁၀ ရင်းနှီးမြှုပ်နှံမှုအလားအလာ

၆၄ အသိမှ လုပ်ရပ်သို့


# စံချိန်တင်မှုများနှင့် ၂၀၀၉ ရွှေစီးပွား

သာလွန်ဇော်ထက်

**၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ပြီး ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်နည်းပါးခဲ့သော ပြည်တွင်းရွှေဈေးကွက်သည် ၂၀၀၉ ခုနှစ်တွင်မူ ဆယ်စုနှစ်ပေါင်းများစွာအတွင်း တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခြင်းမရှိဖူးသည့် စံချိန်တင် ဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး ရွှေအရောင်းအဝယ်အခြေအနေသည်လည်း ဈေးကွက်ကျွမ်းကျင်သူ ဝါရင့်ရွှေကုန်သည်ကြီးများ မှန်းဆရန်ခက်ခဲလောက်သည်အထိပင် အနိမ့်အမြင့်အတက်အကျ မတည်မငြိမ်မှုများနှင့် ပြည့်နှက်ခဲ့သည်။ 'မရှိဝမ်းစာ ရှိတန်ဆာ' ဟု မြန်မာလူမျိုးများ ပြောဆိုတန်ဖိုးထားခဲ့သော ရွှေထည်ပစ္စည်းများသည် စီးပွားရေးအခွင့်အလမ်းနည်းသောအခြေအနေများတွင် စီးပွား ရေးကုန်ပစ္စည်းသဖွယ် ကူးသန်းရောင်းဝယ်ဖောက်ကားသော စီးပွားဖြစ်ကုန်စည်အသွင်သဏ္ဌာန်အဖြစ် ၂၀၀၉ ခုနှစ်တွင် ပိုမိုအသက်ဝင်လာသည်ဟု ဆိုရပေမည်။**

## ရွှေဈေးကွက် ပါရာဒိုင်း

၂၀၀၉ ခုနှစ်၏ ရွှေဈေးကွက်သည် ယခင်နှစ် ရွှေဈေးကွက်များနှင့်မတူ အသွင်တစ်မူထူးခြားစွာ စတင်ခဲ့ခြင်းမှာ ပြည်တွင်းရွှေဈေးကွက်၏ပါရာဒိုင်းအရွေ့ကြီးတစ်ခုဟု ဆိုရပေမည်။ ပုံမှန်အားဖြင့် ရွှေဈေးကွက်ဟု ဆိုလိုက်လျှင် ရန်ကုန်မြို့လယ်ခေါင် ရွှေဘုံသာလမ်း (ယခင် မဂိုလမ်း) တစ်လျှောက်ရှိ လက်ဖက်ရည်ဆိုင်ခုံပုလေးများပေါ်တွင် ရွှေကုန်သည်၊ ရွှေပွဲစားများ ဟိုတစ်စု၊ ဒီတစ်စုထိုင်လျက် ကိုယ့်မိတ်၊ သူ့မိတ်နှင့် ရောင်းသူဝယ်သူ ကြိုက်ရောင်း၊ ကြိုက်ဝယ်ဈေးကွက်ဖြစ်ခဲ့ပြီး ရွှေအရောင်းအဝယ်စီးပွားရေး တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်ဖူးခြင်းမရှိသည့် ပြင်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ငွေကြေးတတ်နိုင်သူများလည်း လာရောက်ဈေးကစား အရောင်းအဝယ်ပြုလေ့ရှိခဲ့ကြသည့် ဈေးကွက်အသွင်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် စုစည်းညီညွတ်မှုမရှိသောဈေးကွက်ဖြစ်သောကြောင့် ရွှေလေပတ်ကားအရောင်းအဝယ်၊ ရွှေအရောင်းအဝယ်ပြုရာတွင် လိမ်လည်လှည့်ဖြားမှုများ၊ ရွှေဈေးနှုန်းမတည်ငြိမ်မှုများနှင့် ထိန်းကွပ်ရန်ခက်ခဲသော ဈေးကွက်ကြီးတစ်ခု ဖြစ်ခဲ့သည်။



၂၀၀၂ ခုနှစ်တွင်မူ ပြည်ထဲရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွား

www.foreverspace.com.mm





ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပါအဝင် အစိုးရဝန်ကြီးများကိုယ်တိုင် ဦးဆောင်ပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဆိုသည့် ရွှေကုန်သည်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ ရွှေသန့်စင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရွှေတူးဖော်ရေးလုပ်ငန်းရှင်များအားလုံးပါဝင်သော အသင်းကြီးတစ်ခု အကောင်အထည်ဖော်ပေးကာ ရွှေဈေးကွက်နှင့် ရွှေဈေးနှုန်းတည်ငြိမ်ရေး စတင်ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းကြီးစတင်ဖြစ်ပေါ်ပြီးနောက် မြန်မာနိုင်ငံ၏ အဓိကရွှေရောင်းဝယ်ရေးဈေးကွက်များတည်ရှိရာ ရန်ကုန်နှင့် မန္တလေးတိုင်းတို့တွင် သက်ဆိုင်ရာတိုင်းဒေသကိုယ်စားပြုသည့် ရွှေလုပ်ငန်းရှင်အသင်းများ ထပ်မံဖွဲ့စည်းပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် အဓိကအရေးကြီးဆုံးသောဈေးကွက်ကြီးဟုခေါ်ဆိုနိုင်သည့် ရန်ကုန်ဈေးကွက်သည် စည်းစနစ်မကျနမှုများဖြင့်ဖွဲ့စည်းရောင်းဝယ်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အချိုးအကွေ့ကြီးတစ်ခုသို့ ရောက်ရှိခဲ့သည်။

အဆိုပါ ပါရာဒိုင်းအချိုးအကွေ့ကား သီးသန့်ရွှေဈေးကွက်ဟုခေါ်ဆိုရမည့် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဝင် ရွှေကုန်သည်၊ ရွှေပွဲစားများအချင်းချင်းသာ ရောင်းဝယ်ဖောက်ကားမှုပြုနိုင်သည့် သီးသန့်ရွှေဈေးကွက်ကြီးတစ်ခုကို အကောင်အထည်ဖော်လိုက်ခြင်းပင် ဖြစ်သည်။

"၂၀၀၉ ခုနှစ်ရဲ့ရွှေဈေးကွက် အရင်နှစ်တွေကလို မဟုတ်တော့ဘူး။ လမ်းဘေးထိုင်ဈေးကွက်ကနေ သေသေချာချာကျကျနနရောင်းဝယ်ဖောက်ကားတဲ့ဈေးကွက်မျိုးကို ပြောင်းလဲသွားတယ်။ ၂၀၀၉ ခုနှစ် ရွှေဈေးကွက်ရဲ့ ထူးခြားချက်တစ်ခုပဲ" ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်သီးသန့်ရွှေဈေးကွက်တွင် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်းဝင် ရွှေကုန်သည်၊ အကျိုးဆောင်ပွဲစားများကိုသာ ဝင်ရောက်ရောင်းဝယ်ခွင့်ပြုသည့်အတွက် ပုံမှန်ရွှေဈေးနှုန်းအခြေအနေများ ဖြစ်ပေါ်လာပြီး ဈေးကွက်တည်ငြိမ်ရေး အထောက်အကူပြုခဲ့သည်။ အသင်းဝင် ရွှေလုပ်ငန်းရှင်များကိုသာ သီးသန့်ရွှေဈေးကွက်တွင် လာရောက်ရောင်းဝယ်ဖောက်ကားခွင့်ပြုသည့်အတွက် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းသို့ ဝင်ရောက်လာသည့် ရွှေကုန်သည်၊ အကျိုးဆောင်ပွဲစားများတိုးပွားလာပြီး ပြင်ပတွင် ရွှေအရောင်းအဝယ်ပြုမှုများ လျော့နည်းပပျောက်သွားသည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

၂၀၀၉ ခုနှစ်၏ ရွှေဈေးကွက်အဖွင့်သည် လေပတ်ကားရွှေအရောင်းအဝယ်အချို့ ပျောက်သွားပြီး တည်ငြိမ်သောဈေးကွက်ဖြင့် စတင်ခဲ့သည်။

## တုံ့ဆိုင်းသည့် ရွှေစီးပွား

ရန်ကုန်သီးသန့်ရွှေဈေးကွက်ကြောင့် ရွှေဈေးကွက်တည်ငြိမ်မှုရှိလင့်ကစား ပြည်

www.foreverspace.com.mm

တွင်းရွှေနှင့် အရောင်းအဝယ်အခြေအနေသည် ဈေးကျဆင်းမှုနှင့်အတူ ဝယ်သူ၊ ရောင်းသူနည်းပါးသောအနေအထားများဖြင့် စတင်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုမှ စတင်ခဲ့သော ငွေကြေးအကျပ်အတည်းကြောင့် နိုင်ငံတကာတွင် စီးပွားရေးကျပ်တည်းမှုဖြစ်ပေါ်လာခဲ့ရာ ရွှေသတ္တုအရောင်းအဝယ်အခြေအနေပေါ်လည်း များစွာသက်ရောက်ခဲ့သည်။ ရေနံဈေးကျဆင်းမှု၊ ရွှေဈေးကျဆင်းမှုတို့နှင့်အတူ အရောင်းအဝယ်သည်လည်းနည်းပါးနေခဲ့ရာ နိုင်ငံတကာဈေးကွက်အခြေအနေကဲ့သို့ပင် ပြည်တွင်းဈေးကွက်သည်လည်း အရောင်းအဝယ်နည်းပါးမှုဖြင့် ရန်ကုန် သီးသန့်ရွှေဈေးကွက်သည်ခြောက်ကပ်ကပ်ဖြင့်သာ လည်ပတ်ခဲ့ရသည်ဟု ရန်ကုန်အခြေစိုက် ရွှေကုန်သည်ကြီးများထံမှ စုံစမ်းသိရှိရသည်။

"၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘာ့စီးပွားပျက်ကပ်က ပိုပြီးပုံပေါ်လာတယ်။ ဈေးတွေကျတယ်။ အရောင်းအဝယ်တွေကျတယ်"ဟု လမ်းမတော်အခြေစိုက် ရွှေကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

နိုင်ငံတကာရွှေဈေးနှုန်းပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်ပေါ်နေသော ပြည်တွင်းရွှေဈေးနှုန်းသည် အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းထားကိုလိုက်၍ ရွှေဈေးအတက်အကျဖြစ်ပေါ်လေ့ရှိရာ အမေရိကန်ဒေါ်လာတန်ဖိုးအထူးကျဆင်းပြီး မြန်မာငွေတန်ဖိုးမကြုံဖူးအောင် မြင့်တက်ခြင်းသည် ပြည်တွင်းရွှေဈေးနှုန်းအပေါ်သက်ရောက်မှုများစွာဖြစ်ပေါ်စေပြီး ရွှေဈေးနှုန်းအတက်အကျများကို ပြောင်းလဲဖြစ်ပေါ်စေခဲ့သည်။

## အသွင်ဆန်းသည့် နှစ်ဆန်းဈေးကွက်

ဇန်နဝါရီလ၏ ပြည်တွင်းရွှေဈေးကွက်သည် အရောင်းအဝယ်အနည်းငယ်သာရှိခဲ့ပြီး ဈေးနှုန်းမှာလည်း ကျပ်ထောင်သောင်းဂဏန်း အတက်အကျဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီလ၏ အမြင့်ဆုံးရွှေဈေးနှုန်းသည် ၁၆ ပဲရည်အခေါက်ရွှေ တစ်ကျပ်သား ၅၂၆,၀၀၀ ကျပ်ရှိပြီး အနိမ့်ဆုံးရွှေဈေးနှုန်းမှာ အခေါက်တစ်ကျပ်သားလျှင် ၄၉၄,၅၀၀ ကျပ်ဖြစ်၍ ယင်းအနိမ့်ဆုံးသောရွှေဈေးနှုန်းသည် ၂၀၀၉ ခုနှစ်တစ်နှစ်လုံး၏ အနိမ့်ဆုံးသောရွှေဈေးနှုန်းဟု ဆိုရပေမည်။

"စီးပွားပျက်ကပ်ရဲ့ အရှိန်က ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီလမှာ သိသိသာသာရှိလာတယ်။ ဈေးကွက်မှာ ရွှေအရောင်းအဝယ် ခပ်ပါးပါးပဲရှိခဲ့တယ်"ဟု ဝါရင့်ရွှေကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီလဆန်းပိုင်းတွင် အမေရိကန်တစ်ဒေါ်လာ မြန်မာငွေ ၁၁၂၀ ကျပ်အထိ အမြင့်ဆုံးရောက်ရှိခဲ့ပြီး လကုန်ပိုင်းတွင်



www.foreverspace.com.mm

တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၀၇၀ ကျပ်အထိရောက်ရှိခဲ့သည်ဟု ဈေးကွက်အတွင်းမှ ရရှိသော သတင်းအချက်အလက်များအရ သိရှိရသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလ၏ ရွှေအရောင်းအဝယ်သည် ယခင်နှစ်များနှင့်မတူ ရွှေအရောင်းအဝယ် လွန်စွာကျဆင်းသည့်အချိန်ဖြစ်သည်ဟု ရန်ကုန်သီးသန့်ရွှေဈေးကွက်မှ ရွှေကုန်သည်အချို့က အမြင်တူစွာ ပြောဆိုသည်။

တရုတ်နှစ်သစ်ကူးကာလအချိန်ဖြစ်သောကြောင့် နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလအချိန်များသည် ရွှေအရောင်းအဝယ်များများပြားပြီး ရွှေဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်လေ့ရှိသော်လည်း ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလသည်ကား ရွှေဈေးကွက်အတွက် ခြောက်တီးခြောက်ချက်ဖြင့်သာ ကုန်ဆုံးစေခဲ့သည်ဟု ရွှေကုန်သည်များထံမှ သိရှိရသည်။

အရောင်းအဝယ်အေးစက်မှုနှင့်အတူ ဖေဖော်ဝါရီလတွင် ရွှေဈေးနှုန်းသည် မြန်မာငွေတန်ဖိုးမြင့်မားမှုကြောင့် နိုင်ငံတကာရွှေဈေးမြင့်မားလင့်ကစား အနိမ့်ပိုင်းတွင်သာ ရှိခဲ့သည်။

နိုင်ငံတကာရွှေဈေးသည် ဖေဖော်ဝါရီလအတွင်းက ရွှေတစ်အောင်စ အမေရိကန်တစ်ဒေါ်လာ ၉၈၉ အထိမြင့်တက်ခဲ့သော်လည်း ပြည်တွင်းရွှေဈေးသည် အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းထားတွင် မြန်မာငွေ တန်ဖိုးမြင့်မားခဲ့သည့်အတွက် အခေါက်ရွှေတစ်ကျပ်သား ငွေကျပ်ငါးသိန်းကျော်ဝန်းကျင်မျှတွင်သာ ချာချာလည်လည်ရှိခဲ့သည်။

ဖေဖော်ဝါရီလတွင် ပြည်တွင်းရွှေဈေးကွက်၏အမြင့်ဆုံးဈေးမှာ အခေါက်ရွှေတစ်ကျပ်သား ၅၁၁,၅၀၀ ကျပ်ဖြစ်ခဲ့ပြီး အနိမ့်ဆုံးဈေးသည် အခေါက်ရွှေတစ်ကျပ်သား ၄၉၉,၅၀၀ ကျပ် ဈေးရှိခဲ့သည်။

ဇန်နဝါရီလအတွင်းက အမေရိကန်တစ်ဒေါ်လာ မြန်မာငွေ ၁၀၇၀ ကျပ်အထိ အနိမ့်ဆုံးရှိပြီးနောက် ဖေဖော်ဝါရီလတွင်မူ မြန်မာငွေတန်ဖိုး ဆက်တိုက်ထပ်မံမြင့်တက်



ခဲ့ရာ ဖေဖော်ဝါရီလလယ်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၀၁၀ ကျပ်ခန့်ရှိခဲ့ပြီး လကုန်ပိုင်းတွင် တစ်ဒေါ်လာ ၉၉၅ ကျပ်အထိကျဆင်းခဲ့ကြောင်း ရွှေကုန်သည်ကြီးများ၏ပြောဆိုချက်အရ သိရှိရသည်။

မတ်လ၏ရွှေဈေးကွက်အခြေအနေသည် အခေါက်ရွှေတစ်ကျပ်သား ငါးသိန်းအောက်တွင်သာရှိခဲ့ပြီး အခေါက်ရွှေတစ်ကျပ်သား ၄၉၅,၀၀၀ ကျပ်မှ ၅၁၃,၅၀၀ ကျပ်အတွင်း အတက်အကျ ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းထားသည်လည်း တစ်ဒေါ်လာ ၁၀၀၀ ကျော်ဝန်းကျင်တွင်သာ တည်ငြိမ်ခဲ့ပြီး တစ်ဒေါ်လာလျှင် ၁၀၃၀ မှ ၁၀၅၀ ကျပ်အတွင်း အပြောင်းအလဲအတက်အကျရှိခဲ့သည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလသို့ရောက်ရှိသည့် ဧပြီလတွင်မူ ရန်ကုန်သီးသန့်ရွှေဈေးကွက် လာရောက်အရောင်းအဝယ်ပြုသည့် ရွှေကုန်သည်ပင် တဖြည်းဖြည်း လျော့နည်းသွားခဲ့သည်။ သင်္ကြန်ကာလ ပျော်ပွဲရွှင်ပွဲများကိုသာ ဦးစားပေးသည့်အချိန်ဖြစ်သောကြောင့် ရွှေဈေးကွက်အေးခဲခဲရွှေဈေးကွက်ဟု ဆိုရပေမည်။

ဧပြီလ၏ရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သား အနိမ့်ဆုံးဈေး ၅၀၆,၅၀၀ ကျပ်မှ အမြင့်ဆုံး ၅၁၅,၂၀၀ ကျပ်အတွင်း အတက်အကျအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။

"၂၀၀၉ ဇန်နဝါရီလကနေ ဧပြီလအထိ ကမ္ဘာ့စီးပွားပျက်ကပ်ရဲ့ နောက်ဆက်တွဲအဖြစ် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ သိပ်မကောင်းခဲ့ဘူး။ ရွှေဈေးကွက်ကလည်း ၂၀၀၉ ခုနှစ် နှစ်ဆန်းကာလတစ်ခုလုံးမှာ အေးတိအေးစက်ပဲ" ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သုံးသပ်သည်။

## ၅၀၀၀ တန်ငွေစက္ကူသစ်နှင့် ဂယက်ထသည့် ရွှေဈေးကွက်

၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းတစ်ခုလုံး ဈေးနှုန်းကျဆင်းမှု၊ အရောင်းအဝယ်ကျဆင်းမှုများသာကြီးစိုးခဲ့သည့် ပြည်တွင်းရွှေဈေးကွက်သည် မေလမှစတင်ပြီး ဈေးနှုန်းမြင့်တက်မှုများစတင်လာခဲ့သည်။ နိုင်ငံတကာရွှေဈေးနှုန်းသည်လည်း ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၀၀ အထက်တွင်သာရှိပြီး တစ်ခါတစ်ရံ အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်အထိဈေးတက်လာသည်ကိုတွေ့ရသည်။ နိုင်ငံတကာရွှေ

www.foreverspace.com.mm

ဈေးမြင့်ချိန် မြန်မာငွေတန်ဖိုးကလည်း ဆက်တိုက်ဆိုသလို ကျဆင်းနေသည့်အတွက် ပြည်တွင်းရွှေဈေးနှုန်းသည် အမြင့်ပိုင်းတွင်သာ တဝဲလည်လည်ဖြစ်ခဲ့သည်။ မေလမှ စက်တင်ဘာလ ၂၅ ရက်နေ့ထိ အခေါက်ရွှေတစ်ကျပ်သား အနိမ့်ဆုံးဈေး ၅၁၂,၆၀၀ ကျပ်မှ အမြင့်ဆုံး ၅၇၆,၅၀၀ ကျပ်အတွင်း အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ ဈေးနှုန်းမြင့်တက်မှုများနှင့်အတူ ရွှေဈေးကွက် ဝယ်ရောင်းပြန်လည်လုပ်ကိုင်မှုများဖြင့် ၂၀၀၉ ခုနှစ် နှစ်လယ်တွင် ရွှေဈေးကွက်သည် ပြန်လည်အသက်ဝင်လာခဲ့သည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် အစိုးရက ၅၀၀၀ ကျပ်တန်ငွေစက္ကူအသစ်ထုတ်ဝေမည်ဟု တရားဝင် သတင်းထုတ်ပြန် ကြေညာလိုက်ရာ အရောင်းအဝယ်ပုံမှန်သာရှိသောဈေးကွက်တွင် ရွှေဝယ်ယူစုဆောင်းမှုမြင့်တက်သွားပြီး ရွှေဈေးနှုန်းသည်လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ခြောက်သိန်းအထိရောက်ရှိကာ ငွေကြေးဖောင်းပွမည်ကို စိုးရိမ်မှုများ အကြီးအကျယ်ဖြစ်ပေါ်လာခဲ့သည်။

ရန်ကုန်မြို့ ရွှေဘုံသာလမ်းအောက်ဘလောက်ရှိ ရန်ကုန်သီးသန့်ရွှေဈေးကွက်တွင် ဈေးကွက်ကို ရက်အနည်းငယ်ပိတ်ထားပြီး ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းအနေနှင့်လည်း ရွှေဈေးနှုန်းတည်ငြိမ်ရေး အထူးအစည်းအဝေးများခေါ်ယူရသည်အထိ ဈေးကွက် ဂယောက်ဂယက်ဖြစ်သွားခဲ့သည်။

သီးသန့်ရွှေဈေးကွက်ပြင်ပတွင် အခေါက်ရွှေတစ်ကျပ်သား ပေါက်ဈေးထက် ပိုမိုများပြားသောဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုမှုများရှိခဲ့သည်ဟု ရွှေကုန်သည်များက ဆိုသည်။

“ကမ္ဘာ့ရွှေဈေးတက်တာရယ်၊ ပြည်တွင်းမှာ ၅၀၀၀ တန်အသစ်ထုတ်မယ်ဆိုတဲ့ သတင်းကြောင့် လူတွေက ငွေကြေးဖောင်းပွမှုတွေဖြစ်လာမယ်။ ဈေးနှုန်းတွေတက်လာမလားဆိုပြီး စိုးရိမ်ပူပန်ကြတဲ့အတွက် ရွှေတွေဝယ်စုတာတွေလုပ်ကြတယ်”ဟု ရန်ကုန်ရွှေကုန်သည်ကြီးတစ်ဦးက ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ မန္တလေးနှင့် ရန်ကုန်တိုင်းရွှေလုပ်ငန်းများအသင်းတို့က ပူးပေါင်းပြီး အခေါက်ရွှေများ ပေါက်ဈေးထက်နိမ့်သောဈေးနှုန်းဖြင့် စတင်ရောင်းချပေးမှုကြောင့် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရွှေဈေးကွက် ပြန်လည် လည်ပတ်လာပြီး ရွှေဈေးများလည်း အနည်းငယ်ကျဆင်းသွားခဲ့သည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က ပြောကြားသည်။

“၅၀၀၀ တန်ကြောင့်လန့်ပြီး ရွှေဝယ်ကြတယ်။ အစပိုင်းမှာ ဝယ်သူများတယ်။ ဒါပေမဲ့ တဖြည်းဖြည်း ဈေးကွက်ထဲကို ၅၀၀၀ တန်က ထင်သလောက် ရောက်မလာတဲ့အတွက် ရွှေအဝယ်တဖြည်းဖြည်း ပြန်ကျသွားတယ်”ဟု လမ်းတော်မြို့နယ်မှ ဝါရင့် ရွှေကုန်သည်တစ်ဦးက ရှင်းပြသည်။

အောက်တိုဘာလအတွင်းတွင် နိုင်ငံတကာရွှေဈေးသည် တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၀၀ နီးပါးအထိ မြင့်တက်လာခဲ့သည်။ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းထားတွင် တစ်ဒေါ်လာ မြန်မာငွေ ၁၀၈၀ ကျပ်ဝန်းကျင်တွင်ရှိခဲ့သည့်အတွက် ပြည်တွင်းရွှေဈေးသည် အောက်တိုဘာလတစ်လလုံး ၁၆ ပဲရည် တစ်ကျပ်သား ကျပ်ခြောက်သိန်းကျော်နှင့်



www.foreverspace.com.mm

ခြောက်သိန်းဝန်းကျင်ဈေးနှုန်းတွင်သာ အတက်အကျ ဖြစ်ပေါ်ခဲ့သည်။

ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း ဈေးကွက်တွင် ရွှေရောင်းသူသာများပြားခဲ့ပြီး ရွှေဝယ်လိုအားနည်းပါးခဲ့သည်။

## စံချိန်တင်ရွှေဈေး ထပ်မံစံချိန်ချိုးပြန်

၅၀၀၀ တန်ဂယက်ကြောင့် အခေါက်ရွှေတစ်ကျပ်သား ကျပ်ခြောက်သိန်း အထိ စံချိန်ချိုးခဲ့သည့် ရွှေဈေးနှုန်းများသည် ဒီဇင်ဘာလတွင် ထပ်မံစံချိန်တင်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အခေါက်ရွှေဈေးသည် တစ်ကျပ်သားလျှင် ၆၂၅,၀၀၀ ကျပ်ထိ ထပ်မံမြင့်တက်ခဲ့ပြီး စံချိန်တင်ခဲ့ရာ ရွှေဈေးကွက်တွင်လည်း အရောင်းအဝယ်မျှခြေအနေအထားရောက်ရှိသွားသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဆယ်စုနှစ်များစွာအတွင်း ရွှေတစ်ကျပ်သား ၆၂၅,၀၀၀ ကျပ်ဆိုသောဈေးနှုန်းသည် တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခဲ့ခြင်းမရှိသောဈေးနှုန်းဖြစ်ပါသည်ဟု ရွှေကုန်သည်များအားလုံးက အမြင်တူစွာဖြင့် ပြောဆိုကြပါသည်။

## ရွှေဈေးစံချိန်တင်ခြင်း၏ အဓိကတရားခံ

၅၀၀၀ကျပ်တန်များစတင်ထုတ်ဝေမည်ဆိုသော သတင်းကြောင့် ရွှေဈေးမြင့်တက်မှုများဖြစ်ပေါ်ခဲ့သော်လည်း ရွှေဈေးစံချိန်တင်ခြင်း၏အဓိကတရားခံသည် အမေရိကန်ဒေါ်လာတန်ဖိုး၊ စတော့ရှယ်ယာဈေးများ အလွန်အမင်းကျဆင်းပြီး ရင်းနှီးမြှုပ်နှံမှုများ ရွှေဈေးကွက်သို့ ပြောင်းရွှေ့လာခြင်းကြောင့်ဖြစ်ကြောင်း ပြည်တွင်းရွှေကုန်သည်များက သုံးသပ်သည်။

"ရေနံဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်တွေမှာလည်း သိပ်ပြီးတွက်ခြေကိုက်လှတယ်မဟုတ်ဘူး။ အမေရိကန်ဒေါ်လာတန်ဖိုးကျတယ်လေ။ အရင်က လုပ်ငန်းရှင်တွေက ချမ်းသာကြွယ်ဝမှုခိုင်မာရေးအတွက် စတော့ရှယ်ယာဝယ်တာတို့ ဘာတို့ လုပ်ကြပေမယ့် ဒေါ်လာတန်ဖိုးကျပြီးတဲ့နောက် စတော့ရှယ်ယာဈေးတွေလည်း ဆက်တိုက်ကျတယ်။ လူတွေအနေနဲ့ အမေရိကန်ဒေါ်လာအပေါ် ယုံကြည်မှုလျော့လာတယ်။ ကြွယ်ဝချမ်းသာမှုခိုင်မာဖို့ ရွှေဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံကြတယ်။ ရွှေဝယ်အားများပြီး ရွှေဈေးတွေ ဆက်တိုက်တက်လာတယ်" ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေး စံချိန်ချိုးခြင်း၏ အဓိကတရားခံသည် ၅၀၀၀ ကျပ်တန်ငွေစက္ကူအသစ်ကြောင့်မဟုတ်ဘဲ နိုင်ငံတကာစီးပွားပျက်ကပ်၏ နောက်ဆက်တွဲများကြောင့်သာဖြစ်သည်ဟု ရန်ကုန်စီးပွားရေးအသိုင်းအဝိုင်းထံမှ သိရှိရသည်။

နိုင်ငံတကာရွှေဈေးသည်လည်း ဆယ်စုနှစ်များစွာအတွင်း အမြင့်ဆုံးဟုဆိုရမည်ဖြစ်ပြီး ဒီဇင်ဘာလ ၂ ရက်နေ့က ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၁၉ အထိဈေးနှုန်းများ မြင့်တက်ပြောင်းလဲခဲ့သည်။

## ရွှေထက် ကျပ်ငွေကိုသာ ပိုမိုကိုင်ဆောင်

ပြည်တွင်းရွှေဈေးနှုန်းများမြင့်တက်သော်လည်း ပြည်တွင်းရွှေထက် မြန်မာငွေသာ ကိုင်ထားကြသူအများစုဖြစ်နေခြင်းကလည်း ၂၀၀၉ ခုနှစ် ပြည်တွင်းရွှေဈေးကွက်၏ထူးခြားချက်ဟု ဆိုရပေမည်။

အမေရိကန်ဒေါ်လာနှင့်လဲလှယ်ရာတွင် မြန်မာငွေတန်ဖိုးများ မြင့်တက်လာပြီး တစ်



www.foreverspace.com.mm

ဒေါ်လာလျှင် မြန်မာငွေ ၉၈၅ ကျပ်သို့ ရောက်ရှိသည်အထိ မြန်မာငွေ တန်ဖိုးမြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

"မြန်မာငွေတန်ဖိုးတက်လို့သာ ရွှေဈေးက ၆၂၅,၀၀၀ ကျပ်လောက်ထိပဲတက်ခဲ့တာ။ တစ်ဒေါ်လာ ၁၂၀၀ ကျပ်ဈေးနဲ့ဆိုရင် မြန်မာ့ရွှေဈေး တစ်ကျပ်သားကို ခုနစ်သိန်းလောက်ထိရောက်သွားနိုင်တယ်။ ကျပ်ငွေတန်ဖိုးကတက်လွန်းလို့ ရွှေဈေးက အရမ်းကြီးမတက်နိုင်ဘူး" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပုံမှန်ဆိုလျှင် ရွှေဈေးတက်မည်ဟု သိလျှင် ရွှေများဝယ်ယူစုဆောင်းပြီး ဈေးတက်ချိန်ပြန်လည်ရောင်းချခြင်းဖြင့် ကြွယ်ဝချမ်းသာမှုတိုးနိုင်သော်လည်း ၂၀၀၉ ခုနှစ်တွင်မူ အဆိုပါစီးပွားရေးသဘောတရားသည် အစိုးရအိမ်၊ ခြံ၊ မြေ၊ ကားလေလံများကြောင့် မတွင်ကျယ်တော့သည့်အခြေအနေဆိုက်ရောက်သွားသည်။

၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှပင် အစိုးရက အိမ်၊ ခြံ၊ မြေလေလံ၊ ကားလေလံ၊ မော်တော်ဆိုင်ကယ်လေလံအပါအဝင် နိုင်ငံပိုင်ပစ္စည်းများရောင်းချသည့် လေလံပွဲပေါင်း မြောက်မြားစွာ ဆက်တိုက်ပြုလုပ်ခဲ့ရာ ပြည်တွင်းတွင် အစိုးရလေလံများအပေါ် စိတ်ဝင်စားမှုမြင့်မားသည့်အတွက် လေလံများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အများစုက မြန်မာကျပ်ငွေကိုသာ လက်ထဲတွင် အဆင်သင့်ကိုင်ဆောင်ပြီး ပုံမှန် ရွှေ၊ အိမ်၊ ခြံ၊ မြေနှင့် မော်တော်ယာဉ်ဝယ်ရောင်းဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းကြောင့်ဖြစ်သည်ဟု ရွှေကုန်သည်များထံမှ သိရှိရသည်။

"လေလံပွဲတွေဆက်တိုက်လုပ်တော့ ဈေးကွက်မှာလည်နေတဲ့ကျပ်ငွေက အစိုးရဆီတိုက်ရိုက်သွားတယ်။ ဈေးကွက်မှာ ကျပ်ငွေ ရှားလာတယ်။ စီးပွားရေးသမားတိုင်းက ကျပ်ငွေကိုပဲ ဦးစားပေးကိုင်ကြတယ်" ဟု ရန်ကုန်အခြေစိုက် အသက် ၅၀ နှစ်အရွယ် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက ပြောကြားသည်။



## ၂၀၀၉ သုံးသပ်ချက်နှင့် ၂၀၁၀ အလားအလာ

၂၀၀၉ ခုနှစ်၏ ရွှေဈေးကွက်အခြေအနေသည် ရွှေအခြေခံစီးပွားရေးလုပ်ငန်းများအတွက် ဆုတ်ယုတ်သောနှစ်တစ်နှစ်ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များက ဆိုသည်။

နိုင်ငံတကာရွှေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများပြားပြီး ဈေးနှုန်းမြင့်တက်လင့်ကစား ပြည်တွင်းရွှေဈေးကွက်တွင်မူ ရင်းနှီးမြှုပ်နှံမှုနည်းပါးလှသည်ကိုတွေ့ရသည်။ စီးပွားပျက်ကပ်ကြောင့် နိုင်ငံတကာစီးပွားရေးကဏ္ဍများတွင် ဂယောက်ဂယက်ဖြစ်မှုများစွာကို ပီပီပြင်ပြင်တွေ့မြင်လာရသည်။ အဆိုပါနိုင်ငံတကာရွှေဈေးကွက်ဂယောက်ဂယက်ဖြစ်မှုသည် ကမ္ဘာ့စီးပွားပျက်ကပ် နာလန်မထူသမျှကာလပတ်လုံး ဆက်လက်ဖြစ်ပျက်နေဖွယ်ရှိပြီး လာမည့် ၂၀၁၀ ပြည့်နှစ်အထိပါ ဆက်လက်ရိုက်ခတ်ဖွယ်ရှိသည်ဟု ရွှေကုန်သည်အများစုက ခန့်မှန်းသည်။

၂၀၁၀ ပြည့်နှစ်သည် အထွေထွေရွေးကောက်ပွဲကြီးကျင်းပမည့်အချိန်ဖြစ်သောကြောင့် ၂၀၁၀ ပြည့်နှစ်တွင်ဖြစ်ပေါ်မည့် ရွှေဈေးကွက်အခြေအနေသည် ခန့်မှန်းရန်ခက်ခဲပြီး ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များချောမောစွာပြောင်းလဲကာ အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာလျှင် ၂၀၁၀ ပြည့်နှစ်သည် နိုင်ငံရေးအတွက်သာမက စီးပွားရေးအတွက်လည်း အရေးကြီးဆုံးသော နှစ်တစ်နှစ်ဖြစ်သည်ဟု ဆိုရပေမည်။

**သာလွန်ဇောင်းထက်**

www.foreverspace.com.mm

**အမေရိကန်ပြည်ထောင်စုမှ အစပျိုးဖြစ်ပေါ်လာသည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်မှာ မြန်မာ့ရေလုပ်ငန်းကဏ္ဍအတွက် နာဂစ်အပြီးတွင် ကြီးမားသည့် ထိုးနှက်ချက်တစ်ခုဖြစ်လာခဲ့သည်။ အဆိုပါကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်၏ အရှိန်ကြောင့် ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံရေလုပ်ငန်းနယ်ပယ်တွင် ပါဝင်လုပ်ကိုင်နေသူအားလုံးမှာ ဆိုးဆိုးရွားရွားအနေအထားမျိုး မဟုတ်သော်လည်း ဟန်ချက်မပျက်ရေးအတွက် ကျားကန်ရသည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။**

### ဈေးကွက်နေရာမပျောက်ရေး

ကမ္ဘာ့ငွေကြေးဂယက်ကြောင့် ကမ္ဘာလုံးချီစီးပွားရေးတွင် ပါဝင်ဆက်နွယ်နေသည့် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပို့ကုန်လုပ်ငန်းများ အရှိန်တန့်ခဲ့ရာ မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းများသည်လည်း ရှောင်ပြေးစရာနည်းလမ်းမရှိခဲ့ပါ။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေပေးနေသည့် အဓိကကဏ္ဍကြီးလေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာ့ရေလုပ်ငန်းကဏ္ဍ၏ ရေထွက်ပစ္စည်းပြည်ပပို့ကုန်လုပ်ငန်းများတွင်လည်း အထိုက်အလျောက်ကျဆင်းမှုများ ရှိခဲ့သည်။

အဆိုပါငွေကြေးကျဆင်းမှုပြဿနာသည် မြန်မာ့ရေထွက်ပစ္စည်း ပြည်ပပို့ကုန်

# ဟန်ချက်မပျက်ရေး ကျားကန်ခဲ့ရသည့် ၂၀၀၉ ရေလုပ်ငန်းဈေးကွက်

မိုးခိုင်



www.foreverspace.com.mm



လုပ်ငန်းများအပေါ်သို့ ၂၀၀၈ ခုနှစ် နိုဝင်ဘာလခန့်မှစ၍ မသိမသာရိုက်ခတ်နေရာမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအရောက်တွင်မူ ရိုက်ခတ်မှုအနေအထားမှာ သိသာလာခဲ့သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာဈေးကွက်မှ မြန်မာ့ရေထွက်ပစ္စည်းပို့ကုန်ဝယ်ယူမှု လုံးဝရပ်ဆိုင်းလုနီးပါး အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ပဈေးကွက်အမှာ ၅၀ ရာခိုင်နှုန်းခန့်ကျဆင်းမှုရှိခဲ့ကြောင်း၊ ပြည်ပဈေးကွက်၌ ဝယ်လိုအားများကျဆင်းသော်လည်း ပြည်တွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းရှင်များလုပ်သာကိုင်သာရှိစေရန်အတွက် ငါးမွေးမြူမှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို ဝယ်ယူပေးခဲ့ရကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ပြည်တွင်းရှိ အအေးခန်းစက်ရုံများတွင် ငါးကုန်တက်သိုလှောင်ထားရှိရန် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ အအေးခန်းစက်ရုံတိုင်းနီးပါး ငါးသိုလှောင်မှုများနှင့် ပြည့်နေခဲ့ကြောင်း၊ နိုင်ငံတကာငါး၊ ပုစွန်ဈေးနှုန်းများမှာလည်း မူလဈေးနှုန်းများအောက် ၂၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းဝန်းကျင်ခန့်အထိ ကျဆင်းသွားခဲ့ကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူတစ်ဦးက ရေထွက်ပစ္စည်းပြည်ပပို့ကုန်များအပေါ် ငွေကြေးကျဆင်းမှုဂယက်ရိုက်ခတ်ခဲ့မှုအခြေအနေကို ပြန်လည်သုံးသပ်ပြောကြားသည်။

ယင်းကဲ့သို့ ပြည်ပဈေးကွက်အမှာများ ကျဆင်းမှုမှာ ၂၀၀၈ ခုနှစ်တွင် ရပ်တန့်ကျန်ရစ်ခဲ့ခြင်းမရှိဘဲ ၂၀၀၉ ခုနှစ်နှစ်ကူးပြီးနောက် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတိုင်အောင် လိုက်ပါလာခဲ့ကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များသည်လည်း မွေးမြူရေးအစာဈေးကြီးမြင့်မှုကြောင့် ရောင်းတမ်းဝင်အရွယ်မရောက်သေးသည့် ငါးများကို ထုတ်ရောင်းခြင်းများရှိခဲ့ကြောင်း၊ ယင်းအခြေအနေများတွင် ဈေးကွက်စာချုပ် လက်ကျန်ရှိသည့် ကုမ္ပဏီ



ကြီးအချို့သာ ငါးဝယ်ယူမှုကို ဆက်လက်လုပ်ကိုင်ခဲ့သော်လည်း ဈေးကွက်အနေအထားကျဉ်းကာ ငွေကြေးရင်းနှီးမြှုပ်နှံမှုအင်အားနည်းသည့် ကုမ္ပဏီငယ်များမှာ ငါးဝယ်ယူမှုကို ရပ်တန့်ခဲ့ရခြင်းများလည်း ရှိခဲ့ကြောင်း ရေထွက်ပစ္စည်း ပြည်ပပို့ကုန်လုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကာလအတွင်း ပြည်ပဝယ်ယူသူများဘက်မှ ဈေးနှုန်းအဆမတန်လျှော့ချဝယ်ယူခြင်းများ၊ ငွေကြေးပေးချေရာ၌ နှောင့်နှေးကြန့်ကြာမှုများ၊ ချုပ်ဆိုထားသည့် ကုန်အရောင်းအဝယ်စာချုပ်ဖောက်ဖျက်ခြင်းများလည်း တွေ့ကြုံခဲ့ကြရသော်လည်း ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်များသည် နိုင်ငံတကာရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်၌ ဈေးကွက်နေရာတည်မြဲရေး၊ ဈေးကွက်နေရာပျောက်မသွားရေးကိုသာ ရှေးရှုလုပ်ဆောင်ခဲ့ရသည့် အနေအထားရှိသည်ကို တွေ့ရှိရသည်။

"အရင်က တစ်ပတ်နေရင် ငွေအကုန်



www.foreverspace.com.mm

ရတယ်။ Crisis ဖြစ်တော့ နှစ်ပတ်လောက် စောင့်ပေးတာတောင် ငွေအကုန်မရဘူး။ အရင်ကစာချုပ်ဘယ်လိုချုပ်ထား ချုပ်ထား ဒီအချိန်မှာ ကတိပျက်တာတွေရှိလာတယ်။ ဒါပေမဲ့လည်း အရှုံးခံရောင်းရတာတွေလုပ်လာရတယ်။ မရောင်းတော့ရင်လည်း ရထားတဲ့ဈေးကွက်နေရာက ပျောက်သွားဦးမယ်လေ" ဟု ဈေးကွက်တည်မြဲရေးကို ကြိုးစားရပ်တည်ခဲ့ရသည့် ရန်ကုန်အခြေစိုက် ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ၎င်းတွေ့ကြုံခဲ့ရသော Global Financial Crisis အတွေ့အကြုံကိုဖွင့်ဟပြောကြားသည်။



## ဈေးနှုန်းပြင်ဆင်သတ်မှတ်ခြင်း

နိုင်ငံတကာဈေးကွက်၏ ငွေကြေးသုံးစွဲနိုင်မှုနှင့် ပို့ကုန်ဈေးနှုန်းများအကြား အခက်အခဲရင်ဆိုင်နေရသည့် ပို့ကုန်လုပ်ငန်းရှင်များကို ငွေကြေးအကျပ်အတည်းကာလအတွင်း လုပ်သာကိုင်သာရှိစေရန်အတွက် အစိုးရပိုင်းက ပို့ကုန်ဈေးနှုန်းများကို အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ဖြေလျှော့ပေးမှုများ လုပ်ဆောင်ပေးခဲ့ရသည်များလည်း ရှိသည်။

ရေထွက်ပစ္စည်းပို့ကုန်အသီးသီး၏ ဈေးနှုန်းများကို Global Crisis စတင်ရိုက်ခတ်သည့် အချိန်၌ ၃၀ ရာခိုင်နှုန်းခန့်အထိ ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့ နောက်ပိုင်းတွင်မှ ၁၀ ရာခိုင်နှုန်းခန့် ပြန်လည်တိုးမြှင့်သတ်မှတ်ကောက်ခံခဲ့သည်။

ဤကဲ့သို့ ပို့ကုန်ဈေးနှုန်းသတ်မှတ်ချက်ကို ပြန်လည်တိုးမြှင့်ရခြင်းမှာ ကုန်တင်ပို့မှုအပိုင်းတွင် သိသိသာသာကျဆင်းခြင်းမရှိဘဲ ပို့ကုန်ဝင်ငွေရရှိမှုအပိုင်း၌ သတ်မှတ်လျာထားချက်အောက်များစွာ လျော့နည်းနေသောကြောင့်ဖြစ်ကြောင်း၊ ၂၀၀၉ – ၂၀၁၀ ဘဏ္ဍာရေးနှစ်၏ ရေထွက်ပစ္စည်းပို့ကုန်ဝင်ငွေလျာထားချက်ကို အမေရိကန်ဒေါ်လာ သန်း ၇၀၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ လျာထားဆောင်ရွက်လျက်ရှိရာ ဩဂုတ်လခန့်အထိ ပို့ကုန်ဝင်ငွေလျာထားချက်မှာ ၁၈ ရာခိုင်နှုန်းခန့်သာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ၁၂ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ ယင်းအခြေအနေများကြောင့် ပြင်ဆင်လျှော့ချပေးထားသည့် ပို့ကုန်ဈေးနှုန်းကို ပြန်လည်တိုးမြှင့်သတ်မှတ်ရခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပို့ကုန်ဈေးနှုန်း သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

**သုံးနှစ်ဆက်၍ ရှုံးချိန်**

မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းနယ်

www.foreverspace.com.mm

၂၀၀၉–၂၀၁၀ ခု ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်းတင်ပို့မှု US$(၇၀၀) သန်းလျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ

| စဉ် | အမည် | ၂၀၀၉–၂၀၁၀ လျာထားချက် | ၁–၄–၀၉ မှ ၂၂–၁၁–၀၉ အထိ | | လိုအပ်သည့်ငွေ | တင်ပို့ပြီးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | | လျာထားချက် | ရရှိငွေ | | |
| ၁။ | Normal Trade | ၄၄၀.၀၀၀ | ၂၈၁.၆၀၀ | ၁၇၅.၁၂၆ | ၂၆၄.၈၇၄ | ၃၉.၈၀ |
| ၂။ | မှုဆယ် | ၁၀၀.၀၀၀ | ၆၄.၀၀၀ | ၃၄.၇၉၀ | ၆၅.၂၁၀ | ၃၄.၇၉ |
| ၃။ | မြဝတီ | ၃၂.၀၀၀ | ၂၀.၄၈၀ | ၉.၇၇၈ | ၂၂.၂၂၂ | ၃၀.၅၆ |
| ၄။ | ကော့သောင်း | ၂၇.၀၀၀ | ၁၇.၂၈၀ | ၁၀.၉၈၂ | ၁၆.၀၁၈ | ၄၀.၆၇ |
| ၅။ | သံတွဲ | ၁.၀၀၀ | ၀.၆၄၀ | ၀.၀၀၀ | ၁.၀၀၀ | ၀.၀၀ |
| ၆။ | စစ်တွေ | ၂၀.၀၀၀ | ၁၂.၈၀၀ | ၄.၅၆၇ | ၁၅.၄၃၃ | ၂၂.၈၄ |
| ၇။ | မြိတ် | ၇၂.၃၅၀ | ၄၆.၃၀၄ | ၄၄.၃၅ | ၂၈.၀၀၀ | ၆၁.၃၀ |
| ၈။ | မောင်တော | ၇.၅၀၀ | ၄.၈၀၀ | ၃.၄၀၃ | ၄.၀၉၇ | ၄၅.၃၇ |
| ၉။ | တမူး | ၀.၁၅၀ | ၀.၀၉၆ | ၀.၀၂၀ | ၀.၁၃၀ | ၁၃.၃၃ |
| | စုစုပေါင်း | ၇၀၀.၀၀၀ | ၄၄၈.၀၀၀ | ၂၈၃.၀၁၆ | ၄၁၆.၉၈၄ | ၄၀.၄၃ |

ပယ်တွင် ငါးမွေးမြူရေးလုပ်ငန်းရှင် အများစုမှာ အကျိုးအမြတ်ရရှိမှုအားနည်းပြီး ဆုံးရှုံးမှုများတွေ့ကြုံခဲ့ရသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်သည်ဟု ငါးမွေးမြူရေးနယ်ပယ်ရှိ လုပ်သက်ရင့်ငါးမွေးမြူရေးလုပ်ငန်းရှင်များက ဆိုသည်။

၂၀၀၆ ခုနှစ်တွင် ငါးမွေးမြူရေးလုပ်ငန်းများ၌ မွေးမြူရေးအစာဈေးနှုန်းကြီးမြင့်မှုကြောင့် မွေးမြူထုတ်လုပ်မှုစရိတ်နှင့် ပြန်လည်ရရှိသည့် ငါးဈေးနှုန်းများမှာ မျှခြေမရှိဘဲ အကျိုးအမြတ်အားဖြင့် ဆုံးရှုံးနစ်နာမှုများရှိခဲ့ပြီး ၂၀၀၈ ခုနှစ်၌မူ ထင်မှတ်မထားသည့် သဘာဝဘေးဆိုးကြီးကျရောက်မှုကြောင့် အထိနာခဲ့ရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ငါးကန်ဧကနှစ်သိန်းတစ်သောင်းကျော်တွင် ထက်ဝက်ခန့်မှာ မအူပင်၊ တွံတေးနှင့်ခရမ်းမြို့နယ်တို့တွင် တည်ရှိသဖြင့် နာဂစ်ဝင်ရောက်တိုက်ခတ်သွားသည့် ဒေသများတွင် ငါးမွေးကန်ဧကပေါင်းတစ်သိန်းနှစ်သောင်းကျော်ခန့်တည်ရှိနေသည်။ ယင်းငါးကန်များမှငါးကန် ဧက ၂၀၀ ကျော်မှာပြင်းထန်စွာ ပျက်စီး၍ ဧကတစ်သောင်းငါးထောင်ကျော်မှာ ရေနစ်မြုပ်ပျက်စီးခဲ့သည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ထုတ်ပြန်ချက်များအရသိရသည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့်ဆုံးရှုံးပျက်စီးခဲ့သည်များကို အချိန်တိုအတွင်းပြန်လည်ထူထောင်လုပ်ကိုင်နိုင်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် အစီအစဉ်ဖြင့် ပျက်စီးသွားသည့် ငါးကန်များကို တစ်ဧက ကျပ်ငါးသောင်းနှုန်းဖြင့်ဘဏ် ချေးငွေများထုတ်ချေးပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ဤသို့ သဘာဝဘေးနာဂစ်ဒဏ်ကို အလူးအလဲခံစားပြီး ပြန်လည်အရှိန်ယူလုပ်ကိုင်နေသည့် ၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဂယက်ကြောင့် ငါးဈေးနှုန်းကျဆင်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပြန်သည်။ အဆိုးဆုံးမှာအမေရိကန်ဒေါ်



www.foreverspace.com.mm

လာ တန်ဖိုးကျဆင်းပြီး မြန်မာငွေတန်ဖိုးမာသည့်အတွက် ငွေလဲလှယ်နှုန်းကွာဟမှုများ ခြင်းပင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်တစ်လျှောက်လုံးတွင် ပို့ကုန်လုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းတွင် မကြာခဏဖြစ်ပေါ်သည့်ပြဿနာမှာ Exchange Rate (ငွေလဲလှယ်နှုန်း) အတက်အကျမြန်ဆန်မှုပင်ဖြစ်သည်။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဂယက်ကြောင့် ပြည်ပသို့တင်ပို့ရောင်းချနေသည့် ငါးမျိုးစုံဈေးနှုန်းများမှာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ပထမပတ်ခန့်တွင် မူလဈေးနှုန်းများအောက် တစ်ပိဿာလျှင် ကျပ် ၁၅၀ ကျပ်ခန့်အထိကျဆင်းသွားခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင်ငွေကြေးလဲလှယ်မှုနှုန်းများကျဆင်းလာသည့်အတွက် ဒီဇင်ဘာလအတွင်း၌ ကျဆင်းခဲ့သည့်ဈေးနှုန်းများ အောက်ငါးတစ်ပိဿာလျှင် ကျပ် ၄၅၀ မှ ၅၀၀ ကျပ်ခန့်အထိ ထပ်မံကျဆင်းခဲ့ကြောင်း ပြည်ပဈေးကွက်ဝင်ငါးမြစ်ချင်း ၉–၁၁ ဆိုဒ် တစ်ပိဿာ ကျပ် ၁၃၅၀ကျပ်၊ ၁၃–၁၈ ဆိုဒ်မှာ ၁၅၅၀ ကျပ်နှင့် ၁၈–၂၄ (2Up)ဆိုဒ် တစ်ပိဿာဈေးနှုန်းမှာ ၁၈၀၀ ကျပ်ဖြင့်သာအရောင်းအဝယ်ရှိခဲ့ကြောင်း၊ အဆိုပါရရှိသည့်ဈေးနှုန်းများမှာ ငါးတစ်ပိဿာထုတ်လုပ်မှုစရိတ်၏ သုံးပုံနှစ်ပုံခန့်သာ ပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအခြေအနေများကြောင့် ငါးမွေးမြူသူအများစုမှာ ငါးဆက်လက်မွေးမြူထားပါက အစာအတွက် ကုန်ကျစရိတ်ပိုမိုမြင့်တက်လာမည်စိုး၍ အရွယ်မရောက်သေးသည့်ငါးများကိုပင် ဖော်ရောင်းခဲ့မှုများရှိကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက် အဝယ်ရှိလာသည့် မတ်လနောက်ပိုင်းတွင် ပြည်ပအဝယ်လိုက်သည့် ငါးမြစ်ချင်း 2Up၊ 3Up ဆိုဒ်များမှာ ပြည်တွင်းဈေးကွက်၌ မရှိတော့၍ အဝယ်ရှိပါသော်လည်း ရောင်းစရာမရှိသည့်အဖြစ်နှင့် ကြုံခဲ့ရကြောင်း၊ ပြည်ပအဝယ်ရှိသည်ဟုဆိုသော်လည်း ငါးဈေးနှုန်းမှာ မူလဈေးနှုန်းသို့မရောက်ရှိခြင်းကြောင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတာဝန်ရှိသူတစ်ဦးက ငါးဈေးနှုန်းကျဆင်းမှုနှင့်ပတ်သက်၍ ပြောကြားသည်။

ငါးမွေးမြူရေးလုပ်ငန်းများမှာ ၂၀၀၆ ခုနှစ်မှစ၍ လုပ်ငန်းတိုးတက်မှုအနေအထားလျော့နည်းခဲ့ပြီး သုံးနှစ်ဆက်၍ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ ငါးမွေးမြူရေးလုပ်ငန်းများ၏ အကျိုးအမြတ်ရရှိမှုလျော့နည်းပြီး မသေချာသည့်အခြေအနေများကြောင့် ပြင်ပမှအကျိုးတူပူးပေါင်းလုပ်ကိုင်လိုသည့်လုပ်ငန်းရှင် မရှိသလောက်လျော့နည်းသွားပြီ ဖြစ်သည်။ ငါးမွေးမြူရေးလုပ်ကိုင်သူများမှာ ပြင်ပမှရင်းနှီးမြှုပ်နှံငွေ ၇၅ ရာခိုင်နှုန်းခန့်ကို အားပြုလုပ်ကိုင်နေရသူများဖြစ်သည်။ ယခုအခါ ပြင်ပမှရင်းနှီးမြှုပ်နှံမှုများ မရရှိတော့၍ လာမည့်ငါးမွေးရာသီများတွင် ငါးမွေးမြူမှုအပိုင်း၌ ကျဆင်းမှုများရှိလာနိုင်သည်ဟု ငါးမွေးမြူရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းက သုံးသပ်ပြောကြားထားသည်။

ပုစွန်မွေးမြူရေးလုပ်ငန်းများမှာလည်း ကမ္ဘာ့ငွေကြေးကျဆင်းမှုဂယက်အတွင်း၌ ဈေးကွက်နေရာမပျောက်ရေး၊ လုပ်ငန်းများ



www.foreverspace.com.mm

ဆက်လက်လည်ပတ်နိုင်ရေး ကြိုးစားရန်းကန်ခဲ့သော်လည်း လုပ်ငန်းများအရှိန်တန့်သွားသည့်အနေအထားမျိုးတွေ့ကြုံရလျက်ရှိသည်။ ရေချိုပုစွန်ဈေးနှုန်းများမှာ အဆိုပါကာလများအတွင်းဈေးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိကျဆင်းသွားပြီး ရေငန်ပုစွန်ဈေးနှုန်းများမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ရေချိုပုစွန်မွေးမြူရေးမှာ ပြည်ပဈေးကွက်အခြေအနေမပေးသော်လည်း ပြည်တွင်းဈေးကွက်တည်ရှိနေသည့်အတွက် ဆက်လက်မွေးမြူမှုရှိသေးပြီး ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများမှာ ပြည်ပဈေးကွက်ပေါ်၌သာတည်မှီလုပ်ကိုင်ခဲ့ရသည့်အတွက် လက်ရှိအချိန်တွင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများမှာ လုပ်ငန်းပျက်မသွားရန် ၁၀ ရာခိုင်နှုန်းပင်မပြည့်သည့် ရာခိုင်နှုန်းအနည်းငယ်သာ အရှုံးခံလုပ်ကိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ကံကိုယုံ၍ စီးပွားရှာရချိန်

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်ဝန်းကျင်မှစတင်၍ အစိုးရက တရားဝင်လွှဲပြောင်းရောင်းချခွင့်ပြုထားသည့်ပို့ကုန်ရငွေ (Export Earning) ဈေးနှုန်းများမှာ ယခုနှစ်တွင် အတက်အကျမြန်ဆန်၍ အလူပ်အယမ်းများခဲ့သည်။ ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်နှင့်အတူ လအတန်ကြာဈေးနှုန်းကျဆင်းနေခဲ့ရာမှ ဧပြီလတတိယပတ်ခန့်မှစ၍ ၁၁၅၀ ကျပ်ဝန်းကျင် ပြန်လည်ရောက်ရှိလာခဲ့သည်။ ယင်းကာလမတိုင်မီက တစ်ထောင်ကျပ်ဝန်းကျင်တွင် လအတန်ကြာရပ်တည်နေခဲ့ခြင်းဖြစ်သည်။ ယခုနောက်ပိုင်း နိုဝင်ဘာလအရောက်တွင် ပို့ကုန်ရငွေ

**၂၀၀၉–၂၀၁၀ ခု ဘဏ္ဍာရေးနှစ် အသင်းအဖွဲ့များမှ ရေထွက်ပစ္စည်းတင်ပို့မှု US$(၇၀၀) သန်းလျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ**

| စဉ် | အမည် | ၂၀၀၉–၂၀၁၀ လျာထားချက် | ၁–၄–၀၉ မှ ၂၂–၁၁–၀၉ အထိ | လို/ပိုသည့်ငွေ | တင်ပို့ပြီးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ကဏန်းလုပ်ငန်းရှင်များအသင်း | ၃၅.၀၀၀ | ၂၀.၆၇၃ | –၁၄.၃၂၇ | ၅၉.၀၇ |
| ၂။ | ငါးရှဥ့်လုပ်ငန်းရှင်များအသင်း | ၂၅.၀၀၀ | ၁၂.၇၀၄ | –၁၂.၂၉၆ | ၅၀.၈၂ |
| ၃။ | အလှမွေးငါးအသင်း | ၀.၃၀၀ | ၀.၀၈၀ | –၀.၂၂၀ | ၂၆.၆၇ |
| ၄။ | မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း (ရေချိုငါး) | ၁၂၀.၀၀၀ | ၆၂.၈၅၀ | –၅၇.၁၅၀ | ၅၂.၃၈ |

**ကဏန်း**

| | |
|---|---|
| မှုဆယ် | ၅.၇၇၂ |
| မြဝတီ | ၂.၃၃၂ |
| Air Line | ၆.၄၄၀ |
| မြိတ် | ၀.၇၄၀ |
| ကော့သောင်း | ၀.၁၉၀ |
| Soft Shell Crab | ၅.၁၉၉ |
| US$ (သန်း) | ၂၀.၆၇၃ |

**ငါးရှဥ့်**

| | |
|---|---|
| ကန့်ပိုက်တီး | ၀.၀၈၉ |
| မှုဆယ် | ၁၂.၅၈၅ |
| မြဝတီ | ၀.၀၃၀ |
| Air Line | – |
| US$ (သန်း) | ၁၂.၇၀၄ |

**Soft Shell Crab**

| | |
|---|---|
| Normal | ၂.၆၈၆ |
| Myeik | ၂.၅၁၃ |
| US$ (သန်း) | ၅.၁၉၉ |

**ရေချိုငါး**

| | |
|---|---|
| စစ်တွေ | ၄.၅၀၅ |
| မြဝတီ | – |
| Normal | ၅၈.၃၄၅ |
| US$ (သန်း) | ၆၂.၈၅၀ |

| | |
|---|---|
| Finned Eel- | ၀.၂၂၇ |
| Sole Mud - | ၀.၀၇၄ |
| Worm Eel - | ၀.၄၉၆ |
| US$ (သန်း) | ၀.၇၉၇ |

(၁.၁၁.၀၉) မှ (၈.၁၁.၀၉) ထိ ပြည်ပတင်ပို့မှုမှာ US$ (၈.၈၃၇) သန်း
(၉.၁၁.၀၉) မှ (၁၄.၁၁.၀၉) ထိ ပြည်ပတင်ပို့မှုမှာ US$ (၁၂.၄၇၆) သန်း
(၁၅.၁၁.၀၉) မှ (၂၂.၁၁.၀၉) ထိ ပြည်ပတင်ပို့မှုမှာ US$ (၁၀.၃၀) သန်း

(၁.၄.၀၈) မှ (၃၀.၁၁.၀၈) ထိ ပြည်ပတင်ပို့မှုမှာ US$ (၃၃၂.၉၇၄) သန်း
(၁.၄.၀၉) မှ (၂၂.၁၁.၀၉) ထိ ပြည်ပတင်ပို့မှုမှာ US$ (၂၈၃.၀၁၆) သန်း
၁၁/၀၈ လတင်ပို့မှုမှာ US$ (၄၇.၄၆၈) သန်း
(၁.၁၁.၀၉) မှ (၂၂.၁၁.၀၉) ထိ ပြည်ပတင်ပို့မှုမှာ US$ (၃၁.၃၂၉) သန်း
တစ်ရက်ပျမ်းမျှ US$ (၁.၄၆၉) သန်း

**Source: ငါးလုပ်ငန်းဦးစီးဌာန (FIQC)**

www.foreverspace.com.mm

(Export Earning) ဈေးနှုန်းများမှာ နေ့စဉ်ဆိုသလို အတက်အကျမြန်ဆန်၍ အလှုပ်အယမ်းပိုစိတ်လာသည်ကို တွေ့ရသည်။ နိုဝင်ဘာလတစ်လလုံးနီးပါး နေ့စဉ်ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပို့ကုန်ရငွေပေါက်ဈေးမှာ ၁၀၃၀ ကျပ်ခန့်မှ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ၉၈၀ ကျပ်ဝန်းကျင်ခန့်အထိ ကျဆင်းသွားခဲ့သည်။

မည်သည့်အကြောင်းအရင်းကြောင့် ပို့ကုန်ရငွေ (Export Earning) ပေါက်ဈေးအပြောင်းအလဲမြန်ဆန်စွာ ဖြစ်ပေါ်နေသည်ကို အဖြေရှာမရဖြစ်နေကြောင်း၊ ပို့ကုန်ရငွေပေါက်ဈေးအခြေအနေကိုလည်း ခန့်မှန်းရခက်သည့်အတွက် ရေထွက်ပစ္စည်းများနိုင်ငံတကာဈေးကွက်ရောင်းချရာ၌ အခက်အခဲများတွေ့ကြုံရလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးကွက်အမှာရှိသော်လည်း ရောင်းချရသည့်အပိုင်း၌ ထိန်းသိမ်းလုပ်ဆောင်နေရကြောင်း၊ ယင်းအခြေအနေများကြောင့် ပြည်ပဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချနေသည့် ငါးမြစ်ချင်းငါး တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၁၅၀ မှ ၂၅၀ ခန့်ထိ ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း၊ ငွေကြေးဈေးနှုန်းများ ပြုတ်ကျနေသည့်အတွက် ပို့ကုန်လုပ်ငန်းရှင်များ ကုန်ပစ္စည်းဝယ်ယူသည့်အပိုင်း၌ ထိန်း၍ဆောင်ရွက်နေရကြောင်း မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ငွေလဲလှယ်နှုန်း (Exchange Rate) မတည်ငြိမ်မှုများကြောင့် ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်များမှာ ဈေးကွက်အကျိုးအမြတ်သေချာတွက်ချက်လုပ်ကိုင်နိုင်မှု နည်းပါးလာသည့်အတွက် လုပ်ငန်းဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်ဟု ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

"ဒီအချိန်က ပို့တဲ့သူရော မွေးတဲ့သူရော ဂယက်ရိုက်တဲ့အချိန်ပါ။ မရှုံးတဲ့သူမရှိပါဘူး။ Crisis ကာလလို့ပြောရင်လည်း မမှားပါဘူး။ Exchange Rate က မှန်းရအတော်ခက်ပါတယ်။ အခု စီးပွားရေးလုပ်နေတဲ့သူတွေက ကံကိုယုံပြီး ဖဲကစားရသလိုပါပဲ။ ရှုံးမယ်၊ မြတ်မယ် မသေချာပါဘူး။ ကံကိုယုံပြီးလုပ်နေရတယ်" ဟု အဏ္ဏဝါဒေဝီရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ငွေလဲလှယ်နှုန်းနှင့်ပတ်သက်၍ ပြောကြားခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ် မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှုအခြေအနေကို ခြုံငုံသုံးသပ်ကြည့်လျှင် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်၊ Exchange Rate (ငွေလဲလှယ်နှုန်း) မတည်ငြိမ်သည့်ပြဿနာများကြောင့် ပို့ကုန်လုပ်ငန်းရှင်ရော မွေးမြူသူပါ နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့ရလျက်ရှိပါသည်။ ပို့ကုန်လုပ်ငန်းရှင်များမှာလည်း နိုင်ငံတကာဈေးကွက်၌ ဖြစ်ပေါ်နေသည့် ဈေးနှုန်းအခြေအနေနှင့် ပြည်တွင်းဈေးနှုန်းအခြေအနေနှစ်ခုကြားတွင် မလုပ်သာမကိုင်သာအခြေအနေမျိုးများ တွေ့ကြုံရလျက်ရှိပြီး သုံးနှစ်ဆက်တိုက်ဆိုသလို အရှုံးနှင့် ရင်ဆိုင်နေရသည့် မွေးမြူရေးလုပ်ငန်းရှင်များမှာလည်း ရရှိလာသည့် အကျိုးရလဒ်အပေါ်၌ ဆက်လုပ်ကိုင်ရန် သတ္တိများ လျော့နည်းလျက်ရှိပါသည်။

ယင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် မွေးမြူထုတ်လုပ်မှုသွင်းအားစုစရိတ်များကို ပံ့ပိုးပေးပြီး ခိုင်မာသည့်ဈေးကွက်တစ်ခုဖော်ဆောင်ဖန်တီးပေးရန်၊ လိုအပ်သလိုပြည်ပတင်ပို့ရောင်းချမှုအပိုင်း၌လည်း လက်ရှိခွင့်ပြုထားသည့်အခြေအနေထက် တွန်းအားပေးပြီး ဈေးကွက်ပိုမိုအသက်ဝင်လာစေရန် ပြည်ပတင်ပို့သူများ လုပ်သာကိုင်သာရှိမည့်အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်လျှင် လာမည့် ၂၀၁၀ ပြည့်နှစ်သည် အဆိုးထဲကသင်ခန်းစာများကို ရယူလုပ်ကိုင်ပြီး အကောင်းဆုံးမဟုတ်သည့်တိုင်အောင် အဆိုးဆုံးထက်မနိမ့်သော အခြေအနေကောင်းတစ်ခုကို ဖန်တီးလုပ်ကိုင်နိုင်မည့်နှစ်တစ်နှစ်ဟု ပို့ကုန်လုပ်ငန်းရှင်များနှင့် မွေးမြူသူများက သုံးသပ်ထားကြသည်။



**မိုးခိုင်**

www.foreverspace.com.mm



# ၂၀၀၉ ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်



www.foreverspace.com.mm



## ဘုရင့်နောင် ကုန်စည်ဈေးကွက်

မြန်မာနိုင်ငံ၏လယ်ယာထွက်ကုန်သီးနှံမျိုးစုံရောင်းဝယ်ရေးဈေးကွက်၏ အဓိကဈေးကွက်ဖြစ်သည့် ဘုရင့်နောင်အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ပွဲရုံများသည် နာဂစ်အလွန်ကာလများတွင် အရောင်းအဝယ်များ ပြန်လည်ပွင့်လန်းလာမည်ဟု မျှော်လင့်ထားကြသော်လည်း ထင်မှတ်မထားသည့် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် အရောင်းအဝယ်များပြန်လည်တုံ့ဆိုင်းသွားရသည်ကို ၂၀၀၉ ခုနှစ်တွင် တွေ့ကြုံခဲ့ရသည်ဟု လုပ်ငန်းရှင်များကဆိုသည်။

နှစ်ဆန်းပိုင်းကာလတွင် ဆန်လုပ်ငန်းရှင်များသည် ပြည်ပဆန်တင်ပို့ခွင့်များကြောင့် အရောင်းအဝယ်ကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆန်လိုဒေသများမှဆန်များ ဘုရင့်နောင်သို့ ပြန်လည်ဝင်ရောက်လာသဖြင့် အရောင်းအဝယ်သိသိသာသာအေးသွားကြောင်း၊ ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင်လည်း ပဲကုန်သည်ကြီးငါးဦး၏ ငွေကြေးအရှုပ်အရှင်းများကြောင့် ကျပ်သိန်းပေါင်း ကုဋေချီ၍ ဆုံးရှုံးခဲ့ရပြီး သက်ဆိုင်ရာမှဝင်ရောက်ကိုင်တွယ်ဖြေရှင်းရသည့် ပဲဈေးကွက်သည်လည်း အရောင်းအဝယ်အေးသွားခဲ့ကြောင်း၊ နှစ်လယ်ပိုင်းတွင်မူ အိန္ဒိယ၏ ပဲဝယ်လိုအားကြောင့် ပဲဈေးကွက်သည် လျင်မြန်စွာပင် နာလန်ပြန်လည်ထူလာသည်ကို တွေ့မြင်ရသည်။

စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်နီသည် သိသာစွာဈေးလှုပ်ခတ်ခဲ့ပြီး စံချိန်တင်ဈေးနှုန်းမြင့်တက်မှုများကြောင့် အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှပင် ပြန်လည်တင်သွင်းရောင်းချခဲ့ရပြီး အခြေခံလူတန်းစားများ၏ ဝယ်လိုအားကြောင့် ဟင်းအမယ်တစ်မျိုးဖြစ်သည့် အာလူးသည် နှစ်ပေါင်းများစွာအတွင်း တစ်ကြိမ်တစ်ခါမှမရောက်ဖူးသည့် ဈေးနှုန်း တစ်ပိဿာ ၈၀၀ ကျပ်ကျော်အထိဖြစ်ခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်တစ်နှစ်လုံးအနေဖြင့် စားဖိုဆောင်သီးနှံဈေးကွက်သည် အရောင်းအဝယ်အေးသော်လည်း ဈေးနှုန်းများမှာမူ မြင့်တက်ခဲ့ကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်များကလည်း အရောင်းအဝယ်အေးခဲ့ကြောင်း၊ သို့ရာတွင် အနိမ့်ဆုံးအားဖြင့် တနင်္လာနှင့် သောကြာနှစ်ရက် သိသိသာသာ လူစည်ကားသော ဘုရင့်နောင်တွင် တနင်္လာနေ့တစ်ရက်သာ လူစည်တော့ကြောင်း၊ အထူးသဖြင့် ဝါတွင်းကာလဥပုသ်ရက် နယ်ဈေးပိတ်ချိန်များ၌ လာရောက်ဝယ်ယူလေ့ရှိသည့် နယ်ကုန်သည်များ ယခုနှစ်တွင် လာရောက်ဝယ်ယူခြင်းမရှိကြောင်း စားဖိုဆောင်သီးနှံလုပ်ငန်းရှင်များက ပြောကြားသည်။

## ပြောင်းပြန်စီးသည့်ဆန်

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းကြောင့် ဆန်ဈေးနှုန်းများမယုံကြည်နိုင်လောက်အောင် ကျဆင်းခဲ့သော်လည်း ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြည်ပသို့ဆန်တင်ပို့ရောင်းချခွင့်ပြုခဲ့ခြင်းကြောင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေလတို့တွင် ပြည်ပသို့ဆန်တင်ပို့ခွင့်ရ ကုမ္ပဏီကြီးများသို့ တစ်ဆင့်ဝယ်ယူတင်သွင်းခြင်းဖြင့် ဘုရင့်နောင်ဆန်ပွဲရုံများအရောင်းအဝယ်သိသာစွာကောင်းမွန်ခဲ့ကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မုတ်သုံစပါးစတင်စိုက်ပျိုးချိန်တွင် ပြည်ပသို့ ဆန်တင်ပို့ခွင့်ကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုချိန်နှင့်တိုက်ဆိုင်စွာပင် အစဉ်အလာအားဖြင့် ဘုရင့်နောင်မှ ဆန်တင်ပို့ရောင်းချနေရသည့် အထက်အညာဒေသများသည် ဆန်များပိုလျှံလာခြင်းကြောင့် ဘုရင့်နောင်သို့ ပြန်လည်တင်ပို့ရောင်းချလာခဲ့ကြောင်း၊ နှစ် ၂၀ ခန့်အတွင်း မန္တလေးတိုင်း စဉ့်ကိုင်မှဆန်များ ပထမဆုံးအကြိမ်ဝင်ရောက်လာခဲ့ကြောင်း၊ ထို့အတူ စစ်ကိုင်းရွှေဘိုမှဆန်များလည်း ယခင်နှစ်ကထက်ပိုမိုဝင်ရောက်လာသကဲ့သို့ မကွေးတိုင်း ဆင်ဖြူကျွန်းမှဆန်များလည်း ဝင်ရောက်လာခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် မိုးရာသီကာလတစ်လျှောက်လုံး ဘုရင့်နောင်ဆန်ဈေးကွက်သည် အရောင်းအဝယ်အေးခဲ့ကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရားဝင်ဆန်တင်ပို့ရောင်းချခွင့်အရှိန်ရလာချိန်တွင် သံလွင်မြစ်ကူးတံတား၏ ကြံ့ခိုင်မှုလျော့ကျခြင်း၊ ဘားအံ၊ မြဝတီ တောင်ပေါ်ကားလမ်းတွင် မြေပြိုခြင်းများကြောင့် နယ်စပ်သို့ ဆန်တင်ပို့သူများ လေ့ပြေးတုန်း တက်ကျိုးခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ဆန်ချောနှင့် ဆန်ကြမ်း နှစ်မျိုးအနက်



www.foreverspace.com.mm

ဆန်ကြမ်းသည် နိုင်းယှဉ်ချက်အားဖြင့် အရောင်းအဝယ်ပိုကောင်းခဲ့ပြီး အချို့သောလများတွင် ဆန်ကြမ်းဈေးနှုန်းအောက်သို့ ဆန်ချောဈေးနှုန်းသည် ရောက်ရှိသွားသည့်သီတင်းပတ်များရှိသည်ကို တွေ့ရှိရသည်။

၂၀၀၉ ခုနှစ်၏ ဘုရင့်နောင်ဆန်ဈေးကွက်တွင် လပေါင်းများစွာ ကျဈေးမှာပင်ရှိပြီး အရောင်းအဝယ် ထိုင်းမှိုင်းသောဆန်အမျိုးအစားအချို့ ရုတ်တရက်အဝယ်လိုက်လာချိန်၌ ဆန်လက်ဝယ်ရှိသူများမရောင်းဘဲနှင့် သတ္တိရှိရှိ အရှုံးခံလှောင်ထားသူများတွက်ကိန်းမှန်ပြီး အကျိုးအမြတ်ကြီးကြီးမားမားရရှိသည်ကိုလည်း တွေ့မြင်ရသည်။

ပုံမှန်အားဖြင့် ဆန်ကြမ်း၊ ဆန်ချောနှစ်မျိုးသာခွဲခြားထားသော်လည်း ဆန်ချောအုပ်စုတွင် ပေါ်ဆန်း၊ ပေါ်ကွဲ၊ ခွံနီ၊ တောင်ပျံ စသဖြင့် ဆန်အမျိုးအစားများ ထပ်မံခွဲခြားရောင်းဝယ်ကြောင်း၊ ပေါ်ဆန်းသည် တစ်မိုးတွင်းလုံး ဈေးကျနေသဖြင့် မိုးကုန်ခါနီး၌ တစ်ပတ်အတွင်း တစ်အိတ် ၂၀၀၀ ကျပ်ခန့် ဈေးခုန်တက်ချိန်၌ ဆန်အများအပြား လက်ဝယ်ရှိသူများ သိန်းရာချီ၍ ရက်ပိုင်းအတွင်း အကျိုးအမြတ်ခံစားရသောအကြောင်းရင်းကို ဆန်ဈေးကွက်၌ ငုပ်နေသည့်အပင် ပေါ်လာသည့်သဘော ဟုသတ်မှတ်ကာ ငုပ်ကောင်စောင့်ရောင်းသည့် ပုံစံတစ်ရပ် ဖြစ်ထွန်းလာကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်သစ်ပေါ်ချိန်တွင် ၁၁,၅၀၀ ကျပ်ခန့်ဖြင့် ဈေးဖွင့်ခဲ့သော ဆန်ကြမ်းတစ်အိတ်သည် တဖြည်းဖြည်း ဈေးကောင်းလာပြီး နောက်ပိုင်းတွင် ၁၈,၅၀၀ ကျပ်အထိဖြစ်လာ၍ ကြိတ်သားအရမ်းကောင်းသည့် ဆန်ကြမ်းတစ်အိတ်သည် ၂၀,၀၀၀ ကျပ် အထိ လက်သိပ်ထိုးရောင်းဝယ်မှုများပင်ဖြစ်ခဲ့သည်အထိ ဆန်ကြမ်းဈေးကောင်းခဲ့ကြောင်း၊ ပေါ်ဦးပေါ်ဖျား ပေါ်ဆန်းတစ်အိတ် ၁၆,၅၀၀ ကျပ်ခန့်ဖြင့် စဖွင့်ခဲ့ပြီး နောက်ပိုင်းတွင် တစ်အိတ် ၂၈,၀၀၀ ကျပ်ခန့်အထိဖြစ်ခဲ့ကြောင်း၊ အထူးသဖြင့် ရွှေဘိုပေါ်ဆန်းသည် ထူးထူးခြားခြား တစ်အိတ် ၃၀,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဦးဆောင်ဈေးနှုန်းရရှိခဲ့ကြောင်း ဘုရင့်နောင် ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

၂၀၀၉ ခုနှစ်ကုန်၍ ၂၀၁၀ ပြည့်နှစ်ဆန်းပိုင်းတွင် ပြည်ပသို့ဆန်တင်ပို့ခွင့်နှင့်အတူ ယခင်က မတင်ပို့ဖူးသည့် ဇီးရိုးအဆင့်ဆန်ရှယ်စများအပါအဝင် ပေါ်ဆန်းမွှေးကိုပါ တင်ပို့ရန်စီစဉ်မှုများရှိ၍ ၂၀၁၀ ပြည့်နှစ်တွင် ဆန်အရောင်းအဝယ်ကောင်းမွန်ပြီး ဆန်ဈေးနှုန်းများလည်း လိုက်ပါကောင်းမွန်ကြောင်း၊ ပြီးခဲ့သည့်နှစ်ကကဲ့သို့ ဆန်ကွဲတစ်အိတ် ၄၀၀၀ ကျပ်၊ စပါးတင်း ၁၀၀ လျှင် ကျပ်နှစ်သိန်းအောက်ရောက်သည်အထိ ကျဆင်းသည့်ပုံစံမျိုး မကြုံတွေ့နိုင်တော့ဟု ဘုရင့်နောင် ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ယုံကြည်မျှော်လင့်လျက်ရှိသည်ဟု ဆိုသည်။

## နာလန်ထမြန်သည့် ပဲမျိုးစုံ

အာဆီယံ၏ ထိပ်တန်းပဲတင်ပို့သည့်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ၏ ပို့ကုန်စုစုပေါင်း ၁၂ ရာခိုင်နှုန်းကျော် ဝင်ငွေရှာပေးနေသော ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်သည် အင်အားကြီးကုန်သည်ကြီးငါးဦး၏ ဈေးကစားမှုကြောင့် ဈေးကွက်ပျက်ပြီး ကျပ်သိန်းပေါင်းကုဋေချီ၍ ငွေကြေးအရှုပ်အရှင်းဖြစ်ခဲ့ကြောင်း၊ ပဲကုန်သည်ကြီးအချို့သည် ပြည်ပတွင် ရွှေနှင့်လောင်းစာဆီများကို သွားရောက်ရင်းနှီးမြှုပ်နှံမှုများပြုခဲ့ကြောင်း၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်ပေါ်လာသည့်အခါ ရင်းနှီးမြှုပ်နှံမှုများအရှုံးပေါ်ခဲ့ရပြီး ကမ္ဘာ့ငွေကြေးအကျပ်အတည်း၏ရိုက်ခတ်မှုကို မြန်မာနိုင်ငံပဲလောကတွင် ပထမဦးဆုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ပြည်ပသို့ ပဲတင်ပို့ရောင်းချနေသူ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

တစ်နည်းအားဖြင့် ပြည်ပသို့ပဲတင်ပို့နေသူများသည် ပဲမျိုးစုံကို ဒေသတွင်းပေါက်ဈေးထက် ပိုမိုပေး၍ အဝယ်တော်များထံမှ အကြွေးဖြင့်ဝယ်ယူခဲ့ကြပြီး ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်ပေါ်သည့်အခါ ငွေမရှင်းနိုင်ဘဲ ပဲအဝယ်တော် ၆၀၀ ခန့် ပြင်းပြင်းထန်ထန် ဆိုးဆိုးဝါးဝါး ထိခိုက်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ အဓိကပဲဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားဖောက်ပြန်မှုများကြောင့် ပဲအထွက်ဆုတ်ယုတ်ပြီး ပဲလိုအပ်ချက်ကြီးမားလာကြောင်း၊ အိန္ဒိယ၏ ပဲဝယ်လိုအားကြောင့် မြန်မာ့ပဲဈေးနှုန်းများသည် အရှိန်နှင့်တက်လာပြီး ခြောက်လခန့်အတွင်း ပဲပေါ်စအချိန် ပေါက်ဈေးထက် ၅၀ ရာခိုင်



www.foreverspace.com.mm



နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း၊ အထူးသဖြင့် ပဲစင်းငုံဆိုလျှင် နှစ်ပေါင်း ၃၀ ခန့်အတွင်း စံချိန်တင်ဈေးဖြစ်သည့် တစ်တန်လျှင် ကျပ်တစ်သန်းကျော်အထိရောက်ရှိခဲ့ကြောင်း၊ မတ်ပဲဆိုလျှင်လည်း ပဲလောကအရှုပ်အရှင်းမဖြစ်ခင် ယမန်နှစ်ကဈေးနှုန်းဖြစ်သည့် ကျပ်တစ်သန်းဝန်းကျင်ကို ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်သည် ပဲမျိုးစုံဈေးကောင်းရခဲ့ပြီး ယခင်နှစ်များကဲ့သို့ ကြိုရောင်း၊ ကြိုဝယ်များ၊ အကြွေးရောင်းဝယ်မှုများထက် လက်ငင်းရောင်းဝယ်မှုသာ သိသိသာသာများပြားခဲ့ကြောင်း၊ ငွေရှားပါးမှုမရှိဘဲ ငွေကြေးလည်ပတ်မှု ယခုထက်ကောင်းမွန်ပါက ပဲအရောင်းအဝယ်ပိုမိုကောင်းမွန်နိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

## ပြည်ပမှဝင်လာသည့် စားဖိုဆောင်သီးနှံ အိန္ဒိယနှင့် တရုတ်ကြက်သွန်နီ

ပုံမှန်အားဖြင့် တစ်နှစ်လျှင် နှစ်သီးထွက်ရှိပြီး မတ်လတွင်စပေါ်သော ကြက်သွန်နီသည် ဇူလိုင်လ ပထမပတ်အတွင်း မကြုံစဖူးဈေးနှုန်းအပြောင်းအလဲဖြစ်ခဲ့ကြောင်း၊ မတ်လ၊ မေလ၊ ဇွန်လ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေသော ကြက်သွန်နီဈေးနှုန်းသည် ဇူလိုင်လ ပထမပတ်ကစတင်ပြီး စံချိန်တင်ဈေး ထိပ်စတစ်ပိဿာ ၁,၂၅၀ ကျပ်အထိ ဖြစ်လာကြောင်း၊ လွန်ခဲ့သည့် ၂၀၀၆ ခုနှစ်က အမြင့်ဆုံးဈေး တစ်ပိဿာ ၂,၀၀၀ ကျပ်ကျော်စဉ်ကပင် ဇူလိုင်လပေါက်ဈေးသည် တစ်ပိဿာ ၆၀၀ ကျပ်ခန့်သာရှိကြောင်း၊ ကြက်သွန်နီဈေးနှုန်းများမြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံမှကြက်သွန်နီများ ဝယ်ယူတင်သွင်းခဲ့ရကြောင်း၊ အိန္ဒိယကြက်သွန်နီသည် အစိုဓာတ်များပြီး တာရှည်အထားမခံသည့်အပြင် ဈေးနှုန်းလည်းများကြောင်း၊ နောက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြက်သွန်နီများ တင်သွင်းရောင်းချကြောင်း၊ ပြည်ပမှတင်သွင်းရောင်းချသူများသည် ၎င်းတို့တင်သွင်းသည့် ပမာဏအတိုင်း အရည်အသွေးကောင်း ပြည်တွင်းထွက်ကြက်သွန်နီများကို ပြန်လည်တင်ပို့ခွင့်ရရန် ရည်ရွယ်တင်သွင်းခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂ နှစ်ဆက်တိုက် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုများပြီး ဈေးကောင်းမရသဖြင့် ကြက်သွန်တောင်သူများ၊ နယ်ကုန်သည်များ အရှုံးပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီဈေးကောင်းမည့်နှစ်၌ ပြည်ပကြက်သွန်နီများ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိကြက်သွန်နီ အနိမ့် တစ်ပိဿာ ၁,၁၀၀ ကျပ်၊ အမြင့် တစ်ပိဿာ ၁,၂၀၀ ကျပ်ခန့်ရှိကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။



## အထွက်နည်းသည့် ကြက်သွန်ဖြူ

နှစ်စကတည်းက ကြက်သွန်ဖြူ အထွက်နည်းခဲ့ကြောင်း၊ ကြက်သွန်ဖြူဈေးကောင်းမရသဖြင့် တောင်သူများအနေဖြင့် အစိုက်နည်းပြီး အထွက်လျော့ခဲ့ကြောင်း၊ ကြက်သွန်ဖြူအထွက်နည်းသဖြင့် တစ်နှစ်ပတ်လုံး တစ်ပိဿာ ကျပ် ၂,၀၀၀ ခန့် အထက်တွင် ရှိခဲ့ကြောင်း၊ လက်ရှိနယ်၌ပင် ကြက်သွန်ဖြူတစ်ပိဿာ ၂,၇၀၀၊ ၂,၈၀၀ ကျပ်ခန့်ရှိပြီး ယခုနှစ်ဈေးကောင်းသဖြင့် လာမည့်နှစ်တွင် ကြက်သွန်ဖြူဈေး ပုံမှန်ပြန်ဖြစ်နိုင်ကြောင်း ၃၀လမ်းမှ ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## နယ်စပ်ငရုတ်

၂၀၀၉ ခုနှစ်သည် ငရုတ်သီးဈေးနှုန်း အပြောင်းအလဲနည်းပါးသည့်နှစ်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ဈေးကောင်းရသည့်နှစ်တစ်နှစ်ဖြစ်သည့်အတွက် တစ်ပိဿာလျှင် ကျပ် ၂,၀၀၀ အထိ ဈေးကောင်းရခဲ့ကြောင်း၊ ရာသီဥတုအခြေအနေကြောင့် ငရုတ်အထွက်နည်းပြီး ဈေးကောင်းသဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဗီယက်နမ်ငရုတ်သီးများနှင့် မလေးရှားငရုတ်သီးများ ဝင်ရောက်လာရုံသာမက အိန္ဒိယ အာသံနယ်စပ်မှလည်း ငရုတ်သီးခြောက်များ ဝင်ရောက်မှုရှိခဲ့ကြောင်း စားဖိုဆောင်သီးနှံဈေးကွက်မှ စုံစမ်းသိရှိရသည်။

## မကြုံစဖူးထူးသည့်အာလူး

ငွေကြေးရှားပါးမှု၊ အခြားစားသောက်ကုန်များ ဈေးမြင့်မှုတို့ကြောင့် စားဖိုဆောင်သီးနှံများအနက် ဟင်းအဖြစ် စားသုံးနိုင်သည့် အာလူးသည် တစ်ကြိမ်တစ်ခါမှမဖြစ်ဖူးသည့်ဈေးနှုန်းဖြစ်သော တစ်ပိဿာ ၈၀၀ ကျပ်အထိ ဈေးကောင်းခဲ့ကြောင်း၊ ယခင်နှစ်များက ဈေးအမြင့်ဆုံးအဖြစ် ၆၅၀ ကျပ်ခန့်အထိသာ အမြင့်ဆုံးရောက်ခဲ့ကြောင်း၊ အာလူးစိုက်အားနည်းပြီး အပျက်အစီးများသဖြင့် မကြုံစဖူး နာဂစ်

www.foreverspace.com.mm

ကာလကထက် ဈေးကောင်းရခဲ့ကြောင်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## တငြိမ့်ငြိမ့် စားအုန်းဆီ

နိုင်ငံတကာတွင် ငွေကြေးအကျပ်အတည်းကြောင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာခြင်း၊ နယ်စပ်မှပုံးဆီများပြန်လည်ဝင်ရောက်လာခြင်းများကြောင့် ၂,၀၀၀ ကျပ်ကျော်မည်ဟု ခန့်မှန်းထားသော စားအုန်းဆီဈေးနှုန်းသည် ၂,၀၀၀ ကျပ်အောက်၌သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဘဏ်သွင်းဈေးများလည်း ဆက်တိုက်ကျဆင်းခဲ့ကြောင်း၊ နယ်စပ်မှတင်သွင်းသည့် စားအုန်းဆီလေးမျိုးကို စားသုံးရန်မသင့်ဟု သက်ဆိုင်ရာမှ ကြေညာခဲ့ကြောင်း၊ နောက်ပိုင်းတွင် စားအုန်းဆီများ ပုံမှန်အတိုင်းဝင်ရောက်လာကြောင်း၊ မြေပဲဆီမှာလည်း တစ်ပိသာ ၂,၄၀၀ ကျပ်တွင် ကာလအတန်ကြာငြိမ်နေပြီး နှစ်လယ်ပိုင်းတွင် တဖြည်းဖြည်း ပြန်တက်လာကာ ကျပ် ၃,၀၀၀ ဝန်းကျင်၌သာ ဆက်လက်ငြိမ်သက်နေကြောင်း ၎င်းလမ်းမှ ဆီမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ငွေကြေးဖောင်းပွမှုတွင် လူများ၏ ဝယ်လိုအားကြောင့် ငွေကြေးဖောင်းပွခြင်းနှင့် ထုတ်လုပ်မှုစရိတ်တွန်းအား (Cost Push Inflation) ငွေကြေးဖောင်းပွမှုဟူ၍ နှစ်မျိုးရှိကြောင်း၊ စရိတ်တွန်းငွေကြေးဖောင်းပွမှုဆိုသည်မှာ စရိတ်စကများပြီး ထုတ်ကုန်များဈေးမြင့်၍ ဝယ်လိုအားလျော့ကျခြင်းဖြစ်ကြောင်း၊ ဝယ်လိုအားလျော့သည့်အတွက် ထုတ်လုပ်သူများသည် ထုတ်လုပ်မှုလျှော့ချပြီး လစာငွေဖြတ်တောက်ခြင်း၊ အလုပ်သမားဦးရေလျှော့ချခြင်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာပြီး ဝင်ငွေလျော့ကျနေသဖြင့် ဝယ်လိုအားလျော့ကျခြင်းဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုအကြောင်းရင်းနှစ်ရပ်ကိုနှိုင်းယှဉ်လျှင် စရိတ်ကြီး၍ဖြစ်လာသည့် ငွေကြေးဖောင်းပွမှုသည် သတိထားကိုင်တွယ်ရမည့် အခြေအနေဖြစ်ကြောင်း၊ အပြောင်းအလဲမရှိခြင်း (Stagnation) နှင့် ဖောင်းပွခြင်း (Inflation) နှစ်ခုကိုပေါင်းစပ်ထားသည့် အခြေအနေကို စတက်ဂ်ဖလေးရှင်း (Stagflation) အခြေအနေဟုခေါ်ကြောင်း၊ စတက်ဂ်ဖလေးရှင်းကို ထုတ်လုပ်သူများဘက်မှအဓိပ္ပာယ်ဖွင့်လျှင် ဈေးကောင်းသော်လည်း ထုတ်လုပ်မှုမတိုးနိုင်ခြင်းဖြစ်ပြီး ဝယ်သူများဘက်မှ အဓိပ္ပာယ်ဖွင့်လျှင် ကုန်ပစ္စည်းများ ဈေးကောင်းနေသော်လည်း အလုပ်အကိုင်မကောင်းသည့်အခြေအနေဖြစ်ကြောင်း ဘောဂဗေဒပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ၂၀၀၉ ခုနှစ် လွန်မြောက်၍ ၂၀၁၀ ပြည့်နှစ် ရောင်နီသန်းချိန်တွင်ဖြစ်ထွန်းလာမည့် နိုင်ငံရေးအခြေအနေသစ်များကြောင့် စီးပွားရေးအခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလာနိုင်သည်ဟု ၎င်းက ခန့်မှန်းပြောကြားသည်။

## ညောင်ပင်လေးပလာဇာ

နယ်ဝယ်လက်များကို အဓိကအားထား၍ ဒေသစုံဝယ်လိုအားပေါ်မှီတည်နေသည့် ဈေးကြီးတစ်ဈေးဖြစ်သော ညောင်ပင်လေးပလာဇာဈေးကွက်သည် မယ်လမင်းဂယက်၊ ဆိုးဆေးဂယက်၊ ကမ္ဘာ့စီးပွားကျဂယက်တို့ကြောင့် ၂၀၀၉ ခုနှစ်အတွင်း ပုံမှန်အရောင်းသွက်ကာလအချိန်မှာပင် အရောင်းမသွက်ဘဲ အရောင်းဈေးကွက်သိသာစွာကျဆင်းနေခဲ့သည်ကို တွေ့ရှိရသည်။ အောက်တိုဘာလ ၁ ရက်နေ့က စတင်ထွက်ရှိခဲ့သည့် ၅၀၀၀ ကျပ်တန်နှင့် ပတ်သက်၍မူ ဈေးကွက်အပေါ်သက်ရောက်သည့် သိသာထူးခြားမှု တစ်စုံတစ်ရာမရှိခဲ့သည်ကို တွေ့ရသည်။

ယခုနှစ်အတွင်း သင်္ကြန်ကာလနီးသည့်အချိန်နှင့် တန်ဆောင်တိုင်ကာလတို့တွင်သာ စားသောက်ကုန်အချို့ ရောင်းအားရှိခဲ့ပြီး အခြားလူသုံးကုန်အချို့မှာမူ ရောင်းအားဆက်တိုက်အေးနေသည်ကို တွေ့ရှိခဲ့ရသည်။

ယခုကဲ့သို့သော ပွင့်လင်းရာသီအချိန်မျိုးတွင် အရောင်းသွက်ရမည်ဖြစ်သော်လည်း ယခုနှစ်ရောင်းအားမှာ ယမန်နှစ်၏ရောင်းအားကိုပင် ပြည့်မီခြင်းမရှိကြောင်း၊ နာဂစ်မုန်တိုင်းဝင်ရောက်ပြီးချိန်တွင် ရောင်းအားကျဆင်းခဲ့သည်ဆိုသော်လည်း မုန်တိုင်းဒဏ်ခံဒေသများအတွက် အလှူအတန်းပြုရန် စားသောက်ကုန်အပါအဝင် အခြားကုန်ပစ္စည်းများ လာရောက်ဝယ်ယူခြင်းကြောင့် ရောင်းအားရှိနေခဲ့ကြောင်း၊ ယခုနှစ်တွင်မူ အဝယ်များကျဆင်းလာသည့်အပြင် စီးပွားကျကပ်ကြုံခဲ့ရသည့်အတွက်ပါ ရောင်းအားအနေအထားမှာ ၂၀၀၈ ခုနှစ်



www.foreverspace.com.mm



**ပဲမျိုးစုံကာလတိုအတွင်း ပြောင်းလဲမှုနှိုင်းယှဉ်ချက်ဇယား**

| စဉ် | ပဲအမျိုးအစား | ကာလ | အလေးချိန် | တန်ဖိုး(ကျပ်) | ကာလ | တန်ဖိုး(ကျပ်) | ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁။ | မတ်ပဲ RAW<br>မတ်ပဲ RC<br>SQRC | ပေါ်ချိန် | ၆၀ ပိဿာ<br>တစ်တန်<br>တစ်တန် | ၅၁,၄၀၀<br>၅၁၄,၀၀၀<br>၆၀၅,၀၀၀ | ဧပြီ<br>ဧပြီ<br>ဧပြီ | ၈၄,၀၀၀<br>၈၄၅,၀၀၀<br>၉၅၀,၀၀၀ | ၆၂<br>၆၂<br>၅၇ | သုံးလအတွင်း<br>သုံးလအတွင်း<br>သုံးလအတွင်း |
| ၂။ | ခရမ်းရွှေဝါ | | ၆၀ ပိဿာ | ၆၃,၀၀၀ | ဧပြီ | ၈၂,၃၀၀ | ၃၀ | သုံးလအတွင်း |
| ၃။ | ပဲစင်းငုံ RC | ဒီဇင်ဘာ | တစ်တန် | ၆၆၅,၀၀၀ | ဧပြီ | ၁,၂၀၀,၀၀၀ | ၈၀ | သုံးလအတွင်း |

**မှတ်ချက်−ကုန်စည်ဒိုင်နေ့စဉ်အရောင်းအဝယ်စာရင်းများမှ**

ထက် ပိုမိုကျဆင်းသွားကြောင်း ညောင်ပင်လေးပလာဇာအတွင်း ကုန်ပစ္စည်းရောင်းချသူ လုပ်ငန်းရှင်အချို့က ပြောကြားသည်။

ဈေးကွက်အတွင်း ရောင်းချသူများအနေဖြင့် ဈေးကွက်အနေအထားပုံမှန်မရှိခြင်းကြောင့် ခန့်မှန်းတွက်ချက်ရခက်ခဲနေပြီး ယင်းကြောင့် ပစ္စည်းဝယ်ယူစုဆောင်းသူ (ဝါ) လှောင်လက်များမရှိတော့ကြောင်း ၎င်းတို့အဆိုအရ သိရှိရသည်။

## လှုပ်ခတ်မှုများခဲ့တဲ့ သကြား

နှစ်အစပိုင်းတွင် တစ်ပိဿာလျှင် အမြင့်ဆုံးဈေးနှုန်း ၅၈၀ ကျပ်သာရှိခဲ့ပြီး ဖေဖော်ဝါရီလတွင် ကျပ် ၆၀၀ စွန်းစွန်းအထိရောက်သွားခဲ့သော သကြားဈေးနှုန်းသည် ဧပြီလ သင်္ကြန်ရက်နီးချိန်တွင် နယ်စပ်ဝယ်လက်များရှိလာသဖြင့် ကျပ် ၇၀၀ ကျော်ခန့်အထိ ပေါက်ဈေးရှိခဲ့သည်။ သို့သော် မေလဆန်းတွင် တစ်ပိဿာလျှင် အမြင့်ဆုံး ကျပ် ၇၀၀ မှ ၆၉၀ ကျပ်သို့ ကျဆင်းသွားပြီး အနိမ့်ဆုံး ၆၄၀ ကျပ်၊ ၆၅၀ ကျပ်ဖြင့် ဈေးတန့်နေခဲ့သည်။

ယင်းမှ ကျပ် ၆၀၀ ကျော်၊ ၇၀၀ ကျပ်ခန့်အရောက်၌ သကြားအရောင်းအဝယ်သည် ပြည်တွင်းဈေးကွက်၌ အတော်အေးသွားသဖြင့် ၅၈၀ ကျပ်၊ ၅၉၀ ကျပ်ခန့်အထိ ပြန်လည်ရောက်ရှိခဲ့သည်။ ပြည်တွင်းတွင် ဈေးနှုန်း ကျပ် ၆၀၀ ကျော်လျှင် အရောင်းအေးသည့်သကြားသည် အိန္ဒိယနှင့် ဘရာဇီးတို့၌ မိုးခေါင်မှုနှင့် မိုးကြီးမှုများကြောင့် သကြားရှားပါးမှုဖြစ်ပေါ်ချိန်တွင် နယ်စပ်မှ အဆွဲများခဲ့ရာ ပြည်တွင်းက ပုဂ္ဂလိကသကြားစက်အချို့အတွက် အခွင့်ကောင်းဖြစ်ခဲ့ပြီး လက်ကျန်ပြတ်လုနီးပါးဖြစ်ခဲ့သည်။ ပြည်တွင်းသကြားဈေးမှာလည်း တစ်ပိဿာလျှင် အမြင့်ဆုံး ကျပ် ၁၁၀၀ နီးပါးခန့်ရောက်ရှိခဲ့ပြီး ၂၀၀၉ ခုနှစ်၏ စံချိန်တင်သကြားဈေး ဖြစ်ခဲ့သည်။

ပြည်တွင်းတွင် ၆၀၀ ကျပ်မှ ၇၀၀ ကျပ်ကျော်လျှင် အလုပ်မဖြစ်တော့သည့် အနေအထားကြောင့် တစ်ပိဿာလျှင် ၁၀ ကျပ်၊ ၂၀ ကျပ် အတိုးအဆုတ်ဖြင့် အခြေအနေကို စောင့်စားနေခဲ့ရသည်။ စက်တင်ဘာလကုန်တွင် Export အဖြူစမှာ ၁၀၂၀ ကျပ်၊ Local မှာ ကျပ် ၉၀၀ သာရှိတော့သည်။ ပုံမှန်အားဖြင့် ဩဂုတ်လနှင့် စက်တင်ဘာလတို့မှာ သကြားအရောင်းသွက်ကာလတို့တွင် ပါဝင်၍ ယခင်နှစ်က ယခုကဲ့သို့သောအချိန်မျိုးတွင် သကြားအရောင်းသွက်ခဲ့ပြီး ဈေးနှုန်းမှာမူ ၇၀၀ ကျပ်၊ ၈၀၀ ကျပ်ခန့်သာရှိကြောင်း၊ ယခုအချိန်တွင်မူ သကြားဈေးထောင်ကျော်ဖြစ်နေသော်လည်း အရောင်းအေးနေခဲ့ကြောင်း သကြားလုပ်ငန်းရှင်များထံမှ သိရှိရသည်။

ယခုအခါ သကြားအသစ်များ စတင်ထွက်ရှိလာပြီဖြစ်သည့်အတွက် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့အရောက်တွင်မူ Export အဖြူစမှာ ၉၀၀ ကျပ်သာရှိတော့ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ ကျပ် ၈၀၀ ခန့်သာ ပေါက်ဈေးရှိတော့သည်ဟုသိရပြီး အရောင်းအဝယ်များမှာလည်း ဆက်လက်



www.foreverspace.com.mm

ဖေ့ခဲ့ခြင်းနေခဲ့ကြောင်း ၎င်းတို့ထံမှ သိရသည်။

သို့ရာတွင် ယခုနှစ်၏ သကြားကြိုပွိုင့်ဈေးမှာမူ ၉၀၀ ကျပ်ခန့်ဖြစ်ပြီး ယမန်နှစ်ကမူ ၅၀၀ ကျပ်ခန့်သာ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။ ယင်းကြိုပွိုင့်ဈေးကြောင့် ဝယ်ယူမည့်လုပ်ငန်းရှင်များမှာ စောင့်ကြည့်လျက်ရှိသည့်အနေအထားတွင် ရှိကြောင်းလည်း စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်နှစ် သကြားဈေးနှုန်းအနေအထားတို့ကြောင့် ကြံစိုက်ပျိုးမှု လျော့ကျနေခဲ့ရာ လာမည့်နှစ်အတွက် သကြားအထွက်နှုန်းမှာ နည်းပါးနိုင်ကြောင်း သကြားလုပ်ငန်းရှင်တို့က ပြောကြားထားသည်။ လက်ရှိတွင်လည်း ဘရာဇီးနိုင်ငံတွင် မိုးကြီးခဲ့ပြီး အိန္ဒိယနိုင်ငံတွင် မိုးခေါင်မှုတို့ကြောင့် လာမည့်နှစ်တွင် ကြံထွက်ရှိနိုင်မှုနည်းပါးမည်ဖြစ်ပြီး သကြားလိုအပ်ချက်ရှိလာမည်ဖြစ်ရာ မြန်မာသကြား၏ ၂၀၁၀ ဈေးကွက်ကို စောင့်မျှော်ကြည့်ရှုရန် လိုအပ်ပေလိမ့်မည်ဟု ဆိုရပေမည်။

## ဝယ်လက်ပျောက် ဆပ်ပြာ

ယခုနှစ်ဆန်းပိုင်းအချို့က အခြေခံလူသုံးကုန်ပစ္စည်းများတွင် ပါဝင်သောဆပ်ပြာတောင့်ဈေးကွက်အတွင်းသို့ ပုဂ္ဂလိကပိုင်လုပ်ငန်းများမှ ထုတ်လုပ်သည့် ဆပ်ပြာတောင့် (ဂေါ်ဇီလာ၊ ဆင်မင်း စသည့်အမှတ်) တံဆိပ်အသစ်များ ဝင်ရောက်လာခဲ့ပြီး ဈေးကွက်ဝေစုလည်း ရရှိခဲ့သည်ကို တွေ့ရသည်။ ယနေ့အချိန် တိုင်အောင်နှစ်ပေါင်းများစွာ သုံးစွဲသူဦးရေ များစွာရှိနေပြီး ဈေးကွက်ဝေစုရှိနေသော်လည်း ရုန်းကန်နေရသည်ကိုမူ မြင်တွေ့ရသည်။ ယခုနှစ်အတွင်း ဝင်ရောက်လာသည့် ဂေါ်ဇီလာဆပ်ပြာမှာ မြန်မာနိုင်ငံတွင် နာမည်ကျော်စားသောကုန်များ ထုတ်လုပ်သည့်လုပ်ငန်းမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဈေးကွက်အတွင်းရောက်စမှာပင် ဈေးကွက်ဝေစုရယူနိုင်ခဲ့၍ နောက်ပိုင်းတွင်လည်း အနည်းငယ်သောပမာဏသာ ဈေးကွက်ကျဆင်းမှုရှိခဲ့သည်ကို တွေ့ရသည်။

ယင်းဂေါ်ဇီလာဆပ်ပြာမှာ စတင်ထွက်ရှိစက ထုတ်ဈေးအနေဖြင့် တစ်ထောင့်လျှင် ၁၉၀ ကျပ်သာရှိသော်လည်း ဈေးကွက်အတွင်း ပစ္စည်းပြတ်သဖြင့် တစ်တောင့်လျှင် ၂၈၀၊ ၂၉၀ ကျပ်ခန့်အထိ ပေါက်ဈေးရှိခဲ့ပြီး ဝယ်လက်လိုက်လာခြင်းကြောင့် ကြိုက်ဈေးခေါ်ရောင်းချရသည်အထိဖြစ်ခဲ့ရာ မတ်လအတွင်း ယခင်အတောင့် ၈၀ ပါ တစ်ဖာလျှင် ၁၁,၀၀၀ ကျပ် မှ ၁၇,၉၀၀ ကျပ်အထိ ရောက်ရှိသွားခဲ့သည်။ ယင်းအချိန်တွင် ရွှေဝါဆပ်ပြာမှာ ၈၀ တောင့်ပါ တစ်ဖာလျှင် ၁၃,၀၀၀ ကျပ်တွင်ရှိနေပြီး ယင်းမှာ ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်း၏အကျဈေးမှ ပြန်လည်မြင့်တက်လာသည့်ဈေးနှုန်းဖြစ်သည်။

ရွှေဝါဆပ်ပြာတောင့်မှာ ၂၀၀၈ ခုနှစ် နှစ်ကုန်တွင် ၁၆,၅၆၀ ကျပ်ခန့်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလဆန်းတွင် ၁၁,၅၀၀ ကျပ်အထိ ပြုတ်ကျလာခဲ့ခြင်း ဖြစ်သည်။ ယင်းလကုန်တွင်ပင် ၁၁,၀၀၀ ကျပ်ဖြစ်သွားပြီး ဆက်လက်၍ မတ်လ ၁၆ ရက်နေ့တွင် ၉,၈၀၀ ကျပ်အထိ ကျဆင်းသွားခဲ့ပြီးနောက် ယခုနှစ်အတွင်း ဈေးအနိမ့်ဆုံးအထိဆင်းသွားခြင်း ဖြစ်သည်။ သို့သော်လည်း နှစ်ရက်ခန့်အကြာ မတ်လ ၁၈ ရက်နေ့တွင် ကျပ် ၁၃,၀၀၀ သို့ ရုတ်တရက် မြင့်တက်သွားခဲ့သည်။

ပုံမှန်အားဖြင့် နွေရာသီကာလသင်္ကြန်နားနီးသည်အထိ ရက်များမှာ ဆပ်ပြာတို့အရောင်းသွက်သည့်အချိန်များဖြစ်သည်။ ထို့ကြောင့် အဆိုပါရက်များအတွင်း ဝယ်အားအနည်းငယ်ရှိချိန်တွင် ကုန်သည်များအနေဖြင့် ရှုံးခဲ့သည့်အရှုံးများကို ပြန်ထေရန် ဆွဲတင်ကြခြင်း ဖြစ်သည်။ ယခုနှစ်အတွင်း ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ထုတ်လုပ်သော ရွှေဝါဆပ်ပြာတောင့်တို့ ယင်းကဲ့သို့ ဈေးနှုန်းတည်ငြိမ်မှုမရှိသော်လည်း ရောင်းအားမှာမူ အကျဘက်တွင် တည်ငြိမ်ခဲ့သည်ကို တွေ့ရပေသည်။

အခြားပုဂ္ဂလိကထုတ် ရွှေမင်းသားဆပ်ပြာ၏ ဈေးနှုန်းအတက်အကျမှာ ရွှေဝါဆပ်ပြာကဲ့သို့ များပြားခြင်းမရှိခဲ့ဘဲ အရောင်းအဝယ်မှာလည်း ပုံမှန်အနေအထားတွင်ရှိနေသည်ကို တွေ့ရှိခဲ့ရသည်။ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် သိရှိရသည့် ဈေးနှုန်းများအရ ယခင် နိုဝင်ဘာလဆန်းပိုင်းရက်အတွင်းကရှိခဲ့သည့် ကျပ် ၂၀,၀၀၀ ဈေးနှုန်းမှာ ယခုအခါ ၁၉,၈၀၀ ကျပ်အထိသို့ ကျဆင်းသွားခဲ့သည်။

ဆပ်ပြာရောင်းဝယ်သူလုပ်ငန်းရှင်များ၏ အဆိုအရ နယ်အဝယ်များသိသာစွာကျဆင်းသွားခဲ့ပြီး ယခင်နှစ်ထက် ယခုနှစ်တွင် ရောင်းအားထပ်မံကျဆင်းမှုရှိခဲ့ကြောင်းနှင့် လာမည့်နှစ်သင်္ကြန်ပြီးသည်အထိရှိလာမည့် ရောင်းအားကိုစောင့်မျှော်



www.foreverspace.com.mm

ကျော်ရှိကြောင်း တွေ့ရသည်။

ယခုနှစ်အတွင်း ဆပ်ပြာမှုန့်ဈေးကွက်မှာ အငြိမ်ဆုံးဖြစ်ပြီး ဈေးနှုန်းရောရောင်းအားပါ အတက်အကျများမရှိဘဲ အတည်ငြိမ်ဆုံးရှိခဲ့သည်ကို တွေ့ရှိရသည်။

## ပြည်ပထုတ်များသာလှုပ်နေတဲ့ စားသောက်ကုန်ဈေးကွက်

အချိုရည်ဈေးကွက်မှာ သင်္ကြန်နားနီးချိန်နှင့် တန်ဆောင်တိုင်ကာလများအတွင်း ခပ်သွက်သွက်နှင့် အရောင်းထွက်ခဲ့သော်လည်း ကျန်အချိန်များမှာ အေးစက်စက်နှင့် ပုံမှန်သာရှိနေခဲ့သည်ကို တွေ့ရသည်။

၂၀၀၉ ခုနှစ်အတွင်း အချိုရည်ဈေးကွက်၌ ပြည်ပအချိုရည်တို့သာ ဈေးနှုန်းအနိမ့်အမြင့်သို့ဖြစ်ပေါ်ပြောင်းလဲခဲ့၍ ပြည်တွင်းထုတ်အချိုရည်တို့မှာ ဈေးနှုန်းရော၊ ရောင်းအားပါ ငြိမ်ချက်သားကောင်းနေခဲ့ပေသည်။ ယခုနိုဝင်ဘာလကုန်ပိုင်းခန့်ရက်များအတွင်း သိရှိရသည့်ဈေးနှုန်းများအရ မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်မှုကြောင့် ပြည်ပအချိုရည်ဈေးနှုန်းတို့ အနည်းငယ်ကျဆင်းမှုရှိနေပြီး ပြည်တွင်းထုတ်အချိုရည်တို့မှာမူ ပုံမှန်နှုန်းထားတွင်သာရှိနေကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရသည်။

ထို့အတူ ပြည်ပမှဝင်ရောက်ပြီး ၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ပြည်တွင်းဈေးကွက်ဝေစုအများစုကို အရယူနိုင်ခဲ့သည့် ကော်ဖီမစ်တို့မှာ ယခုနှစ်လယ်ပိုင်းခန့်တွင်းမှစ၍ ဈေးနှုန်းများသာမက ဈေးကွက်ဝေစုတို့ပါလျော့ကျလာခဲ့ပြီး ယခုအခါ ယခင် ၃,၀၀၀ ကျပ်ကျော်သည်အထိ ဈေးမြင့်မားမှုရှိခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် ခိုင်မာမှုရှိခဲ့သော Birdy အမှတ်တံဆိပ်မှာ ၂,၇၅၀ ကျပ်အထိသာပေါက်ဈေးရှိတော့ပြီး ၂၀၀၈ ခုနှစ်အတွင်းက ၂,၈၀၀ ကျပ်ကျော်သည်အထိ ပေါက်ဈေးရောက်ရှိခဲ့သော Mister Cup အမှတ်တံဆိပ် ကော်ဖီမစ်မှာလည်း ယခုနိုဝင်ဘာလကုန်တွင် ၂,၁၀၀ ကျပ်သာရှိတော့ကာ Expresso အမှတ်တံဆိပ်မှာ ၂၀၀၈ နှစ်ကုန်တွင် ကျပ် ၃,၃၀၀ အထိရှိနေသေးသော်လည်း ယခုအခါ ၂,၁၀၀ ကျပ်တွင်သာရှိတော့သည်ကို တွေ့ရသည်။ မြန်မာငွေဈေးမာနေခြင်းနှင့် ပြည်ပနိုင်ငံအချို့တွင် နှစ်သစ်ကူးချိန်နီးသည့်အတွက် လျှော့ဈေးများချပေးနေသည့်အတွက်တို့ကြောင့် ပြည်ပမှတင်သွင်းသည့်ဈေးများလည်း ကျဆင်းမှုရှိနေခြင်းဖြစ်ကြောင်း အဆိုပါပစ္စည်းတင်သွင်းသူတို့ကဆိုသည်။

ကော်ဖီမစ်ဈေးကွက်တွင်မူ ယခုလအတွင်း ပြည်တွင်းထုတ်ကော်ဖီမစ်အများစုပါ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း ညောင်ပင်လေးပလာဇာရှိ စားသောက်ကုန်လက်ကားအရောင်းဆိုင်ကြီးအချို့ထံမှသိရှိရသည်။ ယခုအခါ Super ကော်ဖီမစ် (၄၈ ထုပ်) ၃,၇၅၀ ကျပ်၊ Gold Roast ကော်ဖီမစ် (အထုပ် ၅၀) ၄,၁၀၀ ကျပ်၊ Rich (နီ) ၂,၃၅၀ ကျပ်၊ Rich (မဲ) ၂,၄၇၅ ကျပ်တို့ရှိ၍ပြီးခဲ့သည့်လကထက် ကျပ် ၁၀၀ စီ ကျဆင်းသွားခဲ့ပြီး Hi-Tea မှာမူ (အထုပ် ၂၀) ၁,၄၅၀ ကျပ်ဖြစ်၍ ၅၀ ကျပ် လျော့သွားပြီး Tea Master (အထုပ် ၃၀) ၂,၄၅၀ ကျပ်ဖြစ်၍ ယခင်လကထက် ၁၀၀ ကျပ် ပြုတ်ကျသွားခဲ့ကြောင်းနှင့် ကော်ဖီမစ်ဈေးကွက်အတွင်း ရောင်းအားအမြင့်ဆုံးနေရာရောက်ရှိလာသည့် Premier ကော်ဖီမစ် (အထုပ် ၃၀) မှာလည်း ယခင်လကထက် ကျပ် ၁၀၀ လျော့နည်း၍ ၂,၄၅၀ ကျပ်တွင်ရှိနေကြောင်း တွေ့ရသည်။



ယခုနှစ်အတွင်း ထူးထူးခြားခြားအရောင်းအေးခဲ့သည်မှာ ငါးသေတ္တာ၊ အသားဘူးဈေးကွက်ဖြစ်ခဲ့ပြီး ပြည်တွင်းထုတ်ငါးသေတ္တာ၊ အသားဘူးဈေးကွက်မှာ တစ်နှစ်လုံးနီးပါး ဈေးနှုန်းအတက်အကျမရှိခဲ့ဘဲ ရောင်းအားပုံမှန်နှင့် ခပ်အေးအေးသာရှိခဲ့သော်လည်း ပြည်ပဈေးကွက်မှာမူ တစ်နှစ်တာအတွင်း တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ဈေးနှုန်းအတက်အကျဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ယခုနိုဝင်ဘာလ စတုတ္ထပတ်အတွင်း သိရှိရသည့် ဈေးနှုန်းများအရ ဈေးနှုန်းများမှာ ပုံမှန်နှုန်းထားများသာရှိနေပြီး ဘူးအတွင်းပါရှိသည့် အလေးချိန်ဂရမ်ပေါ်မူတည်၍ အမြင့်ဆုံးပေါက်ဈေး ၁,၂၀၀ ကျပ်မှ အနိမ့်ဆုံးပေါက်ဈေး ၅၇၅ ကျပ်အထိပင်ရှိနေကြောင်းနှင့် ပစ္စည်းဝင်ရောက်မှု ပုံမှန်ရှိနေကြောင်း ညောင်ပင်လေးပလာဇာရှိ အဆိုပါဈေးကွက်အတွင်းမှ သိရှိရသည်။

**နိုင်မင်းဝေ၊ ဇာလီကျော်**

www.foreverspace.com.mm



# မန္တလေးမြို့တော်၏ အိမ်၊ ခြံ၊ မြေ ဈေးကွက် ၂၀၁၀ ရင်းနှီးမြှုပ်နှံမှုအလားအလာ

ကျော်ဇေယျာဝင်း

**မန္တလေး** **မြို့တော် အိမ်၊ ခြံ၊ မြေဈေးကွက်သည်လည်း ကမ္ဘာ့စီးပွားကျကပ်၏ရိုက်ခတ်မှုအရှိန်ကြောင့် ၂၀၀၉ ခုနှစ်အတွင်း ဈေးကွက်ငြိမ်သက်အေးစက်မှုများအပြင် ဈေးကွက်အခြေအနေပြောင်းလဲမှုအမျိုးမျိုးကို ကြုံတွေ့ခဲ့ရသည်။ များစွာသိသာသောအပြောင်းအလဲမှာ မြန်မာနိုင်ငံ၏ အိမ်၊ ခြံ၊ မြေဈေးကွက်တွင် အလားအလာအကောင်းဆုံး (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူအမြဲရှိသော မန္တလေးအိမ်၊ ခြံ၊ မြေဈေးကွက်တွင် ထင်မှတ်ထားသည်ထက် ငြိမ်သက်အေးစက်ခဲ့ခြင်းပင် ဖြစ်သည်။**

## ၂၀၀၉ အရောင်းအဝယ်

မန္တလေးမြို့တော်၏ မြေကွက်၊ တိုက်ခန်း၊ လုံးချင်းများ၏ အရောင်းအဝယ်သည် ၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွင်း ပေါက်ဈေးထက်မြင့်နေခဲ့၍ အရောင်းအဝယ် အေးစက်နေခဲ့သည်။

မန္တလေး အိမ်၊ ခြံ၊ မြေ ဈေးကွက်တွင် အဓိကအရောင်းအဝယ်ဖြစ်လျက်ရှိနေသော စက်မှုဇုန် (၁) နှင့် (၂) ရှိ မြေကွက်များသည် လက်ရှိတွင် အေးစက်နေပြီး ခေါ်ဈေးသာရှိ၍ အရောင်းအဝယ် သိသိသာသာဖြစ်သည့်အနေအထား မရှိ

www.foreverspace.com.mm



ကြောင်း၊ ကမ္ဘာ့စီးပွားရေးကျကပ် ဖြစ်ပွားခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်းတွင်လည်း အရောင်းအဝယ်မကောင်းခဲ့သလို လက်ရှိတွင်လည်း စက်မှုဇုန် (၁) တွင် ကျန်ရှိနေသေးသောမြေကွက်များဝယ်သူမဲ့၍ မြေကွက်လွတ်များကျန်ရှိနေသေးကြောင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းဗိုလ်က ပြောကြားသည်။

သို့သော် ၁၉၉၀ ပြည့်နှစ် စက်မှုဇုန်မြေကွက်များစတင်ချပေးစဉ်က သိန်း ၃၀၊ ၄၀ ဝန်းကျင်သာရှိခဲ့ရာမှ ၂၀၀၆၊ ၂၀၀၇ ခုနှစ်များတွင် ကျပ်သိန်း ၂၀၀ အထိဈေးဆွဲတင်လာခဲ့ပြီး လက်ရှိတွင် ကျပ်သိန်း၂၅၀ အထိမြင့်တက်လာခဲ့ကြောင်း၊ စက်မှုဇုန်အတွင်းတွင် ကနောင်မင်းသားကြီးလမ်းပေါ်မှလွဲ၍ အခြားလမ်းပေါ်မှ မြေကွက်များကိုရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားမှုနည်းပါးပြီး ကာလကြာမြင့်စွာ ရင်းနှီးမြှုပ်နှံသူများသာ ဝယ်ယူမှုရှိကြောင်း အကျိုးဆောင်များက ဆိုသည်။

မနော်ဟရီလမ်းနှင့်ကျောချင်းကပ်လျက်တည်ရှိနေသော လမ်းပိုင်းတွင် ပေ ၄၀× ပေ ၆၀ တစ်ကွက်လျှင် ကျပ်သိန်းတစ်ထောင်ဝန်းကျင်ဖြင့် ဈေးပေါက်လျက်ရှိပြီး အတွင်းပိုင်းမြေကွက်များမှာ ကျပ်သိန်းခုနစ်ရာပေါက်ဈေးဖြင့် နိုဝင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏အိမ်ခြံဈေးကွက်သည် ယင်းနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်နွယ်နေမှုကြောင့် ဝယ်လိုအားဆိုသော ငွေကြေးသုံးစွဲမှုကိုမြှင့်တင်ပေးနိုင်ဖို့လိုအပ်သည်ဟု ဘောဂဗေဒပညာရှင်များက ဆိုထားသည်။

ဒုတိယ စီးပွားရေးမြို့တော်ဖြစ်သော မန္တလေးမြို့တွင် အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ၌ ငွေကြေးစီးဆင်းမှု ပိုများနေသဖြင့် အိမ်၊ ခြံ၊ မြေတွင် ရင်းနှီးမြှုပ်နှံသူ နည်းလာ ကြောင်း၊ သို့သော်လည်း ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများမှ ရင်းနှီးမြှုပ်နှံသူများ မန္တလေးမြို့သို့ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်ရှိနေသည်။

“စီးပွားရေးလုပ်လို့ကောင်းတဲ့ နေရာတွေကိုပဲ ရင်းနှီးမြှုပ်နှံကြတာ များတယ်။ ဒီနှစ် အရောင်းအဝယ်က အရင်လောက်အားရှိစရာမကောင်းခဲ့ဘူး” ဟု မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အကျိုးဆောင်တစ်ဦးက ပြောကြားသည်။

အဆိုပါ မြို့တော်အတွင်းရှိ စီးပွားရေးအချက်အချာကျသော အရှေ့အနောက်သွားလမ်းမများထဲမှ ၃၅ လမ်းသည် နေထိုင်ဖို့ထက် စီးပွားရေးလုပ်ကိုင်သူ များအဓိကဝယ်ယူရင်းနှီးမြှုပ်နှံကြသည်။

စားသောက်ဆိုင်၊ အင်တာနက်ဆိုင်၊ ဂိမ်းဆိုင်များ၊ သင်တန်းများ ဖွင့်လှစ်မှုများပြားလာသော ၃၅ လမ်း (၇၃ လမ်းမှ ၇၈ လမ်းထိ) တွင် မျက်နှာစာ တစ်ပေလျှင် သိန်း ၂၀၀ နှင့် သိန်း ၅၀၀ ဝန်းကျင်ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါနေရာရှိ အိမ်၊ ခြံ၊ မြေများသည် ရင်းနှီးမြှုပ်နှံမှုများလာသည်နှင့်အပြိုင် ဈေးနှုန်းများလည်း မြင့်တက်လာသည်။

“ဒီလို စီးပွားရေးအကွက်အကွင်းကောင်းတဲ့နေရာကြောင့် အငှားဈေးလည်း မြင့်လာတယ်။ အရောင်းအဝယ်ဈေးက မသေးတဲ့အပြင် အငှားဈေးကလည်း မနည်းဘူး။ မျက်နှာစာတန်းဆို တစ်လ အငှား လေးသိန်း (ကျပ်) လောက် ရှိတယ်။ ဒါလည်း ငှားချင်တဲ့လူတွေက ဈေးပိုပေးငှားနေကြတာပဲ” ဟု ၃၅ လမ်းအနီးရှိ ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။



www.foreverspace.com.mm

၃၅ လမ်း အိမ်၊ ခြံ၊ မြေဈေးကွက်သည် မန္တလေးမြို့တွင် အလားအလာအကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဈေးကွက်တစ်ခု ဖြစ်လျက်ရှိသည်။

## စန်းထလာသော မနော်ဟရီ

၂၀၀၉ ခုနှစ်အတွင်း မန္တလေးမြို့၏ အိမ်၊ ခြံ၊ မြေ ဈေးကွက်သည် မနော်ဟရီလမ်းအနီးတစ်ဝိုက်နှင့် အခြားမြို့သစ်နေရာများကို အခြေခံ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ရပြီး ဈေးနှုန်းမှာ အမြင့်ဆုံးအခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်း မန္တလေးမြို့တော်အခြေစိုက် အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက ပြောကြားသည်။

"အခုဆို မနော်ဟရီလမ်းပေါ် (၆၆ လမ်းနှင့် ၆၂ လမ်းကြား) မှာဆို ပေ ၄၀ × ပေ ၆၀ မြေကွက်တွေဆို (ကျပ်) သိန်း ၃၀၀၀ အထက်မှာပဲရှိနေတယ်။ အဲဒီလမ်းက အခုနေဆို ရွှေပဲ" ဟု မနော်ဟရီလမ်းပေါ်တွင် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်နေသူ အကျိုးဆောင်တစ်ဦးက ဆိုသည်။

ယင်းမနော်ဟရီလမ်းပေါ်တွင်ပင် တစ်နေရာနှင့်တစ်နေရာ ဈေးနှုန်းကွာခြားမှုရှိနေပြီး မနော်ဟရီအနောက်ဘက်ခြမ်းဟုခေါ်သော ၆၈ လမ်းနှင့် ၇၃ လမ်းကြားမြေကွက်များမှာ တစ်ကွက်လျှင် ကျပ်သိန်းတစ်ထောင်ကျော်ဝန်းကျင်ပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြသည်။

လွန်ခဲ့သော အနှစ် ၂၀ ခန့်ကဆိုလျှင် မနော်ဟရီလမ်းတည်ရှိနေသော မြေကွက်များမှာ ကျပ်ဆယ်သိန်းဝန်းကျင်သာရှိနေရာမှ ယခုနောက်ပိုင်း လူနေထူထပ်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာခြင်း စသော ကောင်းသတင်းများကြောင့် ယခုအခါ ဝယ်ယူသူအများစုက ဈေးအမြင့်ဆုံးပေး၍ သူ့ထက်ငါ ဈေးပြိုင်ပေးဝယ်ယူ၍ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ကိုဝင်းဗိုလ် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း အကြီးအကဲက ဆိုသည်။

အနာဂတ်စီးပွားရေး ဖွံ့ဖြိုးလာမှုအပေါ်မူတည်၍ အိမ်၊ ခြံ၊ မြေဈေးကွက် သိသိသာသာပြောင်းလဲလာနိုင်ကြောင်း မန္တလေး အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက



ပြီးခဲ့သောနှစ်များက သုံးသပ်ပြောကြားခဲ့ဖူးသည်။

သို့ဖြစ်ရာ လက်ရှိ အခြေအနေက ယင်းအကျိုးဆောင်များ၏ခန့်မှန်းချက်တွေကို ထောက်ခံနေသကဲ့သို့ ဖြစ်နေသည်။

## ရင်းနှီးမြှုပ်နှံမှုပုံစံ ပြောင်းလဲလာခြင်း

မန္တလေးမြို့တွင်းရှိ လူနေတိုက်ခန်းများအများစုမှာ နယ်စပ်ဒေသမှ တိုင်းရင်းသားလုပ်ငန်းရှင်အများစု၏ရင်းနှီးမြှုပ်နှံလာမှုများရှိလာပြီးနောက်ပိုင်းတွင် မန္တလေးမြို့တွင်းရှိ လူနေတိုက်ခန်းများမှာ ယခင်နှင့်မတူဘဲ ဆယ်စုနှစ်အတွင်း တည်ဆောက်သော ဒီဇိုင်းပုံစံကွဲပြားလာသည်။

နယ်စပ်ဒေသလူမျိုးစုများဖြစ်သော ရှမ်းတရုတ်၊ ဝ၊ ကိုးကန့် စသော တိုင်းရင်းသားများ စီးပွားရေးလုပ်ကိုင်ရန် အခြေချလာမှုများသည့်နည်းတူ လုံးချင်းများ၊ လူနေတိုက်ခန်းများ၏ တည်ဆောက်မှုပုံစံများလည်း ပြောင်းလဲလာသည်ကို တွေ့ရသည်။

မန္တလေးမြို့တွင်းဧရိယာတစ်ဝိုက်တွင် နယ်စပ်ဒေသတိုင်းရင်းသားများသည် အဆောက်အအုံများကို ဟောင်ကောင်ဒီဇိုင်းဖြင့် ဆောက်လုပ်နေထိုင်လာကြပြီး ယင်းဒီဇိုင်းများကို ကြိုက်ဈေးပေးဝယ်ယူလာကြကြောင်း ယင်းမြို့တွင် နှစ်ပေါင်း ၄၀ နီးပါးနေထိုင်သူတစ်ဦးက ဆိုသည်။

ယခင် မန္တလေးမြို့ရှိ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်သည် ရွှေဈေးအတက်အကျပေါ်မူတည်ပြီး အရောင်းအဝယ်ဖြစ်တတ်သော်လည်း လက်ရှိတွင် ရွှေဈေးဖြင့်ဈေးကွက်ကို ကစားမှုနည်းလာပြီး စီးပွားရေးလုပ်ကိုင်ရန် အကွက်အကွင်းကောင်းသောနေရာ၊ အကွက်အကွင်းကောင်းသောနေရာများတွင် ကြိုက်ဈေးပေးဝယ်ယူရင်းနှီးမြှုပ်နှံမှုများ များပြားလာသည်။

ယခင် မန္တလေး အိမ်၊ ခြံ၊ မြေ ဈေးကွက်သည် လွန်ခဲ့သောနှစ်များက ရွှေဈေးကွက်ဖြင့် တိုက်ရိုက်ချိတ်ဆက်ထားသကဲ့သို့ ရွှေဈေးမြင့်လျှင် အိမ်၊ ခြံ၊ မြေဈေးကွက် လှုပ်ခတ်လျက်ရှိပြီး အဝယ်လိုက်တတ်

www.foreverspace.com.mm



ကြောင်း၊ ကမ္ဘာ့ငွေကြေးအခက်အခဲဖြစ်ပွားမှုနှင့်လည်း တိုက်ရိုက်ဆက်နွယ်မှု နည်းသော်လည်း ယင်းအကျပ်အတည်းနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများလည်း ကျဆင်းလာကာ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများ ပုံစံပြောင်းဝင်ရောက် ရင်းနှီးမြှုပ်နှံလာကြသည်။

ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုများပြားလာသော နယ်စပ်ဒေသ တိုင်းရင်းသားများဖြစ်သော ရှမ်းတရုတ်၊ ဝ၊ ကိုးကန့်စသောလူမျိုးများသည် မြေကွက်များကို ကြိုက်ဈေးပေးဝယ်ပြီး ပြန်လည်ပြုပြင်ကာ ဈေးကွက်ဝင် အဆောက်အအုံများဆောက်လုပ်၍ ဈေးနှုန်းမြင့်ရောင်းချတတ်ကြောင်း၊ ယင်းပုံစံဖြင့် ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှု ပုံစံပြောင်းမြှုပ်နှံကျကြောင်း တရုတ်နွယ်ဖွား ရင်းနှီးမြှုပ်နှံသူတစ်ဦးက ပြောကြားသည်။

"မန္တလေးတိုက်တွေက အခုနောက်ပိုင်း ပုံစံပြောင်းလာပါပြီ။ တိုက်ခန်းတွေကို ဟောင်ကောင်ဒီဇိုင်းဆောက်လုပ်လာကြတယ်။ နောက်ပြီး ကွန်ဒိုတွေလည်း ခေတ်စားလာကြတယ်" ဟု မန္တလေးအခြေစိုက် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသူ ကန်ထရိုက်တာတစ်ဦးက ဆိုသည်။

မန္တလေးမြို့တော်ကို ကွန်ဒိုများဖြင့် ဒီဇိုင်းပြောင်းလာမှုများထဲတွင် မန္တလေးဈေးချိုတော်ကို ပြောင်းလဲဆောက်လုပ်နေသည့် ၂၅ ထပ်ကွန်ဒိုမီနီယံလည်း အပါအဝင် ဖြစ်သည်။

ယင်းကွန်ဒိုကို မန္တလေးမြို့တော်စည်ပင်၏ပံ့ပိုးကူညီမှုနှင့်အတူ နိုင်ငံသားပိုင်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော မြန်မာမန္တလေးကုမ္ပဏီလီမိတက် မန်းမြန်မာဆောက်လုပ်ရေးက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ သန်း အပါအဝင် ငွေကျပ်သန်းပေါင်း ၆၃,၀၀၀ ဝန်းကျင် ကုန်ကျမည်ဟုခန့်မှန်း၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

"အခုနောက်ပိုင်း နယ်စပ်ဒေသတိုင်းရင်းသားတွေက တိုက်ခန်းတွေထက် ကွန်ဒိုတွေကို စိတ်ဝင်စားလာကြတယ်။ ဘာလို့လဲဆိုတော့ ကွန်ဒိုတွေက တိုက်ခန်းထက် ကျယ်တာလည်း ပါတာပေါ့နော်။ အခြားအားသာချက်တွေလည်းရှိတော့ စိတ်ဝင်စားမှုများလာတာ" ဟု ကန်ထရိုက်တာတစ်ဦးက ရှင်းပြသည်။

ယခုကဲ့သို့ ကွန်ဒိုအဆောက်အအုံများဖြစ်ပေါ်လာခြင်းသည် လာမည့်စီးပွားရေးဖွံ့ဖြိုးမှုအပေါ်မူတည်၍ ဈေးကွက်တစ်ခုဖြစ်ပေါ်လာနိုင်ပြီး လူနေမှုအဆင့်အတန်းများလည်း ပြောင်းလဲလာမည်ဖြစ်ကြောင်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်တစ်ဦးက ဆိုသည်။

"တော်ရုံလူတွေဆို ဒီလိုကွန်ဒိုမှာမနေနိုင်မှာမဟုတ်ဘူး။ ပိုက်ဆံရှိတဲ့လူလောက်ပဲ နေနိုင်ဖို့အလားအလာတွေရှိတယ်။ စီးပွားရေးလုပ်ငန်းကြီးကြီးမားမားလုပ်တဲ့ နယ်စပ်



www.foreverspace.com.mm

ဒေသတိုင်းရင်းသားတွေလောက်ပဲ ရင်းနှီးမြှုပ်နှံနိုင်မယ်လို့ ယူဆနေကြတယ်” ဟု ၎င်းက သုံးသပ်ပြောကြားသည်။

မန္တလေးမြို့တော်ရှိ ကွန်ဒို၊ တိုက်ခန်းနှင့် လုံးချင်းအိမ်ရာများကို အရစ်ကျစနစ်ဖြင့် ရောင်းချမှုစနစ်များသည် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဆင်ပြေလာနိုင်သလို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ငွေကြေးလည်ပတ်ရန်အတွက်ပါ အဆင်ပြေလာနိုင်သည်။

၂၀၀၉ ခုနှစ်အတွင်း မန္တလေးအိမ်၊ ခြံ၊ မြေဈေးကွက် ငြိမ်သက်နေခဲ့ပြီး မြို့တွင်းဧရိယာရှိ ဟောင်ကောင်ဒီဇိုင်းဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများသာ အရောင်းအဝယ်ရှိကြောင်း၊ ဆောက်လုပ်ဆဲရပ်လုံးပေါ် သုံးထပ်ခွဲ ဟောင်ကောင်ဒီဇိုင်းများမှာ ကျပ်သိန်း ၆,၅၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး ဒေသဖွံ့ဖြိုးမှုနှင့် ရွှေဈေးအတက်အကျပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံလာကြကြောင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင် ဦးခင်မောင်ဝင်းက ဆိုသည်။

## အဟောင်းကို မစွန့်ချင်သူများ

မန္တလေးမြို့တွင် လူနေထိုင်မှုပုံစံပြောင်းလဲလာသော်လည်း ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့တွင် လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်က တည်ဆောက်ထားသော ရိုးရာဓလေ့ အိမ်၊ ခြံ၊ မြေပုံစံများကို ဈေးကောင်းပေးသော်လည်း ရောင်းချမှုနှင့် ပြန်လည်တည်ဆောက်မှုမရှိသောအခြေအနေတွင်သာ တည်ရှိနေသည်။

အဆိုပါရပ်ကွက်များရှိ အိမ်၊ ခြံ၊ မြေများကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဈေးနှုန်း အမြင့်ပေးဝယ်ယူရန် စိတ်ဝင်စားကြသော်လည်း ယင်းဒေသခံများကမူ ရောင်းချမှုနည်းပါးကြောင်း အမရပူရမြို့ အတွင်းနေထိုင်သူ ဦးဇော်ဦးက ပြောကြားသည်။

“အရင်ဒေသခံတွေက မြို့တွင်းထဲမှာ ဈေးကောင်းလို့ အိမ်တွေရောင်းပြီး မြို့ပြင်မှာထွက်နေကြတာတွေလည်းရှိတယ်။ တချို့ရပ်ကွက်တွေကတော့ အစွဲကြီးတယ်ဗျ၊ သူတို့နေရာတွေကို ဈေးကောင်းပေးတာတောင် မရောင်းချင်ကြဘူး” ဟု ၎င်းက ပြောကြားသည်။



လက်ရှိတွင် အမရပူရမြို့အတွင်းရှိ ရပ်ကွက်များ၊ ချမ်းမြသာစည်အတွင်းရှိ ရပ်ကွက်များ စသောနေရာများရှိ မြေကွက်များ၊ ခြံများသည် သိန်းထောင်ချီပေါက်ဈေးရှိနေပြီး ဝယ်လိုအားကောင်းနေသော်လည်း ရောင်းလိုအားမရှိသောနေရာများဖြစ်သည်။

## ၂၀၁၀ အလားအလာ

မြန်မာနိုင်ငံ၏ စီးပွားရေးဒီရေအတက်အကျကို တစ်စိတ်တစ်ပိုင်းဖော်ညွှန်းလေ့ရှိသော မန္တလေး အိမ်၊ ခြံ၊ မြေဈေးကွက်အရောင်းအဝယ် အလားအလာသည် လာမည့် ၂၀၁၀ ပြည့်နှစ်အတွင်း ကောင်းမွန်လာနိုင်ကြောင်း အိမ်၊ ခြံ၊ မြေဈေးကွက်ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံး၏ အိမ်၊ ခြံ၊ မြေဈေးကွက်သည် ၂၀၁၀ တွင် ရွေးကောက်ပွဲကိုအခြေခံပြီး ဈေးကွက်စီးပွားရေးစနစ်ပိုမိုဖြစ်ထွန်းလာနိုင်သော နှစ်တစ်နှစ်ဖြစ်သောကြောင့် ဈေးကွက်သည် အလားအလာကောင်းလာနိုင်ကြောင်း သုံးသပ်ကြသော်လည်း လက်ရှိအရောင်းအဝယ်သည် စီးပွားရေးအခြေအနေများကြောင့် ကျဆင်းနေကြောင်း ဝါရင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက သုံးသပ်သည်။



“၂၀၁၀ စောင့်ပြီး အရောင်းအဝယ်လုပ်မှာမဟုတ်လို့ လက်ရှိမှာ အရောင်းအဝယ်မကောင်းတာလို့ ပြောနေကြပေမယ့် တကယ်တော့ စီးပွားရေးတွေကြောင့် ငွေတွေ အများကြီး မမြှုပ်နှံကြတော့တာ။ ၂၀၁၀ မှာ ထင်ထားသလို ဖြစ်လာဖို့မလွယ်ဘူး။ ဈေးကွက်က မှန်းရခက်တယ်” ဟု မန္တလေးမြို့တော်ရှိ ဝါရင့် အိမ်၊ ခြံ၊ မြေဝယ်ရောင်းတစ်ဦးက ပြောကြားသည်။

**ကျော်ဇေယျာဝင်း**

www.foreverspace.com.mm



**နာဂစ်သည် မြန်မာ့ရာသီဥတုသမိုင်းတွင် ထူးခြားသောအလှည့်အပြောင်းတစ်ခုဖြစ်သည်။ ပင်လယ်ပြင်မှ လူသတ်သမားဟုလည်းဆိုသည်။ မြန်မာ့သမိုင်းတွင် လူအသေအပျောက်အများဆုံးနှင့် အင်အားအပြင်းထန်ဆုံးမုန်တိုင်းဟု ဆိုကြ သည်။ မြန်မာပြည်သူလူထုအတွက် မိုးလေဝသအသိတရားများနိုးကြားလာစေခဲ့သော ခေါင်းလောင်းသံတစ်ခုဟု ဆိုကြသည်။ ထိုမျှမကပါ။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း မြန်မာနိုင်ငံတွင် အမှန်တကယ်ကြုံတွေ့နေရပြီဖြစ်ကြောင်း သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။**



လူဦးရေ တစ်သိန်းသုံးသောင်းကျော်သေဆုံးပျောက်ဆုံးစေခဲ့သော၊ အမေရိကန်ဒေါ်လာ လေးဘီလီယံဝန်းကျင်ဆုံးရှုံးခဲ့သော၊ တစ်နာရီမိုင် ၁၂၀ နှုန်းဖြင့် တစ်ရက်နီးပါးမျှတိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းမှာ ရာသီဥတုပြောင်းလဲခြင်းကိုပြဆိုသော သက်သေဖြစ်ကြောင်း မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာထွန်းလွင်က အောက်ပါအတိုင်း ပြောဆိုသည်။

"နာဂစ် ဖြစ်လာတာကတော့ ပုံမှန်ပဲ။ ဒါပေမဲ့ လမ်းကြောင်းချိုးသွားတဲ့ပုံစံက ပုံမှန်မဟုတ်ဘူး။ ရာသီဥတုပြောင်းလဲမှုကြောင့် လေစီးကြောင်းတွေ ပြောင်းလာလို့ပါ"

ယင်းမှာ ရာသီဥတုပြောင်းလဲခြင်းကို မြန်မာနိုင်ငံတွင် ကြုံတွေ့နေရပြီဖြစ်ကြောင်း အချက်တစ်ချက်မျှသာ ဖြစ်သည်။ အခြားအချက်များစွာရှိသည်။

မြန်မာနိုင်ငံ၏ မုတ်သုံဝင်ချိန်မှာ မေလ ၁၅ ရက် ဖြစ်သည်။ ဧပြီလ ၁၅ ရက်မှ မေလ ၁၅ ရက်ကို မိုးကြိုကာလဟု သတ်မှတ်လေ့ရှိသည်။ ၁၉၇၇ ခုနှစ်မှစ၍ မုတ်သုံရာသီဥတု တစ်စစပြောင်းလဲလာသည်ကိုတွေ့ရပြီး မုတ်သုံဝင်ရောက်ချိန်နောက်ကျလာသည်။ ယခုနှစ်တွင် သိသာစွာမုတ်သုံအဝင်နောက်ကျပြီး ဇွန်လလယ်ခန့်မှ မုတ်သုံဝင်ရောက်ခဲ့သည်။

နောက်ထပ်သိသာသော အချက်တစ်ခုမှာ မုတ်သုံအထွက်စောလာခြင်းပင်ဖြစ်သည်။ ပုံမှန်အားဖြင့် မုတ်သုံထွက်ချိန်မှာ အောက်တိုဘာလ ၁၀ ရက်ခန့်မှ နိုဝင်ဘာလကုန်အထိကို မိုးလွန်ကာလဟုခေါ်သည်။ ယခုနှစ်တွင် မုတ်သုံထွက်ခွာချိန်စောခဲ့ပြီး စက်တင်ဘာလလယ်ခန့်ကတည်းက ထွက်ခွာခဲ့သည်။

မုတ်သုံအဝင်နောက်ကျခြင်း၊ အထွက်စောခြင်းနှင့်အတူ မိုးရာသီတိုတောင်းသွားခဲ့ပြီး မိုးကြိုကာလနှင့် မိုးလွန်ကာလ ပိုမိုရှည်လျားလာခဲ့သည်။ မိုးရာသီ တိုတောင်းသွားသော်လည်း ရွာသွန်းသောမိုးရေချိန်မှာ လျော့ကျသွားခြင်းမရှိသဖြင့် ပိုမိုပြင်းထန်သောမိုးကို ခံစားခဲ့ရသည်။

မိုးတိမ်တောင်များဖြစ်ထွန်းလေ့ရှိသော မိုးကြိုကာလနှင့် မိုးလွန်ကာလရှည်ကြာလာသောကြောင့် မိုးတိမ်တောင်ကြောင့်ဖြစ်လာသော လေဆင်နှာမောင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေ ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း စသည်တို့ဖြစ်ပွားလာသည်။

မိုးအဝင်နောက်ကျခြင်း၊ အထွက်



www.foreverspace.com.mm

ပေါ်ခြင်းတို့ကြောင့် သီးနှံများစိုက်ပျိုးချိန် ကမောက်ကမဖြစ်ရပြီး အထက်ပါကဲ့သို့သော ဖြစ်ရပ်များ ယခုနှစ်အတွင်း ဖြစ်ပွားခဲ့ကြောင်းကို ယခုလပိုင်းအတွင်း ထုတ်ဝေခဲ့သော အပတ်စဉ်ထုတ် သတင်းဂျာနယ် အချို့ အောက်ပါသတင်းခေါင်းစီးအချို့မှ တစ်ဆင့် တွေ့မြင်နိုင်သည်။

'ပဲစိုက်တောင်သူများ မိုးမျှော်ဆဲ'

'မုန်တိုင်းများကြောင့် လယ်သမားများကောက်စောစပါး ရိတ်သိမ်းရန် မိုးပြတ်ချိန် စောင့်နေရ'

'မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအချို့ မိုးခေါင်၊ စပါးအစားထိုးသီးနှံစိုက်ရန် စဉ်းစား'

'ရန်ကုန်မြစ် ထူးကဲဒီရေ ပေ ၂၀ ကျော် မြင့်၊ သံလွင်၊ စစ်တောင်း စိုးရိမ်ရေမှတ် ကျော်လွန်'

'ဖားကန့်တွင် မြေပြို'

၂၀၀၆ ခုနှစ်မှစ၍ ၂ နှစ်တာကာလ အတွင်း ရာသီဥတုဖောက်ပြန်သော လက္ခဏာများ မြန်မာနိုင်ငံတွင်တွေ့ကြုံခဲ့ရပြီး



ယခင် ရှားရှားပါးပါးသာကြုံတွေ့ရလေ့ရှိသော မိုးကြိုးပစ်သော အကြိမ်အရေအတွက် ပိုမိုများပြားလာကြောင်း ဒေါက်တာထွန်းလွင်၏ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းစာတမ်းတွင် ရေးသားထားသည်။

၂၀၀၆ ခုနှစ်မတိုင်မီမြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသော လေဆင်နှာမောင်းမှာ ၁၉၅၇ ခုနှစ်တွင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်မှစ၍ လေဆင်နှာမောင်းတိုက်ခတ်သည့် အရေအတွက်မှာ တစ်ဟုန်ထိုးတိုးတက်လာခဲ့ကြောင်း ၎င်း၏စာတမ်းတွင် ဖော်ပြထားသည်။

၎င်း၏စာရင်းဇယားများအရ ၂၀၀၆ ခုနှစ်တွင် လေဆင်နှာမောင်း ၁၆ ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် ၁၁ ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် ရှစ်ကြိမ်နှင့် ၂၀၀၉ ဇူလိုင်လအထိ ၁၀ ကြိမ် တိုက်ခတ်ခဲ့ပြီး ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ခြင်း၏ သင်္ကေတအဖြစ်မိုးကြိုးပစ်သောအကြိမ်အရေအတွက်သည်လည်း ပိုမိုများပြားလာပြီး ၂၀၀၆ ခုနှစ်တွင် ၁၀၀ ကြိမ်၊ ၂၀၀၇ တွင် အကြိမ် ၆၀၊ ၂၀၀၈ ခုနှစ်တွင် ၄၀ ကြိမ်၊ ၂၀၀၉ ဇူလိုင်လထိ ၃၀ ကြိမ် ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်က ဆိုသည်။

သို့သော် "ဒီနှစ် မြောက်ဦးမှာ ၁၃ ကြိမ်ထက်မနည်း မိုးကြိုးပစ်ပြီးပြီ" ဟူသော မြောက်ဦးဒေသခံတစ်ဦးအဆိုမှာ



www.foreverspace.com.mm






အထက်ပါစာရင်းဇယားတွင် ပါဝင်ဦးမည် မဟုတ်ပါ။

“မြန်မာ့မိုးလေဝသသမိုင်းမှာ ၂၀၀၆ မတိုင်မီက နှစ် ၆၀ အတွင်း ဒီလိုမျိုးတစ်ခုမှ မဖြစ်ဖူးဘူး။ နောက်ပိုင်းမှာ သမားရိုးကျ မဟုတ်တဲ့ဖြစ်စဉ်တွေ မကြာခဏတွေ့လာရတယ်” ဟု ဒေါက်တာထွန်းလွင်ကပြောကြားသည်။

ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်ခြင်းနှင့်အတူ ဦးစွာထိခိုက်သောနေရာမှာ စားနပ်ရိက္ခာအတွက် အရေးကြီးသောစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ယခုနှစ်တွင် ပုံမှန်မုတ်သုံထက်သိသာစွာနောက်ကျခဲ့သည့်အတွက် မိုးရွာရက်နောက်ကျခဲ့ပြီး မြန်မာနိုင်ငံ အထက်ပိုင်းအညာဒေသများ စိုက်ချိန်၊ ပျိုးချိန် နောက်ကျခဲ့သည်။

“စိုက်ထားတဲ့အပင်တွေ သေကုန်ပြီ။ အခုထိ မိုးကိုမျှော်လို့မရသေးဘူး” ဟု မုံရွာမြို့မှ ဒေသခံတစ်ဦးပြောဆိုချိန်တွင် ပုံမှန်မုတ်သုံဝင်ချိန်ထက် တစ်လနီးပါးခန့် နောက်ကျနေပြီ ဖြစ်သည်။

ထို့အတူ မိုးရွာရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကလေးနှင့် ကောလင်းဒေသတို့တွင် ရေကြီးရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ကျောက်တွင်းများ



www.foreverspace.com.mm



ရှိရာ ဖားကန့်၊ ဆန်းတောင်တို့တွင် လျှပ်တစ်ပြက်ရေကြီး၍ မြေပြိုမှုများဖြစ်ပေါ်ကာ လူအသေအပျောက်ရှိခဲ့ပြီး မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့တွင်လည်း အထက်ပါကဲ့သို့သောဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။

'ယခုနှစ်မိုးရာသီ အညာဒေသ၌ မိုးမရွာဘဲ၊ ရက်ရှည်မိုးပြတ်ခဲ့ပြီး မိုးရွာသည့်ရက်များတွင် မိုးကောင်းလိုက်၊ မိုးပြတ်လိုက်ဖြစ်ခဲ့ကာ သီတင်းကျွတ်လပြည့်ကျော်နောက်ပိုင်းတွင် ကောက်ပဲသီးနှံများအတွက် အသိမ်းမိုး (အောင်ရေ) မရွာခဲ့ပေ' ဟု 7 Day News ဂျာနယ် အတွဲ ၈၊ အမှတ် ၃၆ တွင် နိုဝင်ဘာ ၁၅ ရက်နေ့ရက်စွဲဖြင့် ဖော်ပြထားသော သတင်းတစ်ရပ်ကလည်း ပုံမှန်မိုးရာသီမဟုတ်ခဲ့ခြင်းနှင့် မုတ်သုံအထွက်စော၍ အသိမ်းမိုးမရခဲ့ခြင်းတို့ကို သက်သေခံနေသည်။

ယခုနှစ်မိုးစပါးစိုက်ဧကမှာ ရာသီဥတုဖောက်ပြန်ခဲ့သဖြင့် လျာထားစိုက်ပျိုးဧကအောက်လျော့နည်းမည်ဖြစ်သော်လည်း ယမန်နှစ် စိုက်ဧကအောက်လျော့နည်းနိုင်ဖွယ်မရှိကြောင်း မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ဆိုသည်။

"ဒါပေမဲ့ ဖူလုံပါတယ်" ဟု ၎င်းက ထပ်မံရှင်းပြသည်။

ရာသီဥတုဖောက်လွဲဖောက်ပြန်ကြုံတွေ့နေရပြီဖြစ်ကြောင်း ထင်သာမြင်သာရှိသည့် နောက်ထပ်အချက်တစ်ခုမှာ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတရှားပါးလာခြင်းနှင့် ကမ်းရိုးတန်းဒေသများတွင် ပုံမှန်မဟုတ်သော ရာသီဥတုများကြုံတွေ့လာရခြင်း ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းဒေသများတွင် ထူးခြားသော ရာသီဥတုနှင့်ကြုံတွေ့နေရပြီး လေတိုက်နှုန်းပြင်းထန်ခြင်း၊ မိုးများခြင်းတို့ကြောင့် ငါးဖမ်းဆီးရရှိမှု ၂၀ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း မြိတ်မြို့ဒေသခံများကို ကိုးကား၍ The Voice Weekly အပတ်စဉ်ထုတ်သတင်းတစ်ရပ်တွင် ဩဂုတ် ၁၄ ရက်စွဲဖြင့် ဖော်ပြထားသည်။

"အရင်က မုန်တိုင်းဆိုရင် ခန့်မှန်းလို့ရတယ်။ အခုဝုန်းဒိုင်းနဲ့ ခန့်မှန်းလို့မရတဲ့ အနေအထားကိုတွေ့လာတယ်" ဟု တနင်္သာရီကမ်းရိုးတန်း မောင်းမကန်ဒေသ ပန်းတင်အင်းရွာမှ ဝါရင့်ရေ လုပ်သားတစ်ဦးဖြစ်သူ ဦးလှဝင်းက ပြောဆိုသည်။

ယခုနှစ်အတွင်းထူးခြားစွာ ကြုံတွေ့လာရသောအပြောင်းအလဲမှာ ပင်လယ်ပြင်တွင် ငါးသယံဇာတရှားပါးလာခြင်းဖြစ်ကြောင်း ဦးလှဝင်းကထောက်ခံပြောဆိုပြီး ထိုကဲ့သို့ရှားပါးလာခြင်း၏ အဓိကအကြောင်းအရင်းများတွင် ရာသီဥတုဖောက်ပြန်ခြင်းသည်လည်း ပါဝင်ကြောင်းရေလုပ်ငန်းပညာရှင် ဒေါက်တာစန်းအောင်၏ အဆိုကိုကိုးကား၍ 7 Days News ဂျာနယ်ပါ နိုဝင်ဘာလ ၃ ရက်စွဲဖြင့် ရေးသားထားသောသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၁၉၇၆-၇၇ ခုနှစ်များတွင် သုတေသနပြုချက်အရ မြန်မာ့ပင်လယ်ပြင်တွင် တစ်နာရီ ငါးဖမ်းပါက ၃၂၄ ကီလိုရရှိသော်

www.foreverspace.com.mm



လည်း ၂၀၀၇ ခုနှစ်တွင်မှ ၆၄ ဒသမ ၃ ကီလိုသာရရှိတော့ကာ ပျမ်းမျှငါးအရွယ်အစားများမှာလည်း သေးငယ်လာကြောင်း အထက်ပါသတင်းတွင် ထပ်မံဖော်ပြထားသည်။

"ငါးမရတာ၊ ရာသီဥတုပြောင်းလာတာကို ၂၀၀၄ ခုနှစ် ဆူနာမီဖြစ်ပြီးနောက်ပိုင်းမှာ ပိုသိသာလာတယ်" ဟု ဦးလှဝင်းက ဆိုသည်။

ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ငါးများအုပ်စုလိုက် အသိုက်ပြောင်းရွှေ့နေထိုင်ကြသဖြင့် ယခင်ငါးဖမ်းဆီးရမိခဲ့သော နေရာများတွင် ငါးမရတော့ခြင်းဖြစ်နိုင်ကြောင်း မိုးလေဝသပညာရှင်တစ်ဦးက သုံးသပ်သည်။

"ငါးဆိုတာက ပူတဲ့နေရာမှာ မနေနိုင်ဘူး။ အေးတဲ့နေရာမှာပဲနေနိုင်တယ်လေ" ဟု ၎င်းက ဆိုသည်။

ရာသီဥတုပြောင်းလဲလာခြင်းနှင့် ပတ်သက်၍ နောက်ထပ်စိတ်ဝင်စားဖွယ်ရာကောင်းသော သတင်းခေါင်းစဉ်တစ်ခုမှာ အောက်တိုဘာလ ၂၂ ရက်နေ့ရက်စွဲဖြင့် ပြည်တွင်းထုတ် အပတ်စဉ်သတင်းဂျာနယ်တစ်ခုတွင် ရေးသားထားသော 'အင်းလေးကန်သို့ ဆောင်းခိုငှက်များရောက်မလာသေး' ဖြစ်သည်။

ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်းကို ရာသီဥတုပြောင်းလဲခြင်းကြောင့်ဟု အင်းလေးကန်အုပ်ချုပ်ရေးမှူးကို ကိုးကား၍ အထက်ပါသတင်းတွင် ဖော်ပြထားသည်။

"ဆောင်းခိုငှက်တွေလာတာ မနှစ်ကထက်စာရင် ဒီနှစ်နည်းတယ်။ ဘာ့ကြောင့်နည်းသွားလဲဆိုတာကိုတော့ ရာသီဥတုပြောင်းလဲခြင်းနဲ့ဆိုင် မဆိုင်မသိဘူး။ Indicate လုပ်ဖို့ခက်တယ်" ဟု လှော်ကားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ပြောဆိုသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်းတို့ကြုံတွေ့ခံစားနေရပြီဖြစ်သော်လည်း ၎င်းတို့ဥယျာဉ်တွင် သိသာထူးခြားသော လက္ခဏာများမတွေ့သေးသဖြင့် လိုက်လျောညီထွေ (Adaptation) နေနိုင်သော




အနေအထားတွင်ရှိခြင်းကြောင့် ဖြစ်နိုင်ကြောင်း ဦးသိန်းအောင်က သုံးသပ်သည်။

မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော ရာသီဥတုဖောက်လွဲဖောက်ပြန်မှု ကြုံတွေ့လာရခြင်းမှာ ပတ်ဝန်းကျင်နိုင်ငံများမှ သက်ရောက်မှုများအပါအဝင် သစ်ပင်သစ်တောပြုန်းတီးလာမှုနှင့် လူဦးရေတိုးလာခြင်းကြောင့်ဖြစ်ကြောင်း ပညာရှင်တစ်ဦးက သုံးသပ်သည်။

"အခုလက်ရှိ ၂၅ ရာခိုင်နှုန်းလောက်တော့ သစ်တောကျန်သေးတယ်" ဟု ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း စာရင်းများတွင် ဖော်ပြထားသော မြန်မာ့သစ်တောအနေအထားကို ပြည်တွင်းသစ်တောပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် လွန်ကဲသော ရာသီဥတုအနေအထားများကြုံတွေ့လာရခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ရေအရင်းအမြစ်ခန်းခြောက်ခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်း၊ မျိုးစိတ်များမျိုးတုံးခြင်း၊ ရောဂါဘယထူပြောလာခြင်း စသည်တို့ ဖြစ်ပွားလာနိုင်သည်။



www.foreverspace.com.mm




**ကာတွန်းအောင်ပီကျယ်၏ လက်ရာတစ်ခု**

“ရာသီဥတုဖောက်ပြန်လာပြီဆိုပြီး ကြောက်နေဖို့မလိုပါဘူး။ အတူတကွ ဖြေရှင်းကျော်လွှားကြရမှာပါ” ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးဖြစ်သူ Eco Dev. အဖွဲ့အစည်းမှ ဦးဝင်းမျိုးသူက တိုက်တွန်းသည်။

ကောင်းမွန်သောဂေဟစနစ်ဖြစ်စေရန် အဓိကကျသော သစ်ပင်သစ်တောများ ထိန်းသိမ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရန်မှာ နာမည်ကျော်သစ်တောပညာရှင်ဦးအုန်း ပြောဆိုသကဲ့သို့ ‘ရှုံးသည့်စစ်ကို တိုက်ကြခြင်း’ ပင် ဖြစ်သည်။

“ပတ်ဝန်းကျင်နဲ့ပတ်သက်ရင် ရှုံးတယ်လို့မခံစားပါနဲ့” ဟုလည်း ဒီရေတောပညာရှင် ဒေါက်တာမောင်မောင်သန်းက ဆိုသည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်းကို တုံ့ပြန်ရန် နည်းလမ်းနှစ်သွယ်ရှိသည်။ ယင်းတို့မှာ လိုက်လျောညီထွေနေထိုင်ခြင်း (Adaptation ) နှင့်လျှော့ချခြင်း (Mitigation) တို့ ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုများ တုံ့ပြန်ရန်အတွက် လိုက်လျောညီထွေနေနိုင်ရန် အဓိကကျကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ၂၀၀၉ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သည့် The Economics of Climate Change In Southeast Asia တွင် ဖော်ပြထားသည်။



ရာသီဥတုဖောက်ပြန်နေပြီဖြစ်ကြောင်း သိရှိလက်ခံသည်နှင့် လူများ၏လူနေမှုများကို အတော်အသင့်ပြောင်းလဲ၍ ဖြစ်လာမည့် ဆိုးကျိုးများကို ကာကွယ်နိုင်သည်။ ပင်လယ်ဒီရေလှိုင်းဒဏ်ခံနိုင်ရန် အကာအကွယ်များ တည်ဆောက်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းမှကာကွယ်ရန် ရေထိန်းနံရံများ တည်ဆောက်ခြင်း၊ ပြောင်းလဲလာသောရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံမျိုးစေ့များစိုက်ပျိုးခြင်း စသည်တို့မှာ လိုက်လျောညီထွေနေထိုင်နိုင်ရန် ဥပမာအချို့ ဖြစ်သည်။

လျှော့ချခြင်းတွင်မူ မွေးဖွားနှုန်းထိန်းချုပ်ခြင်း၊ သစ်တောပြုန်းတီးမှုမှကာကွယ်ခြင်း၊ အော်တာနေးတစ်စွမ်းအင်သုံးစွဲခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း၊ တစ်ဦးချင်းစွမ်းအင်သုံးစွဲမှုလျှော့ချခြင်း စသည်တို့ ပါဝင်သည်။

ရာသီဥတုဖောက်လွဲဖောက်ပြန်မှုများ ကျွန်ုပ်တို့ထံရောက်ရှိနေပြီဖြစ်သည်။ ထိုအချိန်တွင် သူတို့ကြောင့်ဟု လက်ညှိုးထိုးနေရန် အချိန်မဟုတ်တော့ကြောင်း နာမည်ကျော်ကာတွန်းဆရာအောင်ပီကျယ်က သူ၏လက်ရာတစ်ခုတွင် အောက်ပါအတိုင်း ရေးသားထားသည်။

“ပြဿနာကို ‘သူတို့’ ရှင်းလိမ့်မယ်လို့ပြောရမယ့်အချိန်မဟုတ်တော့ဘူး ‘သူတို့’ ဆိုတာမရှိဘူး။

‘ငါတို့’ ပဲ ရှိတယ်။

‘ငါတို့’ ဆုံးဖြတ်ရမယ်”

မှန်ပါသည်။ ကျွန်ုပ်တို့ဆုံးဖြတ်ရမည့်အချိန်ရောက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်နေပြီဖြစ်ကြောင်း လူတိုင်းနီးပါးသိရှိနေပြီဖြစ်ကြောင်းလည်း ပြီးခဲ့သည်လပိုင်းအတွင်း 7 Day News က ကောက်ယူခဲ့သောစစ်တမ်းတစ်ရပ်က သက်သေခံနေသည်။ ထို့ကြောင့် လုပ်ရပ်အဖြစ်ပြောင်းရန် တိုက်တွန်းထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောစည်းရုံးမှုဖြင့် နိုဘယ်လ်ဆုရရှိခဲ့သူ အမေရိကန် ဒုတိယသမ္မတဟောင်း အယ်လ်ဂိုး၏ An Inconvenient Truth မှ နောက်ဆုံးသတင်းစကားတစ်ခုကို အမှတ်ရသေးသည်။

“ခင်ဗျားတို့ရဲ့ အသိပညာတွေကို လုပ်ရပ်အဖြစ်ပြောင်းလိုက်ပါ”

**ခွန်းသု**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၄-၁၂-၂၀၀၉**✻ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့သည် ကြေညာချက် ၁၆/၂၀၀၉ဖြင့် ပြည်တွင်းတွင်ထုတ်ဝေလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များအနက်မှ သက်တမ်းတိုးခြင်းမရှိသည့် ဂျာနယ် ၁၁ စောင်နှင့် မဂ္ဂဇင်းအစောင် ၂၀ ထုတ်ဝေခွင့်ကို ဖျက်သိမ်းလိုက်ကြောင်း ထုတ်ပြန်ကြေညာ။

**၅-၁၂-၂၀၀၉**✻ ပြည်ပနိုင်ငံများသို့ အလုပ်အကိုင်လိုင်စင်ရ အေဂျင်စီများမှ တစ်ဆင့်သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားအလုပ်သမားများ အကြောင်းတစ်စုံတစ်ရာကြောင့် စာချုပ်သက်တမ်းမပြည့်မီ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာပါက ယင်းအေဂျင်စီများကတာဝန်ယူသတင်းပို့ရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက တရားဝင်သတင်းထုတ်ပြန်။

✻ မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ရခိုင်ကမ်းလွန် AD-7 လုပ်ကွက်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ရေပိုင်နက်ပြဿနာကြောင့် နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ ရပ်ဆိုင်းထားခဲ့ရသော ငါးတင်ပို့မှု ပြန်လည်ခွင့်ပြု။

**၁၄-၁၂-၂၀၀၉**✻ ရန်ကုန်မြို့ တာမွေမြို့နယ်တွင်ရှိပြီး နာမည်ကျော်ဈေးပင်းစင်တာတစ်ခုဖြစ်သော ယုဇနပလာဇာမြေညီထပ်တွင် မီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးမှာ အဆောက်အအုံတန်ဖိုး ကျပ်သိန်းနှစ်ဆယ်နှင့်ပစ္စည်းတန်ဖိုးကျပ် နှစ်ဆယ့်ငါးသိန်း စုစုပေါင်းကျပ်လေးဆယ့်ငါးသိန်းခန့်ရှိ။

**၁၈-၁၂-၂၀၀၉**✻ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

✻ လူသားချင်းစာနာထောက်ထားမှုအကူအညီအနေဖြင့် မြန်မာနိုင်ငံသို့ ယူရို ၄၀.၅ သန်း (အမေရိကန်ဒေါ်လာ ၅၆.၇ သန်း) ထပ်မံပေးအပ်ရန် အီးယူဆုံးဖြတ်။

✻ ရန်ကုန်မြို့တော်၏ နေ့စဉ်ရွှေပေါက်ဈေးကို ရွှေလုပ်ငန်းရှင်များအသင်းက စတင်၍သတ်မှတ်။

**၂၂-၁၂-၂၀၀၉**✻ ဆန်ဈေးကွက်သစ်ရရှိရေးအတွက် နိုင်ငံရပ်ခြားရှိ မြန်မာသံရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တွင် ကျင်းပသည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြား။

✻ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့လှူဒါန်းသည့် ကုန်သေတ္တာယာဉ်စစ်ဆေးသည့် Mobile X-Ray စက်ကို ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါတွင်လွှဲပြောင်းလက်ခံ။

**၂၄-၁၂-၂၀၀၉**✻ မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ A-1 နှင့် A-3 ရှိ ရွှေ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်မှ စီးပွားဖြစ်တွေ့ရှိထားသော သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွယ်တန်းရောင်းချရန်အတွက် ပြည်ပပို့သဘာဝ ဓာတ်ငွေ့ ရောင်းချရေးနှင့် ဝယ်ယူရေးသဘောတူစာချုပ် (Export Gas Sales and Purchase Agreement, Shwe Project, Myanmar) တစ်ရပ်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited၊ GAIL (India) Limited နှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Gas Corporation တို့ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်တွင်လက်မှတ်ရေးထိုး။

**၂၅-၁၂-၂၀၀၉**✻ မြန်မာနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ထားသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်များကို ပုဂ္ဂလိကသို့ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၈-၁၂-၂၀၀၉**✻ မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့တွင်တည်ရှိပြီး နှစ် ၆၀ ခံနိုင်ရည်ရှိသည့် ကွန်ကရစ်ဇလီဖားတုံး တစ်ရက် ပျမ်းမျှ ၆၀၀ နှင့် တစ်နှစ် ပျမ်းမျှ နှစ်သိန်းထုတ်လုပ်နိုင်မည်ဟုဆိုသည့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (မုတ္တမ) ဖွင့်လှစ်။

**၁-၁-၂၀၁၀**✻ အကြိမ် (၂၄၀) မြောက် အောင်ဘာလေသိန်းဆုဌာနခွဲ၏ သိန်း ဆုဖွင့်ပွဲတွင် ကျပ်သိန်း ၁၀၀၀ ဆုမဲစတင်ဖွင့်လှစ်။

**၃-၁-၂၀၁၀**✻ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်ထုတ်လွှင့်လျက်ရှိသည့် City FM ရေဒီယို၏ ၇ နှစ်ပြည့် အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) တွင်ကျင်းပ။

**၄-၁-၂၀၁၀**✻ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ အမှတ် (၂/၂၀၁၀) ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ အမှတ် (၃/၂၀၁၀) ဖြင့် မြန်မာနိုင်ငံ စစ်မှု

www.foreverspace.com.mm



ထမ်းသင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ အမှတ် (၄/၂၀၀၉) ဖြင့် စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းခြင်းကို လည်းကောင်း၊ အမှတ် (၅/၂၀၀၉)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ အမှတ် (၆/၂၀၀၉) ဖြင့် ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ အမှတ် (၇/၂၀၀၉) ဖြင့် နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ အမှတ် (၈/၂၀၀၉) ဖြင့် ပြည်သူ့ဝန်ထမ်း တံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

**၈-၁-၂၀၀၉*** ပဲဈေးကွက်အတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့်ပတ်သက်၍ ဖြေရှင်းပေးနေသော ကော်မတီ၏စာရင်းများအရ ရန်ကုန်မြို့၏ အဓိကပဲဈေးကွက်ကို ချုပ်ကိုင်ထားသော ပဲကုန်သည်ကြီးများနှင့်ဆက်စပ်၍ အရောင်းအဝယ်များပြုလုပ်ခဲ့ကြပြီး နစ်နာဆုံးရှုံးခဲ့သော ပဲကုန်သည်လုပ်ငန်းရှင်များ၏ ငွေပမာဏမှာ စုစုပေါင်း ကျပ်ဘီလီယံ ၂၀၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံအစိုးရ အဖွဲ့ဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းပြောကြား။

**၁၀-၁-၂၀၀၉*** ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ငွေကြေးအကျပ်အတည်း၏ဂယက်ရိုက်ခတ်မှုများနှင့်ပတ်သက်၍ ပညာရှင်အစုံအလင် ပါဝင်သောဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က အဆိုပါအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင်ကျင်းပ။

**၁၂-၁-၂၀၀၉*** မြွေကိုက်ခံရ၍ သေဆုံးမှုရာခိုင်နှုန်းများပြားသော မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေးကိုမြင်း၏ သွေးရည်ကြည်မှ ကုန်ကျစရိတ် ကြီးမားစွာထုတ်လုပ်ခဲ့ရာမှ ယခုအခါကြက်ဥမှကုန်ကျ စရိတ်ပိုမိုသက်သာပြီး ပိုမိုအာနိသင်ရှိသည့်မြွေဆိပ်ဖြေဆေးကို ထုတ်လုပ်နိုင်ပြီဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် ပြောကြား။

**၁၇-၁-၂၀၀၉*** မကွေးတိုင်း၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် မြိုင်–ကမ္ဘကားလမ်း၏ လက်ယာဘက် မိုင်တိုင် (၄/၀) နှင့် (၇/၀) အကြားတွင် တည်ရှိပြီး တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂၁ သန်း ကျခံ သုံးစွဲခဲ့သည်ဟုဆိုသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်) ဖွင့်လှစ်။

* ဧရာဝတီတိုင်း မအူပင်ဒေသရှိ ရွှေပင်အစမ်းတွင်းအမှတ် (၁) စတင်တူးဖော်။

**၁၉-၁-၂၀၀၉*** မူဆယ်ခရိုင် မုန်းပေါ်တိုက်နယ်ဆေးရုံတွင် ယောကျ်ားလေးရင်ချင်းဆက်အမြွှာနှစ်ဦးကို အရေးပေါ်ခွဲစိတ်မွေးဖွားခဲ့ပြီး သုံးရက်အကြာတွင် ကွယ်လွန်။

* အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင်ကျင်းပ။

**၂၂-၁-၂၀၀၉*** မြန်မာလူမျိုး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဦးသန့်၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပ။

* သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသားကော်မရှင် (NCEA)နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စွန့်စားမှုလျှော့ချရေးတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၏ အရေးပါမှု အမျိုးသားအဆင့် ဆွေးနွေးပွဲ (National Seminar on the Role of Environment in Disaster Risk Reduction - DRR) ကို ပျဉ်းမနား ရေဆင်းရှိ သစ်တောသုတေသနခန်းမတွင်ကျင်းပ။

* မြန်မာ–ထိုင်း နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပ။

**၂၃-၁-၂၀၀၉*** မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာကွမ်မုံ၏နေရာတွင် မစ္စတာယဲ့တာ့ပိုကို ခန့်အပ်ရန်အဆိုပြုလိုက်ခြင်းကို မြန်မာအစိုးရက သဘောတူညီလိုက်ပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအဖြစ် အလှည့်ကျတာဝန်ထမ်းဆောင်မည့် Senior Colonel, Gao Tiejun ကို အစိုးရအကြီးအကဲများက လက်ခံတွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

**၂၄-၁-၂၀၀၉*** ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့ပေါ်ရှိ ကြက်မွေးမြူရေးခြံများတွင် ဇန်နဝါရီလအတွင်းက အပြင်းစားကြက်လည်လိမ်ရောဂါ (VVND)ဖြစ်ပွားလျက်ရှိခြင်းကြောင့် မြို့တွင်းသို့ကြက်အဝင်အထွက်ကိုထိန်းချုပ်သည့်အနေဖြင့် ဇန်နဝါရီလ ၂၄ ရက်နေ့မှ စတင်၍ မြို့အဝင်နှင့် မြို့အထွက်နေရာများတွင် စစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ ကြက်သယ်ဆောင်ရောင်းဝယ်မှုကို တင်းကျပ်စွာ စစ်ဆေးလျက်ရှိ။

**၂၅-၁-၂၀၀၉*** တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်လုံမြို့နယ်တွင် ရင်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးကို မွေးဖွား။

**၂၆-၁-၂၀၀၉*** ၂၀၀၉ ခုနှစ်အတွင်း နေကြတ်ခြင်းနှစ်ကြိမ်နှင့် လကြတ်ခြင်း လေးကြိမ်ဖြစ်ပေါ်နိုင်ကြောင်းနှင့် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ဖြစ်ပေါ်မည့် ပထမဆုံးအကြိမ် နေကြတ်ခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာ။

* ပြည်မြို့နယ်စည်ပင်လက်အောက်ရှိ ဈေးများတွင် ကြက်သား

www.foreverspace.com.mm



များနှင့် ကြက်ဥရောင်းချမှုများကို ယာယီပိတ်ပင်ထား။

**၃၀-၁-၂၀၀၉*** မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများတွင် ရိုဟင်ဂျာလူမျိုးများ ပါဝင်ခြင်းမရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၅-၂-၂၀၀၉*** အာရှတိုက်ရှိ ခရီးသွားဒေသများသို့ ကိုယ်ပိုင်လေယာဉ်ဖြင့်ပို့ဆောင်ပေးလျက်ရှိသော မလေးရှားအခြေစိုက်ခရီးသွားကုမ္ပဏီပိုင် SANBUMI AIR TRANSPORT လေကြောင်းလိုင်းသည် ရန်ကုန်–ကွာလာလမ်ပူခရီးစဉ်ကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပေးမည့်အစီအစဉ် စတင်။

**၇-၂-၂၀၀၉*** ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပ။

**၈-၂-၂၀၀၉*** မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား မြို့နယ်အဆင့် နယ်ခြားကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ တာချီလိတ်မြို့တွင် ကျင်းပ။

**၆-၂-၂၀၀၉*** ဆိုင်ကယ်စက်နှိုးစဉ် ဓာတ်ဆီထည့်ရာမှ စတင်ခဲ့သော မီးလောင်ကျွမ်းမှုတစ်ရပ် မန္တလေးမြို့ ချမ်းမြသာစည်ရပ် မြရည်နန္ဒာ မြို့သစ် (ဗ–၁၄) အကွက်၊ ၅၄× ၅၅ လမ်းကြား၊ အမှတ်–၂၃ (က/ခ) တွင် ဖြစ်ပွား။

**၉-၂-၂၀၀၉*** စစ်ကိုင်းတိုင်း မုံရွာမြို့အနောက်ဘက်ကမ်းရှိ ညောင်ပင်ကြီးဒေသမှ ၄၅ မိုင်အကွာတွင်ရှိပြီး ပွင့်လင်းရာသီတွင် ဘုရားဖူးအများအပြားသွားရောက်လေ့ရှိကြသည့် အလောင်းတော်ကဿပစံကျောင်းသဘာဝလိုဏ်ဂူကျောက်တံခါးမှာ တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီလ ၉ ရက်နေ့) မွန်းလွဲ ၁ နာရီခွဲခန့်တွင် ၁၅ မိနစ်ခန့်ရုတ်တရက်ထူးခြားစွာ ပွင့်သွားခဲ့။

**၁၁-၂-၂၀၀၉*** မြန်မာနိုင်ငံနှင့် အင်ဒိုရာနိုင်ငံတို့ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်စတင်ပြုလုပ်။

**၁၂-၂-၂၀၀၉*** နေပြည်တော်မြို့မ သပြေကုန်းရပ်ကွက် သပြေကုန်းအဝိုင်းအနီးတွင်တည်ဆောက်ထားပြီး ကျောက်စိမ်းများဖြင့် ထူးခြားစွာအလှဆင်ထားသည့် မြန်မာနိုင်ငံ၏အကြီးဆုံးကျောက်မျက်ရတနာပြတိုက် ဖွင့်လှစ်။

* မြန်မာ့သတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ သတင်းအချက်အလက်နည်းပညာပြပွဲ – ၂၀၀၉ (ICT Exhibition - 2009) ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech အဆောက်အအုံတွင် ကျင်းပ။

**၁၃-၂-၂၀၀၉*** မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) ကောင်စီအစည်းအဝေးနှင့် အာဆီယံ ဆုဇူကီးဖလားဘောလုံးပြိုင်ပွဲနှင့်စပ်လျဉ်းသည့်အစည်းအဝေးများတက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် မြန်မာနိုင်ငံမှထွက်ခွာ။

**၁၄-၂-၂၀၀၉*** မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ။

**၂၀-၂-၂၀၀၉*** နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ဦးခင်မောင်စိုးကိုလည်းကောင်း၊ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ဦးတင်ယုကိုလည်းကောင်း၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ်ဦးသက်ဦးကိုလည်းကောင်း အသစ်ခန့်အပ်လိုက်ကြောင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးအောင်သိမ်းကို ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောမြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာ။

**၂၁-၂-၂၀၀၉*** မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများမှ အကျဉ်းသား ၆၃၁၃ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* မန္တလေးမြို့ ပြည်သူ့ဆေးရုံသစ်ကြီးရှိ ငါးထပ်ဆေးကုသဆောင်ဖွင့်လှစ်။

**၂၆-၂-၂၀၀၉*** မြန်မာနိုင်ငံအတွင်း အဓမ္မခိုင်းစေမှုတိုင်ကြားချက်များဆောင်ရွက်ရန် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာကို (၁၂) လသက်တမ်းတိုးရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး (ILO) တို့ လက်မှတ်ရေးထိုး။

**၄-၃-၂၀၀၉*** မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြည်တွင်းဘောလုံးပွဲကို ပရိုလိဂ်ပုံစံဖြင့် ကူးပြောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ သတင်းနှင့်မီဒီယာများကို ပထမဆုံးအကြိမ်တရားဝင်တွေ့ဆုံရှင်းလင်းတင်ပြသည့် အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပ။

**၂၄-၂-၂၀၀၉*** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်မှ လွှဲပြောင်းရယူ။

**၃-၃-၂၀၀၉*** ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်၊ ပဒုမ္မာပန်းခြံအတွင်းတွင် မတ်လ ၃ ရက်နေ့ ည ၉နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုတစ်ခုနှင့် ည ၁၁ နာရီ ၅ မိနစ်ခန့်တွင် ကမာရွတ်

www.foreverspace.com.mm

မြို့နယ်၊ (၁) ရပ်ကွက်၊ အင်းစိန်လမ်းမရှိ လှည်းတန်းမှတ်တိုင် ခရီးသည်နားနေဆောင် ထိုင်ခုံအောက်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း မတ်လ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၄-၃-၂၀၀၉** * အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်သော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၈ ခုနှစ်လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာပါ မြန်မာအစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လက်မခံဘဲပယ်ချကြောင်း ကြေညာချက်တစ်ရပ်နှင့်အလားတူ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်ထုတ်ပြန်သော နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူဟာ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတာဝန် ဝတ္တရားသိသိသာသာပျက်ကွက်ခဲ့သည့် ကမ္ဘာ့နိုင်ငံသုံးနိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း ဖော်ပြခဲ့ရာ ယင်းဖော်ပြချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လက်မခံဘဲပယ်ချသည့်ကြေညာချက်တို့ကို ထုတ်ပြန်ကြေညာ။

* ကလပ်အသင်းတစ်ခုလျှင် ကျပ်သိန်း ၂၀၀၀ ဖြင့် မတည်၍ စီးပွားရေးလုပ်ငန်းကြီးရှစ်ခုက ဖွဲ့စည်းထားသည့် ပုဂ္ဂလိကအသင်းကြီး ၈ သင်း စတင်ပါဝင်ပြီး ပရော်ဖက်ရှင်နယ်လိဂ်အသွင်ဖြင့် မြန်မာ့ဘောလုံးလောကကို စတင်ပြောင်းလဲသွားတော့မည်ဖြစ်ကြောင်း ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော် ပြောကြား။

**၅-၃-၂၀၀၉** * မြန်မာနိုင်ငံသားများအတွက်လည်း အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည့် ထိုင်းပြည်ဝင်ခွင့်ဗီဇာအခမဲ့ပေးမည့် အစီအစဉ်တစ်ရပ်ကို မတ်လ ၅ ရက်မှ ဇွန်လ ၅ ရက်အထိ ပြုလုပ်။

**၁၁-၃-၂၀၀၉** * (၄၁) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်း ညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ညောင်ဦးမြို့ရှိ ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ။

* မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ မိုးလေဝသနှင့်ဇလဗေဒဌာနနှင့် ရုံးဝင်းအတွင်း၌ ညနေ ၅ နာရီခွဲခန့်က ဖြစ်ပွားသော မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်အတွက်သွားသည့် မန္တလေးတိုင်း ဗဟိုမီးသတ်ဌာန မီးသတ်ယာဉ်တစ်စီး ရန်ကုန်-မန္တလေးလမ်း၊ မြနန္ဒာလမ်းသွယ်နှင့် စစ်ကိုင်းလမ်းခွဲကြားအရောက်တွင် မီးလောင်သည်ကိုကြည့်ရှုရန်သွားသည့်ယာဉ်များကိုရှောင်ရင်း တိမ်းမှောက်မှုတစ်ရပ်ဖြစ်ပွားရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော မီးသတ်ဌာနမှ တပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့။

**၁၂-၃-၂၀၀၉** * ဈေးကွက်အတွင်းရောင်းချလျက်ရှိသော လက်ဖက်များအနက် အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) ပါဝင်သည်ကို တွေ့ရှိရသောလက်ဖက် ၄၃ မျိုး၏အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

* ရန်ကုန်မြစ်အတွင်း၌ နန်းသီတာဆိပ်ကမ်းနှင့်ဒလသို့ အသွားအပြန်ပြေးဆွဲနေသော စက်တပ်သမ္ဗန်တစ်စီး နံနက် ၄ နာရီခွဲအချိန်၌ တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည်ငါးဦးအနက် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် လေးဦးလွတ်မြောက်အသက်ရှင်ခဲ့။

**၁၆-၃-၂၀၀၉** * နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် Bulldozer ၁၈ စုံနှင့် Excavator အစုံ ၄၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

* ကလေးများအတွက်သီးသန့်ထုတ်လုပ်သည့် ခေါင်းလျှော်ရည်များတွင် ဈေးကွက်ဝေစုအသင့်အတင့်ရရှိထားသော Johnson's Baby Shampoo အပါအဝင် လူသုံးများသည့် ကလေးခေါင်းလျှော်ရည်အချို့တွင် ဦးနှောက်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါများနှင့် သွေးကင်ဆာရောဂါများဖြစ်ပွားနိုင်သည့် ဓာတုပစ္စည်းများပါဝင်နေသည့်အတွက် သုံးစွဲရန်မသင့်ကြောင်း အင်တာနက်မှရရှိသောသတင်းတစ်ပုဒ်ကိုကိုးကား၍ မတ်လ ၁၆ ရက်နေ့ထုတ် The New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိ။

* ၂၀၀၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုများနှင့် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်းကို ထုတ်ပြန်ကြေညာ။

**၂၀-၃-၂၀၀၉** * မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်းနှင့် ငွေကျပ် ၇၄၄၃ ဒသမ ၀၈၀သန်း စုစုပေါင်း ငွေကျပ် ၇၂၈၈ ဒသမ ၇၄၀ သန်း အကုန်အကျခံတည်ဆောက်ထားသည်ဟုဆိုသည့် မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံ (ပျော်ဘွယ်) နှင့် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်း နှင့် မြန်မာ ငွေ ကျပ် ၆၅၂၁ ဒသမ ၉၁၆သန်း စုစုပေါင်း ငွေကျပ် ၆၁၁၇ ဒသမ ၅၇၆ သန်း အကုန်အကျခံတည်ဆောက်ထားသည်ဟု ဆိုသည့် ချည်မျှင်စက်ရုံ (မြစ်သား) ဖွင့်လှစ်။

**၂၁-၃-၂၀၀၉** * International Internet Backbond Fiber Optic Cable ဖြစ်သော SEA-ME-WE3 ကို မတ်လ ၂၁ ရက်နေ့တွင် စတင်ပြုပြင်မည်ဖြစ်ပြီး မတ်လ ၂၅ ရက်နေ့တွင် ပြီးစီးမည်ဖြစ်သောကြောင့် ပြုပြင်နေစဉ်ကာလအတွင်း Internet နှင့် E-mail သုံးစွဲမှုနှေးကွေးသွားမည်ဖြစ်ကြောင်းနှင့်အဆိုပါကာလအတွင်း အရေးပါသော လုပ်ငန်းများအတွက် အရန်ဆက်ကြောင်းဖြင့်သာဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း မြန်မာတယ်လီပို့က တရားဝင်ထုတ်ပြန်ကြေညာ။ ပြုပြင်မှုလုပ်ငန်းများ မတ်လ ၂၅ ရက်နေ့တွင်ပြီးစီးမည်ဟု ထုတ်

www.foreverspace.com.mm

ပြင်ဆင်ထားသော်လည်း ဧပြီလ ၁ ရက်နေ့အထိ ပြုပြင်မှုသက်တမ်းတိုးမြှင့်လိုက်ကြောင်းထပ်မံထုတ်ပြန်ခဲ့ပြီး ယခုတစ်ဖန် ဧပြီလ ၃ ရက်နေ့မှပြီးစီးမည်ဟု ထပ်မံကြေညာ။

* ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီးတွင် နမ့်တိန်ချောင်းမှရေကိုသွယ်ယူ၍ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် တည်ဆောက်ထားပြီး ရှမ်းပြည်နယ်အတွင်းတည်ဆောက်ပြီးစီးသောစီမံကိန်းများအနက် လောလောဆယ်အချိန်တွင်အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သော ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်။

* ပဲခူးတိုင်း ပဲခူးမြစ်ကိုဖြတ်သန်း၍ ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး အရှည်ပေ ၅၆၀ ရှိသော ပဲခူးမြစ်ကူးတံတား (ကဝ) ဖွင့်လှစ်။

**၂၄-၃-၂၀၀၉** * အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွန်ကြားရေးမှူး မစ္စတာစတီဖင် ဘလိတ်သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းနှင့် မတ်လ ၂၄ ရက်နေ့တွင် နေပြည်တော်၌ မြန်မာ–အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကိုဆွေးနွေးခဲ့ကြောင်း မတ်လ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

**၂၅-၃-၂၀၀၉*** မြန်မာနိုင်ငံအစိုးရသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးအုန်းသွင်ကို သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရ သော မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ သီရိလင်္ကာဒီမို ကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးဦးတင်ဦးလွင်ကို တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရ သော မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း ပြောင်းရွှေ့ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာ။

* နိုင်ငံတကာအဆင့်မီ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်–နေပြည်တော်လမ်းအပိုင်း) ဖွင့်လှစ်။

**၂၆-၃-၂၀၀၉*** ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် သုခမ္မာလမ်း (အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအနီး) ရှိ တော်ဝင်နန်းတည်းခိုခန်း ဒုတိယထပ်၊ အခန်းအမှတ် (F-1) တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း မတ်လ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အနီးတွင် တည်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံသားပိုင် MRT Co., Ltd. တို့ပူးပေါင်း၍တည်ဆောက်ထားသည့် နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်လှစ်။

**၂၉-၃-၂၀၀၉*** ကျန်းမာရေးဝန်ကြီးဌာနသည် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့်လက်ဖက်များအနက် အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) ပါဝင်သည်ကို တွေ့ရှိရသော လက်ဖက်အမျိုးအစား ၅၇ မျိုး၏ အမည်စာရင်းကို ထပ်မံထုတ်ပြန်ကြေညာ။

**၃-၄-၂၀၀၉*** နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်လှစ်။

**၆-၄-၂၀၀၉*** မလေးရှားနိုင်ငံ Petronas ရေနံကုမ္ပဏီကလှူဒါန်းသော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ရှိ မြိုင်သာယာကျေးရွာသစ် ဖွင့်လှစ်။

* ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၉၈ ခုကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ။

**၃၀-၃-၂၀၀၉*** စင်ကာပူနိုင်ငံသို့တင်ပို့ရောင်းချလျက်ရှိသည့် အရန်သင့်စားသုံးနိုင်သော လက်ဖက်တံဆိပ်အမျိုးပေါင်း ၂၀ တွင် စားသုံးရန် မသင့်သောအဝါရောင်ဆိုးဆေးများပါဝင်နေကြောင်း စင်ကာပူနိုင်ငံရှိ The Agri-Food and Vaterinary Authority (AVA) က ထုတ်ပြန်ကြေညာ။

**၂-၄-၂၀၀၉*** ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ မဲတောင်တောင်ပေါ်လမ်းတွင် မြောက်ဦးမြို့သို့ ဘုရားဖူးရန်လာသော ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်မှု နေ့လယ် ၁၂ နာရီ ခွဲအချိန်ခန့်ကဖြစ်ပွားခဲ့ရာ အမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၁၇ ဦး သေဆုံး။

**၃-၄-၂၀၀၉*** ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အကူအညီပေးမှုကို စတာလင်ပေါင် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁၄ သန်း) သို့တိုးမြှင့်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တွင် ယနေ့ကျင်းပသည့် နာဂစ်လေဘေးသင့်သူများအစည်းအဝေးတွင် ဆုံးဖြတ်။

**၄-၄-၂၀၀၉*** KNU အဖွဲ့မှ ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြဦးဆောင်သော အင်အား ၇၁ ဦး၊ မိခင်သူမိသားစုဝင် ၈၈ ဦးစုစုပေါင်း အင်အား ၁၉၅ ဦးတို့သည် လက်နက်မျိုးစုံ ၂၄ လက်နှင့်အတူ မတ်လ ၃၀ ရက်နေ့တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့ရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* အဆိပ်အတောက်ဖြစ်စေသော သတ္တုမာ (Heavy Metal) များ ပါဝင်ဖော်စပ်ထားခြင်းကြောင့် ဒေါ်ထွေးဂေါမုတ္တဆေးနှင့် ဒေါ်ကျင်ကလေးသူငယ်နာ လေပုပ်ထုတ်ဆေးတို့ကို သုံးစွဲရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

**၆-၄-၂၀၀၉*** ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သည် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၉၈ ခုကို ယနေ့

www.foreverspace.com.mm

ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၈-၄-၂၀၀၉*** မြန်မာကုမ္ပဏီတစ်ခုဖြစ်သော Myanmar Avia Services ကုမ္ပဏီနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအခြေစိုက် C Boss ကုမ္ပဏီတို့ ပူးပေါင်း၍ GSM Pre Paid Card ထုတ်လုပ်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်တွင်လက်မှတ်ရေးထိုး။

**၂၁-၄-၂၀၀၉*** အခြေခံပညာကျောင်းများစာဖွင့်မည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိဘဲ ကျောင်းအပ်လက်ခံမည့်ရက်မှာ ယခင်နှစ်များအတိုင်း မေလနောက်ဆုံးပတ်အတွင်း အပ်နှံဖွယ်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူးချုပ်ဦးဘိုဝင်း ပြောကြား ။

(ဧပြီလ ၂၄ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်)

**၂၃-၄-၂၀၀၉*** ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန် (၁) ပဲခူးလမ်းနှင့် မကွေးလမ်းကြား၌တည်ရှိသော မေယုပဲဂိုဒေါင်တွင် ကော့စတစ်ဆိုဒါအပူလွန်ကဲရာမှ နှစ်နာရီကြာ မီးလောင်မှုတစ်ရပ်ဖြစ်ပွား။

**၂၅-၄-၂၀၀၉*** ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပ္ပနဒီကျေးရွာအနီးတွင်တည်ဆောက်ထားပြီး ၆ ပေ၊ ၁၆ ပေရေတံခါးပေါက် ၂၇ ပေါက်ပါဝင်သည့် ကဒပ္ပနရေထိန်းတံခါး ဖွင့်လှစ်။

* မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီလ ၂၆ ရက်မှ ၂၈ ရက်အထိကျင်းပမည့် 1st AIPA Caucus အစည်းအဝေးသို့တက်ရောက်ရန်အတွက် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှထွက်ခွာ။

**၂၇-၄-၂၀၀၉*** ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ် မန္တလေး–လားရှိုး–မူဆယ်–နမ့်ခမ်း–ဗန်းမော်လမ်း မိုင်တိုင်အမှတ် (၃၀၆/၆) တွင်တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည် ပေ ၆၀၀ ရှိသည့် ရွှေလီတံတား (နမ့်ခမ်း) ဖွင့်လှစ်။

* နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ် (နေပြည်တော်) ဖွင့်လှစ်။

**၃၀-၄-၂၀၀၉*** ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးတွင် အမှတ် (၃) လမ်းဆုံမှ နေပြည်တော် (စီ) လမ်းဆုံအထိ ယာဉ်ဖြတ်သန်းခကောက်ခံမည့်နှုန်းထားများကို ထုတ်ပြန်ကြေညာ။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၉ ဖြင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ (Burma Lawyer's Council- BLC)၊ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် တခြားအဖွဲ့အစည်းများကို မတရားအသင်းအဖြစ်ကြေညာလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

**၁-၅-၂၀၀၉*** ငါးပိရောင်းဝယ်ရေးလုပ်ငန်းများနှင့် ဈေးကွက်အတွင်းရှိ ငါးပိနှင့် ငါးပိထောင်းများတွင် အစားအသောက်များ၌ သုံးစွဲရန်ခွင့်မပြုသော အနီရောင်ဆိုးဆေး (Rhodamine B) ပါဝင်နေသည်ကို တွေ့ရှိရသည့်အတွက် ငါးပိနှင့်ပတ်သက်သည့် အသိပေးကြေညာချက်တစ်ရပ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

**၁-၅-၂၀၀၉*** မေလအတွင်းစတင်ရောင်းချမည့် ၂၀၀ ကျပ်တန်ထီလက်မှတ်များတွင် အက္ခရာနှစ်လုံး ထပ်မံတိုးမြှင့်ရောင်းချသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေ ပြောကြား။

**၆-၅-၂၀၀၉*** ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ မေလ ၃ ရက်နေ့ညပိုင်းတွင် အင်းလျားကန်မှတစ်ဆင့် ရေကူး၍ ဝင်ရောက်ခဲ့ပြီး မေလ ၅ ရက်နေ့ညပိုင်းအချိန်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ အနီးအင်းလျားကန်အတွင်းမှ ငါးလီတာဝင် ရေသန့်ဘူးအကူအညီဖြင့် ရေကူး၍ပြန်ထွက်လာသည်ဟုဆိုသည့် နိုင်ငံခြားသားတစ်ဦးကို မေလ ၆ ရက်နေ့ နံနက် ၅ နာရီခွဲအချိန်ခန့်က ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြထားသည်ကို တွေ့ရသည်။

* မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် မန္တလေးမြို့တော်တွင် မေလ ၆ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် အနောက်တောင်ဘက်မှ တစ်နာရီလျှင် လေတိုက်နှုန်း ၁၀ မိုင်မှ ၁၅ မိုင်အထိ စတင်တိုက်ခတ်ခဲ့ပြီး ညနေ ၄ နာရီမိနစ် ၄၀ တွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းအထိ ရုတ်တရက်မြင့်တက်သွားခဲ့ရာ မိုးသက်လေပြင်းများကျရောက်ခဲ့ပြီး Billboard ကြီးများ၊ သစ်ပင်များပြိုလဲခြင်း၊ လျှပ်စစ်ကြိုး၊ တယ်လီဖုန်းကြိုးများပြတ်တောက်ခြင်း၊ အမိုးလန်ခြင်း စသည်တို့ ဖြစ်ပွားခဲ့။

* မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့လယ် မြို့မဈေးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်တွင် အရောင်းစာရေးတစ်ဦးနှင့် အခြားလူတစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်၍ ရွှေထည်ပစ္စည်းများကို လုယက်မှုတစ်ရပ် မေလ ၆ ရက်နေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် ဖြစ်ပွား။

**၉-၅-၂၀၀၉*** ရန်ကုန်မြို့ရှိ အာရှမဟာ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ Shanghai Railway International ခရီးသွားကုမ္ပဏီတို့ပူးပေါင်းပြီး ရန်ကုန်–ရှန်ဟိုင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကုမ္ပဏီနှစ်ခု၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်ကို ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုး။

**၁၁-၅-၂၀၀၉*** MNL Cup Grand Royal 2009 ပြိုင်ပွဲနှင့်ပတ်သက်သည့်သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပ။

**၁၄-၅-၂၀၀၉*** ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ မေလ ၁၁ ရက် ရက်စွဲပါ သံတမန်စာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေး

www.foreverspace.com.mm

ရာနှင့် ဥပဒေရေးရာဌာနသို့ လိပ်မူ၍ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုကြောင့် သက်ဆိုင်ရာက ခေါ်ယူစစ်မေးခြင်းခံနေရသူ Mr. John William Yettaw ကို ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ အခွင့်အရေးများ အရကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်လိုကြောင်း မေတ္တာရပ်ခံခဲ့သဖြင့် မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနက ကောင်စစ်ဆိုင်ရာ တွေ့ဆုံခွင့်ကို မေလ ၁၃ ရက်နေ့ ညနေ ၄ နာရီတွင် စီစဉ်ဆောင်ရွက်ပေးမည်ဟု ပြန်ကြားခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။ ယင်းသတင်းစာတွင်ပင် အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် (ကောင်စစ်ဝန်) Mr. Colin P. Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် မေလ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်သပြေရိပ်သာ၌ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်ခဲ့ကြောင်းနှင့် Mr. John William Yettaw ၏ကိုယ်ရေးအကျဉ်းကို ဓာတ်ပုံနှင့်တကွ ဖော်ပြ။

* မြန်မာသက္ကရာဇ် ၁၃၇၁ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် မြို့တည်နန်းတည်နှစ် ၁၅၀ တင်းတင်းပြည့်သော မန္တလေးမြို့တည်နှစ် ၁၅၀ ပြည့်အထိမ်းအမှတ်အခမ်းအနားများကို မေလ ၁၄ ရက်နေ့နံနက်မှစ၍ နေရာဌာနအလိုက် အစီအစဉ်အတိုင်း ကျင်းပ။

**၁၅-၅-၂၀၀၉*** မန္တလေးတိုင်း မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင်မတ်လ ၁၅ ရက်နေ့ မိုးရေများဝင်ရောက်လာသည့်အတွက် လူနှင့်တိရစ္ဆာန်များ ရေဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး မြစ်သားနှင့် ပြင်စည်ရွာကြားရှိ မော်တော်ကားလမ်းပေါ်သို့ ရေကျော်မှုကြောင့် မြင်းခြံ–မြစ်သား–မန္တလေးခရီးစဉ်များ ခေတ္တ ရပ်နားထား။

**၁၆-၅-၂၀၀၉*** KNU ဗဟိုအထူးတပ်ရင်း (၂၀၁) မှ ဗိုလ်ကြီးအဆင့်ရှိ စောစိန်မောင်ဌေး ဦးစီးတပ်ရင်း (၂၀၁) နှင့် တပ်ရင်း ၁၆ မှ တပ်ဖွဲ့ဝင်အင်အား ၁၄ ဦး၊ မိသားစုဝင် ၂၃ ဦး စုစုပေါင်းအင်အား ၃၇ ဦးသည် လက်နက်ငယ် ၁၀ လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ မေလ ၁၃ ရက်နေ့တွင် စောထိန်မောင်/စောနေစိုးမြအဖွဲ့တည်ရှိရာ ထို့ကော်ကိုးကျေးရွာသို့လာရောက်၍ ထပ်မံပူးပေါင်းခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကျိုးတူ ပူးပေါင်းတည်ဆောက်ပြီးစီးသည့် ပထမဆုံးစီမံကိန်းတစ်ခုဖြစ်သော ရွှေလီ (၁) ရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ်။

* မြန်မာ့ဘောလုံးလောက၏ အပြောင်းအလဲတစ်ခုဖြစ်သော အပျော်တမ်းအဆင့်မှ ပရိုအဆင့်သို့ကူးပြောင်းပြီးနောက်ပိုင်း ပထမဆုံးပြိုင်ပွဲတစ်ခုအဖြစ် MNL Cup Grand Royal 2009 ဖွင့်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပ။

**၁၈-၅-၂၀၀၉*** ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် ၅၄/၅၆ နေ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်အတွင်းသို့ အမေရိကန်နိုင်ငံသား Mr. John William Yattaw ဆိုသူ ၂၀၀၉ ခုနှစ် မေလ ၃ ရက်နေ့ညအချိန်က အင်းလျားကန်အတွင်းမှ ရေကူးပြီးဝင်ရောက်ခဲ့သည်ဟုဆိုသည့် ဖြစ်ရပ်နှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုလည်းကောင်း၊ Mr. Yattaw ၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကိုလည်းကောင်း အမှုဖွင့်စစ်ဆေးကြားနာခြင်းကို မေလ ၁၈ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၀-၅-၂၀၀၉*** ဒေါ်အောင်ဆန်းစုကြည်ကိုစွဲဆိုထားသောအမှု စစ်ဆေးကြားနာခြင်း၏ တတိယနေ့ဖြစ်သော မေလ ၂၀ ရက်နေ့တွင် စစ်ဆေးကြားနာရာသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှား၊ ထိုင်း၊ စင်ကာပူ အပါအဝင် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံတမန် ၃၀ ဦး၊ ပြည်တွင်းသတင်းဂျာနယ်များဖြစ်သော Weekly Eleven၊ မြန်မာတိုင်းမ်၊ ပေါ်ပြူလာ၊ ရန်ကုန်တိုင်းမ်၊ လျှပ်တစ်ပြက်တို့မှ စာတည်းအဖွဲ့ဝင်ငါးဦး၊ နိုင်ငံခြားသတင်းဌာနများဖြစ်ကြသော Reuters, AFP, Ji Ji Press, NTV, Sankei Shimbum တို့မှ သတင်းထောက်ငါးဦး မွန်းလွဲပိုင်းစစ်ဆေးကြားနာမှုကို တက်ရောက်ခွင့်ရရှိ။ တက်ရောက်ခွင့်ရရှိသူများကို တရားခွင်အတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သောလက်နက်များ ကိုင်တွယ်ယူဆောင်လာခြင်းမပြုရ၊ သတ်မှတ်နေရာများမှအပ အခြားနေရာများသို့ သွားလာဝင်ထွက်ခြင်းမပြုရ၊ တရားခွင်အတွင်း အမှုသည်များနှင့် တွေ့ဆုံစကားပြောဆိုခြင်း၊ အသံဖမ်းယူခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းမပြုရဟူသော ကန့်သတ်ချက်များဖြင့် ဝင်ရောက်ကြည့်ရှုနားထောင်ခွင့်ပြုခဲ့ကြောင်း မေလ ၂၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြထားချက်များအရ သိရသည်။ အဆိုပါသတင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ဓာတ်ပုံများ၊ အင်းစိန်ထောင်အတွင်း ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရန်စီစဉ်ထားသည့်နေရာ၊ နိုင်ငံခြားသံတမန်များနှင့် ဒေါ်အောင်ဆန်းစုကြည် စကားပြောနေပုံများကိုလည်း ဖော်ပြထားသည်ကိုတွေ့ရသည်။ အစိုးရအသံလွှင့်ဌာနများ၏ မတ်လ ၂၀ ရက်နေ့ ည ၈ နာရီ သတင်းတွင်လည်း အဆိုပါအကြောင်းအရာများကို ဓာတ်ပုံများနှင့်တကွ ထုတ်လွှင့်ပြသ။

**၂၂-၅-၂၀၀၉*** ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူထားခြင်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟီရိုဖုမိ နာကာဆိုနဲက နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းကို တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းသည့်အကြောင်းအရာများကို ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြ။

**၂၄-၅-၂၀၀၉*** နေပြည်တော်ပျဉ်းမနားဘူတာစကြႅ (၁)တွင် ရပ်ထားသော နေပြည်တော်–ရန်ကုန် အမှတ် ၃၂ အစုန်ရထား အထက်တန်းတွဲ တွဲအမှတ် (၅) အိမ်သာခေါင်မိုးပေါ်တွင် အစိမ်းရောင်တိပ်ဖြင့်ပတ်ထားသော နှစ်လက်မခွဲပတ်လည်အရွယ်ရှိ မိုင်းတစ်လုံး

www.foreverspace.com.mm

နံနက် ၃ နာရီ မိနစ် ၅၀ ခန့်ကတွေ့ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၅-၅-၂၀၀၉**✽ အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားရသော ထိုင်းနိုင်ငံ၏ မေလ ၁၈ ရက်နေ့က ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံနှင့်ပတ်သက်သောကြေညာချက်ကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ကန့်ကွက်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၆-၅-၂၀၀၉**✽ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၀ (က) နှင့် ၁၀ (ခ) တို့နှင့်ပတ်သက်၍ ရှင်းလင်းပွဲတစ်ရပ်ကို အင်းစိန်မြို့နယ်ရှိ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ထုတ်ပြန်ကြေညာ။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ၁၅ ဦး၊ ပြည်တွင်း ဂျာနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ၁၀ ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ် ၂၀ နှင့် ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်နေသည့် တရားရုံးချုပ်ရှေ့နေ ဦးလှမျိုးမြင့်အပါအဝင် စုစုပေါင်း ၉၁ ဦးတက်ရောက်ခဲ့ကြကြောင်း ယင်းသတင်းအရ သိရ။ ဒေါ်အောင်ဆန်းစုကြည်ကို မြောက်ပိုင်းခရိုင်တရားရုံးတွင် စတင်စစ်ဆေးခြင်းနှင့် တရားသူကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အမေးအဖြေများကိုလည်း ယင်းနေ့ထုတ်သတင်းစာများတွင် ဖော်ပြထား။

✽ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီအမှတ် (၂) စက္ကူစက်ရုံအနီးတွင်တည်ဆောက်ပြီးစီးသွားသည့် တန် ၅၀ သတင်းစာပျော့ဖတ်နှင့် တန် ၈၀ ထုပ်ပိုးစက္ကူစက်ရုံ ဖွင့်လှစ်။

**၂၇-၅-၂၀၀၉**✽ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မေလ ၂၂ ရက်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းတစ်ရပ်ထုတ်ပြန်ခဲ့မှုအပေါ် မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ကြေညာချက်တစ်ရပ် မေလ ၂၇ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာ။ အဆိုပါထုတ်ပြန်ချက်တွင် ဒေါ်အောင်ဆန်းစုကြည်အား အရေးယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာဖြစ်ပေါ်လာနိုင်ဖွယ်ရာမရှိပါသဖြင့် ဥပဒေနှင့်အညီ မိမိတို့၏ အရေးယူဆောင်ရွက်ချက်ကို တရားဥပဒေစိုးမိုးရေးလုပ်ငန်းတစ်ရပ်အဖြစ် ရှုမြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထား။

✽ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၁၈) ရပ်ကွက် ရေပြာလမ်းသွယ်၊ အမှတ် ၂၈၉ (က) နေအိမ်၏မျက်နှာစာတွင် မြေညှိသဲခင်းရန်မြေကြီးတူးဆွစဉ် မြေအနက် ၁၀ လက်မခန့်အရောက်တွင် ပလပ်စတစ်ဘူးဖြင့်ထည့်ထားသည့် ဖောက်ခွဲရေးသုံးဆက်စပ်ပစ္စည်း ဒီတိုနေတာ ၆၅ ခု၊ ပုလင်းဘူးခွံဖြင့်ထည့်ထားသည့် အလေးချိန် ၂ ကျပ်သားခန့်ရှိ ကန့်အခဲများကို တွေ့ရှိရကြောင်း မေလ ၂၇ ရက် နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✽ မွန်ပြည်နယ်မော်လမြိုင်မြို့တွင် မေလ ၂၇ ရက် နံနက် ၉ နာရီခွဲအချိန်ခန့်က ရွှေတောင်ရပ် ကမ်းနားလမ်း စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်ရှေ့ကမ်းနားဘက်ခြမ်းရှိ လူသွားလမ်းဘေး (၁× ၁) ပေအကျယ် ရေမြောင်းအတွင်းတွင်လည်းကောင်း၊ နံနက် ၉ နာရီ ၅၅ မိနစ်အချိန်ခန့်က စစ်ကဲကုန်းရပ် ဗဟိုလမ်း စိုက်ပျိုးရေးရုံးရှေ့လမ်းလယ်ကျွန်းပန်းစိုက်ခုံအတွင်းတွင်လည်းကောင်း၊ ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် မရမ်းကုန်းရပ် မိန်းကလေးကျောင်းလမ်းတွင်ဖွင့်လှစ်ထားသော ပြောင်းရွှေ့သွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းရုံး (IOM- International Organization for Migration) အနီး ခြံစည်းရိုးနံဘေးတွင်လည်းကောင်း ပေါက်ကွဲမှုသုံးခုဖြစ်ပွား။

✽ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ နှင့် Mr. John William Yattaw တို့အားစစ်ဆေးမေးမြန်းချက်များကိုယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၂၈-၅-၂၀၀၉** ✽ အမေရိကန်နိုင်ငံသား Mr. John William Yattaw အား အင်းလျားကန်တွင်ဖမ်းဆီးရမိသည့် ပုံကြမ်းနှင့်အတူ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရုံးထိုင်တရားသူကြီးများ၊ ခရိုင်ဥပဒေအရာရှိများနှင့် တရားခံရှေ့နေ ဦးခင်မောင်ဦးတို့ Mr. John William Yattaw နှင့် အတူ Mr. John William Yattaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ အင်းလျားကန်အတွင်းမှ ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့နှင့် စပ်လျဉ်း၍ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုကြကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဓာတ်ပုံများနှင့်တကွ ဖော်ပြပါရှိ။

**၂၉-၅-၂၀၀၉**✽ စင်ကာပူသမ္မတနိုင်ငံအခြေစိုက် နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာနကကြီးမှူး၍ မေလ ၂၉ ရက်မှ ၃၁ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ၈ ကြိမ်မြောက် The Shangri-La Dialogue အစည်းအဝေးကို နိုင်ငံတကာမှကာကွယ်ရေးနှင့် ပတ်သက်သည့် တာဝန်ရှိသူများတက်ရောက်ခဲ့ရာ မြန်မာနိုင်ငံမှလည်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

✽ ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ် ရန်ကုန်-တောင်ငူ-မန္တလေး ပြည်ထောင်စုလမ်း မိုင်တိုင်အမှတ် (၁၉၈/၂) တွင်တည်ဆောက်ထားသော စုစုပေါင်းအရှည် ပေ ၂၇၀ ရှိ ဆွာချောင်းတံတား ဖွင့်လှစ်။

**၃၀-၅-၂၀၀၉**✽ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် မေလ ၂၇ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ-အီးယူ ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

✽ ပြန်လည်မွမ်းမံပြင်ဆင်မှုများဆောင်ရွက်လျက်ရှိသော ရန်ကုန်

www.foreverspace.com.mm

တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ရှေးဟောင်း သမိုင်းဝင်ဆံတော်ရှင်ခနုတ်စေတီတော်ပြိုကျပျက်စီးမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ဇွန်လ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။ အဆိုပါစေတီမှာ ဉာဏ်တော် ၁၈၉ ပေ ၉ လက်မ၊ ထီးတော် ၃၂ ပေနှင့် လုံးပတ်၂၄၄ ပေရှိကြောင်း၊ ညနေ ၃ နာရီ ၄ မိနစ်ခန့်တွင် မြောက်ဘက်အာရုံခံတန်ဆောင်းပေါ်သို့ ပြိုကျသွားခဲ့ကြောင်း၊ ထိုသို့ပြိုကျမှုကြောင့် ခေါင်းလောင်းတော်အထက်မှ လုံးလုံးပြိုကျသွားခဲ့ပြီး ခေါင်းလောင်းတော်အပါအဝင် အောက်ပိုင်းမှာလည်း ကွဲအက်မှုဖြစ်ပေါ်လာကာ ခေါင်းလောင်းတော်အထိ ပေ ၅၀ ခန့်သာကျန်ရှိခဲ့ကြောင်း၊ ယင်းသို့ဖြစ်ပွားခဲ့သည့်အတွက် အရပ်သား ၂ ဦးသေဆုံးခဲ့ပြီး တပ်မတော်သား ၂၆ ဦး၊ အရပ်သားရှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း ယင်းသတင်းတွင် ဖော်ပြပါရှိ။

**၅-၅-၂၀၀၉*** အမေရိကန်နိုင်ငံသား Mr. John William Yattaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/ ၂၀၀၉ တွင် တရားခံများဘက်မှတင်ပြသော သက်သေသုံးဦးကို ပယ်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ အမိန့်အပေါ်ပြင်ဆင်ပေးရန် တရားခံ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က ၎င်းတို့၏ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့မှတစ်ဆင့် ဇွန်လ ၂ ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံးတွင်ပြင်ဆင်လျှောက်ထားခဲ့ကြောင်း၊ အဆိုပါ ပြင်ဆင်မှုအတွက် ဇွန်လ ၅ ရက်နေ့တွင် နှစ်ဖက်အပြီးသတ်လျှောက်လဲကြားနာရန် ချိန်းဆိုခဲ့ပြီး ယနေ့တွင် လျှောက်ထားသူများအတွက် တရားခံများ၏ရှေ့နေ ဦးဉာဏ်ဝင်း၏လျှောက်လဲချက်များကို ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထား။

* အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းများဖော်ဆောင်ရေးအဖွဲ့က ၂-၆-၂၀၀၉ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၀၁/၁၆/၀၉ ကိုထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်နှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်သူ NLD ပါတီဝင်လူငယ်တာဝန်ခံများကို သက်ဆိုင်ရာ ဇွန်လ ၄ ရက်နေ့တွင် ခေါ်ယူသတိပေးခဲ့ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၆-၆-၂၀၀၉*** နံနက် ၇ နာရီ ၁၀ မိနစ် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာသော မြန်မာ့လေကြောင်းမှ ခရီးသည်တင်လေယာဉ် အမှတ် XY-ADW F-28 ဂျက်လေယာဉ်သည် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် စစ်တွေလေဆိပ်သို့ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းချော်ပြီး ပြေးလမ်း၏ ညာဘက်သို့ထိုးကျကာ လေယာဉ်ပြေးလမ်း ပေ ၂၀၀၀ ခန့်အရောက်တွင် လေယာဉ်သည် ညာဘက်သို့ ကွေ့သွားပြီးလေယာဉ်ကွင်း ခြံစည်းရိုးနှင့်တိုက်၍ ရပ်တန့်သွားခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၉-၆-၂၀၀၉*** ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ဒေသတွင်ရှာဖွေတွေ့ရှိထားပြီး ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မည်ဖြစ်သည့် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှာ အာရှတိုက်တွင်အကြီးဆုံးစီမံကိန်းဖြစ်ပြီး အမေရိကန်ဒေါ်လာတစ်ဘီလီယံကုန်ကျမည်ဟုခန့်မှန်းထားကြောင်း ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ အကြီးတန်းဘူမိဗေဒပညာရှင် David Kim က ဇွန်လ ၂၉ ရက်နေ့တွင်ပြောကြား။ (ဇူလိုင် လ ၆ ရက်နေ့ထုတ် The Voice Weekly )

**၁-၇-၂၀၀၉*** နဝမအကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမတွင်ကျင်းပ။

**၄-၇-၂၀၀၉*** ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖားကန့်မြို့ မော်ဝန်းရပ်ကွက် ဖားကန့်-လုံးခင်းကားလမ်း၏ ယာဘက်ရှိ ကမ်းပါးယံမြေပြိုကျမှုတစ်ရပ် ဇူလိုင်လ ၄ ရက်နေ့ ည ၁၀ နာရီခွဲအချိန်ခန့်မှ ဇူလိုင်လ ၅ ရက် နံနက် ၂ နာရီခန့်အချိန်အထိ ဖြစ်ပွားခဲ့ရာ ကမ်းပါးယံပေါ်တွင်ဆောက်လုပ်ထားသော တဲအိမ်ငယ်များ ပြိုကျပျက်စီးခဲ့ပြီး အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၄ ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင်လ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၅-၇-၂၀၀၉*** အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ၂ရက်နေ့အထိကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆင့်မြင့်ဆွေးနွေးပွဲနှင့် ဒုတိယအကြိမ်စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ကြီးကြပ်ရေးနှင့် မူဝါဒရေးရာဆပ်ကော်မတီအစည်းအဝေးသို့တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်းနိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* မြန်မာ့ဘောလုံးသမိုင်း၏ အလှည့်အပြောင်းတစ်ခုဖြစ်သော ပရိုစနစ်သို့ကူးပြောင်းပြီးသည့်နောက် Myanmar National League ၏ ပထမဆုံးဆုဖလားအတွက် ရန်ကုန်ယူနိုက်တက် အက်ဖ်စီ နှင့် ရတနာပုံယူနိုက်တက်အက်ဖ်စီတို့ ဗိုလ်လုပွဲအဖြစ်ယှဉ် ပြိုင်ကစားကြရာ ရတနာပုံအသင်းက ပင်နယ်တီအဆုံးအဖြတ် (၄-၁) ဖြင့် အနိုင်ရရှိသွားကာ ပထမဆုံး ချန်ပီယံဆုရရှိသည့်အသင်းအဖြစ် မှတ်တမ်းဝင်။

**၆-၇-၂၀၀၉*** ကလေးများခွဲစိတ်မွေးဖွားချိန်ကောင်းများပါဝင်သည့် Born Child Myanmar အမည်ရှိ ပထမဦးဆုံး ဆော့ဖ်ဝဲလ်ကို

www.foreverspace.com.mm

စတင်လွှင့်တင်။

**၇-၇-၂၀၀၉**✲ ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်မျိုးစုံ၊ စိမ်းစားငါးပိနှင့် ငါးပိထောင်းများကို ဓာတ်ခွဲစစ်ဆေးရာ အစားအသောက်တွင်သုံးစွဲရန်ခွင့်မပြုသော အနီရောင်ဆိုးဆေး (Rodamine B) ပါဝင်သည်ကို တွေ့ရှိရသည့်အတွက် ဆိုးဆေးစစ်ဆေးတွေ့ရှိရသော လုပ်ငန်းများနှင့် အမှတ်တံဆိပ်များကို ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာ။

**၈-၇-၂၀၀၉**✲ ဆူဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ali Ahmed Kertil ၏ဖိတ်ကြားချက်အရ ဆူဒန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၈ ရက်နေ့ ညပိုင်းတွင်ပြန်လည်ရောက်ရှိလာကြောင်း ဇူလိုင်လ ၁၁ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။ ခရီးစဉ်အတွင်း နှစ်နိုင်ငံစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေး။

**၁၀-၇-၂၀၀၉**✲ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး Mr. Phaitoon Kaeothong ၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ကော့သောင်းမြို့ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ အသုံးပြုရန်အတွက် ရုံးသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ နိုင်ငံသားစိစစ်ရေးနှင့် အလုပ်သမားသစ်များ ထပ်မံခေါ်ယူရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရန်အတွက် မြန်မာနိုင်ငံ ကော့သောင်းမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းနှင့် ဖူးခက်မြို့များသို့ ဇူလိုင်လ ၁၀ ရက်မှ ၁၂ ရက်အထိသွားရောက်ခဲ့ကြောင်း ဇူလိုင်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ် ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Shengkum ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ချစ်ကြည်ရေး အလည်အပတ်ရောက်ရှိခဲ့ကြောင်း ဇူလိုင်လ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✲ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၆ ရက်နေ့က Thai Air Asia လေယာဉ်ခရီးစဉ်အမှတ် FD 3770ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၂၀ အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထား။

**၁၆-၇-၂၀၀၉**✲ ဇူလိုင်လ ၁၂ ရက်နေ့က ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ Thai Airway လေကြောင်းခရီးစဉ် TG 305 ဖြင့် ပြန်လည်ရောက်ရှိလာသော အသက် ၅၁ နှစ်အရွယ်အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ထပ်မံဖြစ်ပွားမှု တွေ့ရှိရကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၁၇-၇-၂၀၀၉**✲ အဖွဲ့ဝင်နိုင်ငံများရှိ လူ့အခွင့်အရေးအခြေအနေများကို မြှင့်တင်ပေးရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အာဆီယံလူ့အခွင့်အရေးကော်မရှင်တစ်ရပ်ကို လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ဇူလိုင်လ ၁၇ ရက်မှ ၂၃ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် အာဆီယံအဖွဲ့က ထုတ်ပြန်ကြေညာ။

**၂၀-၇-၂၀၀၉**✲ သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှင့် သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းအနီးတို့တွင် မွန်းလွဲပိုင်းက ရန်ကုန်မြစ်အတွင်းမှစတင်တိုက်ခတ်လာသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ ယုဇနဆီအုန်းစက်ရုံ အပါအဝင် လူနေအိမ်အချို့ ထိခိုက်ပျက်စီး။

**၂၂-၇-၂၀၀၉**✲ နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိ နှစ်နာရီကြာ တစ်စိတ်တစ်ပိုင်းနေကြတ်မှုဖြစ်စဉ်ကို မန္တလေး၊ မြစ်ကြီးနားနှင့် နေပြည်တော်မြို့များမှ မြင်တွေ့ခဲ့ကြရ။

✲ KNLA တပ်မဟာ (၆)၊ တပ်ရင်း (၁၈) မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလေးကယ် ဦးစီးတပ်ခွဲ (၃) မှ တပ်ဖွဲ့ဝင် ၂၂ ဦး၊ မိသားစုဝင် ၁၅ ဦး စုစုပေါင်း ၃၇ ဦးတို့သည် လက်နက်ငယ်ရှစ်လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ ကရင်ပြည်နယ် သဃ်န်းညီနောင်ရှိ တပ်စခန်းသို့လာရောက်ကာ လုံးဝလက်နက်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြောင်း ဇူလိုင်လ ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၄-၇-၂၀၀၉**✲ မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး–မတ္တရာ–မိုးကုတ်လမ်း မိုင်တိုင်အမှတ် (၄၉/၉) တွင်တည်ဆောက်ထားပြီး ၂၄၀ပေ အရှည်ရှိသည့် လက်ပန်လှတံတား ဖွင့်လှစ်။

✲ မြန်မာနှင့် ဂျပန်နိုင်ငံတို့ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို နှစ်နိုင်ငံ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

✲ ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၁၆–အိတ်ချ်) မြေကွက်အမှတ် (၄၀–အေ၊ ၄၁၊ ၄၂၊ ၄၂ အေ၊ ၄၄ ဘီ၊ ၄၄ စီ၊ ၆၄ စီ၊ မြေဧရိယာ ၁.၉၂၃ ဧကရှိမြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့် မြေကွက်ကြီး၏ မျက်နှာစာဘက်အခြမ်း (အလျား ပေ ၁၀၀ × အနံ ပေ ၇၀) ကျယ်ဝန်းသောမြေကွက်နှင့် ဆောက်လုပ်ဆဲအဆောက်အအုံဟောင်းအပါအဝင် ၎င်းနှင့်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးခင်မောင်အေးဆိုသူက ပိုင်ဆိုင်

www.foreverspace.com.mm

ကြောင်းဝန်ခံပြီး ရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာကို ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၅-၇-၂၀၀၉**✳ ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် စားသုံးဆီများ အနက်မှ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံလုပ် စားအုန်းဆီအမျိုးအစား ၄ မျိုးကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

**၂၆-၇-၂၀၀၉**✳ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင်တည်ဆောက်ထားပြီး အမြင့် ၄၀ ပေ၊ အလျား ၉၈၀၀ ပေ၊ အကျိုးပြုဧက ၂၀၀၀ ဖြစ်သည်ဟုဆိုသည့် လင်ပန်းရေလှောင်တမံ ဖွင့်လှစ်။

**၂၇-၇-၂၀၀၉**✳ ရန်ကုန်တိုင်း ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှ ဧရာဝတီတိုင်း ပုသိမ်မြို့တို့ကို ဆက်သွယ်မည့် ရထားလမ်းဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထား။

**၂၈-၇-၂၀၀၉**✳ ပြည်သူများလက်ဝယ်တွင် လှည့်လည်သုံးစွဲနေသော သတ်မှတ်ချက်များနှင့်ပြည့်စုံသည့်ဟောင်းနွမ်းငွေစက္ကူများကို ရန်ကုန်မြို့ အမှတ် (၁၉၈/၁၉၉) ဗိုလ်ဆွန်ပက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေစက္ကူလဲလှယ်ရေးကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် လက်ခံလဲလှယ်ပေးလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

✳ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၁၆ ရက်နေ့က Thai Airways ခရီးစဉ်အမှတ် TG-305ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၅ နှစ်အရွယ်အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ် ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၉-၇-၂၀၀၉**✳ အိန္ဒိယသမ္မတနိုင်ငံမှမြန်မာနိုင်ငံသို့ ဇူလိုင်လ ၂၀ ရက်နေ့က ခရီးစဉ်အမှတ် TG-303ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၂၃နှစ်အရွယ်အမျိုးသမီးတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေး ရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်းနှင့် ဇူလိုင်လ ၂၇ ရက်နေ့က မလေးရှားနိုင်ငံမှ လေယာဉ် ခရီးစဉ် အမှတ် 8M-502 ဖြင့်ပြန်လာသူ အသက် ၃၃ နှစ်အရွယ်ရှိအမျိုးသားတစ်ဦးတွင်လည်း ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃၀-၇-၂၀၀၉**✳ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၂၀ ရက်နေ့က ခရီးစဉ်အမှတ် MI-512ဖြင့်ပြန်လည်ရောက်ရှိခဲ့သူ အသက် ၅၇ နှစ်အရွယ် အမျိုးသား ၁ ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃၁-၇-၂၀၀၉**✳ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် ရုံးထိုင်စစ်ဆေးခဲ့သောဒေါ်အောင်ဆန်းစုကြည်၊ အမေရိကန်နိုင်ငံသား Mr. John William Yattaw၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုနှင့်ပတ်သက်၍ ပေါ်ပေါက်သည့်သက်သေထွက်ဆိုချက်များ၊ သက်သေခံချက်များနှင့် နှစ်ဖက်တင်ပြလျှောက်လဲချက်များအရ ဥပဒေဆိုင်ရာအချက်အလက်များအပေါ် စိစစ်ဆုံးဖြတ်ရန် အကြောင်းများရှိနေသောကြောင့် အပြီးသတ်စီရင်ချက်များချမှတ်ရန် ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၁၀ နာရီသို့ ပြောင်းလဲချိန်းဆိုလိုက်ကြောင်း ဩဂုတ်လ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိ။

✳ မွေးမြူရေးကြက်ဥများနှင့်ပုံစံတူပြီး အပေါ်ယံကြည့်ရုံဖြင့် ခွဲခြား၍ မရနိုင်သည့် ဓာတုဗေဒနည်းဖြင့်ပြုလုပ်ထားသော ကြက်ဥအတုများ မြန်မာနိုင်ငံနယ်စပ်ရှိ အချို့သောဒေသများနှင့် ပြည်တွင်းရှိ အချို့သောဒေသများသို့ နယ်စပ်ဒေသများမှတစ်ဆင့် ဝင်ရောက်လာလျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃-၈-၂၀၀၉**✳ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့က ပြန်လည်ရောက်ရှိခဲ့သူ အမျိုးသား ၃ ဦးတွင် ကမ္ဘာ့လူတုပ်ကွေး ရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်းနိုင်ငံပိုင် မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၄-၈-၂၀၀၉**✳ ရခိုင်ပြည်နယ်အတွင်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် ဂွမြို့နယ် ပလ္လင်မော်ကျေးရွာမှ ကျွန်းနံ့သာ ကျေးရွာသို့သွားရောက်သည့် ငါးဖမ်းစက်လှေတစ်စီးနှင့် လူငါးဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် အမ်းမြို့နယ် တောင်သာစီကျေးရွာ ဆိပ်ကမ်းအနီး၌ တပ်တောင်ကျေးရွာမှ တောင်သာစီကျေးရွာသို့မောင်းနှင်လာသည့် စက်လှေတစ်စီးနစ်မြုပ်ပြီး စက်လှေမောင်းနှင်သည့် ဦးစိုးရွှေသိန်း ပျောက်ဆုံးလျက်ရှိကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၄-၈-၂၀၀၉**✳ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့က လေယာဉ်ခရီးစဉ်အမှတ် MI-518 ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၁၇ အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေး ရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၅-၈-၂၀၀၉**✳မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး ၁၄ ယောက်မြောက် တွေ့ရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူ အိမ်သား ၁၈ ဦးအနက် အတူနေညီဝမ်းကွဲဖြစ်သူ အသက် ၃ နှစ်ခွဲအရွယ် အမျိုးသားတစ်ဦးတွင် New Influenza A (H1N1) ပိုးထပ်မံတွေ့ရှိရကြောင်း နိုင်ငံ ပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၆-၈-၂၀၀၉**✳ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁ ရက်နေ့က လေယာဉ်ခရီးစဉ်အမှတ် MI-518 ဖြင့် ပြန်လည်ရောက်ရှိခဲ့သူ အသက် ၁၇ အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးတွင် ကမ္ဘာ့လူတုပ်ကွေး

www.foreverspace.com.mm

ရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၇-၈-၂၀၀၉*** နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လက်ရှိဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပြတိုက်တွင် ကျင်းပ။

**၈-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၈ ရက်နေ့က ခရီးစဉ်အမှတ် MH-740 ဖြင့်ပြန်လည်ရောက်ရှိခဲ့သူ အသက် ၄၀ နှစ်အရွယ် အမျိုးသား ၁ ဦးတွင် ကမ္ဘာ့လူတုပ်ကွေး ရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၀-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၂၀ ရက်နေ့က ခရီးစဉ်အမှတ် MH-740 ဖြင့်ပြန်လည်ရောက်ရှိခဲ့သူ အသက် ၃၃ နှစ်အရွယ် အမျိုးသား ၁ ဦးတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိရကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၁-၈-၂၀၀၉*** အမေရိကန်နိုင်ငံသား Mr. John William Yattaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုအတွက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အပြီးသတ်စီရင်ချက်များချမှတ်ရာ Mr. Yattaw ကို အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ကို အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ပါက ကျခံရန်ရှိသောပြစ်ဒဏ်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ လျှော့ပေါ့ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ကောင်းမွန်စွာနေထိုင်ပါက လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းဆိုင်ရာ ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားရုံးက ချမှတ်ထားသော ပြစ်ဒဏ်များအနက် ပြစ်ဒဏ်၏ ထက်ဝက်ကိုသာ ကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်ကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ကိုလည်း အလားတူပင် တရားရုံးကချမှတ်ထားသော ပြစ်ဒဏ်များအနက်ပြစ်ဒဏ်၏ ထက်ဝက်ကိုသာကျခံစေရန် လျှော့ပေါ့ပြောင်းလဲလိုက်ပြီး ကျန်ရှိသောပြစ်ဒဏ်ကိုလည်း ဆိုင်းငံ့လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃၀-၇-၂၀၀၉*** ဝမ်းခေါင်းအတွင်းရှိ နှလုံးမှထွက်သော သွေးကြောမကြီးပါး၍ ပေါက်နိုင်သည့်အခြေအနေရှိသော (Abdominal Aortic Aneurysm) အသက် ၆၈ နှစ်အရွယ် ဦးသန်းကျော်အမည်ရှိ လူနာ၏ နှလုံးသွေးကြောမကြီးအား သွေးကြောတုဖြင့် ခွဲစိတ်တပ်ဆင်အစားထိုး ကုသမှုတစ်ရပ်နေပြည်တော် ခုတင် ၁၀၀၀ဆံ့ ဆေးရုံကြီးတွင် ဆောင်ရွက်။

**၁-၈-၂၀၀၉*** မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပုံနှိပ်မီဒီယာအားလုံးကို စိစစ်တည်းဖြတ်ပေးရာ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ဂျာနယ်မူကြမ်းများ တင်ပြရာတွင် ဩဂုတ်လ ၁ ရက်နေ့မှစ၍ စာရွက်ဖြင့် တင်ပြခွင့်မပြုတော့ဘဲ CD (Soft Copy) ဖြင့်သာ နေ့လယ် ၁၂ နာရီ နောက်ဆုံးထားတင်ပြရမည်ဖြစ်ကြောင်း အဆိုပါဌာနက တရားဝင် ထုတ်ပြန်ကြေညာ။

**၃-၈-၂၀၀၉** * ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဓနိတောအနီးရေပြင် ဌ ကြံ့ (၁၄) ရေယာဉ်မှ စိန်ရွှေမိုးကုန်တင်သင်္ဘောသို့ဆီထည့်စဉ် သင်္ဘောစက်ခန်းမှ မီးစတင်လောင်ကျွမ်းမှုတစ်ရပ် နံနက် ၄ နာရီအချိန်ခန့်က ဖြစ်ပွားခဲ့ရာ လူ ၇ ဦးသေဆုံး၊ ၉ ဦးပျောက်ဆုံးကာ ၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၁၃-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၀ ရက်နေ့က ခရီးစဉ်အမှတ် 8M-502 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၃နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၁၉ ဦးမြောက် လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၅-၈-၂၀၀၉*** Mr. Jim Webb နှင့်အဖွဲ့သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများနှင့်လည်းကောင်း နေပြည်တော်တွင် တွေ့ဆုံခဲ့ပြီး ယင်းနေ့တွင်ပင် ညနေ ၃ နာရီ ၅၅ မိနစ်အချိန်က ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော် ဧည့်ရိပ်သာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း ဩဂုတ်လ ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၀ ရက်နေ့က ခရီးစဉ်အမှတ် 8M-502 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၃ နှစ် ၇ လအရွယ်ကလေးငယ်တစ်ဦးတွင် ၂၀ ဦးမြောက် လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) နှင့် ကယားပြည်နယ်ရှိ မြို့ ၃၀ ကို ဦးတည်ထုတ်လွှင့်မည့် ချယ်ရီအက်ဖ်အမ်ရေဒီယိုအစီအစဉ် စမ်းသပ်ထုတ်လွှင့်။

**၁၆-၈-၂၀၀၉***စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၃ရက်နေ့က ခရီးစဉ် အမှတ် MI-518 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၁ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးတွင် ၂၁ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ

* နေပြည်တော်ဟိုတယ်ဇုန်အနီး ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိပြီး စတုရန်းပေ ၆၀၀၀၀ ကျော် အကျယ်အဝန်းရှိသည့်

www.foreverspace.com.mm

Junction Centre - Nay Pyi Taw ဖွင့်လှစ်။

* ရန်ကုန်တိုင်းကိုယ်စားပြု မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရန်ကုန်ယူနိုက်တက်အက်ဖ်စီနှင့် ထိုင်းပရီးမီးယားလိဂ်ကလပ် တယ်ရိုဆက်စနာအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်အတွက် Strategic Alliance Signing Ceremony က ရန်ကုန်မြို့တွင် ပြုလုပ်။

**၁၈-၈-၂၀၀၉*** အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၆ ရက်နေ့က ခရီးစဉ်အမှတ် MI-520 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၃၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၂၂ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၉-၈-၂၀၀၉*** ပြည်ပနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၆ ရက်နေ့က ခရီးစဉ်အမှတ် MI-518 ပြန်လည်ရောက်ရှိလာသူ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးတွင် ၂၃ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၂၀-၈-၂၀၀၉*** ဖာမဏီ (Phoenix) ဂျာနယ် ထုတ်ဝေခွင့်ရပ်ဆိုင်းလိုက်ကြောင်း ပုံနှိပ်သူများ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ထုတ်ပြန်ကြေညာ။ (ဩဂုတ်လ ၂၈ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်)

* မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အလုပ်သမားကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရန်အတွက် မလေးရှားနိုင်ငံသို့ ဩဂုတ်လ ၁၇ ရက်မှ ၂၀ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* Yangon Expo' 2009 ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပ။

**၂၁-၈-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၁၆ ရက်နေ့က ခရီးစဉ်အမှတ် MI-520 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၂၃ နှစ်အရွယ်အမျိုးသားတစ်ဦးတွင် ၂၄ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၂၂-၈-၂၀၀၉*** ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ယင်းတိုက်ပင်ကျေးရွာတွင်တည်ရှိပြီး Grand Royal Whisky ထုတ်လုပ်သည့် IBTC Co., Ltd. ပိုင် မြန်မာဝိုင်နှင့်အရက်ချက်စက်ရုံ(MWDC)မီးလောင်ကျွမ်းမှုတစ်ရပ် ဩဂုတ်လ ၂၂ ရက်နေ့ ည ၇ နာရီမှ ၂၃ ရက်နေ့ နံနက် ၃ နာရီအထိ ဖြစ်ပွားခဲ့ရာ စက်ရုံတန်ဖိုး၏ ၈၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးပျက်စီးခဲ့၍ စက်ရုံဝန်ထမ်းလေးဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိ။

**၂၃-၈-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဩဂုတ်လ ၁၈ ရက်မှ ၂၃ ရက်အထိ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးသွားရောက်ခဲ့သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ။

**၂၄-၈-၂၀၀၉*** မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၂၂ ရက်နေ့က ခရီးစဉ်အမှတ် MH-740 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးတွင် ၂၅ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လိုကျေးရွာရှိ နေအိမ်တစ်အိမ်နှင့် အခြားနေရာများတွင် လက်နက်အချို့နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည့်အတွက် တရားခံပြေးဖြစ်သော ဦးအပြင် ထိုင်းနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးကိုပါ ဆက်စပ်ဖမ်းဆီးရမိခဲ့ကြောင်း ဩဂုတ်လ ၂၇ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၆-၈-၂၀၀၉*** စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၂၆ ရက်နေ့က ခရီးစဉ်အမှတ် MI-520 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၁၆ နှစ်အရွယ်အမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်အရွယ် အမျိုးသားတစ်ဦးတွင်လည်းကောင်း ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၂၇-၈-၂၀၀၉*** မြန်မာနိုင်ငံနှင့် ဗင်ဇွဲလားသမ္မတနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် စတင်ပြုလုပ်။

* စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ရွှေလဝင်းလမ်း တိုက်အမှတ် ၁၅၊အေ၊ ၇ လွှာတွင် ယာယီသန်းခေါင်စာရင်းဖြင့် နေထိုင်သော ဇနီးမောင်နှံနှစ်ဦး ပြုတ်ကျသေဆုံးမှုတစ်ရပ်ဖြစ်ပွား။

**၂၉-၈-၂၀၀၉*** အသက် ၁၆ နှစ်အရွယ် မြန်မာအမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသူ အမျိုးသမီးတစ်ဦးတို့တွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။ အဆိုပါ လူနာနှစ်ဦးမှာ ၂၈ ဦးနှင့် ၂၉ ဦးမြောက် ကမ္ဘာ့လူတုပ်ကွေးရောဂါပိုးတွေ့ရှိရသည့် လူနာများဖြစ်။

* မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအနီးတွင်တည်ဆောက်ထားသော အကျယ် ၁၆၀ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိသည့် မြို့ကြီးရေလွှဲဆည် ဖွင့်လှစ်။

**၃၀-၈-၂၀၀၉*** အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးတွင်လည်း ၃၀ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံ တွေ့ရှိ။

www.foreverspace.com.mm



* ကိုးကန့်ဒေသတွင်ဖြစ်ပွားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးဖုန်ကြားရှင်အပါအဝင် ပုဂ္ဂိုလ် (၄) ဦးနှင့်သာသက်ဆိုင်ကြောင်းနှင့် မသိနားမလည်ဘဲ လိုက်ပါဆောင်ရွက်ခဲ့ကြသူ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ကြေညာချက်အမှတ် ၁/၂၀၀၉ ဖြင့် ထုတ်ပြန်ကြေညာ။

* ဦးဖုန်ကြားရှင်ကို သစ္စာခံသောကိုးကန့်တပ်ဖွဲ့ဝင်များက ဓားစာခံအဖြစ်ဖမ်းဆီးထားခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၉ ဦးကို ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာမှ ဩဂုတ်လ ၂၇ ရက်နေ့တွင် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ဩဂုတ်လ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ပစ်ခတ်မှုများပြီးဆုံးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် တပ်မတော်သားကျဆုံး ၁၁ ဦး၊ ဒဏ်ရာရ ၃၄ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကျဆုံး ၁၅ ဦး၊ ဒဏ်ရာရ ၁၃ ဦး၊ ဦးဖုန်ကြားရှင်သစ္စာခံကိုးကန့်တပ်ဖွဲ့မှ သေဆုံးသူ ၈ ဦး တွေ့ရှိခဲ့ကြောင်းနှင့် ပစ်ခတ်ခံထားရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများကိုလည်း ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထင်ရှားစွာဖော်ပြထားသည်ကို တွေ့ရသည်။

* ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်နယ်မြေတွင် တရားမဝင်လက်နက်/ခဲယမ်း ထုတ်လုပ်ရောင်းချသောစက်ရုံတစ်ရုံကို ၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရွှင်၊ ဦးဖုန်တာလီတို့ကို ဆင့်ခေါ်ခဲ့ရာ အထူးဒေသ (၁) ခေါင်းဆောင်များအတွင်း အမြင်မတူဘဲ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ် ခဲ့ပြီး ဦးဖုန်ကြားရှင်အပါအဝင် အထက်ပါပုဂ္ဂိုလ်လေးဦးမှာ ကိုးကန့်ဒေသမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီက ယနေ့ရက်စွဲဖြင့် ဩဂုတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ကြေညာချက်ထုတ်ပြန်။

**၃၁-၈-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရထားစက်ခေါင်းများ၊ လူစီးတွဲနှင့် ကုန်တွဲများကို ရန်ကုန်မြို့ရှိ ရန်ကုန်ဘူတာကြီးတွင် လွှဲပြောင်းပေးအပ်။

**၂-၉-၂၀၀၉*** စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အသက် ၃၃ နှစ် အရွယ်အမျိုးသမီးတစ်ဦးတွင် ၃၁ ဦးမြောက်အဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ

**၃-၉-၂၀၀၉*** အသက် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး တုပ်ကွေးလက္ခဏာဖြင့် ဖျားနာလာသဖြင့် စက်တင်ဘာလ ၁ ရက်နေ့တွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်ကလေးဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ပြီး ဓာတ်ခွဲနမူနာကို စမ်းသပ်စစ်ဆေးခဲ့ရာ ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားသူ ၃၂ ဦးမြောက်အဖြစ် ထပ်မံတွေ့ရှိ။

* ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့တို့၌ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အရှေ့အာရှဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၄-၉-၂၀၀၉*** အသက် ၁၅ နှစ်အရွယ် ပြင်သစ်နိုင်ငံသား အမျိုးသားတစ်ဦးတုပ်ကွေးလက္ခဏာဖြင့် ဖျားနာလာသောကြောင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့ဆောင်ပြီး ဓာတ်ခွဲနမူနာကို စမ်းသပ်စစ်ဆေးခဲ့ရာ ၃၃ ဦးမြောက်အဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားသူဟု ထပ်မံအတည်ပြု။

* မလေးရှားနိုင်ငံ၌ရောက်ရှိနေသော အခက်အခဲများရင်ဆိုင်နေရသည့် မြန်မာအလုပ်သမားများအနက် ပထမအသုတ် ၄၉ ဦးသည် မြန်မာ့လေကြောင်းခရီးစဉ်အမှတ် (8M-502) ဖြင့် ပြန်လည်ရောက်ရှိ။

* မြန်မာစံတော်ချိန် နံနက် ၂ နာရီ၊ ၂၃ မိနစ်၊ ၀၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက် အနောက်မြောက်ဘက် မိုင် ၅၅၀ ခန့် ကွာဝေးသော မြန်မာ–အိန္ဒိယနယ်စပ်အနီးတစ်နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၉ ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

* ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) လောက်ကိုင်ဒေသ တရုတ်–မြန်မာနယ်စပ် ကျောက်တိုင်အမှတ် ၁၂၇ အနီးတွင် မူကွာကျိုင်းကျေးရွာနှင့် တာစင်ကျိုင်းကျေးရွာအကြား၌ အဆောက်အအုံ ၇ လုံးပါဝင်သော ဖောက်ခွဲဖျက်ဆီးရေးယမ်းထုတ်လုပ်သည့် စက်ရုံတစ်ရုံ သိမ်းဆည်းရမိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၆-၉-၂၀၀၉*** တစ်ဖက်နိုင်ငံသို့ထွက်ခွာသွားသူများထဲမှ ရန်လုံကျိုင်းနှင့် ချင်းရွှေဟော်နယ်စပ်ဂိတ်များမှတစ်ဆင့် လောက်ကိုင်မြို့သို့ ဒေသခံပြည်သူ ၁၃၂၅၅ ဦးပြန်လည်ဝင်ရောက်။ (စက်တင်ဘာလ ၆ ရက် ညနေ ၆ နာရီအထိ)

**၂၄-၈-၂၀၀၉*** ပုဂ္ဂလိကပိုင် ယန်းဘရားသား–၀၂ အမည်ရှိ ငါးဖမ်းသင်္ဘောတစ်စင်း ရန်ကုန်မြစ်ဝတွင် နစ်မြုပ်သွားခဲ့ရာ သင်္ဘောပေါ်တွင်လိုက်ပါသွားသူ တရုတ်လူမျိုး ၃ ဦးနှင့် မြန်မာလူမျိုး ၁၄ ဦး စုစုပေါင်း ၁၇ ဦးစလုံး သေဆုံး။

**၂-၉-၂၀၀၉***မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဧရာဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာယူနိုက်တက်အက်ဖ်စီကို Max Cement ပိုင်အဖြစ်မှ Premier Coffee ကုမ္ပဏီက လက်ပြောင်းဝယ်ယူလိုက်ပြီး ယင်းအတွက်သဘောတူစာချုပ်ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ချုပ်ဆို။

www.foreverspace.com.mm

**၄-၉-၂၀၀၉**✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) လောက်ကိုင်ဒေသ မူကွာကျိုင်းကျေးရွာနှင့် ဘီပီ ၁၂၇ အကြား အဆောက်အအုံတစ်ခုအတွင်း လက်နက်များ၊ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ပစ္စည်းများကို စက်တင်ဘာလ ၂ ရက်နေ့က သိမ်းဆည်းရမိခဲ့ကြောင်းနှင့် စီအောရွာရှိ ဦးဖုန်ကြာဖူး၏နေအိမ်အတွင်းမှ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၅-၉-၂၀၀၉**✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) လောက်ကိုင်ဒေသ တရုတ်–မြန်မာနယ်စပ် ကျောက်တိုင်အမှတ် ၁၂၇ အနီး မူကွာကျိုင်းကျေးရွာနှင့် တာစင်ကျိုင်းကျေးရွာအကြားတွင် အဆောက်အအုံ ၇ လုံးပါဝင်သော ဖောက်ခွဲဖျက်ဆီးရေးယမ်းထုတ်လုပ်သည့်စက်ရုံတစ်ရုံကို နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က စက်တင်ဘာလ ၂ ရက်နေ့တွင် သိမ်းဆည်းရမိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ဒုတိယအကြိမ်အဖြစ်ကျင်းပသော MNL Grand Royal 2009 ဘောလုံးပြိုင်ပွဲများ၏ဖွင့်ပွဲများကို စက်တင်ဘာလ ၅ ရက်နေ့က မန္တလေးမြို့ရှိ ဗထူးကွင်းတွင်လည်းကောင်း၊ စက်တင်ဘာ လ၆ ရက်နေ့က ရန်ကုန်မြို့ရှိ သုဝဏ္ဏလူငယ်ဘောလုံးလေ့ကျင့်ကွင်းတွင်လည်းကောင်း အသီးသီးကျင်းပ။

**၉-၉-၂၀၀၉**✳ စက်တင်ဘာလ ၈ ရက်နေ့ ညနေ ၆ နာရီအထိ ရန်လုံကျိုင်း နှင့် ချင်းရွှေဟော်နယ်စပ်ဂိတ်များမှတစ်ဆင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် ဒေသခံပြည်သူဦးရေမှာ ၁၅၆၀၇ ဦးရှိပြီဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ကိုးကန့်ဒေသယာယီဦးစီးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် စက်တင်ဘာလ ၆ ရက်နေ့က လောက်ကိုင်မြို့တွင် တွေ့ဆုံခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမူးယစ် (အထူး) အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးဖုန်တာရွှင်တို့နှင့်ဆက်စပ်သော နေရာများ၊ နေအိမ်များသို့ ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်သောစက်များ၊ ကျောက်ရိုင်းတုံးများကို ဖမ်းဆီးရမိခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ပြည့်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ အသက် ၃၁ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးတွင် ၃၄ ဦးမြောက်အဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၁-၉-၂၀၀၉**✳ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စက်တင်ဘာလ ၈ ရက်နေ့ကခရီးစဉ်အမှတ် MU-2029 ဖြင့် ပြန်လည်ရောက်ရှိလာသူ အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးတွင် ၃၅ ဦးမြောက်လူနာအဖြစ် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ထပ်မံတွေ့ရှိ။

**၁၄-၉-၂၀၀၉**✳ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားကြောင်း အတည်ပြုလူနာ ၃၉ ဦးရှိပြီး သေဆုံးသူမရှိကြောင်း စက်တင်ဘာလ ၁၅ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၆-၉-၂၀၀၉**✳ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားကြောင်း အတည်ပြုလူနာ ၄၁ ဦးရှိပြီး သေဆုံးသူမရှိကြောင်း စက်တင်ဘာလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၁၇-၉-၂၀၀၉**✳ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်အသီးသီးဖြင့်ကျခံနေရသော အကျဉ်းသားများအနက် အကျဉ်းသားစုစုပေါင်း ၇၁၁၄ ဦးကို စက်တင်ဘာ ၁၈ ရက် နေ့စွဲဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်လျှော့ချကာ လွတ်ငြိမ်းသက်သာခွင့်ပေး။

**၁၉-၉-၂၀၀၉**✳ နေအိမ်ခြံဝင်းအတွင်းသို့ နိုင်ငံခြားသားတစ်ဦးကျူးကျော်ဝင်ရောက်သည့်အတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က ယင်းအမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သည့်အတွက်စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံတင်သွင်းခဲ့ရာ စက်တင်ဘာလ ၄ ရက်နေ့တွင် အဆိုပါတရားရုံးက အယူခံမှုများကို လက်ခံကြောင်း အမိန့်ချမှတ်ခဲ့ပြီး နှစ်ဖက် အပြီးသတ်လျှောက်လဲချက်များကိုကြားနာရန်စက်တင်ဘာလ ၁၈ ရက်နေ့သို့ ချိန်းဆိုခဲ့ရာယင်းနေ့ နံနက် ၁၀ နာရီတွင် ရုံးထိုင်ကြားနာခဲ့ကြောင်းနှင့် အယူခံမှုများကို အပြီးသတ်အမိန့်ချမှတ်ရန် အောက်တိုဘာလ ၂ ရက် နံနက် ၁၀ နာရီသို့ ချိန်းဆိုလိုက်ကြောင်းယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၁၉-၉-၂၀၀၉**✳ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားကြောင်းအတည်ပြုလူနာ ၄၅ ဦးရှိပြီး သေဆုံးသူမရှိကြောင်း စက်တင်ဘာလ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၄-၉-၂၀၀၉**✳ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Shweli(1) Hydropower Co., Ltd. တို့အကြား လျှပ်စစ်စွမ်းအားဝယ်ယူမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို နေပြည်တော်ရှိ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်တွင် ရေးထိုး။

✳ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

www.foreverspace.com.mm



နှင့် စင်ကာပူသမ္မတနိုင်ငံ Foundation Associates Engineering Pte. Ltd. တို့အကြား Casagrande C 600 NG Bentonite Bored Pile Equipment တစ်စုံ ဝယ်ယူမှုဆိုင်ရာစာချုပ်ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်တွင် လက်မှတ်ရေးထိုး။

**၂၅-၉-၂၀၀၉**✳ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငါးထောင်ကျပ်တန်ငွေစက္ကူ အမျိုးအစားသစ်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်းနှင့် လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသောငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၆-၉-၂၀၀၉**✳ မကွေးတိုင်း ကံမမြို့နယ် ပုသိမ်–မုံရွာလမ်း (မြောက်ပိုင်း) သရက်–နတ်မီးတောက်–ကံမလမ်းအပိုင်း မိုင်တိုင်အမှတ် (၂၀/၀) တွင်တည်ဆောက်ထားပြီး စုစုပေါင်းတံတား အရှည်ပေ ၇၀၀ ရှိသည့် မင်းတုန်းချောင်းတံတား (ရေနံ့သာ) ဖွင့်လှစ်။

**၂၈-၉-၂၀၀၉**✳ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပ။

**၂၉-၉-၂၀၀၉**✳ မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာအနီး မကွေးတိုင်းဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) က တာဝန်ယူတည်ဆောက်ထားသည့်အမြင့် ပေ ၅၀၊ အလျား ပေ ၅၀၀ ရှိသည့် ရင်းရှည်ရေလှောင်တမံ ဖွင့်လှစ်။

**၃၀-၉-၂၀၀၉**✳ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် နဝင်းချောင်းရေမြင့်တက်မှုကြောင့် စက်တင်ဘာလ ၂၆ရက်နေ့နှင့် ၂၇ ရက်နေ့များတွင် ပြည်မြို့နယ်အတွင်းရှိ နတ်တလင်းကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စုတို့တွင် ရေအမြင့်သုံးပေခန့်မြင့်တက်ခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

✳ နေပြည်တော် ဥတ္တရသီရိမြို့ရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်) ဖွင့်လှစ်။

**၁-၁၀-၂၀၀၉**✳ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးကကြီးမှူး၍ စက်တင်ဘာလ ၂၈ ရက်နေ့တွင်စင်ကာပူမြို့၌ကျင်းပခဲ့သည့် ပြည်သူ့ဝန်ထမ်းများရွေးချယ်ခန့်ထားခြင်းဆိုင်ရာညီလာခံ၊ ယင်းနှင့်ဆက်စပ်၍ စက်တင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သည့် စင်ကာပူ လူ့စွမ်းအားအရင်းအနှီးထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ခဲ့သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ပြန်လည်ရောက်ရှိ။

**၂-၁၀-၂၀၀၉**✳ မလေးရှားနိုင်ငံမှ (၁၁) ကြိမ်မြောက်အသုတ်အဖြစ် ၅၀ ဦး ပြန်လည်ရောက်ရှိလာပြီး အောက်တိုဘာလ ၅ ရက်အထိ ပြန်လည်ရောက်ရှိလာသူ စုစုပေါင်းမှာ ၄၄၇ ဦးရှိပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃-၁၀-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၄၀ အထိ တွေ့ဆုံ။

**၅-၁၀-၂၀၀၉**✳ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၂ ရက်အထိကျင်းပခဲ့သည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး၏ အကြိမ် (၆၀) မြောက် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့တက်ရောက်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၇-၁၀-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၂၆ မိနစ်အထိ တွေ့ဆုံ။

✳ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ရုံး နိုင်ငံခြားရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် Vietman-ASEAN congressperson group ၏ ဥက္ကဋ္ဌ Mr. Ngo Duc Manh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

**၈-၁၀-၂၀၀၉**✳ ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအလီကာမက်ကာတီခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖြစ် ချစ်ကြည်ရေးခရီးလည်ပတ်ရန်မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

✳ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1)ဖြစ်ပွားကြောင်းအတည်ပြုလူနာ ၅၆ ဦးရှိပြီး သေဆုံးသူမရှိကြောင်း အောက်တိုဘာလ ၉ ရက်နေ့ထုတ် နိုင်ငံပိုင် မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၉-၁၀-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ရှိ အမေရိကန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Thomas L. Vajdai၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn နှင့် ဩစတြေးလျနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Simon Christopher Starr တို့ ၃ ဦးအား နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင်တွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၁၀-၁၀-၂၀၀၉**✳ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် အောက်တိုဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်အဖွဲ့ ပြန်

www.foreverspace.com.mm

လည်ရောက်ရှိ။

* မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် ရင်ခြင်းဆက်အမြွှာ ခွဲစိတ်ကုသခြင်းအဖြစ် စိုပြေလင်းနှင့် စိုပြေဝင်း အမည်ရှိ ကလေးငယ်နှစ်ဦးကို ရန်ကုန်မြို့ရှိ ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမတွင် ခွဲစိတ်။

**၁၅-၁၀-၂၀၀၉*** ပို့ကုန်ရငွေ (Export Earning) ရှိသူ မည်သူမဆို ဒီဇယ်ဆီ လွတ်လပ်စွာတင်သွင်းခွင့်ပြုမည့် မူဝါဒတစ်ရပ်ကို အောက်တိုဘာလ ၁၅ ရက်နေ့က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်သည့် ဒီဇယ်လုပ်ငန်းရှင်များ အသင်းညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများက ရှင်းလင်းပြောကြား။

* ၂၀၀၉ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာပြပွဲ ၂၀၀၉ (ICT Exhibition 2009) ကို အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ကျင်းပ။

**၁၇-၁၀-၂၀၀၉*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အလယ်ပိုင်းဒေသရှိပြည်နယ်များတွင် ၂၀၀၉ ခုနှစ် စက်တင်ဘာလကုန်ပိုင်းအတွင်းက အပူပိုင်းမုန်တိုင်း Ketsana တိုက်ခိုက်ခဲ့ရသည့်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာငါးသောင်းကို အောက်တိုဘာလ ၁၇ ရက်နေ့က ပေးအပ်လှူဒါန်း။

* ဘူတန်ဘုရင့်နိုင်ငံအစိုးရကကြီးမှူး၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ပံ့ပိုးမှုဖြင့် ဘူတန်နိုင်ငံ ပါရိုမြို့တွင် အောက်တိုဘာလ ၁၁ ရက်မှ ၁၄ ရက်အထိကျင်းပသည့် အာရှဒေသ၌ ဒီမိုကရေစီကျယ်ပြန့်ရှင်သန်တိုးတက်ရေးနိုင်ငံတကာညီလာခံသို့တက်ရောက်ခဲ့သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိခဲ့။

**၁၈-၁၀-၂၀၀၉*** မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောက်တိုဘာလ ၉ ရက်မှ ၁၈ ရက်အထိ လက်ခံကျင်းပခဲ့သော အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၆ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် သြစတြေးလျအသင်းက ထိုင်းအသင်းကိုရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲ။

**၂၁-၁၀-၂၀၀၉*** ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားကုန်းကျေးရွာအနီးတွင်တည်ဆောက်ထားသော အမြင့် ၄၂ ပေ၊ အလျား ပေ ၉၀၀ ရှိသည့် ဘုရားကုန်းရေလှောင်တမံ ဖွင့်လှစ်။

**၂၂-၁၀-၂၀၀၉*** ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား စတုတ္ထအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂၅-၁၀-၂၀၀၉*** ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဝါးခယ်မ-ကံကြီး-မြောင်းမြလမ်းပိုင်း မိုင်တိုင်အမှတ် (၂၀/၀) မိုင်ရှိ ကျွန်းကုန်းတံတား ဖွင့်လှစ်။

**၂၆-၁၀-၂၀၀၉*** အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာ မြန်မာကျောင်း၌ကျင်းပသည့် ဗုဒ္ဓဂယာ မဇ္ဈိမဒေသ ဒုတိယအကြိမ်မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားသို့တက်ရောက်ရန် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ။

**၂၇-၁၀-၂၀၀၉*** တရားဝင်တည်ထောင်ခွင့်ရရှိခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတွင် တာဝန်ယူဆောင်ရွက်ကြမည့် အလုပ်အမှုဆောင်အဖွဲ့၏စာရင်းကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ပြုလုပ်သည့် ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ထုတ်ပြန်ကြေညာ။

**၂၈-၁၀-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တွင် အောက်တိုဘာလ ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပသော တရုတ်-အာဆီယံ ရိုးရာဆေးပညာ ထိပ်သီးဖိုရမ်အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့်အဖွဲ့ တက်ရောက်။

* မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယို ဂိုယားမိုးဗီလေဂါ့စ် ဗီလာလိုဘော့စ်အား ခန့်အပ်ရန်နှင့် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စ ဆာပါမီအန်းပါးအားခန့်အပ်ရန် မြန်မာနိုင်ငံအစိုးရက သဘောတူညီပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

* ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့တွင်ကျင်းပခဲ့သည့် အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ၏ ပုံမှန်အစည်းအဝေးနှင့် အလွတ်သဘောအစည်းအဝေးများသို့တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၃၁-၁၀-၂၀၀၉*** ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ စုစုပေါင်းတန်ဖိုး မြန်မာကျပ်ငွေ ၂၀ ဘီလီယံကျော် (ဒေါ်လာသန်း ၂၀ ကျော်) မီးရှို့ဖျက်ဆီး။

* မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မော်တော်ကားအလှပြပြိုင်ပွဲကို မွန်းလွဲ ၃ နာရီမှ ည ၈ နာရီအချိန်အထိ ရန်ကုန်မြို့ရှိ Dusit Inya Lake Hotel တွင် ကျင်းပ။

www.foreverspace.com.mm



**၂-၁၁-၂၀၀၉**✳ မြန်မာနိုင်ငံနှင့်အီဂျစ်အာရပ်သမ္မတနိုင်ငံအစိုးရတို့အကြား ယဉ်ကျေးမှု၊ ပညာရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးတွင် လက်မှတ်ရေးထိုး။

**၃-၁၁-၂၀၀၉**✳ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ခေါင်းဆောင်သောအဖွဲ့ နေပြည်တော်သို့ရောက်ရှိ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသည့် ကချင်အထူးဒေသ (၁) NDAK အဖွဲ့၊ ရှမ်း/မြောက် အထူးဒေသ (၅) KDA အဖွဲ့၊ ရှမ်း/ တောင် အထူးဒေသ (၆) PNO အဖွဲ့၊ ကယားအထူးဒေသ (၂) ကလလတအဖွဲ့၊ ဘုရားကုန်းအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ဒီကေဘီအေအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း နိုဝင်ဘာလ ၅ ရက်နေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

✳ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရွေးချယ်သည့် စိမ်းလန်းကမ္ဘာအသိအမှတ်ပြုဂုဏ်ပြုလက်မှတ်ကို ဆီဒိုးနားဟိုတယ် (ရန်ကုန်) နှင့် ဆီဒိုးနားဟိုတယ် (မန္တလေး) တို့ရရှိကြောင်း နိုင်ငံပိုင်မီဒီယာများ တွင်ထုတ်ပြန်ကြေညာ။

**၅-၁၁-၂၀၀၉**✳ ၂၀၀၉ ခုနှစ် စက်တင်ဘာလကုန်ပိုင်းအတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ စူမားတြားကျွန်းအနောက်ပိုင်းရှိ ပါဒန်မြို့၌ အင်အား ၇ ဒသမ ၆ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်ခဲ့ခြင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့တွင် အပူပိုင်းမုန်တိုင်း Ketsana တိုက်ခတ်ခဲ့ခြင်းတို့ကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့မှုများအတွက် မြန်မာနိုင်ငံအစိုးရက အင်ဒိုနီးရှားအစိုးရသို့ ကန်ဒေါ်လာ ၅၀၀၀၀၊ ဖိလစ်ပိုင်အစိုးရသို့ ကန်ဒေါ်လာ ၅၀၀၀၀ နှင့် လာအိုနိုင်ငံအစိုးရသို့ ကန်ဒေါ်လာ ၃၀၀၀၀ ပေးအပ်လှူဒါန်း။

✳ ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် ပထမအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှထွက်ခွာ။

✳ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနသည် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်နှင့်လည်းကောင်း၊ အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို မင်းအနော်ရထာအုပ်စု ကုမ္ပဏီလီမိတက်နှင့်လည်းကောင်း BOT (တည်ဆောက်၊ မောင်းနှင်၊ လွှဲပြောင်း) ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရပိုင် CNOOC ကုမ္ပဏီနှင့် နှစ်နိုင်ငံအကျိုးတူဆောင်ရွက်လျက်ရှိသော မုတ္တမကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက်အမှတ် M 10 ရှိ ရှာဖွေရေးတွင်းအမှတ် ရွှေပြည်သစ် (၆) ကို စတင်တူးဖော်။

**၇-၁၁-၂၀၀၉**✳ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အကွက်အမှတ် (၁) ရွှေသံလွင်စက်မှုဇုန် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနှင့် လှိုင်သာယာ-တွံတေးတံတားလမ်းထောင့်ရှိ Asia General Electric Co., Ltd. စက်ရုံသစ် ဖွင့်လှစ်။

**၈-၁၁-၂၀၀၉**✳ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများကိုနိုင်ငံ၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းသည့် အစီအစဉ်တစ်ရပ်အနေဖြင့် ကချင်ပြည်နယ်အထူးဒေသ (၁) (NDAK) အဖွဲ့၏ နယ်ခြားစောင့်တပ်များကို ကချင်ပြည်နယ် ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့၌ လည်းကောင်း၊ ကယားပြည်နယ်အထူးဒေသ (၂) (ကလလတ)အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ်ကိုလည်း ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသတို့တွင်လည်းကောင်း တရားဝင်ဖွင့်လှစ်။

**၁၀-၁၁-၂၀၀၉**✳ မြန်မာနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့သည် နှစ်နိုင်ငံအကြား သံအမတ်ကြီး အဆင့်ဖြင့် သံတမန်အဆက်အသွယ် စတင်ပြုလုပ်။

**၁၅-၁၁-၂၀၀၉**✳ ပုသိမ်နှင့်သက္ကယ်သောင်ပြေးဆွဲသည့် နေမျိုးထွန်းကြီးအမည်ရ ပုဂ္ဂလိကခရီးသည်တင်ရေယာဉ်သည် ပုသိမ်မြို့အနီးရေပြင်၌ ဆီတင်တွဲရေယာဉ်တစ်စင်းတို့ တိုက်မိခဲ့ရာ လိုက်ပါသွားသူစုစုပေါင်း ၁၇၆ ဦးအနက် ၃၁ ဦးသေဆုံးပြီး ၁၉ ဦးပျောက်ဆုံးလျက်ရှိကြောင်း ထုတ်ပြန်ကြေညာ။

**၂၆-၁၁-၂၀၀၉**✳ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုကို ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် တူရကီ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် စတင်ခန့်အပ်။

**၂၀-၁၁-၂၀၀၉**✳ မြန်မာနိုင်ငံနှင့် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာနားလည်မှုစာချွန်လွှာ၊ အခွန်နှစ်ထပ်ပေးဆောင်မှု ရှောင်ရှားရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမတွင် လက်မှတ်ရေးထိုး။

■

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၂-၁၁-၂၀၀၉

* Golden Momentun Production Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးပြည်စိုးနှင့် မလေးရှားနိုင်ငံမှ Mr.Tan Pi Sin တို့သည်လည်းကောင်း၊ ဂျပန်နိုင်ငံ Jissen Kankyo Ken Kyujyu Inc. မှ ဥက္ကဋ္ဌ Mr. Mizuno Hisashi နှင့်အဖွဲ့သည်လည်းကောင်းလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၃-၁၁-၂၀၀၉

* အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံ၏ လူမှုရေးအသင်းအဖွဲ့အချို့နှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းအချို့နှင့်လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ စသည့်အဖွဲ့အစည်းအသီးသီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၄-၁၁-၂၀၀၉

* အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာဌာနလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၆-၁၁-၂၀၀၉

* မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zabid bin Hamidi ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၆-၁၁-၂၀၀၉

* နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပထမအကြိမ် မဲခေါင်–ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးချုပ်များသည် ဂျပန်နိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Satsuki Eda နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံအိမ်ရှေ့မင်းသား HIH Narubito နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Takabiro Yokomichi နှင့်လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Yukio Hatoyama နှင့်လည်းကောင်း ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

* ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ်အာဆီယံ +၃ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန်အတွက်လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့၌ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဂျပန်နိုင်ငံ Ministry of Interaffair and Communication ဒုတိယဝန်ကြီး Mr. Akira Terasaki နှင့် ယင်းမြို့တွင်ပင် တွေ့ဆုံဆွေးနွေး။

## ၇-၁၁-၂၀၀၉

* ဂျပန်နိုင်ငံတွင်ရောက်ရှိနေသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E

www.foreverspace.com.mm

Mr. Yukio Hatoyama နှင့်လည်းကောင်း ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E . Mr. Katsuya Okada နှင့် လည်းကောင်း၊ ဂျပန်-မြန်မာချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအသင်းဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံအထက်လွှတ်တော် အမတ် H.E . Mr. Hideo Watanabe နှင့်လည်းကောင်း ဂျပန်နိုင်ငံတိုကျိုမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၂-၁၁-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. မှ Executive Vice - Chairman Mr. Wang Yongxiang နှင့်အဖွဲ့သည် အမှတ် ၁ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေး။
* သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာမဟင်ဒါရာဂျာပက်စ်စာနှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရိုဟီသာ ဆိုဂိုလာဂါမာနှင့်လည်းကောင်း ယင်းနိုင်ငံရှိ ကန္ဒီမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၇-၁၁-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Qazi Mohammad khalilullah သည် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၁၁-၂၀၀၉

* လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ထောင်လွန်းဆီဆုလစ်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။
* ဗီယက်နမ်ဆိုရှယ်သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Thanh Bien ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၁၁-၂၀၀၉

* Managing Director of Programme Delivery at Global Alliance for Vaccine and Immunization (GAVI) Alliance Secretariat Dr. Mercy Ahun နှင့် South East Asia Programme Delivery Team, Senior Programme Manager Dr. Ranjana Kumar တို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံဆရာဝန် Dr. Raijendra Bohara နှင့် Public Health Administrator Ms. Margareta Skold တို့လိုက်ပါလာသောအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၅-၁၁-၂၀၀၉

* မလေးရှားနိုင်ငံ Antony Consulting Pte. Ltd. မှ အုပ်ချုပ်မှု ဒါရိုက်တာ Mr. John Antony ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အနောက်တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Hiroshi INOMATA နှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၁၁-၂၀၀၉

* ဂျာမန်ကုန်သည်များအသင်းမှ အထွေထွေမန်နေဂျာ Mr. Thomas Brandt ခေါင်းဆောင်သည့်အဖွဲ့ဝင် ခြောက်ဦးပါ ဂျာမန်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm

### ၁-၁၂-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ်စတော့ဖ်ဘာဂ်နာသည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီး မစ္စတာရူဒီဗက်စ ထေးတန်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာဂျာ့ကို သီယိုဗန်ဒန်ဟော့တ်သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အသီးသီးတွေ့ဆုံဆွေးနွေး။

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General , Nguyen Chi Vinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်တွေ့ဆုံဆွေးနွေး။

### ၂-၁၂-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာယိုဟန်နက်စ်ပီတာလိစ်သည်လည်းကောင်း၊ ဖင်လန်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စဆာပါမီအန်းပါးသည်လည်းကောင်း၊ ဥရောပကော်မရှင်ကိုယ်စားလှယ်အဖွဲ့သံအမတ်ကြီး မစ္စတာဒေးဗစ်လစ်ပ်ပန်သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အသီးသီး တွေ့ဆုံဆွေးနွေး။

* ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP ) ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli သည်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)

အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၉၄ နာဂစ်အလွန် ၂၀၀၉ နှင့် နိုင်ငံတကာအကူအညီ
၁၀၂ ၂၀၀၉ ခုနှစ် ဒေါ်လာနှင့် ရွှေ
၁၀၆ ခေတ်အဆက်ဆက် ဆန်ဈေးကွက်



# နာဂစ်အလွန် ၂၀၀၉ နှင့် နိုင်ငံတကာအကူအညီ

ချိုမွှေး

မြန်မာနိုင်ငံအရပ်ဘက်လူ့အဖွဲ့အစည်းများမှာ နာဂစ်အလွန်ကာလတွင် အပြုသဘောဆောင်သောခြေလှမ်းများစွာကို လှမ်းနိုင်ခဲ့ကြသည်။ တစ်နှစ်ကျော်ကာလအတွင်း နာဂစ်ဒဏ်ခံဧရိယာများတွင် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း NGO များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် ကုလသမဂ္ဂအစိုးရတို့နှင့်လက်တွဲ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြရာ တင်စား၍ဆိုရလျှင် ယခုအချိန်မှာ မုန်တိုင်းသင့်ဒေသမှဒေသခံများကို နေ့စဉ်အသက်ရှင်နေထိုင်ရေးအတွက် ဝမ်းစာငါးတစ်ကောင်ကျစီဝေပေးသည့်အနေအထားမှသည် ၎င်းတို့ဘာသာငါးဖမ်းနိုင်ရန် ကူညီပေးသောအဆင့်သို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကိုယ်တိုင်ငါးဖမ်းနိုင်ရန်အတွက် လိုအပ်ချက်များမှာလည်း မနည်းလှကြောင်းကို ရိပ်စားမိသည်နှင့်အညီ ဧရာဝတီဒေသနှင့်တကွ အခြားမြန်မာနိုင်ငံအရပ်ရပ်တွင် လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေးအကူအညီများပေးရန်အတွက် တည်ရှိနေကြသော အကူအညီပေးရေးအေဂျင်စီများမှာ နောက်ထပ်လိုအပ်ချက်များဖြည့်ဆည်းရန် နိုင်ငံတကာအကူအညီများကို တောင်းခံကြရပြန်သည်။

www.foreverspace.com.mm






အထက်ပါဥပမာကို ပြန်ကောက်ရလျှင် ယခုနှစ်အတွင်း မြန်မာနိုင်ငံ၏အကျိုးကို ရေရှည်မျှော်ကိုးသူများမှာ မြန်မာနိုင်ငံရှိ လိုအပ်ချက်ရှိသောနေရာများမှ ဒေသခံများကို ကျွမ်းကျင်သော ငါးဖမ်းသမားများ အဖြစ်မွေးထုတ်ရန်အတွက် လည်းကောင်း၊ ငါးဖမ်းပိုက်များနှင့် ငါးဖမ်းလှေများ ဝယ်ယူနိုင်ရေးအတွက်လည်းကောင်း၊ သင့်လျော်သောနည်းပညာများ သုံးစွဲနိုင်ရေးအတွက် လည်းကောင်း ဝိုင်းဝန်းဆော်ဩခဲ့ကြပါသည်။ ထိုသူတို့၏ အားထုတ်မှုများကို ၂၀၀၉ ခုနှစ် တစ်နှစ်တာကာလအတွင်း ထင်ရှားသောမှတ်တိုင်များအဖြစ် မှတ်တမ်းတင်လိုက်ရပါသည်။

## မြန်မာနိုင်ငံသို့ပေးသော အကူအညီများနှင့် ပတ်သက်သော စကားအချေအတင်များ

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်ခြင်းကိုတားမြစ်သော လှုပ်ရှားမှုများ၊ တင်းကျပ်စွာဆက် လက်ပိတ်ဆို့ထားရန်တောင်းဆိုချက်များမှာ ထပ်တလဲလဲကြားဖန်များ၍ ငြီးငွေ့သွားသော ပေ့ါပ်သီချင်းတစ်ပုဒ်လိုပင် ခေတ်မစားတော့ပါ။ စီးပွားရေးပိတ်ဆို့မှုကို အားပေးခြင်း၊ အားမပေးခြင်းများမှာ မြန်မာနိုင်ငံအရေးကို စိတ်ဝင်စားသူများကြားတွင် ရှိမြဲရှိနေသေးသော်လည်း ၂၀၀၉ ၏အစိတ်အပိုင်းအတော်များများကို လွှမ်းမိုးထားသည်မှာ စီးပွားရေးပိတ်ဆို့ခြင်းနှင့်ပတ်သက်သော စကားအချေအတင်များမဟုတ်ဘဲ မြန်မာနိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းထဲပြန်ဆွဲသွင်းရန် သုံးကြရမည့် နည်းလမ်းများအပေါ်တွင် ငြင်းခုံနေကြခြင်းက ပိုများပေသည်။ ထို့ကြောင့် ၂၀၀၉ သည် Engagement နှစ်မင်းကြီးစီးသည့်နှစ်ဟု ဆိုရမည်။ ထိုအထဲမှာပင် မြန်မာနိုင်ငံကိုပေးနေသည့်အကူအညီများနှင့်ပတ်သက်၍ အငြင်းအခုံအကြီးစားနှစ်ခု ပေါ်ပေါက်ခဲ့ပေသည်။ တစ်ခုကမူ အပတ်စဉ်ထုတ်စာစောင်တစ်ခုတွင်တင်ဆက်လိုက်သောစာမူတစ်ခုက အစပျိုးခြင်းဖြစ်ပြီး နောက်တစ်ခုကမူ ဂျွန်ဟော့ကင်းတက္ကသိုလ်ကထုတ်သော သုတေသနစာတမ်းတစ်ခုက အစပျိုးပါသည်။ ပြည်တွင်းထုတ်အပတ်စဉ်စာစောင်တစ်ခုတွင် ပါရှိခဲ့သောဆောင်းပါးမှာ NGO များကို မျှောက်ပြ၍ ဆန်တောင်းသူများဟု စွပ်စွဲခဲ့သည်။ မြန်မာများမှာ ကိုယ့်အားကိုယ်ကိုး၍ ကြီးပွားနိုင်ပြီး သူတစ်ပါးထံတွင် လက်ဖြန့်တောင်းစားမှ ကြီးပွားမည့်သူများမဟုတ်ဟု အဓိပ္ပာယ်ရသော ဤဆောင်းပါးမှာ NGO များတွင် တာဝန်ထမ်းဆောင်နေသော လူငယ်များကိုသာမဟုတ်ဘဲ NGO တွင် အလုပ်လျှောက်ရန် စိတ်ဝင်စားသူလူငယ်များ၊ မိမိဘာသာ စိတ်ထက်သန်ရာနယ်ပယ်များတွင် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် ဦးတည်ချက်ရှိသူ လူငယ်များဆီသို့ပါ ရိုက်ခတ်သွားသည်။ ဤတွင် စကားအချေအတင်မှာ ဆောင်းပါးရှင်နည်းတူ စာမျက်နှာပေါ်တက်၍ ငြင်းခုံဖြစ်ကြခြင်းမဟုတ်ဘဲ နီးစပ်ရာစကားဝိုင်းများ၊ ဘလော့ခ်များ၊ အီးမေးလ်များတွင် ဖြစ်ပါသည်။ လူငယ်အများစုမှာ ဆောင်းပါးရှင်၏ ရှင်းရှင်းကြီးမြင်နေရသော စေတနာကို လက်ခံသော်လည်း နိုင်ငံတကာအကူအညီ စီးဆင်းမှု



www.foreverspace.com.mm

Trend ကြီးတစ်ခုလုံးကို မျက်ကွယ်ပြု၍ ဤစာစုကိုရေးသားခြင်းကိုမူ ဆန့်ကျင်ကြပေသည်။

ငါးဖမ်းသမားနှင့် ငါး ဥပမာကိုသာ ဤနေရာတွင် ထပ်သုံးလိုပါသည်။ နိုင်ငံတကာအကူအညီပေးရေးရေစီးကြောင်းကြီးမှာ လူတကာငါးဖမ်း၍ရသော ပင်လယ်ပြင်ကြီးနှင့်သာ တူပါသည်။ ဆင်းရဲသူကို များများဖမ်းခွင့်ရခြင်းက နိုင်ငံတကာကျင့်ဝတ်ဖြင့် စည်းခတ်ထားခြင်းကြောင့်သာဖြစ်သည်။ ထိုသို့ငါးဖမ်းခွင့်ပေးထားလျက်သားနှင့် မဖမ်းလျှင် ငါးကြော်မကြိုက် ကြောင်မိုက်သာဖြစ်ပေလိမ့်မည်။ မြန်မာတို့ ဤပင်လယ်ပြင်၌ ငါးမဖမ်းလျှင် ဘေးပတ်ဝန်းကျင်မှ အလွန်ငါးဖမ်းတော်သော ဘင်္ဂါလီများ၊ အိန္ဒိယများ၊ လာအိုများ၊ ကမ္ဘောဒီးယားများက မနေ့အမြန် ဖမ်းကြမည်ကို မမေ့အပ်ပေ။

ဆင်းရဲသူကို ငါးများများဖမ်းခွင့်ပေးထားသည်ဆိုရာတွင်လည်း အကြောင်းမဲ့ပေးထားခြင်းမဟုတ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် တစ်နေရာကပြဿနာမီးပွားတစ်ခုမှာ နောက်တစ်နေရာသို့ အလွန်အကူးမြန်သည်ကို လူတိုင်းသိကြသည်။ အထူးသဖြင့် အနောက်ကမ္ဘာကမြင်တတ်သူတို့ ပို၍သိပါသည်။ ဥပမာ–ယီမင်၌ ဆင်းရဲသားအလွန်များခြင်းနှင့် လက်နက်ကိုင်တို့၏ ကြမ်းကြုတ်ခြင်းမှာ ယီမင်တွင်ရပ်နေမည်မဟုတ်ဘဲ အကြမ်းဖက်သမားများအဖြစ် အမေရိကသို့ကူးလာနိုင်သည်ကို အနောက်ကမ္ဘာက ကောင်းကောင်းရိပ်မိပါသည်။ နိုင်ငံတစ်နိုင်ငံကို အကူအညီပေးကြသည်ဆိုရာဝယ် နောက်ကွယ်၌ အကြောင်းအရာပေါင်းများစွာပါနေသည့်အထဲတွင် စိတ်ရင်းစေတနာကောင်းဖြင့် ဤဆင်းရဲသားများချမ်းသာပါစေတော့ဟူသောစိတ်ဖြင့်ပေးခြင်းက နည်းနည်းကလေးသာဖြစ်နိုင်ပါသည်။ မည်သို့သောအကြောင်းကြောင့်ပင်ပေးစေကာမူ အကူအညီတည်းဟူသောပင်လယ်ပြင်ကြီးသို့ ဝင်ရန်လက်မှတ်ရထားပါလျက်နှင့် မဝင်လိုသောငါးဖမ်းလှေကား အိမ်တွင် စားစရာမရှိရုံသာဖြစ်မည်။ စားစရာမရှိသည့်ပြဿနာကား စားစရာမရှိသည့်နေရာတွင်မရပ်၊ ဗိုက်မှောက်အိပ်၍မပြီးပါ။ လူလို သူလိုရပ်တည်နိုင်ရန်အတွက် အခြားလိုအပ်ချက်များဖြည့်ဆည်းရန်ပါ ယုတ်လျော့လာမည် ဖြစ်ပါသည်။ ထိုအနာဂတ်ကိုကြိုမြင်နိုင်သူတို့က 'မျှောက်ပြ၍ ဆန်တောင်း' သောအလုပ်ကို တာဝန်သိသိလုပ်ကြရပါသည်။ ဆင်းရဲလျှင်လည်းဆင်းရဲပါစေတော့ မျက်နှာတော့အငယ်မခံနိုင်ပြီဟူသော အယူအလွဲ၏နောက်ကွယ်တွင် အန္တရာယ်များကပ်ပါလာနိုင်သည်။ ဤနေရာတွင် ခုနကဆိုခဲ့သည့် စားစရာမရှိ၍ဗိုက်မှောက်အိပ်နေရသော ငါးဖမ်းသမားအိမ်ထောင်စုက မည်သို့ကိုင်တွယ်မည်နည်း။ ဗိုက်ဝမှသာ ပညာသင်နိုင်မည်ဖြစ်ပြီး လူတန်းစေ့ပညာသင်နိုင်မှသာ ကျိုးကြောင်းဆင်ခြင်ဉာဏ်ရှိမည်။ ထို့ကြောင့်



www.foreverspace.com.mm



ဤကဲ့သို့သော အိမ်ထောင်စုမျိုးကို ငါးဖမ်းခွင့်ပေးသူ၊ ငါးဖမ်းရန် သင်ပေးသူ၊ ငါးဖမ်းပိုက်ပေးသူတို့ လိုကို လိုအပ်နေပါသည်။

ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံတို့ ဆင်းရဲရခြင်းအကြောင်းရင်းများတွင် ကိုလိုနီတို့ လက်ချက်မကင်းလှသည်ကိုလည်း မမေ့အပ်ပေ။ ထိုကိုလိုနီအဟောင်းများသည် ယခုအခါ ကမ္ဘာပေါ်ရှိဦးဆောင်အလှူရှင်များ အနေဖြင့် တည်ရှိကြပေသည်။ ဖွံ့ဖြိုးဆဲကမ္ဘာကိုမှီ၍ ဖွံ့ဖြိုးပြီးကမ္ဘာအဖြစ်ကိုရောက်သွားသူတို့က ဖွံ့ဖြိုးဆဲတို့ကို ပြန်၍ထောက်ပံ့ခြင်းမှာ တရားနည်းလမ်းကျသောအဖြစ်တစ်ခုသာ မဟုတ်လော။ ဥပမာအဖြစ် အိန္ဒိယကိုပေးပါမည်။ အရှေ့အိန္ဒိယကုမ္ပဏီကို ဖွဲ့စည်းသည်မှအကြောင်းပြု၍ အိန္ဒိယကို ဗြိတိသျှကိုလိုနီလုပ်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်အတွင်း အိန္ဒိယ၏ တစ်နှစ် ပျမ်းမျှလူတစ်ဦးချင်းဝင်ငွေ (Per capita income) သည် တစ်ပြားမှ တက်မလာခဲ့ပါ။ ဤကဲ့သို့သော ကိုလိုနီအပြုခံရသည့်နိုင်ငံတစ်ခုကို ပြန်လည်ထောက်ပံ့ကြခြင်းကို လက်ခံမည်လော၊ ငြင်းပယ်မည်လောဟူသည့်ကိစ္စသည် မေးစရာပင်မလိုအောင် ရှင်းပြီးသားဖြစ်သည်။ မှန်ပေသည်။ အိန္ဒိယက မငြင်းပါ။ အထက်ပါဆောင်းပါးရှင်ပြောခဲ့သည့် မျောက်ပြ၍ဆန်တောင်းသည့်အလုပ်ကိုလုပ်သော NGO ပေါင်းမြောက်မြားစွာ ပေါ်လာကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးဟု သတ်မှတ်ထားသောနိုင်ငံပေါင်း ၅၅ နိုင်ငံတွင် အထောက်အပံ့ပမာ ဏအနည်းဆုံးရရှိသောနိုင်ငံ ဖြစ်ပါသည်။ Save The Children မှ Andrew Kirkwood ၏အဆိုအရ ထို ၅၅ နိုင်ငံကိုပေးသော ပျမ်းမျှ အကူအညီပမာဏမှာ လူတစ်ဦးလျှင် ၄၂ ဒေါ်လာနှုန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အခြားအခြားသောနိုင်ငံများထက် အဆများစွာလျော့နည်းပြီး ပျမ်းမျှလူတစ်ဦးလျှင် လေးဒေါ်လာသာရပါသည်။ ထိုအချိန်၌ ဆူဒန်မှာ လူတစ်ဦးလျှင် ၅၁ ဒေါ်လာရပြီး ဇင်ဘာဘွေက ၄၁ ဒေါ်လာ ရသည်။ ကမ္ဘောဒီးယားမှာ လူတစ်ဦးလျှင် ၅၈ ဒေါ်လာ ရသည်။ နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်းတွင် အကူအညီပမာဏ သိသိသာသာတိုးလာသည့်အခြေအနေတွင် မြန်မာနိုင်ငံအတွက် လူတစ်ဦး လေးဒေါ်လာရခြင်း ဖြစ်ပါသည်။

ဤအနေအထားတွင်ပင် မြန်မာနိုင်ငံသို့ပေးသော အကူအညီများ အနည်းနှင့်အများ ရပ်တန့်သွားအောင် ဟန့်တားနိုင်သည့် အစီရင်ခံစာတစ်ရပ် ပေါ်ထွက်လာပြန်သည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျွန်ဟော့ဖ်ကင်းတက္ကသိုလ် ပြည်သူ့ကျန်းမာရေးပညာဌာနနှင့် ထိုင်းအခြေစိုက် မြန်မာ NGO တစ်ခုဖြစ်သည့် The Emergency Assistance Team (EAT- BURMA) က နာဂစ်ဖြစ်ပြီးနောက်ပိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ အကူအညီပေးရေးလုပ်ငန်းများကို လူ့အခွင့်အရေး ရှုထောင့်မှကြည့်၍ သုံးသပ်ထားသော အစီရင်ခံစာတစ်စောင်ထွက်ပေါ်လာသည်။ ထိုအစီရင်ခံစာမှာ ပြည်ပအခြေစိုက်သုတေသနမှူးများက ပြည်တွင်းအခြေအနေများကိုအကဲဖြတ်ထားခြင်းဖြစ်ပြီး ထိုစာတမ်းက မြန်မာနိုင်ငံကို အကူအညီမပေးသင့်ကြောင်းကို အကြံပြုရေးသားထားခဲ့သည်။ ထိုစာတမ်းထွက်ပေါ်လာသောအချိန်မှာ နာဂစ်ဖြစ်ပွားပြီး တစ်နှစ်မပြည့်သေးသည့်အချိန်ကာလဖြစ်ရာ ပြည်တွင်းရှိ နာဂစ်ဒေသပြန်လည်ထူထောင်ရေးအတွက် လှုပ်ရှားနေသော NGO ပေါင်းများစွာတွင် ငွေလုံးငွေရင်းဖြင့် ရင်းနှီးဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းအစီအစဉ်ပေါင်းများစွာ ကျန်ရှိနေဆဲဖြစ်ပြီး ဒေသခံတို့မှာလည်း အကူအညီဖြတ်တောက်ခြင်းကို ခံနိုင်ရည်မရှိသေးသည့်အနေအထားတွင်လည်းဖြစ်သည်။ ဤတွင် EAT မှ ထွက်ပေါ်လာသော အစီရင်ခံစာမှာ ဂျွန်ဟော့ဖ်ကင်းတက္ကသိုလ်၏ အရှိန်အဝါဖြင့် နိုင်ငံတကာအလှူရှင်များ၏လှူလိုစိတ်ကို အနှောင့်အယှက်ဖြစ်စေနိုင်သည့်အပြင် တစ်နည်းအားဖြင့် နာဂစ်အလွန်တွင် မိမိတို့ဆောင်ရွက်ခဲ့ကြရသော လုပ်ငန်းများကိုလည်း တန်ဖိုးနိမ့်ပစ်လိုက်ခြင်းဖြစ်သောကြောင့် ပြည်တွင်း NGO ကြီးများက စုပေါင်း၍ဖြေရှင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၀၉ ခုနှစ် ဧပြီလအတွင်းတွင် ပြည်တွင်း NGO ကြီး ၂၁ ခုတို့ပူးပေါင်း၍ ထိုအစီရင်ခံစာကိုတုံ့ပြန်သော စာတမ်းတစ်စောင်ကိုထုတ်ဝေခဲ့ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌လည်း NGO အကြီးအကဲများက သွားရောက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ပြည်တွင်း NGO များက တုံ့ပြန်သော စာတမ်းတွင် EAT ၏ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအခြေအနေများကို စစ်တမ်းကောက်ယူခဲ့စဉ်က သုံးစွဲခဲ့သော Research Methodology ကို မေးခွန်းထုတ်ခဲ့ပေသည်။ ထို ဂျွန်ဟော့ဖ်ကင်းအစီရင်ခံစာမှာ နောင်တွင် ပြည်တွင်း၊ ပြည်ပ၌ ပြင်းပြင်းထန်ထန် ဝေဖန်ခံရသော စာတမ်းတစ်စောင်ဖြစ်လာခဲ့သည်။

ဤသို့ ၂၀၀၉ ခုနှစ်အတွင်း အကူအညီများ မြန်မာနိုင်ငံသို့

www.foreverspace.com.mm



ပေးရေး၊ မပေးရေး၊ ယူရေး၊ မယူရေးတို့နှင့် ပတ်သက်ပြီး အငြင်းအခုံများစွာရှိခဲ့ကြသည့်တိုင်အောင် နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားရေးအကူအညီများကို မြန်မာနိုင်ငံကို ပို၍နားလည်အောင်ကြိုးစားရာ၌သုံးနိုင်သော နည်းလမ်းတစ်ခုအဖြစ် တိုး၍တိုး၍ရှုမြင်လာကြပါသည်။ အောက်ပါအဖွဲ့အစည်းများ၏ကြိုးပမ်းမှုမှာ နိုင်ငံတည်ဆောက်ရေးတွင် အဓိကကျသော အခြေခံလိုအပ်ချက်များကို တစ်နည်းတစ်ဖုံဖြည့်စွမ်းနေသည်ဟု ယူဆရပါသည်။

## သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အကူအညီ

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် မြန်မာနိုင်ငံ ပြည်နယ်ကြီးငါးခုသို့ဝင်ရောက်တိုက်ခိုက်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် နိုင်ငံမှာ ဆုံးရှုံးမှုပေါင်း ခန့်မှန်းခြေပမာဏ အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ရှိခဲ့သည်ဟု အာဆီယံက ဆိုသည်။ နာဂစ်ဖြစ်ပွားချိန်တွင် အာဆီယံအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးမှာ ဆူရင်းပစ်ဆုဝမ်ဖြစ်နေခြင်းကလည်း မြန်မာနိုင်ငံအတွက် ကံကောင်းသွားစေသည်။ ဆူရင်းပစ်ဆုဝမ်မှာ မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဘဝကပင် အဆက်အဆံများခဲ့သူဖြစ်ခြင်းကြောင့် နောင်တွင် ဤပုဂ္ဂိုလ်ရေးခင်မင်မှုမှာ နာဂစ်ဒေသအကူ အညီပေးရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့သည်။ ၎င်း၏ အာဆီယံအထွေထွေအတွင်းရေးမှူးရုံးအပြင် ကုလသမဂ္ဂ၏ဆော်ဩမှုဖြင့် မြန်မာ–အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်ဖွဲ့စည်းထားသော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကြီး (TCG) မှာ မေလ ၂၉ ရက်နေ့တွင် ပေါ်ပေါက်လာခဲ့သည်။

အဆိုပါအဖွဲ့ကြီးမှာ ယခင်က ၂၀၁၀ ဇူလိုင်လအထိသာ လုပ်ငန်းများ လျာထားခဲ့သော်လည်း နိုဝင်ဘာလအတွင်း ဘန်ကောက်မြို့တွင် ကျင်းပသော The Post Nargis and Regional Partnership ကွန်ဖရင့်၌ ၂၀၁၀ နောက်ပိုင်းတွင်ရှိလာမည့် မြန်မာနိုင်ငံ၏ လိုအပ်ချက်များကိုပါ ကြိုတင်မျှော်ကြည့်ကြရန် TCG က ဆော်ဩထားသည်။ ပြီးခဲ့သည့် အောက်တိုဘာလ ၂၃–၂၅ ရက်နေ့များတွင် ထိုင်းနိုင်ငံ ဟွာဟင်း၌ ကျင်းပခဲ့သော (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင်လည်း ဤအဖွဲ့ကြီး၏ လက်အောက်တွင် ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေထပ်မံထည့်ဝင်ကြရန် နှိုးဆော်ခဲ့သည်။ ဤသို့တောင်းခံခဲ့စဉ်က Prioritised Action Plan ခေါ် ဦးစားပေးလုပ်ငန်းစဉ်ကြီးများအတွက် လိုအပ်နေသော အမေရိကန်ဒေါ်လာ ၁၀၃ သန်းကို ပြည့်မီအောင် ဖြည့်တင်းပေးကြရန်တောင်းဆိုခဲ့ရာ နိုဝင်ဘာလ ၂၅ ရက်နေ့ ဘန်ကောက်၌ Post-Nargis Assistance Conference (PONAC)ကို ကျင်းပချိန်၌ ထို ၁၀၃ သန်း၏ ၈၅ ရာခိုင်နှုန်းကို ပေးလှူရန် ကတိကဝတ်များရရှိခဲ့ပြီး ဖြစ်သည်။ ထိုကွန်ဖရင့်တွင် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်းပစ် ဆုဝမ်နှင့်အတူ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူး Noeleen Heyzer တို့က သဘာပတိအဖြစ်



www.foreverspace.com.mm



# မြန်မာနိုင်ငံသို့ အကူအညီပေးရေးနှင့်ပတ်သက်၍ သူတို့အမြင်

“ကျွန်တော်တို့အများကြီးလုပ်ပြီးခဲ့ပေမယ့် လုပ်စရာတွေ တောင်ပုံရာပုံကျန်သေးတယ်။ မုန်တိုင်းသင့်ဒေသကရွာတွေဟာ ကြံ့ကြံ့ခံနိုင်တဲ့အဆင့်ကိုမရောက်သေးဘူး။ လူသားချင်း စာနာထောက်ထားရေးအကူအညီတွေ ခပ်မြန်မြန်ဆက်ပေးဖို့ လိုနေသေးတယ်။ အထူးသဖြင့် နေအိမ်၊ အသက်မွေးဝမ်းကျောင်း အတွက်အလုပ်၊ ရေရရှိရေး၊ သန့်ရှင်းရေး၊ ပညာရေးနဲ့ ကျန်းမာရေးတွေမှာပေါ့”

“မြန်မာပြည်ထဲမှာ ခေတ်တစ်ခုဟာ အသစ်ဖြစ်ထွန်းနေတယ်။ တံခါးအသစ်တွေ ပွင့်လာတယ်။ ဖွံ့ဖြိုးမှုအသစ်ကို အထဲမှာ တွေ့နေရတယ်”

**အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်**
**ဆူရင်းပစ်ဆူဝမ်**
**Post- Nargis and Regional Partnership Conference**

“ရင်းနှီးမြှုပ်နှံမှု လုံလုံလောက်လောက်အားစိုက်ပြီး မထည့်ခဲ့တဲ့အတွက်ကြောင့် ဆင်းရဲခြင်းပုံစံအသစ်တွေဖြစ်လာနေတယ်ဆိုတာကို ကျွန်မတို့တွေ တွေ့နေကြရတယ်။ ဆင်းရဲပုံအသစ်၊ ဆင်းရဲခြင်းအသစ်တွေမဖြစ်လာအောင် ကျွန်မတို့ တားဆီးဖို့လိုတယ်”

**Noeleen Heyzer**
**ကုလသမဂ္ဂ**
**လက်ထောက်အထွေထွေအတွင်းရေးမှူး**
**Post - Nargis and Regional Partnership Conference**

“မြန်မာနိုင်ငံကို တကယ်စစ်မှန်တဲ့ ဖွံ့ဖြိုးရေးအကူအညီတွေပေးဖို့သင့်တော်ပြီလားဆိုတာကို ကျွန်တော်တို့သုံးသပ်နေတယ်။ အထူးသဖြင့် လူမှုဘဝတွေနဲ့ ပတ်သက်တဲ့နေရာတွေပေါ့။ စွန့်စားရတာတွေတော့ ရှိမယ်ဆိုတာသေချာတယ်။ ကျွန်တော်တို့နဲ့ စိတ်တူကိုယ်တူမိတ်ဆွေတွေနဲ့ တိုင်ပင်ရဦးမယ်”

**မစ္စတာစတီဖင်စမစ်၊**
**ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး**

“ဒီမိုကရေစီတည်ဆောက်ရေးမှာ ရေရှည်ပြဿနာတွေ အတွက် ဖြေရှင်းနည်းပေါင်းစုံထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ နိုင်ငံတကာ NGO တွေကနေတစ်ဆင့် ပြည်တွင်းက အရပ်ဘက်လူ့အဖွဲ့အစည်းတွေတောင့်တင်းလာအောင် ဆောင်ရွက်တာ ရေရှည်မှာ ဗဟုဝါဒပိုပြီးဖွံ့ဖြိုးလာအောင် အားပေးရာ ရောက်တယ်။ ဒီနည်းနဲ့ ပြည်တွင်းလိုအပ်ချက်တွေ ပိုသိနိုင်တဲ့ ပြည်တွင်းအဖွဲ့အစည်းတွေပေါ်လာစေခြင်းအားဖြင့် ကြုံတွေ့နေရ တဲ့အခက်အခဲတွေ ပြဿနာတွေကို လျော့သွားအောင် စလုပ်လို့ရတယ်။ ၁၉၈၈ ခုနှစ်ကထက်စာရင် အစိုးရဟာ ပြည်တွင်းရော ပြည်ပက အရပ်ဘက်လူ့အဖွဲ့အစည်းတွေအများကြီးကို လှုပ်ရှားနိုင်ခွင့်ပေးလာတယ်ဆိုတာ တွေ့ရတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းဟာ တသွေးတသံတစ်မိန့်အောက်မှာဖြစ်နေစေဦးတော့ အရေးကြီးတာတွေ အများကြီးဆောင်ရွက်နိုင်တယ်။ နိုင်ငံရေးအရ ချုပ်ခြယ်တာတွေရှိနေသေးတယ်ဆိုပေမယ့် ၁၉၆၂ ကထက်စာရင် အများကြီး အလုပ်လုပ်ခွင့် ပိုရလာတယ်”

**ဒေးဗစ်အိုင်စတိန်းဘတ်**
**ဂျော့တောင်းတက္ကသိုလ်၊ နိုင်ငံခြားရေးဌာန၊**
**အာရှလေ့လာရေးဌာနခွဲ၊ ပါမောက္ခ**
**Burma/ Myanmar: What Everyone Needs to Know ( Oxford University Press)**
**စာအုပ်ကိုရေးသားသူ**

“မြန်မာနိုင်ငံကို လူသားချင်းစာနာထောက်ထားတဲ့အကူအညီကိုပေးတဲ့နေရာမှာ တခြားသော အာဂျင်ဒါတွေကိုဘေးဖယ်ထားပြီးပေးဖို့ လိုပါတယ်။ အကူအညီအများဆုံးလိုအပ်နေတဲ့သူကို အကောင်းဆုံးနည်းလမ်းနဲ့ အကူအညီပေးဖို့၊ ဒီလိုအကူအညီကိုလိုအပ်နေတဲ့ရပ်ရွာအားလုံးဆီကို ရောက်သွားဖို့ အတွက် တခြားအာဂျင်ဒါတွေနဲ့ မရောဖို့လိုတယ်။ အမေရိကန်အစိုးရဟာ လူသားချင်းစာနာထောက်ထားရေးအကူအညီတွေကို သိသိသာသာတိုးမြှင့်ပေးမယ့်အပြင် အခြားသော အလှူရှင်အစိုးရတွေကိုလည်း ဒီလိုပေးချင်လာအောင် တိုက်တွန်းလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်” . . . ။

“ပုဂ္ဂလိကလုပ်ငန်းကဏ္ဍကို မေ့လို့မရပါဘူး။ လူသားချင်းစာနာထောက်ထားရေးအကူအညီနဲ့ အခြားအကူအညီတွေ အခု ဘယ်လိုပဲလိုနေပေမယ့် မြန်မာလို သယံဇာတ ကြွယ်ဝတဲ့ အာရှရဲ့ အင်အားကြီးနိုင်ငံနှစ်ခုကြားမှာရှိတဲ့ နိုင်ငံအနေနဲ့ ပြည်ပအကူအညီကိုပဲမျှော်နေရတဲ့နိုင်ငံဘဝ မရောက်သွားဖို့လည်း လိုပါတယ်”

**ဦးသန့်မြင့်ဦး**
**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း**
**ဦးသန့်၏မြေး**

www.foreverspace.com.mm

ဆောင်ရွက်ခဲ့ကြသည်။ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က မြန်မာနိုင်ငံ မုန်တိုင်းပြန်လည်ထူထောင်ရေးအတွက် သုံးနှစ်စီမံကိန်းတစ်ရပ်ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက ရေးဆွဲထားပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၉၁ သန်းသုံးစွဲမည်ဟု လျာထားသည်။

## ဥရောပသမဂ္ဂ၏ အကူအညီ

ကမ္ဘာ့ကုလသမဂ္ဂ၏အဆိုအရ ကမ္ဘာပေါ်တွင်ကြုံလာနိုင်သောကပ်ဘေးကြီးများကို ကာကွယ်ရန်အတွက် စရိတ်တစ်ဒေါ်လာ သုံးခြင်းမှာ နောင်တကယ်ဖြစ်လာလျှင် ကုန်ကျသော ခုနစ်ဒေါ်လာ စာလောက်အကျိုးရှိသည်ဟု ဆိုသည်။ ကာကွယ်ရေးအတွက် တစ်ဒေါ်လာမသုံးလျှင် ကုသရေးအတွက် ခုနစ်ဒေါ်လာသုံးရမည်ဟု ဆိုခြင်းပင်။ ထို့ပြင် ကလေးတစ်ဦးကို မငတ်ရန် ကျွေးရသောစရိတ် တစ်ဒေါ်လာမှာလည်း ထိုကလေးကို အသက်မှလုရန် ကုသရသည့် ဒေါ်လာ ၈၀ နှင့်ညီမျှသည်ဟု ဆိုသည်။ ဥရောပသမဂ္ဂမှာ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားရေး အကူအညီများကို ၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ နာဂစ်အပြီးတွင် The European Commission's Humanitarian Aid Office (ECHO) မှာ ကန်ဒေါ်လာ ၅၄ ဒသမ ၅ သန်းကို သုံးစွဲခဲ့သည်။

မြန်မာနိုင်ငံအတွက် နာဂစ်မုန်တိုင်းအပြီး NGO ၅၂ ခု စုပေါင်းဖွဲ့စည်းထားသော Myanmar Non-Governmental Organizations Network (MNN) မှတစ်ဆင့် ဥရောပသမဂ္ဂက ၂၀၀၈ ခုနှစ်အတွင်းလှူဒါန်းသော အထောက်အပံ့များမှာ ၂၀၀၇ ခုနှစ်က



ထက်စာလျှင် ၁၀၅ ရာခိုင်နှုန်း ပိုများသည်ဟု ဆိုသည်။ ၂၀၀၇ ခုနှစ်တွင် EU မှာ ၂၆ ဒသမ ၅ သန်းခန့်သာ သုံးစွဲခဲ့သည်။ လာမည့်ငါးနှစ်တာအတွင်း မုန်တိုင်းသင့်ဒေသအပြင် အခြားဒေသများတွင်ပါ ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် EU က (Livelihood and Food Security Trust Fund) ကို အဓိကရန်ပုံငွေများ လွှဲပြောင်းပေးနေပြီဖြစ်သည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Bulldozer နှင့် Excavator များ လှူဒါန်းမှု

နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် Bulldozer ၁၈ စီးနှင့် Excavator အစီး ၄၀ ကို မတ်လ ၁၆ ရက်နေ့ကလှူဒါန်းခဲ့ကြောင်း အစိုးရသတင်းစာများတွင် ဖော်ပြချက်များအရ သိရသည်။

နာဂစ်မုန်တိုင်းဖြစ်ပွားပြီးချိန်မှစ၍ တရုတ်အစိုးရသည် လေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန် ၁၆ ဒသမ ၈၇ တန်ခန့်၊ လူသုံးကုန် တန် ၂၀ ခန့်၊ ဆောက်လုပ်ရေးပစ္စည်း ၁၇ တန်ခန့်၊ ဆေးဝါးခြောက်တန်ခန့်နှင့် မိုးကာတဲ ၁၆၂၈ လုံး လှူဒါန်းခဲ့ပြီးသည့်အပြင် တရုတ်နိုင်ငံမှ ဆေးဝါးကုသရေးအဖွဲ့တစ်ဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ်တွင် လေဘေးသင့်ပြည်သူ ၄၁၉၉ ဦးတို့အား ဆေးဝါးကုသမှုပေးခဲ့ကြောင်း၊ မော်တော်ယာဉ်လေးစီးကိုလည်း လှူဒါန်းခဲ့ကြောင်း ယင်းသတင်းတွင်ဖော်ပြချက်များအရ သိရသည်။

## နာဂစ်အတွက် ကန်ဒေါ်လာငါးသန်း ထပ်မံထောက်ပံ့မည့် အမေရိကန်ပြည်ထောင်စု

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမေရိကန်ပြည်ထောင်စုအစိုးရအနေဖြင့် ကန်ဒေါ်လာ ငါးသန်း ထပ်မံထောက်ပံ့သွားရန်စီစဉ်လျက်ရှိကြောင်း အမေရိကန်သမ္မတကတော် လော်ရာဘွတ်ရှ်၏ ပြောကြားချက်ကိုကိုးကား၍ ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် True News ဂျာနယ်တွင် ဖော်ပြပါရှိသည်။

အဆိုပါထောက်ပံ့ငွေများကို အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၊ Save the Children စသည်တို့မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် မုန်တိုင်းစတင်တိုက်ခတ်ခဲ့သည့် မေလမှ ယခုအချိန်အထိ ကန်ဒေါ်လာ ၇၅ သန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအတွက် အမေရိကန်စစ်လေယာဉ် အစီး ၁၀၀ ခန့် အသုံးပြု၍ အကူအညီများပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ယင်းသတင်းအရ သိရသည်။

## ယူရိုသန်း ၄၀ ကျော် ထပ်မံကူညီမည့် အီးယူ

လူသားချင်းစာနာထောက်ထားမှုအကူအညီအနေဖြင့် အီးယူသည် မြန်မာနိုင်ငံသို့ ယူရို ၄၀ ဒသမ ၅ သန်း (အမေရိကန်

www.foreverspace.com.mm

ဒေါ်လာ ၅၆ ဒသမ ၇ သန်း) ထပ်မံပေးအပ်ရန် ဒီဇင်ဘာလ ၁၈ ရက်နေ့ကဆုံးဖြတ်ခဲ့ကြောင်း ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြပါရှိသည်။

ယခုပေးအပ်မည့် ယူရိုသန်း ၄၀ ကျော်အနက် ၂၂ သန်းကို မုန်တိုင်းသင့်ဒေသများတွင် ဆက်လက်ပံ့ပိုးနိုင်ရန်အတွက် သုံးစွဲသွားမည်ဖြစ်ပြီး ကျန်ငွေများကို မြန်မာနိုင်ငံအတွင်းရှိ ပံ့ပိုးထောက်ပံ့ရန်လိုအပ်နေသူများကို ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ယင်းသတင်းအရ သိရသည်။

အီးယူအနေဖြင့် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း လေဘေးသင့်ပြည်သူများအတွက် ယူရို ၁၇ သန်း (ကန် ဒေါ်လာ ၂၅ ဒသမ ၉ သန်း) ပေးအပ်ခဲ့ပြီး ဖြစ်သည်။

## မြန်မာနိုင်ငံသို့အကူအညီပေးမှု စတာလင် ပေါင် ၁၀ သန်း တိုးမြှင့်လိုက်သည့် အင်္ဂလန်

ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အကူအညီပေးမှုကို စတာလင် ပေါင် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁၄ သန်း) သို့ တိုးမြှင့်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တွင် ဧပြီလ ၃ ရက်နေ့က ကျင်းပခဲ့သည့် နာဂစ်လေဘေးသင့်သူများအစည်းအဝေးဆုံးဖြတ်ချက်တစ်ရပ်ကိုကိုးကား၍ ဧပြီလ ၁၀ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြပါရှိသည်။

အဆိုပါ ပေါင် ၁၀ သန်းအနက် ၆၀ ရာခိုင်နှုန်းကို ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများကို ထောက်ပံ့ရာတွင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကျန် ၄၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဆောင်ရွက်နေသည့် လူမှုကူညီရေးအစီအစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ယင်းသတင်းအရ သိရသည်။

## မြန်မာနိုင်ငံသို့ အကူအညီပေးအပ်မှု တိုးမြှင့်လိုက်သည့် ဩစတြေးလျ

မြန်မာနိုင်ငံအစိုးရ ဝန်ကြီးဌာနအချို့၏ အရာထမ်းများကို လူ့အခွင့်အရေးဆိုင်ရာသင်တန်းများ ပေးအပ်ခဲ့သည့် ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ပုံမှန်ပေးအပ်နေသော ငွေကြေးအကူအညီကို ယခုနှစ် မေလမှစ၍ ၇၀ ရာခိုင်နှုန်း (ပုံမှန် ကန်ဒေါ်လာ ၁၇ သန်းမှ ၅၉ သန်း) တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး၏ သီးသန့်ဆက်သွယ်ပြောကြားမှုကိုကိုးကား၍ မေလ ၁၈ ရက်နေ့ထုတ် The Voice Weekly တွင် ဖော်ပြပါရှိသည်။

ဩစတြေးလျနိုင်ငံသည် နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းနှင့် အထောက်အပံ့ပစ္စည်း ၃၁ တန် ပံ့ပိုးကူညီခဲ့ပြီးဖြစ်သည်။

## ဂျာမနီ၏ ယူရိုတစ်သန်းကျော်လှူဒါန်းမှု

ဂျာမန်အစိုးရသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏စီမံကိန်းများအတွက် အောက်တိုဘာလဆန်းပိုင်းက ယူရို ၁၅ ဒသမ ၅ သန်းလှူဒါန်းခဲ့ရာ အလှူငွေများထဲမှ မြန်မာနိုင်ငံအတွက် ယူရိုတစ်သန်းကျော်ရရှိမည်ဖြစ်ကြောင်း ဂျာမနီသံရုံးက ထုတ်ပြန်ကြေညာသည်။

## Golbal Fund ပြန်လည်ဝင်ရောက်လာခြင်း

၂၀၀၅ ခုနှစ်တွင် အမေရိကန်၏ အထောက်အပံ့ရပ်စဲသွားပြီးနောက် မြန်မာနိုင်ငံမှလုပ်ငန်းများရပ်ဆိုင်းရန် ဆုံးဖြတ် လိုက်သော Global Fund မှာ ၂၀၀၉ အစောပိုင်းတွင် လုပ်ငန်းအဆိုပြုချက်များ ကြော်ငြာဖြင့်ခေါ်ယူ၍ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ Global Fund မှာ HIV/ AIDS၊ ငှက်ဖျားနှင့် တီဘီရောဂါတိုက်ဖျက်ရေးများကို သုံးစွဲရန်အတွက် အမေရိကန်ဒေါ်လာ ၁၁၀ သန်းသုံးစွဲရန် လျာထားသည်။ ထိုရန်ပုံငွေများကို ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း သုံးစွဲမည်ဖြစ်ပြီး လာမည်ငါးနှစ်တာကာလအတွင်း စုစုပေါင်း ၂၈၈ သန်းသုံးစွဲနိုင်ရန်မျှော်မှန်းထားကြောင်း နိုဝင်ဘာလအတွင်း အီသီယိုးပီးယား၌ ပြုလုပ်သော ကွန်ဖရင့်တစ်ခုတွင် ကြေညာသည်။ ၂၀၀၅ ခုနှစ်တွင် Global Fund က မြန်မာနိုင်ငံမှထွက်ခွာသွားရန် ဆုံးဖြတ်လိုက်ပြီးနောက် ၎င်း၏လုပ်ငန်းနယ်ပယ်များတွင် အကူအညီပေးရန် Three Diseases Fund ပေါ်ပေါက်လာခဲ့သည်။ ကန်ဒေါ်လာသန်းတစ်ရာခန့်ဖြင့်မတည်ခဲ့သော 3D Fund ကို ဗြိတိန်၊ ဩစတြေးလျ၊ ဥရောပကော်မရှင်၊ နယ်သာလန်၊ နော်ဝေနှင့် ဆွီဒင်တို့က ပံ့ပိုးပေးခဲ့ကြခြင်းဖြစ်သည်။

**ချိုမွှေး**



www.foreverspace.com.mm





# ၂၀၀၉ ခုနှစ် ဒေါ်လာနှင့် ရွှေ

ဦးဝင့်ကျော်

**၂၀၀၉ ခုနှစ်ဆိုတဲ့ ကမ္ဘာ့ပြည်သူအများစုရဲ့အိပ်မက်ဆိုးကြီးဟာ မကြာခင်မှာဘဲ အဆုံးသတ်ပါတော့မယ်။ ၂၀၁၀ ပြည့်နှစ်ရဲ့ ရောင်ခြည်ပျိုးလာမယ့်အချိန်ကို မျှော်လင့်တကြီးနဲ့ နားစွင့်နေကြပါတယ်။ မျက်စိဖွင့်ပြီး မှုန်ဝါးဝါးအရှေ့အရပ်ကို မျှော်ကြည့်နေကြပါတယ်။ ဒီအချိန်မှာပဲ မမျှော်လင့်တဲ့၊ မမျှော်လင့်ချင်ကြတဲ့ အမေရိကန်သမ္မတကြီး အိုဘားမားရဲ့အသံကြီးက ဟိန်းလို့ထွက်လာပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံကို နောက်ထပ်စစ်သား ၃၀,၀၀၀ ပို့မယ်ဆိုတဲ့အသံကြီးပဲ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ သူ့တိုင်းပြည်လုံခြုံရေးအတွက် အကြမ်းဖက်သမားတွေနဲ့ တိုက်ကြ၊ ခိုက်ကြတာကတော့ သူတို့ရဲ့ကိစ္စမို့ ဝေဖန်လိုခြင်းမရှိပါဘူး။ ဒါပေမဲ့ အဲဒီစစ်ရဲ့ဂယက်ကြောင့် အမေရိကန်ဒေါ်လာဈေးတွေကျခဲ့တယ်။ အမေရိကန်ဒေါ်လာဈေးကျတာ အမေရိကန်နိုင်ငံအတွက်ကောင်းကျိုး၊ ဆိုးကျိုးဒွန်တွဲပြီး ဖြစ်လာပေမယ့် ဒေါ်လာကိုဗဟိုပြုထားရတဲ့ ဖွံ့ဖြိုးစတိုင်းပြည်တွေမှာတော့ ဆိုးကျိုးကပိုပြီးများလာဖွယ်ရာရှိပါတယ်။**

၂၀၀၉ ခုနှစ်ရဲ့အခြေအနေကို ပြန်သုံးသပ်မပြခင် အတိတ်သမိုင်းကို နည်းနည်းလေး ခြေရာကောက်ချင်ပါတယ်။ အမေရိကန်ဒေါ်လာဟာ နိုင်ငံတကာက ယုံကြည်ထားတဲ့ နိုင်ငံတကာသုံးငွေကြေးအဖြစ်ရပ်တည်ခဲ့တာကြာပါပြီ။ ရွှေစံချိန်စနစ်ကျင့် သုံးစဉ်ကတည်းက ဒေါ်လာကို ရွှေနဲ့ ချိတ်ဆက်ထားပြီး တခြားနိုင်ငံသုံးငွေကြေးတွေက ဒေါ်လာနဲ့ချိတ်ဆက်ထားပါတယ်။ ၁၉၇၃ ခုနှစ်မှာတော့ ရွှေစံချိန်စနစ်ကခွာပြီး နိုင်ငံခြားသုံးငွေဖလှယ်နှုန်းကို အရှင်မျောထားဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

www.foreverspace.com.mm





အဲဒီအခါမှာ ဒေါ်လာဟာ နိုင်ငံတကာငွေကြေးနယ်ပယ်မှာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေခဲ့ပါတယ်။ နှစ်ပေါင်း ၂၀ နီးပါး မင်းသားကြီးဖြစ်ခဲ့တဲ့ ကမ္ဘာ့ဇာတ်ခုံပေါ်က ဒေါ်လာမင်းသား စန်းပွင့်နေတဲ့အချိန်မှာ 'ရွှေ' ဆိုတဲ့ မင်းသမီးလေးဟာ ကန့်လန့်ကာနောက်ကွယ်မှာ မျက်နှာငယ်နေခဲ့ရပါတယ်။

အဲ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၁ ရက်မှာတော့ အကြမ်းဖက်သမားလို့ခေါ်နေကြတဲ့ ဗီလိန်မင်းသားက ဒေါ်လာမင်းသားရဲ့ခေါင်းကို ပုတ်လိုက်ပါတယ်။ ဒီတော့ ဒေါ်လာမင်းသားလေးလည်း ဒေါသမထိန်းနိုင်တော့ဘဲ ငါလိုမင်းကိုမှ သင်းတို့က ထိပါးလာရသလားဆိုပြီး တစ်ပင်တိုင်မင်းသားကြီး ဒေါ်လာဟာ ကကြိုးကိုပြောင်းပြီး စစ်ဇာတ်လမ်းကိုခင်းလိုက်တော့တာပါပဲ။ အဲဒီမှာတင် ဒေါ်လာကိုမြတ်နိုးနေကြတဲ့ ပွဲကြည့်ပရိသတ်အချို့က ဒေါ်လာကို ချစ်ခင်နှစ်လိုဖွယ်မြင်ရာက သံသယမျက်လုံးနဲ့ ကြည့်သူကကြည့်၊ ပွဲခင်းကိုကျောခိုင်းသူကခိုင်းဖြစ်ကြတော့တယ်။

ဒါပေမဲ့ အဲဒါကပဲ အမေရိကန်အဖို့ နှစ်ခြိုက်စရာဖြစ်နေပါသေးတယ်။ ဒေါ်လာဈေးကျတော့ အမေရိကန်က ပြည်သူတွေအတွက် အမေရိကန်ပြင်ပက နိုင်ငံခြားပစ္စည်းတွေဟာ ဈေးကြီးပြီး နိုင်ငံခြားကသူတွေအဖို့တော့ အမေရိကန်လုပ်ပစ္စည်းတွေ ဈေးချိုသွားခဲ့ပါတယ်။ ဒီတော့ အမေရိကန်က သူ့ပြည်သူ့ပြည်သားတွေရဲ့ အသုံးကို ချွေတာရာလည်းရောက်၊ ပို့ကုန်လုပ်ငန်းတွေကတက်၊ သွင်းကုန်လုပ်ငန်းတွေကကျတော့ ကုန်သွယ်မှုရှင်းတမ်းမှာ အခြေအနေကောင်းတစ်ရပ်ပဲလို့ တွက်ဆထားပုံရပါတယ်။ ဒါမှမဟုတ်ရင်လည်း အမိမြေလုံခြုံရေးသည် ပထမလို့ထင်ထားပုံရပါတယ်။ နည်းနည်းလေးမှ မတုန်လှုပ်ပါဘူး။

ဒါပေမဲ့ အမေရိကန်ဒေါ်လာက သူ့တိုင်းပြည်မှာ ကိန်းဂဏန်းနဲ့ လျှပ်စစ်ကတ်ပြားထဲမှာပဲရှိပြီး စက္ကူချည်မျှင်လေးတွေနဲ့ ပြုလုပ်ထားတဲ့ ဒေါ်လာငွေစက္ကူတွေကတော့ Vehicle Currency အဖြစ်နဲ့ အမေရိကန်ရဲ့ ပြင်ပကမ္ဘာမှာ အများအပြားရှိနေတာကိုး။ တချို့ကတော့ ကုန်သွယ်ရာမှာ သုံးဖို့ တချို့ကတော့ သူတို့တိုင်းပြည်မှာပဲ သူတို့ငွေကြေးအဖြစ်နဲ့ တရားဝင်သုံးဖို့ တချို့ကတော့လည်း ချမ်းသာသမျှတွေကို စိုးရိမ်ကြောင့်ကြမှုမရှိဘဲ လိုရင်လည်း ချက်ချင်း ငွေပြန်ဖော်လို့ရတာပဲဆိုတဲ့အသိနဲ့ ဒေါ်လာကို လှောင်ကုန်လိုသဘောထားပြီး စုကြ၊ ဆောင်းကြ၊ သိမ်းကြ၊ ဆည်းကြ ခဲ့ကြပါတယ်။ အဲဒီ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်ကစပြီး အကြမ်းဖက်သမားတွေကို စစ်ကြေညာပြီး အာဖဂန်၊ ပါကစ္စတန်၊ အီရတ်တွေမှာ စစ်ပွဲတွေကို ဆင်နွှဲလာလိုက်တာ ဆယ်စုနှစ်နီးပါးရှိခဲ့ပါပြီ။ ကြီးမားတဲ့ စစ်စရိတ်တွေကတစ်မျိုး၊ ပြည်တွင်းစီမံခန့်ခွဲရေးတွေကို ဂရုမပြုနိုင်တာကတစ်မျိုး၊ အမေရိကန်လူမျိုးတွေဟာ ချမ်းသာကြတယ်၊ သုံးနိုင်ကြတယ်လို့ စိတ်ကြီးဝင်တာနဲ့ သုံးကြစွဲကြ၊ အိမ်တွေဝယ်ကြ၊ ကြွေးတွေချေးတဲ့သူကချေး၊ ယူတဲ့သူကယူနဲ့ လောဘပင်လယ်ကြီးမှာ ကမ်းမမြင်လမ်းမမြင်ဖြစ်ခဲ့ရာက နောက်ဆုံးတော့ အိမ်၊ ခြံ၊ မြေဈေးတွေကျ၊ ငွေကြေးအကျပ်အတည်းနဲ့ကြုံ၊ ဘဏ်တွေကလည်း ချေးငွေပြန်မရတော့ ငွေမလည်ဖြစ်ခဲ့ပြီး စီးပွားရေးကျ



www.foreverspace.com.mm

ဆေးမှု ရောဂါစရတော့တာပါပဲ။ H1N1 ရောဂါလိုပဲပေါ့။ သူ့နိုင်ငံက ကပ်ရောဂါဟာ ကမ္ဘာကိုပြန့်သွားတဲ့အခါ ကိုယ်ခံအား ကောင်းတဲ့ သူတို့အနေနဲ့တော့ ဆေးဝါး တွေကုကြပြုကြနိုင်ပေမယ့် ကိုယ်ခံအား နည်းပြီး ဒေါ်လာဆိုတဲ့ မျှော်လင့်ချက်လေး နဲ့အသက်ရှင်နေရတဲ့ ဖွံ့ဖြိုးစတိုင်းပြည်တွေ မှာ ဒေါ်လာဈေးကျဆင်းတဲ့ရောဂါကို ပြင်း ပြင်းထန်ထန် ခံစားနေခဲ့ကြရတယ်။

ဒီတော့ ပေါင်စတာလင်ကိုပဲ အား ကိုးမလား၊ မယုံရဲသေးဘူး။ ယူရိုကိုပဲ အား ကိုးမလား၊ မယုံရဲသေးဘူး။ ဒီစစ်ထဲမှာ သူတို့ကလည်းပါနေတော့ အားကိုးဖို့ရှာ လာကြတာပေါ့။ တစ်နေ့ကောင်းနိုး၊ ကောင်းနိုးနဲ့ စိတ်မရှည်နိုင်တော့ စိတ်အချ ရဆုံး ကန့်လန့်ကာနောက်ကွယ်က 'ရွှေ' မင်းသမီးနဲ့ ငွေမင်းသမီးကိုပဲအားကိုးလာ ရတော့တာပါပဲ။ ဒါကြောင့်လည်း ငွေ၊ ရွှေ



နဲ့ ဒေါ်လာတို့ရဲ့ အတက်နဲ့အဆင်းကို ပုံ (၁)၊ ပုံ (၂) မှာပြထားတဲ့ (က) တိုင်းမြင်ကြ ရတော့တယ်။

အဲ ၂၀၀၈ ခုနှစ်အကုန် ၂၀၀၉ ခုနှစ် မှာတော့ မျှော်လင့်ချက်အသစ်တစ်ရပ်ပေါ် လာခဲ့တယ်။ အမေရိကန်မှာ သမ္မတ အပြောင်းအလဲဖြစ်ခဲ့တယ်။ ပါတီပါပြောင်းလဲ သွားတယ်။ ရီပတ်ဘလေကန်နေရာမှာ ဒီမိုကရက်သမ္မတ မစ္စတာအိုဘားမားဖြစ်လာ တယ်။ အီရတ်ကတပ်တွေ ရုပ်သိမ်းမယ်။ အာဖဂန်ကို စစ်တပ်ပို့ပြီး စစ်ကိုအပြီးဖြတ် မယ်ဆိုတဲ့ အသံတွေကြားရတော့ ဒေါ်လာ က တစ်ကျော့ပြန်တက်လာပြီး ရွှေကတစ် ချက်နိမ့်သွားပြန်တယ် ပုံ (၁)၊ ပုံ (၂) ထဲက ၂၀၀၈ လောက်က (ခ) ကို ကြည့်ပါ။ ဒါပေမဲ့ ၂၀၀၉ ခုနှစ် လေး၊ ငါး၊ ခြောက်လထား ပါတော့ အောက်တိုဘာလရောက်တော့ သိပ်ပြီးထူးခြားတဲ့အပြောင်းအလဲကို မမြင်ရ တဲ့အခါ ရွှေစင်နဲ့ ငွေစင်ကိုပဲ အားကိုး တကြီးဖက်တွယ်ဖို့ ဒေါ်လာနဲ့ လဲလိုက်ကြ တယ်။ ဒေါ်လာရောင်းလိုအားကများတော့ ဒေါ်လာဈေးတွေကျ၊ ရွှေနဲ့ငွေစင်တို့ရဲ့ ဝယ် လိုအားကတက်တော့ ရွှေနဲ့ငွေစင်ဈေးတွေ က အရမ်းတက်လာလိုက်တာ အခုနှစ်အထိ တက်လို့ကိုမဆုံးသေးတာ ပုံ (၁) နဲ့ ပုံ (၂) အပိုင်း (ဂ) မှာ တွေ့ရပါတယ်။

ဒီတော့ လူတော်တော်များများက ဒေါ်လာဈေးတွေဆက်ကျနေဦးမှာလား၊ ရွှေဈေးတွေကော ဆက်တက်နေဦးမှာလား လို့ မေးခွန်းတွေထုတ်လာကြတယ်။ အဲဒါ ကို မစ္စတာအိုဘားမားက မနေ့တစ်နေ့ကပဲ အဖြေပေးလိုက်ပါပြီ။ အာဖဂန်ကို စစ်သား ၃၀,၀၀၀ ထပ်ပို့မယ်။ ၂၀၁၁ နှစ်လယ် လောက်ကမှစပြီး အမေရိကန်တပ်တွေ ရုပ် သိမ်းမယ်လို့ကြေညာလိုက်တယ်။ ဒီတော့ ၂၀၁၀ ပြည့်နှစ်မှာ ဘာဖြစ်မယ်ဆိုတာကတော့ သေချာသလောက်ဖြစ်သွားပါပြီ။ ရွှေဈေး တွေ ဆက်တက်နေဦးမှာဖြစ်သလို ဒေါ်လာ ဈေးကလည်း ဆက်ကျနေဦးမှာပါပဲ။

၂၀၁၁ နှစ်လယ်လောက်မှာ အကြမ်း ဖက်သမားတွေနဲ့ စစ်ပွဲမှာ ဘယ်လိုအဆုံး သတ်မလဲဆိုတာကတော့ ခုထိပဟေဠိဆန် နေပါသေးတယ်။ ဒါက ကမ္ဘာနဲ့ပတ်သက် တာကို ကျွန်တော် ဉာဏ်မီသလောက် ဝေဖန်ဆန်းစစ်မိခဲ့သမျှလေးပါပဲ။ အဲ မြန်မာ ပြည်မှာကော . . . မြန်မာပြည်ကတော့

**1975-Present Gold Chart**




The above gold chart shows the current change in gold value compared to the US dollar.

ပုံ(၁)

**1985-Present Silver Chart**




ပုံ(၂)

The above silver chart shows the current change in silver value compared to the US dollar.

www.foreverspace.com.mm





ကမ္ဘာ့ဂယက်ရိုက်ခတ်ခဲ့ရတဲ့ အတိုင်းအတာတစ်ခုရှိပေမယ့် သီးခြားပုံစံဖြစ်နေပါတယ်။ မြန်မာပြည်မှာဖြစ်နေတဲ့ အခြေအနေက ကမ္ဘာ့အခြေအနေနဲ့ တစ်ထပ်တည်းပါပဲဗျာလို့ ပြောမရနိုင်ပါဘူး။

မြန်မာနိုင်ငံရဲ့ ယေဘုယျအခြေအနေတွေက စစ်မက်မဖြစ်ပွားပေမယ့် အခြေခံအဆောက်အအုံတွေ တည်ဆောက်နေနေသေးတာရယ်၊ သမိုင်းမှတ်တမ်းတင်ရမယ့် နေပြည်တော်တည်ဆောက်နေတာရယ်တွေကြောင့် နိုင်ငံမှာ နိုင်ငံလုံးဆိုင်ရာ အသုံးစရိတ်တွေကြီးလေးနေတာရှိနေတယ်။ တစ်ဖက်ကလည်း လောင်စာစွမ်းအင်တွေကို ပြည်ပကိုတင်ပို့ရောင်းချရပေမယ့် ရတဲ့ငွေနဲ့ အခြေခံအဆောက်အအုံတွေတည်ဆောက်နေရတော့ လျှပ်စစ်ဓာတ်အားကပြည်တွင်းမှာသုံးဖို့ မလုံလောက်သေးလို့ မျှမျှတတ ခွဲတမ်းချပေးနေရတဲ့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းတွေ ထင်သလောက်မချဲ့နိုင်သေးတဲ့အခြေအနေ ဖြစ်နေတယ်။ တစ်ဖက်ကလည်း ဘဏ်တွေကိုနောက်တစ်ကြိမ် အထိတ်တလန့်မဖြစ်အောင် ကြပ်မတ်နေရသေးတဲ့အတွက် စီးပွားရေးလုပ်ငန်းက ငွေလိုတဲ့သူတွေနဲ့ အိမ်ထောင်စုတွေရဲ့ ပိုနေတဲ့ငွေတွေကို သွယ်တန်းပေးမယ့် ဘဏ္ဍာရေးကြားလူတွေရဲ့အခန်းကဏ္ဍက မကျယ်ပြန့်လာသေးတဲ့အတွက် ငွေလည်ပတ်စီးဆင်းမှု နှေးကွေးလို့ စီးပွားရေးလေးလံထိုင်းမှိုင်းမှုတွေဟာ ဆက်ပြီးရှိနေဦးမှာပါပဲ။ ရွှေဈေးကတော့ ကမ္ဘာနဲ့ အတူလိုက်ပြီးတက်နိုင်မှာ မဟုတ်ပေမယ့် တအိအိလေးတော့ တက်နေလိမ့်ဦးမယ်လို့ မှန်းဆရပါတယ်။ ဒေါ်လာနဲ့ယှဉ်ရင် မြန်မာ့ငွေဈေးက ဆက်ပြီးမာနေဦးမယ်လို့ ထင်ရပေမယ့် တပ်အပ်သေချာတော့ မပြောနိုင်ပါဘူး။

နိုင်ငံခြားပို့ကုန်တွေ မကိုက်လို့ စီးပွားမဖြစ်ကြတဲ့ စီးပွားရေးသမားကြီးတွေက မြတ်ရင်ပြီးရောဆိုပြီး ပဋ္ဌလက်တွေနဲ့ ဈေးကွက်ထဲဝင်လာကြမယ်ဆိုရင်တော့ ကမ္ဘာနဲ့မတူတဲ့ ထူးခြားတဲ့အခြေအနေ တစ်ရပ်ဖြစ်လာနိုင်ပါလိမ့်မယ်လို့သာ မှန်းဆမိပါတော့တယ်။

နှစ်သစ်မှာ မြန်မာပြည်သူများ ရောင့်ရဲခြင်းဖြင့် စိတ်ချမ်းသာနိုင်ကြပါစေ။

**ဦးဝင့်ကျော်**



www.foreverspace.com.mm

**ယခင်လမှအဆက်**

## ဆိုရှယ်လစ်ခေတ်

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို ဆိုရှယ်လစ်စနစ်ဖြင့်တည်ဆောက်ရန်နှင့် ဆိုရှယ်လစ်လမ်းကြောင်းကို ပြတ်ပြတ်သားသားခိုင်ခိုင်မာမာဖော်ထုတ်ရန် လုပ်ဆောင်လာကြသည်။ နိုင်ငံရေးအရလည်း 'တစ်ပါတီ' စနစ်ဖြင့် 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ကိုထူထောင်ကာ အုပ်ချုပ်မှုအသစ်ဖြင့်စတင်ခဲ့ကြသည်။

ဆိုရှယ်လစ်စီးပွားရေးဥပဒေသများအရ 'လူတိုင်းစားဝတ်နေရေးဖူလုံစေရန် နိုင်ငံတော်ကတာဝန်ယူပေးရမည်' ဆိုသည့်မှုကို လက်ကိုင်ထားပြီး 'လုပ်သလောက် အကျိုးခံစားရေး' မှုဖြင့် အကောင်အထည်ဖော်ကြည့်ကြသည်။ သို့သော် ပြဿနာပေါင်းသောင်းခြောက်ထောင်ကြားတွင် မနိုင်မနင်းနှင့် 'ဝ' မရှိဘဲ 'ဝိ' လုပ်ခဲ့ရသည့် မူဝါဒသာဖြစ်သွားခဲ့ရသည်။ ထိုအထဲမှာ လယ်ယာကဏ္ဍကိုသာ ဖော်ပြလိုပါသည်။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးသည် အဓိကကဏ္ဍကြီးသုံးရပ်ဖြစ်သည့် လယ်ယာ၊ စက်မှုနှင့်ဝန်ဆောင်မှုတစ်ခုခုကို မှီခိုနေရသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကအားထားခဲ့ရသဖြင့် လယ်ယာဖြင့်သာ စီးပွားတိုးတက်ရေးကို ကြံဆောင်ကြိုးပမ်းနေခဲ့ရသည်။ လယ်ယာတွင် အဓိကသီးနှံမှာ ဆန်စပါးသာဖြစ်သည်။ နိုင်ငံ၏စားသုံးကုန်ဖြစ်ရုံမျှမကနိုင်ငံခြားပို့ကုန်အတွက်ပါ အထူးဝါယမစိုက်ပြီး လုပ်ကိုင်နေကြရသည်။ သို့သော် ဆိုရှယ်လစ်ခေတ် လယ်ယာစိုက်ပျိုးရေးဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရန် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဓိကကျသည့်အခက်အခဲများမှာ –

၁။ လက်ရှိလယ်ယာစီးပွားသည် စီမံကိန်းအရ ထိန်းကွပ်ရန်ခက်ပြီး ပြန့်ကြဲနေသည့် ပုဂ္ဂလိကလယ်ယာစီးပွားရေးဖြစ်နေခြင်း၊

# ခေတ်အဆက်ဆက် ဆန်စျေးကွက်

**မောင်ခေတ်**



www.foreverspace.com.mm



၂။ တောင်သူလယ်သမားအများစု၏ လယ်ယာလုပ်ကွက်များမှာ တစ်နှစ်ပြီးတစ်နှစ်သေးငယ်လာပြီး စီးပွားရေးအရ တွက်ခြေမကိုက်ခြင်း၊

၃။ အရေးကြီးသည့်သီးနှံများကို သီးထပ်စိုက်စေခြင်းဖြင့် သီးနှံချင်းထိပ်တိုက်ဖြစ်ခြင်း၊

၄။ လယ်ယာထွက်ကုန်ဈေးနှုန်းနှင့် စက်မှုထွက်ကုန်ဈေးနှုန်းတို့ မညီမျှခြင်း၊

၅။ အချို့သော သီးနှံဈေးနှုန်းများသည် တောင်သူလယ်သမားများအတွက် တွက်ခြေမကိုက်ခြင်း၊

၆။ လယ်ယာလုပ်ကိုင်သည့် လုပ်သားရှားပါးလာခြင်း၊

၇။ ခိုင်းကျွဲ၊ နွားနှင့် လယ်ယာသုံးပစ္စည်းများအခက်အခဲတို့ကြောင့် စရိတ်ကြီးလေးပြီး လယ်လုပ်စရိတ်ရင်းနှီးငွေ မလုံလောက်ခြင်း၊

၈။ လယ်ယာမြေလုပ်ကိုင်ခွင့်ရသော လယ်ဧကများ မမျှမတဖြစ်ခြင်း၊

၉။ စိုက်ပျိုးရေးစီမံကိန်းကို တောင်သူလယ်သမားများနှင့် ထိရောက်စွာညှိနှိုင်းရန်လိုခြင်းတို့ကြောင့် စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများတွင် တိုးတက်မှုနှေးကွေးနေရကြောင်း ၁၉၇၃ ခုနှစ် ဗဟိုပြည်သူ့တောင်သူလယ်သမားကောင်စီ အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆန်ဈေးတည်ငြိမ်ရန်နှင့် ဆန်စပါးဝယ်ယူရရှိရေးမှာ ဆိုရှယ်လစ်စနစ် နိုင်ငံတော်အတွက် အတော်လေးအခက်တွေ့ခဲ့ရသည်။ စပါးဝယ်ယူရေးတွင် စီးပွားရေး မက်လုံးပေးကာ ကုန်သည်များကို လွှတ်လပ်ခွင့်ပေးပြီး အစိုးရနှင့်အပြိုင်ဝယ်မည်လော၊ မရောင်းမနေရ အာဏာနှင့် အတင်းအကျပ်ဝယ်မည်လောဆိုသည့်ပြဿနာကို ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံး ရင်ဆိုင်ခဲ့ရသည်။

ဆန်ဈေးကို အစိုးရအနေဖြင့် မထိန်းဘဲ လွှတ်ပေးလိုက်လျှင် တောင်သူလယ်သမားများ ကြိုက်ဈေးရပါက ပိုလည်းစိုက်လာကြမည်ဖြစ်သည်။ ထိုနည်းသည် လယ်ယာစိုက်ပျိုးရေးကို ပိုမိုလုပ်ဆောင်နိုင်စေသည့် မက်လုံးဖြစ်သော်လည်း ဆိုရှယ်လစ်မူက ကန့်လန့်ကာဆီး ပိတ်ဆို့ထားသည်။ လွှတ်လပ်စွာရောင်းဝယ်ခွင့်ပြုလိုက်လျှင် ကုန်သည်နှင့်အစိုးရတို့ အပြိုင်ဝယ်ရပေတော့မည်။ ကုန်သည်ပေးသည့်ဈေးကို အစိုးရက လိုက်ပေးနိုင်မည်လော။

အစိုးရအနေဖြင့် စပါးဈေးကို ကုန်သည်ပေးသည့်ဈေးအတိုင်းလိုက်ဝယ်ရလျှင် ဈေးကြီးပေးဝယ်ရတော့မည်။ စပါးဈေးကြီးလျှင် ဆန်ဈေးလည်းကြီးတော့မည်။ ဆန်ဈေးကြီးလျှင် လစာနည်းဝန်ထမ်းများနှင့် ပြည်သူလူထုအများစု စားဝတ်နေရေးကျပ်တည်းလာပြီး နိုင်ငံရေးလည်း မတည်မငြိမ်ဖြစ်လာနိုင်သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်သည် အစိုးရနှင့်ပြိုင်ဆိုင်ခွင့်ကို



www.foreverspace.com.mm



မှုအရ ခွင့်ပြုရန်မဖြစ်နိုင်သည့်အပြင် အစိုးရအနေဖြင့် လယ်သမားဘဝမြင့်မားရေးအတွက် စပါးဈေးကိုလွှတ်ပေးကာ ကုန်သည်ကိုလိုက်ပြိုင်ပြီး ပြည်သူကို အရှုံးခံရောင်းမည်ဆိုပြန်လျှင်လည်း ရေရှည်တွင် နိုင်ငံတော်ဘဏ္ဍာအား ထိခိုက်လာစရာရှိသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ နိုင်ငံသူနိုင်ငံသားတို့အပေါ် တာဝန်ယူလွန်းခြင်းကြောင့် အဆင်မပြေမှုများ ဖြစ်သည်။

ဆန်စပါးကို အစိုးရတစ်ဦးတည်းကိုသာရောင်းချရန် နိုင်ငံတော်က ၁၉၆၆ ခုနှစ်တွင် အမိန့်ကြော်ငြာစာ ၅-၆ တို့ကို ပြဋ္ဌာန်းခဲ့ဖူးသည်။ လယ်ယာထွက်ကုန် သိသိသာသာထိုးကျသွားပြီး ၁၉၆၇ ခုနှစ်တွင် ဆန်အကျပ်အတည်းဖြစ်ကာ နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ရသည်။ အာဏာနှင့်အတင်းအကျပ်ဝယ်ယူမှုသည် လယ်သမားနှင့်အစိုးရတို့အကြား ချစ်ကြည်မှုကို ပျက်ပြားစေသည်။ အစိုးရသည် ပြည်သူတစ်ရပ်လုံးအတွက် သတ်မှတ်ဈေးနှင့်သာရောင်းလိုလျှင် သတ်မှတ်ဈေးပေးပြီးဝယ်ယူမှရမည်ဖြစ်သည်။ သတ်မှတ်ဈေးထက်ပိုပေးနိုင်သူများက လယ်သမားများကို နည်းမျိုးစုံဖြင့်ဆွယ်ကြသည့်အခါတွင် ပုန်းကွယ်ဈေးကွက် (မှောင်ခိုဈေးကွက်) ကို ကြီးထွားစေတော့သည်။

၁၉၇၄-၇၅ ခုနှစ်တွင် ကုန်ဈေးနှုန်းများမကြီးလာစေရန်နှင့် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်နိုင်ရန်အတွက် ဆန်ဈေးကိုထိန်းရန်လည်း လိုအပ်သည်။ သို့ဖြစ်ရာ ဆန်ဈေးများတိုးပေးပြီးဝယ်ယူခြင်း၊ ဆန်ဈေးမကြီးစေရေးအတွက် အစိုးရမှ အရှုံးခံရောင်းပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သေးသည်။ ၁၉၇၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ဆန်ဈေးချကာ အရှုံးခံရောင်းပေးသည့်အတွက် နိုင်ငံတော်မှ ဆုံးရှုံးငွေ ကျပ်သိန်းပေါင်း ၁၁၆၅ ခန့်ရှိခဲ့ကြောင်း တွေ့ရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နှစ်တိုနှစ်ရှည်စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်ပါသည်။ ၁၉၇၅ မှ ၁၉၇၉ ခုနှစ်အတွင်း ဒုတိယ လေးနှစ်စီမံကိန်းကာလကတည်းက စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ တတိယလေးနှစ်စီမံကိန်းကာလအတွင်း စပါးအထူးအထွက်တိုးစိုက်ပျိုးရေးအပါအဝင် လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ခဲ့သည်ဟုဆိုရမည်။ သို့သော် ပြည်ပချေးငွေအထောက်အပံ့ဖြင့် ရယူဆောင်ရွက်သည့် အချို့လုပ်ငန်းများတွင် လေလွင့်ပြုန်းတီးခြင်း၊ ရင်းနှီးမြှုပ်နှံမှုခွဲဝေပုံမှားယွင်းခြင်း၊ ရည်မှန်းထားသည့်ကာလအတွင်း ကုန်ပစ္စည်းမထုတ်လုပ်နိုင်ခြင်း စသည့် အားနည်းချက်များကြောင့် ပဉ္စမလေးနှစ်စီမံကိန်းတိုင်အောင် ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကြွေးမြီပေးဆပ်ရန်အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။



## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ် (၁၉၈၈ မှ ၁၉၉၇)

၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင်-

- သတ်မှတ်ထားသည့် အင်အားစုများကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဆန်များရောင်းချပေးနိုင်ရန်၊
- သဘာဝဘေးဒဏ် ကျရောက်ခံစားနေရသူများအတွက် နိုင်ငံတော်မှ အခမဲ့ဆန်များဖြန့်ဖြူးပေးရန်၊
- စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ပတ်သက်ပြီး အရေးကြုံလာလျှင် သုံးစွဲနိုင်ရန် နိုင်ငံတော်၏အရန်ဆန်များထားရှိရန်၊
- ပိုလျှံသည့်ဆန်များကို နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပသို့တင်ပို့ရောင်းချရန်ဆိုသည့် မူဝါဒများ ချမှတ်လုပ်ဆောင်လာကြောင်း တွေ့ရသည်။

၁၉၈၈ ခုနှစ်မှစတင်ပြီး ပြည်ပဆန်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၉၄-၉၅ တွင် ဆန်တန်ချိန် တစ်သန်းကျော် နိုင်ငံခြားသို့ တင်ပို့လာနိုင်ကြောင်း တွေ့ရသည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ် (၁၉၉၇ မှ ယနေ့အထိ)

၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖျက်သိမ်းပြီးလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ပြန်လည်အစားထိုးဖွဲ့စည်းခဲ့သည်။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအနေဖြင့်ပင်-

www.foreverspace.com.mm



– တောင်သူလယ်သမားများအား စိုက်စရိတ်များကို ကြိုတင်ထုတ်ပေးရန်၊

– သတ်မှတ်ထားသည့် အင်အားစုများကို နိုင်ငံတော်က သတ်မှတ်ဈေးနှုန်းဖြင့် ဆန်များဖြန့်ဖြူးရောင်းချပေးရန်၊

– အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည့် နိုင်ငံခြားဝင်ငွေများ ရှာဖွေဖြည့်တင်းရန်၊

– နိုင်ငံသားများ၏ သီးနှံရောင်းဝယ်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊

– သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် ပံ့ပိုးကူညီနိုင်ရန်အတွက် အရန်ဆန်စပါးများထားရန်ဆိုသည့် မူဝါဒများ ချမှတ်လုပ်ဆောင်လာခဲ့သည်။

နိုင်ငံခြားဆန်တင်ပို့မှုတွင် ၁၉၉၄–၉၅ ခုနှစ်များအတွင်း အစိုးရက ဝယ်ယူရရှိသည့်စပါးတန်ချိန် ၈၀၀,၀၀၀ နှင့် မြန်မာ့စိုက်ပျိုးရေး၊ သမဝါယမအသင်းများမှ ဝယ်ယူရရှိသည့်တန်ချိန် ၂၀၀,၀၀၀ တင်ပို့နိုင်သဖြင့် ဆန်တန်ချိန်တစ်သန်း တင်ပို့နိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ ၂၀၀၁–၂၀၀၂ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၉၅၂,၀၀၀ နှင့် ပေါ်ဆန်းမွှေး၊ လုံးသွယ်မွှေးဆန်တန်ချိန် ၅၁၉ တန်ကို နိုင်ငံခြားသို့တင်ပို့ကာ ကမ္ဘာ့ဆန်ဈေးကွက်ကို စတင်ထိုးဖောက်လာနိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမား ပြည်သူတစ်ရပ်လုံး၏အကျိုးအတွက် နိုင်ငံ၏ အဓိကသီးနှံ ဆန်စပါးကို ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ် စပါးရာသီမှစတင်ကာ အစိုးရ၏ တိုက်ရိုက်ဝယ်ယူခြင်းမှ ရပ်ဆိုင်းလိုက်သည်။ ၂၀၀၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဆန်စပါးကို လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့် မူဝါဒသစ်ကို ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။

အစိုးရသည် ဈေးကွက်စီးပွားရေးစနစ်ကိုပြောင်းလဲကျင့်သုံးလာပြီး တိုင်းရင်းသားပြည်သူများ အတွေ့အကြုံများလာပြီဟု ယုံကြည်သောကြောင့် ထိုသို့ခွင့်ပြုခြင်းဖြစ်ကြောင်းဆိုသည်။ ထို့ပြင်နိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် ဆန်စပါးလုပ်ငန်း ပြုပြင်ပြောင်းလဲရန်လိုအပ်ချက်ကို နိုင်ငံတော်မှဖြည့်ဆည်းပေးခြင်းဟူ၍လည်း ဆိုထားသည်။ ခေတ်ဟောင်းစနစ်ဟောင်းမှ နောက်ဆုံးကျန်ရှိနေသည့် ကန့်သတ်ချက်များကို ဖယ်ရှားပေးလိုက်ခြင်းဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုပြီးပြည့်စုံစေရန် အကောင်အထည်ဖော်ပေးလိုက်ခြင်းပင်ဖြစ်သည်။

အစိုးရ၏ ဆန်စပါးနှင့် ပတ်သက်သည့်မူဝါဒသစ် ရည်ရွယ်ချက်မှာ –

(က) တောင်သူလယ်သမားများက နိုင်ငံတော်၏ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှုကို နှစ်ခြိုက်ပြီး လယ်ယာထွက်ကုန်များကို အားကြိုးမာန်တက် ထုတ်လုပ်လာနိုင်စေရန်၊

(ခ) ဆန်စပါးကို ဝယ်ယူစားသုံးကြရာ၌ ဈေးကွက်တွင် မျှတသောဈေးနှုန်းဖြင့်



www.foreverspace.com.mm

ကျေကျေနပ်နပ် ရောင်းဝယ်စားသုံးနိုင်ရန်၊

(ဂ) ပြည်တွင်းစားသုံးမှုမှပိုလျှံသော ဆန်စပါးများကို ပို့ကုန်မူဝါဒနှင့်အညီ ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေရရှိရန်ဟု ဆိုထားသည်။

ဆန်စပါးဝယ်ယူရေးနှင့်ပတ်သက်ပြီး–

(က) အစိုးရအဖွဲ့အစည်း မပါဝင်ဘဲ တိုင်းရင်းသားများ မည်သူမဆို ရောင်းဝယ်ခွင့်ရှိသည်။

(ခ) ဈေးနှုန်းသည် ဖြစ်ပေါ်နေသော ဈေးကွက်ဈေးနှုန်းအတိုင်းဖြစ်သည်။

(ဂ) တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ တစ်သင်းတစ်ဖွဲ့သော်လည်းကောင်း လက်ဝါးကြီးအုပ်ဝယ်ယူခြင်းမပြုရဟူ၍လည်း သတ်မှတ်ပြဋ္ဌာန်းထားပေးသေးသည်။

ဆန်စပါးရောင်းချရေးနှင့်ပတ်သက်၍လည်း–

(က) ပြည်တွင်း၌ ရောင်းချခြင်းအတွက်

တိုင်းရင်းသားမည်သူမဆို လွတ်လပ်စွာရောင်းချဖြန့်ဖြူးခွင့်ရှိသည်။

(ခ) ပြည်ပနိုင်ငံများသို့ရောင်းချခြင်းအတွက်

၁။ မြန်မာနိုင်ငံ ဆန်စပါးရောင်းဝယ်ရေးဦးဆောင်အဖွဲ့၏ လမ်းညွှန်ချက်ဖြင့်ဆောင်ရွက်သွားမည်။

၂။ ပြည်တွင်းစားသုံးမှု ပိုလျှံမှသာ ပြည်ပသို့ရောင်းချသွားမည်။

၃။ ပြည်ပရောင်းချငွေထဲမှ လောလောဆယ်သတ်မှတ်ပေးထားသော ပို့ကုန်အခွန် ၁၀ ရာခိုင်နှုန်းပေးပြီးနောက် ကျန်ငွေကို အစိုးရနှင့် ဆန်တင်ပို့သူတို့က ၅၀ ရာခိုင်နှုန်းစီခွဲဝေယူရန်။

၄။ အစိုးရကရယူသော ၅၀ ရာခိုင်နှုန်းအတွက် ရင်းနှီးကျသင့်ငွေကို ပေးချေမည်ဟု သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။

## ဆန်ဈေးနှင့် နိုင်ငံရေးသုံးသပ်ချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီလက်ထက်တွင် ဆန်စပါးမူဝါဒနှင့်ပတ်သက်ပြီး နှစ်ကြိမ်တိုင် ပြုပြင်ပြောင်းလဲခဲ့ကြောင်းတွေ့ရသည်။ ဆန်စပါးကို အစိုးရက ချုပ်ကိုင်ဆောင်ရွက်ရာမှ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးလိုက်ခြင်းသည် စီးပွားရေးတွင်သာမက နိုင်ငံရေးတွင်ပါ တည်ငြိမ်ရေးအတွက် များစွာ အထောက်အကူပြုခဲ့ကြောင်းလည်း တွေ့ရသည်။ ဆန်ဈေးကို ခေတ်အဆက်ဆက် ကန့်သတ်ထားရာမှလွှတ်ပေးလိုက်ခြင်း၏ အကျိုးဆက်အဖြစ် ပြည်တွင်းဆန်ဈေးကွက်ကို ထိန်းထားနိုင်သည့်အနေအထားကို တွေ့ရသည်။ အစိုးရ၏ ဆန်စပါးထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပေးရေးမှုသည် ပုဂ္ဂလိကဈေးကွက်ဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူပြုခဲ့သည်။

ဈေးကွက်စီးပွားရေးစနစ်ဟူ၍ ၁၉၈၇–၈၈ ခုနှစ်ခန့်မှ စတင်လာချိန်မှစပြီး ခေတ်အဆက်ဆက်ထိန်းချုပ်လာခဲ့သည့် ဆန်စပါးစနစ်ကို ကင်းလွတ်ခွင့်ပေးလိုက်သည်။ ထိုအချိန်မှစတင်ပြီး လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို အဆင့်နှစ်ဆင့်ဖြင့်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ ပထမအဆင့်သည် ပြည်တွင်းဈေးကွက် ပြုပြင်ပြောင်းလဲရေး ဖြစ်သည်။ ပထမအဆင့်ပြုပြင်ပြောင်းလဲရေးမှုအရ ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံး လယ်သမားတွေဆန်ခွဲတမ်းအနေဖြင့် အစိုးရကိုပေးသွင်းနေရမှုကို ဖျက်သိမ်းလိုက်သည်။ ထိုစနစ်အရ လယ်သမားများသည် အစိုးရကို စပါးရောင်းချင်မှ ရောင်းနိုင်သည်။ ဈေးကွက်တွင် ကြိုက်ဈေးဖြင့် ရောင်းလိုသူထံ ရောင်းချခွင့်ကို ပထမဦးဆုံးပြန်လည်ရရှိလာကြသည်။ ထို့ကြောင့် ကုန်သည်ပွဲစားလူတန်းစားနှင့် လယ်သမားတို့ လွတ်လပ်စွာ ပြန်လည်ပေါင်းစည်းခွင့် ရရှိလာကြသည့်ကာလဟု ပြောနိုင်သည်။ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲမှုအဖြစ် ဆန်ကိုပြည်ပသို့တင်ပို့လိုသူများကို Exporter များအဖြစ် မှတ်ပုံတင်စေပြီး ခွင့်ပြုလာခြင်း ဖြစ်သည်။

လယ်ယာလုပ်ငန်းဖွံ့ဖြိုးခြင်းသည် ဆည်မြောင်းတာတမံများ အလုံအလောက်တည်ဆောက်ပေးနိုင်ခြင်း၊ ဓာတ်မြေသြဇာများ အလုံအလောက်အသုံးပြုနိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် အချိတ်အဆက်မိနိုင်ခြင်းတို့အပေါ်တွင် တည်မှီနေရသည်ဖြစ်သောကြောင့် အစိုးရအနေဖြင့် ထောက်ပံ့မှုများ၊ မက်လုံးများပေးလေ ဖွံ့ဖြိုးတိုးတက်လေဟူ၍လည်း ဆိုနိုင်သည်။

ဆန်သည် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများ၏ အဓိကစားသုံးကုန်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ အာရှဈေးကွက်သည် ဆန်ဈေးအတက်အကျကို အထူးအလေးထားလေ့ရှိသည်။ အာဖရိကတိုက် နေရာ



www.foreverspace.com.mm





အတော်များများတွင် ငတ်မွတ်ခေါင်းပါးခြင်းဖြင့် လူပေါင်းများစွာ ဒုက္ခရောက်နေချိန်တွင် ဆန်စားသုံးသည့်၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်သည့်မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသည် ဆန်ကို အားကိုးအားထားပြုကာ ကံကောင်းနေကြသည်ဟူ၍လည်း ဆိုနိုင်သည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကထား၍လုပ်ကိုင်နေကြရသည့် နိုင်ငံအများစုသည် အရင်းအနှီးနှင့် နည်းပညာပေါကြွယ်သည့်နိုင်ငံများ မဟုတ်ကြပေ။ နိုင်ငံပြည်တွင်းရေး၊ နိုင်ငံရေး၏အားနည်းချက် အားသာချက်များတွင် အာဏာကိုပါချိန်ညှိပြီး လှုပ်ရှားရန်းကန်နေကြရသည့်နိုင်ငံများဖြစ်သည်။ ဆန်စပါးထုတ်လုပ်သည့်နိုင်ငံအများစုပြဿနာမှာ ပြည်တွင်းဖူလုံအောင်စိုက်ပြီး နိုင်ငံခြားတင်ပို့ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ရေးဖြစ်သည်။ နိုင်ငံခြားသို့ ဆန်တင်ပို့နိုင်ရေးသည် ယခုအခါ အပြိုင်အဆိုင်များလာသဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်တိုးစပါးမျိုးများစိုက်ပျိုးနိုင်ရေး၊ နိုင်ငံတကာဆန်ဝယ်လိုသည့်နိုင်ငံများနှင့် ချိတ်ဆက်နိုင်ရေး၊ အပြိုင်အဆိုင်ရောင်းချနိုင်ရေးတို့သည် အရေးကြီးသည့် စိန်ခေါ်မှုများဖြစ်လာသည်။ ဆန်ထုတ်သည့်နိုင်ငံများရော၊ ဆန်မထုတ်သည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများပါ မိမိတို့နိုင်ငံရှိပြည်သူများ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် အရန်အတားထားခြင်း၊ တင်သွင်းခြင်းများပြုလုပ်ကြရသည်။ မည်သို့ဆိုစေ ဆန်ကိုလွတ်လပ်စွာကုန်သွယ်ခွင့်ပြုခြင်း၏ ဘေးထွက်ဆိုးကျိုးကို မခံစားစေလိုပါက အပြည့်အဝခံစားခွင့်နှင့် အထောက်အပံ့များ ဖန်တီးပေးရေးသည် နိုင်ငံတစ်နိုင်ငံအစိုးရ၏ တာဝန်များသာ ဖြစ်သည်။

ဆန်တင်ပို့သည့်နိုင်ငံအများစုသည် မိမိတို့နိုင်ငံ ထွက်ကုန်မြင့်မားရေးကို အဓိကထားပြီး လုပ်ဆောင်နေကြသည်သာ ဖြစ်သည်။ ဆန်မှာသည့်နိုင်ငံအများစုကလည်း မလွဲသာလွန်းမှသာ မှာမည်၊ ဖြစ်နိုင်လျှင် ကိုယ့်နိုင်ငံတွင်သာ ထုတ်လုပ်နိုင်သည့်ဘဝမျိုးကို ပိုင်ဆိုင်လိုကြသည်။ သို့ဖြစ်ရာ ဆန်တင်ပို့မှုဈေးကွက်သည် ပြိုင်ဆိုင်မှုအရရော၊ ကိုယ်တိုင်ထုတ်ဖြေရှင်းနည်းစနစ်အရပါ တစ်နည်းမဟုတ်တစ်နည်းဖြင့် လျော့နည်းလာနိုင်စရာရှိသည်ဟု နိုင်ငံတကာပညာရှင်အချို့က ခန့်မှန်းထားကြသည်။

ဆန်ကို စီးပွားဖြစ်ထုတ်လုပ်သည်ဆိုရာတွင် အရည်အသွေးကောင်းပြီး အရသာရှိသည့်အမျိုးအစားများကို ထုတ်လုပ်ရေးသည် အရေးကြီးလာပြီဖြစ်သည်။ သို့မှသာ စိုက်ရကျိုးလည်းနပ်၊ တိုင်းပြည်ဝင်ငွေလည်းတိုးနိုင်မည်ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးစရိတ်နှင့် ထုတ်လုပ်မှုစရိတ်များ လျှော့ချနိုင်ရေးကလည်း အရေးကြီးသည်။ ထိုစရိတ်များလျှော့ချနိုင်လေ မိမိနိုင်ငံလူနေမှုဘဝများတိုးတက်လေဟူ၍ ခံယူထားရန်လည်း လိုသည်။

ဆန်စပါးစိုက်ပျိုးသည့် တောင်သူ

www.foreverspace.com.mm

လယ်သမားများအနေဖြင့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးသုံးစွဲရေးကို တတ်နိုင်သမျှလျှော့ချပြီး သဘာဝဓာတ်မြေသြဇာများကိုသုံးစွဲခြင်းဖြင့် မိမိတို့အတွက်သာမက သဘာဝပတ်ဝန်းကျင်အတွက်ပါ အကျိုးရှိကြောင်း ပညာပေးရန်လည်းလိုသည်။ ဈေးကွက်အကျိုးအမြတ်ထက် မိမိတို့ရေရှည်အကျိုးအမြတ်ကို ချင့်ချိန်တွက်ဆတတ်ရန်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးနှင့် ပညာပေးမှုအပေါ်တွင် များစွာမူတည်နေသည်။ နိုင်ငံတကာတွင် 3R (Reduce, Recess, Refrain) ဆိုသည့်မူများဖြင့် ဓာတုနှင့် ပိုးသတ်ဆေးများ မသုံးစွဲရေးကို ဆောင်ပုဒ်တစ်ခုအနေဖြင့် လက်ခံကျင့်သုံးလာသလို မြန်မာနိုင်ငံတွင်လည်း အရေးထားဆောင်ရွက်ရန် လိုလာပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံထုတ်ဆန်သည် အမှတ်တံဆိပ်ခပ်နိုပ်နိုင်လောက်သည့် အမျိုးအစား ဖြစ်ရန်လိုသည်။ အမည်သည် နိုင်ငံတကာဈေးကွက်တွင် အလွန်အရေးကြီးသည်။ ဥပမာ–ထိုင်းနိုင်ငံတွင် ဟုမ္မာလီဆန်မျိုးသည် အရည်အသွေးကောင်းပြီး သက်တမ်းရှည်ဆန်မျိုးအဖြစ် နာမည်ကျော်သည်။ အမည်အမှတ်တံဆိပ်သည် နိုင်ငံတော်ကိုကိုယ်စားပြုနေသဖြင့် စံချိန်မီဆန်မျိုးဖြစ်ရန် လိုသည်။ သို့ဖြစ်ရာ ဆန်များထဲမှ အရည်အသွေးအကောင်းဆုံးဆန်ကို အဆင့်အမှတ်ပေးထားရန်လိုသည်။ မိမိတို့စမ်းသပ်ဖော်ထုတ်ထားသည့် မျိုးစပါးများကို 'မူပိုင်ခွင့်' အနေဖြင့် မှတ်ပုံတင်ထားနိုင်ရေးတို့ကိုပါ ထည့်သွင်းစဉ်းစားရန်လိုလာသည်။ မည်သည့်နိုင်ငံကထွက်သည့် ထွက်ကုန်ဖြစ်ကြောင်း တံဆိပ်မြင်လိုက်သည်နှင့် တန်းသိနိုင်ခြင်းသည် နိုင်ငံ၏ဂုဏ်ဖြစ်သည်။

ဆန်ဈေးကွက်ဖြင့် နိုင်ငံစီးပွားကို အဖြေရှာလိုလျှင် ဈေးကွက်ဝင်ဆန်မျိုးကိုသာ တိုးစိုက်နိုင်ရမည်ဖြစ်သည်။ ဈေးကွက်ဝင်ရန်အတွက် ပုံသေစိုက်ပျိုးရန်မဖြစ်နိုင်ပေ။ တစ်နိုင်ငံလုံး အချိုးညီစွာစိုက်ပျိုးနိုင်ရေးနှင့် ပြည်ပလိုအပ်ချက်တို့ကို ဆက်စပ်ပေးနိုင်လျှင် အကျိုးရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ လိုအပ်ချက်နှင့်အညီထုတ်၊ အချိန်မီဈေးကွက်တင်နိုင်ရေးဆိုသည်မှာ ဂရုပြုရမည့်အချက်များ ဖြစ်သည်။





နိုင်ငံတကာလယ်ယာထွက်ကုန် လုပ်ငန်းတွင် ကွင်းဆက်များရှိသည်။ လယ်သမား၊ ထုတ်လုပ်သူ၊ နိုင်ငံခြားသို့ပို့သူ၊ နိုင်ငံခြားမှတင်သွင်းသူတို့သည် ချိတ်ဆက်မိမိလုပ်ဆောင်နိုင်ရန်လိုသည်။ ထိုကွင်းဆက်သည် အကျိုးအမြတ်ကိုမူတည်ပြီး ဆက်နွယ်နေသော ကွင်းဆက်ကြီးလည်းဖြစ်သည်။ သို့ဖြစ်ရာ အရည်အသွေးကောင်းသည့်၊ လုံခြုံစိတ်ချရသည့်၊ စစ်မှန်သည့်၊ နောက်ကြောင်းရာဇဝင်ရှိသည့်ဆန်မျိုးများ ထုတ်လုပ်နိုင်ရေးသည် အရေးကြီးလာသည်။ တစ်ဦးကောင်းထုတ်လုပ်ခြင်းထက် စုပေါင်းထုတ်လုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးများနိုင်ခြင်း စသည့် အသိပညာများပေးရန်လည်း လိုအပ်လာသည်။

နောက်ဆုံးအချက်အနေဖြင့် ဆန်ထုတ်လုပ်ရာတွင် ပိုမိုအောင်မြင်စေမည့် နည်းလမ်းမှာ နိုင်ငံခြားပို့ကုန်များအပေါ်တွင် တတ်နိုင်သမျှ ကင်းလွတ်ခွင့်များပေးရေးနှင့် ဈေးကွက်တွင် ပါဝင်ယှဉ်ပြိုင်လိုသူတိုင်းကို လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးရေးတို့ဖြစ်သည်။

**မောင်ခေတ်**

www.foreverspace.com.mm

# Which & Why ဘယ်ပစ္စည်းဘာ့ကြောင့်

## လူဝံရုပ်

ပိုးသားအမွေးဖြင့် ပြုလုပ်ထားသည့် လူဝံရုပ်ဖြစ်။ အကြီး၊ အသေး အရွယ်မျိုးစုံရှိ။ အညိုရောင်ဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၂,၅၀၀ ကျပ်ဖြစ်။





## Liming လည်ပင်းအကြောနှိပ်စက်

Liming အမှတ်တံဆိပ် LM-338 မော်ဒယ်လ်အမျိုးအစား လည်ပင်းအကြောနှိပ်ကိရိယာဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ တုန်ခါမှုဖြင့် အကြောကို ဖြေလျှော့ပေးခြင်းဖြစ်။ ကျေးငှက်တို့၏ သာယာသောအသံများ ထုတ်လွှတ်ပေးသည့်စနစ်ပါရှိ။ ခရီးသွားပါကလည်း ခေါင်းအုံးအဖြစ် အသုံးပြုနိုင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၀,၄၅၀ ကျပ်ဖြစ်။



## NIU NIUBA ခါးလှည့်ကိရိယာ

NIU NIUBA အမှတ်တံဆိပ် ၂၀၀၈ မော်ဒယ်လ်အမျိုးအစား ခါးလှည့်ကိရိယာဖြစ်။ ခါးရှိ အဆီများ ချပေးနိုင်သလို ခြေထောက်လေ့ကျင့်ခန်းလည်း ပြုလုပ်နိုင်။ လေ့ကျင့်ကစားနည်းပါရှိသော VCD တစ်ချပ်ပါရှိ။ ပလတ်စတစ်ဖြင့်ပြုလုပ်ထား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဟုဆို။

www.foreverspace.com.mm



## PANGAO မျက်ကြောနှိပ်ကိရိယာ



PANGAO အမှတ်တံဆိပ် PG-2404C မော်ဒယ်လ်အမျိုးအစား မျက်ကြောနှိပ်ကိရိယာဖြစ်။ လေပေါင်ဖြင့် မျက်ကြောကိုနှိပ်ပေးခြင်းဖြစ်။ AC ဖြင့် အသုံးပြုရခြင်းဖြစ်ပြီး Remote Control ပါရှိ။ တုန်ခါခြင်း၊ နှိပ်နယ်ပေးခြင်း စသည့် Function များပါရှိပြီး အနွေး၊ အမြန် ချိန်ညှိပေးနိုင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၃,၀၀၀ ကျပ်ဖြစ်။

## Daily Youth ခန္ဓာကိုယ်လေ့ကျင့်ခန်းစက်



Daily Youth အမှတ်တံဆိပ် 9919 (6 ways) မော်ဒယ်လ်အမျိုးအစား ခန္ဓာကိုယ်လေ့ကျင့်ခန်းပြုလုပ်သည့်စက်ဖြစ်။ လမ်းလျှောက်၊ ဒိုက်ထိုး၊ လက်မောင်းကြိုးဆွဲ၊ အိပ်ထမတင်၊ ခါးလှည့်နှင့် ဗိုက်ရှိ အဆီများချပေးနိုင်။ အနှေး၊ အမြန်ကို မိမိလိုသလိုချိန်ညှိပေးနိုင်။ AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅၉,၀၀၀ ကျပ်ဖြစ်။

## Good Air လေသန့်စက်



Good Air အမှတ်တံဆိပ် 1-800 မော်ဒယ်လ်အမျိုးအစား လေသန့်စက်ဖြစ်။ ဘူးထဲသို့ ရေတစ်ဝက်ထည့်ပြီး မိမိကြိုက်နှစ်သက်သည့် အမွှေးရနံ့တစ်စက်ကိုထည့်ထားရုံဖြင့် တစ်ရက်လုံး လေသန့်စင်ပေးနိုင်။ ၁၀ ပေပတ်လည်အထိ အမွှေးရနံ့ရ။ ကားနှင့် အိမ်များတွင် အသုံးပြုနိုင်။ DC-12 Volt ဖြစ်။ ပလတ်စတစ်ဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ခြောက်လအာမခံသက်တမ်းသတ်မှတ်ထား။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ် ပြီး ရောင်းဈေး ၄၀,၀၀၀ ကျပ်ဖြစ်။



## RADAR လျှပ်စစ်ခြင်ပြေးစက်

RADAR အမှတ်တံဆိပ် RD-125R မော်ဒယ်လ်အမျိုးအစား လျှပ်စစ်ခြင်ပြေးစက်ဖြစ်။ ဆေးရည်ထည့်ပြီး အသုံးပြုရခြင်းဖြစ်ပြီး ဆေးဘူးအပိုနှစ်ခုပါရှိ။ AC ဖြင့် အသုံးပြုရ။ 4 Watt ဖြစ်။ ၁၅ ပေပတ်လည်ရှိ ခြင်များကိုပြေးစေနိုင်။ ပလတ်စတစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## MINI Cigarette ဆေးလိပ်ဖြတ်စက်

MINI အမှတ်တံဆိပ် ဆေးလိပ်ဖြတ်စက်ဖြစ်။ လျှပ်စစ်ဓာတ်အားသွင်း၍ အသုံးပြုရခြင်းဖြစ်။ ဆေးလိပ်သောက်သကဲ့သို့ မီးခိုးများထွက်။ ဆေးလိပ် အစီခံအပို ၁၀ ခုပါရှိ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၀,၀၀၀ ကျပ်ဖြစ်။






## SWIVELS ကြိုးမဲ့ကြမ်းတိုက်စက်

SWIVELS အမှတ်တံဆိပ် CS 668 မော်ဒယ်လ်အမျိုးအစား ကြိုးမဲ့ကြမ်းတိုက်စက်ဖြစ်။ ဘက်ထရီခြောက်ပါရှိသဖြင့် အားသွင်း၍ အသုံးပြုရ။ ခေါင်းမှာ အရှင်ဖြစ်၍ လိုသလိုအသုံးပြုနိုင်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄,၀၀၀ ကျပ်ဖြစ်။

## Panasonic Caller ID Digital Cordless Phone

Panasonic အမှတ်တံဆိပ် KX-T2389D2 မော်ဒယ်လ်အမျိုးအစား Caller ID Digital Cordless Phone ဖြစ်။ ပြက္ခဒိန်၊ နာရီတို့လည်း ပါရှိ။ အဝင်ဖုန်းနံပါတ် ၅၀ နှင့် အထွက်ဖုန်း ၃၀ ခန့်မှတ်သားပေးနိုင်။ Cordless ဖုန်းကို ပေ ၃၀၀ အကွာအဝေးအထိ အသုံးပြုနိုင်။ ဖုန်းမြည်သံရှစ်မျိုး ပါရှိ။ ဖုန်းနှစ်ခုကို Inter Call လည်း အသုံးပြုနိုင်။ မလေးရှားနိုင်ငံလုပ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၅၀,၀၀၀ ကျပ်ဖြစ်။






## Panasonic ရေဖျန်းမီးပူ

Panasonic အမှတ်တံဆိပ် NIW310TS မော်ဒယ်လ်အမျိုးအစား ရေဖျန်းမီးပူဖြစ်။ ရေမွှေးထည့်၍လည်း အသုံးပြုနိုင်။ ရေနွေးငွေ့စနစ်လည်းပါရှိ။ နှစ်ဖက်ချွန်ဖြစ်၍ ၃၆၀ ဒီဂရီ မီးပူတိုက်နိုင်။ Titanium Coating ပါရှိသဖြင့် အထည်မရွေး အလွယ်တကူတိုက်နိုင်။ မလေးရှားလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၅,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## အိတ်ဆောင်ထမင်းနွေးဘူး

အိတ်ဆောင်ထမင်း၊ ဟင်းများကို နွေး၍အသုံးပြုနိုင်သော ထမင်းဘူး ဖြစ်။ ပလတ်စတစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်။ အောက်ခံချိုင့်အံထဲသို့ ရေထည့်၍ ရေနွေးငွေ့ဖြင့် ထမင်း၊ ဟင်းများကို နွေးရခြင်းဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရပြီး 160 Watt ဖြစ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇,၅၀၀ ကျပ်ဖြစ်။






## HOSEKI Caller ID Cordless Phone

HOSEKI အမှတ်တံဆိပ် H-3000 မော်ဒယ်လ်အမျိုးအစား Caller ID Cordless Phone ဖြစ်။ အဝင်ဖုန်းနံပါတ် ၅၀ ကို မှတ်သားပေးနိုင်။ အိမ်တွင်း၊ အိမ်ပြင် ပေ ၂၀၀ ကျော်အထိ ဖုန်းဆက်နိုင်။ AAA ဓာတ်ခဲနှစ်လုံး အသုံးပြုရ။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၃,၀၀၀ ကျပ်ဖြစ်။



## Cornell Coffee Maker

Cornell အမှတ်တံဆိပ် CCM2032 မော်ဒယ်လ်အမျိုးအစား Coffee Maker ဖြစ်။ ကော်ဖီခွက် ၁၂ ခွက်ဝင်ဆံ့နိုင်။ Fitter နှစ်ထပ်ပါရှိ။ ကော်ဖီအပြင်း၊ အပျော့ကို လိုသလို ချိန်ညှိနိုင်။ ကော်ဖီရည်ကို လည်း နွေးပေးထားနိုင်။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ် ပြီး ရောင်းဈေး ၃၈,၅၀၀ ကျပ်ဖြစ်။



## Samsonite ခရီးဆောင်အိတ်

Samsonite အမှတ်တံဆိပ် CO9 မော်ဒယ်လ်အမျိုးအစား ခရီးဆောင်အိတ်ဖြစ်။ လက်ကိုင်နှစ်ဖက် ပါရှိပြီး အောက်ခြေတွင် ဘီးနှစ်လုံးလည်းပါရှိ။ Master Key၊ Combo Lock စနစ်ပါရှိ။ အိတ်ကပ် သုံးအိတ်ပါရှိပြီး ဇစ်ဆွဲကာ ချဲ့၊ ချုံ့နိုင်သည့် အပြင်ဘက် အိတ်ကပ်ပါရှိ။ မိုးရေစိမ့်ဝင်မှုကို ကာကွယ်နိုင်။ အိန္ဒိယနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၃၂,၅၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fime၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၄ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီ

## ဥပဒေနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းဝန်ဆောင်မှု

အိမ်ရောင်း၊ အိမ်ဝယ် ပြုလုပ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ ပိုင်ဆိုင်မှုမြေ အမည်ပေါက်လွှဲပြောင်းထားတဲ့အခါမှာပဲဖြစ်ဖြစ် တရားဝင် ခိုင်မာမှုရှိအောင် စာချုပ်နဲ့တကွ ပြုလုပ်လေ့ရှိကြပါတယ်။ ဒါ့အပြင် အမွေစားအမွေခံစာချုပ်၊ ကုန်အမှတ်တံဆိပ်စာချုပ် စသလို စသလို ရန်ကုန်မြို့တော်က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာတင်သွင်း စာချုပ်အမျိုးမျိုးအတွက် အထူးဝန်ဆောင်မှုပေးနေတာပါတဲ့။ ဒီလို များပြောင်ရှုပ်ထွေးလှတဲ့ ကိစ္စရပ်အမျိုးမျိုးအတွက် စာချုပ်အမျိုးမျိုးချုပ်ဆိုနိုင်မယ့်အပြင် ရောင်းဝယ်၊ ငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်တွေ၊ ပိုင်ဆိုင်မှု မှန်မမှန်ကိုလည်း ဥပဒေနဲ့အညီ တိတိကျကျစာချုပ်ချုပ်ဆိုနိုင်အောင် ပြုလုပ်ပေးမယ်လို့ဆိုထားလို့ စာချုပ်နဲ့ကင်းလို့မဖြစ်တဲ့လူ့အသိုင်းအဝိုင်းအတွက် တစ်စုံတစ်ခုအထောက်အကူဖြစ်အောင် လမ်းညွှန်ပေးလိုက်တာပါ။

- **စံမြင့်မြတ် စာချုပ်စာတမ်းဥပဒေအထူးဝန်ဆောင်မှု**
  အမှတ်-၇၆/၈၀၊ ပထမထပ် (ဝဲ)၊ ဗညားဒလလမ်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၉၈၃၆၃၊ ၀၉-၅၁၅၆၆၅၇

- **S.K.N အိမ်ခြံမြေ၊ ဥပဒေ အကြံပေးနှင့် စာချုပ်စာတမ်း ဝန်ဆောင်မှု**
  အမှတ်-၁၊ မြေညီထပ်၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်။
  ရန်ကုန်။ ဖုန်း-၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၀၉- ၉၉၂၉၁၈၆၊
  ၀၉-၅၁၁၉၇၀၃၊ ၀၉-၅၀၅၁၇၈၅ ၊ ၀၉-၅၁၇၇၉၅၃

- **Myanmar Middle Way Service Co., Ltd.**
  တိုက်-J၊ အခန်းအမှတ်-၆၀၁၊ အနော်ရထာအိမ်ရာ၊
  လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၄၆၆၃၅၊ ၅၁၀၁၄၆
  info@myanmarmiddleway.com
  အခန်းအမှတ်-၀၁/၂၆၊ ဆိပ်ကမ်းသာလမ်း၊
  Asia Plaza, ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၁၇၆၀၈ ၊ ဖက်စ်-၅၁၀၁၄၆
  http://www. myanmarmiddleway.com

## ဘာသာစကားသင်

အရှိန်အဟုန်နဲ့ စီးဆင်းနေတဲ့ ပညာရပ်နယ်ပယ်တွေထဲ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ ပညာရပ်သင်ယူခွင့်တွေဆိုတာလည်း များပြားလာတာတွေ့ရပါတယ်။ လုပ်ငန်းလုပ်ကိုင်ရာမှာလည်း အပြိုင်အဆိုင်နဲ့ လုပ်ကိုင်ကြရတာမို့ တရားသောနည်းလမ်းနဲ့ ပြိုင်ဆိုင်တာမျိုးဖြစ်အောင် အရည်အချင်းနဲ့ အရည်အသွေးမှာ အများထက်မသာတောင်တန်းတူရှိနေဖို့ ကြိုးစားထားကြရမှာပါ။

အဲဒီလိုအရည်အချင်းပြည့်ဖို့ဆိုတာ အသစ်၊ အသစ်ထွက်ပေါ်နေတဲ့ နည်းပညာတွေကိုသင်ယူလေ့လာဖို့သာမက ဘာသာခြားစကားတစ်ခုခုတတ်ထားဖို့ကလည်း မလွဲမသွေလိုအပ်လှပါတယ်။ အခုညွှန်ပေးမှာက ဘာသာစကားသင်ယူလိုသူတွေအတွက် တစ်ဦးချင်းသီးသန့်သင်ယူနိုင်မယ့် သင်တန်းမျိုးပါ။ ဂျာမန်၊ ဂျပန်၊ အင်္ဂလိပ်စာတွေကို သင်ယူနိုင်ပါတယ်။ ဆရာမ ဒေါ်ကေမှန် B.A (German) ရဲ့ သင်တန်းပါတဲ့။ စိတ်ဝင်စားသူတွေမေးမြန်းဆက်သွယ်တက်ရောက်နိုင်အောင်လို့ ဆက်သွယ်ရမယ့်လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

**လိပ်စာ-**

အခန်းအမှတ်-၀၀၅၊ တိုက်-၂၊
ပါရမီလမ်း၊ ပါရမီအိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၂၂၅၀ လိုင်းခွဲ-၂၀၁
ဖုန်း-၅၂၂၂၅၅ လိုင်းခွဲ-၂၀၁

www.foreverspace.com.mm



## ဈေးသင့်တင့်တဲ့ ဗီတာမင်အားဆေး

အားဆေးတစ်ခုခု မှီဝဲဖို့လိုတယ်။ ပိုက်ဆံလည်း သိပ်မသုံးချင်ဘူးဆိုသူတွေအတွက် ဗီတာမင်အားဆေးတစ်မျိုးပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေထုတ်လုပ်ထားတာဖြစ်ပြီး ဈေးနှုန်းက လောလောဆယ် ၁၅၀၀ ကျပ်ပါ။

Power Vita အမှတ်တံဆိပ် ဒီအားဆေးက အမြဲမပြတ်စဉ်းစားအားထုတ်ရတဲ့ အလုပ်လုပ်ကိုင်နေသူတွေ၊ အားကစားသမားတွေနဲ့ နာလန်ထစ လူမမာ၊ နာတာရှည်လူနာတွေအတွက် အထူးသင့်တော်တယ်လို့ ဒီဆေးကို တင်သွင်းဖြန့်ချိတဲ့ ကုမ္ပဏီက ဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အားဆေးဟာ တစ်ပါးသူအတွက် လက်ဆောင်ပေးရင်လည်း အပိုပစ္စည်းဖြစ်မှာကို ပူစရာမလိုတဲ့ ပစ္စည်းတစ်ခုပါ။ အမြို့မြို့အနယ်နယ်က ဆေးဆိုင်တွေမှာ ဝယ်ယူနိုင်ပါတယ်။

## စင်ကာပူရောက် မြန်မာများအတွက်

စင်ကာပူကို အလည်အပတ်သွားရောက်ဖို့ပဲဖြစ်ဖြစ်၊ အဲဒီမှာ အခြေချပြီး အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းတွေငှားပြီး နေထိုင်လုပ်ကိုင်လိုရင်ပဲဖြစ်ဖြစ် အစစအရာရာအဆင်ပြေစေဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ငှားရမ်းခသင့်တင့်တဲ့အပြင် MRT ဘူတာ၊ Bus မှတ်တိုင်၊ အလုပ်၊ ကျောင်းစတာတွေနဲ့နီးတဲ့ ကွန်ဒိုအခန်း၊ HDB အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းတွေကို စိတ်တိုင်းကျရှာဖွေပေးမှာဖြစ်တယ်လို့ဆိုထားလို့ စင်ကာပူရောက်မြန်မာတွေအတွက် အထူးလမ်းညွှန်ပေးလိုက်ရတာပါ။

ဒီဆောင်ရွက်ပေးနေတဲ့သူက စင်ကာပူ Maxiworld အကျိုးဆောင်ကုမ္ပဏီရဲ့ လိုင်စင်ကိုရရှိထားတယ်လို့လည်းဆိုပါတယ်။ ထူးခြားချက်အနေနဲ့ တိုက်ခန်းဝယ်ယူချင်သူတွေအတွက်လည်း ဝယ်ယူမယ့်တိုက်ခန်းတန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းကို သက်သာတဲ့ဘဏ်တိုးနှုန်းနဲ့ နှစ် ၃၀ ပေးဆပ်ဖို့ စင်ကာပူဘဏ်တွေဆီကရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ ဆိုထားတာပါပဲ။ အလွယ်တကူဆက်သွယ်နိုင်အောင်လို့ ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်နဲ့ E-mail လိပ်စာတွေကို ဖော်ပြပေးလိုက်ပါတယ်။

ဆက်သွယ်ရန် –

**ဒေါ်မေသူ**
ဖုန်း –(၆၅)–၉၈၅၅၊ ၆၆၁၂
ရန်ကုန်ဖုန်း – ၀၉–၅၁၅၁၃၂၃
E-mail: chamtsw@yahoo.com

## နေရာပြောင်း၊ လိပ်စာသစ်

- **O.B.F Language School**
  အမှတ်–၂၀၀/၂၀၈၊
  အခန်း–၄၀၂၊ ၅ လွှာ၊ ၃၅ လမ်း၊
  ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၃၈၀၄၀၅၊
  ၀၉–၅၀၆၁၃၄၃

- **MARIO**
  **တယ်လီဖုန်းအပိုပစ္စည်းဆိုင်**
  အမှတ်–၃၂၀၊ ၈၃ လမ်း၊
  ၃၀× ၃၁ လမ်းကြား၊
  မန္တလေး။
  ဖုန်း–၀၂–၆၈၈၆၈၊ ၀၉–၆၈၀၀၄၀၅၊
  ၀၉–၂၀၀၂၀၇၁

## ဆုတံဆိပ်မျိုးစုံ ပြုလုပ်နိုင်မယ့်နေရာ

အားကစားပြိုင်ပွဲတွေမှာပဲဖြစ်ဖြစ်၊ ပညာရေးနဲ့ပတ်သက်လို့ ဆုပေးတဲ့နေရာမျိုးတွေမှာပဲဖြစ်ဖြစ် အသုံးပြုမယ့်ဆုတံဆိပ်တွေ ပြုလုပ်နိုင်တဲ့နေရာတစ်ခုပါ။ စတီးအပြင် ရွှေ၊ ငွေတွေနဲ့ပါ ပြုလုပ် နိုင်ပါတယ်။ ဒါမှမဟုတ် ကိုယ့်ရဲ့အိမ်ခြံဝင်းရှေ့မှာ ကြေးပြားလေးနဲ့အိမ်နံပါတ်ပြုလုပ်မယ်ဆိုသူတွေအတွက်လည်း အဆင်ပြေနိုင်ပါသေးတယ်။ လတ်တလောကတော့ အိမ်နံပါတ်ပြုလုပ်သူတွေအတွက် ၆၅၀၀ ကျပ်ဝန်းကျင်သာ ကျသင့်မှာပါ။

အဲဒီလိုကြေးဆုတံဆိပ်၊ ရွှေဆုတံဆိပ်တွေအပြင် အလှူအတန်းပြုလုပ်သူတွေအတွက် အလှူ့ရှင်ကမ္ပည်းဆိုင်းဘုတ်တွေကိုလည်း အပ်နှံသူစိတ်ကျေနပ်မှုရှိအောင် အော်ဒါလက်ခံဆောင်ရွက်ပေးတယ်လို့ သိရပါတယ်။ ပစ္စည်းမှန်ကန်မှုနဲ့ရက်ချိန်းတိကျမှုကို အဓိကထားပြီးဆောင်ရွက်ပေးနေတာဖြစ်တယ်လို့ ဆိုပါတယ်။

ဆက်သွယ်ရန်လိပ်စာ–

**ပန်းတိုင် ကြေး/စတီး ဆုတံဆိပ်လုပ်ငန်း**
အမှတ်–၁၆၀၊ လမ်း ၃၀ (အလယ်)၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၀၉–၂၀၂၆၅၄၉၊ ၀၉–၅၅၀၅၃၆၇ ■

www.foreverspace.com.mm



# ကိုယ်ပိုင်ဆိုင်ရမယ့် ၂၀၁၀

နှစ်သစ်တစ်နှစ်ကို စတင်ပြီဆိုတော့ ဒီနှစ်ဟာ ဘယ်လိုနှစ်ဖြစ်သလဲ၊ ဒီနှစ်အတွင်း ဘယ်လိုအဖြစ်အပျက်တွေဖြစ်မလဲ၊ ဒီနှစ်ရဲ့ဘယ်ရက်တွေမှာ ဘယ်နိုင်ငံတွေက ဘာတွေလုပ်မလဲ၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ တခြားကဏ္ဍအသီးသီးမှာ ဘယ်သူတွေက ဘာတွေလုပ်ဖို့စီစဉ်ထားသလဲဆိုတာကို ကြိုသိထားရင် အဲဒီနှစ်ဟာ ကိုယ့်အတွက်ပိုပြီး စိတ်ဝင်စားစရာကောင်းစွာ ဖြတ်သန်းနိုင်မယ့်နှစ် ဖြစ်လာမှာပါ။ အဲဒီလိုအချက်အလက်တွေကို ၂၀၁၀ ပြည့်နှစ်အတွက် ကြည့်လို့ရမယ့်နေရာကို ဖော်ပြပေးလိုက်ပါတယ်။ အဲဒါကတော့ wiki ရဲ့အင်္ဂလိပ်ဘာသာနဲ့ရေးသားထားတဲ့ စာမျက်နှာကိုဝင်ကြည့်နိုင်တာပါပဲ။ အပြည့်အစုံကတော့ www.en.wikipedia.org/wiki/ 2010 ပါ။

အဲလိုတိုက်ရိုက် ရိုက်မထည့်ချင်ရင် www.wikipedia.org ထဲက အင်္ဂလိပ်စာမျက်နှာထဲမှာ 2010 လို့ ရိုက်ထည့်ပြီးရှာရင်လည်း ရပါတယ်။ ၂၀၁၀ ကို ခေါင်းစဉ်ကြီးတွေနဲ့ စုစည်းပေးထားတာက–

1. News by month
2. Arts
3. Politics
4. Science and Technology
5. Sports
6. By Place
7. Other Topics
8. Brith and Death Categories
9. Establishments and Disest ablishments categories
10. Works and Introductions categories

စတာတွေ ဖြစ်ပါတယ်။ ဒါတွေအပြင် ၂၀၁၀ နဲ့ပတ်သက်ပြီး အသေးစိတ်ရှင်းပြထားတာတွေကို ဖတ်နိုင်ဦးမှာပါ။ ဥပမာ–၂၀၁၀ ဆိုတာ နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ် စတာမျိုးကအစ ဖတ်နိုင်မှာပါ။ ပြီးရင် 2010 ကို အင်္ဂလိပ်လို ဘယ်လိုအသံထွက်မယ်ဆိုတာကို Pronouncing 2010 and Subsequent Years ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဖတ်နိုင်မှာပါ။ ပြီးရင် ကြိုတင်ကြေညာထားပြီးဖြစ်တဲ့ နိုင်ငံတကာမှာပြုလုပ်မယ့်ရွေးကောက်ပွဲတို့လို အစီအစဉ်တွေအားလုံးကိုလည်း လအလိုက်၊ ရက်အလိုက် ဖော်ပြထားပေးပါတယ်။

ပိုပြီးပြည့်စုံစွာဖတ်နိုင်တာကတော့ ကြိုတင်ကြေညာထားပေမယ့် ရက်စွဲအတိအကျမသိသေးတဲ့ အခမ်းအနားတွေကိုတောင် ဖော်ပြထားတာဖြစ်ပါတယ်။ ဒါတွေတင်မက တစ်နှစ်လုံးမှာ ကျရောက်မယ့် အရေးကြီးဘာသာရေးဆိုင်ရာ အခမ်းအနားနေ့တွေကိုလည်း ဖော်ပြထားပါတယ်။

အဲလိုဖော်ပြထားတဲ့နေရာမှာ Elections (ရွေးကောက်ပွဲများ) ဆိုတဲ့ ခေါင်းစဉ်တစ်ခုအောက်ကို ဝင်ကြည့်လိုက်ရင်ပဲ ဘယ်နိုင်ငံမှာ၊ ဘယ်နေ့မှာ ဘာရွေးကောက်ပွဲလုပ်မယ်ဆိုတာတွေ အသေးစိတ်တိတိကျကျဖော်ပြထားလို့ ဖတ်ကြည့်ပြီး ကြိုသိလာမှာတွေက အများကြီးမှအများကြီးရှိနေပါတယ်လို့ ညွှန်းပါရစေ။

၂၀၁၀ တစ်နှစ်လုံးအတွက် ကြိုသိထားသင့်တာ အတော်များများကို wikipedia က စုစည်းပေးထားတာတွေက အကုန်လုံးနီးပါးပြည့်စုံလို့ ဒီနေရာကို ဝင်ဖတ်လိုက်တာနဲ့တင် တွေးစရာတွေရော၊ ကြိုလေ့လာထားစရာတွေရော၊ တစ်နှစ်ပတ်လုံးတောက်လျှောက် စောင့်ကြည့်လေ့လာဖွယ်ရာအကြောင်းအရာတွေရော ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စိတ်ဝင်စားတဲ့ ခေါင်းစဉ်အောက်မှာ ဘယ်လိုအခြေအနေတွေဖြစ်လာမလဲဆိုတာ ကြိုလေ့လာထားပြီး စောင့်ကြည့်လေ့လာနိုင်ဖို့ တစ်နှစ်လုံးအတွက် အင်မတန်အသုံးတည့်မယ့် WebPage ကို ရွေးချယ်ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။



www.foreverspace.com.mm



# ဗီယက်နမ် သံဗီရို

အိမ်မှာမရှိမဖြစ်အသုံးအဆောင်ပစ္စည်းတစ်ခုဖြစ်တဲ့ ဗီရိုဝယ်ဖို့ စိတ်ကူးရှိနေသူများအတွက်ပါ။ အခုဖော်ပြပေးမယ့်အမျိုးအစားက သံဗီရိုအမျိုးအစားဖြစ်ပြီး ဗီယက်နမ်နိုင်ငံကထုတ်လုပ်ထားတာပါ။ ဗီရိုပတ္တာဆက်နေရာကို တာရှည်ခံတဲ့စတီးစပရိန်ပတ္တာနဲ့ ပြုလုပ်ထားပါတယ်။ အရောင်အမျိုးမျိုးရှိတဲ့အပြင် အလွယ်တကူဖြုတ်နိုင်၊ တပ်နိုင်လို့ ရွှေ့ပြောင်းရလွယ်ကူတဲ့ ဗီရိုအမျိုးအစားလည်းဖြစ်ပါတယ်။

ဆိုဒ်အမျိုးမျိုးရှိပြီး ဈေးနှုန်းလည်းသင့်တင့်တယ်။ ဒီဇိုင်းလည်းသွက်တဲ့ပုံစံရှိလို့ အကြိုက်တွေ့ကြမယ်ထင်ပါတယ်။ ဝယ်ယူနိုင်တဲ့နေရာက ပရိဘောဂဆိုင်တစ်ခုလည်းဖြစ်တာမို့ တခြားပရိဘောဂပစ္စည်းတွေလည်း လေ့လာကြည့်ရှုနိုင်တာပေါ့။ နီးစပ်ရာနေရာမှာဝယ်လို့ရအောင် ဆိုင်ခွဲလိပ်စာတွေပါဖော်ပြပေးလိုက်ပါတယ်။

**လိပ်စာ–**

**PWINT OO MODERN FURNITURE**

– စတုတ္ထထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၅၄၁၄၊ ၂၀၀၇၄၇ (လိုင်းခွဲ– ၅၃၃၃၊ ၅၄၄၄)

– အမှတ်–၇၄/၈၂၊ ကမ်းနားလမ်း၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၂၄၅

– အမှတ်–၁၃၊ ပဒုမ္မာအားကစားကွင်းဆိုင်တန်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၂၅၄၁

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **FQ ပန်းဧကရီ ပန်းအစို/အခြောက် ပန်းနှင့်လက်ဆောင်ပစ္စည်းအမျိုးမျိုးအလှဆင်ခြင်း**
  အမှတ်–၁၇၁/၁၈၁၊ အခန်း–၂၈၊
  ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၇၅၆၅၇၊ ၀၉–၅၀၉၇၄၅၃
  ၀၉–၅၀၃၅၄၀၅
- **Mingalarbar Mobile Gallary Sales & Services Centre**
  – အမှတ်–၇ (G)၊ တောင်ညိုလမ်း၊ အောင်မင်္ဂလာရပ်၊ ပျဉ်းမနား၊
  နေပြည်တော်။ ဖုန်း–၀၉–၈၅၅၁၇၄၁
  – အမှတ်–၃၆၊ ပါရမီလမ်း၊ ချော်တွင်းကုန်းလမ်းဆုံအနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၂၃၀၃၂၊ ၀၉–၅၀၅၅၃၅၇
- **SHISEIDO Products အရောင်းကောင်တာသစ်နှင့် အလှပြုပြင်ခန်းမသစ်**
  အမှတ်–၁၁၅၊ လသာလမ်း (အောက်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်။
- **I Hair & Beauty Spa**
  ၇၄ လမ်းနှင့် ၂၇ လမ်းထောင့်၊ မန္တလေး။
- **Lily Shoes Collection (ဆိုင်ခွဲသစ်)**
  အမှတ်–၂၃ (ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm



# သီးသီးသန့်သန့်ဒီဇိုင်းလေးတွေ အတွေ့ရများတဲ့ ဖက်ရှင်အဝတ်အထည်ဆိုင်

ထိုင်း၊ ဂျပန်၊ ကိုရီးယားတို့လို အာရှနိုင်ငံတွေသာမက ဥရောပလိုနိုင်ငံမျိုးကပါ တင်သွင်းရောင်းချတဲ့ကုန်စည်ထဲမှာ နောက်ဆုံးပေါ်ဖက်ရှင်အဝတ်အထည်တွေက ရှေ့တန်းကရောက်နေတယ်လို့ ပြောနိုင်ပါတယ်။ အသစ်အသစ်ဒီဇိုင်းတွေ နေ့စဉ်နဲ့အမျှထွက်နေတာ၊ အဟောင်းအဟောင်းတွေဆီ တစ်ကျော့ပြန်လည်စီးဆင်းနေတယ်ဆိုတာကလည်း ဖက်ရှင်ရဲ့သဘောသဘာဝတစ်မျိုးပါပဲ။

အဝတ်အစားကို ဖက်ရှင်ထွင်ဝတ်ရတာ ဝါသနာပါသူတွေ၊ ဈေးကွက်ထဲအရောင်းသွက်နေတဲ့ဒီဇိုင်းမျိုးကို သဘောမကျဘဲ တစ်ထည်၊ နှစ်ထည်သာရှိလောက်တဲ့ ဒီဇိုင်းမျိုးဝတ်ဖို့သာ အားသန်သူတွေအတွက် ပိုမိုသင့်တော်မှာပါ။ များပြားလှတဲ့ဖက်ရှင်အဝတ်အထည်ဆိုင်တွေထဲက သွားရလာရလွယ်ကူတဲ့နေရာ၊ ဒီဇိုင်းဆန်းဆန်းလေးတွေရတတ်တဲ့နေရာကို လက်လှမ်းမီသလောက် စုစည်းထားတာပါ။ အခုစုစည်းထားတဲ့ဆိုင်တွေထဲမှာ အမျိုးသမီးဖက်ရှင်ဆိုင်ဘက်ကို အလေးကဲစုပေးထားပါတယ်။ MK တို့လို၊ Silver Star တို့လိုမှာတော့ အမျိုးသားဝတ်ဒီဇိုင်းဆန်းဆန်းလေးတွေ ရနိုင်ပါတယ်။ အခုဖော်ပြ၊ ညွှန်ပြပေးလိုက်တဲ့ဆိုင်တွေကိုမှ မဟုတ်လည်း ဒဂုံစင်တာတို့လို၊ ကမ္ဘာအေးဂမုန်းပွင့်တို့လို၊ ရန်ကင်းစင်တာတို့လို ရှော့ပင်းမောလ်တွေ၊ အသစ်အသစ်ဖွင့်နေတဲ့ ရှော့ပင်းစင်တာကြီးတွေကို သွားလိုက်ရင်လည်း တစ်နေရာတည်းမှာ ဖက်ရှင်ဆိုင်တွေ စုနေတာကို တွေ့ရမှာပါ။

အခုကတော့ စင်တာတစ်ခုလုံး လှည့်ပတ်ဖို့ အချိန်မရှိသူတွေအတွက် အချိန်တိုအတွင်း ကိုယ်သွားချင်တဲ့ဆိုင်၊ ကိုယ်ဝယ်ချင်တဲ့ အရာလေးကိုပဲသွားမယ်ဆိုလည်း အဆင်ပြေအောင် အဆင်ပြေနိုင်မယ့် ဆိုင်တချို့ကို စုစည်းပေးထားတာပါ။

❑ **J- Foli Folie**

မြေညီထပ်၊ စက်လှေကားအနောက်ဘက်၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

❑ **Zip**

အခန်းအမှတ်-၁၀၆၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

❑ **Zoop**

အခန်းအမှတ်-၂၅၊ ဒုတိယထပ်၊ ဒဂုံစင်တာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **New Light for Men**

- အမှတ်-၁၉၄၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၃၇၀၆
- အမှတ်-၆၉၄/၆၉၆၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၇၆၅၄

❑ **Ladies' Heart Fashion**

- အမှတ်-၄၄၊ အခန်း-၄၀၃၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၉၅၂၅၂၊ ၃၉၅၁၅၉ (လိုင်းခွဲ-၄၀၃)
- ပထမထပ်၊ ဂမုန်းပွင့်ရှော့ပင်းမောလ်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

❑ **Jolly Bird**

အမှတ်-၃၈၀၊ အခန်းအမှတ်-၂၇၊ ပထမထပ်၊ FMI Center၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၆၉၇၇ (လိုင်းခွဲ-၁၁၂၇)

❑ **True Fashion**

G-16၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၇၄၆၄ (လိုင်းခွဲ-၈၂၂)

❑ **U-Fo Fashion**

အခန်းအမှတ်-၅၊ ပထမထပ်၊ ရန်ကင်းစင်တာ၊ စက်မှု (၁) လမ်းနှင့် ဆရာစံလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

❑ **K-1 Fashion**

အမှတ်-၃၂၊ အခန်းအမှတ်-၂၁၀၊ ဒုတိယထပ်၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၀၈၃၆~ ၉ (လိုင်းခွဲ-၂၁၀)

❑ **Jessica**

အမှတ်-၂၆ (ဘီ)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၉၀၇၅

❑ **Dream Fashion Shop**

- အမှတ်-၁၆၆၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၄၇၆၈
- အမှတ်-၂၆၇၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **MK Fashion Shop**

- အမှတ်-၃၃၃၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၄၉၂၆၊ ၅၀၂၈၈၇၊ ၅၀၄၈၇၀
- အမှတ်-၂၁/၂၂၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၂၀၄၁
- စက်မှု (၁) လမ်းနှင့် ဆရာစံလမ်းထောင့်၊ ရန်ကင်းစင်တာ၊

www.foreverspace.com.mm

ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၅၀၆၅၊ ၅၅၈၀၄၁၊ ၅၅၈၀၄၂
- ဒဂုံစင်တာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၄၅၇၂၊ ၅၃၄၆၅၂
- လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၀၈၃၈ ~ ၉ (လိုင်းခွဲ-၁၀၉)

- **Excel Shopping Mall**

ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၉၃၇၇ (လိုင်းခွဲ-၆၁၃၃/၄)

- **North Point Shopping Center**

ကိုးမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၆၅၂၉၅၉~၆၂ (လိုင်းခွဲ-၁၂၂)

- **Pena House**

အမှတ်-၁၂၅ (C)၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၈၆၀၁၇၀၉

- **Vivid Fashion Taste**

- အမှတ်-၆၄၊ ဆရာစံလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၈၆၁၂
- မြေညီထပ်၊ စက်လှေကားအနောက်ဘက်၊
လပြည့်ဝန်းပလာဇာ၊
အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

- **Silver Star**

အမှတ်- A-16၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊
ဗညားဒလလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၀၇၄၇
(လိုင်းခွဲ-၃၉၃၉)

- **DI**

အမှတ်-၁၅၄/၁၅၈၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၂၆၈၂၆၊ ၅၁၀၉၁၃

- **Color Plus**

အမှတ်-၂၆၂/၂၆၄၊
ပထမထပ်၊ ဒဂုံစင်တာ၊ ပြည်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

- **Kaung Wint San**

အခန်း F/16၊ ပထမထပ်၊ ရန်ကင်းစင်တာ၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်။

## မန္တလေးက မြီးရှည်အခြောက်

မြီးရှည်ကြိုက်နှစ်သက်သူတွေ အိမ်မှာလုပ်စားဖို့စိတ်ကူးနေရင်တော့ မြီးရှည်အခြောက်၊ ဒါမှမဟုတ် မြီးရှည်ဖတ်အစိုဝယ်ဖို့ လိုအပ်မှာပါ။ ဒီလို လိုအပ်နေသူတွေအတွက် မိုးညှင်းမြီးရှည် အစို၊ အခြောက်အပြင် မုန့်တီခြောက်ကိုပါ ဝယ်နိုင်မယ့်နေရာကို ညွှန်ပေးမယ်နော်။ ဒီနေရာမှာတော့ ဂန္ဓာမာပန်းပွင့်တံဆိပ် မိုးညှင်းမြီးရှည်ဖတ်ကို ရောင်းပေးနေတာပါ။

သန့်ရှင်းလတ်ဆတ်မှုကို အဓိကထားထုတ်လုပ်တယ်လို့ဆိုထားတာရယ်၊ မြို့တော်ရန်ကုန်မှာလည်း ရှမ်းခေါက်ဆွဲဆိုင်တွေ တစ်စစများပြားလာတာရယ်ကိုတွေ့ရတာကြောင့် လမ်းညွှန်ပေးတာပါ။ နယ်ကိုယ်စားလှယ်တွေအတွက်လည်း စီစဉ်ပေးတယ်လို့ ဆိုထားတာကြောင့်ပါ။

ဆက်သွယ်ရန်လိပ်စာ-

**ပွင့်သစ်စ**

အမှတ်-၉၁၊ ၂၉ လမ်း၊ ၇၉× ၈၀ လမ်းကြား၊
တရုတ်တန်း၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၀၀၅၃၈၂

## လိုက်ကာလျှော်ဖွပ် ဝန်ဆောင်မှုတစ်ခု

အိမ်ခန်း၊ ရုံးခန်းတွေမှာ တပ်ဆင်ထားတဲ့လိုက်ကာတွေကို လျှော်ဖွပ်ပေးနေတဲ့လုပ်ငန်းတစ်ခုကို ညွှန်ပေးပါ့မယ်။ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ ဖွင့်လှစ်လုပ်ကိုင်နေသူတွေအတွက်လည်း စမ်းသပ်လျှော်ခိုင်းကြည့်လို့ရတာပေါ့။ ဘာလို့ဆို ဒီလုပ်ငန်းက ဖုန်းလေးဆက်လိုက်ရုံပဲလို့ ဆိုထားတဲ့အပြင် အိမ်တိုင်ရာရောက်လည်း ပြန်လည်တပ်ဆင်ပေးမယ်လို့ ဆိုထားသေးတာကြောင့်ပါ။

ညစ်ပေနေတဲ့ လိုက်ကာတွေကို လျှော်ဖွပ်၊ အစွန်းချွတ်၊ မီးပူတိုက်ပေးမှာပါတဲ့။ ခဏခဏ ခန်းဆီးလိုက်ကာလဲတတ်သူတွေအတွက်လည်း အဆင်ပြေနိုင်အောင်လို့ပါ။ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို ဖော်ပြပေးပါမယ်။

ဆက်သွယ်ရန်လုပ်ငန်းအမည်နှင့် ဖုန်းနံပါတ်

Hawk Group (HG)
Curtain Laundry Service
ဖုန်း-၇၀၀၁၀၉၊ ၂၉၆၁၉၃၊ ၅၈၅၃၄၉

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# နိုင်ငံတကာရိုးရာ စားသောက်ဆိုင်တချို့

ကမ္ဘာပေါ်ကနိုင်ငံတွေ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကူးအလူးမြန်ဆန်လာတာနဲ့အမျှ ယဉ်ကျေးမှုတွေ၊ အနုပညာတွေ၊ ဝတ်စားဆင်ယင်မှုတွေသာမက အစားအသောက်တွေပါ ဒွေးရောယှက်တင်ဖြစ်လာတာ၊ တစ်နိုင်ငံရဲ့ ရိုးရာအစားအစာ တစ်နိုင်ငံမှာ ပေါက်မြောက်အောင်မြင်လာတာမျိုးတွေပါဖြစ်ပေါ်နေပါတယ်။ ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှု၊ ကိုယ့်နိုင်ငံရဲ့အစားအသောက်ကို ကမ္ဘာကသိအောင် တခြားနိုင်ငံတစ်ခုမှာလည်း ထိုးဖောက်အောင်မြင်အောင် နိုင်ငံအသီးသီးက ကြိုးပမ်းလာကြတာပါ။

မြန်မာနိုင်ငံသားတွေအနေနဲ့လည်း တခြားနိုင်ငံကိုသွားရောက်လေ့လာလည်ပတ်ကြတဲ့အခါ အဲဒီနိုင်ငံရဲ့ အစားအသောက်ကို လျှာဖျားမှာစွဲလာတာမျိုးကြုံဖူးကြမှာပါ။ အဲဒါကြောင့် မြန်မာနိုင်ငံကစီးပွားရေးလုပ်ငန်းရှင်တွေကလည်း ဒီဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းဖို့အလို့ငှာ နိုင်ငံတကာက အစားအစာတွေအတိုင်းရရှိနိုင်အောင် စားသောက်ဆိုင်တွေဖွင့်လှစ်လာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ တရုတ်အစားအစာဟာ မြန်မာလျှာနဲ့ရင်းနှီးနေတာကြောင့် တရုတ်စားသောက်ဆိုင်တွေအတော်များနေတာတွေ့ရတဲ့အပြင် တရုတ်စားသောက်ဆိုင်ပြီးရင် ထိုင်းစားသောက်ဆိုင်က ဒုတိယနေရာလောက်လိုက်နေတာတွေ့ရမှာပါ။ တချို့ဆိုင်တွေက ဥရောပအစားအသောက်လို့နာမည်တပ်ပေမယ့် တရုတ်စာ၊ ထိုင်းစာ၊ စင်ကာပူစာရတာမျိုးတွေလည်း ရှိတတ်ပါတယ်။ အခုကတော့ နိုင်ငံတကာကရနိုင်တဲ့ အစားအစာမျိုးအတိုင်းရရှိနိုင်တဲ့ ဆိုင်တချို့ကိုလက်လှမ်းမီသလောက် အမျိုးအစားလေးတွေခွဲပြီး ဖော်ပြပေးထားတာပါ။ ရနိုင်တဲ့အစားအစာတွေအသေးစိတ်သိချင်ရင်၊ ကြိုတင်မှာယူချင်ရင်အဆင်ပြေအောင် ဖုန်းနံပါတ်တွေကိုပါ ထည့်ပေးထားပါတယ်။

## ဥရောပအစားအစာ

❑ **Emporia Steak House**

အမှတ် ၄၀၊ နတ်မောက်လမ်း၊ Chatrium Hotel
တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၄၅၀၀ (လိုင်းခွဲ - ၆၂၅၃)၊ ၅၄၄၄၀၀

❑ **Le Planteur**

အမှတ်-၂၂/ဘီ၊ ကမ္ဘာအေးဘုရားလမ်း၊
ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၀၉၉၇
Email : leplanteur@mptmail.net.mm
www. leplanteur.com.

❑ **House of Memories**

အမှတ် ၂၉၀၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်။
ဖုန်း-၅၂၅၁၉၅၊ ၅၃၄၂၄၂
Email : menge737@myanmar.com.mm

❑ **Kipling's Restaurant**

အမှတ်-၁၂၉၊ ဓမ္မစေတီလမ်း၊ Savoy Hotel
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၆၂၈၉၊ ၅၂၆၂၉၈၊ ၅၂၆၃၀၅၊ ၅၂၄၈၉၁၊ ၅၂၄၈၉၂
Email : res-savoy@myanmar.com.mm

❑ **Gourmet Corner**

အမှတ်-၁၁ (C)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၇၄၄၉ ၊ ၀၉-၂၀၀၆၇၇၇

❑ **Peppersdiner**

အမှတ်-၁၄/၂၀၊ သံလွင်လမ်း၊ ရွှေတောင်ကြား ၂ ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၁၂၄၂၃

❑ **SS Food Channel**

အမှတ်-၆၀၊ ဆရာစံလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း-၅၅၆၂၂၄ ၊ ၅၅၃၉၄၁

❑ **The Thiripyitsaya Sky Lounge**

အမှတ်-၃၃၉၊ ၂၀ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဆာကူရာတာဝါ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၅၂၅၅ ၊ ၂၅၅၂၇၇၊ ၂၅၅၂၅၈
Email : stower@myanmar.com.mm

❑ **Million Coins**

- ဗိုလ်မင်းခေါင်လမ်း၊ ဂျိုးဖြူလမ်းထောင့်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်ပေါက် (၂) ရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၂၃၇၈၆ ၊ ၂၄၆၇၀၁
- ဥက္ကလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း-၇၂၁၆၉၉

❑ **Silver Oak**

အမှတ်-၈၃၊ ၉၁၊ ဗိုလ်အောင်ကျော်လမ်း (အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၆၉၃၀

❑ **Signature**

ကမ္ဘာအေးဘုရားလမ်း၊ ကန်ရိပ်သာလမ်းထောင့်၊
ကန်တော်ကြီး Relaxation ဇုန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၆၄၈၈၊ ၅၄၃၃၈၇၊ ၅၄၆၄၈၇

www.foreverspace.com.mm



- **Zawgyi House**
  အမှတ်–၃၇၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၀၃၉၈၊ ၂၅၆၃၅၅ (လိုင်းခွဲ–၃၀၂၇)၊ ၂၅၆၃၆၀
  E-mail: zawgyifk@yangon.net.mm
- **J's Irrawaddy Dream**
  ဝေဇယန္တာလမ်း၊ သုဝဏ္ဏဘောလုံးကွင်းဘေး၊ သင်္ဃန်းကျွန်း
  မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၄၀၂၂၊ ၅၇၂၃၆၃
- **La Brasserie International Restaurant**
  အမှတ်–၃၃၊ Level-1၊ အလံပြဘုရားလမ်း၊ Park Royal
  Hotel ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၀၃၈၈ (လိုင်းခွဲ–၈၁၂၁၊ ၈၁၂၂)
- **Manis**
  အမှတ်–၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၇၅၀၆၊ ၇၁၀၀၈၉၊ ၅၁၄၁၉၁
  E-mail: lasourceco@mptmail.net.mm
  www.manisrnb.com.
- **White Rice**
  ကန်တော်ကြီးမျက်စိဆေးရုံရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၅၆၈၃၇~၈၊ ၅၅၆၈၇၅

## အီတလီအစားအစာ

- **Cafe-Dibar**
  အမှတ် ၁၄/၂၀၊ သံလွင်လမ်း၊
  ရွှေတောင်ကြား ၂ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၀၀၆၁၄၃
- **Orzo**
  ဆီဒိုးနားဟိုတယ် မြေညီထပ်၊ ကမ္ဘာအေးဘုရားလမ်း၊
  ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၆၉၀၀ ၊ ၆၆၆၃၅၆
  Email : sales@sedona.com.mm
  www.sedonasmyanmar.com
- **Da Mapi**
  အမှတ် ၆၉/အီး၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၈၇၁၅
- **The Garden Bistro**
  ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကန်ရိပ်သာလမ်းထောင့်၊
  ကန်တော်ကြီး၊ Relaxation ဇုန်၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၄၆၄၈၈၊ ၅၄၃၃၈၇၊ ၅၄၆၄၈၇
- **Kipling's Restaurant**
  အမှတ်–၁၂၉၊ ဓမ္မစေတီလမ်း၊ Savoy Hotel၊ ကမာရွတ်
  မြို့နယ်၊ ရန်ကုန်။

## သစ်ခွဲသားပေါင်းလိုသူများ

သစ်အကြမ်းထည် သစ်ခွဲသားတွေကို ပေါင်းပေးမှာ ဖြစ်တယ်လို့ဆိုပါတယ်။ သစ်ခွဲသားတွေကို နိုင်ငံတကာ အဆင့်မီပေါင်းစက်တွေနဲ့ ပေါင်းပေးမှာပါတဲ့။ အရွယ်အစား နှစ်လက်မခွဲ၊ နှစ်လက်မလိုမျိုးကနေ သစ်ခွဲသားတန် ၁၀၀ ကျဖြက်မျိုးစုံအထိကို ပေါင်းပေးနိုင်တယ်လို့ သိရပါတယ်။ ရန်ကုန်နဲ့ မန္တလေးက ဆက်သွယ်ရမယ့် လိပ်စာကိုဖော်ပြ ပေးလိုက်ပါတယ်။

- **မန္တလေးရွှေချိန်း**
  **သစ်အချောထည်ထုတ်လုပ်မှုကုမ္ပဏီ**
  အကွက်အမှတ် H(၁၆၈)၊ ၆၂၊
  ကနောင်မင်းသားကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား၊
  စက်မှုဇုန် (၁)၊ မန္တလေး။
  ဖုန်း–၀၂–၅၃၇၁၅၊ ၅၁၁၇၅၊ ၀၉–၆၈၁၈၁၇၄
- **K.E.K Co., Ltd.**
  အမှတ်–၆၆၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၄၁၂၆၇၊ ၂၄၂၉၇၊ ၂၅၆၀၂၁

ဖုန်း–၅၂၆၂၈၉၊ ၅၂၆၂၉၈၊ ၅၂၆၃၀၅၊ ၅၂၄၈၉၁၊ ၅၂၄၈၉၂

- **L' Opera**
  – အမှတ်–၈၊ ကမ္ဘာအေးဘုရားလမ်း၊ Marina Residence၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၅၀၆၅၁ (လိုင်းခွဲ–၇)၊ ၆၅၀၆၃၀
  E-mail:marina@mptmail.net.mm
  – အမှတ်–၆၂/D၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၆၆၅၅၁၆၊ ၆၆၀၉၇၆
  E-mail:L'Opera@myanmar.com.mm
- **CC Hub**
  အမှတ်–1~3၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်း
  ထောင့်၊ ပုလဲကွန်ဒို (ကားပါကင်အနီး)၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၀၉–၈၀၂၁၃၆၇၊ ၅၅၇၄၄၈ (လိုင်းခွဲ–၈၁၆)
- **CIAO**
  အမှတ်–၂၆၂~C ၊ ပန်းဆိုးတန်းလမ်း (အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၉၉၉၂၊ ၃၈၅၅၅၃

www.foreverspace.com.mm

## ထိုင်းအစားအစာ

- **Korn Thai**
  အမှတ်–၁၄–E၊ အခန်း–၁၀၂၊ မင်းနန္ဒာလမ်း၊
  Capital Hupermaket၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၃၁၃၅ (Ext:102)
- **Sabai Sabai**
  အမှတ်–၂၃၂၊ ဓမ္မစေတီလမ်း၊
  ရွှေဂုံတိုင် (အနောက်) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၄၄၇၂၄
- **Swe Thai**
  အမှတ်–၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံလမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၄၀၆၇
- **Mai Thai**
  အမှတ်–၃၄၊ ကမ္ဘာအေးဘုရားလမ်း၊
  ဆင်ရေတွင်းလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၁၁၀၈
- **Bangkok Kitchen**
  နတ်မောက်လမ်း၊ မြိုင်မာလာကျွန်းဝင်းအတွင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၆၉၀၁၊ ၅၄၈၈၄၄
  E-mail:bangkokkitchen.yangon@gmail.com
  journeyplan@mptmail.net.mm
- **Bua Thai**
  အမှတ်–၄၊ သစ္စာလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၇၂၂၅၁၁၊ ၅၆၆၃၁၃၊ ၀၉–၅၁၅၁၀၅၈
- **Green Elephant**
  အမှတ်–၅၁၉ (အေ)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၃၅၂၃၀၊ ၅၃၇၇၀၆
- **Phai Lin**
  – အမှတ်–၆၉၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊
  (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၂၅၄၀၃၊ ၅၂၆၅၁၈
  – အမှတ်–၃၄၊ ကျိုက္ကဆံလမ်း၊
  အလုပ်သမားဆေးရုံရှေ့၊
  တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၉၈၇
- **Thai Sawadee**
  အမှတ်–၆၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၄၃၂၁
- **Le` Cafe**
  အမှတ်–၃၃၊ ပထမထပ်၊ အလံပြဘုရားလမ်း၊
  Park Royal Hotel၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၀၃၈၈ (လိုင်းခွဲ–၈၁၂၁)၊
  ၂၅၀၃၈၈ (လိုင်းခွဲ–၈၁၂၂)
- **Sky View**
  ပထမထပ်၊ ကန်ရိပ်သာလမ်း၊ ကရဝိက်ပဲလေ့စ်ဟိုတယ်၊
  မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၈၈၄၈၀၊
  ၂၄၉၂၅၅~၈ (လိုင်းခွဲ–၅၅၀၄)
- **Dee Dee**
  အမှတ်–၁၂၅ (အေ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၁၀၈၉၈
- **Kruwa Namtip**
  ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၂၈၇၆
- **Legacy Thai Food**
  အမှတ်–၈၃၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၇၀၉၇၄၈
- **Moe Thiri**
  အမှတ်–၄၃၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၃၉၄၉၀၉
- **Suay Dee**
  အမှတ်–၃၇၂၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၃၇၈၀၀
- **Yinn Dee**
  အမှတ်–၁၂၆၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၆၅၂၆
- **Lotus (Mandalay)**
  အမှတ်–၁/၁၆၊ ၆၅ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေး။
  ဖုန်း–၀၂–၆၅၈၆၃

## ဂျပန်အစားအစာ

- **Japan Japan Restaurant**
  အမှတ်–၂၃၉၊ ပန်းဆိုးတန်းလမ်း (အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၈၅၈၇
- **Samuri Sushi (1)**
  – အမှတ်–၂၈/ A-5၊ ကုက္ကိုင်းရေကူးကန်လမ်း၊
  သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း– ၀၉–၅၁၂၃၂၄၀
  – အမှတ်–၂၄၇/၂၆၉ (B)၊ တိုက် C၊
  အခန်း–၀၀၁၊ မြေညီထပ်၊
  ရွှေဂုံတိုင် (အလယ်) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

ဖုန်း-၅၅၂၇၇၂၊ ၀၉-၅၁၂၂၁၃၈

❑ **Shiki - Tei**

အမှတ်-၃၃၊ ဒုတိယထပ်၊ အလံပြဘုရားလမ်း၊
Park Royal Hotel၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၀၃၈၈ (လိုင်းခွဲ-၈၁၁၉)၊ ၂၅၂၄၇၈

❑ **တင်းလိ**

အမှတ်-၆၂/ A-2၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်။
ဖုန်း-၃၇၄၈၆၇

❑ **Tokyo Bar**

အမှတ်-၃၇၂၊ ဒုတိယထပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
The Grand Mee Ya Hta (Executive Residence)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၆၃၅၅၊ ၂၅၆၃၅၆၊ ၃၈၅၁၀၁
E-mail: tokyobar@mptmail.net.mm.
www.tokyo-bar.com

❑ **Nagasaki Tei**

အမှတ်-၅၀ (အေ)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ ၁၁ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၈၆၆၀၊ ၅၃၈၆၈၈
E-mail: nagasakitei@myanmar.com.mm

❑ **AD Garden**

အမှတ်-၉/၁၁၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၆၃၉၆၊
www.adgardenrestaurant.com

❑ **Fuji**

အမှတ်-၁၁၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၁၂၈၉၃

❑ **Furusato**

အမှတ်-၁၃၇၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၆၂၆၅

❑ **Ichiban - kan**

အခန်း G-၁၇/၁၈၊ ဂျိုးဖြူလမ်း၊
အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၉၄၈၂၄၊ ၀၉-၈၀၁၃၅၈၃၊ ၂၅၂၁၅၄

❑ **Tategoto**

အမှတ်-၂၂၃၊ ကုန်သည်ကြီးများဟိုတယ်၊
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၄၂၈၂၈

## iPod ဆက်စပ်ပစ္စည်း

iPod တစ်ခုဟာ လူငယ်အတော်များများရဲ့ လက်ဝယ်ရှိနေတတ်တဲ့အသုံးအဆောင်ပစ္စည်းတစ်ခုပါ။ အဲဒါကြောင့်လည်း iPod Accessories မျိုးစုံရောင်းပေးနေတဲ့ နေရာတစ်ခုကို ညွှန်ပေးလိုက်ရခြင်းပါ။ ဒီနေရာမှာ iPod တွေအတွက် Battery, Charger, Earphone, Car Kit, Cover စသလို စသလို ဆက်စပ်ပစ္စည်းမျိုးစုံကို ဝယ်ယူနိုင်ပါတယ်။ ဈေးနှုန်းတွေက ကျပ် ၅,၀၀၀ လောက်ကနေ ၃,၀၀၀ ဝန်းကျင်လောက်အထိ အသီးသီးရှိတာမို့ ကိုယ်နှစ်သက်ရာပစ္စည်းကို ကိုယ်သုံးမယ့်ငွေပမာဏအလိုက် ရွေးချယ်ဝယ်ယူနိုင်မှာပါ။

လိပ်စာ-

**CYBER KING COMPUTER**

အမှတ်-၁၆၊ ဗညားဒလလမ်း၊ တာမွေအဝိုင်းထိပ်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၂၀၂၀၊ ၀၉-၅၁၈၉၆၂၁

(လိုင်းခွဲ-၆၄၅၀)

❑ **Yakiniku**

– အမှတ်-၃၅၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း-၃၇၄၇၃၈
– အမှတ်-၃၁၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်။
ဖုန်း-၅၆၆၀၈၇

### အိန္ဒိယအစားအစာ

❑ **Ashoka**

အမှတ်-၂၈ (ဘီ)၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၅၅၃၉၊ ၅၃၆၁၇၄၊ ၅၂၇၃၇၉

❑ **ဒို့မိတ်ဆွေ**

– အမှတ်-၂၃၂၊ ဗားကရာလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း-၇၀၉၅၅၉
– အခန်း-၀၀၁/၀၀၂၊ မြေညီထပ်၊ ဒဂုံတာဝါ၊
ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

❑ **Shanti**
အခန်း–၄ ၊ ကန်ရိပ်သာလမ်း၊ ကန်တော်ကြီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၇၄၄၇

❑ **Maharaja**
ဗိုလ်မင်းခေါင်လမ်း၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၃၀၉၆

❑ **ရွှေမြို့တော်**
– အမှတ်–၁၇၀၊ ဆူးလေဘုရားလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၃၈၃၉
– ပ–၇/၈၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၈၂၄၈

❑ **BHARAT**
အမှတ်–၃၅၆၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း–၃၈၂၂၅၃

❑ **ကြီးပွား**
– သုဓမ္မာလမ်းနှင့် ဝေဘာဂီလမ်းထောင့်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း– ၀၉–၅၁၂၄၄၂၃
– အမှတ် ၂၆၇၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၉၆၃၅၊ ၅၄၅၆၆၈

❑ **ပုလဲသီတာ**
အမှတ်–၂၇၇၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၃၇၇၀၃၈

## တရုတ်အစားအစာ

❑ **ရွှေဘဲ**
အမှတ်–၂၂၂/၂၂၄၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၄၁၂၃၄၊ ၃၇၂၆၀၃၊ ၃၈၉၈၆၇၊ ၃၈၉၇၆၄

❑ **ရွှေဘဲ (၈ မိုင်)**
ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်းထောင့်၊ မြိုင်ဟေဝန်ပန်းခြံ၊
ရှစ်မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၀၈၅၈၊ ၆၆၁၇၇၉

❑ **ရွှေဘဲ (ကန်တော်မင်)**
ရွှေတိဂုံဘုရားလမ်း၊ ဦးဝိစာရလမ်းထောင့်၊
ကန်တော်မင်္ဂလာပန်းခြံ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၆၄၈၈၊ ၂၄၀၂၁၆

❑ **Hong Kong Chicken & Duck Roast**
အမှတ်–၈၂၊ လသာလမ်း (အောက်)၊ လသာမြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၄၁၂၈၇

❑ **ဘဲလေး**
မြေညီထပ်နှင့် ပထမထပ်၊ နန်းသီတာ၊ ဆိပ်ကမ်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၄၉၄၂၁၊ ၂၄၄၃၃၆

❑ **Oriental House**
– အမှတ်–၂၂၊ ဒုတိယထပ်၊ ပြည်လမ်း၊
စိန်ဂေဟာဆူပါစင်တာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၃၇၇၃ (လိုင်းခွဲ ၃၀၅)၊
၀၉–၅၁၃၄၇၈၈၊ ၀၉–၅၁၃၄၇၈၉
– အမှတ်–၁၂၆၊ A၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်။
ဖုန်း–၇၀၃၉၈၆
– အမှတ်–၆၁၉၊ မဟာဗန္ဓုလလမ်း၊
၂၂ လမ်းနှင့် ဗိုလ်ရွဲလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၉၉၂

❑ **Western Park**
သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၂၅၁၄၃၊ ၂၂၆၉၄၉

❑ **Western Park Royal**
ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကန်တော်ကြီး၊ ဗဟန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၇၂၃၇၁၇၊ ၅၅၃၉၃၁၊ ၅၅၄၂၆၆၊ ၀၉–၉၉၂၁၂၅၂

❑ **Fu Sun**
အမှတ်–၁၆၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၉၀၀၅

## စင်ကာပူအစားအစာ

❑ **Singapore's Kitchen**
အမှတ်–၅၂၄၊ ဆိပ်ကမ်းသာလမ်း၊
၁၂ လမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၂၆၂၉၇

❑ **Queen's Park**
အမှတ်–၁၃၂၊ အနော်ရထာလမ်း၊ ဗိုလ်မြတ်ထွန်းလမ်း၊
Queen's Park Hotel၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၆၄၄၇၊ ၂၉၉၆၆၇၊ ၂၀၀၆၅၇၊ ၂၉၆၉၂၅၊ ၂၉၃၅၉၆
E-mail:QPHOTEL@mptmail.net.mm.

❑ **Le Cafe'**
အမှတ်–၃၃၊ ပထမထပ်၊ အလံပြဘုရားလမ်း၊ Park Royal
Hotel၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၀၃၈၈ (လိုင်းခွဲ–၂၂၁၊ ၂၂၄)၊ ၂၀၂၀၇၁–၃

www.foreverspace.com.mm



## အင်ဒိုနီးရှားအစားအစာ

- **Manis**

  အမှတ်–၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၇၅၀၆

## လာအိုနှင့် ဗီယက်နမ်အစားအစာ

- **Monsoon**

  အမှတ်–၈၅–၈၇၊ သိမ်ဖြူလမ်း (အောက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၅၂၂၄၊ ၇၀၅၀၆၃၊ ၀၉–၅၀၁၅၆၅၃

## ကိုရီးယားအစားအစာ

- **Han II Kwan**

  အမှတ်–၃၃၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၅၁၃၈၄၂၊ ၅၃၄၉၈၆၊ ၀၉–၅၁၇၁၈၉၂

- **Han II Kwan Kook Kwan**

  အမှတ်–၂၄ ဘီ၊ ပြည်သူ့လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၆၆၂၇၅၇

- **Arirang**

  အမှတ်–၁၉၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၀၈၁၇

- **Hanaro**

  အမှတ်–၄ဘီ၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၀၈၉၅

- **The Seoul**

  အမှတ်–၂၂၃၊ ကုန်သည်ကြီးများဟိုတယ်၊
  ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၂၈၂၈ (လိုင်းခွဲ–၆၄၄၈)

# ပါရမီလမ်းက မြန်မာ့ရိုးရာမုန့်ဆိုင်

မြန်မာမုန့်နဲ့အစားအစာကို နှစ်ခြိုက်သူတွေအတွက် ရှားရှားပါးပါး ခနဲ့မုန့်အရသာထူးခြားကောင်းမွန်ပြီး မြန်မာ့ရိုးရာမုန့်နဲ့အစားအစာတွေ စုံစုံလင်လင်ရရှိနိုင်တဲ့ ပါရမီလမ်းမပေါ်ကဆိုင်တစ်ဆိုင်ကို လမ်းညွှန်ပါရစေ။ သာလွန်မုန့် (ခနဲ့မုန့်)၊ ပဲစာဥကြော်၊ မန္တလေးမုန့်ပြားသလက်၊ အကြော်စုံ၊ ပေါက်စီ၊ ငါးအူမျှင်းခြောက်ဆီဆမ်း၊ မော်လမြိုင်သင်္ကြန်ထမင်း၊ ပဲထမင်းဆီဆမ်း၊ ပုစွန်ဆီထမင်း၊ နန်းကြီးသုပ်၊ ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး၊ ငါးပေါင်းထုပ် (ငှက်ပျောဖူး/မျှစ်)၊ ငါးဖယ်အစာသွပ်၊ ငါးဖယ်သုပ်၊ ငှက်ပျောသာကူပေါင်း၊ ဂျုံယို၊ ကောက်ညှင်းဆီထမင်း၊ ကောက်ညှင်းပြန်ပေါင်း၊ ကောက်ညှင်းအစာသွပ်၊ မုန့်လိပ်ပြာ၊ မုန့်ဖိုင်းတောက် စတဲ့အစားအစာတွေအပြင် လက်ဖက်ရည်၊ ကော်ဖီ၊ အအေး၊ Ice-Coffee၊ Ice Tea၊ အအေးပုလင်းနဲ့ဘူးမျိုးစုံပါ ရရှိသုံးဆောင်နိုင်ပါတယ်။

လက်ဖက်ရည်ကြိုက်သူများအတွက် လက်ဖက်ရည်အရသာပါကောင်းမွန်ပြီး တစ်ခါသုံးခွက်ကိုသာ အသုံးပြုထားတာမို့ ကျန်းမာရေးအရ အထူးကောင်းမွန်တာကို တွေ့ရပါတယ်။ ဆိုင်အပြင်အဆင် အခင်းအကျင်း ခေတ်မီသပ်ရပ်ပြီး သန့်ရှင်းကျယ်ဝန်းပါတယ်။ ပါရမီ၊ ရှမ်းမလေးနဲ့ ရွှေမန်းသူယာဉ်ရပ်နားစခန်း ရှေ့မျက်နှာချင်းဆိုင်မှာ ဖွင့်လှစ်ထားတာမို့ ခရီးသွားဖို့လက်မှတ်လာဝယ်ရင်ပဲဖြစ်ဖြစ်၊ ခရီးသည်လိုက်ပို့ရင်းပဲဖြစ်ဖြစ်၊ ကားမထွက်မီအချိန်စောနေသေးလို့ပဲဖြစ်ဖြစ် ဝင်ရောက်မြည်းစမ်းကြည့်စေချင်ပါတယ်။



လိပ်စာ–

**သာလွန်**
အဆင့်မြင့်လက်ဖက်ရည်ဆိုင်နှင့်
မြန်မာမုန့်အမျိုးမျိုး
အမှတ်–၁၄၉၊ ပါရမီ၊ တောင်ဥက္ကလာပမြို့ နယ်၊
ရန်ကုန်။

www.foreverspace.com.mm



# ၂၀၀၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလထုတ်စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | စာဆိုတော်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၇၉၀၆၀၈ | ဒဂုန်ခင်ခင်လေး | ၅၀၀ | ၆၅၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ နိုဝင်ဘာ (တ–ကြိမ်) | သမိုင်းမှတ်တမ်း |
| ၂။ | ခွေးများ၊ လူများနှင့် စာအုပ်များ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၇၉၁၁၀၉ | ကျော်ဝင်း | ၅၀၀ | ၂၀၀၀ | Plastic Rain-bow book Publication | ၂၀၀၉၊ ဒီဇင်ဘာ (ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၃။ | ဒသနစာပဒေသာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၂၆၀၅၀၉ | ပါရဂူ | ၅၀၀ | ၁၅၀၀ | သူရိယ | ၂၀၀၉၊ နိုဝင်ဘာ (ပ–ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၄။ | တွေ့ရကြုံရကျွန်တော့်ဘဝ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၃၄၁၁၁၀၈ | ပခုက္ကူဦးအုံးဖေ | ၁၀၀၀ | ၃၅၀၀ | ဂုဏ်ထူး | ၂၀၀၉၊ နိုဝင်ဘာ (ပ–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၅။ | မြန်မာ့အတွေး အင်္ဂလိပ်အခေါ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၂၀၀၈၀၉ | မျိုးဝင်း | ၁၀၀၀ | ၃၀၀၀ | စာပေလောက | ၂၀၀၉၊ စက်တင်ဘာ (ပ–ကြိမ်) | အင်္ဂလိပ်သဒ္ဒါ |
| ၆။ | ဆူဘက်ချန္ဒရာဘို့စ်<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၉၈၀၉၀၉ | ဟိန်းလတ် | ၁၀၀၀ | ၂၈၀၀ | မျိုးမြန်မာ | ၂၀၀၉၊ ဒီဇင်ဘာ (ဒု–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၇။ | သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး<br>စာမူခွင့်ပြုချက်အမှတ်–၃၁၁၀၅၆၀၇၀၉ | တက္ကသိုလ် စိန်တင် | – | ၄၅၀၀ | အားမာန်သစ် | ၂၀၀၉၊ အောက်တိုဘာ (ပ–ကြိမ်) | သမိုင်း |
| ၈။ | စကြဝဠာ၏အလင်းရောင်<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၆၇၉၁၀၀၉ | နော်ရထာမင်း (ပဋ္ဌာန်းအကယ်ဒမီ) | ၁၀၀၀ | ၁၅၀၀ | စာပေလောက | ၂၀၀၉၊ စက်တင်ဘာ (ပ–ကြိမ်) | ဘာသာရေး |
| ၉။ | အကွဲအပြဲဇာတ်လမ်း<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၆၄၀၇၀၉ | ဂါးဒီးယန်း ဦးစိန်ဝင်း | ၅၀၀ | ၂၀၀၀ | တကောင်း | ၂၀၀၉ ၊ နိုဝင်ဘာ (ပ–ကြိမ်) | မှတ်တမ်း |
| ၁၀။ | ဆက်ဆံရေးနည်းဗျူဟာများ 3 in 1<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၁၉၀၈၀၉ | သက်လင်း | ၁၀၀၀ | ၂၀၀၀ | မိတ်ဆက် | ၂၀၀၉၊ နိုဝင်ဘာ (ပ–ကြိမ်) | လူမှုရေး |
| ၁၁။ | ဂျပန်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၈၆၀၈၀၉ | ပါရဂူ | ၅၀၀ | ၁၀၀၀ | အားမာန်သစ် | ၂၀၀၉၊ နိုဝင်ဘာ (ပ–ကြိမ်) | သု တ |
| ၁၂။ | ကထာသရိတသာ ၈၇ ခေါ် ဝတ္ထုသမုဒ္ဒရာ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၈၅၀၇၀၉ | ပါရဂူ | ၅၀၀ | ၂၅၀၀ | နေရီရီ | ၂၀၀၉၊ အောက်တိုဘာ (ဒု–ကြိမ်) | ဘာသာပြန် |
| ၁၃။ | ဘဝအမောများငြိမ်းစေသတည်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၁၉၀၅၀၉ | မြတ်ငြိမ်း | ၁၀၀၀ | ၁၅၀၀ | မြန်မာ့ရတနာ | ၂၀၀၉၊ နိုဝင်ဘာ (ပ–ကြိမ်) | ဘာသာပြန် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၄။ | ဗုဒ္ဓခေတ်မှ သူဌေးကြီးများ<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၆၅၉၁၀၀၉ | ဒေါက်တာ<br>မတင်ဝင်း<br>(ပညာရေးတက္ကသိုလ်) | ၅၀၀ | ၁၂၀၀ | နန့်ချစ်ကြည် | ၂၀၀၉၊ နိုဝင်ဘာ<br>(ပ–ကြိမ်) | သုတ |
| ၁၅။ | ဘဝကိုပြောင်းလဲစေသောအရာများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၇၀၀၇၀၉ | မင်းဗထူး | ၅၀၀ | ၂၅၀၀ | တူဒေး | ၂၀၀၉၊ နိုဝင်ဘာ<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၁၆။ | နှစ်လေးဆယ်ဘဝမှတ်တိုင်များ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၁၄၀၆၀၉ | မောင်ခင်မင်<br>ဓနုဖြူ | ၁၀၀၀ | ၂၅၀၀ | သီဟရတနာ | ၂၀၀၉၊ နိုဝင်ဘာ<br>(ဒု–ကြိမ်) | ဆောင်းပါးများ |
| ၁၇။ | မင်းမှုထမ်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၉၀၆၀၆၀၉ | ဝင်းငြိမ်း | ၅၀၀ | ၅၅၀၀ | ကံ့ကော်<br>ဝတ်ရည် | ၂၀၀၉၊ အောက်တိုဘာ<br>(ပ–ကြိမ်) | ဘာသာပြန် |

# စာအုပ်လမ်းညွှန်
Editor's Choice

## ခွေးများ လူများနှင့် စာအုပ်များ

**ကျော်ဝင်း**

ထူးထူးခြားခြား ခွေးများအကြောင်း အက်ဆေးကို ရှေ့ဆုံးတွင် တင်ထားရုံသာမက မျက်နှာဖုံးထိပ်စီးခေါင်းစဉ်အဖြစ် ပါတင်ထားသည့် အက်ဆေး၊ ရုပ်ပုံလွှာ၊ အင်တာဗျူးနှင့် စာအုပ်ဖတ်ညွှန်းများ စုစည်းထုတ်ဝေထားသောစာအုပ် ဖြစ်သည်။ နာမည်ကျော် ရုရှားစာရေးဆရာကြီး အီလျာအာရင်ဘတ်၏ အဆိုပါအက်ဆေးကို ထိပ်တင်ထားသောကြောင့် ဤအမည်ကိုပင် ခေါင်းစဉ်တပ်လိုက်ကြောင်း စာရေးသူက သူ့အမှာစာတွင် ရေးထားသည်။

သူ့စာအုပ်ခေါင်းစဉ်အတိုင်း အပိုင်းသုံးပိုင်း ခွဲထားသည်။ ကမ္ဘာကျော်စာရေးဆရာကြီးအချို့၏ အက်ဆေးများအပြင် အံ့ချီးလောက်စရာ အရေးအသားကောင်းလှသော သူ့ကိုယ်ပိုင်အက်ဆေးအချို့ကိုပါ ထည့်သွင်းထားသည့် 'ခွေးများ' တွင် အငြင်းပွားဖွယ်ရာလူပုဂ္ဂိုလ်တစ်ဦးအကြောင်း ကြားညှပ်ပါဝင်နေသည်။ စာရေးသူ၏ အရေးအသားအချိုးအပကြောင့် ထိုပုဂ္ဂိုလ်၏ဂုဏ်အင်က ကြီးသွားသယောင်ယောင်ရှိသည်။ မည်သို့ပင်ဆိုစေ စာရေးသူက သူမြင်သည့်အတိုင်း အရိုးခံစိတ်ဖြင့် ရေးထားခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် ရိုးဖြောင့်မှုစာရိတ္တဂုဏ်ရည် အထူးလိုအပ်လှသော နယ်ပယ်တစ်ခုမှ လူပုဂ္ဂိုလ်တစ်ဦး၏ အငြင်းပွားဖွယ်ရာအကြောင်းအရာများက ယနေ့ထိုပုဂ္ဂိုလ်ရပ်တည်နေသော ပတ်ဝန်းကျင်ကြောင့် ဘာမှမဖြစ်သကဲ့သို့ပင်။ မည်သို့ဆိုစေကာမူ အက်ဆေးအားလုံးက လှလှပပစုတ်ချက်များကဲ့သို့ ဆေးရောင်စုံသည်။

ပထမဦးစွာ ရင်ကိုတည့်တည့်လာမှန်သော အက်ဆေးက 'သူရဲကောင်းတို့နေဝင်ချိန်' ဖြစ်သည်။ ကမ္ဘာကျော် ခရစ်ကက်ကစားသမားရှိန်း၏ ထင်ပေါ်ကျော်ကြားဘဝဖြစ်စဉ်ကာလအတွင်း အဆိုးအကောင်းများကိုသရုပ်ဖော်ရင်း ဒဿနအချို့ကို ဖော်ထုတ်ပြသည်။ ထိုအက်ဆေးအတွင်းက စာသားလေးအချို့ကလည်း မျက်မှောက်ကာလနှင့် ယနေ့ရွှေထီးဆောင်းနေသူများ နောက်တစ်နေ့အတွက် စဉ်းစားအလုပ်လုပ်ကြဖို့ သတိပေးထားသကဲ့သို့ရှိ၏။

*ကျွန်တော်တို့မျက်မှောက်ပြုနေရသည့်ခေတ်ကလည်း 'ခေါင်းမြီးခြုံလို့ မလုံနိုင်' ဆိုသောဟင်းလင်းပြင်ခေတ်ကြီး (စာ–၂၅)* ဆိုသော စာကလေးတစ်ကြောင်းတည်း၏ အနက်အဓိပ္ပာယ်က ကျယ်ဝန်းစွ။ 'ဆိတ်ကွယ်ရာမရှိ' ဟူသောစကားကဲ့သို့ပင်။ ဟီရိဩတ္တပတရား ကောင်းစွာသိထားသူများအဖို့ မကောင်းမှုတို့ လူမသိသူမသိ ပြုဖွယ်ရာမရှိပြီ။ ဆင်ခြင်သတိထားစရာကောင်းလှ၏။

*လူဆိုသည်မှာ ကိုယ့်အလုပ်ကိုနောက်ဆုံးထွက်သက်ထိ မလုပ်မဖြစ် လုပ်နေရပါလိမ့်မည်။ ရပ်လိုက်သည်နှင့် နတ်လုလင်သည်လည်း သာမန်လူဖြစ်သွားနိုင်သည်။ သံဝေဂရစရာကြီးပါတကား . . . (စာ–၂၆)* ဟုဆိုထားချက်က အတွေးကိုချဲ့ကြည့်လျှင်ကြည့်သလောက် နက်နက်မြင်နိုင်သောသဘောတရားဖြစ်သည်။ ယနေ့အချိန်အထိ အမှားကို အမှန်ထင်၍ ဖွတ်အတင်း မိုက်တွင်းနက်ပြီးရင်းနက်နေသူများအတွက်မူ သံဝေဂဟူသော ဝေါဟာရရှိမှရှိပါလေစဟု တွေးရမလိုပင်။

*. . . တံတိုင်းတွေမှာ တံတိုင်းခပ်သူကို ပြန်ခိုက်တတ်သည်ဟုလည်း သူကဆိုပါသည်။ ဘယ်လိုခိုက်သနည်းဆိုလျှင် အဆိုပါတံတိုင်းများကိုယ်တိုင်က တည်ဆောက်သူ၏ ပေါ်လစီရေးရာချွတ်ခြုံကျမှု*

www.foreverspace.com.mm

ကို လုပ်ပြနေသလိုရှိသောကြောင့်ဟု ရှင်းပြသည် . . .(စာ-၃၈) ဟူသော 'တံတိုင်းတွေနဲ့ကမ္ဘာ' အက်ဆေးပါ စကားက ယနေ့ နိုင်ငံတစ်ခု၊ နယ်နိမိတ်တစ်ခုနှင့် တစ်ခုအကြား မြင်သာထင်သာရှိသော တံတိုင်းများမှအစ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား၊ လူတစ်ဦးနှင့်တစ်ဦးအကြား မမြင်ရသော အိုင်ဒီအိုလိုဂျီတံတိုင်းများ တည်ဆောက်ထားကြသူများ သတိချပ်သင့်သည်။

'မင်္ဂလာရှိသော နိုင်ငံရေး၊ ဝေါလ်နှင့် ဝက်ဘ် ဘာကိုရွေးကြမည်နည်း'အက်ဆေးကမူ စာရေးသူ၏ မျက်မှောက်မြန်မာ့နိုင်ငံရေးပေါ် သူဖြတ်သန်းခဲ့သော သူ့ဘဝတွင် သူကြုံတွေ့ခဲ့ရသော သမိုင်းလူသားများနှင့် သမိုင်းအဖြစ်အပျက်များကို မှတည်ကာ သူ့ကိုယ်ပိုင်ရှုမြင်ပုံနှင့် သဘောထားမှတ်ချက် ဖြစ်သည်။

စစ်အေးခေတ်၏ သင်္ကေတ တံတိုင်းခတ်သော ဝေါလ်နှင့် စစ်အေးခေတ်လွန် ကွန်ရက်ဖွဲ့ပူးပေါင်းအလုပ်လုပ် နိုင်သည့် အင်တာနက် ဝက်ဘ်ဆိုက်သဘောကို နှိုင်းယှဉ်ပြကာ သူသည် ဝက်ဘ်ပါတီဝင်ဖြစ်ကြောင်း ဖွင့်အံထားခြင်းလည်း ဖြစ်သည်။ မျက်မှောက်မြန်မာ့နိုင်ငံရေးကိုလည်း အောက်ပါအတိုင်း သရုပ်ခွဲပြကာ မင်္ဂလာရှိသောနိုင်ငံရေးမျိုး ထွန်းကားစေလိုကြောင်း ဆန္ဒပြုထားသည်။

လှုံ့ဆော်ပေးသော၊'ဆွ'ပေးသော နိုင်ငံရေး (agitate)၊ 'နှိုင်းနှိုင်းချိန်ချိန်နှင့် ရည်မှန်းချက်တစ်ခုကို ဦးတည်သောနိုင်ငံရေး'(deliberate) နှင့် 'ပညာနှင့်ယှဉ်သောနိုင်ငံရေး' (educate) တို့ ဖြစ်သည်။ စိတ်လှုပ်ရှားမှုကို ကျော်လွှားနိုင်မှသာ နောက်အဆင့်တွေကို တက်လှမ်းနိုင်လိမ့်မည်ထင်သည်။

အမှန်စင်စစ် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ 'သူမနာ၊ ကိုယ်မနာ ငြိမ်းချမ်းရေး'သည်လည်းကောင်း၊ ဆရာဒဂုန်တာရာ၏ 'ရန်သူမရှိ၊ မိတ်ဆွေသာရှိ' အယူအဆသည်လည်းကောင်း၊ ခေတ်သစ်ဂိမ်းသီအိုရီလာ 'အကြွင်းသုညမဟုတ်ဂိမ်း' (Non Zero Zum Game)၊ တစ်နည်း 'နိုင်-နိုင် ဖြေရှင်းနည်း'(Win-Win Solution) နှင့် အနှစ်သာရချင်းအတူတူဟု နားလည်ရပါသည်။ ဆရာတာရာ၏စကားနှင့်ဆိုရလျှင် 'မုန်းသူကို ချစ်သူဖြစ်စေသော နိုင်ငံရေး' ပင်ဖြစ်ပါသည်။ စစ်အေးခေတ်လွန်နိုင်ငံရေးမှာ ဒါပဲဖြစ်သည်။ မင်္ဂလာရှိသောနိုင်ငံရေးဟု ဆိုချင်သည်။ နိုင်ငံရေးသမားမဟုတ်သည့်တိုင် နိုင်ငံသားတစ်ဦးဖြစ်သော ကျွန်တော်မှာ ကျွန်တော်တို့နိုင်ငံတွင် မင်္ဂလာရှိသောနိုင်ငံရေးမျိုး ထွန်းကားစေချင်မိသည် . . .။ (စာ-၆၄)

ယနေ့ပစ္စက္ခအခြေအနေအပေါ် အထိုင်တစ်ခုတည်းမှ တောက်လျှောက်ကြည့်နေသူများ သေချာစဉ်းစားကြည့်ကြသင့်သည်။ စာရေးသူကိုးကားဖော်ပြထားသော ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ သူတို့ဘဝတစ်လျှောက်လုံး မည်သူ့ကိုမျှ နစ်နာစေရန် မလုပ်ခဲ့၊ မပြောခဲ့၊ မရေးခဲ့ဘဲ နိုင်ငံလွတ်လပ်ရေး၊ ငြိမ်းချမ်းရေးအတွက်ကိုသာ စိုက်လိုက်မတ်တတ် ရပ်တည်လှုပ်ရှားခဲ့၊ လှုပ်ရှားနေဆဲ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ သူတို့အပေါ် အထင်အမြင်လွဲမှားစိတ်ဖြင့် ဝေဖန်တိုက်ခိုက်မှုမှန်သမျှကိုလည်း ဘယ်သောအခါကမျှ မတုံ့ပြန်ခဲ့သူများလည်း ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦး၏ မှတ်မှတ်သားသား ထိုစကားတို့ကို ယနေ့ ညှိနှိုင်း၍မရနိုင်ဖြစ်နေသော အခြေအနေအရပ်ရပ်တွင် ပါဝင်ပတ်သက်နေသူ အားလုံး အလေးဂရုပြု စဉ်းစားဆင်ခြင်ကြည့်သင့်ကြသည်။

စာမျက်နှာ (၇၀) ရှိ 'သဘောကွဲလွဲမှု အနုပညာ' ခေါင်းစဉ်အောက်တွင် သမ္မတဘွတ်ရှ်လက်ထက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပေါ်လစီ စီမံချက်ဒါရိုက်တာလုပ်ခဲ့သူ ရစ်ချပ်ဟက်စ်တစ်ယောက် အီရတ်ကိုစစ်ပြုမည့်အစီအစဉ်နှင့် ပတ်သက်၍ သဘောကွဲလွဲခဲ့ခြင်းကိုအခြေတည်၍ ဒီမိုကရေစီစနစ်တစ်ခုအတွင်းရှိ သဘောထားကွဲလွဲမှုပြဿနာတစ်ရပ်နှင့် ထိုပြဿနာကို ချဉ်းကပ်ပုံ၊ လက်ခံနားလည်



www.foreverspace.com.mm

ပုံဥ္ပ့ကို တစ်ဆင့်ပြီးတစ်ဆင့် ချိတ်ဆက်ပြသွားသည်။ 'ငါနှင့်မတူ ငါ့ရန်သူ' သဘောထားကာ သူ့လူ၊ ကိုယ့်လူခွဲနေသော ယနေ့မြန်မာလူ့အဖွဲ့အစည်း တစ်နည်းဆိုရသော် မြန်မာ့နိုင်ငံရေးအင်အားစုများ၊ ဘေးထိုင်ဘုပြောနေသူများ၊ တတ်နိုင်သလောက် ရွှေ့သလောက်တွန်းနေသူများ၏ အတွေးအခေါ်အယူအဆကို တုံ့ပြန်မဆွေးနွေးနိုင်ဘဲ ငါကိုင်တုပ်သလို ပုဂ္ဂိုလ်ရေးသက်သက် တိုက်ခိုက်နေသူများ ဤအက်ဆေးကို မဖြစ်မနေ ဖတ်ကြည့်သင့်လှသည်။

'ကွဲလွဲမှုများကို လက်ခံနားလည်ပေးခြင်း' agree to disagree ဆိုသည့်သဘောနှင့် နှစ်ပေါင်းများစွာ ရင်းနှီးလာခဲ့သော လူ့အဖွဲ့အစည်းတို့တွင် သဘောကွဲလွဲခြင်းသည် အထူးအဆန်းမဟုတ်ပါချေ။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံမျိုးဆိုလျှင် သဘောကွဲလွဲခြင်းများနှင့် နိုင်ငံတစ်ခုမွေးဖွားလာခဲ့သည်ဟုပင် အက်ဆေးရှင်က ဆိုထားသည်။ သို့သော် သဘောကွဲလွဲခြင်းသည် လွယ်လွယ်ကူကူနှင့်လုပ်၍ရသော ကိစ္စတစ်ခုတော့ မဟုတ်ချေ။ အထူးသဖြင့် အာဏာရှင်စနစ်အောက်တွင် နှစ်များစွာနေလာခဲ့သောလူ့အဖွဲ့အစည်းတို့တွင် အထက်လူကြီးနှင့် မိမိဘော့စ်နှင့် သဘောကွဲလွဲဖို့ဆိုသည်မှာ အတော်ကြီးခက်ခဲလှသည်။ ထို့ကြောင့်ပင် စိတ်တော်သိ ဘောင်းတော်ငြိမ်ဆိုသူများသာ နေရာယူလာပြီး တိုင်းနိုင်ငံပျက်စီးခြင်းဆိုက်ခဲ့ကြရသည်။ ထို့အတူ အများစုကြီး၏ အများကြိုက်သဘောထားနှင့် သဘောကွဲလွဲဖို့မှာကား ပို၍ပင်ခက်ခဲ၏။ အားလုံးက 'တစ်' ဟုဆိုထားသည်ကို 'နှစ်' ဟုပြောရဲဖို့သတိက လူတိုင်းတွင် ရှိဖို့မလွယ်။ အက်ဆေးရှင်ပြောသော သဘောကွဲလွဲမှုအနုပညာကို လေ့လာကြည့်ပါ။

*အမှန်စစ်စစ် သဘောကွဲလွဲရသည်မှာ မလွယ်လှပါ။ အထူးသဖြင့် မိမိဘော့စ် (သို့မဟုတ်) လုပ်ပိုင်ခွင့်အာဏာကိုင်ထားသူများနှင့် သဘောကွဲလွဲရသည်မှာ ခက်ခဲလှပါသည်။ တာဝန်ရှိသောလူတစ်ယောက်အနေဖြင့် လိပ်ပြာသန့်ဖို့လိုသည်။ ဘော့စ်ဖြစ်သူကြားချင်သောစကားထက် သူကြားသင့်ကြားထိုက်သောစကားကိုသာ ပြောဖို့တာဝန်ရှိသည်။ တကယ့်သစ္စာရှိမှုဆိုသည်မှာ အမှန်တရားကို (သို့မဟုတ် မိမိမှန်သည်ထင်သည်ကို) ပြောရဲဆိုရဲရှိခြင်းကသာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။ အချို့သောအချိန်များမှာဆိုလျှင် ဤနည်းသည်သာ တစ်ခုတည်းသောနည်းလမ်း ဖြစ်ပေလိမ့်မည်။*

*သို့နှင့်တိုင် မိမိပေးလိုက်သော အိုင်ဒီယာတစ်ခုသည် မည်မျှမှန်သည်ဖြစ်စေ၊ မည်မျှကောင်းသည်ဖြစ်စေ မိမိဘော့စ်ဟဒယနှင့် တွေ့ကောင်းမှ တွေ့ပါလိမ့်မည်။ နိုင်ငံရေးအကြောင်းကြောင့်ဖြစ်စေ၊ ပုဂ္ဂိုလ်ရေးအကြောင်းကြောင့်ဖြစ်စေ ခါးခါးသီးသီးပယ်ချခံရသည်များနှင့်ပင် ကြုံနိုင်သည်။ ဤသို့ငြင်းပယ်ခံရလျှင် ခင်ဗျားဘာလုပ်မည်နည်း။ မိမိယုံကြည်မှုကို ဆက်လက်ဆုပ်ကိုင်ပြီး အများအကြိုက် (သို့မဟုတ်) ဘော့စ်အကြိုက် အိုင်ဒီယာကို ဆက်လက်စိန်ခေါ်မည်လော။ ဤအတိုင်းဆိုလျှင် ခင်ဗျားပါးစပ်ကို သော့ခတ်ခံရနိုင်သည်။ အန္တရာယ်ရှိသည်။ ပြောရေးဆိုခွင့်အားလုံး လက်လွတ်ဆုံးရှုံးသွားနိုင်သည်။*

*ဤသို့ဆိုလျှင် ပြင်းထန်သောလေထုကို ထိပ်တိုက်ရင်မဆိုင်ဘဲ အသာလေးရှောင်နေမည်လော။ 'မလုပ်၊ မရှုပ်၊ မပြုတ်' လမ်းကြောင်းဖြစ်၍ ကိုယ့်အဆင့်နေရာအတွက် အာမခံချက်ရှိနိုင်ပါသည်။ သို့နှင့်တိုင် 'ဖြစ်သင့်ဖြစ်ထိုက်ပါ၏လော' စဉ်းစားဖို့ရှိသည် . . .* (စာ-၇၃)

*. . . ကျွန်တော့်အတွေ့အကြုံအရ ပြောရလျှင် သဘောကွဲလွဲမှုမှာ အကျဉ်းအကျပ်တစ်ခုဖြစ်သလို အနုပညာမှုတစ်ခုလည်းဖြစ်မည်ထင်ပါသည်။ ပြဿနာတစ်ရပ်တစ်ရပ်နှင့်ပတ်သက်ပြီး သဘောကွဲလွဲမှုတစ်ခုခု ကြုံရပြီဆိုလျှင် တစ်ခါတစ်ရံ ထိပ်တိုက်ရင်ဆိုင်လိုက်သည်က ပိုကောင်းသည်။ တစ်ခါတစ်ရံ ကွေ့ပတ်ရင်ဆိုင်ဖို့လည်း လိုလိမ့်မည်။ တစ်ခါတစ်ရံ နှုတ်ထွက်ဖို့လိုနိုင်သလို တစ်ခါတစ်ရံတွင်မူ စိတ်ရှည်လက်ရှည် ဆက်လက်ရှိနေဖို့လည်း လိုပါလိမ့်မည်။ သဘောကွဲလွဲမှုမှာ အနုပညာဖြစ်သည်နှင့်အညီ နည်းသေမရှိ။ လိပ်ပြာသန့်ဖို့ပဲလိုလိမ့်မည် . . . ။* (စာ-၇၅)

'လူများ' ခေါင်းစဉ်ခွဲအောက်ရှိ သမ္မတအိုဘားမားအကြောင်း ရုပ်ပုံလွှာအဖွဲ့နှင့် ဘွတ်ရှ်အစိုးရအပြောင်း အိုဘားမားအစိုးရအဝင်ကာလအခြေအနေတွင် 'စနစ်တစ်ခုလုံးပြုပြင်ရေးသို့' ခေါင်းစဉ်တစ်ခုတွေ့ရသည်။ ထိုခေါင်းစဉ်အောက်တွင် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကုန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အအောင်မြင်ဆုံး ရင်းနှီးမြှုပ်နှံသူဟုခေါ်နိုင်လောက်သူ ဒေးဗစ်ဆွန်ဆင်၏ ဘွတ်ရှ်အစိုးရအပေါ် ပြောင်ပြောင်တင်းတင်းဝေဖန်စောကြောထားသည့် အောက်ပါစာပိုဒ်ကလေးက စာဖတ်သူများ၏ ဟဒယနှင့် တဲ့တဲ့တိုးဖို့ သေချာသည်။

*ယုံကြည်လောက်တဲ့ဈေးကွက်ဖြစ်ဖို့ဆိုရင် ခိုင်မာသေချာဖို့နဲ့ ကြိုတင်ခန့်မှန်းနိုင်ဖို့ လိုတယ်ဗျ။ တကယ်လက်တွေ့မှာ အစိုးရပေါ်လစီတွေက မရေရာမသေချာမှုတွေကို တိုးစေတယ်။ ကြိုတင်ခန့်မှန်းဖို့ ပိုခက်လာတယ်။ အစိုးရအစီအစဉ်တွေက ဆန်စင်ရာကျည်ပွေ့လိုက်နေရသလိုကြံရာကျပန်းသဘောဆောင်တယ်။ သူပေးတဲ့ အကြောင်းပြချက်တွေကလည်း နားလည်ဖို့ခက်တယ်။ ဒီတော့ သပွတ်အူဇာတ်လမ်းကြီးတစ်ခု ဖန်တီးလိုက်သလို ဖြစ်တော့တာပေါ့ . . . ။*

အချုပ်ဆိုရလျှင် လူ့ပုဂ္ဂိုလ်၊ အက်ဆေး၊ အင်တာဗျူး၊ စာအုပ်ဖတ်ညွှန်းများလည်း ဖတ်သင့်ဖတ်ထိုက်သော အကြောင်းအရာများချည်းဖြစ်သော်လည်း စာဖတ်သူများ၏ ခံစားချက်နှင့် အမြန်ဆုံးနီးစပ်မည်ဟု ယူဆရသောအကြောင်းအချက်အချို့ကို မိတ်ဆက်နိဒါန်းချီပေးထားခြင်းမျှသာဖြစ်သည်။ စာရေးသူကျော်ဝင်းနှင့် ထုတ်ဝေသည့်စာအုပ်တိုက်တို့၏ စေတနာကို အထူးတလည် အသိအမှတ်ပြုမိစေသောစာအုပ် ဖြစ်သည်။

ထုတ်ဝေတိုက် – Plastic Rainbow
ထုတ်ဝေသည့်ကာလ – ၂၀၀၉ ခုနှစ် ဒီဇင်ဘာ
အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၀၀၀ကျပ်
စာမူခွင့်ပြုချက်အမှတ် –၄၀၀၇၇၉၁၁၀၉

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၆-၁၂-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈၇) | ၅၅ |
| Dagon Jeep | | (၈၇) | ၈၅ |
| Toyota Publica | 84 | (၁က) | ၁၁၀ |
| Sunny Pickup | 81 | (ခ) | ၈၀ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၄၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၈၀ |
| Suzuki Wagon R+ | | ၁၇ | ၃၄၀ |
| Suzuki Wagon R- | | ၉ခ | ၁၄၀ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈င) | ၂၁၀ |
| Light Truck(ဒီဇယ်) | | (၃က) | ၁၄၀ |
| Toyota Corolla | CE 96 | (၃က) | ၃၈၀ |
| Corolla 1.8 Van | 96 | (၆ခ) | ၅၃၀ |
| Toyota MarkII | 92 | (၄ခ) | ၅၈၀ |
| Toyota MarkII | 94 | (၉ခ) | ၈၅၀ |
| Mitsubishi Pajero V46(ဦးပိုင်) | 96 | (၄ခ) | ၁၁၀၀ |
| Toyota Hilux Surf S/W(ဦးပိုင်) | 97 | (၆ခ) | ၁၂၅၀ |
| Land Crusier | 97 | (၉ခ) | ၂၂၀၀ |
| Parado | 97 | (၁၇) | ၂၀၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV-205400A | 20" | ၃၉၉,၀၀၀ |
| SONY | KLV-40W550 | 40" | ၁,၆၉၀,၀၀၀ |
| SONY | KLV-32W550A | 32" | ၉၉၀,၀၀၀ |
| Panasonic(LCD) | L32X10X | 32" | ၆၀၅,၀၀၀ |
| Panasonic(LCD) | L32C10 | 32" | ၅၆၀,၀၀၀ |
| SAMSUNG (LCD) | LA40A750 | 40" | ၁,၈၃၅,၉၀၀ |
| SAMSUNG (LCD) | LA32B350 | 32" | ၅၀၁,၁၀၀ |
| SAMSUNG (LCD) | LA40B530 | 40" | ၁,၃၆၈,၄၀၀ |
| STAR | T-29068 | 29" | ၂၅၃,၅၀၀ |
| STAR | 21-T50 | 21" | ၁၂၂,၀၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၀၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၀၅,၀၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၅၀၀ |
| FUJI | N1407AIE | 14" | ၆၃,၀၀၀ |

## ရေခဲသေတ္တာ

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-100 | ၁၂၅,၀၀၀ |
| STAR | RL-135 | ၁၄၅,၀၀၀ |
| LG | GC-151SNS | ၁၅၉,၀၀၀ |
| LG | GC-191SN | ၂၈၀,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၄၅,၀၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FAPP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RT-19FASS | ၁၂၅,၀၀၀ |

## DVD ပြစက်

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၇,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၀၀၀ |
| FUJI (EVD) | F510 | ၃၂,၅၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၀၀၀ |
| DAEWOO | DV1400S | ၃၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၀၉,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၆၅,၀၀၀ |
| STAR | T-09G | ၂၆၇,၀၀၀ |
| STAR | T-12G | ၃၁၀,၀၀၀ |
| LG | 0962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၇၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၅,၀၀၀ |
| SAMSUNG | WA-95U3 | ၂၆၀,၀၀၀ |
| STAR | WA-95U7 | ၂၇၅,၀၀၀ |
| STAR | WT-75H2 | ၁၂၃,၀၀၀ |
| STAR | WT-105H2 | ၃၂၃,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၆၀ |
| Milo (400g) ခဲထုပ် | ၄,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၂၀ |
| Maltova (450g) (နီ) | ၃,၂၀၀ |
| Ovaltine (400g) နီ | ၃,၆၀၀ |
| Ovaltine (200g) နီ | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၅၅၀ |
| Jonnie Walker (Red)(37.5Cl) | ၈,၀၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၆၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Johnnie Walker(Black)(1Liter) | ၃၁,၅၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၁,၅၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၉၅၀/၁,၈၅၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၅,၈၅၀ |
| Cream Crackers(Hup Seng) | ၅,၉၀၀ |
| (KHIAN GUAN) Top Choice | ၅,၆၅၀ |
| (HWA TA) Choice | ၆,၄၅၀ |
| (Munchys) Funmix | ၅,၆၀၀ |
| Lee Daily Delight | ၇,၂၀၀ |
| Every Time | ၅,၄၅၀ |
| (Julie's) Biscuit Assorties | ၄,၉၀၀ |
| (Julie's) Love letters | ၄,၅၉၀ |

## ခေါက်ဆွဲခြောက်

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၆၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၈၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၆၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၀၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Colgate (160g) Double Cool Stripe | ၁,၇၀၀ |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၆၀၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၀၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၃၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၂၈၀ |
| Kanebo | ၂,၃၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၅၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၈၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၆၀၀ |
| Palmolive 100 g | ၁,၃၀၀ |
| Palmolive 200 g | ၂,၈၀၀ |
| Rejoice 100 g | ၇၀၀ |
| Rejoice 200 g | ၁,၇၀၀ |

## ခြင်ဆေးခွေ

(၂၇-၁၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |

www.foreverspace.com.mm



| | | | |
|---|---|---|---|
| Fumakilla (10) coils | ၂၅၀ | ပါရမီ | ၃၅၀ |
| MARS | ၃၀၀ | MOSFLY | ၂၅၀ |
| Fuji | ၃၀၀ | ဂေါ်ဇီလာ | ၃၅၀ |
| ATAK | ၄၀၀ | Spider | ၂၅၀ |
| FIGHTER | ၃၈၀ | Golden Lion | ၂၅၀ |
| GO! | ၂၅၀ | Special | ၃၀၀ |




( ၂၄-၁၂-၂၀၀၉)

### ❑ Lucky Bird P4 Home & Office PC 775

- Intel Pentium 4-775 Dual Core 2.2 GHz
- Memory 1 GB DDR2 667
- MSI MB
- 250 GB HDD SATA
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free Speaker

Price 227 US$

### ❑ Lenovo 3000 B 450L Notebook

- Intel Dual Core Processor T4300 (2.1 GHz 800 MHz FSB, 1MB L2 Cache
- 2 G DDR 2 RAM
- 14.1" WXGA LED Back Light Dispaly
- 250 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- nVIDIA GeForce 9300M GS 256MB graphic
- 14.1" WXGA LED Back Light Display
- Lenovo Wireless b/g . LAN
- Bluetooth . 1.3 M Pixel Web Cam
- Standar Speakers . 4 in 1 Card Reader
- Veriface (Face Recognition Technology)
- One Key Rescue System . 6 Cells Li-ion Battery. Free DOS

Price 439 US$

### ❑ KMD Classic Model

- Intel Pentium Dual Core 2.2 GHz E 5200 C 2MB L2 Cache, 800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1333) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 15" LCD Color Digital Monitor (NEC)
- Prolink Keyboard and Mouse (Myanmarser) Optical Mouse Pad
- P4 Casing (Medium Light)

Price 348,000 Ks

### ❑ TOSHIBA Satellite L510 (PSLF8L-00C001) Notebook

- Intel Dual CoreT4400 2.1 GHz Processor
- 14.1" WXGA Super Shine View screen
- 1GB DDR2 RAM
- 250GB HDD [SATA]
- DVD-RW
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Intel Graphic Media Accelerator 4500M
- Web Cam, Card Reader, Speaker Mouse

Price 579US$

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Quard 2.33 GHz (775 CPU)
- ASUS P5KPLAM/1600
- 2GB DDR 2 RAM
- 320 GB HDD SATA
- 256 MB PCI Express
- Aopen PS2 Keyboard

www.foreverspace.com.mm

- Optical Mouse & Mouse Pad
- P4 ATX Tower Casing
- Free Speaker

Price 367 US$

## ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.6 GHz E5300(2MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (Philips)
- Prolink Keyboard (Myanmarser)
- Optical Mouse Pad
- P4 Casing (Handle High)

Price 388,000 Ks

## ❑ KMD Innovator Model

- Intel Pentium Core2 Duo 2.8 GHz E 7400 (3 MB L2 Cache/1066 FSB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- DVD-RW Multi-Layer Drive (SATA)
- Modem, 16 in 1 Card Reader
- 320 GB HDD (Seagate 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (Philips)
- Prolink Keyboard & Mouse (Myanmarser)
- Optical Mouse Pad
- P4 Casing (Light High)

Price 519,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (ASUS) SATA | 33,500 KS |
| 24 x DVD Writer (Sony) SATA | 31,000 Ks |
| 22 x DVD Writer (Pioneer)IDE | 30,000 Ks |
| 24 x DVD Writer (Samsung) SATA External | 62,000 Ks |
| Microlab M 223 Speakers with sub woofer | 25,000 Ks |
| Microlab M 900 Speakers with sub woofer | 37,000 Ks |
| Microlab M500II Speakers with sub woofer | 61,000 Ks |
| Microlab F361 Speakers with sub woofer | 61,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 28,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 48,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 51,000 Ks |
| 2GB (DDR 3 RAM) 800 MHz (Kingston) | 51,000 Ks |
| Notebook RAM | |

## ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 45,000 Ks |
| 320 GB (Seagate) SATA | 49,000 Ks |
| 500 GB (Seagate) SATA | 54,000 Ks |
| 750 GB (Seagate) SATA | 74,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 46,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 51,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 60,000 Ks |

## ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 75,000 Ks |
| 17" SVGA Color Monitor (Dyna) | 58,000 Ks |
| 19" SVGA Color Monitor (Philips) | 88,000 Ks |
| 15" LCD Color Monitor (NEC) | 105,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 160,000 Ks |
| 19" LCD Touch Screen Monitor (Prolink) | 407,000 Ks |
| 18.5" LCD Color Monitor (Prolink)Wide View With DVI | 127,000 Ks |
| 18.5" LCD Color Monitor (LG) Wide View | 118,000 Ks |
| 20" LCD Color Monitor (Acer) Wide View With DVI | 131,000 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 43 US$ |
| Canon iP6320 Printer (USB) | 49,000 Ks |
| Canon Laserjet 3050 Printer (USB) | 111,000 Ks |
| Canon Laserjet 2900 Printer (USB) | 119,000 Ks |
| HP Laserjet 1522 N A10 Printer (USB) | 385,000 Ks |
| HP Desk 2410 Printer | 67,000 Ks |
| HP Deskjet 2235 Printer (USB) | 70,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 202,000 Ks |
| EPSON T11 Inkjet Printer | 51,000 Ks |
| EPSON Stylus TX 210 Printer with Cable(USB) | 137,000 Ks |
| EPSON Stylus TX 550 Printer with Cable | 195,000 Ks |
| Star Receipt Printer | 235,000 Ks |
| EPSON R 230 Photo Printer | 153,000 Ks |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 60,000 Ks |
| HP 1010/ 1320/ 1300 Toner | 68,000 Ks |
| HP 2015/ 1522 Toner | 75,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 55,500 Ks |
| Canon 1120 Toner | 55,500 Ks |
| HP 2055 Toner | 82,000 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 90,000 Ks |
| Canon Scanner Lide 100 | 56,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Rinnai<br>ရေပူချိုးစက်<br>(ဂျပန်) | MYANMAR KOWA INTERNATIONAL CO., LTD.<br>အမှတ်–၁၉၉၊ မြေညီထပ်၊ ၃၄ လမ်း (အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၄၅၉၂၅၊ ၂၄၆၃၀၄ | ဦးအောင်ဇေလတ်<br>(Sales Manager) | SALES AND SERVICE CENTER (MDY)<br>အမှတ်–၁၃၉၊ မြေညီထပ်၊ လမ်း–၈၀၊ ၂၇× ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၉–၆၈၀၃၅၀၃ |
| ၂။ | Aerosan<br>အစာကြေလေနိုင်ဆေး<br>(ထိုင်း) | SAN LWIN TRADING CO., LTD.<br>အမှတ်–၂၂၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၀၆၆၈၊ ၅၄၂၇၇၆ | ဒေါ်တင်လင်းလင်းအောင်<br>(Sales Executive) | SAN LWIN TRADING CO., LTD.<br>အမှတ်–၈၃၊ ၇၄ လမ်း၊ ၂၆× ၂၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၇၃၅၆၅ |
| ၃။ | Lucky Cow<br>နို့စိမ်း<br>(မလေးရှား) | SUPER ONE INTERNATIONAL (MYANMAR) CO., LTD.<br>အမှတ်–၈၆၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၂၈၅၇၊ ၂၉၂၈၈၀<br>ဖက်စ်–၂၉၀၅၉၇<br>E-mail-superone. company@gmail.com | ဒေါ်မေထွေး<br>(General Manager) | SUPER ONE INTERNATIONAL (MYANMAR) CO., LTD.<br>အမှတ်–၁၉၊ ၈၄ လမ်း၊ ၂၃× ၂၄ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၃၅၃၈၃၊ ၃၅၀၁၄ |
| ၄။ | Champion<br>ကြမ်းခင်းနှင့် နံရံကပ်ကြွေပြားများ<br>(စင်ကာပူ) | CHAMPION CONSTRUCTION MATERIALS CO., LTD.<br>အမှတ်–၂၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၄၀၀၅၆၁၊ ၄၀၀၅၆၂၊ ၄၀၀၅၆၃<br>ဖက်စ်–၄၀၀၅၆၁<br>E-mail:konaing@myanmar.com.mm | ဒေါ်သူဇာမိုး<br>(Brand Manager) | CHAMPION CONSTRUCTION MATERIALS CO., LTD.<br>အမှတ်–၃၃၊ ၇၈ လမ်း၊ ၃၄× ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၃၄၈၈ |
| ၅။ | Police<br>နေကာမျက်မှန်များ<br>(အီတလီ) | EVER SEIKO CO., LTD.<br>အမှတ်–၆၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၃၀၇၀၉၊ ၅၃၀၇၅၀ | ဒေါ်ခင်သော်တာ<br>(Manager) | EVER SEIKO CO., LTD.<br>အမှတ်–B(၉/ G)၊ ၃၁× ၃၂ လမ်းကြား၊ ၇၇ လမ်း၊ မန္တလေး။<br>ဖုန်း–၀၂–၇၃၀၂၂ |

**ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။**

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .

၁၃၈ ဦးသိန်းဖေမြင့်၊ ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်)နှင့် ဆီဒိုးနားဟိုတယ်
၁၄၆ ရည်မှန်းချက်ကြီးသူများ
၁၅၂ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၆)
၁၅၆ UNGA၊ G 20 အရှေ့သွား အနောက်ရောက် (၃)
၁၆၂ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၈)

# ဦးသိန်းဖေမြင့်၊ ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်) နှင့် ဆီဒိုးနားဟိုတယ်

သခင်တင်မြ

## ဆီဒိုးနားဟိုတယ်

မှတ်မှတ်ရရ ဆီဒိုးနားဟိုတယ် မင်္ဂလာပွဲသို့ ကျွန်တော် လေးကြိမ်သွားခဲ့ဖူးသည်။ ပထမအကြိမ်က ဦးဌေးတင့်မြေးသားကြီး မောင်လွင်ဌေးနှင့် ဆွေဆွေတို့၏ သမီး မင်္ဂလာပွဲဖြစ်သည်။ ဒုတိယအကြိမ်တွင်လည်း ဦးဌေးတင့်၏ တတိယသား မောင်ဇော်ဌေးနှင့် မိုးမိုးတို့၏သမီး သီရိဒုံ (ငယ်စဉ်က ထိုင်းဘုရင့်သမီးတော်သီရိဒုံနှင့်တူသည်) ၏မင်္ဂလာပွဲ ဖြစ်သည်။ တတိယအကြိမ်တွင်မူ စာရေးဆရာ ဦးသိန်းဖေမြင့် (ကွယ်လွန်) နှင့် ဒေါ်ခင်ကြည်ကြည်တို့၏ မြေး ဦးဟံသာမြင့်နှင့် ဒေါ်ခင်ဖုန်းဆွေတို့၏ သမီး ဒေါက်တာညင်သာမြင့်၏ မင်္ဂလာပွဲဖြစ်သည်။ စတုတ္ထအကြိမ်တွင်ကား ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်)၊ ဒေါ်ခင်ကြည် (ကွယ်လွန်) တို့၏မြေး၊ ဦးကျော်ကျော်နှင့် ဒေါ်သန္တာကျော်တို့၏သမီး ဟေမာန်ကျော်



www.foreverspace.com.mm



ကျော်၏မင်္ဂလာပွဲ ဖြစ်ပါသည်။

ဆီဒိုးနားဟိုတယ်မရှိမီ ဂျပန်ခေတ်က အဓိပတိ ဒေါက်တာဘမော်အစိုးရ နိုင်ငံခြားရေးဝန်ကြီး သခင်နုနေထိုင်သည့် နှစ်ထပ်တိုက်နှင့် ခြံဝင်းကြီးရှိခဲ့သည်။ အစောင့်ရဲသား ၁၅ ယောက် ရှိသည်။ အပေါ်ထပ်တွင် သခင်နုနှင့် ဇနီးဒေါ်မြရီတို့နေပြီး အောက်ထပ်တွင် သခင်ဇဟိန်းနှင့်ဇနီး ဒေါ်ခင်ကြီးတို့ နေထိုင်လျက်ရှိသည်။ သခင်ဇဟိန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အတွင်းဝန်ဖြစ်သည်။ ခြံဝင်းအတွင်း ဝါးတဲကြီးတစ်တဲရှိသည်။ ထိုတဲတွင် ဦးညိုထွန်း (ရခိုင်တော်လှန်ရေးခေါင်းဆောင်) နေသည်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယရှိ ဖ.တ.ပ.လအဖွဲ့ချုပ်ကိုယ်စားလှယ် ဦးသိန်းဖေလွှတ်လိုက်သဖြင့် ရန်ကုန်ရောက်လာသည့် သခင်တင်ရွှေ အိန္ဒိယအပြန်တွင် သခင်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့က ဦးညိုထွန်းကို အိန္ဒိယသို့ ထည့်လိုက်သည်။

ဤအဖြစ်နှင့်ပတ်သက်၍ သခင်နုက 'ငါးနှစ်ရာသီဗမာပြည်'(၁၉၄၁–၁၉၄၅) စာအုပ် စာမျက်နှာ ၂၆၆–၂၆၇ တို့တွင် အောက်ပါအတိုင်း ရေးခဲ့သည်။

"ထို့ကြောင့် သခင်သန်းထွန်းနှင့်တွေ့သောအခါ ညိုထွန်းပျောက်သွား၍ ဂျပန်စစ်ပုလိပ်တွေက ကျွန်တော့်ကို မသင်္ကာနေတုန်း တစ်အိမ်ထဲနေတဲ့ဇဟိန်းကလည်း တစ်ခါထပ်ပျောက်သွားလျှင် သိပ်ဆိုးရွားသွားလိမ့်မည်။

ထို့ကြောင့် ပြန်ပို့ပေးပါ ပြောသောကြောင့် နောက်နှစ်ရက်လောက်ကြာသောအခါ ဘယ်က ဘယ့်နှယ်ရောက်လာမှန်းမသိ ဇဟိန်းအိမ်သို့ ပြန်ရောက်လာသည်။

သို့ရာတွင် သခင်စိုးပြန်သွားပြီး လေး၊ ငါးရက်အကြာတွင် တစ်ကြိမ်ထပ်ပျောက်သွားပြန်လေသည်။ (သခင်စိုးပြန်သွားပြီး လေး၊ ငါးရက်အကြာမဟုတ်ပါ။ သခင်စိုး ဒေးဒရဲ သဲကုန်းရွာသို့ ပြန်သွားသည်မှာ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင်ဖြစ်ပြီး ကိုဇဟိန်းတောခို၍ပျောက်သွားသည်မှာ ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်ဖြစ်သဖြင့် ၄၁ ရက်အကြာပါသည်။ ကိုဇဟိန်း ဂျပန်တော်လှန်ရေးအတွက် တောခိုသွားသည့်အခါ ဇနီးဒေါ်ခင်ကြီးကိုပါခေါ်သွားပါသည်။ **သခင်တင်မြ**)

ကျွန်တော်လည်း သခင်သန်းထွန်းကိုသွား၍ဆူရာ သခင်သန်းထွန်းကလည်း သူဘာမှမသိရဟု ကျွန်တော်ဖြီးလိုက်သည်။

နောက်အကြောက်အနည်းငယ်ပြေသွားမှ 'အလုပ်ကြီးလုပ်တဲ့အခါ လူတစ်ယောက်ဟာ ပဓာနမဟုတ်ဘူးလို့ ယူဆကောင်းယူဆလိမ့်မယ်ထင်ပါရဲ့'ဟု တွေးဆပြီး ကျွန်တော့်စိတ်ကို ဖြေလိုက်ရ၏"

## တတိယနှင့် စတုတ္ထမင်္ဂလာဆောင်

ပထမနှင့်ဒုတိယမင်္ဂလာဆောင်တို့မှာ ကာလကြာပြီဖြစ်၍ အဖြစ်အပျက်များကို အသေးစိတ်မမှတ်မိတော့ပါ။ တတိယနှင့် စတုတ္ထမင်္ဂလာဆောင်တို့မှာ ၂၀၀၉ ခုနှစ် ဇွန်လတွင်ဖြစ်သည့်အတွက် အဖြစ်အပျက်များကို အသေးစိတ်ရေးပါမည်။

## တတိယမင်္ဂလာဆောင်

၅–၆–၂၀၀၉ နေ့က 'သခင်တင်မြနှင့် ဇနီး' ဆိုသည့်မင်္ဂလာဖိတ်စာတစ်စောင်ကို ရှေ့နေ ကိုဇော်လင်းထံမှတစ်ဆင့် ရခဲ့သည်။ ဖတ်ကြည့်တော့ ရန်ကုန်မြို့နေ ဦးဟံသာမြင့်၊ ဒေါ်ဆွေဖုန်းမြင့်တို့၏သမီး ဒေါက်တာညင်သာမြင့်၏ မင်္ဂလာဖိတ်စာ ဖြစ်နေသည်။

မိမိတို့ထံတွင် ကိုယ်ပိုင်ကားမရှိ။ ဒါကြောင့် ဇနီးနှင့်တိုင်ပင်ပြီး စွမ်းအားစတိုးမှ ကားကို အသွားအပြန် ၈၀၀၀ ဖြင့် ငှားလိုက်သည်။

ဦးဟံသာမြင့်သည် နာမည်ကျော်စာရေးဆရာ ဦးသိန်းဖေမြင့်၏သားကြီးဖြစ်သည်။ ဦးသိန်းဖေမြင့်၊ ဒေါ်ခင်ကြည်ကြည်တို့တွင် သားလေးယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။ ဟံသာမြင့်၊ ခွန်သာမြင့်၊ အာကာမြင့် (ကွယ်လွန်) နှင့် မကြည်သာမြင့်တို့ ဖြစ်သည်။

ဒေါက်တာညင်သာမြင့်၏ အဘိုး ဦးသိန်းဖေမြင့်ကွယ်လွန်သည့်နေ့မှာ ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်ဖြစ်၍ နှစ်ပေါင်း ၃၁ နှစ်ကျော်ရှိလေပြီ။ ကျွန်တော့်အသက် ၈၅ နှစ်ရှိပြီဆိုတော့ ဦးဟံသာမြင့်ကိုတွေ့လျှင် 'ဟံသာမြင့်'ဟုသာ ခေါ်လေ့ရှိသည်။ ဟံသာမြင့်ကလည်း ကျွန်တော့်ကို "အန်ကယ်"ဟုသာ ခေါ်သည်။ အမှန်ကတော့ သူ့သမီး ညင်သာမြင့်ပင် ဒေါက်တာဘွဲ့ရပြီး အိမ်ထောင်ရှင်မဖြစ်ပေတော့မည်။ မကြာမီ ဟံသာမြင့် အဘိုးဖြစ်တော့မည်။ ဦးသိန်းဖေမြင့်၏သမီး ကြည်သာမြင့်ပင် ဒဂုံတက္ကသိုလ်တွင် ပါမောက္ခဖြစ်နေပေပြီ။ ဦးသိန်းဖေမြင့်၏ဇနီး ဒေါ်ခင်ကြည်ကြည် မုဆိုးမဖြစ်ခဲ့သည်မှာ ၃၁ နှစ်ရှိခဲ့ပြီ။ ကွယ်လွန်သူခင်ပွန်းအတွက် ဆွမ်းကျွေးအမှုအတန်းဝေ၊ မိတ်ဆွေအပေါင်းအသင်းများကို နေအိမ်တွင် ဖိတ်ကြားကျွေးမွေးခဲ့သည်မှာ နှစ်စဉ်မပြတ် ရှိခဲ့သည်။

ဦးသိန်းဖေမြင့်သည် မုံရွာအထက်တန်းကျောင်းတွင်နေစဉ်ကပင် စာပေဘာဝသို့ စဝင်ခဲ့သည်။ စာစရေးခဲ့စဉ်က ကလောင်အမည်မှာ 'စနေငဖေဘုတလင်' ဖြစ်သည်။

ဦးသိန်းဖေမြင့်နှင့်ကျွန်တော် စတင်တွေ့ခဲ့ပုံကို 'ဘုံဘဝမှာဖြင့်' စာမျက်နှာ ၁၆၁၊ ၁၆၂၊ ၁၆၃ တို့တွင် ဤသို့ရေးခဲ့သည်။

## တက်ဘုန်းကြီးသိန်းဖေ

၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ကိုဇဟိန်းနှင့်ကျွန်တော် ဖြန့်ချိရေးစာအုပ်တိုက်မှ လူးဝစ္စလမ်း (ယခုဆိပ်ကမ်းသာလမ်း) ရှိ နဂါးနီစာအုပ်တိုက်သို့ ထွက်လာကြသည်။ ကိုဇဟိန်းသည် ပန်းဆိုးတန်းလမ်းထိပ် ကွမ်းခြံဘုတာ (ရန်ကုန်မီးရထားဘူတာကြီး) နှင့် ရှေ့တည့်တည့်ရှိ ပိုင်–အန်–စီ–အေ အပေါ်ထပ်သို့ တက်သွားလေသည်။ ကျွန်တော်လည်း သူ့နောက်က လိုက်ပါသွားသည်။

ကိုဇဟိန်းက လှေကားထစ်များတက်ရင်း "ခင်ဗျား ကိုသိန်းဖေကို သိသလား" ဟု မေးလေသည်။ "ကိုသိန်းဖေကို ကျွန်တော် မသိဘူး။ သူရေးတဲ့စာအုပ်တွေတော့ ဖတ်ဖူးတယ်။ တက်ဘုန်းကြီးတို့၊ တက်

www.foreverspace.com.mm

ခေတ်နတ်ဆိုးတို့။ တင်ခေတ်နတ်ဆိုးက အတော့်ကိုကောင်းတယ်”

“အေးဗျ၊ ဒီစာအုပ်က အတော် ကောင်းတယ်”ဟုပြောပြီး ကိုဗဟိန်းသည် အပေါ်ထပ်ရောက်သည်နှင့် ညာဘက် ထောင့်မှ အခန်းတံခါးကိုခေါက်လိုက်သည်။ အခန်းတံခါးပွင့်သွားသောအခါ ကိုသိန်းဖေကို တွေ့ရသည်။

“ဩော် ကိုယ့်လူကိုး။ ကဲ . . . လာ လာ”

ကိုသိန်းဖေက ပြုံးရွှင်ပျူငှာစွာ ခေါ်ယူသည်။

“ခင်ဗျားကိုတွေ့မှ တွေ့ပါ့မလားလို့”

စာရေးစားပွဲဘေးမှ ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်ရင်း ကိုဗဟိန်းက ပြောလိုက်သည်။ ကျွန်တော့်ကိုလည်း ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရန် ကိုဗဟိန်းက လက်ညှိုးထိုးပြသဖြင့် ဝင်ထိုင်လိုက်သည်။

ကိုသိန်းဖေသည် ဖြူဖွေးသပ်ရပ်စွာခင်းထားသော ခုတင်ပေါ်တွင် ခြေတွဲလွှဲချထိုင်ပြီး ခြေကိုလှုပ်ရမ်းရင်း “ကိုယ့်လူကို တမင်စောင့်နေတာ။ အလုပ်ရှိပေမယ့် ဘယ်သွားလို့ဖြစ်မလဲ။ ကဲ . . . ဆိုပါဦး”

ကျွန်တော်သည် သူတို့နှစ်ဦးအပြန်အလှန်ပြောနေသည့်စကားအဓိပ္ပာယ်ထက် ကိုယ်တိုင်ယခုတွေ့ရသည့် ကိုသိန်းဖေ၏ ဟန်အမူအရာများကိုသာ အလေးပေးဂရုပြုနေမိသည်။ ကိုသိန်းဖေသည် အသားအတန်ညို၍ အရုပ်အမောင်းကောင်းသူဟု ဆိုရမည်။ ဆံပင်ကို သပ်ရပ်စွာဖြီးထားပြီး မျက်နှာ၏ ထူးခြားမှုမှာ မျက်မှန်တပ်လေ့ရှိသူများ၏ အမူအကျင့်အတိုင်း ခေါင်းမော့၊ မေးငေါ့ဟန်ဖြင့် မျက်လုံးနှင့် နှုတ်ခမ်းတို့က တစ်ပြိုင်တည်းပြုံးနေခြင်း ဖြစ်လေသည်။ အောက်နှုတ်ခမ်းကလည်း တွဲနေသည်။

ကိုဗဟိန်း၏စကားများကို ကိုသိန်းဖေက ခေါင်းမသိမသာညိတ်၍ညိတ်၍ နားထောင်နေသည်ကို တွေ့ရ၏။ ဟာဝေယံရုပ်ဖြူနှင့် ပိုးလုံချည်တစ်ပတ်နွမ်းကို ဝတ်ထားလေသည်။ အခန်းထဲရှိ ပစ္စည်းများမှာ ရိုးရိုးရှင်းရှင်းနှင့် သန့်ရှင်းသေသပ်မှုကို တွေ့ရ၏။ ခုတင်တစ်လုံး၊ ဗီရို၊ စာရေးစားပွဲနှင့် ဖိနပ်တင်ခုံတွင် ရှူးဖိနပ်များကိုလည်း တွေ့ရလေသည်။

ကျွန်တော်သည် ကိုသိန်းဖေကို ကျောင်းသားခေါင်းဆောင်တစ်ယောက်နှင့် စာရေးဆရာတစ်ယောက်အဖြစ်သာ ကြားဖူးသည်။ သူရေးသော ‘တက်ခေတ်နတ်



ဆိုး’ ဝတ္ထုမှာ ထွက်ခါစဖြစ်ပြီး စာပေဝါသနာရှင်များအတွင်း ရေပန်းစားနေဆဲဖြစ်ပေသည်။ ဤဝတ္ထုကို ကျွန်တော်နှစ်ခါ၊ သုံးခါမျှ ပြန်ဖတ်မိသည်။ ဝတ္ထုတွင်ဇာတ်လိုက်မင်းသားညွန့်မောင်သေဆုံးသွားသောအခါ ဇနီးအဖြူ၏ ကြေကွဲမှုကို သရုပ်ဖော်ရာတွင် ‘အဖြူသည် မတုန်မလှုပ် ကျောက်ရုပ်’ ဟု ရေးဖွဲ့ကာ အဆုံးသတ်ထားသည်မှာ ပြောင်မြောက်၍ စာရှုသူအား စွဲကျန်ရစ်စေသည်။

‘တက်ခေတ်နတ်ဆိုး’ သည် အရေးအဖွဲ့တွင်သာ အနုပညာဂုဏ်မြောက်သည် မဟုတ်။ ဝတ္ထု၏ ရည်မှန်းချက်ဖြစ်သော ကာလသားရောဂါ၏ ဆိုးကျိုးများကို သရုပ်ဖော်ရာတွင်လည်း စာရှုသူအားတစ်ခဏတာ ရာဂစိတ်ဖြေဖျောက်မှုအတွက် သားစဉ်မြေးဆက်လူညွန့်တုံးစေသည့်ရောဂါဆိုး ငွေပေးဝယ်သောအလေ့အထအား ရှုံ့မုန်းရှောင်ရှားလိုစိတ်များ တဖွားဖွားပေါ်

www.foreverspace.com.mm



ပေါက်လာလောက်အောင်ပင် တတ်နိုင်ပါပေသည်။ ယခု ကိုသိန်းဖေတစ်ယောက် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီတွင်ဇာတ်ညွှန်းရေး၍ ဒါရိုက်တာလုပ်နေသည်ဟု ကြားရလေသည်။ 'ယောက်ျားဂုဏ်ရည်' ဟူသော ရုပ်ရှင်ကားမှာ ကိုသိန်းဖေဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့သော ရုပ်ရှင်ကားပင်ဖြစ်ပေသည်။

အထက်ပါတို့သည် ဦးသိန်းဖေမြင့်အပေါ် ကျွန်တော့်အမြင်၊ အတွေ့ဖြစ်ပါသည်။ အောက်ပါတို့မှာ ဦးသိန်းဖေမြင့်က ကျွန်တော့်အပေါ် မြင်ပုံရှုပုံဖြစ်လေသည်။

## 'ဘုံဘဝမှာဖြင့်' တွင် ဦးသိန်းဖေမြင့်၏ မိတ်ဆက်စကား

'ဤစာအုပ်မှာ သခင်တင်မြရေးသားသော 'ဘုံဘဝမှာဖြင့်' စာအုပ်ဖြစ်လေသည်။ သခင်တင်မြမှာ နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် မိတ်ဆက်ပေးရန်မလိုသော လူသိများပြီး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ မိတ်ဆက်ပေးရန်လိုလျှင် စာရေးသူတစ်ယောက်အနေဖြင့်သာ လိုပေလိမ့်မည်။ ဤစာအုပ်မှာ သူပထမဆုံးရေးသားထုတ်ဝေလိုက်သော စာအုပ်ဖြစ်ခြင်းကြောင့်တည်း။

တစ်ခါတုန်းက (ဂျပန်ခေတ် ၁၉၄၂ ခုနှစ် ဇွန်လ ကျွန်တော် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ-အိုင်-အေ) တွင် ဗိုလ်အဖြစ် တာဝန်ထမ်းနေစဉ်။ သခင်တင်မြ) သခင်တင်မြက ဗိုလ်ကြီးဖြစ်ခဲ့ပြီး သခင်စိုး၊ သခင်တင်ရွှေနှင့် ကျွန်တော်က သာမန်စစ်သားဖြစ်ခဲ့ဖူးလေပြီ။

ဖက်ဆစ်ဂျပန်များ မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် သခင်စိုး၊ သခင်တင်ရွှေနှင့် ကျွန်တော်တို့သည် မဟာမိတ်နှင့် ဆက်သွယ်ရန် ရခိုင်ကိုဖြတ်၍ အိန္ဒိယသို့ သွားရန် ခရီးထွက်ခဲ့ကြလေသည်။ ကျွန်တော်တို့ လုံလုံခြုံခြုံခရီးသွားနိုင်ရန် ဘီ-အိုင်-အေတွင် ဗိုလ်ကြီးလုပ်နေသော သခင်တင်မြက လိုက်ပို့လေသည်။ ဂျပန်များနှင့်တွေ့လျှင် သူက အဆောင်အယောင် အပြည့်အစုံပါသော ဘီ-အိုင်-အေဗိုလ်ကြီးဖြစ်၍ ကျွန်တော်တို့က အဆောင်အယောင်မပြည့်မစုံနှင့် သူ့ကိုယ်ရံတော်များ ဖြစ်ကြရပေလိမ့်မည်။

ထိုသို့အတူ ခရီးမထွက်ရမီက ကျွန်တော်သည် သခင်တင်မြနှင့် ရင်းနှီးခဲ့ဖူးခြင်းမရှိပါ။ သူ့အကြောင်းကြားခဲ့ဖူးရုံသာ ဖြစ်လေသည်။

ကျွန်တော်တို့နှင့် ခေတ်ပြိုင်နိုင်ငံရေးသမားများတွင် သခင်ဗသောင်း၊ သခင်သိန်းမောင်ကြီး၊ သခင်ဗစိန်၊ သခင်နု စသူတို့မှာ ကျွန်တော်တို့ထက် လေး၊ ငါး၊ ခြောက်နှစ်ကြီးသူများ ဖြစ်သည်။ သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ အာဏာရှင်လုရွှေ စသူတို့နှင့် ကျွန်တော်မှာ သက်တူရွယ်တူဟု ခေါ်ဆိုနိုင်သောအရွယ်ပိုင်းဖြစ်သည်။ နောက်ပြီး ကျွန်တော်တို့ထက် လေး၊ ငါး၊ ခြောက်နှစ်ဆိုသလို အရွယ်ပိုင်းရှိသေးသည်။ ထိုအရွယ်ပိုင်းတွင် ဗိုလ်အောင်ကြီး၊ ဗိုလ်ရန်နိုင်၊ ဗိုလ်ရဲထွဋ်၊ သခင်တင်မြ စသူတို့ပါဝင်ကြသည်။ ကျွန်တော်သည် ထိုအပိုင်းကို များစွာမြတ်နိုးပြီး ညီကလေးများလို ခင်မင်တွယ်တာတတ်၏။ သူတို့၏ တိုးတက်ရင့်ကျက်မှုတွင် စိတ်ဝင်စား၏။ 'အရှေ့ကနေဝန်းထွက်သည့်ပမာ' ဝတ္ထုတွင် ဤအရွယ်ပိုင်းကို တင်စားကာ 'တင်ထွန်း' ဆိုသူအား ဇာတ်လိုက်အဖြစ်ဖြင့် ဖန်တီးပေးခဲ့လေသည်။

**ကိုသိန်းဖေသည် အသားအတန်ညို၍ အရပ်အမောင်းကောင်းသူဟု ဆိုရမည်။ ဆံပင်ကို သပ်ရပ်စွာဖြီးထားပြီး မျက်နှာ၏ထူးခြားမှုမှာ မျက်မှန်တပ်လေ့ရှိသူများ၏ အမူအကျင့်အတိုင်း ခေါင်းမော့၊ မေးငေါ့ပြဟန်ဖြင့် မျက်လုံးနှင့် နှုတ်ခမ်းတို့က တစ်ပြိုင်တည်းပြုံးနေခြင်းဖြစ်လေသည်။ အောက်နှုတ်ခမ်းကလည်း တွဲနေသည်။**

ကျွန်တော်တို့သည် သခင်စိုးအား ကွန်မြူနစ်ပါတီစည်းရုံးရေးလုပ်ငန်းများနှင့် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ခေါင်းဆောင်ရန် နေရစ်ခဲ့စေချင်သည်။ အပြင်သို့ မလိုက်စေချင်ပေ။ သို့သော် သခင်စိုးသည် အကြောင်းအမျိုးမျိုးပြ၍ လိုက်လာခဲ့လေသည်။ လမ်းတွင် သခင်တင်မြနှင့် အခြားလူငယ်များက ဆွေးနွေးသဖြင့်လည်းကောင်း၊ လူထု၏ ဖက်ဆစ်ဆန့်ကျင်ရေးအရိပ်နိမိတ်ကိုတွေ့မြင်ရ၍လည်းကောင်း သခင်စိုးစိတ်ပြောင်းသွားလေသည်။ ရခိုင်ပြည်သို့ ရောက်သောအခါ သခင်စိုးသည် သခင်တင်မြအား အဖော်ပြု၍ မြန်မာပြည်အတွင်းသို့ ပြန်ဝင်သွားလေသည်။

သည်နောက်၌ သခင်တင်မြနှင့် ကျွန်တော်တို့သည် စစ်အပြီးမှာ မွေးကာစကလေး နတ်ရေကန်ထဲချိုးပေးလိုက်သဖြင့် ၁၆ နှစ်သား လူလားမြောက်လာသည်နှင့် တူသော ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းတွင် အတူဆုံကြသည်။ ပါတီကွဲသောအခါ သူသည် သခင်စိုးနှင့်ပါသွားလေသည်။ အလံနီဖြစ်သွားသော်လည်း ကျွန်တော်တို့ဘက်မှ မြတ်နိုးတွယ်တာမှုမပျက်သူမှာ သခင်တင်မြပင်ဖြစ်လေသည်။ အလံနီနှင့် ကျွန်တော်တို့ကြားဝယ် ဂိုဏ်းဂဏနှင့် အာဃာတမီးတောက်လောင်နေသော်လည်း သခင်တင်မြနှင့် ကျွန်တော်တို့ကြားမှာကား ဂိုဏ်းဂဏမပြင်းထန်ကြ။ အာဃာတမီး မတောက်လောင်ကြ။

၁၉၄၈ ခုနှစ် ပြည်တွင်းစစ်ဖြစ်သောအခါ ကျွန်တော်သည် ကွန်မြူနစ်ပါတီအပြင်သို့ ရောက်ခဲ့လေ၏။ သူတို့နှင့် လမ်းစဉ်ခြားခဲ့၏။ သခင်တင်မြသည် အလံနီမှ ထွက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီသို့ ရောက်သွား၏။ ကျွန်တော့်အနေဖြင့်မူကား သခင်တင်မြသည် အလံနီကြီးမှ အလံနီလေးဖြစ်သွားခြင်းဟုသာ မြင်လေသည်။

ထို့အပြင် လွန်လေပြီးသောနှစ်ပေါင်းများစွာအတွင်း လူပုဂ္ဂိုလ်ဆိုင်ရာတွင်

www.foreverspace.com.mm

သခင်တင်မြတစ်ယောက် မရိုးမသားကိုယ်ကျိုးစီးပွားရှာနေသည်ဟုလည်းကောင်း၊ ကိုယ်ကျင့်တရားဖောက်ပြားနေပြီဟုလည်းကောင်း ကျွန်တော်မကြားမိချေ။

**သိန်းဖေမြင့်**
**၂၃–၆–၁၉၈၄**

## ဖ•တ•ပ•လ ကိုယ်စားလှယ် ဦးသိန်းဖေ

ဦးသိန်းဖေသည် ဖက်ဆစ်ဂျပန်များ မြန်မာပြည်ရောက်စ ၁၉၄၀ ခုနှစ် မေလတွင် ဂျပန်တို့နှင့် ရင်မဆိုင်လိုသဖြင့် တရုတ်ပြည်သို့သွားရန် ကြိုးစားခဲ့လေသည်။ အဆင်မပြေသဖြင့် ထီးချိုင့်မှ မန္တလေးပြန်ဆင်းခဲ့ရသည်။ ထိုအချိန်ကပင် မြေလျှိုးနေခဲ့ရသည်။ တစ်ဖန် ၁၉၄၁ ခုနှစ် ဇွန်လတွင် အမရပူရ၌ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဗိုလ်လက်ျာတို့ကို သခင်စိုးနှင့်အတူတွေ့ပြီး ဆွေးနွေးကြသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယရှိ အင်္ဂလိပ်တပ်များနှင့် ဆက်သွယ်လိုကြောင်း တင်ပြဆွေးနွေးရာ သဘောတူညီကြသဖြင့် ကျောက်ဆည်မှ သခင်တင်ရွှေကို အဖော်ခေါ်၍ အိန္ဒိယသို့ ထွက်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယသို့ရောက်ခဲ့သည်။ ဦးသိန်းဖေသည် အင်္ဂလိပ်စစ်တပ်နှင့် တွေ့ခွင့်မရဘဲ စစ်ပြေးဘုရင်ခံဒေါ်မန်စမစ်အစိုးရအဖွဲ့၏ ပုလိပ်များနှင့်သာ တွေ့ခဲ့ရသည်။

ထိုမှတစ်ဖန် တရုတ်ပြည်သို့ သွားခဲ့သည်။ တရုတ်ပြည် ချုံကင်းတွင် တစ်နှစ်ခန့်ကြာခဲ့သော်လည်း အကူအညီမရခဲ့ပါ။ ၁၉၄၂ ခုနှစ် နှစ်လယ်လောက်မှ အရှေ့တောင်အာရှမဟာမိတ်စစ်သေနာပတိ မောင့်ဘက်တန်၏ သဘောတူညီမှုဖြင့် အထူးတပ်ဖွဲ့ (Special Operation Executive S.O.E) လက်အောက်ရှိ တပ်ဖွဲ့ ၁၃၆ နှင့် အဆက်အသွယ်ရမှ အိန္ဒိယသို့ ပြန်ရောက်ပြီး ဦးသိန်းဖေကို မြန်မာပြည်၏ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်၏ ကိုယ်စားလှယ်အဖြစ် တရားဝင်လက်ခံလာလေသည်။

ထိုအချိန်မှစပြီး ဦးသိန်းဖေသည် ရဲဘော်များကို မြန်မာပြည်တွင်းသို့ လေထီးဖြင့် ဆင်းရန် တာဝန်ပေးခဲ့သည်။ မြန်မာပြည်တွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ကလည်း အိန္ဒိယရှိ ဦးသိန်းဖေထံသို့ စစ်ပညာသင်ရန် အဆင့်မြင့်သောစာများကို ပို့ပေးခဲ့သည်။ ဤတော်လှန်ရေးတာဝန်များကို ထမ်းဆောင်ရင်း ဦးသိန်းဖေသည် ကာလကတ္တား (ယခုကိုလ်ကတ္တား) ရှိ ဆန်းဒေးဗီလာ ခေါ် ဘုံရိပ်သာ၌ ကျောရိုးတွင် တီဘီပိုးကြောင့် အိပ်ရာပေါ်လဲတော့သည်။ ဆရာဝန်က ကျောရိုးတီဘီရောဂါပျောက်စေရန် ခန္ဓာကိုယ်ကို ကျောက်ပတ်တီး (ပလတ်စတာ) စည်းပေးလေသည်။ ကျောက်ပတ်တီးကြောင့် ဦးသိန်းဖေ အိပ်ရာတွင်ပက်လက်လှဲပြီး တစ်နှစ်ကျော်နေခဲ့ရသည်။ အစာစားလည်း ပက်လက်၊ ကိုယ်လက်သုတ်သင်လည်း ပက်လက်၊ စာရေးစာဖတ်လည်း ပက်လက်ဖြစ်နေသဖြင့် ရဲဘော်များကို နိုင်ငံရေးသင်တန်းပေးရန် ရဲဘော်ဂိုရှယ်ကို အကူခေါ်ထားရသည်။ ဦးသိန်းဖေသည် အိန္ဒိယသို့ရောက်စက ဖက်ဆစ်ဂျပန်များ မြန်မာပြည်မည်သို့သောင်းကျန်းနေသည်ကို ကမ္ဘာ့ပြည်သူတို့ သိရှိစေရန် အင်္ဂလိပ်ဘာသာဖြင့် 'မြန်မာပြည်တွင်ဘာတွေဖြစ်ခဲ့သလဲ' (What Happened in Burma) စာအုပ်နှင့် 'ခေတ်ဆန်းချိန်' (Over the Ashes) ပြဇာတ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ဤသို့ အိန္ဒိယပြည်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ဦးသိန်းဖေကြိုးပမ်းခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ရန်ကုန်–စမ်း



www.foreverspace.com.mm

ချောင်း၊ ဗားကရားလမ်း အမှတ် ၁၈၃ ပါတီဌာနချုပ်တွင် ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်ကွန်ဂရက်ကို ကျင်းပ၍ အိန္ဒိယတွင်ရှိနေသော ဦးသိန်းဖေကို ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ပြိုင်ဘက်မရှိ ရွေးချယ်တင်မြှောက်ခဲ့သည်။ ဦးသိန်းဖေသည် ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင်မှ မြန်မာပြည်သို့ ပြန်ရောက်ခဲ့သည်။ ဦးသိန်းဖေအတွက် ပါတီက သီးသန့်အိမ်စီစဉ်ပေးခဲ့သော်လည်း မနေဘဲ ပါတီဌာနချုပ်အပေါ်ထပ်တွင်သာ နေထိုင်ခဲ့သည်။

## သံကိုယ်ချုပ်အင်္ကျီနှင့် ဦးသိန်းဖေ

ဦးသိန်းဖေသည် တစ်နှစ်ကြာကျောက်ပတ်တီးစည်းခဲ့ရသဖြင့် ကျောရိုးများမာတောင့်ပြီး မကုန်းနိုင်ပါ။ ထို့ကြောင့် အိန္ဒိယမှ ဆရာဝန်က သံကိုယ်ချုပ်အင်္ကျီ (Straight Jacket) ဝတ်ပေးလိုက်သည်။ ဤအတွက် ပါတီက ရဲဘော်ကျော်မြဆိုသည့် သူငယ်တစ်ယောက်ကို အကူအညီအဖြစ် ဦးသိန်းဖေထံပို့ပေးထားခဲ့သည်။ ဦးသိန်းဖေ၏အစွမ်းမှာ ပါတီရန်ပုံငွေရှာနိုင်ခြင်းဖြစ်သည်။ ဦးသိန်းဖေရောက်ကာမှ ပါတီရန်ပုံငွေဖြင့် ပါတီဝင်များသည် အစားမှန်၊ အနေမှန် ဖြစ်လာသည်။ ဦးသိန်းဖေသည် ဘုံရိပ်သာတွင် ပါတီဝင်များကို ကလာပ်စည်းဖွဲ့ပေးပြီး မှန်မှန်စည်းဝေးစေသည်။ ပါတီဝင်များအား စာပေစိတ်သွင်းပေးရန် နံရံကပ်စာစောင်ကိုလည်း တီထွင်ပေးသည်။ နံရံကပ်စာစောင်ကို လက်ရေးဖြင့် သေသပ်ရှင်းလင်းစွာရေးရသည်။ စာစောင်တွင် ကာတွန်းဆရာအဖြစ် ရဲဘော်ညွန့်ဝေကို တာဝန်ပေးထားသည်။ ပါတီဝင် မခင်မျိုးညွန့်သည် နေ့စဉ် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်သည်။ သို့ဖြင့် ကိုယ်ကာယအချိုးအဆစ်ပြေပြစ်လာသည်။ သူငယ်ချင်းရဲမေများက ခင်မျိုးညွန့်ကို ‘မယ်ဒဂုံပြိုင်ပွဲ’ ဝင်ရန် တိုက်တွန်းကြသည်။ သို့ဖြင့် ကာတွန်းဆရာရဲဘော်ညွန့်ဝေက ကလောင်စွမ်းပြလိုက်လေသည်။

ကာတွန်းပထမကွက်တွင် မယ်ဒဂုံပြိုင်ပွဲ၊ ဒုတိယကွက်တွင် ပြိုင်ပွဲတွင် ပါဝင်

**၁၉၆၂ ခုနှစ် မတ်လ ၂ရက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် မြန်မာနိုင်ငံကို တည်ဆောက်မည် ကြွေးကြော်လာသည့်အခါ ဦးသိန်းဖေမြင့်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ယုံကြည်ထောက်ခံသူ ဖြစ်လာလေသည်။**

ယှဉ်ပြိုင်နေကြသည့် အမျိုးသမီးငယ်များ။ တတိယကွက်၌ကား ပထမဆုအဖြစ် မယ်ဒဂုံမဟုတ်ဘဲ မယ်ဇလုံဆုရသွားပုံဖြစ်သည်။ ဤကာတွန်းကြည့်ရသူတိုင်းက ပြုံးရယ်သွားကြသည်။ ခင်မျိုးညွန့်က သူ့ကိုစောင်းရေးသည်ဟု ဆွေ့ဆွေ့ခုန်ဒေါပွပြီး ပါတီအထွေထွေအတွင်းရေးမှူးဦးသိန်းဖေကို သွားတိုင်လေသည်။ မခင်မျိုးညွန့် သည် ၁၉၄၇ ခုနှစ်တွင် ရဲဘော်ချစ်ကောင်း (နောင်ပါတီဗဟိုကော်မတီဝင်။ တောခိုကျဆုံး)၏ဇနီး ဖြစ်ခဲ့သည်။

ပေါလစ်ဗျူရိုအဖွဲ့ဝင်များမှအပ ပါတီဌာနချုပ်ရှိ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် သခင်သန်းမြိုင် (ပါတီဗဟိုဝါဒဖြန့်ချိရေးတာဝန်ခံ)၊ အစ်မကြီးမစောမြ (အမျိုးသမီးစည်းရုံးရေးတာဝန်ခံ)၊ မခင်ကြည်ကြည် (နောင် ဦးသိန်းဖေမြင့်၏ဇနီး) (ပါတီဗဟိုဘဏ္ဍာရေးတာဝန်ခံ)၊ မစောချစ် (အမျိုးသမီးစည်းရုံးရေးလက်ထောက်တာဝန်ခံ)၊ ပါတီဗဟိုစည်းရုံးရေးဌာနတာဝန်ခံ ကျွန်တော်နှင့်မကြည်ညွန့် (နောင် သခင်သန်းမြိုင်၏ဇနီး) တို့သည် ဦးသိန်းဖေပို့ချသင်ကြားသည့်နိုင်ငံရေးသင်တန်းကို တစ်ပတ်လျှင် ငါးရက်မှန်မှန်တက်ကြရသည်။

## ပါတီကွဲသည့်အခါ

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ဗဟိုကော်မတီအစည်းအဝေး၌ မတ်လ ၈ ရက်နေ့တွင် သခင်စိုးခေါင်းဆောင်သည့် ကျွန်တော်အပါအဝင် ဗဟိုကော်မတီရှစ်ဦးသည် ပါတီမှ ခွဲထွက်ပြီး အလံနီကွန်မြူနစ်ပါတီဟူ၍ သီးခြားထူထောင်သည့်အခါ ဦးသိန်းဖေသည် သခင်သန်းထွန်းနှင့်အတူ ဗဟိုကော်မတီဝင် ၁၉ ဦးနှင့် ပါတီတွင် ကျန်ရစ်ခဲ့သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဘုရင်ခံအမှုဆောင်ကောင်စီအစိုးရတွင် ဦးသိန်းဖေ လယ်ယာနှင့်ကျေးလက်ကြီးပွားရေးဌာနဝန်ကြီးဖြစ်လာသည်။ ဗြိတိသျှအင်ပိုင်ယာတွင် တစ်ဦးတည်းသော ကွန်မြူနစ်ဝန်ကြီးဖြစ်သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဖ.ဆ.ပ.လအဖွဲ့ချုပ်၏စည်းမျဉ်းဖောက်ဖျက်မှုဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီကို အဖွဲ့ချုပ်မှ ထုတ်ပယ်လိုက်သောအခါ ဦးသိန်းဖေလည်း ဝန်ကြီးအဖြစ်မှ နုတ်ထွက်လိုက်လေသည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလ တတိယပတ်တွင် ဦးသိန်းဖေနှင့် ဒေါ်ခင်ကြည်ကြည်တို့ လက်ထပ်လိုက်လေသည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဦးသိန်းဖေသည် သခင်သန်းထွန်း၊ မစ္စတာဂိုရှယ်နှင့် သခင်ဗသိန်းတင်တို့၏ လမ်းစဉ်သည် ပြည်တွင်းစစ်သို့ ရှေးရှုနေသည့်အတွက် ကွန်မြူနစ်ပါတီမှ နုတ်ထွက်လိုက်လေသည်။

၁၉၄၈ ခုနှစ် ဩဂုတ်လတွင် ပြည်တွင်းစစ်ကို တားဆီးရန် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် ‘လက်ဝဲညီညွတ်ရေးကောင်စီ’ တွင်ဦးသိန်းဖေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ မအောင်မြင်သဖြင့် အဖမ်းခံရပြီး ထောင်တစ်နှစ်ကျခဲ့သည်။ ၁၉၄၉ ခုနှစ် စက်တင်ဘာလတွင်မှ ထောင်ကလွတ်သည်။ လွတ်လျှင်လွတ်ချင်းပြည်တွင်းစစ်ရပ်စဲရေးအတွက် ‘လမ်းစပေါ်ပြီ’ ဟူသော ဝတ္ထုကိုရေးခဲ့သည်။ ထိုအချိန်မှစ၍ ကလောင်အမည်ကို ‘သိန်းဖေမြင့်’ ဟုယူခဲ့သည်။ အမည်ရင်း ‘သိန်းဖေ’ တွင် ‘မြင့်’ ထပ်တိုးကာ ဦးသိန်းဖေမြင့် ဖြစ်လာခဲ့ပါသည်။

ဆိုရှယ်လစ်လမ်းစဉ်ကိုထောက်ခံသူ

၁၉၆၂ ခုနှစ် မတ်လ ၂ရက်တွင် ဗိုလ်ချုပ်

www.foreverspace.com.mm

ကြီးနေဝင်းဦးဆောင်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် မြန်မာနိုင်ငံကိုတည်ဆောက်မည် ကြွေးကြော်လာသည့်အခါ ဦးသိန်းဖေမြင့်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ယုံကြည်ထောက်ခံသူဖြစ်လာလေသည်။

၁၉၆၇ ခုနှစ် မေလတွင် တရုတ်–ဗမာ အရေးအခင်းဖြစ်ပြီးနှစ်နိုင်ငံသံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့ရသည်။ ဦးသိန်းဖေမြင့်သည် လမ်းစဉ်ပါတီနှင့်အတူ အရေးအခင်းဆက်လက်ဖြစ်ပွားခြင်းမရှိရန် ကြိုးပမ်းခဲ့သည်။ ၁၉၆၇ ခုနှစ် ဒီဇင်ဘာလသို့ရောက်လာသောအခါ ဗိုလ်ချုပ်ကြီးနေဝင်းက ဦးသိန်းဖေမြင့်နှင့်တွေ့ပြီး "ကိုသိန်းဖေ တရုတ်ပြည်နဲ့ သံတမန်အဆက်ပြတ်နေတာ နှစ်နိုင်ငံလုံးအဖို့ ထိခိုက်နစ်နာလှတယ်။ အဆက်အသွယ်ပြန်ရဖို့ ခင်ဗျားဘယ်လိုကူညီနိုင်ပါသလဲ" ဟု မေးလေသည်။ ဦးသိန်းဖေမြင့်က "ကျွန်တော် စစ်အတွင်း တရုတ်ပြည် ချုံကင်းရောက်စဉ်က ကူမင်တန်အစိုးရရဲ့ အရာရှိတစ်ယောက်နဲ့ သိကျွမ်းခဲ့ပါတယ်။ အဲဒီအရာရှိဟာ တရုတ်ကွန်မြူနစ်ပါတီကိုယ်စားလှယ် ချောင်အင်လေးနဲ့လည်း ရင်းနှီးသူ ဖြစ်ပါတယ်။ အဲဒီကူမင်တန်အရာရှိဟာ ၁၉၅၄ ခုနှစ်ကတည်းက နယ်စပ်တိုက်ပွဲမှာ ဖမ်းမိပြီး ခုမိတ္ထီလာ သုံ့ပန်းထောင်ကျနေပါတယ်။ သူ့ကို ထောင်ကထုတ်ပြီး အခုပြည်သူ့ တရုတ်ပြည်ရဲ့ဝန်ကြီးချုပ်ဖြစ်နေတဲ့ မစ္စတာ ချောင်အင်လေးထံလွှတ်ပြီး သံတမန်အဆက်အသွယ်ပြန်ရအောင် ကြိုးစားကြည့်စေလိုပါတယ်" ဟု ဦးသိန်းဖေမြင့်က အကြံပေးရာ ဗိုလ်ချုပ်ကြီးနေဝင်းက လက်ခံပြီး ထိုအစီအစဉ်အတိုင်းဆောင်ရွက်ခဲ့လေသည်။ မိတ္ထီလာသုံ့ပန်းထောင်မှလွတ်လာသူမှာ မစ္စတာချိန်ကောက်ဝါ ဖြစ်သည်။ အတိုချုပ်လိုက်သော် ဦးသိန်းဖေမြင့်၏ အကူအညီ၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ စေတနာတို့ကြောင့် ပြတ်တောက်ခဲ့သည့် မြန်မာနိုင်ငံနှင့်တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်အဆက်အသွယ်ကို ဆွေမျိုးပေါက်ဖော်ပမာ၊ ဘန်ဒေါင်းစိတ်ဓာတ်တို့ဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့ပေသည်။

ဦးသိန်းဖေမြင့်ကို များသောအားဖြင့် စာရေးဆရာအဖြစ်တိုင်းပြည်ကိုစာပေဖြင့် ကျေးဇူးပြုခဲ့သူဟုမှတ်ယူခဲ့ကြသည်။ အမှန်က ဦးသိန်းဖေမြင့်သည် မြန်မာပြည်အတွက် စာပေကျေးဇူးသာမက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူ၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ကွယ်လွန်သည်အထိထမ်းဆောင်ခဲ့သူ စွယ်စုံပညာရှင်အဖြစ်မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း။

## ဗိုလ်မှူးရဲထွဋ် (ရဲဘော်သုံးကျိပ်)

၂၀၀၉ ခုနှစ် ဇွန်လ ၆ ရက် ည ၇ နာရီခန့်တွင် ဖုန်းလာသဖြင့်ဇနီးကပထမနားထောင်သည်။ "အဖေကြီးသန္တာကျော်က ဖုန်းဆက်နေတယ်" ဟုပြောသည်။ နားထောင်လိုက်သည့်အခါ "အန်ကယ်၊ ကျွန်မ သန္တာကျော်ပါ။ ကျွန်မသမီး မင်္ဂလာဆောင်ဖိတ်စာကို ဘယ်ကိုပို့ပေးရမလဲ" ဟုမေးလာသည်။ သန္တာကျော်ဆိုသဖြင့် ဦးလှကျော် (ကွယ်လွန်) ဒေါ်ရီကြိန် (ကွယ်လွန်) တို့၏သမီး၊ ဗိုလ်မှူးရဲထွဋ် (ရဲဘော်သုံးကျိပ်) ၏ချွေးမမှန်း သိလိုက်ပါသည်။ "အန်ကယ်တို့နေတာက အရှေ့ဒဂုန်ဆိုတော့ဝေးတယ်" ဟု ပြန်ပြောလိုက်သည်။ "ဒီလိုဆို အန်ကယ် သခင်လှကွန်းဆီ ဖိတ်စာကို မနက်ဖြန်ပို့ပေးထားမယ် ဖြစ်မလားအန်ကယ်"။ "ဖြစ်တယ် သခင်လှကွန်းဆီသာပို့ထားလိုက်" ဟု ပြောလိုက်သည်။

နောက်တစ်နေ့နံနက် ၁၀ နာရီခန့်တွင် သခင်လှကွန်းထံဖုန်းဆက်မေးရာ "သန္တာကျော်ရောက်မလာသေး" ပြောနေစဉ် "ဟော–ဟော–ရောက်လာပြီ" ဟု သခင်လှကွန်းကပြောသည်။

"မင်္ဂလာဆောင်က၊ ဘယ်နေ့–ဘယ်အချိန်–ဘယ်နေရာမှာလဲ" ဟု မေးလိုက်သည်။ သခင်လှကွန်းက မင်္ဂလာဆောင်မှာက 'ဆီဒိုးနား' နေ့ကတော့ ဇွန်လ ၁၁ ရက်နေ့ နံနက် ၉ နာရီက ၁၁ နာရီပြောသဖြင့် သိရသည်။ ကျွန်တော်တို့မှာ ကားမရှိ။ မင်္ဂလာဆောင်သွားရန် စွမ်းအားက –ကားကို ၁၀၀၀၀ ကျပ်ဖြင့် ကြိုငှားခဲ့ရသည်။

ဇွန်လ ၁၀ ရက်နေ့ ညဦးတွင် သခင်လှကွန်းထံမှ ဖုန်းလာပြန်သည်။ "မနက်ဖြန် ခင်ဗျားတို့ ဘယ်အချိန်ဆီဒိုးနားကိုရောက်မလဲ"။ "ကျွန်တော်တို့ မနက် ၉ နာရီအမီရောက်မယ်"။ "ဒီလိုဆိုရင် ကျွန်တော့်ကို တွဲခေါ်ဖို့ ကျော်ကျော်နဲ့ သန္တာကျော်တို့ကို မှာထားပါ" ဟု ပြောလာသည်။ အိမ်မှ ၈ နာရီခွဲတွင် ကားဖြင့်ထွက်လာရာ ဆီဒိုးနားဟိုတယ်သို့ ၉ နာရီ ၁၅ မိနစ်တွင်ရောက်သွားသည်။ ပေါ်တီကိုအောက်တွင် သန္တာကျော်ကို တွေ့သဖြင့် သခင်လှကွန်းကို တွဲခေါ်ဖို့ ပြောခဲ့သည်။ ပရိသတ်ကအတော်စုံနေပြီး နေရာချပေးသူတစ်ယောက်က စားပွဲဝိုင်းတစ်ခုသို့ ခေါ်သွားသည်။ ဗိုလ်မှူးရဲထွဋ်က စားပွဲတွင်ရောက်နေပြီဖြစ်သည်။ သူ့အနားတွင် မောင်အောင်သန်းကိုတွေ့ရသည်။ ဗိုလ်မှူးရဲထွဋ်၏ဇနီး ဒေါ်ခင်ကြည်ကွယ်လွန်သည်မှာ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ဖြစ်သည်။ ၁၃ ရက်နေ့ ရက်လည်ဆွမ်းကျွေး နံနက် ၁၀ နာရီတွင် ကျွန်တော်တို့ဇနီးမောင်နှံ အမှတ် ၅၆ ဒီ–၅၊ သီရိမင်္ဂလာလမ်းသွယ်၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရောက်ခဲ့သည်။

"ကျွန်တော် ဒီအိမ်မှာမနေချင်တော့ဘူး။ အမေကြည် (ဒေါ်ခင်ကြည်ကို ဗိုလ်မှူးရဲထွဋ်ခေါ်သည့်အမည်) ကို ဒီမှာနေရင် သတိရနေတယ်" ဟု ကျွန်တော်တို့ကို ပြောဖူးသည်။ သူ့ထက် ဒေါ်ခင်ကြည်က အသက်ငါးနှစ်ပိုကြီးသည်။ သူတို့တွင် သားနှစ်ယောက် ထွန်းကားခဲ့သည်။ သားအကြီးအမည်က ကျော်ကျော်၊ အငယ်က အောင်အောင် ဖြစ်သည်။ ဗိုလ်မှူးရဲထွဋ်အကြောင်းအတွေးက နောက်ကြောင်းပြန်သွားသည်။ ဗိုလ်မှူးရဲထွဋ်ကို စတင်တွေ့ရသည်မှာ ၁၉၄၂ ခုနှစ် မတ်လ မအူပင်ခရိုင် ညောင်တုန်းမြို့တွင် ဖြစ်သည်။ သူနှင့် စတွေ့ရပုံကို 'ဘုံဘဝမှာ ဖြင့် စာမျက်နှာ ၂၉၆–၂၉၇ တို့' တွင် အောက်ပါအတိုင်း ကျွန်တော်ရေးခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

**သခင်တင်မြ**

www.foreverspace.com.mm

# ရည်မှန်းချက်ကြီးသူများ

မြသန်းသန်းနု

ပြီးခဲ့တဲ့နှစ် ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့က နာမည်ကျော် ဘာလင်တံတိုင်းကြီးဖြိုချခဲ့တာ နှစ် ၂၀ ပြည့်အဖြစ် ဂျာမနီနိုင်ငံမှာ အခမ်းအနားတွေ သိုက်သိုက်မြိုက်မြိုက်ကျင်းပခဲ့ပါတယ်။ ဂျာမန်ပြည်သူတွေအဖို့လည်း တစ်သက်တာမေ့မရနိုင်ဘဲ သမိုင်းတွင်ကျန်ရစ်တဲ့နေ့ကြီးတစ်နေ့ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အခုလို သမိုင်းတွင် ထူးခြားတဲ့နေ့တွေ ဖြစ်ပေါ်လာဖို့ ရည်မှန်းချက်ကြီးတဲ့နိုင်ငံခေါင်းဆောင်တွေ လိုအပ်ပါတယ်။ 'ရည်မှန်းချက်ကြီးသူ' လို့ ကြားလိုက်ရရင် များသောအားဖြင့် အပြုသဘောမရှိတဲ့အသွင် မြင်တတ်ကြပါတယ်။ အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ရည်မှန်းချက်ကြီးတယ်လို့ပြောကြရင် အာဏာအတွက်လား၊ ဒါမှမဟုတ် ကိုယ်ကျိုးရှာဖို့အတွက်လားဆိုပြီး ယူဆနိုင်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံ့ခေါင်းဆောင်ရဲ့ ရည်မှန်းချက်ကြီးမားမှုဟာ မိမိကိုယ်ကျိုးအတွက်မဟုတ်ဘဲ ကိုယ်ကျိုးမဖက်တဲ့အရေးကိစ္စတွေအတွက် ဆိုတာ သာဓကတွေ ရှိနေပါတယ်။

ဘာလင်တံတိုင်းကြီးကို ၁၉၆၁ ခုနှစ် ဩဂုတ်လ ၁၃ ရက် တနင်္ဂနွေနေ့ နံနက်စောစောအချိန်ကစပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဘာလင်တံတိုင်းကြီးလို့ အစကနဦးကတည်းက ခေါ်ဆိုခဲ့ပေမယ့် ၉၆ မိုင်ရှည်လျားတဲ့ သံဆူးကြိုးစည်းရိုးကာရံမှုသာဖြစ်ပါတယ်။ အဲဒီလိုစည်းရိုးကာရံမှုကြောင့် နေ့စဉ်အနောက်ဘာလင်ဘက်မှာ သွားရောက်အလုပ်လုပ်ကိုင်ခဲ့တဲ့လူပေါင်း ၆၀,၀၀၀ အပါအဝင် အရှေ့ဘာလင်ဒေသခံတွေနဲ့ အရှေ့ဂျာမနီနိုင်ငံသားမှန်သမျှ အနောက်ဘာလင်မြို့ဘက်ဖြတ်သန်းသွားလာခွင့်မရှိတော့ပါဘူး။

စစ်ဒဏ်ကြောင့် အရှေ့ အနောက်ဂျာမနီနိုင်ငံရယ်လို့ ပိုင်းခြားခံခဲ့ရပြီး ဘာလင်မြို့ကိုလည်း အရှေ့ဘာလင်အဖြစ် ဆိုဗီယက်ရုရှားထိန်းချုပ်မှုအောက်မှာ ထားရှိရသလို အမေရိကန်၊ ဗြိတိသျှနဲ့ ပြင်သစ်နိုင်ငံတို့က အနောက်ဘာလင်ကို ပူးတွဲအုပ်စိုးခဲ့ကြပါတယ်။ အရှေ့ဘာလင်ပြည်သူ ၁၅၀၀ နီးပါး နေ့စဉ် အနောက်ဘာလင်ဘက်ထွက်

Berlin Wall



www.foreverspace.com.mm



ပြေးခဲ့တာကြောင့် အရှေ့ဂျာမနီနိုင်ငံအတွက် သိက္ခာကျစရာဖြစ်သလို လုပ်သားအင်အားယုတ်လျော့မှုလည်း ရှိခဲ့ပါတယ်။ သိက္ခာဆည်ဖို့အတွက် အရှေ့ဂျာမနီခေါင်းဆောင်တွေက ၁၉၆၂ ခုနှစ်မှာ ပထမသံဆူးကြိုးနဲ့ မျဉ်းပြိုင်ယှဉ်ပြီး ဒုတိယသံဆူးကြိုးကာရံခဲ့ပြန်ပါတယ်။ သံဆူးကြိုးတန်းနှစ်ခုကြားက ကိုက် ၁၀၀ အကျယ်ထဲမှာ ရှိသမျှ အဆောက်အအုံတွေကိုဖြိုချပြီး ထွက်ပြေးသူတွေကို အထင်အရှားမြင်နိုင်အောင် ဟင်းလင်းပြင်အဖြစ်ပဲ ထားရှိပါတယ်။ ထွက်ပြေးသူတွေကို ထိထိရောက်ရောက်မတားဆီးနိုင်တာကိုသိရှိတဲ့အတွက် ၁၉၆၅ ခုနှစ်ကျမှ အင်္ဂတေတံတိုင်း ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုနဲ့လည်း ထိရောက်မှုမရှိသေးတာကြောင့် ၁၉၇၅ ခုနှစ်မှာ ခေတ်မီဆန်းပြားတဲ့ စက်ယန္တရားမျိုးစုံတပ်ဆင်ပြီး မျှော်စင် ၃၀၀ ကျော်ပါရှိတဲ့ 'နယ်ခြားတံတိုင်း ၇၅' (Border Wall 75) ကို နောက်ဆုံးအဖြစ် တည်ဆောက်ခဲ့ပြန်ပါတယ်။

အရှေ့အနောက်ပိုင်းခြားမှုကြောင့် တစ်ကွဲတစ်ပြားစီဖြစ်နေကြရပေမယ့် လူမျိုးအနေနဲ့ ဂျာမန်လူမျိုးအဖြစ် တစ်မျိုးတည်းပါ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး အနောက်ဂျာမနီနိုင်ငံ တိုးတက်သလောက် အရှေ့ဂျာမနီနိုင်ငံ ဆုတ်ယုတ်သထက် ဆုတ်ယုတ်လာခဲ့ပါတယ်။ အဲဒီအချိန်က ဆိုဗီယက်ပြည်ထောင်စုရဲ့ ထိန်းချုပ်မှုကြောင့်လည်း အရှေ့ဂျာမန်ပြည်သူတွေရဲ့ဘဝဟာ စီးပွားရေးချွတ်ခြုံကျမှုနဲ့အတူ မျှော်လင့်ချက်ကင်းမဲ့လာခဲ့ပါတယ်။ အရှေ့ဂျာမနီအစိုးရပိုင်းနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့က အရှေ့ဂျာမန်ပြည်သူတွေရဲ့ဘဝကို ဥပေက္ခာပြုနိုင်ပေမယ့် နိုင်ငံ့ခေါင်းဆောင်စိတ်ဓာတ်အပြည့်အဝရှိတဲ့ အနောက်ဂျာမနီခေါင်းဆောင်ပိုင်းက အရှေ့ဂျာမန်ပြည်သူတွေရဲ့ဘဝ ပြန်လည်မြှင့်တင်ရေးသာမဟုတ်ဘဲ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက်ပါ လက်ဆင့်ကမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

၁၉၇၂ ခုနှစ်က အနောက်ဂျာမန်ဝန်ကြီးချုပ် မစ္စတာဝီလီဘရန့် (Willy Brandt) မော်စကိုသွားပြီး ဆိုဗီယက်ခေါင်းဆောင် မစ္စတာခရူးရှက်ဖ် (Krushev) နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်တွေ ဆိုဗီယက်နိုင်ငံမှာ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေအတွက် တောင်းပန်ခဲ့ပါတယ်။ နိုင်ငံ့ခေါင်းဆောင်မှုအရည်အသွေးရှိသူတွေဟာ မိမိနဲ့တိုက်ရိုက်မပတ်သက်တဲ့ကိစ္စဖြစ်တာတောင် မိမိနိုင်ငံ မိမိလူမျိုးကိုယ်စား အမှားကို အမှားဖြစ်ကြောင်း ဝန်ခံ၊ တောင်းပန်ရဲတဲ့သတ္တိရှိကြပါတယ်။ ဆိုဗီယက်ပြည်ထောင်စုသဘောထားပျော့ပျောင်းပြီး အပြောင်းအလဲတစ်ခုပြုလုပ်လိုမှသာ ဂျာမနီနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေး အလားအလာကောင်းမယ်ဆိုတာ အနောက်ဂျာမနီခေါင်းဆောင်ပိုင်းက ကောင်းကောင်းသဘောပေါက်ကြပါတယ်။

Berlin Wall



www.foreverspace.com.mm

၁၉၇၂–၇၃ ခုနှစ်က အစပျိုးခဲ့တဲ့ အနောက်ဂျာမနီနဲ့ ဆိုဗီယက်ပြည်ထောင်စု ဆွေးနွေးပွဲဟာ ၁၉၈၆–၈၇ ခုနှစ် သမ္မတ ဂိုဘာချော့ဗ် (Gorbachev) လက်ထက်မှာ အင်အားကောင်းလာသလို ပိုပြီးခိုင်မာလာတာလည်း တွေ့ရပါတယ်။ အဲဒီအချိန်က ဆိုဗီယက်ပြည်ထောင်စုမှာ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျဆင်းမှုတို့ဟာ အပြောင်းအလဲပြုလုပ်ရခြင်းရဲ့ အကြောင်းရင်းတွေပဲလို့ ဆိုနိုင်ပေမယ့် ခေါင်းဆောင်ပိုင်းက နိုင်ငံတော်နဲ့ ပြည်သူအတွက် ရေရှည်အကျိုးမျှော်မှုမရှိဘူးဆိုရင် ဘယ်လိုအပြောင်းအလဲမျိုးမှ ပေါ်ထွက်လာမယ် မဟုတ်ပါ။ သမ္မတဂိုဘာချော့ဗ်ဟာ ၁၉၈၅ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးရာထူး အပ်နှင်းခံခဲ့ရပါတယ်။ အစဉ်အလာအရ အထွေထွေအတွင်းရေးမှူးရာထူးအပ်နှင်းခံရသူဟာ နိုင်ငံတော်အကြီးအကဲရာထူးပါ ပူးတွဲထမ်းဆောင်ရမှာဖြစ်ပေမယ့် ဂိုဘာချော့ဗ်က ဆိုဗီယက်နိုင်ငံခြားရေးမူဝါဒဗိသုကာကြီး မစ္စတာ ဂရိုမီကိုကို နိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ပေးဖို့ အဆိုပြုခဲ့ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ထူးခြားတဲ့အရည်အသွေးဖြစ်ပြီး ဆိုဗီယက်နိုင်ငံရေးသမိုင်းမှာလည်း တစ်မျိုးတစ်ဖုံထူးခြားစေပါတယ်။

Gorbachev



အဲဒီအချိန်က ဆိုဗီယက်နိုင်ငံဘက်မှာ နိုင်ငံ့ခေါင်းဆောင်ပီသတဲ့ ဂိုဘာချော့ဗ်လို ပုဂ္ဂိုလ်ရှိသလို အနောက်ဂျာမနီနိုင်ငံမှာလည်း ကွန်ဆာဗေးတစ်နိုင်ငံရေးခေါင်းဆောင် ဟဲလ်မွတ်ခိုးလ် (Helmut Josef Michael Kohl) ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ပါတယ်။ မစ္စတာခိုးလ်ဟာ ၁၉၈၂ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်ထိ ၁၆ နှစ်ကြာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်ကနေ ၁၉၉၀ ခုနှစ်အထိ အနောက်ဂျာမနီဝန်ကြီးချုပ်အဖြစ် တာဝန်ဆောင်ခဲ့ပြီး ၁၉၉၀ ကနေ ၁၉၉၈ ခုနှစ်အထိ ပြန်လည်ပေါင်းစည်းခဲ့တဲ့ ဂျာမနီနိုင်ငံဝန်ကြီးချုပ်ဖြစ်လာပါတယ်။ မစ္စတာခိုးလ်ဟာ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံ (CDU)ပါတီဥက္ကဋ္ဌအဖြစ်လည်း ၁၉၇၃ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်ထိ တာဝန်ယူခဲ့သူဖြစ်ပါတယ်။ မစ္စတာ ဝီလီဘရန့်လက်ထက်ကတည်းက ဂျာမနီနှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးကြိုးပမ်းခဲ့မှုဟာ မစ္စတာခိုးလ်လက်ထက်မှာ အရှိန်အဟုန်အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်က အမေရိကန်သမ္မတ မစ္စတာရော်နယ်ရီဂင်ဟာလည်း ဂျာမနီ နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးအတွက် ရှေ့တန်းက ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေထဲမှာ တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်။ အဲဒီနိုင်ငံ့ခေါင်းဆောင်တွေကြားမှာ ခံယူချက်ကွဲပြားခြားနားမှုတွေ ရှိခဲ့ကြပေမယ့် ဘုံတူညီမှုအနေနဲ့ ရည်မှန်းချက်ကြီးပုံကတော့ တစ်ထပ်တည်းပါ။

မစ္စတာခိုးလ်ဟာ ဂျာမနီ နှစ်နိုင်ငံပေါင်းစည်းရေးအတွက်သာမဟုတ်ဘဲ ဥရောပသမဂ္ဂ (EU)ဖန်တီးဖော်ထုတ်ရေးမှာလည်း ပြင်သစ်နိုင်ငံသမ္မတ ဖရန်ဆွာမစ်တာရွန်း (Francois Mitterrand) နဲ့အတူ အဓိကဗိသုကာကြီးတွေအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုတာခံကြရပါတယ်။ ဥရောပနိုင်ငံတွေက အကြီးအကဲတွေနဲ့ အစိုးရများက ဥရောပနိုင်ငံများ တစ်စည်းတစ်ရုံးထဲဖြစ်စေရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက် သူမတူအောင် ထူးထူးခြားခြား

www.foreverspace.com.mm



ဆောင်ရွက်နိုင်မှုကြောင့် ၁၉၉၈ ခုနှစ်မှာ မစ္စတာခိုးလ်ကို ‘ဂုဏ်ထူးဆောင်ဥရောပနိုင်ငံသား’ ဘွဲ့ အပ်နှင်းခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်ကလည်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအတွက် ဂုဏ်ရှိလှတဲ့ အတ်စတူရီအတ်စ်မင်းသားဆု (Prince of Asturias) ချီးမြှင့်တာ ခံခဲ့ရပါသေးတယ်။ အဲဒီအချိန်က အမေရိကန်သမ္မတ ဂျော့ဂျ်ဘွတ်ရှ် (George H.W. Bush) က “မစ္စတာ ခိုးလ်ဟာ ၂၀ ရာစု ဒုတိယနှစ်ဝက်ပိုင်းများမှာ အထူးခြားအပြောင်းမြောက်ဆုံး ဥရောပခေါင်းဆောင် ဖြစ်ပါတယ်” လို့ ချီးကျူးပြောကြားခဲ့ဖူးပါတယ်။

မစ္စတာခိုးလ်ဟာ ဝန်ကြီးချုပ်ဖြစ်လာပြီးတဲ့နောက် တစ်ချိန်က ဂျာမနီနိုင်ငံနဲ့ မသင့်မြတ်ခဲ့တဲ့နိုင်ငံတွေကိုသွားပြီး နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဦးဆောင်ညှိနှိုင်းဆွေးနွေးနိုင်ခဲ့တဲ့ဂုဏ်သတ္တိနဲ့လည်း ပြည့်စုံသူဖြစ်ပါတယ်။ ရန်သူကို မိတ်ဆွေအဖြစ်ပြောင်းလဲနိုင်ခြင်းဟာ ထူးခြားတဲ့နိုင်ငံ့ခေါင်းဆောင်အရည်အသွေး ဖြစ်ပါတယ်။ ဒီလို အရည်အသွေးမျိုးမွေးမြူနိုင်ခြင်းဟာ ကိုယ်ကျိုးမဖက်တဲ့ ရည်မှန်းချက်ကြီးမားမှုကြောင့်သာ ဖြစ်ပါတယ်။ မစ္စတာခိုးလ်ဟာ ၁၉၈၄ ခုနှစ် ဇန်နဝါရီလအတွင်း အစ္စရေးနိုင်ငံကိုသွားပြီး အစ္စရေးလွှတ်တော် (KNESSET) မှာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဒါဟာ ကမ္ဘာစစ်အပြီး ပထမဆုံး ဂျာမန်ဝန်ကြီးချုပ်ခရီးစဉ် ဖြစ်ပါတယ်။ စက်တင်ဘာလအတွင်းမှာ ပြင်သစ်နိုင်ငံသွားပြီး ပထမကမ္ဘာစစ်အတွင်း ပြင်သစ်–ဂျာမန်နှစ်နိုင်ငံအကြိတ်အနယ်တိုက်ပွဲဖြစ်ခဲ့ကြတဲ့ ဗာဒွန်း (VERDUN) မှာ ကမ္ဘာစစ်ကြီးနှစ်ခုစလုံးက သေဆုံးခဲ့ကြရသူများအတွက် ပြင်သစ်သမ္မတနဲ့အတူ အထိမ်းအမှတ်အခမ်းအနား ကျင်းပပေးခဲ့ကြပါတယ်။ ပြင်သစ်–ဂျာမနီနှစ်နိုင်ငံပြန်လည်သင့်မြတ်ရေးမှာ အရေးပါတဲ့ အမှတ်သင်္ကေတဖြစ်ခဲ့သလို ဥရောပပေါင်းစည်းရေးတွန်းအားတစ်ရပ်လည်း ဖြစ်ခဲ့ပါတယ်။

၁၉၈၄ ခုနှစ် နိုဝင်ဘာလအတွင်းမှာတော့ မစ္စတာခိုးလ် အိမ်ဖြူတော်ကိုသွားရောက်ပြီး နှစ်နိုင်ငံပြန်လည်သင့်မြတ်ရေးသင်္ကေတအဖြစ် ဂျာမန်စစ်သချိုင်းမှာ ကျဆုံးသူများအထိမ်းအမှတ်အခမ်းအနားအတူတကွတက်ရောက်ဖို့ အမေရိကန်သမ္မတ မစ္စတာရေဂင်ကို ပန်ကြားခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်ရောက်တဲ့အခါ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၅ ခုနှစ် မေလ ၈ ရက်နေ့ (V.E.DAY) က ဥရောပမှာ မဟာမိတ်များ စစ်အောင်နိုင်တဲ့နှစ် (၄၀) ပြည့်နှစ်ပတ်လည် အထိမ်းအမှတ်အခါသမယမှာ မစ္စတာခိုးလ်နဲ့ အမေရိကန်သမ္မတ မစ္စတာရေဂင်တို့ နှစ်နိုင်ငံချစ်ကြည်ရေးအင်အားကောင်းပုံကို ပြသဖို့အခွင့်အလမ်းရရှိခဲ့ကြပါတယ်။ ၁၉၈၇ ခုနှစ်မှာ မစ္စတာခိုးလ်က အရှေ့ဂျာမန်အကြီးအကဲ မစ္စတာအီရစ်ဟိုနီကာ (Erich Honecker) ကို အနောက်

Helmut Kohl



www.foreverspace.com.mm



Gandhi

ဂျာမနီနိုင်ငံမှာ ဧည့်သည်တော်အဖြစ် လက်ခံခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံတင်းမာမှု လျော့ပါးရေးမူဝါဒ (Policy of Detente) ကျင့်သုံးလိုက်ခြင်း ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း အဲဒီအချိန်က ဆိုဗီယက်ခေါင်းဆောင် ဂိုဘာချော့ဗ်နဲ့တွေ့ဆုံပြီး ဂျာမန်နှစ်နိုင်ငံပြန်လည်ပေါင်းစည်းခွင့်ပြုမယ့် အာမခံချက် တောင်းခံခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်ဖြစ်ခဲ့တဲ့နိုင်ငံ့ခေါင်းဆောင်များနဲ့လည်း ဆွေးနွေးပြီး ဂျာမန်နှစ်နိုင်ငံပေါင်းစည်းခွင့်ပြုရေးနဲ့ NATO အဖွဲ့ကို အရှေ့ဂျာမနီနိုင်ငံအထိ တိုးချဲ့ဖို့ပါ ဆွေးနွေးနိုင်ခဲ့ပါတယ်။ မစ္စတာခိုးလ်ဟာ နိုင်ငံနဲ့လူမျိုးအတွက် ရည်မှန်းချက်ကြီးသူပီပီ မနားမနေကြိုးပမ်းမှုကြောင့် ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့မှာ ဂျာမနီနှစ်နိုင်ငံပေါင်းစည်းရေး အထမြောက်ခဲ့ပါတယ်။

"အိန္ဒိယနိုင်ငံ့ ဖခင်ကြီး မဟတ္တမဂန္ဒီဟာ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ သန်းပေါင်းများစွာသော ပစ္စည်းမဲ့လူနွမ်းပါးများ ပြဿနာကြောင့် အမြဲတစေ ရတတ်မအေးဖြစ်နေပါတယ်။ အဲဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းပေးရမလဲဆိုတဲ့ အာရုံထဲမှာပဲ ဂန္ဒီကြီး တဝဲလည်လည်ဖြစ်နေပါတယ်" လို့ ဂန္ဒီကြီးနဲ့ အနီးကပ်ရင်းနှီးခဲ့ပြီး လွတ်လပ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာတဲ့ မစ္စတာနေရူး (Pandit Nehru) က ဂန္ဒီကြီးနဲ့ ပတ်သက်လို့ ရေးသားခဲ့ဖူးပါတယ်။ ဂန္ဒီကြီးဟာ ရည်မှန်းချက်ကြီးသူ ဖြစ်ပါတယ်။ ရည်မှန်းချက်ကြီးပုံနဲ့ပတ်သက်ပြီး "လူတိုင်းမျက်လုံးအိမ်ကစီးကျလာတဲ့ မျက်ရည်စက်တိုင်းကို သုတ်ပေးချင်ပါတယ်" လို့ ဂန္ဒီကြီး ပြောဖူးပါတယ်။

ဂန္ဒီကြီးက အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်မှာ တစ်ဖက်ကလည်း ဇာတ်ခွဲခြားမှုစနစ်ကို အားပေးကျင့်သုံးနေသူတွေ၊ ဆိုးဝါးလှတဲ့ စရိုက်ဆိုး စွန့်လွှတ်ရေးအတွက်လည်း မမောတမ်း ဟောပြောခဲ့ရပါတယ်။ ဂျာနယ်တွေ၊ စာစောင်တွေကတစ်ဆင့်လည်း ရေးသားသတိပေးခဲ့ရပါတယ်။ ဂန္ဒီကြီးက "ဇာတ်ခွဲခြားမှုစနစ်ကျင့်သုံးနေတဲ့ ဟိန္ဒူတွေဟာ ဒုစရိုက်ကျူးလွန်နေသူတွေမဟုတ်ပါဘူး။ အသိတရားကင်းမဲ့မှုဝဲသြဂမှာနစ်မြုပ်နေသူတွေသာဖြစ်ပါတယ်" လို့ ပြောပါတယ်။

ဂန္ဒီကြီး တောင်အာဖရိကမှာရှိစဉ် အဲဒီနိုင်ငံမှာရောက်ရှိနေကြတဲ့ အိန္ဒိယလူမျိုးတွေ အနှိမ်ခံခဲ့ရပါတယ်။ ဂန္ဒီကြီးကိုယ်တိုင် ဆံပင်ညှပ်ဆိုင်က ဆံပင်ညှပ်ပေးဖို့ ငြင်းဆိုတာ ခံခဲ့ရဖူးပါတယ်။ ဂန္ဒီကြီးက အိန္ဒိယနိုင်ငံမှာ ဇာတ်နိမ့်တွေကို ဇာတ်မြင့်တွေနဲ့ တန်းတူဆံပင်ညှပ်ခွင့်မပေးခဲ့တာနဲ့ တခြားအတန်းအစားခွဲခြားမှုတွေကို ကောင်းကောင်းကြီးသတိရနေသူပီပီ "သူများကို မတရားလုပ်ခဲ့မိလို့ သူများနိုင်ငံလာပြီး အပြစ်ပေးခံရတာပဲ" ဆိုတဲ့ ခံယူချက်ကြောင့် ဒေါသကို ထိန်းချုပ်နိုင်ခဲ့တယ်လို့ ဂန္ဒီကြီးက ပြောပါတယ်။ ဂန္ဒီကြီးက တောင်အာဖရိကကနေ အိန္ဒိယနိုင်ငံကို ခဏပြန်လာတဲ့အခါ သူ့ရဲ့မိတ်ဆွေရင်းတစ်ဦးဖြစ်တဲ့ ဂိုခါလေး (Gokhale) ကို တောင်အာဖရိကရောက် အိန္ဒိယလူမျိုးတွေရဲ့ ကြေကွဲဝမ်းနည်းဖို့ကောင်းတဲ့ဖြစ်ရပ်တွေအကြောင်း ပြောပြပါတယ်။ အဲဒီအခါ ဂိုခါလေးက "အိန္ဒိယနိုင်ငံက ဟိန္ဒူလူမှုအသိုင်းအဝိုင်းမှာ ဇာတ်နိမ့်စနစ်ကျင့်သုံးမှုရဲ့ အသီး

www.foreverspace.com.mm



အသွင့်ပဲပေါ့" လို့ ပြောလိုက်ပါတယ်။ မုန်းပင်ပျိုးရင် အမုန်းတရားပွားစေတယ်ဆိုတဲ့ သဘောပါပဲ။ ဂန္ဒီကြီးမှာလည်း ဒီခံယူချက်ရှိပြီးသားမို့ ဂိုခါလေးပြောတာကို ချက်ချင်း သဘောတူလိုက်ပါတယ်။

ဂန္ဒီကြီးက အိန္ဒိယနိုင်ငံ တောင်ပိုင်း နယ်လို (NELLORE) အရပ်မှာ ဇာတ်နိမ့်တွေနဲ့တွေ့ပြီးတဲ့အခါ "သူတို့နဲ့ တွေ့ပြီးတဲ့နေ့က ဆုတောင်းမိပါတယ်။ ကျွန်ုပ်သေပြီး ဘဝသစ်မှာ ပြန်မွေးဖွားမယ်ဆိုရင် ဇာတ်နိမ့်အဖြစ် မွေးဖွားချင်ပါတယ်။ ဇာတ်နိမ့်တွေဟာ အဖိနှိပ်၊ ညှဉ်းဆဲခံရလွန်းတာကြောင့် သူတို့လူမှုအသိုင်းအဝိုင်းအပြင်ဘက်ကလူတွေကို မယုံကြည်ရဲတော့ပါဘူး။ ဒါ့ကြောင့် သူတို့လို ဇာတ်နိမ့်အဖြစ် အနီးကပ်နေသူတို့ရဲ့ ဝမ်းနည်းပူဆွေးမှု၊ ဒုက္ခခံစားရမှု၊ စော်ကားခံရမှုတွေကို မျှဝေခံစားရင်း မိမိနဲ့အတူ သူတို့အားလုံးကို စိတ်မချမ်းမြေ့ဖွယ်အခြေအနေက ကယ်တင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နိုင်မှာဖြစ်တယ်" လို့ မိန့်ခွန်းထဲမှာ ထည့်ပြီးပြောခဲ့ဖူးပါတယ်။

၁၈၉၆ ခုနှစ် အဲဒီအချိန်က ဂန္ဒီကြီး အသက် ၂၆ နှစ်အရွယ်မှာ တောင်အာဖရိကနိုင်ငံကနေ အိန္ဒိယနိုင်ငံ ခဏပြန်လာခဲ့ပါတယ်။ ဘုံဘေမြို့ (အခုအခေါ်မွန်ဘိုင်း) မှာ ပလိပ်ရောဂါပျံ့နှံ့နေပြီး အနီးအနားမှာရှိတဲ့ ရာဂျ်ကော့ (RAJKOT) ဒေသက ရာဇာစော်ဘွားက သူ့ဒေသကို ရောဂါကူးစက်မှာစိုးရိမ်နေချိန် ဖြစ်ပါတယ်။ ဂန္ဒီကြီးက အဲဒီအချိန်မှာ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်စားသောက်ရေးပညာပေး ကော်မတီကို တာဝန်ယူခဲ့ရပါတယ်။ အဲဒီကော်မတီက ဇာတ်နိမ့်တွေနေတဲ့ရပ်ကွက်တွေမှာ လှည့်လည်ကြည့်ရှုဖို့လည်း တာဝန်ယူရပေမယ့် ဂန္ဒီကြီးနဲ့လိုက်မယ့်သူတစ်ယောက်သာ ရှိခဲ့ပါတယ်။ ဇာတ်နိမ့်တွေရဲ့ အိမ်လေးတွေဟာ သန့်ရှင်းသပ်ရပ်ပြီး ရှိသမျှအိုးခွက်နည်းနည်းပါးပါးကလည်း ပြောင်လက်နေအောင် တိုက်ချွတ်ထားတာ ဂန္ဒီကြီးတွေ့ခဲ့ရပါတယ်။

အိန္ဒိယနိုင်ငံမှာ အတိဒုက္ခခံစားရမှုများဟာ ဆိုးဝါးတဲ့ ဇာတ်နိမ့်စနစ်ကျင့်သုံးမှုရဲ့ နောက်ဆက်တွဲအကျိုးသက်ရောက်မှုပဲဖြစ်တယ်ဆိုတာ ဂန္ဒီကြီး တောင်အာဖရိကမှာ နေထိုင်ခဲ့စဉ်ကတည်းက သူ့နှလုံးသားက ပေါ်ထွက်လာတဲ့ 'အတွင်းသံ' (Inner Voice) က အသိပေးထားပြီးဖြစ်ပါတယ်။



Helmut Kole, Gobachev and Bush

ဂန္ဒီကြီးက သူ့မိတ်ဆွေတစ်ဦးပြောပြတဲ့ဇာတ်လမ်းတစ်ပုဒ်ကို ၁၉၄၇ ခုနှစ် ဧပြီလအတွင်း နယူးဒေလီမြို့မှာ ကျင်းပခဲ့တဲ့ အာရှနိုင်ငံများက ခေါင်းဆောင်များညီလာခံမှာ ပြောပြခဲ့ပါတယ်။ ဂန္ဒီကြီးရဲ့မိတ်ဆွေဟာ ပြင်သစ်မိခင်နဲ့ အင်္ဂလိပ်ဖခင်တို့က မွေးဖွားခဲ့တာဖြစ်ပါတယ်။ ဇာတ်လမ်းလေးက ဒီလိုပါ။ တစ်ခါက ပြင်သစ်သိပ္ပံပညာရှင်သုံးဦး အမှန်တရားရှာဖွေဖို့ ပြင်သစ်နိုင်ငံက ထွက်ခွာလာကြပါတယ်။ တစ်ဦးက အိန္ဒိယနိုင်ငံရောက်လာပါတယ်။ အမှန်တရားရှာဖွေဖို့ မြို့ကြီးတွေဆီရောက်ခဲ့ပါတယ်။ ဇာတ်မြင့်တွေနဲ့လည်း တွေ့ခဲ့ပါတယ်။ ဒါပေမဲ့ သူ့မှာ အဖြေရှာမတွေ့ဘဲ လမ်းစပျောက်နေပါတယ်။ နောက်ဆုံး ပကာသနကင်းမဲ့တဲ့ရွာငယ်လေးဆီက အေးချမ်းတဲ့တဲအိမ်လေးကို ရောက်သွားပါတယ်။ အဲဒီအိမ်လေးဟာ ဇာတ်နိမ့်တံမြက်လှည်းသမားအိမ် ဖြစ်ပါတယ်။ ပြင်သစ်သိပ္ပံပညာရှင်လည်း သူရှာဖွေနေတဲ့အမှန်တရားကို ရှာတွေ့ခဲ့ပါတယ်။

ဂန္ဒီကြီးရဲ့ရည်မှန်းချက်ကြီးမားမှုဟာ အိန္ဒိယလွတ်လပ်ရေးရရှိဖို့နဲ့ ဇာတ်စနစ် လုံးဝအမြစ်ပြုတ်ရေး ဖြစ်ပါတယ်။ ဇာတ်စနစ်အမြစ်မပြုတ်နိုင်ရင် ရရှိထားတဲ့လွတ်လပ်ရေးဟာ တန်ဖိုးမရှိနိုင်ဘူးလို့ ဂန္ဒီကြီးခံယူထားပါတယ်။

အိန္ဒိယနိုင်ငံ ဖခင်ကြီး မဟာတ္တမဂန္ဒီနဲ့ ဂျာမန်ခေါင်းဆောင် မစ္စတာခိုးလ်တို့လို ကမ္ဘာ့ခေါင်းဆောင်ကြီးတွေရဲ့ ရည်မှန်းချက်ကြီးမားမှုရလဒ်အကြောင်း အထွေအထူး ပြောနေစရာမလိုပါ။ သမိုင်းသက်သေတည်နေပြီဆိုရင် အငြင်းပွားဖွယ်မရှိပါ။

**မြသန်းသန်းနု**

Ref: The Good Boatman., A Portrait of Gandhi
BY-RAJMOHAN GANDHI

www.foreverspace.com.mm

ပြီးခဲ့သောလမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

(ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၆)

## ပထမဆုံး ဒုတ်ခ်ျတို့၏ကျူးကျော်ရန်စမှု

တင်ညွှန့်

၁၉၄၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီကြရန် ဆုံးဖြတ်လိုက်ကြသည်။ နောက်တစ်လအကြာတွင် လင်ဂါဂျာတီ တွေ့ဆုံဆွေးနွေးပွဲကို စတင်ခဲ့သည်။ သဘောတူညီမှုများရယူပြီးသည့်တိုင် လေးလအထိရှည်ကြာခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။ အစပိုင်းတွင် သဘောတူညီမှုများ ရယူထားကြသော်လည်း ဆွေးနွေးကာမှ ပြဿနာတွေ တက်ခဲ့ရသည်။ လင်ဂါဂျာတီ သဘောတူစာချုပ် (လင်ဂါဂျာတီ သဘောတူညီချက်အရ လက်ရှိအုပ်ချုပ်နေ



www.foreverspace.com.mm



သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရကို အသိအမှတ်ပြုရမည်ဖြစ်သည်) အရ ဗြိတိသျှတပ်များသည် အင်ဒိုနီးရှားနိုင်ငံမှ ထွက်ခွာသွားရမည် ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်တော်တို့ရင်ဆိုင်ရမည့် တစ်ခုတည်းသောတပ်မှာ ဒတ်ချ်တပ်ကို ဖြစ်သည်။

ဘရန်တာမြစ်ဝကျွန်းပေါ်ဒေသ အကြမ်းဖက်မှုနှင့် မိုဂျိုကာတိုထိန်းချုပ်မှုအား ဆန့်ကျင်တိုက်ခိုက်မှုများ ၁၉၄၇ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏ပြဿနာကို ချက်ချင်းအရေးယူဖြေရှင်းရန် လိုအပ်လာသည်။ ပါ့ခ်ဒါမန်းနှင့် ပါ့ခ်ယူရစ်တို့က လက်နက်ကိုင်တော်လှန် နေကြသည့်တပ်များအားလုံးကို အမျိုးသားတပ်ပေါင်းစုတစ်ခုတည်းအောက်တွင် ရောက်ရှိစေရန် စိတ်ကူးမိကြသည်။

၁၉၄၇ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် သမ္မတဆူကာနိုသည် အင်ဒိုနီးရှား အမျိုးသားတပ်မတော် TNI (Tentara Nasional Indonesia) ကိုဖွဲ့စည်းတည်ထောင်ရန် သမ္မတ ဆုံးဖြတ်ချက်အားလက်မှတ်ရေးထိုးခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ လက်နက်ကိုင်တပ်ဖွဲ့များအားလုံး TNI တွင် ဝင်ရောက်ပူးပေါင်းကြရမည် ဖြစ်သည်။ TNI ကို ဗိုလ်ချုပ်ကြီး ဆူဒါမန်နှင့် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး သူ့လက်ထောက် စစ်သေနာပတိမှာ ဒုတိယဗိုလ်ချုပ်ကြီး ယူရစ်ဆူမိုဟာဂျိုဖြစ်သည်။ ပါ့ခ်ဒါမန်း၏စိတ်ကူးဖြစ်သည့် “နိုင်ငံတစ်နိုင်ငံတွင် စစ်တပ်တစ်တပ်တည်းရှိရမည်” မှာ လက်တွေ့အကောင်အထည်ပေါ်လာခဲ့ပြီ ဖြစ်သည်။

ဒတ်ချ်တို့က ဆက်လက်ဖိအားတွေပေးလာကြပြန်သည်။ သူတို့၏ ကိုလိုနီလက်အောက်သို့ပြန်ရောက်ရေးအတွက် ရာဇသံတွေ အမျိုးမျိုးထုတ်နေသော်လည်း သူတို့တောင်းဆိုသမျှကို နိုင်ငံတော်က ငြင်းပယ်ခဲ့သည်သာ ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရထံသို့ သူတို့ကစာတစ်စောင်ပေးပို့ပြီး နှစ်ပတ်အတွင်း အကြောင်းပြန်ရန် ပြောလာသည်။ ထိုစာကို ယူဆောင်လာသူမှာ အီဒင်ဘတ်မစ်ရှင်မှဖြစ်ပြီး ကြားဖြတ်အစိုးရပုံစံဖြင့် စီမံအုပ်ချုပ်မှုများကို ပူးပေါင်းဆောင်ရွက်ရန် ပြောထားသည်။ သူတို့က စစ်မဲ့ဇုန်တစ်ခုကို သတ်မှတ်ထားပေးရန်နှင့် မာလီနိုသဘောတူညီချက်အရ အရှေ့အင်ဒိုနီးရှား၊ ကာလီမန်တန်၊ ဘာလီနှင့် အခြားကျွန်းဒေသများကို ‘အကြမ်းဖက်သူများ၏လှုပ်ရှားမှု’ ကင်းစင်သည့်ဒေသအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုလာသည်။ ကျွန်တော်တို့ အံ့သြခြင်းဖြစ်ရသည်က “အကြမ်းဖက်သူများ” ဆိုသည့်စကားကို ဖြစ်သည်။

နောက်နှစ်ပတ်မတိုင်မီ အင်ဒိုနီးရှားကလည်း သူတို့ကို အကြောင်းပြန်ကြားလိုက်သည်။ ထိုစာတွင် ပြန်လည်တောင်းဆိုချက်များသာမက ဒတ်ချ်တို့၏ ပူးပေါင်းအုပ်ချုပ်ရန်ဆိုသည့်တောင်းဆိုမှုအား ငြင်းပယ်လိုက်သည်။ အစိုးရကိုယ်စားပြုပြီး Sjahir ၏ ဒတ်ချ်တို့ထံ ပြန်ကြားချက်သည် သမ္မတနိုင်ငံဆိုသည့်ဂုဏ်ကို ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။ နောက်ပိုင်း



www.foreverspace.com.mm

Sjahir ကို ကက်ဘိနက်တွင် သမ္မတအဖြစ် အများစုက ထောက်ခံရန်အကြောင်းလည်း ဖြစ်လာခဲ့သည်။ Amir Syarifuddin က Sjahir ကို ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ပေးအပ်နိုင်ခဲ့သည့် အောင်မြင်မှုလည်းဖြစ်စေခဲ့သည်။

ထိုစဉ် ဒတ်ချ်တို့ထံမှ သတင်းတစ်ခု ပေါက်ကြားထွက်လာသည်။ ဒတ်ချ်တို့က ကျွန်တော်တို့ကို တိုက်ခိုက်ရန်စီမံနေသည် ဆိုသောသတင်းဖြစ်သည်။ Syarifuddin ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည် ဆိုသောသတင်းက သူတို့ကို စိတ်အနှောင့် အယှက်ဖြစ်သွားစေခဲ့သည်။ ဒတ်ချ်တို့က သူတို့စီမံထားသည့်အတိုင်း ဆောင်ရွက်ကြ တော့မည်။ ပထမဦးဆုံး ဒတ်ချ်တို့၏ ကျူးကျော်ရန်စမှုသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ပေါ်ပေါက်လာခဲ့ရသည်။ နံနက် ၇ နာရီခန့်တွင် ဒတ်ချ်လေယာဉ်ပျံများ ယိုဂျာမြို့ပတ်လည်ကို လှည့်လည်ပျံသန်းပြီး မာဂူဝိုလေယာဉ်ကွင်းကို ဗုံးကြဲတော့သည်။ ဒုတိယတစ်ကြိမ် လေကြောင်း တိုက်ခိုက်မှုကို တစ်နေ့တည်း နောက်တစ်ကြိမ်ထပ်လုပ်ပြန်သည်။ ကြည်း၊ ရေ၊ လေ တစ်ပြိုင်တည်းတိုက်ခိုက်မှု ဖြစ်သည်။ ဒတ်ချ်တို့သည် ဆီမာရန်းမှ တောင်ဘက်သို့ချီတက်လာကြပြီး ဆလ္လန်ဒိုမြို့တွင် ရပ်နားလိုက်ကြသည်။ ထိုမြို့ဝန်းကျင်ကို ပိတ်ဆို့လိုက်ပြီး မိုင်းများကိုလည်း ချထားလိုက်သည်။



ညနေခင်းတွင် သမ္မတဆူကာနိုသည် နိုင်ငံတော်အသံလွှင့်ဌာန (RRI) မှ မိန့်ခွန်းပြောကြားခဲ့သည်။ သူက အင်ဒိုနီးရှား အစိုးရနှင့်ပြည်သူတို့သည် ဒတ်ချ်တို့ကို အစွမ်းကုန်ပြန်လည်တိုက်ခိုက်သွားရန် အတွက် ပြင်ဆင်ကြရန် မိန့်ကြားလိုက်သည်။ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ဆူဒါမန်းက လည်း ပြည်သူ့သမ္မတနိုင်ငံတပ်မတော်သို့ မိန့်ခွန်းပြောကြားခဲ့သည်။ ကျွန်တော်တို့ စိတ်ဓာတ်ကို ဒတ်ချ်ကျူးကျော်မှုက နိုးကြား စေလိုက်သည်။

ဆီမာရန်းသို့ရောက်နေသည့် ဒတ်ချ်တပ်သည် ကာလီဝန်ဂူမြို့လေးတွင် အပြင်းအထန်ခုခံတိုက်ခိုက်ခြင်းကို ခံနေရသည်။ ဆီမာရန်းနှင့် ၂၀ ကီလိုမီတာသာဝေးသည့် နေရာမှ မြို့သို့ရောက်ရန် နှစ်ရက်၊ ကီလိုမီတာ ၅၀ သာဝေးသည့် ပန်ဒန်းမှ မာလန်းသို့ရောက်ရန် ခုနစ်ရက် အပြင်းအထန်ချီတက်နေကြရသည်။ တပ်နှင့်ပြည်သူတို့က ဒတ်ချ်တို့ကို အပြင်းအထန် ခုခံတိုက်ခိုက် နေကြပြီဖြစ်သည်။

ဒတ်ချ်တို့ ပထမဦးဆုံးကျူးကျော်စစ် ဆင်နွှဲလိုက်သည်နှင့် ကမ္ဘာကလည်း တုံ့ပြန်ခဲ့ကြသည်။ အမေရိကန်အစိုးရက ဒတ်ချ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။

ဆီးရီးယားအစိုးရကလည်း အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ဩစတြေးလျမှ ကျောင်းသားနှင့် သင်္ဘောကျင်းလုပ်သားများသည် ဒတ်ချ်သံရုံးရှေ့တွင် ဆန္ဒသွားပြကြသည်။ အိန္ဒိယနှင့် ဩစတြေးလျမှ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဒတ်ချ်တို့အား

www.foreverspace.com.mm

ဆုတ်ခွာပေးရန်အတွက် ဆွေးနွေးကြရန် တိုက်တွန်းကြသည်။ ထိုစဉ်က အိန္ဒိယ၊ ပါကစ္စတန်နှင့် ထိုင်းတို့ကလည်း KLM တို့၏ လေယာဉ်ပျံများကို သူတို့ပိုင်နက်နယ်မြေများအတွင်း ဆင်းသက်ခွင့်ကို ပိတ်ပင်ကာ ဒတ်ချ်တို့ကိုဆန့်ကျင်ကြသည်။ တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားသမ္မတနိုင်ငံသည် နိုင်ငံပေါင်းများစွာ၏ အသိအမှတ်ပြုခြင်းကိုခံလိုက်ရသည့်သဘောဖြစ်သွားသည်။ ထိုနိုင်ငံများထဲတွင် မြန်မာနှင့် အာဖဂန်နစ္စတန်တို့လည်း ပါဝင်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အင်ဒိုနီးရှားပြဿနာကို ဆွေးနွေးမည့် အကြောင်းအရာထဲတွင် ထည့်သွင်းလိုက်သည်။ ဩစတြေးလျကလည်း ပါတီအချင်းချင်းယှဉ်ပြိုင်တိုက်ခိုက်နေမှုများကို ပြေငြိမ်းလိုက်ကြရန် အကြံပြုတိုက်တွန်းခဲ့ရုံမျှမက အမေရိကန်နိုင်ငံကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ပဋိပက္ခများပြေလည်စေရေးအတွက် အဖွဲ့များစေလွှတ်ပေးရန် အကြံပေးတိုက်တွန်းခဲ့သည်။

၁၉၄၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် လုံခြုံရေးကောင်စီသည် အင်ဒိုနီးရှားနှင့် နယ်သာလန် (ဒတ်ချ်) တို့ကြားတွင်ဖြစ်ပေါ်နေသည့် ပဋိပက္ခကိုဖြေရှင်းပေးရန် ဆုံးဖြတ်လိုက်သည်။ အင်ဒိုနီးရှား စစ်သေနာပတိဗိုလ်ချုပ်ဆူဒါမန်းသည် အပစ်အခတ်ရပ်စဲရေးနှင့် နယ်မြေထိန်းသိမ်းရေးဆိုင်ရာအမိန့်ကို ဩဂုတ်လ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံရှိ ဒတ်ချ်အုပ်ချုပ်သူ တပ်မှူးကြီး ဗိုလ်ချုပ်စပူးရားကလည်း အလားတူအမိန့်ကိုထုတ်ပြန်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက် သံတမန်ဆိုင်ရာ ပြောဆိုဆွေးနွေးမှုများကို နှစ်နိုင်ငံအတွင်း ပြန်လည်ပြုလုပ်ခဲ့ကြသည်။

ဗိုလ်ချုပ်ဆူဒါမန်း၏အမိန့်သည် အတိအကျလိုက်နာရန်ဖြစ်သကဲ့သို့ ကျွန်တော်တို့ နိုးကြားစွာဖြင့် သတိထားရန်လည်းဖြစ်သည်။ ကျွန်တော်တို့မျှော်မှန်းထားသည့်ပန်းတိုင်သို့ မရောက်သေး။

**ဒတ်ချ်တို့ ပထမဦးဆုံးကျူးကျော်စစ်ဆင်နွှဲလိုက်သည်နှင့် ကမ္ဘာကလည်း တုံ့ပြန်ခဲ့ကြသည်။ အမေရိကန်အစိုးရက ဒတ်ချ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ ဆိုဗီယက်အစိုးရကလည်း အပြင်းအထန်ကန့်ကွက်ခဲ့သည်။ ဩစတြေးလျမှ ကျောင်းသားနှင့် သင်္ဘောကျင်းလုပ်သားများသည် ဒတ်ချ်သံရုံးရှေ့တွင် ဆန္ဒသွားပြကြသည်။**

အင်ဒိုနီးရှားနိုင်ငံတွင် အပြန်အလှန်တွေ့ဆုံစကားပြောကြပြီးသည့်နောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အမေရိကန်ပြည်ထောင်စုက အကြံပြုထားသည့်အတိုင်း နှစ်နိုင်ငံအတွင်းပဋိပက္ခကို ပြေလည်စေရန် အဖွဲ့တစ်ဖွဲ့ကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ သုံးနိုင်ငံကော်မရှင်အဖွဲ့တွင် ဩစတြေးလျမှ ရစ်ချက်ကာဘီ၊ ဘယ်လ်ဂျီယံမှ ပေါလ်ဗန်ဇီးလန်းနှင့် အမေရိကန်မှ ဒေါက်တာဖရန့်ဂရေဟန်တို့ ပါဝင်ကြသည်။

Amir Syarifuddin သည် အစိုးရအဖွဲ့ကိုဖွဲ့စည်းပြီးနောက် ဒတ်ချ်တို့နှင့် စကားပြောရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ကျွန်တော့်အတွက်ထူးဆန်းနေသည်က ဒတ်ချ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လာသူမှာ အင်ဒိုနီးရှားနိုင်ငံဖွား အဗဒူကာဒါဝီဂျိုဂျိုအတာမိုဂျိုဆိုသူ ဖြစ်သည်။ တာဂူဘူတာသို့ သူရောက်လာစဉ်တွင် အင်ဒိုနီးရှားပြည်သူတို့က စိတ်ဆိုးဒေါသထွက်ကာ သူ့ကိုတံတွေးဖြင့်ထွေးကြသည်။ အဖွဲ့၏ဒုတိယခေါင်းဆောင်မှာ ဒတ်ချ်နိုင်ငံသား ဗန်ဗရီဒန်ဘာ့ဂ်ျဖြစ်သည်။ အခြားအဖွဲ့ဝင်များအဖြစ် အင်ဒိုနီးရှားမွေး တန်ကူဇူလ်ကာနီယန်နှင့် ဒေါက်တာဆူမိုကီလ်တို့ ပါလာကြသည်။ ထိုသူများသည် နောင်အခါတွင် နိုင်ငံရေးလှုပ်ရှားသူများအဖြစ် လူသိများလာပြီး သူတို့ကိုယ်သူတို့ ‘တောင်မိုလက်ကားသမ္မတနိုင်ငံ’ ထူထောင်ရန်ကြေညာခဲ့သူများ ဖြစ်လာသည်။

ဝန်ကြီးချုပ် Amir Syarifuddin သည် ဂျာကာတာတွင် တွေ့ဆုံဆွေးနွေးရန် ငြင်းဆိုလိုက်သည်။ ဒတ်ချ်တို့ကလည်း တတိယနိုင်ငံတစ်နိုင်ငံတွင် တွေ့ဆုံရန်မပြုနိုင်ဟု ဆန့်ကျင်ကန့်ကွက်ကြသည်။ ပြဿနာကို ဂျာကာတာပင်လယ်ကွေ့တွင် ရပ်နားထားသည့် အမေရိကန် ရေတပ်သင်္ဘော USS Renville တွင် တွေ့ဆုံဆွေးနွေးမည်ဆိုမှ ပြေလည်သွားတော့သည်။ တွေ့ဆုံဆွေးနွေးမှုကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့တွင် စတင်ခဲ့ပြီး ရန်ဗီးလ်သဘောတူစာချုပ်အဖြစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ (ရမ်းဗီးလ် သဘောတူစာချုပ်ဖြင့် ဒတ်ချ်တို့၏ကျူးကျော်ရန်စမှု ပြီးဆုံးသွားပြီဟု ထင်စရာဖြစ်သော်လည်း နောက်ပိုင်းတွင် ဒတ်ချ်တို့က ထိုသဘောတူစာချုပ်ကို ဖောက်ဖျက်ခဲ့ကြသည်။)

အခြေအနေက ငြိမ်းချမ်းသယောင်ထင်ရသော်လည်း ကျွန်တော်တို့ကတော့ သတိအမြဲရှိနေကြသည်။ ဒတ်ချ်တို့၏ စိတ်ရင်းအမှန်ကို နားလည်ရခက်သည်။ သို့သော် ကျွန်တော့်တွင် တိုက်ပွဲဝင်လိုသည့်စိတ်တွေကတော့ တမြေ့မြေ့တောက်လောင်နေပြီဖြစ်သည်။

**တင်ညွန့်**

Ref : Soeharto, My Thoughts, Words and Deeds (An Autobiography)

www.foreverspace.com.mm

ယခင်လမှအဆက်




# UNGA ၊ G 20

# အရှေ့သွား အနောက်ရောက် (၃)

ရဲမင်းဦး

ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပသည့်နေ့ရက်များတွင် ကုလသမဂ္ဂ Media Office ရုံး၏ ရုံးဖွင့်ချိန်က နယူးယောက်မြို့ ဒေသစံတော်ချိန် နံနက် ၇ နာရီ ပုံမှန်။ စာရေးသူတို့သည် လျာထားရေးဆွဲထားသော အစီအစဉ်များအရ မွန်းလွဲ ၁ နာရီတွင် ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံကြီးအတွင်းသို့ ဝင်ရောက်မည်ဖြစ်၏။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့ နယူးယောက်မြို့ နံနက်ခင်းမှာ ရုံးချိန်မတိုင်သေး၍ အေးဆေးတိတ်ဆိတ်လျက်။ စာရေးသူတို့ မြန်မာသတင်းသမားအဖွဲ့ အစီအစဉ်များအတိုင်းချိတက်ရန် အသင့်ဖြစ်ချိန်တွင် စာရေးသူနှင့်စပ်လျဉ်း၍ အခက်အခဲတစ်ရပ် ရှိလာသည်။ အခြားမဟုတ်။ စာရေးသူလက်တွင်းသို့ နိုင်ငံတကာခရီးသွားကျန်းမာရေးအာမခံ ID Card ရောက်မလာသေးခြင်းဖြစ်၏။ ထိုကတ်မှာလည်း အလွန်အရေးကြီးသည်။ အမေရိကန်ပြည်ထောင်စုအခြေစိုက် Wallach & Company, Inc က ရောင်းချပေးသည့်

www.foreverspace.com.mm

နိုင်ငံတကာအသိအမှတ်ပြု ကျန်းမာရေးအာမခံဝန်ဆောင်မှု။ ID Card တန်ဖိုးက US $ ၆၇.၅၀။ အဆိုပါ ကျန်းမာရေးအာမခံကတ် လက်ထဲရောက်မလာသေးခြင်းမှာ အခြားကြောင့်မဟုတ်။ Ye Min Oo ကို Wallach က Oo Ye Min အဖြစ် မှတ်တမ်းတင်ထားခြင်းကြောင့် ဖြစ်သည်။ အကြောင်းကြား ဆက်သွယ်ဖြေရှင်းမှုလုပ်လိုက်သောအခါ တစ်နာရီခန့်အကြာတွင် E-mail မှတစ်ဆင့် ယင်းကတ်ပြား စာရေးသူထံ ရောက်လာ၏။

ထိုကတ်ပြားမပါလျှင် သွားမှုလာမှုများ၌ မျှော်လင့်မထားသော ကျန်းမာရေးထိခိုက်မှုများကြုံလာလျှင် အခက်တွေ့နိုင်သည်။ စာရေးသူ၏ ကတ်သက်တမ်းက ၁၀ ရက်သာရှိသည်။ မဖြစ်ချင်တာဖြစ်လာလျှင် ရမည့်အာမခံလျော်ကြေးက US $ ၂၅၀,၀၀၀ အထိ ရှိသည်။ အာမခံစီးပွားရေးလုပ်ငန်းများ တွင်ကျယ်ထိရောက်မှုရှိနေခြင်းမှာ ဝန်ဆောင်မှုပေးသူများတွင်လည်းကောင်း၊ စားသုံးသူများတွင်လည်းကောင်း အကျိုးရှိစေနိုင်သည်ဟု တင်ပြလိုခြင်း ဖြစ်သည်။ ယုံကြည်မှုများ အရောင်းအဝယ်လုပ်ထားခြင်းဟု ဆိုနိုင်သည်။ အစိုးရအသိအမှတ်ပြုနိုင်ငံတကာအဆင့်မီ အာမခံကုမ္ပဏီများ စာရေးသူတို့နိုင်ငံ၌ ဖြစ်ထွန်းလာရန် မျှော်လင့်မိသည်။

စာရေးသူတို့၏ စက်တင်ဘာ ၂၂ ရက်နေ့ ခရီးစဉ်လျာထားချက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မတက်ရောက်ခင် Archaeology မဂ္ဂဇင်းတိုက်၊ ယခုအခါ မရှိတော့ပြီဖြစ်သော Gourmet မဂ္ဂဇင်းတိုက်တို့ကို သွားရောက်လေ့လာရန်၊ အချိန်ရသေးလျှင် New York Times သတင်းစာတိုက်၊ Asia Society ပြတိုက်၊ နိုင်ငံတကာဓာတ်ပုံပြတိုက်၊ နယူးယောက်မြို့ပြည်သူ့စာကြည့်တိုက်၊ Guggenheim ပြတိုက်၊ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က အကြမ်းဖက်တိုက်ခိုက်ဖြိုချခံလိုက်ရသော World Trade Center အမြှော်စင်အဆောက်အအုံရှိခဲ့ရာ Ground Zero နှင့် ကမ္ဘာကျော် Empire State Building တို့ကို သွားရောက်လေ့လာရန် စီစဉ်ထားသည်။ တည်းခိုရာ Ravel Hotel မှအထွက်တွင် အမေရိကန်လူမည်းအမျိုးသမီးတစ်ဦး ခွေးတစ်ကောင်ကိုဆွဲ၍ လမ်းလျှောက်သွားနေသည်ကို စာရေးသူတွေ့လိုက်မိသည်။ ထိုအခိုက်တွင် LA မှ နယူးယောက်သို့အလာခရီးတွင် ကြုံလိုက်ရသည့် Dog Based Romance ဇာတ်ဝင်ခန်းကို သတိရလိုက်မိသည်။ ဖြစ်စဉ်ကား ဤသို့ . . . ။



လော့ဇင်းဂျလိစ်မြို့လေဆိပ် Terminal 7 ရှိ United Airline ၏ ခရီးစဉ်အမှတ် UA 890 ဖြင့် နယူးယောက်မြို့သို့လိုက်ပါရန် စာရေးသူတို့ စောင့်စားနေခိုက် စာရေးသူထိုင်နေသည့်နေရာအနီးတွင် အမေရိကန်မိန်းမပျိုတစ်ဦး ထိုင်နေသည်။ ချမ်းသာကြွယ်ဝပုံရပြီး တစ်ကိုယ်တော်ခရီးထွက်လာသည့် ယင်းမိန်းမပျို၏ဟန်ပန်စတိုင်မှာ ရုပ်ရှင်မင်းသမီးလိုလို၊ မော်ဒယ်လ်ဂဲလ်လိုလို။ သူမ၌ ခြင်းပုံစံလွယ်အိတ်တစ်လုံးရှိသည်။ ယင်းလွယ်အိတ်၌ လေဝင်ပေါက်များပါရှိသည်။ သူမက ထိုလေဝင်ပေါက်မှတစ်ဆင့် လွယ်အိတ်တွင်းသို့ စကားလှမ်းလှမ်းပြောသည်။ သိပ်မကြာခင် အိတ်အဖုံးကိုဖွင့်လိုက်သည်။ အိတ်အတွင်းမှ စုတ်ချွန်းချွန်း အိမ်မွေးခွေးလေးတစ်ကောင် ခေါင်းပြူထွက်လာသည်။ ထိုခွေးကို သူမက စကားတွေပြောသည်။ အမိန့်ပေးသည်။ ဆူသည်။ မုန့်ကျွေးသည်။ စာရေးသူမှာ ဘာရယ်မဟုတ်၊ ငေးကြည့်နေမိ၍ ယင်းဖြစ်ပျက်နေပုံကို တွေ့ရခြင်းဖြစ်သည်။ မိန်းမပျိုက သူမနှင့် သူမ၏ခွေးကို စာရေးသူ အကဲခတ်နေမှန်းသိသောအခါ



www.foreverspace.com.mm

ခွေးနှင့် စကားပြောမှုကို ပိုမိုအားစိုက်ဆောင်ရွက်သည်။ စာရေးသူက ဘေးဝန်းကျင်ကိုအကဲခတ်ရာ အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည် သားရေဂျာကင်ဝတ်ထားသူ လူငယ်တစ်ဦးကလည်း ယင်းမိန်းမပျိုနှင့်ခွေးကို မျက်တောင်မခတ် စိုက်ကြည့်နေသည်ကို တွေ့လိုက်၏။ စာရေးသူလည်း ခမ်းနားစည်ကားနေသည့်လေဆိပ်တွင် ဟိုငေး၊ သည်ငေး ဆက်လုပ်နေလိုက်သည်။ LA မှ နယူးယောက်သို့ပျံသန်းသည့် Boeing 757-200 လေယာဉ်ကြီးပေါ်ရောက်တော့မှ မိမိတို့နှင့် တိုက်ရိုက်ပတ်သက်သော အခက်အခဲတစ်ခု တွေ့ရပြန်၏။

အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည်များကို အခမဲ့ကျွေးမွေးဧည့်ခံမှုမရှိခြင်းပင်။ ဒေါ်လာငွေစက္ကူပေးသော်လည်း ဘာမှဝယ်မရ။ အကြွေးဝယ်ကတ်ဖြင့်သာ ရောင်းချသည်ဟုဆို၏။ အမေရိကဝေဟင်၌ ငါးနာရီခွဲကြာ စားရမဲ့၊ သောက်ရမဲ့ဘဝသို့ ချက်ချင်းရောက်သွား၏။ ကိုယ့်တံတွေးကိုယ်ပြန်မျိုချရင်း အိပ်သည်။ ရေဆာမှု၊ အစာဆာမှုများကြောင့်အိပ်မရ။ စာရေးသူမှာ လေယာဉ်ပေါ်၌ နေ့လယ်စာ စားရမည်ထင်ထားခဲ့၍ LA လေဆိပ်၌ ရေသန့်ဘူးသေးတစ်ဘူးကို သုံးဒေါ်လာနှင့် ၇ဝ ဆင့်ပေးသောက်ခဲ့သည်ဖြစ်ရာ လေယာဉ်ပေါ်၌ ဒုက္ခနှင့်လှလှ တွေ့နေတော့သည်။ လေယာဉ်စထွက်ပြီး သုံးနာရီခန့်ကြာသောအခါ စာရေးသူထိုင်နေရာမှထပြီး လေယာဉ်နောက်ဆုံးခန်းရှိ လေယာဉ်မယ်များရှိရာသို့



သွားလိုက်သည်။ "မိမိရေသောက်မှရတော့မည်၊ ဘယ်လိုလုပ်ရမလဲ" ဟု မေးပြောပြောလိုက်သည်။ လေယာဉ်မယ်အမျိုးသမီးကြီးက အိုကေဟုပြောကာ ရေရှစ်ခွက်ပါဗန်းတစ်ဗန်း ထုတ်ပေးသည်။ စာရေးသူရေငါးခွက် ယူသောက်လိုက်သည်။ ထို့နောက်နှုတ်ခမ်းများကို လျှာဖြင့်ပွတ်ကာ အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်နေကြသည့် စာရေးသူ၏ခရီးသွားဖော်သုံးဦးကိုနိုး၍ ရေသောက်ရပြီဖြစ်ကြောင်းအသိပေးလိုက်သည်။ အားလုံးဝမ်းသာအားရ။ ဘဝ . . . ဘဝ။

နယူးယောက်မြို့ဂျွန်အက်ဖ်ကနေဒီလေဆိပ်ရောက်၍ ခရီးဆောင်အိတ်များရွေးယူကြသည့်နေရာသို့ရောက်သောအခါ ခွေးရှင်မိန်းမပျိုကိုလည်းကောင်း၊ ယင်းမိန်းမပျိုနှင့်မလှမ်းမကမ်းတွင် မိန်းမကြိုက်စတိုင်အပြည့်ရှိနေပြီး မိန်းမပျိုကိုစိုက်ကြည့်နေသည့် သားရေဂျာကင်ဝတ် လူငယ်ကိုလည်းကောင်း စာရေးသူတွေ့လိုက်သည်။ မိန်းမပျို၏အနီးတွင် လေယာဉ်ကုန်တင်ခန်း၌ ထည့်၍သယ်ယူခဲ့ပုံရသည့် ခွေးလှောင်အိမ်ကြီးတစ်ကောင်ကိုလည်း ရှိနေသည်ကိုတွေ့၏။ ခွေးနှစ်ကောင်နှင့် မိန်းမပျို။ ခရီးသည်အများစုက 'အိတ်' စောင့်ရင်း မိန်းမပျိုကိုအကဲခတ်နေသည်။ သိပ်မကြာလိုက်။ စာရေးသူထင်ထားသည့် အတိုင်းပင် ဂျာကင်ကိုယ်တော်လေးက သူနှင့်တစ်ပါတည်းပါလာသည့် ခရီးဆောင်အိတ်အတွင်းမှ ကင်မရာကြီးတစ်လုံးကိုထုတ်လိုက်ပြီး မိန်းမပျိုအနီးရောက်လာသည်။ မိန်းမပျိုကိုစကားမပြော။ ခွေးကြီးနှင့် ခွေးလေးကို ပုံစံအမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်သည်။ ပုံပေါင်းများစွာရိုက်ကူးပြီးသောအခါ မိန်းမပျိုမနေသာတော့၊ ကိုယ်တော်လေးကိုနှုတ်ဆက်လိုက်သည်။ ထိုအခါကျမှ ယင်းကိုယ်တော်လေးက မိန်းမပျိုကိုမျက်ခုံးပင့်၍လည်းကောင်း၊ မပွင့်တပွင့်ပြုံး၍လည်းကောင်း စကားဖောင်ဖွဲ့တော့၏။ "ကြည့်နေဟော့၊ ဓာတ်ကဘယ်လိုနာဦးမလဲ မသိဘူး" ဟု သတင်းရောင်းရင်းများကို ပြောလိုက်သည်။

'အိတ်' များ ရွေ့ဆင့်နောက်ဆင့်

www.foreverspace.com.mm



ရောက်လာသည်။ ခွေးရှင်မိန်းမပျိုက Labour တစ်ဦး၏အကူအညီဖြင့် စာရေးသူတို့ရှေ့ကသွားသည်။ ကိုယ်တော်လေးက မိန်းမပျိုကို အမီလိုက်၍စကားပြောသည်။ သုံးမိနစ်ခန့်အကြာ ကိုယ်တော်လေးခေါင်းငိုက်စိုက်ကျသွားသည်ကို တွေ့ရ၏။ အကြောင်းမှာ ခရီးသည်များထွက်ပေါက်အဝတွင် မိန်းမပျိုကို လူငယ်တစ်ဦးကပွေ့ဖက်ကာ အနမ်းဖြင့် ဆီးကြိုလိုက်ခြင်းကြောင့်ပင်တည်း။ မအောင်မြင်သော Dog based Romance တစ်ပုဒ်။ ကိုယ်တော်လေး လုံ့လအကျိုးမခံစားလိုက်ရ။ နည်းဗျူဟာမှန်ခဲ့သည့်တိုင် ထင်တိုင်းမပေါက်ဖြစ်ရခြင်းအတွက် ကိုယ်တော်လေးခမျာ ဘိုင့်ဘိုင့်ပင်လုပ်မသွားနိုင်ခဲ့။ စာရေးသူမှာလည်း ရင်ဗလောင်ဆူနေခဲ့သည်။ ဗိုက်ဆာလှ၍ဖြစ်၏။ ဆက်ပါမည်။

The Archaeological Institute of America (AIA) ဆိုသည့် အဖွဲ့အစည်းကို ၁၈၉၇ ခုနှစ်တွင် ဟားဗက်တက္ကသိုလ်မှ ပါမောက္ခချားလ်စ်အီရော့နော်တန်က စတင်ထူထောင်လိုက်သည်။ AIA က Archaeology အမည်ရှိ သုတေသနမဂ္ဂဇင်းကို ၁၉၄၈ ခုနှစ်က စတင်စီစဉ်ထုတ်ဝေသည်။ ယင်းမဂ္ဂဇင်းတိုက်သို့စာရေးသူတို့ရောက်ရှိသွားချိန်တွင် ယင်းမဂ္ဂဇင်းတည်ရှိရာဝန်းကျင်မှာ စက်မှုဇုန်တစ်ခုအတွင်းရှိနေသည့်တိုင် တိတ်ဆိတ်လျက်ရှိသည်။ စာရေးသူတို့ကို ယင်းမဂ္ဂဇင်း၏ ဒုတိယတာဝန်ခံအယ်ဒီတာ အဲရစ်နေပါဝဲလ်က ဆီးကြိုနှုတ်ဆက်သည်။ ဧည့်ခံစကားဆိုပြီးနောက် Archaeology မဂ္ဂဇင်းအကြောင်းနှင့် လက်ရှိရပ်တည်မှုအနေအထား၊ လုပ်ငန်းဆောင်ရွက်ပုံများကို ပြောကြားသည်။ အကျိုးအမြတ်မမျှော်ကိုးသည့်အဖွဲ့အစည်း AIA ၏ ပညာရပ်ဦးစားပေးအဆိုပါမဂ္ဂဇင်းမှာ လစဉ်ထုတ်မဂ္ဂဇင်း လက်ရှိအချိန်တွင် စောင်ရေ ၂၂၀,၀၀၀ ဝန်းကျင် လစဉ်ထုတ်ဝေသည်။ မဂ္ဂဇင်းတစ်ရပ်အရင်းက ၆ ဒေါ်လာ၊ ရောင်းဈေးက ၄.၉၉ ဒေါ်လာ။ ဆောင်းပါးစာမူတစ်ပုဒ်အတွက် ညဏ်ပူဇော်ခဒေါ်လာ ၁၅၀၀ မှ ၂၅၀၀ အကြား ချီးမြှင့်



သည်။ သို့သော် . . . အမေရိကန်ပြည်ထောင်စုတွင်ဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းက မဂ္ဂဇင်းအပေါ် ရိုက်ခတ်မှုကြီးမားနေသည်ဟု အဲရစ်က ဆို၏။ စီးပွားရေးမကောင်းလျှင် ပညာရပ်ဆိုင်ရာကိစ္စရပ်များ၌ ရပ်တည်ဖွံ့ဖြိုးရေး အခက်ကြုံတတ်သည်မှာ အထင်အရှား။ ပညာရေးသုတေသနလုပ်ငန်းစဉ်များ အားကောင်းမောင်းသန်ဖြစ်နေရေး အလွန်အရေးကြီးသည်ဟု ဆိုကြသော်လည်း 'ငွေ' က စကားပြောနေပေပြီ။ ၂၀၀၈ ခုနှစ်မတိုင်ခင်က Archaeology မဂ္ဂဇင်း၏ လစဉ်ထုတ်ဝေဖြန့်ချိရောင်းချရမှုပမာဏမှာ အုပ်ရေ ၃၅၀,၀၀၀ ဝန်းကျင်။ စီးပွားနှင့်ပညာအချိတ်အဆက်များမှာ စိတ်ဝင်စားဖွယ်ကောင်းနေဦးမည်။

Gourmet ဆိုသည့်မဂ္ဂဇင်းမှာ Time Square အရပ်၌ ရုံးစိုက်ထားသည်။ အမေရိကာ၌ ဘဏ္ဍာရေးနှင့်စီးပွားရေးအခြေအနေမကောင်းတော့၍ လက်ရှိစောင်ရေ ၂ သန်းဝန်းကျင်သာထုတ်ဝေနိုင်တော့သည်ဟုဆိုသော Gourmet မှာ 'စားကြမယ်ဟေ့



www.foreverspace.com.mm

ကောင်းကောင်း’ ဆိုသည့် မဂ္ဂဇင်းဖြစ်သည်။ Enter for a Chance to win a day in the Gourmet test Kitchens ဟူသော ဆောင်ပုဒ် ကိုင်စွဲထားသည်။ မဂ္ဂဇင်းတိုက်ရှိရာအဆောက်အအုံကြီးမှာ ဖွဲ့စည်းပြင်ဆင်ထားမှုအလွန်ကောင်းသည်။ လုံခြုံရေးတင်းကျပ်မှုအဆင့်မြင့်သည်။ ပတ်စ်ပို့ သို့မဟုတ် နိုင်ငံသားကတ်ပြရသည်။ ဝတ်စားဆင်ယင်ပုံသပ်ရပ်သည့် လုံခြုံရေးတာဝန်ရှိသူများက ဧည့်သည်တိုင်းကို နိုင်ငံသားမရွေး သေချာစိစစ်ပြီးမှ ဝင်ခွင့်ပေးသည်။ အမှားမခံ။ Gourmet မှ အယ်ဒီတာကြီးတစ်ဦးက မဂ္ဂဇင်းရှိရာ အထပ်အဝင်ဝက ဆီးကြိုနှုတ်ဆက်လေသည်။ မဂ္ဂဇင်းရှိ Desk များကို တစ်ခုပြီးတစ်ခုလိုက်ပြသည်။ သတင်းထောက်များ၊ အယ်ဒီတာများအနေဖြင့် လစဉ်တင်ဆက်ဖော်ပြမည့် စားသောက်ဖွယ်ရာ အမျိုးမျိုးကို ကိုယ်တိုင်ချက်ပြုတ်ဖန်တီးကြရသည်။ တိုင်းတစ်ပါးစားဖွယ်များ ညွှန်းလိုလျှင်လည်း ကိုယ်တိုင် စမ်းချက် မြည်းကြည့်ပြီးမှ ရေးသားတည်းဖြတ်ဖော်ပြကြသည်။ အယ်ဒီတာအမျိုးသမီးတစ်ဦးကိုယ်တိုင်ဖန်တီးထားသည့် ကိတ်မုန့်အမျိုးအစားသစ်တစ်ခုကို စာရေးသူမြည်းကြည့်ရာ ခံတွင်းတွေ့မိ၏။ မဂ္ဂဇင်းတိုက်သားများ ကိုယ်စီ အလုပ်လုပ်နေကြပုံမှာ တက်တက်ကြွကြွ။ (ယခု ထိုမဂ္ဂဇင်းမရှိတော့ပါ။ စာရေးသူတို့ရောက်သွားပြီးနောက်တစ်ပတ်အကြာတွင် မိခင်ကုမ္ပဏီက အဆိုပါလုပ်ငန်းကို ဖျက်သိမ်းလိုက်၍ ဖြစ်၏။)

စာရေးသူတို့ကို အဆိုပါအဆောက်အအုံကြီးရှိ အလွန်လှသည့် ဒီဇိုင်းဆင်တည်ဆောက်ထားသော စားသောက်ခန်းမတွင် ကြိုက်တာမှာစားဟုဆိုကာ နေ့လယ်စာကျွေးဧည့်ခံသည့်အယ်ဒီတာကြီး၏ မေးခွန်းတစ်ခုကို စာရေးသူ ကမန်းကတန်း ပြန်ဖြေလိုက်ရသည်။ မေးခွန်းမှာ “မသိလို့ဗျာ။ ကျွန်တော် မြန်မာနိုင်ငံကို မရောက်ဖူးသေးဘူး။ မြန်မာဆိုတာ တရုတ်ကနေဆင်းသက်လာတဲ့ လူမျိုးလား” ဟုလို။ လုံးဝမ ဟုတ်ပါကြောင်း။ မြန်မာ့သမိုင်းကို ဆရာကြီးဒေါက်တာသန်းထွန်းပြုစုရေးသားထားခဲ့မှုများကိုးကား၍ အကျဉ်းချုံး ရှင်းပြလိုက်ရ၏။ “ဩော်ဒီလိုလား” ဟု အဆိုပါအယ်ဒီတာကြီးက ပြောသည်။ “ဒီအကြောင်းကိုမသိသေးတဲ့ တခြားလူတွေကိုလည်း ကြုံရင်ပြောပြပေးပါဦး” ဟု စာရေးသူကတိုက်တွန်းခဲ့သည်။ ကြုံကြိုက်ဖန်ဖန် စာရေးသူတို့ကိုများ တရုတ်ကဆင်းသက်လာလေသလားတဲ့။ အိမ်ရှင်ကောင်းပီသစွာ ဆက်ဆံကျွေးမွေးလိုက်သည့်အတွက် အဆိုပါအယ်ဒီတာကြီးကို ကျေးဇူးတင်ပါသည်။ စာရေးသူတို့၏ မြန်မာနှင့်ပတ်သက်၍ ကမ္ဘာက မှန်ရာအတိုင်း စဉ်ဆက်မပြတ်သိရှိနေစေရန် အားစိုက်ကြရဦးမည်ဟု ခံယူမိ၏။ မြန်မာအကြောင်း ကောင်းစွာသိအောင် များစွာပြင်ဆင်လုပ်ကိုင်ထားနိုင်မှုရှိရန် လိုအပ်နေသေးသည်မှာ အထင်အရှား။

စည်ကားလှသည့် Time Square ရပ်ကွက်မှ ကုလသမဂ္ဂဌာနချုပ်အဆောက်အအုံရှိရာသို့ စာရေးသူတို့ရောက် သွားချိန်တွင် ကုလသမဂ္ဂမီဒီယာကတ်ပြား ရယူခဲ့ရာရုံးငယ်အတွင်း နိုင်ငံတကာသတင်းသမားအချို့ ဝင်ခွင့်စစ်ဆေးခံနေကြသည်ကို တွေ့၏။ လုံခြုံရေးစစ်ဆေးမှုပုံစံမှာ စနစ်ကျသည်။ ကုလသမဂ္ဂအဆောက်အအုံကြီးအတွင်းသို့ရောက်သွားချိန်မှာ နေ့လယ်စာသုံးဆောင်ချိန်၊ အထွေထွေညီလာခံကျင်းပမှု ခေတ္တရပ်နားထားချိန် ဖြစ်နေသည်။ စာရေးသူတို့ မြန်မာသတင်းသမားအုပ်စု UN Press က သတင်းထုတ်ပြန်ချက်စာရွက်စာတမ်းများထားရှိရာနေရာသို့ သွားသည်။ ထုတ်ပြန်ချက်များကိုလေ့လာသည်။ မည်သူမဆို ယင်းစာရွက်များကို ယူခွင့်ရှိရာ စာရေးသူလည်း လတ်တလောသတင်းထုတ်ပြန်မှုများကို ဆွဲယူဖတ်ရှုသည်။ ဤနေရာတွင် (၁၄) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ၌လည်း ဆွေးနွေးဆုံးဖြတ်မှုများဆိုင်ရာသတင်းထုတ်ပြန်မှုများ ရယူခဲ့ရပုံကို စာရေးသူ အမှတ်ရလိုက်မိသည်။ သတင်းထုတ်ပြန်ချက်များဖြန့်ဝေပုံချင်းနှိုင်းယှဉ်ကြည့်လျှင် UN နှင့် ASEAN အကြား ကွာဟချက်မရှိ။ ဆိုလိုသည်မှာ နိုင်ငံတကာအဆင့် ထိပ်သီးဆွေးနွေးပွဲများ၊ အစည်းအဝေးများ၌ မီဒီယာလုပ်ငန်းစဉ်များ ကျင့်သုံးပုံ ထပ်တူညီမျှရှိနေသည်ကို တွေ့ရခြင်းဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပရာခန်းမကြီးအတွင်း ဝင်ရောက်လေ့လာသတင်းယူခွင့်အတွက် အရွယ်စုံ၊ အရောင်စုံသတင်းသမားများအကြား စာရေးသူတို့လည်း မိုးတိုးမတ်တတ်။ အဆိုပါခန်းမကြီးအတွင်း ဝင်ရောက်နိုင်မည့်လမ်းသွယ်၌ လုံခြုံရေးစစ်စစ်



www.foreverspace.com.mm



မှုဦ စနစ်တကျခံယူရပြန်၏။ ခန်းမကြီးအတွင်း မည်သို့ဝင်ခွင့်ရမည်ဆိုသည်ကို အနီးဝန်းကျင်ရှိ ကုလသမဂ္ဂဝန်ထမ်းများထံ မေးရ၊ မြန်းရသည်။ အခြားနိုင်ငံများမှ သတင်းသမားများထံ ချဉ်းကပ်စနည်းနာရသည်။ မိမိကိုလာမေးသူတွေလည်း ကြုံရသည်။ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲဝန်းကျင်တိုင် ခန်းမဝင်ခွင့်အတွက် ခွင့်ပြုမှုမရသေး။

၄ နာရီခွဲသော် အမျိုးသမီးဝန်ထမ်းတစ်ဦးရောက်လာသည်။ "လိုက်ခဲ့ကြပါ" ဟု ခေါ်သည်။ စောင့်နေသူများအားတက်သရောထလိုက်ကြသည်။ စာရေးသူလည်း ခပ်သုတ်သုတ်လျှောက်၏။ အခန်းတစ်ခန်းကိုဝင်သည်။ တံခါးဖွင့်ဝင်သွားရာ အခြားအခန်းတစ်ခုအတွင်းရောက်၏။ ယင်းအခန်းတံခါးကိုဖွင့်လိုက်ရာ လှေကားတစ်စင်းတွေ့၏။ ထိုလှေကားအတိုင်းတက်ပြီးလျှောက်သွားရာ တံခါးတစ်ခုကိုတွေ့၏။ ယင်းတံခါးကိုဖွင့်လိုက်ရာ အခန်းတစ်ခုတွင်းရောက်၏။ ထိုအခန်း၏ တံခါးတစ်ခုကိုဖွင့်လိုက်သောအခါတွင်မှ ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပရာ ခန်းမကြီး၏အပေါ်ထပ် လေ့လာသူများအတွက် သတ်မှတ်နေရာအဝင် စစ်ဆေးရေးစင်တာကို ရောက်၏။ ထပ်မံစစ်ဆေးခံရပြန်သည်။ ခန်းမကြီးအပေါ်ထပ်ထိုင်ခုံများရှိရာသို့ အစားအစာ၊ ရေ ယူခွင့်မရှိ။ ဂုဏ်သရေရှိစွာ၊ တည်ငြိမ်စွာ နေရာယူစောင့်ဆိုင်းကြရန် လုံခြုံရေးဝန်ထမ်းတစ်ဦးက နှိုးဆော်သည်။

ထိုင်ခုံနေရာရသည်နှင့် ခန်းမကြီးကိုလည်းကောင်း၊ ခန်းမကြီးအောက်ထပ်တွင် နေရာယူနေကြသော နိုင်ငံအသီးသီးမှ ညီလာခံကိုယ်စားလှယ်များကိုလည်းကောင်း အကဲခတ်နေမိသည်။ ထိုအခိုက် စာရေးသူတို့၏ နောက်ဘက်ခုံတန်းတွင် အသက် ၁၅ နှစ်ဝန်းကျင်အရွယ်လူငယ် ၁၀ ဦးခန့် ရောက်လာသည်။ ညီလာခံကျင်းပပုံနှင့် ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂထိပ်သီးဆွေးနွေးပွဲဆုံးဖြတ်ချက်များကို လာရောက်လေ့လာကြခြင်း ဖြစ်ပုံရသည်။ အဆိုပါလူငယ်များတွင် ယောကျ်ားလေးများရော မိန်းကလေးများပါ ပါဝင်သည်။ စကားဖောင်ဖောင်ပြောကြသည်။ တစ်ဦးက စာရေးသူကို လှမ်းမေးသည်။



"ခင်ဗျားတို့က ဘယ်ကလဲ" "မြန်မာနိုင်ငံက" "အိုး ဟုတ်လား။ ကျွန်တော်က ဘင်္ဂလားဒေ့ရှ်က" "လေ့လာရေးပေါ့" "ဟုတ်ကဲ့" "ဒါကာမှာ နေတာပေါ့။ ဟုတ်လား" "မဟုတ်ဘူး။ ဒီမှာ စာလာသင်နေတာ၊ ခင်ဗျားတို့က ဘာတွေ လဲ" "ဂျာနယ်လစ်တွေ"

စကားစ ပြတ်သွားသည်။ အသက် ၁၀ နှစ်ဝန်းကျင်အရွယ် အမေရိကန်လူငယ်တစ်ဦးက အဆိုပါလူငယ်များအနီးရောက်လာပြီး မေးခွန်းတွေထုတ်နေသည်။ အခြားသူများကိုလည်း မေးခွန်းထုတ်၏။ ထိုလူငယ်လေးမှာ လေ့လာရေးလာလုပ်ခြင်းမဟုတ်။ သတင်းရယူရန်ရောက်လာခြင်းဖြစ်သည်။ ယင်းလူငယ်လေးမှာ ပရော်ဖက်ရှင်နယ်သတင်းထောက်တစ်ဦး။ အလှမ်းဝေးနေ၍ ၎င်းနှင့် စာရေးသူတို့ စကားပြောခွင့်မရလိုက်။

ညနေ ၅ နာရီ ၄၅ မိနစ်တွင် ညီလာခံဆုံးဖြတ်ချက်များ အတည်ပြုရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် နေရာယူလိုက်သည်။ ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။ မစ္စတာဘန်ကီမွန်းက သူ့ရှေ့ရှိတူကို ကောက်ယူထုနှက်အသံပြုလိုက်ပြီးနောက် . . . ။

(ဆက်လက်ဖော်ပြပါမည်)

**ရဲမင်းဦး**



www.foreverspace.com.mm

ယခင်လမှအဆက်



Dhirajlal Ambani

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၂၈

ဦးလှဝင်း (လေသူရဲတစ်ဦး)

ဒီရပ်ဟေး အမ်မာနီ (Dhirajlal Ambani) ကို အိန္ဒိယနိုင်ငံမှာ ဒီရပ်ဟေးလို့ပဲ သိကြပါတယ်။ ခေါ်ကြပါတယ်။ ဟိန္ဒူဘာသာဝင်ပါ။

၁၉၃၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ မွေးပါတယ်။ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့မှာ ကွယ်လွန်ပါတယ်။ အိန္ဒိယနိုင်ငံစီးပွားရေးသမိုင်းမှာ နာမည်အကြီးဆုံး Reliance Indestries ကုမ္ပဏီကြီးကို သူ တည်ထောင်ခဲ့တာပါ။ ကုမ္ပဏီကို စတည်ထောင်စက သူ့ညီဝမ်းကွဲတစ်ယောက်နဲ့ ပေါင်းပြီး တည်ထောင်ခဲ့တာပါ။

၁၉၇၇ ခုနှစ်မှာ တစ်ဦးတည်း ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ်က အများပိုင်ကုမ္ပဏီအဖြစ်ကို ပြောင်းလဲလိုက်ပါတယ်။ အများပိုင်ကုမ္ပဏီလို့ ကျွန်တော်ဆိုလိုတာက ကုမ္ပဏီရဲ့ရှယ်ယာတွေကို အများပြည်သူတွေကို ရောင်းချလိုက်ပြီး အဲဒီလိုရောင်းချလို့ရတဲ့ ငွေနဲ့ Public ကုမ္ပဏီအဖြစ်ကို ပြောင်းလိုက်တာကို ပြောတာပါ။

၂၀၀၇ ခုနှစ်မှာ သူတည်ထောင်လိုက်တဲ့ ကုမ္ပဏီရဲ့ ဓနအင်အားက သမိုင်းတွင်မယ့် အင်အားကြီးတစ်ခုဖြစ်လာပါတယ်။

အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကျော်ရှိတယ်တဲ့ခင်ဗျာ။

သူ့မိသားစုက အိန္ဒိယနိုင်ငံမှာသာ မဟုတ်တော့ဘူး။ ကမ္ဘာမှာကို အချမ်းသာဆုံးမိသားစုတစ်စု ဖြစ်လာတော့တာပေါ့ခင်ဗျာ။

ဒီပုဂ္ဂိုလ်ရဲ့ဘဝက ဘယ်လိုစခဲ့ရတယ်လို့ထင်ပါသလဲ။ သူ့ဖခင်က သာမန်ကျောင်းဆရာလေးခင်ဗျာ။ သူက အဲဒီကျောင်းဆရာလေးရဲ့ ဒုတိယမြောက်သားပါ။

ကျောင်းလည်းကောင်းကောင်းမနေနိုင်ရှာပါဘူး။ သူ ၁၆ နှစ်သားအရွယ်ကတည်းက စအလုပ်လုပ်ရပါတယ်။ ရေမင် (Yemen) နိုင်ငံ အေဒင် (Aden) မြို့မှာ သွား အလုပ်လုပ်ရပါတယ်။ A.Besse & Co., ရဲ့ အမှုထမ်းပါ။ သူ့လခက တစ်လကို ကုလားငွေ အဲ ရူပီးငွေ ၃၀၀ ရပါတယ်။

သူအလုပ်ဝင်လုပ်ပြီး ၂ နှစ်အကြာမှာ သူအလုပ်လုပ်တဲ့ A.Besse ကုမ္ပဏီက ကမ္ဘာကျော် Shell ရေနံကုမ္ပဏီကြီးရဲ့ ရေနံထွက်ပစ္စည်းတွေကို အေဒင်မြို့မှာ ရောင်းချပေးဖို့ ကိုယ်စားလှယ်ရပါတယ်။

အဲဒီအချိန်မှာ အလွန်အလုပ်ကြိုးစားတဲ့ ဒီရပ်ဟေးက ရာထူးတက်သွားပြီး ဓာတ်ဆီဆိုင်တစ်ခုမှာ မန်နေဂျာဖြစ်သွားပါတယ်။

နောက် ဒီရပ်ဟေးက ကိုကီလာဗန် (Kokilaben) ဆိုတဲ့ အိန္ဒိယတိုင်းရင်းသူတစ်ဦးနဲ့ အိမ်ထောင်ကျပါတယ်။ သားသုံးယောက်နဲ့ သမီးသုံးယောက် မွေးပါတယ်။

ဒီရပ်ဟေးက အေဒင်မြို့ ဓာတ်ဆီဆိုင်မှာ အလုပ်လုပ်ရင်းနဲ့ ငွေအနည်းငယ်

www.foreverspace.com.mm





စစုမိပါတယ်။ နောက် လခစားဘဝနဲ့နေလို့ မကြီးပွားနိုင်ဘူးဆိုတာသိပြီး အိန္ဒိယနိုင်ငံကို ပြန်လာပါတယ်။

Champaklal Damani ဆိုတဲ့ သူ့ညီအစ်ကိုဝမ်းကွဲတစ်ယောက်နဲ့ပေါင်းပြီး Majin လို့ နာမည်ပေးထားတဲ့ အစုစပ်လုပ်ငန်း (Partnership) တစ်ခုကို တည်ထောင်ပါတယ်။

သူတို့အစုစပ်လုပ်ငန်းက အိန္ဒိယနိုင်ငံအတွင်းကို ပိုလီစတာချည် (Polyester Yarn) ကိုသွင်းပြီး အိန္ဒိယနိုင်ငံတွင်းမှ ဟင်းခတ်အမွေးအကြိုင်တွေကို ပြည်ပကို ပို့ပါတယ်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းကို စပြီးလုပ်ကိုင်ကြတယ်လို့ ဆိုပါတော့။

အဲဒီအလုပ်ကို စလုပ်စက သူတို့ရဲ့ လုပ်ငန်းကလေးက ပေါက်စလုပ်ငန်းငယ်လေးပါ။

ဘုံပိုင်မြို့ရဲ့ မထင်မရှား လမ်းကျဉ်းလေးထဲမှာ ရုံးခန်းတစ်ခုကိုငှားတယ်။ ရုံးခန်းလေးက ကျဉ်းကျဉ်းလေး။ စတုရန်းပေ ၃၅၀ ပဲ ရှိတယ်။ တယ်လီဖုန်းကလည်း တစ်လုံးပဲ တပ်ထားနိုင်ကြတယ်။

ရုံးခန်းထဲမှာ အလုပ်လုပ်စရာ စားပွဲက တစ်လုံးပဲရှိတယ်။ ထိုင်ခုံက သုံးလုံးပဲရှိတယ်တဲ့ဗျာ။ သူ့အမှုထမ်းအလုပ်သမားကလည်း ဘယ်နှယောက်ရှိတယ်လို့ ထင်ပါသလဲ။ နှစ်ယောက်တည်းရှိတယ်တဲ့။ အစပိုင်းမှာ သူတို့စပ်တူလုပ်ငန်းက အကောင်းကြီးမဟုတ်ပေမယ့် မဆိုးလှပါဘူး။ အမြတ်များများမရကြပေမယ့် အရှုံးလည်း လုံးဝမရှိဘူး။

ဒါပေမဲ့ ပြဿနာက သူဌေးလောင်း ဒီရပ်ဟေးနဲ့ သူ့အစုစပ်ညီဝမ်းကွဲက ရည်မှန်းချက်ချင်းမတူကြဘူး။ ကုန်သည်မျက်စိချင်းလည်း မတူဘူး။

ဒီရပ်ဟေးက စွန့်စားပြီး စီးပွားရှာတဲ့အလုပ်ကို သိပ်လုပ်ချင်တယ်။ သူ့ညီဝမ်းကွဲက သေချာပြီး မြတ်မယ့်အလုပ်မျိုးမှ လုပ်ချင်တယ်။ သူကရှုံးမှာကို သိပ်ကြောက်တယ်။

ဥပမာ–မြတ်မယ်လို့ထင်တဲ့ ကုန်ပစ္စည်းလှောင်ထားပြီး ကြိုက်ဈေးရမှ ရောင်းတဲ့အလုပ်ကို ဒီရပ်ဟေးက သိပ်လုပ်ချင်တယ်။

ကုန်ပစ္စည်းတစ်ခုဈေးတက်လာနိုင်တဲ့ အရိပ်အယောင်ရှိရင် ဒီရပ်ဟေးက ရှိသမျှငွေရင်းနဲ့ အဲဒီပစ္စည်းကိုဝယ်ပြီး လှောင်ထားချင်တယ်။ တက်ဈေးကို စောင့်ချင်တယ်။

သူ့ညီအစ်ကိုဝမ်းကွဲက နည်းနည်းမြတ်တယ်ဆိုရင် ပြီးရော။ အမြတ်ရမှာ သေချာတဲ့ပစ္စည်းမျိုးကိုပဲ ဝယ်ချင်၊ ရောင်းချင်တယ်။

နောက် ရှိသမျှ ငွေရင်းအကုန်လုံးကို ကုန်ပစ္စည်းတစ်မျိုးတည်းမှာပဲ ပုံအောပြီး စွန့်တာမျိုးကို လုံးဝမလုပ်ချင်ဘူး။

ဒါကြောင့်လည်း သူတို့နှစ်ယောက်ကြာရှည် အစုစပ်လုပ်ငန်းကို မလုပ်လိုက်နိုင်ကြဘူး။

၁၉၆၈ ခုနှစ်အတွင်းမှာ ကွဲသွားကြတယ်။ သူဌေးလောင်း ဒီရပ်ဟေးက စီးပွားရေးလုပ်ငန်းကြီးတွေလုပ်တဲ့ ဘုံဘေမြို့ရဲ့ တောင်ပိုင်းကရပ်ကွက်ကို ပြောင်းသွားတယ်။ အချိုးကြီးမြတ်နိုင်တဲ့ စီးပွားရေးအလုပ်တွေကို ပြောင်းပြီးလုပ်ကြည့်တယ်။ အောင်မြင်တယ်။ ၁၉၇၀ ပြည့်နှစ်တွေအတွင်းရောက်တော့ သူ့အရင်းငွေက ရူပီးငွေ ၁၀ သိန်းလောက် ရှိသွားခဲ့ပြီ။

www.foreverspace.com.mm

Asia Time မဂ္ဂဇင်းကြီးမှာ ဒီရပ်ဟောအကြောင်းကို အောက်ပါအတိုင်း ရေးခဲ့ဖူးပါတယ်။ သူ့ရဲ့အထူးခြားဆုံး အရည်အချင်းကတော့ အလုပ်သမားကို ကိုင်တတ်တယ်။ စီးပွားဘက်တွေကို ကိုင်တတ်တယ်။ သူက လူတိုင်းကိုကူညီချင်တဲ့စိတ်ရှိတယ်။ တကယ်လည်း သူကူညီတယ်။ ဒီရပ်ဟောလို တံခါးဖွင့်စီးပွားရေးဝါဒကို တကယ်ယုံကြည်တဲ့လူကတော့ အလွန်ရှားတယ်။ မှန်တယ်ခင်ဗျာ။

သူက လူမကြောက်ဘူး။ လူမျိုးစုံနဲ့ ဆက်ဆံတတ်တယ်။ ဆက်ဆံရဲတယ်။ သူ့အလုပ်သမားတွေ၊ သူ့ရှယ်ယာပိုင်ရှင်တွေ၊ စာနယ်ဇင်းသမားတွေ၊ အစိုးရဝန်ထမ်းကြီးတွေ အကုန်လုံးနဲ့ပေါင်းတတ်တယ်။

အထူးသဖြင့် အစိုးရအရာရှိကြီးတွေနဲ့ပေါင်းသင်းတာနဲ့ပတ်သက်ပြီး သူ့ပြိုင်ဘက်စီးပွားရေးသမားတွေက အမျိုးမျိုးဝေဖန်ကြတယ်။

အများစုကတော့ သူ့အပေါ် အကောင်းမမြင်ပါဘူး။ လူလည်လို့ပဲ ပြောကြတယ်။ မှန်တော့လည်း မှန်တယ်ခင်ဗျာ။

အိန္ဒိယအစိုးရက သူတို့နိုင်ငံထွက် ဟင်းခတ်အမွှေးအကြိုင် (Spices) တွေကို တင်းကျပ်တဲ့ ဥပဒေအမျိုးမျိုးနဲ့ ထိန်းချုပ်ထားပြီး ပြည်ပကိုပို့ရင် ဘာမှအကျိုးမရှိတဲ့အတွက် ဘယ်ကုန်သည်မှ ဟင်းခတ်အမွှေးအကြိုင်ကို ပြည်ပကို မရောင်းရဲကြတဲ့အချိန်မျိုး . . . အဲ . . . ဥပဒေထုတ်ထားတဲ့ အစိုးရလည်းခက် . . . ကုန်သည်လည်းခက်နေတဲ့အချိန်မျိုးမှာ ဒီရပ်ဟောက အရှုံးခံပြီး ပြည်ပကိုပို့တယ်။ ရောင်းတယ်။ နောက် အရှုံးခံပြီး ထုတ်ရောင်းခဲ့တဲ့ သူ့လုပ်ရပ်တွေကို လက်ညှိုးထိုးပြပြီး အစိုးရဆီက တခြားကုန်သည်တွေကို ထုတ်မပေးတဲ့ ရေရွှန် (Rayon)လိုချည်ထည်တွေကို သွင်းခွင့်ပြုတဲ့ Import လိုင်စင်ကို ရအောင်တောင်းတယ်။

အစိုးရကလည်း သူ့ရဲ့မူဝါဒ အောင်မြင်အောင် ဒီရပ်ဟော လုပ်ပေးခဲ့တဲ့ ကျေးဇူးတွေကိုထောက်ပြီး ထုတ်ပေးရတယ်။ ဘယ်သူမှမရတဲ့ သွင်းကုန်လိုင်စင်ကို သူရလိုက်တဲ့အတွက် သူစားရတဲ့ အမြတ်က သိပ်များတာပေါ့ခင်ဗျာ။

အဆ ၁၀၀ မဟုတ်ဘူး၊ ၂၀၀ မဟုတ်ဘူး၊ အဆ ၃၀၀ ကျော်ကို မြတ်တယ်။

တစ်နည်းအားဖြင့်တော့ ခင်ဗျာ သူ ငွေးလောင်း ဒီရပ်ဟောက တခြားကုန်သည်တွေမမြင်တဲ့အကွက်ကို မြင်တယ်။

စီးပွားရေးနဲ့ပတ်သက်ပြီး သူလှမ်း



www.foreverspace.com.mm



နေတဲ့ခြေလှမ်းက အမြဲတခြားလူတွေနဲ့ တစ်လှမ်းမဟုတ်ဘူးခင်ဗျာ။ နှစ်လှမ်း၊ သုံးလှမ်း အမြဲသာနေခဲ့ပါတယ်။

မှန်တယ် ခင်ဗျာ။

အိန္ဒိယနိုင်ငံမှာ အထည်အလိပ်လုပ်ငန်းနဲ့ပတ်သက်ပြီး အလွန်ကြီးတဲ့ အနာဂတ်ရှိတယ်ဆိုတာကို ဒီရပ်ဟေးက အစောကြီးကတည်းကကို ကြိုမြင်တယ်။

၁၉၇၇ ခုနှစ်အတွင်းမှာ သူ့ရဲ့ပထမဆုံး အထည်စက်ရုံတစ်ခုကိုဆောက်တယ်။ ပိုလီစတာ (Polyester) ချည်မျှင်ကိုသုံးပြီး အထည်ရက်တဲ့စက်ရုံကထုတ်တဲ့အထည်ကို Vimal လို့ အမည်တပ်ပေးလိုက်တယ်။ ဒီနာမည်က သူ့အစ်ကိုကြီး Ramaniklal Ambani ရဲ့သား၊ Vimal Ambani ရဲ့ နာမည်ကိုအစွဲပြုပြီး ပေးထားတဲ့အမည်ပါ။

ပိုလီစတာ (Polyester) ချည်ကိုသုံးပြီး ရက်လုပ်တဲ့ဖျင်သားက ကုလားဈေးကွက်မှာ လူကြိုက်အလွန်များပါတယ်။ ပိုးသားလိုချောနေပြီး အရောင်အသွေးကလည်း အလွန်လှတဲ့အတွက် အိန္ဒိယဈေးကွက်မှာ ချက်ချင်းနာမည်ကြီးသွားတယ်။

Vimal တံဆိပ် ဖျင်စတွေဟာ အိန္ဒိယနိုင်ငံရဲ့ အမျိုးသားဖျင်စတွေ ဖြစ်သွားပါတယ်။

အလွန့်အလွန်ကို နာမည်ကြီးသွားခဲ့တယ်လို့ ဆိုပါတော့။

နောက် ပိုပြီးလူကြိုက်များစေခဲ့တာကတော့ ၁၉၇၇ ခုနှစ်အတွင်းမှာ အိန္ဒိယနိုင်ငံကို ကမ္ဘာ့ဘဏ် (World Bank) ကစေလွှတ်တဲ့ စက်မှုပညာရှင်အဖွဲ့တစ်ခုရောက်လာတယ်။ ဒီအဖွဲ့က သူဌေးလောင်း ဒီရပ်ဟေးရဲ့စက်ရုံကထုတ်တဲ့ Vimal တံဆိပ်ဖျင်စကို စစ်ဆေးပြီး ကမ္ဘာ့အဆင့်မီ ဖျင်စအဲ အင်္ဂလိပ်ဘာသာနဲ့တော့ Excellent even by developed country standard လို့ သတ်မှတ်သွားခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ဒီရပ်ဟေးက အိန္ဒိယတစ်နိုင်ငံလုံးသိတဲ့ ပုဂ္ဂိုလ်ကြီးစဖြစ်ပါတယ်။

သူဌေးလောင်းဘဝက စက်ရုံသူဌေး

**သူ့ရဲ့အထူးခြားဆုံးအရည်အချင်းကတော့ အလုပ်သမားကို ကိုင်တတ်တယ်။ စီးပွားဘက်တွေကို ကိုင်တတ်တယ်။ သူက လူတိုင်းကို ကူညီချင်တဲ့စိတ်ရှိတယ်။ တကယ်လည်း သူကူညီတယ်။ ဒီရပ်ဟေးလို တံခါးဖွင့်စီးပွားရေးဝါဒကို တကယ်ယုံကြည်တဲ့လူကတော့ အလွန်ရှားတယ်။ မှန်တယ်ခင်ဗျာ။ သူက လူမကြောက်ဘူး။ လူမျိုးစုံနဲ့ဆက်ဆံတတ်တယ်။ ဆက်ဆံရဲတယ်။**

ဘဝကို ကူးပြောင်းသွားပြီပေါ့ ခင်ဗျာ။

သူ့ရဲ့ Reliance Indestries ကလည်း အဲဒီအချိန်ကစပြီး အိန္ဒိယနိုင်ငံမှာ အလွန်အောင်မြင်တဲ့ကုမ္ပဏီ၊ အလွန်ကြီးတဲ့ အနာဂတ်ရှိတဲ့ကုမ္ပဏီလို့ စပြီး အသတ်မှတ်ခံရပါတယ်။

မှန်တယ် ခင်ဗျာ။

၁၉၇၇ ခုနှစ်အတွင်းမှာပဲ သူ့စက်ရုံထွက်အထည်တွေကို ဝယ်ဖို့၊ တစ်ဆင့်ဖြန့်ဝေရောင်းစားဖို့ ကြိုတင်ငွေပေးပြီး ကမ်းလှမ်းလာတဲ့ လုပ်ငန်းရှင်ပေါင်း ၅၈,၀၀၀ ကျော်ရှိပါတယ်။

အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးသမိုင်းမှာ အလွန်ထူးခြားတဲ့ အောင်မြင်မှုကြီးတစ်ခုပါ။

အိန္ဒိယနိုင်ငံသားတိုင်းကို သူဌေးဒီရပ်ဟေးရဲ့ကုမ္ပဏီမှာ အစုရှယ်ယာဝင်ရင် အမြတ်ကျိန်းသေရလိမ့်မယ်လို့ စထင်မြင်စေပါတယ်။ အဲဒီလို ထင်မြင်နေကြပြီးဖြစ်တာကို ဒီရပ်ဟေးကလည်း သိတယ်။

ဒီအခွင့်အရေးကို သူဘယ်လို အသုံးချရမယ်ဆိုတာကိုလည်း မြင်တယ်။

ဒါကြောင့် အဲဒီနှစ်အတွင်းမှာပဲ သူ့



ကုမ္ပဏီကို အများပိုင် (Public) ကုမ္ပဏီကြီးအဖြစ်ပြောင်းလိုက်ပြီး ရှယ်ယာတွေကို ထုတ်ရောင်းပါတယ်။

ရှယ်ယာဝယ်ကြတဲ့လူတွေကတော့ နေ့စဉ်ကြိတ်ကြိတ်တိုးပေါ့ ခင်ဗျာ။

အဲဒီအချိန်ကစပြီး သူ့ကုမ္ပဏီရဲ့ နှစ်စဉ်ကျင်းပတဲ့ အစုရှယ်ယာဝင်တွေရဲ့ အစည်းအဝေး (Annual General Meeting) ကို ကုမ္ပဏီရဲ့အစည်းအဝေးခန်းမှာ ကျင်းပလို့မရတော့ဘူးခင်ဗျာ။

ဘောလုံးကွင်းတို့၊ အားကစားရုံကြီးတို့မှာ ရွှေ့ပြောင်းပြီး ကျင်းပခဲ့ရပါတယ်။

၁၉၈၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကိုတက်ရောက်တဲ့ ရှယ်ယာဝင်လူဦးရေဟာ လူပေါင်း ၃,၅၀၀၀ ကျော်ရှိပါတယ်။

ဒါကြောင့်လည်း ၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ သူဌေး ဒီရပ်ဟေးရဲ့ပိုင်ဆိုင်မှုက ရူပီးငွေ တစ်ဘီလီယံရှိသွားပါပြီခင်ဗျာ။

သူ့ရဲ့ကိုယ်ပိုင်လုပ်ငန်းကို စခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်တွေတုန်းက အရင်း ရူပီး ၁၀ သိန်းသာရှိခဲ့တဲ့လူက ၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ ဘီလီယံချီပြီး ချမ်းသာသွားခဲ့တာ အံ့သြဖို့မကောင်းဘူးလားခင်ဗျာ။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**